၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com
အတွဲ(၉)၊ အမှတ်(၄၀) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက် ၊ ကြာသပတေး၊ (ဒီဇင်ဘာ ၃၀ ၊ ၂၀၁၀)

TRI
MEN'S AND LADIES' WEARS




# အပြောင်းအလဲများနှင့် 2010







မြန်မာနိုင်ငံအတွက် ၂၀၁၀ပြည့်နှစ်မှာ ထူးခြားမှုများ၊ အပြောင်းအလဲများ ဖြစ်ခဲ့ပြီး
အရေးပါသောနှစ်တစ်နှစ်ဖြစ်ခဲ့သည်။
နှစ်ပေါင်း ၂၀အတွင်း ပထမဆုံးအကြိမ် ရွေးကောက်ပွဲကျင်းပခြင်း၊
နေအိမ်အကျယ်ချုပ်ဖြင့် နေထိုင်ခဲ့ရသော
ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်လာခြင်း၊
စသောနိုင်ငံရေးအပြောင်းအလဲများ၊
အစိုးရကသာ ကာလရှည်လုပ်ကိုင်ခဲ့သော
စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုခြင်း၊
ကျပ်ငါးသိန်းတန်ဖုန်းများကြောင့် လူလတ်တန်းစားများ ဖုန်းကိုင်ရေးအိပ်မက်
လက်တွေ့ဖြစ်လာခြင်း၊ ပုဂ္ဂလိကဘဏ်သစ်လေးခု ဖွင့်လှစ်ခဲ့ခြင်း၊
နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တစ်ဟုန်ထိုးမြင့်တက်လာခြင်း
စသောစီးပွားရေးအပြောင်းအလဲများနှင့် နိုင်ငံတော်အလံသစ်ပြောင်းလဲခြင်း၊
အကြမ်းဖက်သမားများကြောင့် အရုပ်ဆိုးခဲ့ရသော ရန်ကုန်သင်္ကြန်၊
စံချိန်တင်ပူခဲ့သော ၂၀၁၀နွေရာသီ၊ အချိန်အကြာဆုံးလောင်ကျွမ်းခဲ့သော မင်္ဂလာဈေးမီး၊
ဖျက်အားပြင်းခဲ့သော ဂီရိဆိုင်ကလုန်းမုန်တိုင်းတို့ကြောင့်
၂၀၁၀မှာ မြန်မာ့သမိုင်းတွင် အရေးပါသော
သမိုင်းမှတ်တိုင်များစွာကို ကျန်ရစ်စေခဲ့သည်။

■ ပုံစာများအညွှန်း
ပုံ-၁။ ဂီရိမုန်တိုင်းသင့် မြေပုံမြို့နယ် ပြင်ဝန်းကျေးရွာမှ ဒေသခံအချို့။
ပုံ-၂။ အထွေထွေရွေးကောက်ပွဲတွင် မဲပေးနေသူအချို့။
ပုံ-၃။ နိုင်ငံတော်အလံဟောင်းနှင့်အလံသစ်လဲလှယ်။
ပုံ-၄။ မင်္ဂလာဈေး မီးလောင်နေစဉ်။
ပုံ-၅။ ရန်ကုန်သင်္ကြန် $X_2O$ မဏ္ဍပ်ရှေ့ ဗုံးကွဲပြီးနောက်။
ပုံ-၆။ နွေရာသီအပူချိန်မြင့်မားမှုကြောင့် ရေရှားပါးနေစဉ်။
ပုံ-၇။ ပုဂလိကစက်သုံးဆီဆိုင်တစ်ဆိုင်။
ပုံ-၈။ ထားဝယ်ရေနက်ဆိပ်ကမ်းပုံစံငယ်။
ပုံ-၉။ ကျပ်ငါးသိန်းတန်ဖုန်း အသုံးပြုနေသူတစ်ဦး။
ပုံ-၁၀။ နေပြည်တော်ကျောက်မျက်ပွဲ။
ပုံ-၁၁။ ပုဂလိကဘဏ်သစ်တစ်ဘဏ်။




## နှစ်သစ်ဆုမွန်

၂၀၁၁ နှစ်သစ်တွင်
မြန်မာနိုင်ငံသားများအနေဖြင့်
ပိုမိုကောင်းမွန်ပြည့်စုံသော အခြေ
အနေမျိုးနှင့် ကြုံတွေ့ရန်
ကိုယ်စီကိုယ်င ဝီရိယစိုက်၍
အချိုးညီညီပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့်
အောင်မြင်မှုကိုတက်လှမ်းနိုင်ပြီး
ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်း၊
လိုအင်ဆန္ဒပြည့်ဝပါစေကြောင်း၊
ကိုယ်စိတ်နှလုံး
ရွှင်လန်းချမ်းမြေ့ပါစေကြောင်း
7Day News ဂျာနယ်မှ
ဆုတောင်းမေတ္တာ ပြုအပ်ပါသည်။

## ၂၀၁၀အတွင်း အထူးခြားဆုံးဖြစ်ရပ်များ

၂၀၁၀ပြည့်နှစ်အတွင်း မြန်မာနိုင်ငံ၏
ကမ္ဘာပေါင်းစုံမှ အထူးခြားဆုံးဖြစ်ရပ်များကို
ရွေးချယ်ကောက်နုတ် ဖော်ပြလိုက်ပါသည်။

## Persons of the Year

၂၀၁၀ပြည့်နှစ်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး
ကဏ္ဍများမှ အကျော်ကြားဆုံးပုဂ္ဂိုလ်များကို
ရွေးချယ်ဖော်ပြလိုက်ပါသည်။

## အစီအစဉ်တကျ ၂၀၁၀


နှစ်ပေါင်း ၂၀ အတွင်း
ပထမဆုံးအကြိမ် ကျင်းပသည့် ရွေးကောက်ပွဲ၊
နျူကလီးယားဆိုင်ရာသတင်းဂယက်
စသည်တို့ဖြင့် မြန်မာ့နိုင်ငံရေးမှာ.....

## ၂၀၁၀၏ ရောင်းအကောင်းဆုံး ကုန်စည်

ငွေရှိသူများကြောင့် ၂၀၁၀ပြည့်နှစ်အတွင်း
ပြည်တွင်း၌ ရောင်းအကောင်းဆုံးနှင့်
အလှုပ်ခတ်ဆုံး ကုန်စည်ကိုပြပါဆိုလျှင်
အိမ်ခြံမြေကို ပြရမည်ဖြစ်သည်။

## အိုင်တီလောကမှ ထူးခြားသော ဖြစ်ရပ်များ

နည်းပညာကြောင့် ကမ္ဘာကြီးက
ရွာဖြစ်သွားပြီဆိုသော ယနေ့ကာလ၊ နည်းပညာ
အသစ်အဆန်းများဝုန်းဒိုင်းကြဲထွက်ပေါ်နေသော
ယနေ့ခေတ်တွင် မြန်မာနိုင်ငံအတွက်
၂၀၁၀ပြည့်နှစ်အတွင်း ထူးခြားသော
အိုင်တီသတင်းများမှာ.....



7 DAY NEWS JOURNAL
Vol.9, No.40 · DECEMBER 30, 2010

### ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား
- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်
- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်
- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။



## အမြန်လမ်းမကြီး၏ နေပြည်တော် – မန္တလေးလမ်းပိုင်း ဒီဇင်ဘာ ၂၉ရက်တွင်ဖွင့်မည်

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ – ၂၄**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ကျန်အပိုင်းဖြစ်သည့် နေပြည်တော်-မန္တလေးအပိုင်းကို ဒီဇင်ဘာ ၂၉ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထိုကဲ့သို့ ဖွင့်လှစ်သွားမည့်အကြောင်းကို နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီတစ်ဦးက "၂၉ ရက်နေ့ ဖွင့်ပွဲလုပ်မယ်ဆိုတာတော့ သိထားပါတယ်။ အသေးစိတ်တော့ မသိရသေးပါဘူး" ဟု ပြောကြားသည်။ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ယမန်နေ့က အစည်းအဝေးတက်ရောက်ခဲ့သည့် ရယက ဥက္ကဋ္ဌတစ်ဦးကလည်း "၂၉ ရက်နေ့ အမြန်လမ်းဖွင့်ပွဲရှိပါတယ်။ အချိန်ကိုတော့ မသိရသေးပါဘူး"ဟူ၍ ပြောကြားသည်။

အောက်တိုဘာ ၁၄ ရက်က ဖွင့်လှစ်ရန်စီစဉ်ခဲ့သည့် အဆိုပါ လမ်းပိုင်းမှာ အောက်တိုဘာလဆန်းပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေလျှံမှုများဖြစ်ပွားခဲ့ကာ လမ်းပိုင်းနေရာအချို့တွင် ပျက်စီးမှုများ ဖြစ်ပွားခဲ့သည့်အတွက် ရွှေ့ဆိုင်းခဲ့သည်။

ယခုအခါလမ်းကို ပြန်လည်ပြင်ဆင်ပြီးဖြစ်၍ ဖွင့်လှစ်ရန်စီစဉ်ခြင်းဖြစ်နိုင်ကြောင်းလည်း အထက်ပါကော်မတီဝင်ကပြောသည်။

စုစုပေါင်း လမ်းအရှည် ၃၅၂ ဒသမ ၆ မိုင်ရှည်လျားသော အဆိုပါ လမ်းမကြီး၏ ရန်ကုန်-နေပြည်တော်အပိုင်း (၂၂၁ ဒသမ ၁ မိုင်) ကို ၂၀၀၉ ခု နှစ် မတ်လက ဖွင့်လှစ်ခဲ့သည်။

စာ(၁၂)သို့

## ဂီရိမုန်တိုင်းသင့် ပြည်သူများကို ကူညီနေသော နိုင်ငံခြားသားတစ်ဦး စစ်တွေမြို့တွင်သေဆုံး

**ဝှန်ကိုလင်း၊မြင့်မြတ်ဖြူ**

**စစ်တွေ၊ ဒီဇင်ဘာ – ၂၄**

ဂီရိမုန်တိုင်းသင့်ဒေသများသို့ လာရောက်ကူညီဆောင်ရွက်နေသည့် အင်န်ဂျီအိုအဖွဲ့အစည်းတစ်ခုမှ နိုင်ငံခြားသားတစ်ဦး စစ်တွေမြို့တွင် ဒီဇင်ဘာ ၂၂ရက် နံနက်ပိုင်းက နှလုံးသွေးကြောကျဉ်းရောဂါဖြင့် ရုတ်တရက်သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

သေဆုံးသူသည် ဩစတြေးလျနိုင်ငံသား အသက် ၅၃ နှစ်အရွယ် Mr.Ali Shirazi ဆိုသူဖြစ်ပြီး၊ စစ်တွေမြို့ရှိ အထူးကုဆေးခန်းသို့ ဆေးခန်းပြရန်လာရောက်စဉ် ဆေးကောင်တာအနီး၌ပင် ရုတ်တရက်လဲကျ၍ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ ၎င်းသေဆုံးမှုမှာ နှလုံးသွေးကြောကျဉ်းရောဂါကြောင့်ဖြစ်ကြောင်း ကျောက်ဖြူမြို့နယ်ဆေးရုံအုပ်နှင့် မှုခင်းဆရာဝန်တို့က အတည်ပြုသည်။

Mr.Ali Shirazi သည် MERLIN (Medical Emergency Relize International) အမည်ရှိ ဂျာမနီအခြေစိုက် အိုင်အင်န်ဂျီအိုအဖွဲ့အစည်းမှ စီမံကိန်းညှိနှိုင်းရေးမှူးတစ်ဦးဖြစ်သည်။ မုန်တိုင်းသင့်ဒေသမှ စစ်တွေသို့ သွားရောက်ပြီး ပြန်လာစဉ် ကျန်းမာရေးမကောင်း၍ ဆေးခန်းသွားပြရင် သေဆုံးသွားခြင်းဖြစ်သည်။

၎င်းသေဆုံးမှုအား စစ်တွေအမှတ်၁ ရဲစခန်းမှ သေမှုသေခင်းဖွင့်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



# တာတာထရပ်ကားစက်ရုံဖွင့်ပွဲတွင် နာနိုလူစီးကားများကိုပါမိတ်ဆက်ရောင်းချမည်

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ - ၂၇**

မကွေးစက်မှုနယ်မြေရှိ "တာတာ" ထရပ်ကားထုတ်လုပ်မှု စက်ရုံ ဖွင့်ပွဲတွင် တာတာကုမ္ပဏီထုတ် နာနို လူစီးယာဉ်ငယ်များကိုပါပြည်တွင်း ဈေးကွက်နှင့် စတင်မိတ်ဆက်ပေးပြီး ရောင်းချသွားမည်ဖြစ်ကြောင်း အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ အရာထမ်းတစ်ဦးထံမှ သိရသည်။

"ထရပ်ကားစက်ရုံဖွင့်ပွဲက ဒီလ ၃၁ ရက်မှာပါ။ အဲဒီဖွင့်ပွဲမှာ ခေတ်အမီဆုံးဖြစ်တဲ့ နာနိုဇိမ်ခံကားတွေကိုလည်း မိတ်ဆက်ရောင်းချပေးဖို့ စီစဉ်ထားပါတယ်။ ဒီမှာထုတ်လုပ်တာတော့ မဟုတ်သေးပါဘူး။ ဒီကဈေးကွက်နဲ့ စတင် မိတ်ဆက်ပေးတဲ့အနေနဲ့မှာ ထားတာပါ။ နာနိုကားတစ်စီးရဲ့ ဈေးကွက်ပေါက်ဈေးကတော့ ဒေါ်လာ ၄၅၀၀ ရှိပါတယ်။ ဒီမှာ ရောင်းချမယ့်ဈေးနှုန်းနဲ့ စနစ်ကိုတော့ အတိအကျမသတ်မှတ်ရသေးပါဘူး"ဟု ၎င်းက ဆက်လက်ပြောသည်။ တံခါး၄ပေါက်ပါသော ၎င်းကားငယ်များမှာ ဓာတ်ဆီကားဖြစ်ကာ အခြားအင်ဂျင်အမျိုးအစားများထက် ဆီစားနှုန်းအထူးသက်သာသည်။ ကားဘော်ဒီကိုလည်း အလူမီနီယံဖြင့် ပြုလုပ်ထားသည့်အတွက် ခိုင်ခံ့ပြီး ပေါ့ပါးသည်။

အကြီးစားစက်မှုလုပ်ငန်းများကို အဓိကလုပ်ဆောင်လျက်ရှိသော အမှတ်(၂)စက်မှု ဝန်ကြီးဌာနသည် တာတာကုမ္ပဏီနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသော အဆိုပါ စက်ရုံမှ "တာတာ" တံဆိပ်ပါ ကုန်တင်ယာဉ်တန် ၂၀၊၂၅တန်နှင့် ၃၀တန်တင်ဆောင်နိုင်မည့် ကုန်တင်ယာဉ်အစီးရေ ၁,၁၀၀ ခန့်ကို နှစ်စဉ်ထုတ်လုပ်သွားရန် စီစဉ်ထားပြီး ဈေးနှုန်းနှင့် ရောင်းချမည့်စနစ်များကိုမူ လောလောဆယ်မသတ်မှတ်ရသေးကြောင်းလည်းထပ်မံသိရှိရသည်။



**တာတာကုမ္ပဏီထုတ် နာနိုကားငယ်နှင့် ကုမ္ပဏီဥက္ကဋ္ဌ။**

နာနိုလူစီးကားငယ်နှင့်ပတ်သက်၍ ကျွမ်းကျင်သူတစ်ဦးက "ကားတစ်စီးဒေါ်လာ ၄,၅၀၀ ဆိုတော့ ပြည်တွင်းဈေးကွက်မှာ ဆိုရင် အခွန် ၁၅ရာခိုင်နှုန်းနဲ့ တခြားစရိတ်တွေအပါအဝင် ဆိုရင် သိန်း ၆၀ လောက်ကျမယ်။ ကျွန်တော်ကတော့ အဲဒီဝန်းကျင်လောက်ပဲရှိမယ်ထင်တယ်"ဟူ၍ ၎င်း၏ သုံးသပ်ချက်ကိုပြောကြားခဲ့သည်။ အဆိုပါ စီမံကိန်းအရ နာနိုကားငယ်များကို တစ်နှစ်လျှင် အစီးရေ တစ်ထောင်ထုတ်လုပ်ရန် ရည်ရွယ်ထားသည်။

# နေပြည်တော် ဟိုတယ်မြေကွက်ဈေးနှုန်း ပြောင်းလဲ

**အားမာန်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၇**

နေပြည်တော်တွင် ဟိုတယ်ဇုန်၂၌ ဆောက်လုပ်မည့် ဟိုတယ်များအပါအဝင် နောက်ပိုင်းဆောက်လုပ်မည့် ဟိုတယ်အသစ်များအတွက် ရောင်းချပေးမည့် မြေကွက်ဈေးနှုန်းကို ယခင် တစ်ဧကကျပ်သိန်း ၁၅၀မှ ယခု တစ်ဧကလျှင် ကျပ်သိန်း၅၀၀သို့ စတင်ပြောင်းလဲသတ်မှတ်လိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဟိုတယ်ဇုန် ၂တွင် ဆောက်လုပ်သည့် ဟိုတယ်များအား ယခင်တစ်ဧကလျှင် ကျပ်သိန်း၁၅၀နှုန်းဖြင့် ရောင်းချပေးခဲ့ရာမှ နေပြည်တော်တွင် ကျောက်မျက်ပြပွဲများ အောင်မြင်စွာကျင်းပနိုင်သည့်အတွက် မြေတန်ဖိုးများတက်လာပြီး ဟိုတယ်လုပ်ငန်းလုပ်ကိုင်လိုသူများလာသော အခြေအနေတွင် မြေကွက်ဈေးနှုန်းများကို သက်ဆိုင်ရာ ပြောင်းလဲလိုက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

နေပြည်တော်တွင် ဟိုတယ်ဇုန်-၁ အကောင်အထည်ဖော်စဉ်က တစ်ဧကလျှင် ကျပ်သိန်း ၁၀၀နှုန်းဖြင့်စတင်ရောင်းချပေးခဲ့ပြီး၊ ထို့နောက် တစ်ဧကလျှင် သိန်း ၁၅၀ပြောင်းလဲခဲ့သည်။ နေပြည်တော်တွင်အစောပိုင်းက ဟိုတယ်လုပ် ငန်းရှင်များကို ဟိုတယ်တစ်ကွက်လျှင် မြေ၁၅ဧကနှုန်းဖြင့် ရောင်းချပေးပြီး ယခုနောက်ပိုင်းတွင် ၁၀ဧကနှုန်းဖြင့် ရောင်းချပေးနေသည်။ ယခုနောက်ဆုံး တစ်ဧကလျှင် ကျပ်သိန်း၅၀၀ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ နေပြည်တော်တွင် ဟိုတယ်ဇုန်-၂ဇုန်ရှိပြီး ဒက္ခိဏသီရိမြို့နယ်တွင် ဟိုတယ်ဇုန်၁ဇုန်ရှိပြီး ဥတ္တရသီရိမြို့နယ်တွင် ဟိုတယ်ဇုန်၂ဇုန်ရှိသည်။



7 DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# Crime Corner

မှုခင်းသတင်းများ

## ခရီးသည်လုရာမှ လူသေဆုံးမှုဖြစ်ပွား

ပိုင်စိုး

**သံတွဲ၊ ဒီဇင်ဘာ- ၂၀**

သံတွဲမြို့အဝေးပြေးယာဉ်ရပ်နားစခန်းရှိ သံတွဲ-တောင်ကုတ်ကားဂိတ်တွင် ဒီဇင်ဘာ၁၁ရက် ည၇း၃၀နာရီခန့်က ဆိုင်ကယ်ကယ်ရီသမားတစ်ဦးနှင့် ဆိုက်ကားဆရာတစ်ဦးတို့ ခရီးသည်လုရင်းရန်ဖြစ်ရာမှ လူသေဆုံးမှုတစ်ခုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်ပွားပုံမှာ ယင်းနေ့ည ၇း၀၀ နာရီခန့်တွင် ယာဉ်မောင်းဦးဘလွင်မောင်းနှင်သည့် ယာဉ်သည် တောင်ကုတ်မှ သံတွဲမြို့သို့ရောက်ရှိကာ ခရီးသည်နှင့် ကုန်များချရန် ဂိတ်သို့ဝင်ရောက်ခဲ့သည်။ ၎င်းကားတွင်ပါလာသော ဂျိတ္တောကျေးရွာသို့ သွားမည့်ခရီးသည်နှစ်ဦးအား ဆိုက်ကားနင်းသူကိုမြင့်မောင်ဝင်းက ငွေငါးထောင်နှင့် ဈေးဖြတ်ခါ ဆိုင်ကယ်ကယ်ရီသမားနှစ်ဦးထံပို့ပေးခဲ့ကြောင်းသိရသည်။ "အဲဒီလို ခရီးသည်ရှာပေးရင် ဘော်ဒါကြေးရတယ်။ ကိုမြင့်မောင်ဝင်းက လူနှစ်ယောက်ရှာပေးလို့ ကယ်ရီသမားကတစ်ထောင်ပေးမယ်လို့ပြောတယ်"ဟု ၎င်းဂိတ်တွင် ဆိုက်ကားနင်းနေသူတစ်ဦးကပြောသည်။

ထိုအချိန်တွင် ကယ်ရီဆွဲနေသူ အခြားဆိုင်ကယ်သမားတစ်ဦးဖြစ်သည့် ကိုယဉ်ဌေး(ခ)ဆာကိရောက်ရှိလာပြီး ၎င်းခရီးသည်နှစ်ဦးအား ငွေလေးထောင်နှင့်လိုက်ပို့ပေးမည်ဟုဝင်ရောက်ပြောဆိုခဲ့ရာမှ ကိုမြင့်မောင်ဝင်းနှင့် စကားများကာ ရန်ဖြစ်ထိုးကြိတ်ကြကြောင်းသိရသည်။ "ဆာကိက စပြီးဆဲတယ်။ ကိုမြင့်မောင်ဝင်းက အရင်ထိုးတယ်။ အပြန်အလှန်ထိုးကြတော့ ကိုမြင့်မောင်ဝင်းမှာ နှုတ်ခမ်း၊ ပါးနဲ့ မျက်ခုံးတွေကွဲသွားတယ်"ဟု မျက်မြင်တွေ့ခဲ့သူတစ်ဦးကပြောသည်။ ၎င်းတို့နှစ်ဦးအား ပတ်ဝန်းကျင်မှ လူများကဖျန်ဖြေပေးခဲ့ကြကြောင်းသိရသည်။

ဦးဘလွင်မောင်းနှင်သောကားသည် ခရီးသည်နှင့် ကုန်များချပြီး၍ အိမ်ပြန်ရန်အတွက် မောင်းနှင်လာစဉ်တွင် ၎င်းတို့ နှစ်ဦးမှာ ထပ်မံထိုးကြိတ်ကြ၍ ကိုမြင့်မောင်ဝင်းက ထိုးကြိတ်ရာမှကိုယဉ်ဌေး(ခ)ဆာကိမှာ ကားနောက်ဘီးရှေ့သို့ မှောက်လျက်လဲကျခဲ့ကြောင်းသိရသည်။ "ခေါင်းက ဘီးရှေ့မှာ ကြမ်းတုံးခုံသလိုဖြစ်သွားတယ်။ အဲဒီနေရာမှာပဲဆုံးသွားတာပဲ"ဟု မျက်မြင်တွေ့ခဲ့သူများကပြောသည်။

အဆိုပါအမှုအား သံတွဲရဲ စခန်းမှု(ပ)၃၇၃/၂၀၁၀၊ ပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်နေကြောင်း သိရသည်။

## ကုန်စည်ပြပွဲမှ ပြခန်းကြေးများ အက်ဖ်အီးစီအစား ကျပ်ငွေဖြင့် လက်ခံ

ပြည့်သိမ်း၊ ဇာဇာနီ

**ရန်ကုန်၊ ဒီဇင်ဘာ – ၂၅**




ဓာတ်ပုံ – ဇေမျမောင်မောင်(အမရပူရ)

ပုံစာ

ပြည်တွင်းကုန်စည်ပြပွဲများတွင် ဆိုင်ခန်းများကို ရောင်းချရာ၌ အက်ဖ်အီးစီအစား မြန်မာကျပ်ငွေကိုသာ ပြောင်းလဲအသုံးပြုလာကြကြောင်း ပြပွဲများတွင် လိုက်လံပြသသောစီးပွားရေးလုပ်ငန်းရှင်များက ပြောသည်။

ထိုကဲ့သို့ ကျပ်ငွေဖြင့် ပြောင်းလဲရောင်းချရခြင်းမှာ အက်ဖ်အီးစီတန်ဖိုး စက်တင်ဘာလမှ စတင်ကျဆင်းပြီး ပြန်လည်မြင့်တက်လာမှု မရှိခြင်း၊ အက်ဖ်အီးစီနှင့် မြန်မာကျပ်ငွေလဲလှယ်ရာတွင် ယခင်ကထက် ကွာဟမှုကြီးမားလာခြင်းတို့ကြောင့် ဖြစ်ကြောင်း ကုန်စည်ပြပွဲများကို စီစဉ်နေသည့် Smart Business Group မှ ဒါရိုက်တာ ဒေါ်ရွှေစင်ဝင်းကပြောကြားသည်။

"အောက်တိုဘာ နောက်ပိုင်းပွဲတွင်မှ အခုလို စပြောင်းတာပါ။ ပြခန်းဈေးနှုန်းက မပြောင်းလိုတော့ ငွေတန်ဖိုးကွာဟချက်ကိုကာမိအောင် အခုလိုပြောင်းလုပ်ကြတာ" ဟု Yangon Expo 2010 ပြပွဲတွင် ဝင်ပြသနေသည့် Crown အီလက်ထရွန်နစ်ကုမ္ပဏီမှ အထွေထွေမန်နေဂျာဦးထွန်းမင်းက ရှင်းပြသည်။

ဆိုင်ခန်းများ တန်ဖိုးသည် ယခုနှစ်တွင် အပြောင်းအလဲမရှိဘဲ ယခင်အက်ဖ်အီးစီနှင့် ယူသည့်တန်ဖိုးနှင့်ကိုက်ညီသော ကျပ်ငွေကိုပြောင်းလဲရောင်းချခြင်းဖြစ်သည်။ ဆိုင်ခန်းများတန်ဖိုးမှာလည်း နေရာပေါ်မူတည်၍ ယခင်အက်ဖ်အီးစီ ၄၀၀ကျသင့်သည့်အခန်းကို ကျပ်ငွေလေးသိန်းဈေးရှိကြောင်းလည်းသိရသည်။

လက်ရှိ အက်ဖ်အီးစီနှင့် မြန်မာငွေလဲနှုန်းမှ အက်ဖ်အီးစီကို ၈၀၀ ကျပ်ရှိပြီး အမေရိကန်ဒေါ်လာမှာ ၈၇၀ကျပ်တွင် ဈေးငြိမ်နေကြောင်း၊ရှေ့လများတွင်လည်း ကျောက်ပွဲများမှ ငွေများဝင်ရောက်လာပါက ကျပ်ငွေတန်ဖိုး ဆက်လက်ခိုင်မာလာဖွယ်ရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ခန့်မှန်းနေကြသည်။

## မလေးရှားအလုပ်ခေါ်စာအတု ပြုလုပ်သော အေဂျင်စီအချို့ရှိလာ

အောင်သူရ၊ပြည့်သိမ်း

**ရန်ကုန်၊ ဒီဇင်ဘာ – ၂၃**

မလေးရှားနိုင်ငံသို့ တရားဝင် အလုပ်သွားရောက် လုပ်ကိုင်နိုင်ရန် ပြည်ဝင်ခွင့်လျှောက်ထားရာတွင် လိုအပ်ချက် တစ်ခုဖြစ်သော မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနက အလုပ်သမားခေါ်ယူခွင့်ပြုသည့် (KDN) စာရွက်အား အတုပြုလုပ်၍ လျှောက်ထားသော အေဂျင်စီအချို့ရှိကြောင်း မလေးရှားသံရုံးက 7 Day News သို့ပြောသည်။

ထိုကဲ့သို့ KDN အတုဖြင့် လျှောက်ထားသဖြင့် ထိုကုမ္ပဏီများမှာ လျှောက်ထားသော လုပ်သားများမှာပြည်ဝင်ခွင့် မရရှိကြောင်း သိရသည်။

"KDN ခွင့်ပြုချက်ကတော့ ဒီဘက်က အတုလုပ်တာ မဟုတ်ဘူး။ ဟိုဘက်က အေးဂျင့်ကပဲ အတုလုပ်တာဖြစ်နိုင်တယ်" ဟု အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ မလေးရှားနိုင်ငံတွင် တရားမဝင်လုပ်သားများပြားလာခြင်းကြောင့် မလေးရှားအစိုးရပြည်ထဲရေးဝန်ကြီးဌာနက KDN ခွင့်ပြုချက်များအား သေချာစိစစ်၍ပေးလာသဖြင့် ထိုခွင့်ပြုချက်ရရန် ယခုနောက်ပိုင်းခက်ခဲလာခဲ့သည်။

"ဟိုဘက်အေးဂျင့်က အလုပ်သမားတွေကို အကုန်အလုပ်မပေးနိုင်ဘဲ လူတွေတအားခေါ်တာကနေ ပြဿနာတွေဖြစ်တော့ ပြည်ထဲရေးဝန်ကြီးဌာနက စိစစ်ပြီး တကယ်အလုပ်ပေးနိုင်တဲ့ လူပမာဏနဲ့ အေးဂျင့်တွေကိုပဲ KDN ခွင့်ပြုချက်ထုတ်ပေးတော့တယ်" ဟု မလေးရှားနိုင်ငံမှ ပြန်လာသူအေးဂျင့်တစ်ဦးက ပြောသည်။ မလေးရှားအစိုးရသည် ယခုနှစ် အောက်တိုဘာလဆန်းမှစ၍ မြန်မာနိုင်ငံမှလာရောက် အလုပ်လုပ်ကိုင်သူများအား ဆိုက်ရောက်ပြည်ဝင်ခွင့်မပြုတော့ဘဲ ပြည်ဝင်ခွင့်ကြိုတင်ရရှိပြီးမှသာ နိုင်ငံသို့ ဝင်ခွင့်ပြုမည်ဟု သတ်မှတ်ခဲ့သည်။




## မိုဘိုင်းဖုန်းဆင်းမ်ကတ်ဖြင့် အင်တာနက်အသုံးပြုနိုင်တော့မည်ဟုဆို

ယုဇနကိုကို

**ရန်ကုန်၊ဒီဇင်ဘာ-၂၂**

မိုဘိုင်းဖုန်းကိုင်ဆောင်သူများ အနေဖြင့် မိုဘိုင်းဖုန်းဧရိယာမိသည့်နေရာတိုင်းတွင် ဖုန်းဆင်းမ်ကတ်များ (Sim Card)ကို 3G Modern ဟူသော Device Stick များဖြင့် ချိတ်ဆက်ကာ အင်တာနက်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းများအပါအဝင် ဂျီအက်စ်အမ်ဖုန်းများ၏ ဆင်းမ်ကတ်များနှင့် အဆိုပါ Device Stick များကိုချိတ်ဆက်ပြီး ကွန်ပျူတာ(လက်ပ်တော့၊နုတ်ဘွတ်ခ်၊နတ်ဘွတ်ခ် အစရှိသည်ဖြင့်)များ၏ USBများတွင် တပ်ဆင်လိုက်ခြင်းဖြင့် တယ်လီဖုန်းဆက်သွယ်မှုကွန်ရက်မိသည့်မည်သည့်နေရာတွင်မဆို အင်တာနက်ဆက်သွယ်မှုကိုတိုက်ရိုက်ရရှိအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ထိုကဲ့သို့ မိုဘိုင်းဖုန်းများ၏ ဆင်းမ်ကတ်များကိုအသုံးပြုကာ Device Stick များကို ကွန်ပျူတာတွင် တပ်ဆင်လိုက်ခြင်းဖြင့် အင်တာနက်အသုံးပြုနိုင်ခြင်းစနစ်တွင် အင်တာနက်ဆက်သွယ်မှုမရရှိသည့် နေရာများတွင် မိုဘိုင်းဖုန်းဆင်းမ်ကတ်များကိုအသုံးပြုကာ အသုံးပြုနိုင်ရန်အတွက်ဟုသိရသည်။

"ဒီစနစ်က မိုဘိုင်းဖုန်းနဲ့ ကွန်ပျူတာတော့ရှိဖို့လိုတယ်။ သူ့ရဲ့စနစ်က တယ်လီဖုန်းဆက်သွယ်မှု ကွန်ရက်မိတဲ့နေရာတိုင်းမှာ ဝိုင်ဖိုင်စနစ်တွေမရှိလည်းအင်တာနက်သုံးလို့ရမယ်။ အဲ့ဒီအတွက် ဖုန်းတစ်လုံးတော့အဓိကရှိရမယ်။ ဒါဆိုရင်ဝိုင်ဖိုင်တွေမလိုဘူး **စာ(၁၂)သို့**


TRI
LIVES BRILLIANTLY


i-MAX
COLLECTION
Men's & Ladies' Wears
WINTER FASHION
MY STYLE // MY DREAM

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.40 · DECEMBER 30, 2010

# လွှတ်တော်ကိုယ်စားလှယ်များ သတ်မှတ်ရက်အတွင်း ဝင်ငွေကြေညာလွှာမတင်ပါက အမည်ပျက်စာရင်းသွင်းမည်

ကျော်သီဟ

ရန်ကုန်၊ ဒီဇင်ဘာ - ၂၂

လွှတ်တော်အသီးသီးသို့ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များ ရက်ပေါင်း ၆၀အတွင်း ဝင်ငွေကြေညာလွှာမတင်သွင်းပါက အမည်ပျက်ကိုယ်စားလှယ်အဖြစ် ကြေညာသွားမည်ဖြစ်ကြောင်း ကော်မရှင်မှ ထုတ် ပြန်ထားသည်။

ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အသုံးပြုခဲ့သောစရိတ်များ၊ ကြွေးကျန်များ၊ ရရှိသောအလှူငွေ အားလုံးကို ရက်ပေါင်း ၆၀အတွင်း စာရင်းတင်သွင်းရမည်ဖြစ်သည်။

ရွေးကောက်ပွဲအပြီး လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းကြေညာခဲ့သည့်နောက်ဆုံးရက် နိုဝင်ဘာ ၁၀ရက်နေ့မှ စတင်ရေတွက်ကာ ရက်ပေါင်း၆၀(နှစ်လအတွင်း)ဇန်နဝါရီ၁၀ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာခရိုင်ကော်မရှင်ရုံးများကို တင်သွင်းကြရမည်ဖြစ်ကြောင်း ကော်မရှင်ကကြေညာချက်ထုတ်ပြန် ထားသည်ဟု သိရသည်။

“ရှုံးခဲ့တဲ့ ကိုယ်စားလှယ်လောင်းတွေက မတင်ကြဘူးဆိုရင် ကိုယ်စားလှယ်အရည်အချင်း ပျက်ယွင်းသူလို့ ကြေညာခံရနိုင်တယ်။ လာမယ့် ရွေးကောက်ပွဲ ဝင်လို့မရနိုင်ဘူး။ နိုင်ငံရေးနယ်ပယ်ထဲက ထုတ်ပယ်ခံရဖို့များတယ်။ ကျွန်တော်ကတော့ ဒီဇင်ဘာ ၃၁ရက် မကျော်ခင် တင်သွင်းသွားမှာပါ”ဟု တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဦးရန်ကျော်က 7Day News သို့ပြောသည်။

ယင်း ဝင်ငွေကြေညာလွှာတွင် ရွေးကောက်ပွဲဝင်ရန် စပေါ်ငွေကျပ်ငါးသိန်း စတင်ရချိန်မှစ၍ ပြီးဆုံးသည့်နေ့အထိ အသုံးစရိတ်များ၊ အကြွေးကျန်များ၊ စည်းရုံးစရိတ်များ စသဖြင့် အသေးစိတ်ဖော်ပြနိုင်ရန် စာရင်းစာရွက်များကို ကော်မရှင်က ထုတ်ပြန်ပေးထားသည်။ ထိုသို့ ကြေညာလွှာများကို ဇန်နဝါရီ၁၀ရက် မကျော်မီ တင်သွင်းကြရမည်ဖြစ်သည်။



ဒေးဒရဲမြို့နယ်၊ သံဒိတ်ကျေးရွာဒေသခံတစ်ဦး လက်ယက်ရေတွင်းမှ ရေရယူနေစဉ်။ ဓာတ်ပုံ-မြတ်စုမွန်

# နာဂစ်မုန်တိုင်းသင့်ဒေသတွင် ရေချိုရရန် တူးရသောအဝီစိတွင်းအနက်ပေ ပိုများလာ

မြတ်စုမွန်

ရန်ကုန်၊ ဒီဇင်ဘာ - ၂၂

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် မြစ်ဝကျွန်းပေါ်ဒေသအချို့တွင် ရေချိုရရှိရန်အတွက် အဝီစိတွင်းတူးဖော်ရသော မြေအောက်ပေအနက်မှာ ယခုနှစ်အတွင်း ယခင်နှစ်များကထက် ပိုမိုများလာကြောင်း မော်လမြိုင်ကျွန်းမြို့ရှိ ဒေသခံလူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် မေတ္တာရေစင်ဖောင်ဒေးရှင်းမှ သတင်းရရှိသည်။

ထို့အပြင် ရေချိုလိုအပ်နေသဖြင့် အဝီစိတွင်း လှူဒါန်းပေးရန် ဖောင်ဒေးရှင်းသို့လာရောက်လျှောက်လွှာတင်သည့်ကျေးရွာများတွင် ရေငန်ပိုင်းဒေသများက ပိုမိုများပြားကြောင်း မေတ္တာရေစင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“အခု ရွာတွေက လျှောက်လွှာလာတင်ထားတာ ရေတွင်း ၂၅ တွင်းလောက်ရှိတယ်။ အဓိကက ရေငန်ပိုင်းရွာတွေက ပိုများတယ်။ ရွာတွေမှာ ရေအခက်အခဲရှိနေပေမယ့် ကျွန်တော်တို့မှာလည်း အလှူရှင်နည်းနေတော့ မလုပ်ပေးနိုင်သေးဘူး ဖြစ်နေတယ်။ အဝီစိတွင်းတွေက အရင်က ပေ ၄၅၀-၅၀၀ လောက်တူးရင် ရေချိုရတယ်။ အခုနောက်ပိုင်း ပေ ၆၀၀ ကျော်အထိတူးလာရတာကို သတိထားမိတယ်။ ရေချို အောက်ဆုတ်သွားတာလား၊ ခန်းသွားတာလား မပြောတတ်ဘူး”ဟု အဆိုပါဖောင်ဒေးရှင်းမှ ဦးထွန်းထွန်းက ပြောသည်။

မော်လမြိုင်ကျွန်းမြို့မှ ဒေသခံ အင်န်ဂျီအိုဖြစ်သည့် မေတ္တာရေစင်ဖောင်ဒေးရှင်းသည် နာဂစ်ဆိုင်ကလုန်းကာလနောက်ပိုင်းမှ ယခုအချိန်အထိ ပြည်တွင်းပြည်ပအလှူရှင်များ၏ အကူအညီဖြင့် ရေချိုလိုအပ်သောကျေးရွာများတွင် အဝီစိတွင်းပေါင်း ၅၀ တူးဖော်လှူဒါန်းပေးနိုင်ခဲ့သည်ဟုဆိုသည်။

“ဒီနှစ်ထဲမှာ အဝီစိတွင်း ၁၀ တွင်းလောက် တူးသွားမယ်လို့ လျာထားတယ်။ အလှူရှင်တစ်ဦးကို Proposal တင်ထားတယ်။ရွာတွေမှာက အရင်က ကန်ရေတွေနဲ့ လုံလောက်တယ်။ အခု ရေခန်းလို့ မလုံလောက်တဲ့အတွက် အဝီစိတွင်းကို အားကိုးရတဲ့သဘောရှိတယ်”ဟု ဦးထွန်းထွန်းက ဆက်လက်ပြောကြားသည်။

# အင်တာနက်ပါ အသုံးပြုနိုင်မည့် McWLL ဖုန်းများ စတင်ချပေးတော့မည်ဟုဆို

ယုဇနကိုကို

ရန်ကုန်၊ ဒီဇင်ဘာ- ၂၂

အင်တာနက်တိုက်ရိုက်အသုံးပြုနိုင်မည့်စနစ်ပါရှိသည့် McWLL ဖုန်း (CDMA 400 MHz) များကို လာမည့် ၂၀၁၁ ခုနှစ်ဇန်နဝါရီလဒုတိယပတ်မှစတင်ပြီး ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီး နှစ်ခုတွင်အသုံးပြုနိုင်ရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရောင်းချပေးတော့မည်ဖြစ်ကြောင်း ယင်းလုပ်ငန်း၏မိုဘိုင်းဖုန်းဌာနမှ တာဝန်ရှိသူတစ်ဦးထံမှသတင်းရရှိသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ချထားပေးမည့် အဆိုပါ McWLL ဖုန်းများ၏ ဆက်သွယ်မှုကွန်ရက်မှာ မဂ္ဂါဟဇ်လေးရာ (400 MHz) သာရှိသော်လည်း အင်တာနက်ဆက်သွယ်မှုစနစ်ကိုမူ တိုက်ရိုက်အသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ပြီးခဲ့သည့်နှစ်အတွင်းက ရောင်းချပေးခဲ့သည့် အဆိုပါ McWLL ဖုန်းများအား အခြားစီဒီအမ်အေဖုန်းများကဲ့သို့ပင် ကျပ်ငါးသိန်းဝန်းကျင်ဖြင့် လျှောက်ထားနိုင်မည်ဖြစ်ကြောင်းသိရသည်။ မိုဘိုင်းအနေဖြင့် ရွှေ့လျားသယ်ဆောင်အသုံးပြုနိုင်မည့် အဆိုပါ McWLL ဖုန်းများသည် အထိုင်ဖက်စ် (Fax) ဖုန်းများအနေဖြင့်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

အင်တာနက်ဝန်ဆောင်မှုစနစ်ကို အသုံးပြုမှသာ ကျပ်ငါးသိန်းဝန်းကျင်ကုန်ကျမည်ဖြစ်ပြီး တယ်လီဖုန်းအဝင်အထွက်ခေါ်ဆိုခြင်းများသာ အသုံးပြုမည်ဆိုပါက ကျပ်လေးသိန်းခွဲဝန်းကျင်သာကုန်ကျမည်ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

လာမည့်နှစ်ဆန်းပိုင်းအတွင်း ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးနှစ်ခုအတွက် စတင်ရောင်းချတော့မည့် အဆိုပါဖုန်းများအား ရတနာပုံတယ်လီပို့ကုမ္ပဏီတွင်သာ လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဦးမျိုးခင်၏ အနုပညာဘဝခရီး တ ုတ်နိုင်ငံက  ုပ်ရှင် ိုက်ကူးရန် စီစဉ်

စိုင်းသာအောင်

မန္တလေး၊ ဒီဇင်ဘာ - ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်က ကျင်းပြုလုပ်ခဲ့သော အိုလံပစ်အားကစားပြိုင်ပွဲ (2008 Beiging Olympics Games) နှင့်အတူ ပူးတွဲကျင်းပခဲ့သော အိုလံပစ်ပန်းချီပြိုင်ပွဲ (Olympics Fine Arts 2008) တွင်မြန်မာနိုင်ငံမှ ရွှေတံဆိပ်ဆုရရှိခဲ့သူ ဦးမျိုးခင် (ထန်းရိပ်ညို) ၏အနုပညာ ဘဝခရီးကို တရုတ်နိုင်ငံ ရုပ်ရှင်ကုမ္ပဏီတစ်ခုက ရုပ်ရှင်ရိုက်ကူးရန်အတွက် အနုပညာရှင်၏ အနုပညာဘဝခရီးကိုလေ့လာကာ ဇာတ်ညွှန်းများရေးသားလျက်ရှိကြောင်း ထန်းရိပ်ညို ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက 7Day News သို့ပြောသည်။

ဦးမျိုးခင် (ထန်းရိပ်ညို) သည် ၂၀၀၈ Beiging Olympic Games ပြိုင်ပွဲနှင့်အတူ Olympic Fine Arts 2008 ကို ကျင်းပရာ နိုင်ငံတကာ ပန်းချီဆရာများ၊ တရုတ်နိုင်ငံမှပန်းချီဆရာများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ ဦးမျိုးခင် (ထန်းရိပ်ညို) က “Olympics and Beiging” ပန်းချီကားဖြင့် ရွှေတံဆိပ်ဆုချီးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်းရွှေတံဆိပ်ဆုအား ဘေဂျင်းမြို့သို့ ဦးမျိုးခင် (ထန်းရိပ်ညို) ကိုယ်တိုင်တက်ရောက်ခဲ့ပြီး၊ ဆုချီးမြှင့်ပွဲသို့ နိုင်ငံတကာ အိုလံပစ်ပြိုင်ပွဲ ကျင်းပရေးကော်မတီ (IOC)နှင့် တရုတ်နိုင်ငံမှ ထိပ်တန်းခေါင်းဆောင်(State Leader)များ တက်ရောက်ခဲ့သည်။

စာ(၁၂)သို့

# ရှားပါးသစ်မွှေးပန်းခြောက်များဈေးကွက်တွင်စတင်ဖြန့်ချိ

မေဝင်းမွန်

ရန်ကုန်၊ ဒီဇင်ဘာ - ၂၄

သဘာဝအလျောက်ပေါက် ရောက်သည့် ဆေးဘက်ဝင်ရှားပါး သစ်မွှေး(ခေါ်) အကျော် (Agarwood) ပင်မှရရှိသည့်ပန်းခြောက်များကို ပြည်တွင်းဈေးကွက်တွင် ယခုလမှ စတင်ဖြန့်ချိနေပြီဖြစ်ကြောင်း ရွှေသစ်မွှေးပန်းခြောက်တင်သွင်းရောင်းချသည့် Precious Traders ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံမြောက်ပိုင်း ပူတာအိုဒေသရှိ သဘာဝသစ်မွှေးပင်များမှ ကြွေကျသောပန်းများကို ကောက်ယူပြီး အခြောက်ခံသန့်စင်ကာ လက်ဖက်ခြောက်ကဲ့သို့ သောက်သုံးနိုင်ရန် ထုတ်လုပ်ရောင်းချခြင်းဖြစ်သည်။




သစ်မွှေးပင်များကို ယခုနောက်ပိုင်းတွင် စီးပွားဖြစ်စိုက်ပျိုးလာကြပြီး သစ်မွှေးဆီကိုထုတ်ယူရောင်းချသော်လည်း သစ်မွှေးပန်းခြောက်ကိုမူရောင်းချမှု နည်းပါးကြောင်းသိရသည်။ သစ်မွှေးပန်းများမှာတစ်နှစ်လျှင်တစ်ကြိမ်သာ ပွင့်ပြီး ပန်းခြောက်၏အာနိသင်မှာမူ သဘာဝအပင်မှဖြစ်ပါက ပိုမိုအစွမ်းထက်သည်ဟု အထက်ပါ တာဝန်ရှိသူကဆိုသည်။

သစ်မွှေးပွင့်မှာ ပြည်တွင်းဈေးကွက်တွင် ရှားပါးကုန်ပစ္စည်းတစ်ခုဖြစ်ပြီး အာရုံကြော၊ သွေးလည်ပတ်မှု၊ အသက်ရှူလမ်းကြောင်းနှင့်အစာခြေလမ်းကြောင်းရှိ အာရုံကြောများလည်ပတ်မှုကောင်းစေကာ နှစ်ခြိုက်စွာအိပ်ပျော်ခြင်း၊ ဝမ်းမှန်ခြင်း၊ အရွယ်တင်နုပျိုစေခြင်းစသည့် အကျိုးအာနိသင်ရှိသော ဆေးဘက်ဝင်အပင်တစ်မျိုးဖြစ်ကြောင်း သိရသည်။

သစ်မွှေးပန်းခြောက်ကို ရေနွေးဖြင့်စိမ်ကာ လက်ဖက်ခြောက်ကဲ့သို့သောက်သုံးနိုင်ပြီး သွေးလည်ပတ်မှုမြန်စေသည့်ဂုဏ်သတ္တိရှိသဖြင့် ကိုယ်ဝန်ဆောင်မိခင်များသောက်သုံးရန်မသင့်လျော်ဟုဆိုသည်။ သစ်မွှေးပန်းခြောက်ကို ကျန်းမာရေးဝန်ကြီးဌာနထောက်ခံချက်ဖြင့်တင်သွင်းရောင်းချခြင်းဖြစ်ပြီး သစ်မွှေးပန်းခြောက် ၅၀ ဂရမ်တစ်ဘူးလျှင် ၄၂,၀၀၀ ကျပ်ဈေးရှိကြောင်းသိရသည်။

# မလေးရောက်မြန်မာများ ယူအင်န်ကတ်ကိုင်သူများလာ

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၃**

ပြည်ပအလုပ်သမား တရားဝင်ခေါ်ယူခွင့်ရထားသော မလေးရှားအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများက မြန်မာနိုင်ငံမှ လိုင်စင်ရအေဂျင်စီများသို့ နှစ်ပတ်ကြာသွားရောက်နိုင်သည့် အလုပ်ခေါ်စာအတုဖြင့် အလုပ်သမားစေလွှတ်ရန် ကမ်းလှမ်းလာကြောင်း သတင်းရရှိသည်။

"အဓိကကတော့ မလေးရှားပြည်ထဲရေးဝန်ကြီးဌာနက လူခေါ်ခွင့်ထုတ်ပေးတဲ့ KDN ရဖို့ ခက်ခဲတဲ့အတွက် လေဆိပ်က လူဝင်မှုကြီးကြပ်ရေးနဲ့ပေါင်းပြီးလုပ်တာပါ" ဟု မလေးရှားနိုင်ငံမှ ပြန်လာသူပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ ခေါ်စာအတုအတွက် လူတစ်ဦးလျှင် ရင်းဂစ် ၃၀၀ ပေးရပြီး လေဆိပ်ရှိလူဝင်မှုကြီးကြပ်ရေးမှ ဝန်ထမ်းများနှင့် ပေါင်းကာ ထိုဝန်ထမ်းများက ခေါ်စာအတုဖြင့် လာရောက်သူအား Vist (အလည်အပတ်) ပြည်ဝင်ခွင့်ဗီဇာဖြင့် တစ်လနေထိုင်ရန် ဝင်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ယင်းပုံစံဖြင့် သွားရောက်ပါက နိုင်ငံကူးလက်မှတ်ရှိသော လုပ်သားတစ်ဦးမှာ နှစ်ပတ်အတွင်းဖြင့် မလေးရှားနိုင်ငံသွား ရောက်လုပ်ကိုင်နိုင်သည်ဟု သိရသည်။

"အလုပ်ခေါ်စာ မကျတာ နှစ်လလောက်ရှိပြီ။ ဒါပေမဲ့ သွားတဲ့လူက နေ့တိုင်းလေယာဉ်ပြည့်နေတာပဲ။ လေ့လာကြည့်လိုက်တော့ သွားတဲ့လူတစ်ဝက်လောက်က အလုပ်ခေါ်စာအတုနဲ့ သွားနေကြတာ" ဟု ကျောက်တံတားမြို့နယ် အခြေစိုက်ခရီးသွားကုမ္ပဏီမှ ဒါရိုက်တာတစ်ဦးကပြောကြားသည်။ ခေါ်စာအတုဖြင့်သွားရောက်သူများအား သက်ဆိုင်ရာက တစ်လနေထိုင်ခွင့်ဖြင့်သာ ပြည်ဝင်ခွင့်ပြုပေးလိုက်သဖြင့် အလုပ်လုပ်သောအခါ ယင်းတို့၏ နိုင်ငံကူးလက်မှတ်တွင် ပါမစ်ကတ်၍ မရသဖြင့် တစ်လကျော်ပါက တရားမဝင်နေထိုင်သူဖြစ်သွားသည်ကို အလုပ်သမားများက မသိရှိကြကြောင်းအေဂျင်စီမှ တာဝန်ရှိသူအချို့က ရှင်းပြသည်။

တချို့သော ခေါ်စာအတုဖြင့်သွားရောက်သူများမှာ မလေးရှားနိုင်ငံသို့ရောက်ရှိ ယူအင်န်ကတ်(ကုလသမဂ္ဂ ဒုက္ခသည်ကတ်) လျှောက်ထားပြီး ထိုယူအင်န်ကတ်ဖြင့် အလုပ်လုပ်ကိုင်သူများရှိကြောင်း သိရသည်။

"အဲဒီယူအင်န်ကတ်ကလည်း အခုဆိုရင်းဂစ် ၅၀၀ လောက်နဲ့ ဝယ်လို့ရနေပြီ။ ယူအင်န်ကတ်ကိုင်ထားရင် Overstay တွေကို ရဲကဖမ်းလို့မရတော့ဘူး"ဟု အေဂျင်စီမှ ဒါရိုက်တာတစ်ဦးကပြောကြားသည်။

ယင်းယူအင်န်ကတ်ကိုင်ထားသူများမှ မိမိနှစ်သက်ရာ အလုပ်အားရှာဖွေလုပ်ကိုင်နိုင်သကဲ့သို့ အလုပ်ရှင်ကလည်း အစိုးရသို့ အခွန်ဆောင်ရသည့် Leuy ကြေး မပေးရဘဲ အလုပ်ခန့်၍ရသဖြင့် အလုပ်ရှင်များကလည်း ယူအင်န်ကတ် ကိုင်ထားသူများအား အလုပ်ခန့်လေ့ရှိကြောင်း သိရသည်။

# သီရိမင်္ဂလာဈေးသစ် ဒီဇင်ဘာ ၂၄ ရက်တွင် စဖွင့်

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၇**

သီရိမင်္ဂလာဈေး(လှိုင်မြို့နယ်) ဈေးသစ်ကြီးအား ကြည့်မြင်တိုင်မြို့နယ်မှ ပြောင်းရွှေ့ကာ ဒီဇင်ဘာ ၂၄ ရက်(သောကြာနေ့)မှ စတင်ဖွင့်လှစ်လိုက်ကြောင်း သတင်းရရှိသည်။

'က'ကနေ 'ဈ'အထိ ဈေးရုံကိုးရုံ၊ ဂိုဒေါင်ဟောင်းကြီးနဲ့ ပျံကျကွက်လပ်ထားပေးထားတယ်" ဟု ဈေးသစ်ကြီးမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ သီရိမင်္ဂလာဈေးကို ယခင်ဆိပ်ကမ်းမြို့နယ်မှ ၁၉၈၉တွင် ကြည့်မြင်တိုင်သို့ပြောင်းရွှေ့ခဲ့ပြီး၊ ၁၉၉၇ တွင် ကြည့်မြင်တိုင် အဆင့်မြင့်ဈေးကြီးအဖြစ် ၂၄ နာရီပတ်လုံးဖွင့်လှစ်ခဲ့သည်။



သီရိမင်္ဂလာဈေးသစ်ကို ဒီဇင်ဘာ ၂၇ရက်ကတွေ့ရစဉ်။
ဓာတ်ပုံ - သန်းဌေး


ယခုဈေးသစ်တွင် လောလောဆယ်၌ အရောင်းအဝယ်ပါးနေကြောင်း ဈေးသည်များကပြောသည်။လှိုင်မြို့နယ်သီရိမင်္ဂလာဈေးသစ်ကြီးမှာ မြေစိုက်ဘေးပွင့်ဈေးရုံကြီး ၉ ရုံ၊ ပျံကျ ဂိုဒေါင် အပါအဝင် ဆိုင်ခန်းပေါင်း ၂၀၀၀ နီးပါးနှင့် ကားပါကင်တန်းလည်း ပါဝင်သည်။

# ရန်ကုန်မြို့တော်စည်ပင်က ကုန်ကားများကို လမ်းအသုံးပြုခစတင်ကောက်ခံ

**သိမ့်သိမ့်စိုး** **ရန်ကုန်၊ ဒီဇင်ဘာ-၂၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လမ်းများတွင် ယခုလဆန်းမှစ၍ကုန်တင်ယာဉ်များကို လမ်းအသုံးပြုစတင်ကောက်ခံနေကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များကပြောသည်။ ယခင်ကမြို့တော်စည်ပင်မှ ကုန်တင်ယာဉ်များကိုတန်ပိုကြေးအမည်ဖြင့် ကောက်ခံနေခြင်းဖြစ်သည်။ ယခုနှစ်တွင် အာဆီယံစံချိန်စံညွှန်းအတိုင်း ကုန်တင်ရခြင်းများကြောင့်ကုန်ကားများက တန်ပိုမတင်တော့၍ လမ်းအသုံးပြုခအဖြစ် ပြောင်းလဲကောက်ခံလာခြင်းဖြစ်ကြောင်းကားပိုင်ရှင်နှင့်ယာဉ်မောင်းများကပြောသည်။ ထို့ကြောင့် ကားပိုင်ရှင်များအနေဖြင့် BOT စနစ်ဖြင့် ငှားရမ်းကုမ္ပဏီနှင့် မြို့တော်စည်ပင်ပါ ပေး၍ လမ်းအသုံးပြုခနှစ်ကြိမ် ပေးဆောင်နေကြောင်း ကုန်တင်ယာဉ်ပိုင်ရှင်များကပြောကြားသည်။ ကုန်တင်ယာဉ်များကို ယခင်က တန်ပိုနှစ်တန်အတွက် ၁၅၀ ကျပ်နှင့် ထူးကဲတန်ဖိုးအတွက် တစ်တန် ၄၀၀ ကျပ်နှုန်းဖြင့် စည်ပင်အမှတ်(၄)စခန်းတွင် ပေးဆောင်နေရသည်။ ယခုအခါ လမ်းအသုံးပြုခအဖြစ် ယာဉ်ကုန်အားလုံးအတွက် တစ်တန် ၅၀၀ ကျပ်ဖြင့် ကောက်ခံနေသည်။ ယင်းကောက်ခံမှုမှာ သာမန်ကြည့်လျှင် လျှော့ချကောက်ခံသည်ဟုထင်ရသော်လည်း ၆ ဘီးယာဉ်တစ်စီးလျှင် ယာဉ်+ကုန် တန် ၂၀ အတွက် ၁၀၀၀ ကျပ်ကျော်၊ ၁၀ ဘီးယာဉ်မှာ ယာဉ်+ ကုန် ၂၅ တန်အတွက် ၃၀၀၀ ကျပ်ကျော်နှင့် ၁၂ ဘီးယာဉ်များသည် ယာဉ်+ကုန် ၃၀ တန်အတွက် ၅၀၀၀ ကျပ်ကျော်ပိုမိုပေးဆောင်နေရကြောင်း ၎င်းတို့ကပြောကြားသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010



# ထိုင်းနိုင်ငံမှ သောသောညံသည့် ရွှေ့ပြောင်းလုပ်သားအတွက် အရေးဆိုမှုများ

**ဝင်းနိုင်ထွန်း**

၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၁၈ ရက်သည် နိုင်ငံတကာ ရွှေ့ပြောင်းအလုပ်သမားနေ့ဖြစ်သည်။ ထိုနေ့မတိုင်မီ ရက်ပိုင်းအတွင်း ထိုင်းနိုင်ငံအခြေစိုက် State Enterprises Worker's Relations Confederation (SERC), Human Rights and Development Foundation (HRDF) နှင့် Thai Labour Solidarity Committee (TLSC) အဖွဲ့များက ထိုင်းအစိုးရထံ လက်ရှိကျင့်သုံးနေသည့် ရွှေ့ပြောင်းအလုပ်သမားများအပေါ် ချမှတ်ထားသည့် မူဝါဒအချို့ကို ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်ကြသည်။

ထိုတောင်းဆိုချက်များတွင် ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်း အလုပ်သမားများအားလုံးအတွက် အလုပ်လုပ်ခွင့်လက်မှတ်(ဘတ်အသစ်) မှတ်ပုံတင်ခွင့်ပေးရေး၊ ယခင်ချမှတ်ထားသည့် မူဝါဒများကို ပြန်လည်သုံးသပ်ရေး၊ ကုလသမဂ္ဂနှင့် ပူးပေါင်းကာ ရွှေ့ပြောင်းအလုပ်သမားများအပေါ် ခွဲခြားဆက်ဆံသည့် မူဝါဒများကို ရုပ်သိမ်းရေးဆောင်ရွက်ရေး၊ ထိုမူဝါဒများထဲတွင် အလုပ်သမားများ၏ လစာထဲမှ ဖြတ်တောက်ကာ ပြည်နှင်ပို့ဆောင်ရေး ရန်ပုံငွေထည့်ဝင်နေရရေးနှင့် အလုပ်သမားလိုအပ်ချက်များကို ရေရှည်အတွက် စီမံဆောင်ရွက်ရေးတို့ပါ ပါဝင်ကြသည်။

ထို့အပြင် ထိုင်းနိုင်ငံနှင့် အာဆီယံနိုင်ငံများတို့သည် ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများ၏ အခွင့်အရေးများ အကာအကွယ်ပေးရေးဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်းအား လက်မှတ်ထိုးသင့်ကြောင်းနှင့် အတည်ပြုလက်မှတ်ထိုးသင့်ကြောင်းတို့ကိုပါ ထည့်သွင်းတောင်းဆိုထားသည်။

ထိုင်းနိုင်ငံအဖို့ လွန်ခဲ့သောနှစ် ၂၀ လောက်ကတည်းက နှစ်စဉ်တရားမဝင် ဝင်လာသည့် ရွှေ့ပြောင်းအလုပ်သမားများကို မှတ်ပုံတင်ခွင့်ပြုကာ ယာယီနေထိုင်ခွင့်၊ယာယီ အလုပ်လုပ်ခွင့် ခွင့်ပြုခဲ့သောကြောင့် ထိုအလုပ်သမားကိစ္စသည် အသစ်အဆန်းတော့ မဟုတ်ပေ။

၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တို့တွင် ထိုင်းနိုင်ငံသည် မြန်မာ၊ လာအိုနှင့်ကမ္ဘောဒီးယားတို့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြကာ တရားဝင်အလုပ်သမားများ ထိုင်းနိုင်ငံသို့ တင်ပို့ရေးနှင့် ထိုင်းနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများအား နိုင်ငံသားစိစစ်မှုလုပ်ငန်းလုပ်ရေးများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။



၂၀၁၀ ခုနှစ်တွင် မှတ်ပုံတင်ပြီးသူ ရွှေ့ပြောင်းအလုပ်သမားတစ်သန်းကျော်ရှိခဲ့သည်။ ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များပါဆိုလျှင် အနည်းဆုံး နှစ်သန်းခန့်ရှိသည်ဟု ခန့်မှန်းထားကြသည်။ ထိုအထဲမှ ၈၀ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံမှ လာရောက်အလုပ်လုပ်ကိုင်ကြသူများဖြစ်ကြသည်။ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး အခက်အခဲဖိစီးမှုနှင့် လူမျိုးနွယ်စုများ ဝိရောဓိဖြစ်မှုများက ထိုင်းနိုင်ငံသို့ လာရောက် အလုပ်လုပ်ရသည့် တွန်းအားဖြစ်သလို၊ ထိုင်းနိုင်ငံဖက်မှ အရည်အသွေးနိမ့်လုပ်သားများ လိုအပ်ချက်ကြီးမားမှုကလည်း မြန်မာရွှေ့ပြောင်း အလုပ်သမားများအတွက် အဓိကဆွဲအားဖြစ်နေစေသည်။

ထိုအလုပ်သမားများသည် 3D ဟုခေါ်သော အန္တရာယ်များခြင်း (Dangerous)၊ သန့်ရှင်းစင်ကြယ်မှု မရှိခြင်း(Dirty)၊ တောင်းဆိုမှုများသည့် အလုပ်များ (Demanding)များဖြစ်သော ထိုင်းနိုင်ငံအတွင်းရှိ ငါးဖမ်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးစသည့် အလုပ်ခွင်များတွင် လုပ်နေရသည်။ ထိုလုပ်ငန်းမျိုးများသည်ထိုင်းအလုပ်သမားများ ဝင်ရောက်လုပ်ကိုင်လိုစိတ်မရှိသည့် အလုပ်များဖြစ်သည်။

ထိုင်းနိုင်ငံ ကုန်ထုတ်လုပ်မှုကဏ္ဍ၏ ၉ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းထိသည် ရွှေ့ပြောင်းအလုပ်သမားများ အပေါ်မှီခိုနေရသည်ဟု စစ်တမ်းတစ်ခုက ဆိုသည်။ ထိုင်းနိုင်ငံအသားတင်ထုတ်လုပ်မှုအတွက် ပို၍ပို၍တိုးပွားကာ မှီခိုနေရသည်။ ရွှေ့ပြောင်းအလုပ်သမားများ လိုအပ်နေရသည်။ နောင်အနာဂတ်တွင် ထိုင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးလာသည်နှင့်အမျှ ထိုအလုပ်သမားများကို မှီခိုအားထားရမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

ထိုင်းအစိုးရသည် အမျိုးသားလုံခြုံမှုထိန်းသိမ်းရေးနှင့် အခြေခံလူ့အခွင့်အရေးများ ကာကွယ်ရေးတို့ကို ဟန်ချက်ညီအောင်ဆောင်ရွက်နေသလို၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးနှင့် အခြေအနေများ၏ စိန်ခေါ်မှုများကို ဖြေရှင်းနေရသည်။ တစ်ချိန်တည်းမှာပင် တရားမဝင်ရွှေ့ပြောင်း အလုပ်သမားများ၏ စိန်ခေါ်မှုနှင့် အလုပ်သမားလိုအပ်ချက်များ ပြည့်မီရေး စိန်ခေါ်မှုများကို ဖြေရှင်းသည့် မူဝါဒများချမှတ်ဆောင်ရွက်ရပြန်သည်။

ထိုမူဝါဒများသည် တစ်ဖက်က တရားဝင် အလုပ်လုပ်သည့် ရွှေ့ပြောင်းအလုပ်သမားများကို နိုင်ငံအတွင်းသို့ ဝင်ခွင့်ပေးနေပြီး၊ တစ်ဖက်တွင်မှတ်ပုံတင်ခြင်း မပြုသည့် အလုပ်သမားများကို ဖမ်းဆီးခြင်းနှင့် ပြည်နှင်ခြင်းတို့ ဆောင်ရွက်ရသည့် နည်းလမ်းနှစ်ခုဖြစ်သည်။ သို့သော် ၎င်းတို့၏ အကောင်အထည်ဖော်မှုများသည် ပီပြင်မှု မရှိသည်ကို တွေ့ရသည်။ အမှန်တော့ မူဝါဒများသည် အာဏာပိုင်များ၏ အာဏာအလွဲသုံးစားပြုမှုနှင့် အဂတိလိုက်စားမှုတို့ အားပေးသကဲ့သို့ဖြစ်စေသည်။ အထူးသဖြင့် တရားမဝင်ရွှေ့ပြောင်း အလုပ်သမားများအပေါ် ကျူးလွန်ကြခြင်းဖြစ်သည်။

စာ(၁၂)သို့

# ၂၀၁၀ တွင် ရွှေအထွက်နှုန်း နှစ်ဆယ်ရာခိုင်နှုန်းကျော် လျော့ကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၂**

ရွှေတူးဖော်ရေး လုပ်ငန်းများ၏ ၅၀ ရာခိုင်နှုန်းဝန်းကျင်မှာ ယခုနှစ်မိုးတွင်းကာလတွင် ရပ်နားခဲ့ရ၍ ၂၀၁၀ တွင်ရွှေထွက်နှုန်းများ လျော့ကျခဲ့ရကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ထို့ကြောင့် ယခုနှစ်သည် ရွှေအထွက်နှုန်း ၂၀ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ကြောင်း ရွှေတူးဖော်ရေးလုပ်ငန်းရှင်များက ပြောသည်။

ရွှေတူးဖော်ရေး လုပ်ငန်းအများစု မိုးကာလတွင် ရပ်နားရခြင်းမှာတစ်ပြည်လုံးရှိ ရွှေထွက်ရှိရာဒေသအားလုံးတွင် မိုးသည်းထန်စွာရွာသွန်းမှု များကြောင့်ဖြစ်ကြောင်း ၎င်းတို့ကပြောသည်။

သို့သော် ပြည်တွင်းရှိ ရွှေ အရောင်းအဝယ်လုပ်သော ဈေးကွက်များကို ထိခိုက်မှုမရှိခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။ ယင်းအချိန်၌ ပြည်တွင်းဈေးကွက်တွင်းသို့ ပြည်ပမှ ရွှေများဝင်ရောက်ခဲ့ခြင်းရှိကြောင်း ၎င်းတို့က ပြောသည်။

ပြည်တွင်းရှိ ရွှေထွက်ရှိမှုများရာဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဟုမ္မလင်း၊ ခန္တီးနှင့် မန္တလေး တိုင်းဒေသကြီးမှ ရမည်းသင်း၊ သပိတ်ကျင်း၊ စဉ့်ကူးတို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒီဇင်ဘာ ၂၁ ရက်တွင် သတ္တုတွင်းဝန်ကြီးဌာန၌ ရွှေတူးဖော်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ခြင်းများရှိကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြပါရှိသည်။

ထို့ကြောင့် လာမည့် ၂၀၁၁ ခုနှစ်တွင် ရွှေတူးဖော်ရေး တိုးချဲ့ချထားပေးပါက ရွှေအထွက်နှုန်းကောင်းလာနိုင်ကြောင်း လုပ်ငန်းရှင်များက ခန့်မှန်းပြောကြားသည်။

# ဒီဇင်ဘာ၃၀မှ ၂၀၁၁ဇန်နဝါရီ၅ရက်အထိ
# မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးအခြေအနေ**

တနင်္သာရီတိုင်းတွင် နှစ်ရက်ခန့်နေရာကွက်ကျား မိုးအနည်းငယ်ရွာသွန်းနိုင်ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။

**ညအပူချိန်**


ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၃၀ စင်တီမီတာ (၁ ပေခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန။**



အညာဒေသ၏ ဒီဇင်ဘာကို သဲကန္တာရတွင်
ခဏတာတွေ့ရသော အိုအေစစ်ဟုတင်စားချင်ပါသည်။
ပူပြင်းခြောက်သွေ့လှသော အညာ နွေနှင့် မိုးအပြီးမှာ
ခဏတာမျှ ခံစားရသော အေးမြမှု။
ဟိုယခင် အချိန်များကတော့ ဒီဇင်ဘာနှင့် နှင်းသည်
စာဖွဲ့ရလောက်အောင် ခွဲမရခဲ့ပေ။
ယနေ့ခေတ် ဒီဇင်ဘာသည် ပူနွေးလာသော ကမ္ဘာကြီး ၏ ရာသီဥတု
ဖောက်ပြန်မှုများ အောက်တွင် နှင်းနှင့်လည်း ဝေးခဲ့ရပေပြီ။
နှင်းနှင့်လည်းခွဲခဲ့ရပေပြီ။

# ဈေးအတွင်းမှ ဆပ်ကပ်ပွဲလေးများ

**နဝရတ်(ဂုဏ်၊ ရှုပ)**

ဒီဇင်ဘာလ၏ အညာဈေးမြင်ကွင်းလေးက စိုပြည်နေသည်။ ဆောင်းသီးနှံပန်းမုန်လာများ၊ ဂေါ်ဖီထုပ်များနှင့် ဘုရားပန်းရောင်စုံများက ဈေးထဲတွင် ဟိုတစ်စု၊ ဒီတစ်စု ပြန့်ကြဲနေသည်။ ယခင်က ရှမ်းပြည်နယ်ဒေသထွက်ကုန်အဖြစ် ဈေးကွက်လိုအပ်ချက်မှ ယခုအခါ စကု၊ စလင်း၊ ဆင်ဖြူကျွန်းနယ်တစ်ကြောမှ ဒေသထွက်ကုန်အဖြစ် ဈေးကွက်အသွင်ပြောင်းခဲ့ပေပြီ။ ကမ္ဘာကြီးပင် ရွာဖြစ်နေသောခေတ်မှာရှမ်းထွက်ကုန်က အညာထွက်ကုန်အဖြစ် အသွင်ပြောင်းလာသည်ကအဆန်းတော့မဟုတ်တော့ချေ။ ဆန်းသည့်မြင်ကွင်းက ဈေးကွဲချိန်လောက်တွင် စာအုပ်ငယ်လေးများကို ချိုင်းကြားညှပ်ကာ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ငွေကောက်ယူနေကြသော အရွယ်စုံအမျိုးသမီးများ။

÷÷÷

ယနေ့ခေတ်ဈေးများတွင် ခေတ်စားနေသော "စုကြေးလိုက်သည်" ဆိုသော ငွေစုသည့်အဖွဲ့လေးများ ပေါ်ပေါက်လာခြင်းပင်။ ဈေးသည်နှစ်ဆယ်ခန့်၊ ဆယ်ဦးခန့်ပေါင်းကာ ငွေစုကြခြင်းပင်။ ငွေစုကြသည်ဆိုရာမှာလည်း စည်းကမ်းချက်များတော့ရှိသည်။ စုကြေးလိုက်မည့် အဖွဲ့ကို ဦးဆောင်သူတစ်ဦးရှိရမည်။ ထိုသူမှ ခေါင်းခံကာ ဈေးအတွင်း အစုဝင်ထဲတွင် ပါဝင်မည့်သူများကို နေ့စဉ်ငွေလိုက်ကောက်ခံရမည်။ တစ်ထောင်မှစ၍ သောင်းဂဏန်းအထိ လိုက်နိုင်သော ငွေအစုများရှိပါသည်။ မိမိယုံကြည်ရမည့်အစုအဖွဲ့နှင့် မိမိတတ်နိုင်သော ငွေအားကို စဉ်းစားကာ အဖွဲ့ဝင်ရုံပင်။ ငွေစသွင်းပြီး တစ်ရက်၊ နှစ်ရက်နေလျှင် ငွေလက်ခံကာ တာဝန်ယူမည့်သူထံတွင် ပါဝင်သူများ အားလုံးထဲ မဲနံပါတ်နှိုက်ရသည်။ ငွေလက်ခံမည့် သူကတော့ ချွင်းချက်မရှိ ပထမဆုံးရမည့် ငွေစုကို ဦးဆုံးသုံးနိုင်သည်။ အကယ်၍ စောစောစီးစီး ကံကောင်းခဲ့လျှင်တော့ ဈေးငွေအနေနှင့် စဉ်းစားလျှင် (အတိုးမဲ့) စောစောထိုင်သုံးရမည်ဖြစ်သော်လည်း ပေါက်မဲနံပါတ်နောက်ကျခဲ့လျှင်တော့ ကိုယ့်ငွေကို ကိုယ်ပြန်ယူရသည်နှင့် ဘာမှမခြားပေ။ စောစောမဲပေါက်ခဲ့သည်ဆိုသော်လည်း လက်ထဲငွေရ၍ သုံးမိပြီးလျှင်တော့ ကျန်ငွေကို နေ့စဉ်ပေးဆပ်ရန်အတွက် ကြိုးစားရတော့မည်။

သို့ရာတွင် လောကကြီး၌ အလုပ်တစ်ခုသည် ဤမျှမလွယ်ကူချေ။ အရာရာတိုင်းတွင် ဒုက္ခနှင့်သုခက အမြဲဒွန်တွဲနေတတ်သောကြောင့် ပြဿနာတော့ရှိတတ်သည်ချည်းပင်။ ဈေးထဲတွင် လူတန်းစားမျိုးစုံရှိပါသည်။ ခွဲပြရလျှင် သုံးမျိုးရှိပေသည်။ လက်ရှိလည်ပတ်နေသော ဆိုင်လုပ်ငန်းများလည်းအဆင်ပြေရောင်းကောင်းသော ဆိုင်များရှိသလို၊ သင့်တင့်သော လည်ပတ်မှုနှင့် အလတ်တန်းစားရောင်းအားနှင့် ဆိုင်များရှိသည်။ အနိမ့်ဆုံးအဆင့်က တစ်နေ့ငွေအမြတ်နှင့် တစ်နေ့လည်ပတ်နေရသော ကုန်စိမ်းသည်များပင်။ 'စုကြေးလိုက်သည်' ဆိုရာတွင် ပထမတန်းနှင့် ဒုတိယတန်းစားများအတွက် လက်ထဲတွင် ငွေအမြဲရှိ၍ အဆင်ပြေနိုင်သော်လည်း အခြေခံလူတန်းစားများမှာတော့ စဉ်းစားရန်လိုပေသည်။ အထူးသဖြင့် တစ်နေ့လုပ်တစ်နေ့စားကုန်စိမ်းရောင်းရသူလူတန်းစားများလက်ထဲတွင် ငွေရှိသည်မှန်သော်လည်း အပိုအလျှံတော့ ရှိခဲ့ပါသည်။ တစ်နေ့လုပ်၍ရသောအမြတ်ကိုတစ်နေ့စားရသူများက အများသားပင်။ ကုန်စိမ်းဆိုသည့်သဘောအတိုင်း ပုပ်သွား၊ သိုးသွားခဲ့သည်ရှိသော် အမြတ်မပြောနှင့် အရင်းထဲမှပင် ဖဲ့ပါသွားတတ်သော အခြေအနေမျိုး။ ထိုအခြေအနေမျိုး ကြုံလာခဲ့လျှင် စုကြေးလိုက်ထားသူများအနေနှင့် မောပေရော့ပင်။ ငွေကောက်ခံသူများကလည်း အစုရှင်ကို နေ့စဉ်ပြန်ပေးနေရသောကြောင့် စိုက်ကာသွင်းမပေးနိုင်ပေ။ တစ်ရက်၊ နှစ်ရက်စိုက်ရသည်က ကိစ္စမရှိသော်လည်း ဆယ့်ကိုးရက်ကြာစိုက်လာရလျှင်တော့ စိုက်ငွေကို တစ်ဆယ်တိုးအဖြစ် ပေါင်းကာမှတ်လိုက်တော့သည်။ နေရင်းထိုင်ရင်းနှင့် ကိုယ်ငွေနှင့် ကိုယ်ငွေစုသူအဖြစ်မှ အတိုးကြီးနှင့် ငွေချေးသူအဖြစ် ရောက်သွားရသည်ကို သတိမမူမိသူက အများသားပင်။ ထို့အပြင်စလိုက်လျှင် နုတ်မရသောအဖြစ်မျိုးက ရှိနေသည်။ သုံးလအပြတ်သွင်း အစုထဲတွင် ဝင်ထားလိုက်လျှင် သုံးလပြည့်အောင်သွင်းပေရော့ပင်။ "ငါမလိုက်နိုင်တော့ဘူး၊ ငါ့ငွေ ပြန်ပေး"ဟုပြော၍ရသော အခြေအနေမဟုတ်ပေ။ ဆပ်ကပ်များထဲတွင်တွေ့ရသော စက်ဝိုင်းကြီးတစ်ခုထဲတွင် ဝင်ရိုးတစ်ခုကို မဏ္ဍိုင်ထားကာ လည်နေရသော မော်တော်ဆိုင်ကယ်လေးများလိုပင်။ ဟန်ချက်နှင့်သွားနေရသည်ဖြစ်၍ ကိုယ့်ဟန်ချက်ပျက်လျှင် ကိုယ်နာသွားရမှာ အမှန်ပင်။ ကိုယ်နာသလို သူတစ်ပါးလည်း အလုပ်မဖြစ်တော့ချေ။ လူ ၂၀ လုံး၏ပုံမှန်ဇယားက ပျက်သွားမည်ဖြစ်၍ ဝင်ထားသူအားလုံး၏ အပြုံအငြင်ကို ခံရမည်။ ကိုယ်ဝင်ထားသော အစုကလေးအတွက်လည်း ငွေပြန်ထုတ်ပေးဖို့က မသေချာသော အလုပ်ပင်။ ဈေးဆိုသည်က မိသားစုလေးတစ်ခုလို စုစည်းနေရသောနေရာ။ အများ၏ ငြိုငြင်မှုက သင်းကွဲငှက်ဖြစ်သွားနိုင်သည်။ ဒါကြောင့် တစ်နေ့လိုငွေကို တစ်နေ့ရအောင် ရှာပေတော့ပင်။

"ယူတော့ပြုံးပြုံး၊ တောင်းတော့မုန်း"ဆိုသည့် စကားအတိုင်းပင်။ ကိုယ့်အလှည့်တွင် စောစောပေါက်မဲနှင့် ကြုံ၍ ပြုံးပြုံးကလေးလုပ်ကာ ငွေထုတ်သွားရသလောက်ပြန်ပေးရသောအခါ မသက်သာစေသော ငွေစုနည်းတစ်ခုပေ။ ထို့အပြင် သူတစ်ပါး အလှည့်တွင် ခါးကုန်းမတတ် ရှန်းကာ မှန်မှန်ငွေသွင်းခဲ့ရသမျှ ကိုယ့်ပေါက်မဲနံပါတ်လေးကျခါနီးမှ ငွေလက်ခံသူ အမျိုးသမီးက အကြောင်းတစ်စုံတစ်ရာကြုံခဲ့ပါလျှင် ဆုံးပေရော့ဖြစ်ရတော့သည်။ မိမိကိုယ်ကိုပင်မပိုင်သောဘဝတွင် တခြားသူများ၏ ဘဝကိုကြိုသိ၊ ကြိုမြင်နိုင်သောအရာမဟုတ်လေတော့ ဆုံးပါးသွားရသည့်ဖြစ်ရပ်များကလည်း အကြိမ်ကြိမ်ပင်။ ၂၀၀၀ ပြည့်နှစ်လွန်ကာလများက စုငွေထားပြီး အတိုးများများ ရလိုသူများ၏ လောဘအသုံးချ၍ လိမ်လည်သွားသော အကျိုးဆောင်များက ပေးခဲ့သည့်ရင်နာစရာသင်ခန်းစာကို မြန်မာများမေ့မသွားစေချင်သေးပါ။

စာ(၁၁)သို့

## ဈေးဝယ်ထွက်မယ် | နှစ်သစ်အကြိုမှာ အလှပြုပြင်ရင်း ဖက်ရှင်ကျတာတွေကို ရွေးဝယ်နိုင်မယ့် နေရာ

**အိဖြူလွင်**

ပျော်ရွှင်စရာကောင်းတဲ့ နှစ်သစ်ကို မကြာခင် ရောက်ရှိတော့မှာဖြစ်တဲ့အတွက် ပါတီတွေ၊ ပျော်ပွဲရွှင်ပွဲတွေ၊ ရည်မှန်းချက် တွေနဲ့ နှစ်သစ်ကို စတင်တော့မယ့် ပရိသတ်ကြီးအားလုံးလည်း နှစ်သစ်မှာ ပျော်ရွှင်နိုင်ပါစေ။

အပါတ်စဉ်တင်ဆက်ပေးနေတဲ့ 7Day News ရဲ့ ဈေးဝယ်လမ်းညွှန်ကဏ္ဍမှာလည်း ပရိသတ်ကြီးအတွက် အဆင်မပြေတာတွေရှိခဲ့ရင် နားလည်ပေးဖို့ တောင်းဆိုရင်း ဒီတစ်ပတ်မှာလည်း နှစ်သစ်အတွက် အထူးဈေးနှုန်းတွေနဲ့ ကြိုနေတဲ့ နေရာတစ်နေရာကို လမ်းညွှန်ပေးပါရစေ။

ဒီနေရာမှာ အမျိုးသား၊ အမျိုးသမီးအတွက် အနည်းငယ်သက်သောင့်သက်သာဖြစ်စေမယ့် အစီအစဉ်လေးတချို့ ရှိနေပါတယ်။

Beauty Spa နဲ့ တွဲထားတဲ့ ဒီဖက်ရှင်ဆိုင်လေးမှာ အမျိုးသားနဲ့ အမျိုးသမီးတွေအတွက် ထိုင်းနိုင်ငံက တင်သွင်းတဲ့အင်္ကျီဒီဇိုင်းလေးတွေ မျိုးစုံရှိနေတာပါ။

နှစ်သစ်ကို ကြိုတဲ့အနေနဲ့ အထူးဈေးနှုန်းတွေနဲ့ ရောင်းချတဲ့ ဒီနေရာမှာ ဒီဇင်ဘာ ၂၈ ရက်ကစလို့ ဇန်နဝါရီ ၁ ရက်ထိကို ၅ ရက်ကြာ လုပ်ပေးမယ့် အစီအစဉ်က ပရိသတ်ကြီးအတွက် စိတ်ဝင်စားမှုရှိစေသလို ဒီဆိုင်မှာရှိနေတဲ့ အမျိုးသား၊ အမျိုးသမီးတွေအတွက် ဖက်ရှင်တွေကလည်း အလှာမျိုးစုံက အရွယ်မျိုးစုံအတွက် လူတွေနဲ့ အဆင်ပြေနိုင်မှာပါ။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဈေးနှုန်းလည်း မကြီးဘဲနဲ့ နေရာစုံအတွက် သင့်တော်တဲ့အင်္ကျီတွေက နှစ်သစ်ကူးငါးရက်တာကာလမှာ မူလဈေးနှုန်းထက် ၁၀ ရာခိုင်နှုန်း လျှော့ပေးထားမှာလို့သိရတာပါ။

ဖက်ရှင်ဆိုင်နဲ့ တစ်ဆက်တည်းရှိနေတဲ့ Spa ရဲ့ အထူးအစီအစဉ်ကတော့ ပရိသတ်ကြီးကို ပိုစိတ်ဝင်စားစေမှာပါ။ ၃၀ ရာခိုင်နှုန်းထိ အထူးဈေးနှုန်းနဲ့ လျှော့ပေးထားပြီး ဆံကေသာပိုင်းဆိုင်ရာ အလှပြုပြင်ခြင်းနဲ့ မျက်နှာပိုင်းဆိုင်ရာ အလှပြုပြင်ခြင်းတွေမှာ အမျိုးသားရော၊ အမျိုးသမီးရော ရှိတာပါ။

Body Scrub နဲ့ Oil Massage ပိုင်းမှာတော့ အမျိုးသမီးသီးသန့်အတွက်ပဲ ရှိတာပါ။

ဖက်ရှင်ပိုင်းမှာဆိုရင်လည်း အမျိုးသမီးကြီးတွေအတွက် အကြိုက်တွေ့စေမယ့် ပါတိတ်လုံချည်မျိုးစုံပါရှိတာမို့ အသက်အရွယ်မရွေး၊ ကျား၊ မ မရွေးအတွက် အားလုံး အဆင်ပြေစေမယ့် ဒီနေရာမှာ ဈေးဝယ်ရင်းနဲ့ နှစ်သစ်မှာ ပျော်ရွှင်ပါစေလို့ ဆုမွန်တောင်းလိုက်ပါတယ်။

ဆိုင်လိပ်စာကတော့ စမ်းချောင်းမြို့နယ်ထဲက သံတံတားလမ်းနဲ့ ဗဟိုလမ်းထောင့်မှာရှိတဲ့ Grace Beauty Spa & Fashion Shop ဖြစ်ပါတယ်။

7DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# အမြွှာပူးများတွေ့ဆုံပွဲတွင် ရုပ်အတူဆုံးအမြွှာ ရွေးချယ်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊
ဒီဇင်ဘာ - ၂၃

ဒုတိယအကြိမ် အမြွှာပူးများတွေ့ဆုံပွဲတွင် ရုပ်အတူဆုံးအမြွှာ ရွေးချယ် ပြိုင်ပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ နေ့လယ် ၂နာရီမှ စတင်ကာ တောင်ဥက္ကလာပမြို့နယ်၊ ပဒေသာ အားကစားကွင်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ထိုပွဲသို့တက်ရောက်လိုသောအမြွှာများမှာ ဇန်နဝါရီ၁၀ရက်နောက်ဆုံးထား၍ ဖုန်းနံပါတ် ၀၁-၅၂၂၅၆၈သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

"အတူဆုံးအမြွှာ ရွေးချယ်ပြိုင်ပွဲမှာ ကျားစုံတွဲအမြွှာ၊ မစုံတွဲအမြွှာ၊ ကျားမစုံတွဲအမြွှာ၊ သုံးမြွှာပူးအမြွှာ ပြိုင်ပွဲလေးမျိုးပြုလုပ်မှာပါ" ဟု အမြွှာပူးများအသင်းမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။ ပြိုင်ပွဲ အမျိုးအစားတစ်မျိုးစီအတွက် ပထမဆုကျပ်တစ်သိန်း၊ ဒုတိယဆုကျပ် ရှစ်သောင်း၊ တတိယဆုကျပ်ခြောက်သောင်းချီးမြှင့်မည်ဖြစ်သည်။ ယခုပွဲမှာ ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်ကျင်းပစဉ်က အမြွှာဦးရေ ၁၅၀၀ကျော် တက်ရောက်ခဲ့သည်။

## မင်္ဂလာဆုတောင်း

ဖေဖေဦးမောင်မောင်စံနှင့်မေမေဒေါ်ဝါဝါ(မြသော်တာစာပေ)တို့၏၃၁-၁၂-၂၀၁၀ ရက်တွင်ကျရောက်မည့်(၂၂)နှစ်ပြည့်မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင်မြတ်နိုးတန်ဖိုးထားရသောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့၍ကိုယ်စိတ်နှလုံးကျန်းမာချမ်းသာစွာဖြင့် မင်္ဂလာနေ့ရက်ပေါင်းများစွာလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

သားကြီး - မောင်ရဲမင်းဖြိုး(ခေတ္တ-စင်္ကာပူ)
သမီးငယ် - မချောနန္ဒီစံ(အ.ထ.က(၂)လမ်းမတော်)









## စာ-၉၊ ဈေးအတွင်းမှ ဆပ်ကပ်ပွဲလေးများ မှ

ထို့ကြောင့် အတိုးတစ်ပြား၊ တစ်ချပ်မရပါဘဲနှင့် ကိုယ့်ငွေကြေးကို သူတစ်ပါးလက်ထဲတွင် ယုံကြည်စွာ စုထားရသည်နှင့်စာလျှင် စုဘူးလေးလုပ်ကာ နေ့စဉ်ငွေစုထားသည်ကမှ အာမခံချက်ရှိမှာ အသေအချာပင်။

သို့သော် မည်သို့အကြောင်းမျိုးပင်ရှိစေကာမူ ယခုအချိန်မှာတော့ ဈေးတိုင်းတွင် "စုငွေလိုက်သည်" ဆိုသော ခေတ်ယဉ်ကျေးမှုက ထွန်းကားဆဲပင်။ ဆုံးရှုံးမှုတွေရှိစေကာမူ တံလျှပ်ကိုရေထင်သော ရွှေသမင်လေးများပမာ စောစောများ ဆုကြေးပေါက်လျှင်ဆိုသော မျှော်လင့်ချက်ကို ရင်ဝယ်ပိုက်ကာအလိုက်ကောင်းကြတုန်းပင်။ ဆုကြေးပေါက်ခဲ့ လျှင် "တီဗီဝယ်ရကောင်းမည်လား"၊ အဖက်တင်ရန် "ရွှေဝယ်ထားလိုက်ရလျှင်ကောင်းမည်လား"၊ မိုးရွာလျှင်ယိုတတ်သော အိမ်ခေါင်မိုးကို "အသစ်မိုးလျှင်ကောင်းမည်လား"ဆိုသည့် လူ့လောက၏ လိုအပ်ချက်လားပေါင်းများစွာအောက်ဝယ်ကျလာမည့် ပျားရည်ချိုတစ်စက်ကို မက်မောစွာစုပ်ယူရန် စောင့်စားကြဆဲပင်။ ။



# ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## မြတ်ဗုဒ္ဓတရားတော်နှင့်အညီ နေထိုင်ခြင်း ။ ။ ။

ပညာရှိသူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသောသဘောတရားအားလုံးတို့၌ တပ်မက်ခြင်းကို စွန့်ပယ်ကုန်၏။ ကာမဂုဏ်အလိုရှိသော သဘောထားနှင့်စကားမပြောကြကုန်၊ ချမ်းသာဆင်းရဲနှင့်တွေ့ကြသော်လည်း တက်ကြွမြင့်မောက်သောသဘော၊ ညှိုးငယ်နိမ့်ကျသောသဘောကို မပြကြကုန်။ **(ဓမ္မပဒ-၈၃)**

ပညာရှိမည်သည် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ မကောင်းမှုကိုမပြု။ ယုတ်မာသောအကျင့်ဖြင့် သားသမီး ပစ္စည်းဥစ္စာ၊ တိုင်းပြည်စည်းစိမ်ချမ်းသာပြည့်စုံခြင်းကို အလိုမရှိရာ။ သီလရှိသောသူ၊ ပညာရှိသောသူ၊ တရားရှိသောသူသာဖြစ်ရာ၏။ **(ဓမ္မပဒ-၈၄)**

ကောင်းစွာဟောအပ်သော တရားတော်ကိုကြားနာကြ၍ တရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကုန်သော သူတို့သည်ကား အလွန်ကူးမြောက်နိုင်ခဲသော သေမင်း၏နေရာ သံသရာတည်းဟူသော သမုဒ္ဒရာကိုကူး၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ရောက်ကြကုန်၏။ **(ဓမ္မပဒ-၈၆)**

တရားကို ကောင်းစွာသိသဖြင့် ကိလေသာမှ ကင်းလွတ်၊ ရာဂ စသည့်အပူငြိမ်း၍ လောကဓံတရားရှစ်ပါးတို့နှင့် တွေ့ကြုံသော်လည်း မတုန်မလှုပ်သော ပုဂ္ဂိုလ်၏စိတ်သည်ငြိမ်သက်၏။ အပြောအဆိုလည်း ငြိမ်သက်၏။ အပြုအမူလည်း ငြိမ်သက်၏။ **(ဓမ္မပဒ-၉၃)**

ရည်ညွှန်း- 'ဓမ္မပဒ' ကမ္ဘာ့သာသနာပြု သက်တော်ရှည်ဆရာတော်ကြီးဘဒ္ဒန္တသေဋ္ဌိလာဘိဝံသ (၁၈၉၆-၁၉၉၇)

# ဂီရိမုန်တိုင်းသင့်ဒေသတွင် ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်မည်

မြတ်စုမွန်

ရန်ကုန်၊ ဒီဇင်ဘာ - ၁၉

ဂီရိဆိုင်ကလုန်းမုန်တိုင်းသင့်ဒေသအတွင်းရှိ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံကျန်းမာရေးမျှအသင်း၊ မြန်မာခရစ်ယာန်ကျန်းမာရေးလုပ်သားများ ဝန်ထမ်းမှုအသင်းနှင့် အပြည်ပြည်ဆိုင်ရာလူမှုမြှင့်တင်ရေးအဖွဲ့ (IRC)တို့ ပူးပေါင်း၍ ခြောက်လစီမံကိန်းတစ်ခုချမှတ်ကာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - အားမာန်

အဆိုပါစီမံချက်ကို လာမည့် ဇန်နဝါရီတွင် စတင်သွားရန်စီစဉ်ထားပြီး ရေနှင့်သန့်ရှင်းရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင်သောက်သုံးရေကန်များပြုပြင်ပေးခြင်း၊ ရေတွင်းရေကန်များတူးဖော်ခြင်း၊ သန့်လေးသန့် အထောက်အကူပြုပစ္စည်းများဖြန့်ဝေပေးခြင်း၊ ရေသိုလှောင်နိုင်ရန် ရေပုံးများ ဖြန့်ဝေပေးခြင်းများ ပါဝင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကျန်းမာရေးမျှအသင်းမှ သတင်းရရှိသည်။

"ရေကန်အသစ် ငါးခုတူးမယ်။ ပြီးတော့ အဟောင်းဆယ်ကန်ကို ပြန်ပြုပြင်သွားမယ်။ အဲဒီစီမံချက်ကို ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍတုံ့ပြန်ရေးအစီအစဉ်လို့ နာမည်ပေးထားတယ်။ မြန်မာအင်န်ဂျီအိုများ၏ ဘေးအန္တရာယ်အတွက် အရေးပေါ်စီမံချက် (CPWG)အောက်မှာရှိတယ်။ မြို့နယ်ရုံး(ရှေ့တန်းရုံး)တွေကို မြေပုံမြို့နဲ့ စစ်တွေမြို့မှာ ဖွင့်ထားမယ်" ဟု မြန်မာနိုင်ငံကျန်းမာရေးမျှအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အထက်ပါစီမံချက်ကို ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ် အတွင်းရှိ ဂီရိမုန်တိုင်းဒဏ်သင့်ကျေးရွာပေါင်း ၂၈ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။ အဆိုပါကျေးရွာများကို စီမံချက်ကာလ မတိုင်မီကပင် ကြိုတင်လေ့လာအကဲဖြတ်မှုများ ပြုလုပ်၍ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။မြေပုံမြို့သည် ရခိုင်ပြည်နယ်မြို့တော် စစ်တွေမြို့နှင့် ၆၄ မိုင်ကွာဝေးပြီး၊ ရေလမ်းခရီးဖြင့်သာ အဓိကဆက်သွယ်သွားလာနိုင်သောမြို့ဖြစ်သည်။ မြေပုံမြို့နယ်တွင် ကျေးရွာအုပ်စု ၅၁ စု၊ ကျေးရွာပေါင်း ၁၄၁ ရွာရှိကာ၊ မြို့ပေါ်ရပ်ကွက်ပေါင်း ၉ ခုရှိကြောင်း သိရှိရသည်။

## ဂျပန်ဘာသာစကား အရည်အချင်းစစ်စာမေးပွဲဖြေဆိုသူလျော့

ရန်ကုန်၊ ဒီဇင်ဘာ- ၂၂

ယခုလ ၅ ရက်၌ပြုလုပ်ခဲ့သော ဂျပန်ဘာသာစကားအရည်အချင်း စစ်စာမေးပွဲ(JLPT)တွင် ဝင်ရောက်ဖြေဆိုသော ကျောင်းသားအရေအတွက်ကျဆင်းခဲ့ကြောင်း မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း (MAJA) မှ သိရသည်။ အဆိုပါစာမေးပွဲဖြေဆိုရန်အတွက် စာရင်းပေးသွင်းသူ ၂,၄၆၉ ဦးရှိခဲ့ပြီး ဝင်ရောက်ဖြေဆိုသူ ၂,၀၂၁ ဦးရှိခဲ့သည်။ ယခင်နှစ်တွင် စာရင်းပေးသွင်းသူ ၃,၀၀၀ ခန့်ရှိခဲ့ပြီး ဖြေဆိုသူ ၂,၆၀၀ ခန့်ရှိခဲ့ကြောင်း သိသည်။

"အဓိကကကိုရီးယားဘာသာစကား လေ့လာသင်ယူတဲ့သူများလာတယ်။ ဂျပန်ဘာသာစကားသင်တန်းတွေမှာလည်းသင်ကြားတဲ့လူဦးရေကျဆင်းနေပါတယ်"ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။ ၎င်းစာမေးပွဲတွင် ကျွမ်းကျင်မှုအဆင့်ငါးမျိုးခွဲခြားထားပြီး စာမေးပွဲကြေးမှာ ၇ အက်ဖ်အီးစီဖြစ်သည်။ မြန်မာနိုင်ငံတွင် ဂျပန်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲကို ၁၉၉၉ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ဂျပန်သံရုံးနှင့်မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း(MAJA)တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

## အ-ထ-က (၂) ဒဂုံ (မြို့မ)ကျောင်းသား/သူဟောင်းများ၏ (၂၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲ

အထက (၂) ဒဂုံ (မြို့မ) ကျောင်းသား/သူဟောင်းများ၏ (၂၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ တနင်္ဂနွေနေ့ နံနက် ၈နာရီမှ နေ့လယ် ၁၂ နာရီအထိ အထက(၂) ဒဂုံဦးဘလွင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက အောက်ပါကျောင်းသူ၊ ကျောင်းသားဟောင်းများထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကိုအောင်မိုးသိန်း (၁၉၇၉) - ဖုန်း- ၀၉၅၀၇၀၃၄၂
ဒေါက်တာဆွေလှ (၁၉၇၉) - ဖုန်း- ၀၉၅၀၀၁၃၀၀
မဆွေမျိုးမြင့် (၁၉၈၀) - ဖုန်း- ၅၇၇၄၀၉
ဒေါက်တာအောင်ကျော်လင်း (၁၉၈၃) - ဖုန်း- ၂၄၄၇၄၄
မစာဆို (၁၉၈၄) - ဖုန်း- ၀၉၅၀၈၇၀၄၄
မစပါယ် (၁၉၈၅) - ဖုန်း- ၂၂၄၇၄၄
မစန်းစန်းဝင်း (၁၉၈၅) - ဖုန်း- ၃၈၃၇၃၇

## ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၄-၇၈ ခုနှစ် ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ အာစရိပူဇော်ပွဲ ကျင်းပမည်

၁၉၇၄-၇၈ ခုနှစ်ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား/သူများ၏ ပဥ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲတို့ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲ အချိန်တွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်း ၁၆/၂ ရပ်ကွက် စွန်းလွန်ဂူဝိပဿနာ ကျောင်းတိုက်ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့်

ဦးလှသိန်း - ဖုန်း-၂၂၄၄၀၀၊ ၂၁၅၄၅၆၊ ၀၉၅၀၁၃၄၆၉။ ဦးလှမောင်ရွှေ- ဖုန်း-၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ၀၉၅၁၄၇၉၇၄။ ဦးအောင်သူမြိုင် -ဖုန်း-၀၉၈၀၂၀၂၉၉။ ဦးလှဝင်း-ဖုန်း- ၃၈၇၄၉၂၊ ၀၉၅၁၆၁၄၈၁။ မူမူရှိန်- ဖုန်း-၇၃၀၉၈၀၉၇၊ ၀၉၅၁၃၇၆၄၅။ နွေနွေအောင်-ဖုန်း-၀၉၅၁၁၃၂၄၃၊ ၂၂၅၅၀၂။ တင်တင်ဝင်း-ဖုန်း-၂၅၆၉၈၉၊ ၃၈၃၈၀၂-၃။ မေအေးမြင့် - ဖုန်း-၆၆၀၂၆၈၊ ၀၉၅၁၄၆၄၄၇။ သန်းသန်းနွယ်-ဖုန်း- ၆၆၀၅၉၂၊ ၀၉၅၁၂၄၁၆၀။ ခင်မလေး-ဖုန်း - ၆၄၂၈၃၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၅-၇၉ ခုနှစ် ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူများ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒဌာန၌ ပညာသင်ကြားခဲ့သော (၁၉၇၅-၁၉၇၉) ကျောင်းသား၊ ကျောင်းသူများ၏ ဒုတိအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀ နာရီတွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ ၁၆/၂ ရပ်ကွက်၊ စွန်းလွန်းဂူဝိပဿနာကျောင်းတော်ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများမပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေပေးအပ်ထည့်ဝင်လိုသူများသည် ဦးရှိန်းယော- ၀၉၅၁၈၈၄၂၂၊ ဦးကျော်သိန်း - ၀၉၅၀၉၁၂၁၉၊ ဦးဟံသာထွန်း - ၀၉၅၁၃၇၀၇၆၊ ဦးခင်မောင် မောင်သိန်း - ၀၉၅၁၁၉၄၁၇၊ ဦးသိန်းဇော်+ဒေါ်ခင်ထွေးရီ - ၀၉၅၁၃၅၈၁၄၊ ဦးထွန်းစိုး+ဒေါ်သန်းသန်းအေး - ၀၉၅၁၄၅၉၆၇၊ ဒေါ်မြင့်မြင့်အေး - ၀၉၅၁၆၉၃၁၇၊ ဒေါ်ချယ်ရီထွန်း - ၀၉၅၁၂၂၉၈၀၊ ဒေါ်သန်းသန်းအေး - ၀၉၅၁၆၀၀၈၆၊ ဦးမြဝင်း -၀၉၉၉-၂၈၈၃၀၊ ဦးခင်မောင်တင့်ရှိန်- ၀၉၅၁၀၇၃၂၂၊ ဒေါ်သန့်စင်မြင့်- ၀၉၅၁၀၀၆၂၆၊ ဒေါ်ခင်မြသွယ် - ၀၁-၅၂၄၀၃၉၊ ဒေါက်တာချိုချိုဦး-၀၉၈၀၃၂၅၁၆၊ ဦးစိုးဝင်းဉာဏ် - ၀၉၅၁၂၃၆၅၀၊ ဦးဒေဝ - ၇၃၀၁၁၈၃၃၊ ဒေါ်ခင်အေးသာ -၀၁-၅၇၉၈၃၃၊ ဦးခင်မောင်ဝင်း - ၀၉၅၀၀၇၅၆၀၊ ၀၉၈၆၁၉၁၉၁ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# ပြေတီဦးနှင့် အိန္ဒြာကျော်ဇင် မင်္ဂလာပွဲ ရုပ်သံထုတ်လွှင့်ခွင့် ရောင်းချခဲ့ခြင်း မဟုတ်ဟုဆို

**အေးသူစံ**

ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ လက်ထပ်မင်္ဂလာပွဲကို MRTV-4 မှ ထုတ်လွှင့်ပြသခွင့်ရရှိရန် အခကြေးငွေဖြင့် ရောင်းချခဲ့ခြင်း မဟုတ်ကြောင်း MRTV-4 မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး ထုတ်လွှင့်ပြသရန် စီစဉ်နေသည့် MRTV-4 မှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်အဓိကပြောချင်တာက ပိုက်ဆံနဲ့ဝယ်တာ လုံးဝမဟုတ်ပါဘူး။ ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်တို့က သူတို့မင်္ဂလာဆောင်ခွေလေးကို ဘယ်လိုလုပ်ရင်ကောင်းမလဲလို့ ကျွန်တော်တို့ကို ညှိနှိုင်းတဲ့အချိန်မှာ ကျွန်တော်တို့ကလည်း လုပ်ပေးနိုင်တဲ့ပုံစံလေးတွေကိုရှင်းပြပါတယ်။ သူတို့ ဖြစ်ချင်တာကိုကျွန်တော်တို့က ဖြည့်ဆည်းပေးတာပါ။ ဘာအပေးအယူမှမရှိပါဘူး။ ကျွန်တော်တို့ပေးမယ့် Air time မှာ ဒီပရိုဂရမ်အတွက် Main Sponsor နဲ့ Co Sponsor တွေရဲ့ စပွန်ဆာဝင်ငွေတွေအားလုံးကို ပြေတီဦး ဖောင်ဒေးရှင်းကိုပြန်လည်လှူဒါန်းပေးသွားမှာပါ။ ပရိုဂရမ်ကြားထဲမှာ ဝင်တဲ့ သီးခြားကြော်ငြာလေးတွေကတော့ လှူမယ့်အစီအစဉ်မှာမပါပါဘူး။ ကျွန်တော်တို့က ကိုယ့်ဘာသာ ကိုယ်ရိုက်ကူးရေးကိုတာဝန်ယူမှာပါ" ဟု ဖြေကြားခဲ့သည်။ ပြင်ပတွင်သတင်းများထွက်ပေါ်နေသော ကျပ်သိန်းတစ်ထောင်ဖြင့် ယင်းအစီအစဉ်ကို MRTV-4 မှ ဝယ်ယူခြင်း မဟုတ်ကြောင်း သိရှိရသည်။ "ကျွန်မတို့ကျတော့ မြဝတီနဲ့ မြန်မာ့ရုပ်သံမှာပဲ မီဒီယာလုပ်တော့ MRTV-4 ရဲ့ ဈေးနှုန်းကိုတော့ ကျွန်မတို့ မသိဘူးပေါ့နော်။ ဒါပေမဲ့ သူတို့ပရိုဂရမ်က လူတိုင်းကြည့်ကြမယ့် ပရိုဂရမ်၊ ကြော်ငြာရှင်တွေအရမ်းစိတ်ဝင်စားကြမယ့် ပရိုဂရမ်ဖြစ်တဲ့အတွက် စပွန်ဆာယူကြမယ့်ကုမ္ပဏီတွေအနေနဲ့ ငွေကြေးအများကြီးပေးပြီး ယူကြရမယ့်ပရိုဂရမ်တစ်ခုလို့ ထင်ပါတယ်" ဟု ပြည်တွင်းရှိ ရုပ်သံကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ခန့်မှန်းပြောသည်။ ယခုအချိန်တွင်အောင်မြင်သည့် ပရိုဂရမ်တစ်ခု၏ Main Sponsor ကြေးမှာ ကျပ် ၁၈ သိန်းမှ ပရိုဂရမ်၏ အောင်မြင်သည့်အတိုင်းအတာအလိုက် ငွေကြေးပံ့ပိုးထည့်ဝင်ကြရကြောင်းနှင့် ယခုကဲ့သို့ တစ်တိုင်းပြည်လုံးကကြည့်ရှုကြမည့် ပရိုဂရမ်ကြီးတစ်ခုဆိုလျှင် စပွန်ဆာကြေးမှာ စံချိန်တင်စပွန်ဆာကြေးဖြစ်သွားနိုင်ကြောင်း ရုပ်သံနှင့် ရုပ်မြင်သံကြားပရိုဂရမ်များ တင်ဆက်နေသော ကုမ္ပဏီ အများစုက ခန့်မှန်းသုံးသပ်ပြောကြားလျက်ရှိသည်။ "ကျွန်မတို့တင်သွင်းနေတဲ့ သီချင်းဆိုပြိုင်ပွဲဆိုရင် မိန်းစပွန်ဆာကြေးက ကျပ် ၁၀ သိန်းဝန်းကျင်လောက်ရှိပါတယ်။ ကြားထဲကကြော်ငြာတွေကတော့ အစိုးရက ကောက်ခံခိုင်းတဲ့နှုန်းနဲ့ပဲ ကောက်ရတာပေါ့။ ကြော်ငြာဈေးတောင်မှအပေါ်ဈေးအောက်ဈေး ရှိသေးတာလေ။ ဒီပရိုဂရမ်ကတော့ ကျိန်းသေလူကြည့်မှာ ဆိုတော့ စံချိန်တင်စပွန်ဆာကြေးပေါက်တဲ့ ပရိုဂရမ်ဖြစ်သွားနိုင်ပါတယ်"ဟု သီချင်းဆိုပြိုင်ပွဲ တစ်ခုကို အောင်မြင်စွာတင်ဆက်ထားနိုင်သည့် ကုမ္ပဏီတစ်ခုမှ မားကက်တင်းမန်နေဂျာက ပြောသည်။

## (၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၅) ရပ်

♦ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

♦ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

♦ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက် ကြိုးပမ်းဆောင်ရွက်ရေး။

♦ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

♦ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ်လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

## စာ-၆၊ ဦးမျိုးခင်၏ အနုပညာဘဝခရီး တ ု တ်နိုင်ငံက ု ပ်ရှင် ိုက်ကူးရန် စီစဉ် မှ

ဦးမျိုးခင်က ပန်းချီဆရာတစ်ဦးအနေဖြင့် ပန်းချီကားပေါင်း ၃၅၀၀ ကျော်ရေးဆွဲခဲ့ပြီးရေးဆွဲပြီး ပန်းချီကားပေါင်း ၃၀၀၀ ကိုတရုတ်နိုင်ငံ ဘေဂျင်းမြို့ ပန်းချီစုဆောင်းသူတစ်ဦးက ဝယ်ယူထားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၂၀၀၈ အိုလံပစ်ပန်းချီပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် အနုပညာဘဝခရီးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းအခြေစိုက်ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခုက "အနုပညာရှင်၏ ဘဝခရီး" အမည်ဖြင့် ရုပ်ရှင်ဇာတ်ကားကြီးရိုက်ကူးရန် ဇာတ်ညွှန်းရေးသားထားပြီး၊ ပြန်ကြားရေးဝန်ကြီးဌာနသို့ ရုပ်ရှင်ရိုက်ကူးနိုင်ရေးနှင့် ပတ်သက်၍ တရားဝင်ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပန်းချီအစည်းအရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



## စာ- ၂၊ အမြန်လမ်းမကြီး၏ နေပြည်တော်-မန္တလေး လမ်းပိုင်း ဒီဇင်ဘာ ၂၉ ရက်တွင် ဖွင့်မည် မှ

ကျန်လမ်းပိုင်းဖြစ်သည့် နေပြည်တော်- မန္တလေးလမ်းပိုင်းကိုမူ ယခုနှစ်ကုန်ပိုင်းအတွင်းမှ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

အမြန်လမ်းမကြီးတစ်ခုလုံး ဖွင့်လှစ်တော့မည်နှင့်ပတ်သက်၍ နေပြည်တော် ပျဉ်းမနားမြို့မှ အဝေးပြေးယာဉ်မောင်းဦးကိုကြီးက "ရန်ကုန်နဲ့ မန္တလေးတိုက်ရိုက်သွားလိုတဲ့ လူကတော့ အကောင်းဆုံးပေါ့။ အချိန်ရော၊ ငွေရော၊ ကားရော အရမ်းသက်သာတယ်။ ရန်ကုန်နဲ့နေပြည်တော်သွားတာလည်း မဆိုးပါဘူး။ သက်သာလို့လည်း သွားနေကြတာပေါ့။ နေပြည်တော်နဲ့ မန္တလေးသွားတဲ့လူကတော့ ပြောရလောက်အောင်မဟုတ်ပါဘူး။ ပျဉ်းမနားကနေအမြန်လမ်းမကြီးအထိမောင်းရမယ့် လမ်းကြောင်းရယ်၊ မန္တလေးမြို့ကနေထွက်ရမယ့်လမ်းကြောင်းရယ် ပေါင်းလိုက်ရင်သိပ်ပြီးမထူးပါဘူး။ ဘာပဲဖြစ်ဖြစ်ပါ။ အမြန်လမ်းပေါ်တက်မောင်းတော့မယ်ဆိုရင်တော့ တာယာကိုအထူးဂရုစိုက်ရမှာပဲ။ နောက်ပြီး သတိလွတ်မသွားဖို့လည်းဂရုစိုက်ရမယ်" ဟု ပြောသည်။

## စာ-၄၊ မိုဘိုင်းဖုန်းဆင်းမ်ကတ်ဖြင့် အင်တာနက်အသုံးပြုနိုင်တော့မည်ဟုဆို မှ

ဘယ်နေရာမှာဖြစ်ဖြစ် ဆက်သွယ်မှုကွန်ရက်မိတဲ့နေရာတိုင်း Device Stick နဲ့ ဖုန်းဆင်းမ်ကတ်ကို အသုံးပြုရုံနဲ့ အင်တာနက်အသုံးပြုနိုင်မယ်" ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

ယင်းကဲ့သို့ ရွှေ့လျားသယ်ဆောင်နိုင်သည့် ဖုန်းတစ်လုံးရှိရုံဖြင့် အင်တာနက်အသုံးပြုနိုင်မည့် အဆိုပါစနစ်တွင် တပ်ဆင်အသုံးပြုရမည့် 3G Modern Device Stick များကိုရန်ကုန်မြို့တွင်းဖွင့်လှစ်ထားသည့် ကေအမ်ဒီကွန်ပျူတာစင်တာများတွင်သာ လတ်တလောဝယ်ယူနိုင်သေးကြောင်း သိရသည်။

ဂျီအက်စ်အမ်နှင့် စီဒီအမ်အေဖုန်းဆင်းမ်ကတ်များကို အသုံးပြုကာ တိုက်ရိုက်အင်တာနက်အသုံးပြုနိုင်မည့် ထိုစနစ်နှင့်ပတ်သက်ပြီး ကေအမ်ဒီ ကွန်ပျူတာစင်တာမှ ထုတ်ကုန်မန်နေဂျာ ကိုစိုးငွေရက "ဒီစနစ်က ဆင်းမ်ကတ်နဲ့သရီးဂျီမော်ဒယ်တွေကိုအသုံးပြုပြီး တိုက်ရိုက်အင်တာနက်အသုံးပြုနိုင်မယ့်စနစ်ပါ။ ဖုန်းလိုင်းမိတဲ့နေရာတိုင်းမှာ ကွန်ပျူတာနဲ့ချိတ်ဆက်ပြီး အင်တာနက်သုံးနိုင်မယ့် စနစ်ပါ" ဟု ဆိုသည်။ယခုလက်ရှိဈေးကွက်အတွင်း စတင်ရောင်းချနေပြီဖြစ်သည့် အဆိုပါ 3G Modern များမှာ Prolink အမှတ်တံဆိပ်များ ဖြစ်ကြောင်း သိရသည်။အဆိုပါစနစ်ကို အသုံးပြုလိုသူများအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် လျှောက်ထားရမည်ဖြစ်ပြီး ယင်းကဲ့သို့လျှောက်ထားခအတွက် ကျပ်သုံးသောင်းပေးသွင်းရမည်ဖြစ်သည်။

3G Modern များ၏ဈေးနှုန်းများမှာမူ CDMA နှင့် GSM နှစ်မျိုးလုံးအတွက် ကျပ်လေးသောင်းခွဲဝန်းကျင်သာရှိကြောင်းသိရသည်။ ထို့အတွက် ကျပ်ခုနစ်သောင်းဝန်းကျင်ဖြင့် အင်တာနက်ကိုတိုက်ရိုက်အသုံးပြုနိုင်မည်ဖြစ်သည်။ အဆိုပါစနစ်အား ယခုနှစ်ကုန်ပိုင်းမှစတင်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် သွားရောက်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

## စာ-၇ ထိုင်းနိုင်ငံမှ သောသောညံသည့် ရွှေ့ပြောင်းလုပ်သားအတွက် အရေးဆိုမှုများ မှ

အလုပ်သမား စောင့်ကြည့်အဖွဲ့အစည်းများက ထိုမူဝါဒများအပေါ် သတိပြုမိကြသည့်အချက်များမှာ နိုင်ငံသားစိစစ်အတည်ပြုခြင်းလုပ်ငန်းစဉ်သည် နှေးကွေးနေခြင်း၊ ရွှေ့ပြောင်းအလုပ်သမားအများစုအတွက် ထိုလုပ်ငန်းစဉ်ပါဝင်နိုင်မှု မရှိခြင်း၊ ထို့အပြင် နိုင်ငံသားစိစစ်မှု လုပ်ငန်းစဉ်တွင် မပါဝင်သူများကို ပြည်နှင်မှုနှင့် ရွှေ့ပြောင်း အလုပ်သမားလိုအပ်ချက်များသည် လိုက်လျောညီထွေမှုမရှိခြင်း၊ ထိုနိုင်ငံသားစိစစ်ရေးတွင် ရွှေ့ပြောင်းအလုပ်သမားတစ်သန်းသာလုပ်ခွင့်ရသဖြင့် ကျန်မှတ်ပုံမတင်ရသေးသည့် ရွှေ့ပြောင်းအလုပ်သမား တစ်သန်းတို့သည် အာဏာပိုင်အဖွဲ့အစည်းများ၏ မဟားတရားပြုကျင့်ခံရခြင်း၊ ဆက်လက်၍လည်း ခံရဖွယ်ရှိခြင်း၊ ပြည်နှင်သည့် ကာလအတွင်း ရွှေ့ပြောင်းအလုပ်သမားများအပေါ် ၎င်းတို့၏ အခွင့်အရေးများကို ချိုးဖောက်သည့် အစီရင်ခံစာများ ထိုင်းအစိုးရသို့ တင်ပြခဲ့ကြသော်လည်း မည်သူတစ်ဦးတစ်ယောက်ကိုသော်မှ အရေးယူ၊ တရားစီရင်မှုမရှိခြင်းတို့ကို တွေ့ရသည်။

ထို့အပြင် ရွှေ့ပြောင်း အလုပ်သမားများကို ခွဲခြား ဆက်ဆံသည့် စည်းမျဉ်းစည်းကမ်းများကို ပြန်လည်သုံးသပ်မှု မပြုသည့်အတွက် ထိုအလုပ်သမားအဖို့ ၎င်းတို့၏ အခွင့်အရေးများ လက်လွတ်ဆုံးရှုံးနေရခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ အများဆုံးအလုပ်အကိုင်များဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေကြသော ရွှေ့ပြောင်းအလုပ်သမားများအဖို့ အလုပ်ရှင်အသစ် ပြောင်းခွင့်မရှိခြင်း၊ အလုပ်သမား ဥပဒေကာကွယ်မှု မပေးနိုင်ခြင်း၊ ယာဉ်မောင်းလိုင်စင်များ ပိုင်ဆိုင်ခွင့်ကို တားမြစ်ခံနေရခြင်း၊ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားများ၏ လုပ်ခများကို ၂၀၁၀ ဇန်နဝါရီလမှစ၍ ဖြတ်တောက်ကာ ပြည်နှင်ရေးရန်ပုံငွေအတွက် ထည့်သွင်းမည်ဖြစ်ခြင်း၊ ထိုရန်ပုံငွေသည် အခြားနိုင်ငံများမှ လာရောက်အလုပ်လုပ်ကိုင်နေကြသည့် သူများနှင့် မသက်ဆိုင်ခြင်းက ခွဲခြားဆက်ဆံသည့် မူဝါဒဟု ရှုမြင်ကြသည်။

ထိုဖြတ်တောက်မှုက အလုပ်သမားများအတွက် ဝန်ထုပ်ဝန်ပိုး ပိုမိုဖြစ်စေခြင်း၊ ယခုအချိန်သည် အလုပ်သမားများ၏ အလုပ်လုပ်ခွင့်ပါမစ်သက်တမ်း တိုးခ၊ ကျန်းမာရေး အာမခံကြေး၊ မှတ်ပုံတင်ကြေး စသည့်နိုင်ငံသားစိစစ်မှု လုပ်ငန်းများတွင် ထိုကုန်ကျမှုများ ပါဝင်နေရာ ထိုအဆင့်ဆင့်သော လုပ်ငန်းတိုင်းတွင် ပွဲစားများဖြင့်သာ လုပ်ဆောင်နေရသည့်အတွက် ငွေကြေးပိုမို ကုန်ကျနေခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် တရားဝင် အလုပ်သမားအသစ်များ ထိုင်းနိုင်ငံအတွင်းသို့ တင်ပို့ရေး နားလည်မှု စာချွန်လွှာလက် မှတ်ရေးထိုးထားသည့်တိုင် ကုန်ကျစရိတ်ကြီးမားခြင်း၊ စနစ်တကျပီပြင်စွာ အကောင်အထည်မဖော်ဆောင်နိုင်သေးခြင်း၊ ၂၀၀၃ ခုနှစ်ကတည်းက နားလည်မှုလက်မှတ်ရေးထိုးထားသော်လည်း ၂၄,၀၀၀ ဦးသာ တင်ပို့နိုင်ခဲ့ခြင်း စသည်တို့ တွေ့ရှိနေကြရသည်။

ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများသည် ထိုင်းစီးပွားရေးကို သိသိသာသာ ပံ့ပိုးပေးနေသည်ဖြစ်ရာ ၎င်းတို့အပေါ် အခွင့်အရေးများ ချိုးဖောက်မှုများအတွက် တရားမျှတမှုရရှိရန် အလွယ်တကူတောင်းဆိုပိုင်ခွင့် ရရှိရေး၊ ပညာရေးနှင့် အခွင့်အရေးများရရေးတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များအား တိုးချဲ့ဆောင်ရွက်သင့်ကြောင်းကို ထိုင်းနိုင်ငံအခြေစိုက် ထိုင်းအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ ထိုင်းအလုပ်သမားသွေးစည်းညီညွတ်ရေး ကော်မတီနှင့် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းတို့က နိုင်ငံတကာ ရွှေ့ပြောင်း အလုပ်သမားနေ့ အထိမ်းအမှတ်အဖြစ် တောင်းဆိုချက်ထုတ်ပြန်ခဲ့သည်။

*Source: Thai govt: should revoke policies that discriminate against and violate rights of migrant workers-ASEAN States should join migrant conventiion.*

# Health

7 DAY NEWS JOURNAL

Vol.9, No.40 · DECEMBER 30, 2010


## ကျေးလက်နေသူများ တီဘီရောဂါဖြစ်ပွားမှုနှုန်း ပိုများဟုဆို

မြတ်စုမွန်

ရန်ကုန်၊ ဒီဇင်ဘာ – ၁၉

မြန်မာနိုင်ငံ အနှံ့အပြားရှိ မြို့ပြနှင့် ကျေးရွာများနှင့် ရွာပေါင်း ၇၀တွင် တီဘီရောဂါ စစ်တမ်းကောက်ယူခြင်း သုတေသန လုပ်ငန်းကို ၂၀၀၉ ခုနှစ်မှစတင် လုပ်ဆောင်လျက်ရှိရာ အဆိုပါစစ်တမ်းအရ တီဘီရောဂါဖြစ်ပွားမှုနှုန်းမှာ မြို့ပြထက် ကျေးလက် တွင်နေထိုင်သူများက ပိုမိုများပြားနေသည်ကို တွေ့ရကြောင်း သိရှိ ရသည်။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်၁၄ခုရှိ မြို့ပေါင်း၁၇မြို့နှင့် ကျေးရွာပေါင်း ၅၃ရွာရှိလူဦးရေ ၅၁၃၆၇ဦးကို စစ်တမ်းကောက်ယူခဲ့ရာ ယင်းသို့ တွေ့ရှိရပြီး၊ အဆိုပါ စစ်တမ်းအရ တီဘီရောဂါဖြစ်ပွားမှုနှုန်းမှာ အမျိုးသမီးများထက် အမျိုးသားများတွင်ပိုမိုများပြားကြောင်းသိရသည်။

"ဒီစစ်တမ်းမှာ ပြောင်းရွှေ့လုပ်သားတွေနဲ့ အသက် ၁၅နှစ်အောက် ကလေးတွေမပါသေးဘူး။ စစ်တမ်းအရဆိုရင် တီဘီရောဂါက တိုင်းဒေသကြီးနဲ့ပြည်နယ်တွေယှဉ်ရင် ပြည်နယ်တွေမှာ အဖြစ်များတယ်။ အရင်တုန်းက မြို့ပေါ်တွေမှာ အဖြစ်များတယ်လို့ ယူဆခဲ့ကြပေမယ့် အခုရလဒ်အရ ကျေးလက်မှာများလာတာတွေ့ရတယ်"ဟု အဆိုပါကွင်းဆင်းသုတေသနလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၀၉ ခုနှစ် ဇွန်လမှာ စတင်ကာ ယခုနှစ် ဒီဇင်ဘာအထိ ဆောင်ရွက်လျက်ရှိသော အဆိုပါ သုတေသနလုပ်ငန်း၏အဖွဲ့တစ်ဖွဲ့တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ ဝန်ထမ်းစုစုပေါင်း ၂၃ဦးပါဝင်ကွင်းဆင်းသုတေသနကောက်ယူခဲ့ခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးအား အဆိုပါ ၂၃ဦးပါအဖွဲ့ ငါးဖွဲ့ဖြင့် သုတေသနပြုလုပ်ခဲ့ကြပြီးစုရပ်တစ်ခုတွင် လူဦးရေ ၇၀၀မှ ၈၀၀အထိ သုတေသနပြုလုပ်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှုနှုန်းအမြင့်ဆုံး ၂၂နိုင်ငံတွင် တစ်ခုအပါအဝင် ဖြစ်ပြီး၊ ၂၀၀၉ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ခန့်မှန်းချက်အရ လူဦးရေတစ်သိန်းတွင် ၇၅ဦး သလိပ်ပိုးတွေ့လူနာများဖြစ်ကြောင်းနှင့် ၂၀၀၉-၂၀၁၀ တီဘီရောဂါစစ်တမ်းကောက်ယူခြင်း ကွင်းဆင်းသုတေသနလုပ်ငန်းဆိုင်ရာစာတမ်းအရ မြန်မာနိုင်ငံ လက်ရှိတီဘီရောဂါဖြစ်ပွားမှုနှုန်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းတီဘီဖြစ်ပွားမှုနှုန်းထက် ပိုများနေကြောင်း သိရသည်။

အဆိုပါ သုတေသန လုပ်ငန်းမှာ အမျိုးသားအဆင့်သုတေသနလုပ်ငန်းဖြစ်ပြီး ကျန်းမာရေးဦးစီးဌာန၊ 3DF,PSI, WHO, JICA,USAID, RIT/JATA, MHAAတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုရလဒ်များအပေါ် အခြေခံ၍အနာဂတ်စီမံချက်များချမှတ်ကာ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



## ရောဂါသုံးမျိုးရန်ပုံငွေအဖွဲ့က မိခင်နှင့်ကလေးစောင့်ရှောက်မှုဆိုင်ရာအတွက် စတင်ကူညီမည်

မေဝင်းမွန်

ရန်ကုန်၊ ဒီဇင်ဘာ – ၂၁

မြန်မာနိုင်ငံတွင် အလေးထားဆောင်ရွက်ရန် လိုအပ်သည့် အနေအထားရှိသော မိခင်နှင့်ကလေးစောင့်ရှောက်မှုဆိုင်ရာ ကူညီထောက်ပံ့မှုကို ရောဂါသုံးမျိုးရန်ပုံငွေအဖွဲ့(3DF) မှ လာမည့် ၂၀၁၂ ခုနှစ်အစောပိုင်းတွင် စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း ဩစတြေးလျ အလှူရှင်အဖွဲ့အစည်းကိုယ်စားလှယ်နှင့် ရန်ပုံငွေဘုတ်အဖွဲ့ဥက္ကဋ္ဌ ဖိလစ်အယ်လန်က ပြောကြားသည်။

လာမည့် ၂၀၁၁ ခုနှစ်သည် 3DF ၏ကူညီထောက်ပံ့မှုပြုလုပ်သည့် နောက်ဆုံးနှစ်ဖြစ်သည့်အပြင် Global Fund ကလည်း အေ့ဒ်စ်၊ တီဘီ၊ ငှက်ဖျားရောဂါများအတွက် မြန်မာနိုင်ငံကို ပြန်လည်ထောက်ပံ့မည့်နှစ်ဖြစ်သဖြင့် 3DFက အခြားကဏ္ဍ၌ကူညီထောက်ပံ့ရေး စတင်ဆောင်ရွက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် မီးဖွားစဉ်မိခင်နှင့်ကလေးသေဆုံးမှုနှုန်းမြင့်နေသဖြင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကဏ္ဍအတွက် ရန်ပုံငွေပေးအပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကာ ရောဂါသုံးမျိုးကို ထောက်ပံ့သည့်ငွေကြေးနီးပါးပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဆောင်ရွက်မှုကို 3DF နှင့် လက်ရှိပူးပေါင်းလုပ်ဆောင်နေသော အင်န်ဂျီအိုများနှင့်သာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အင်န်ဂျီအို အရေအတွက်မှာ နည်းပါးဖွယ်ရှိသည်ဟု ဆိုသည်။

ရောဂါသုံးမျိုးရန်ပုံငွေအဖွဲ့ 3DF သည် Global Fund ရပ်နားလိုက်သည့် ၂၀၀၆ ခုနှစ်တွင် အစားထိုးကူညီပေးသည့်အဖွဲ့အစည်းဖြစ်သည်။

3DFသည် ၂၀၀၆ခုနှစ်မှစတင်ကာ ငါးနှစ်စီမံကိန်းဖြင့် အမေရိကန်ဒေါ်လာ ၁၂၅ သန်းမတည်ကာ ရောဂါသုံးမျိုးအတွက် ကူညီထောက်ပံ့ပေးခဲ့သည်။



## ကျန်းမာရေးနှင့် လက်ဝတ်ရတနာအဆောင်



ဝတ်ရည်

**လူတိုင်းအတွက် ကျန်းမာရေးသည် အရေးကြီးဆုံးဖြစ်ပြီး ကျန်း မာရေးကောင်းမွန်စေရန်အတွက် သောက်သုံးရသည့် ဆေးဝါးအကူအညီအမျိုးမျိုးအပြင် အမြဲဆောင်ထားရသည့် အဆောင်၊ ယတြာများ၏ အကူအညီဖြင့်လည်း ကျန်းမာရေးကောင်းမွန်စေရန် ဆောင်ရွက်လေ့ရှိကြသည်။**

ဆေးဝါးအကူအညီများများ မဟုတ်သည့် ခန္ဓာကိုယ်တွင် အမြဲဝတ်ဆင်ရသည့် လက်ဝတ်ရတနာများဝတ်ဆင်ခြင်းဖြင့်လည်း ရောဂါကုသမှုများရှိပြီး ယခုနောက်ပိုင်း ထိုကျန်းမာရေးဆိုင်ရာလက်ဝတ်ရတနာအဆောင် ဝတ်ဆင်သူများပြားလာကြောင်း သိရသည်။

ထိုကျန်းမာရေး လက်ဝတ်ရတနာများတွင် အချို့က တွင်းထွက်ရတနာများဖြင့် ပြုလုပ်ထားသောပစ္စည်းများ သုံးစွဲကြသည့်အပြင် အချို့က ပြင်ပနိုင်ငံမှ တင်သွင်းလာသည့် ပစ္စည်းများအားလည်းကျန်းမာရေးအဆောင်အဖြစ်ဝတ်ဆင်သူများလည်းရှိကြောင်း သိရသည်။

"ကိုလက်စထရောများတဲ့သူတွေသုံးကြတာများတယ်" ဟုမိုးကုတ်ဦးသန်းမောင် (နေလနှစ်ပါး သိဒ္ဓိရတနာဆိုင်) ကပြောသည်။

အနောက်တိုင်း ဆေးပညာအရသွေးတိုးရောဂါသည် ခန္ဓာကိုယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် သွေးအရည် များပြားခြင်း၊ သွေးကြောများကျဉ်းလာခြင်းတို့ကြောင့် သွေးတိုးရောဂါဖြစ်ပွားခြင်းဖြစ်ပြီး သွေးပေါင်ကျစေရန် ကျဉ်းနေသည့် သွေးကြောအား ကျယ်စေသည့် သွေးကျဆေး၊ များပြားနေသည့် သွေးရည်များ နည်းပါးသွားစေသည့် ဆီးဆေးများ အသုံးပြု၍ သွေးကုသရကြောင်းအထွေထွေရောဂါကုဆရာဝန် ဒေါက်တာထွန်းသိန်းကပြောသည်။

"ဆေးမသောက်ရဘဲနဲ့ ဘယ်လိုမျိုးသွေးပေါင်တွေကျပြီး ကိုလက်စထရောတွေ ကျလည်းဆိုတာတော့ မသိပါဘူး" ဟုအဆိုပါ ဆရာဝန်က ပြောသည်။

နေရောင်ခြည်စွမ်းအင်သုံး၍ ရောဂါကုသသည့် လက်စွပ်တွင် Core-Lens အနက်ရောင်ကိုဖြတ်သန်း၍ ဝင်လာသည့် နေရောင်အားအနီရောင် ရောင်ခြည်အဖြစ်ပြောင်းလဲစေပြီး အရေပြားအတွင်းဖြတ်သန်းစိမ့်ဝင်လာမှ သွေးများကျဲလာရာ သွေးတိုးခြင်း၊ လေဖြတ်ခြင်းစသည်တို့အား သက်သာစေခြင်းဖြစ်ကြောင်း သိရသည်။

"နေရောင်ခြည် စွမ်းအင်သုံးဖြစ်တဲ့အတွက် နေရောင်ခြည်ကို အနည်းဆုံး ၁၅ မိနစ်လောက်ထိ တွေ့စေရပါမယ်။ ဒီလက်စွပ်ဝတ်ထားတဲ့ အချိန်မှာ တခြားသွေးပေါင်ကျဆေးတွေ ထပ်သောက်လို့မရပါဘူး" ဟုမိုးကုတ်ဦးသန်းမောင်က ပြောသည်။

ထိုကျန်းမာရေးလက်စွပ်များမှာသွေးတိုးကျစေသည့်အတွက် သွေးကျဆေးများ ထပ်မံသောက်ပါက သွေးပေါင်ချိန်အလွန်အမင်း ကျသွားနိုင်ကြောင်း သိရသည်။


စာ(၁၄)သို့




7 DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

## ကလေးအရွယ်တွင် သူငယ်ချင်းနည်းပါးက ဆယ်ကျော်သက်အရွယ်တွင် စိတ်ကျရောဂါရနိုင်

**မွန်ထရီရယ်၊**
**ဒီဇင်ဘာ - ၂၁**

ကလေးသူငယ်ဘဝတွင် သူငယ်ချင်းမရှိသော ကလေးများသည် ဆယ်ကျော်သက်အရွယ် လူငယ်ဘဝရောက်ရှိလာပါက စိတ်ကျရောဂါ ခံစားရနိုင်ခြေများကြောင်း ကနေဒါသုတေသီများက ပြောကြားသည်။

ငယ်စဉ်က သူငယ်ချင်းမရှိ၍ အထီးကျန်ဆန်မှုမှသည် တဖြည်းဖြည်း လူမှုအသိုင်းအဝိုင်း၏ အပယ်ခံလေးများ ဖြစ်လာပြီး ဆယ်ကျော်သက် အရွယ်တွင် စိတ်ကျရောဂါခံစားရသည်အထိ အန္တရာယ်ရှိကြောင်း မွန်ထရီရယ်မြို့ ကွန်ကော်ဒီယာတက္ကသိုလ်မှ သုတေသီဝီလီလျံဘူကောစကီး ကပြောကြားသည်။ သို့သော် ရင်းနှီးသော သူငယ်ချင်းတစ်ဦး၊ နှစ်ဦးရှိလျှင်ပင် ယင်းသို့ ဝေဒနာခံစားရနိုင်ခြေ လျော့ပါးသွားနိုင်သည်ဟု သုတေသီများက ဆိုပါသည်။

ယခုလေ့လာချက်ကို ဖွံ့ဖြိုးမှုနှင့်စိတ်ရောဂါပညာရပ် ဂျာနယ်တွင်ဖော်ပြထားပြီး သူငယ်ချင်းမိတ်ဆွေ ထားရှိခြင်းသည် လူတစ်ယောက်၏ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုကို တိုးတက်စေပြီး စိတ်ရောဂါဖြစ်နိုင်ခြေရှိသော ကလေးများအား ပြဿနာများကို ကြိုတင်မှတ်မြိုသိပ်ထားပြီး စိတ်ပူပန်မှု၊ စိတ်ဓာတ်ကျဆင်းလာခြင်း စသည့် အခြေအနေများမှ ကာကွယ်ပေးကြောင်း ရေးသားထားသည်။

"ကျွန်တော်တို့ရဲ့ လေ့လာချက်က သူငယ်ချင်းတွေရဲ့ တန်ဖိုးကိုအတည်ပြုပေးလိုက်ပါတယ်။ သူငယ်ချင်းတွေရှိတာဟာ မကောင်းတဲ့ လူမှုအတွေ့အကြုံတွေကနေ ကာကွယ်ပေးနိုင်ပါတယ်" ဟု ကနေဒါသုတေသီက ပြောကြားသည်။ —Ref: UPI



## စာ-၁၃၊ ကျန်းမာရေးနှင့် လက်ဝတ်ရတနာအဆောင် မှ

ထိုလက်စွပ်အား ခွဲစိတ်ရန် တစ်ပတ်အလို လူနာများ၊ နေရောင်ခြည်အလွန်အမင်းထိတွေ့နေရသူများဝတ်ဆင်ခြင်း မပြုသင့်ကြောင်း သိရသည်။

ထိုလက်စွပ်အား ခွဲစိတ်ရန်တစ်ပတ်အလို လူနာများ၊ နေရောင်ခြည်အလွန်အမင်းထိတွေ့နေရသူများဝတ်ဆင်ခြင်း မပြုသင့်ကြောင်း သိရသည်။

"အရင်တုန်းက အဆစ်တွေ အရမ်းကိုက်တော့ သူငယ်ချင်းတစ်ယောက်က သူဝတ်တဲ့လက်စွပ်လေးဝတ်ကြည့်ဆိုပြီး ဝယ်လာပေးလို့စမ်းဝတ်ကြည့်လိုက်တာ။ အခုတော်တော်ကို သက်သာလာတယ်။ လက်စွပ်ကတော့ ရိုးရိုးပဲ၊ ပိုက်ဆံလည်း ရာဂဏန်းလောက်ပဲရှိတယ်" ဟုလမ်းမတော်မြို့နယ် အမျိုးသမီးတစ်ဦးကပြောသည်။

နေရောင်ခြည်စွမ်းအင်သုံး Core-Lens ကျန်းမာရေးလက်စွပ်သည် မြောက်ကိုရီးယားနိုင်ငံမှ အဆိုပါ Core-Lens (အနက်ရောင်အား) တင်သွင်း၍ နေလ နှစ်ပါးသိဒ္ဓိရတနာမှ လက်စွပ်ပုံစံ ပြုလုပ်ကာ ရောင်းချခြင်းဖြစ်ပြီး ထိုင်းနိုင်ငံမှတင်သွင်းသည့် ရွှေအခေါက်ရောင်လက်ကောက်များမှာလည်း လူသုံးများကြောင်းသိရသည်။

ရွှေအခေါက်အရောင်ရှိသည့် လက်ကောက်မှာ ငွေကြေးထောင်ဂဏန်းရှိပြီး Core-Lens ဖြင့် ပြုလုပ်ထားသည့် လက်စွပ်မှာ ငွေကျပ်ငါးသောင်းမှ နှစ်သိန်းကျော်အထိ ဈေးနှုန်းရှိကြောင်းသိရသည်။

"နိုင်းတူးဖိုက်နဲ့ လုပ်ထားတွေအပြင် ရွှေနဲ့လုပ်ထားတာတွေလည်း ရှိတယ်။ လက်စွပ်က တစ်နေ့ကို ဆယ်ကွင်းလောက် ရောင်းရတယ်" ဟုမိုးကုတ်ဦးသန်းမောင်ကပြောသည်။

အဆိုပါ Core-Lensအား Korea Ryenchang J/V Company မှ Dr.Kim Yong Nam တီထွင်ထားခြင်းဖြစ်ကြောင်းသိရသည်။

"တချို့ပစ္စည်းတွေက လေ့လာချက်တွေရှိပေမယ့် တချို့ပစ္စည်းတွေကဘယ်လို ဝတ်ရမယ်ဆိုတဲ့ လေ့လာချက်တွေ တိကျတဲ့သတ်မှတ်ချက်တွေ မရှိတဲ့အတွက် ဒီတစ်မျိုးတည်းကို အရမ်းကြီးအားမကိုးဖို့တော့ သတိပေးချင်ပါတယ်"ဟု လက်ဝတ်ရတနာနှင့်ကျန်းမာရေးဆက်စပ်မှုအပေါ် ဒေါက်တာထွန်းသိန်းကအကြံပြုပြောသည်။

## အသီးအရွက်နှင့် သစ်သီးများက လူ့အသက်ကို ကယ်တင်နိုင်

**အောက်စဖို့ဒ်၊**
**ဒီဇင်ဘာ - ၂၁**

ဗြိတိန်နိုင်ငံသားများသည် လက်ရှိဗြိတိသျှအစားအသောက်ဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာစားသုံးပါက တစ်နှစ်လျှင် လူပေါင်း ၃၃,၀၀၀ ဦး၏ အသက်ကို ကယ်တင်နိုင်ကြောင်း သုတေသီများက ပြောကြားသည်။ ကူးစက်ရောဂါနှင့်လူထုကျန်းမာရေး ဂျာနယ်တွင် ဖော်ပြခဲ့သော စာတမ်းအရ တစ်နေ့လျှင် အသီးအရွက်နှင့် သစ်သီးများငါးပုံခန့် စားသုံးရေးဟူသော ညွှန်ကြားချက်ကိုသာ လိုက်နာပါက ဗြိတိန်တွင် လူပေါင်း ၁၅,၀၀၀ ခန့်၏အသက်ကို ကယ်တင်ပြီးသားဖြစ်နိုင်ကြောင်းသိရသည်။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးများ ပိုမိုစားသုံးခြင်းအပြင် နေ့စဉ်ဆားစားသုံးမှုကိုလည်း ၃ ဒသမ ၅ ဂရမ်သာ သတ်မှတ်သင့်ကြောင်းသုတေသီများက ရေးသားထားသည်။ လောလောဆယ်တွင် ဗြိတိန်နိုင်ငံ၏ ဆားစားသုံးမှု သတ်မှတ်ချက်မှာ ၆ ဂရမ်ဖြစ်သည်။

ယခုသုတေသနကို ပြုလုပ်ရန်အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသီများသည် ၂၀၀၅ နှင့် ၂၀၀၇ ခုနှစ်အတွင်း ဗြိတိသျှနိုင်ငံလေးနိုင်ငံ၌ ဖြစ်ပွားခဲ့သော နှလုံးနှင့် ဆက်စပ်သည့်ရောဂါများနှင့် သေဆုံးသူများ၊ ကင်ဆာရောဂါဖြင့် သေဆုံးသူများ၏ စာရင်းများ၊ ၎င်းတို့၏ အစားအသောက် စားသုံးပုံနှင့် အသက်ဆုံးရှုံးခြင်းအပေါ် နေထိုင်စားသောက်မှု၏ သက်ရောက်မှုစသည့် အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ကြသည်။

ဗြိတိသျှပိုင် နိုင်ငံများမှ လူများအား တစ်နေ့လျှင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ၄၀၀ ဂရမ်နှင့် ဖိုင်ဘာအမျှင်ဓာတ်ပါသောအစားအစာ ၁၈ ဂရမ်ခန့် စားသုံးရန် လမ်းညွှန်ပေးထားကြောင်းသိရသည်။

—Ref: UPI

## ဂီရိမုန်တိုင်းသင့်ဒေသခံများကို ရွေ့လျားဆေးကုသခန်းဖြင့် ကုသပေးမည်ဟုဆို

**မြတ်စုမွန်**
**ရန်ကုန်၊ ဒီဇင်ဘာ - ၁၉**

ရခိုင်ပြည်နယ်၊ မြေပုံမြို့ရှိ ဂီရိဆိုင်ကလုန်းဒဏ်သင့်ကျေးရွာ ၂၈ ရွာတွင် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၊ မြန်မာခရစ်ယာန်ကျန်းမာရေးလုပ်သားများ ဝန်ထမ်းမှုအသင်းနှင့် အပြည်ပြည်ဆိုင်ရာလူမှုမြှင့်တင်ရေးအဖွဲ့ (IRC)တို့ ပူးပေါင်းကာ ဒေသခံများ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးလာစေရန်ရွေ့လျားဆေးကုသခန်းများဖြင့် ပဏာမကျန်းမာရေး စောင့်ရှောက်မှုများကို လာမည့် ဇန်နဝါရီလလယ်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ သတင်းရရှိသည်။

"စီမံချက်ကာလက ၆ လ လုပ်သွားမယ်။ စီမံချက်အတွက် ဒေသခံစေတနာ့ဝန်ထမ်းတွေ ခန့်သွားဖို့ အစီအစဉ်ရှိတယ်။ သွားလုပ်တဲ့အဖွဲ့တွေက ၆ လပြီးလို့ ပြန်သွားကြရင် ဒေသခံတွေက ဆက်လုပ်တတ်သွားအောင်၊ လူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေ ဆက်လုပ်တတ်သွားအောင် သူတို့ကို သင်တန်းလည်း ပေးမယ်။ အတူတူလည်း တွဲလုပ်သွားမယ်။ လူတွေ့စစ်ဆေးပြီး ခန့်မယ်" ဟု မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ ဒုဥက္ကဋ္ဌဦးတင်ဦးက ပြောသည်။

ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်တွင် နယ်လှည့်ဆေးကုခန်း နှစ်ခုဖြင့် ကျေးရွာများသို့ လှည့်လည်သွားကာ ဆေးဝါးကုသမှုပေးခြင်းတို့ကို ပြုလုပ်ပေးခြင်းများအပြင် မုန်တိုင်းဒဏ်ခံမိသားစုများအား ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေခြင်း၊ ကျန်းမာရေးအသိပညာပေး အစီအစဉ်များ ပြုလုပ်ခြင်းတို့ကိုလည်း မြန်မာအင်န်ဂျီအိုများ၏ ဘေးအန္တရာယ်အတွက် အရေးပေါ်စီမံချက် (CPWG) ခေါင်းစဉ်အောက်မှ လုပ်ဆောင်သွားမည်ဖြစ်သည်။

အောက်တိုဘာ ၂၂ ရက်တွင် ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဂီရိဆိုင်ကလုန်းမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူ၊ မြေပုံ၊ မင်းပြား၊ ပေါက်တော၊ အမ်း၊ ကျောက်တော်နှင့် စစ်တွေမြို့များတွင် ဆုံးရှုံးမှုတန်ဖိုး ကျပ်၁၈ ဒသမ ၀၉ဘီလီယံနှင့်အထက် ရှိခဲ့ပြီး လူသေပျောက်ဆုံးမှုများလည်းရှိခဲ့ကြောင်း သိရသည်။

**မွန်မြတ်ဆေးခန်း**
(မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ)

■**လေိပ်ခေါင်းရောဂါကုသခြင်း**
- ဆေးကုသချိန် ၁၅ မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

■**အစာအိမ်အူလမ်းကြောင်းနှင့်ဝမ်းချုပ်ရောဂါကုသခြင်း**
သံဃာတော်နှင့်အသက်(၆၀)နှစ်အထက် လူပုဂ္ဂိုလ်စုစုပေါင်း၁၀ဦးတို့အား အခမဲ့လှူဒါန်းကုသမည်
အစာအိမ်အူလမ်းကြောင်း ရောဂါအမျိုးမျိုးနှင့် ဝမ်းချုပ်ရောဂါကို (၇)ရက်အတွင်း သက်သာစေပြီး တစ်လအတွင်းပျောက်ကင်းစေနိုင်ရန် အစွမ်းအာနိသင်ထက်သည့်ဆေးကို အသုံးပြုကုသပေးပါသည်။

■**သွေးတိုးရောဂါကုသခြင်း**
လူနာသစ် (၁၀၀)ဦးကို ဆေးဖိုးအခမဲ့ လှူဒါန်းကုသမည်၊
(၁)တစ်ရက်တစ်ကြိမ် သောက်သုံးခြင်းဖြင့် သွေးဖိအားကို ၂၄ နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
(၂)၇ ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်းစသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
(၃)၆ လသောက်သုံးပါက နှလုံးနှင့် ဦးနှောက်သွေးကြောရောဂါပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးသည်။

■**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**
(၁)တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့ တစ်ကြိမ်မှ နှစ်ကြိမ်သာ သောက်သုံးရန် လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
(၂)ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့် သောက်ပြီး လိုအပ်လျှင် အနိမ့်ဆုံးပမာဏကိုသာ သောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကို ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၀) နာရီမှ ညနေ(၄) နာရီထိ
လိပ်စာ ■ အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊
ဖုန်း - ၀၁-၂၂၅၅၃၂၊ ၀၉ ၅၁၉၆၅၁၈

**နီလာ**
အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ၊ မအေးအေးမော်ဦးစီးသောနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
ဖွားရာ၊ ပွင့်ရာ၊ ဓမ္မစကြာ၊ စံရာ ဂျာလေးမည် သံဝေဇနီယလေးဌာန၊ ဖူးကြအလီလီအပါယ်လေးဝမလားရ လားရလူ့နတ်ပြည်
ဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာမြေမြတ်မဟာသို့ သွားရောက်ဖူးမြော်နိုင်ရေးအတွက် အသက်သာဆုံးဈေးနှုန်းနှင့် အကောင်းဆုံးဝန်ဆောင်မှုများဖြင့်ကုသိုလ်ရေးကိုရှေးရှု၍ ပို့ဆောင်ပေးနေပါသည်။
အနယ်နယ်အရပ်ရပ်မှ တစ်ခဲနက်အားပေးကြသော ဘုရားဖူးမေတ္တာမိတ်ဆွေများ၏တောင်းဆိုချက်အရအထူးဈေးနှုန်းကာလကို တစ်လထပ်မံတိုးချဲ့လိုက်ကြောင်း ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။
(၃၀.၁၁.၂၀၁၀) မှ ( ၃၁.၁၂.၂၀၁၀ ) ရက်နေ့အတွင်း စရံငွေကျပ်(တစ်သိန်း) သွင်း၍စာရင်းပေးသွင်းသောဘုရားဖူးများကို အောက်ဖော်ပြပါဈေးနှုန်းအတိုင်း ပို့ဆောင်ပေးပါမည်။

(၁၁) ညအိပ် (၁၂) ရက်ခရီးစဉ် - ဗုဒ္ဓဂယာ (ဖွား၊ ပွင့်၊ ဟော၊ စံ)(စရိတ်ငြိမ်း) (၈) သိန်း
(၁၄)ညအိပ် (၁၅) ရက်ခရီးစဉ် - ဗုဒ္ဓဂယာ (ဖွား၊ ပွင့်၊ ဟော၊ စံ)သင်္ကဿနဂိုရ်၊ နယူးဒေလီ(တာဂျ်မဟာ) (စရိတ်ငြိမ်း) (၉) သိန်း
(၁၇) ညအိပ် ( ၁၈) ရက်ခရီးစဉ် - ဗုဒ္ဓဂယာ (ဖွား၊ ပွင့်၊ ဟော၊ စံ)သင်္ကဿနဂိုရ်၊ နယူးဒေလီ(တာဂျ်မဟာ)၊ ကိုလ်းကတ္တား (စရိတ်ငြိမ်း ) ( ၁၀ ) သိန်း

ဝန်ဆောင်မှုလုပ်ငန်းနှင့်ပါတ်သက်၍ကျွမ်းကျင်မှုအပြည့်အဝတာဝန်ယူပါသည်
နိုင်ငံကူးလက်မှတ်မရှိသူများ (၃၅) ရက်ကြိုတင်ပြုလုပ်ရမည်။ နိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများကို(၄၀၀၀ဝိ/) တိတိထပ်မံလျှော့ပေးပါမည်။ မည်သည့်ခရီးစဉ်တွင်မဆို(၁၆) ဦးစုစည်းပြီးတစ်ပြိုင်နက်တည်းလာရောက်စာရင်းပေးသွင်းပါက (၁) ဦးအခမဲ့ (စရိတ်ငြိမ်း)လိုက်ပါခွင့်ပြုမည်။ ပြည်တွင်း/ပြည်ပတွင်မည်သည့်အကြောင်းနှင့်မျှငွေကြေးထပ်မံတောင်းခံခြင်းမပြုကြောင်း အာမခံပါသည်။
နီလာဘုရားဖူးအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သောနှစ်သစ်ကူးအထူးကံစမ်းမဲအစီအစဉ်ကို(၂၈.၁.၂၀၁၁) ရက်နေ့၌ထွက်ခွာမည့်ခရီးစဉ်တွင် လိုက်ပါမည့်ဘုရားဖူးများအား
အထူးဆု (အခမဲ့စရိတ်ငြိမ်းလိုက်ပါခွင့်) ၃ ဦး နှင့် အခြားဆုမဲပေါင်း ၂၇ ဆု ကိုကံစမ်းပေးဦးမည်ဖြစ်ကြောင်းကို ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။
၂၀၁၀ စက်တင်ဘာလ(၂၀) ရက်နေ့မှ ၂၀၁၁ မေလကုန်အထိပို့ဆောင်ပေးနေပါသည်။ အပါတ်စဉ်(တနင်္လာ၊ သောကြာ၊ စနေ)နေ့တိုင်းထွက်ခွာပါမည်။ (အောက်ပါခရီးစဉ်များပြောင်းလဲမှုမရှိပါ)
ထွက်ခွာမည့်ရက် ဇန်နဝါရီ (၁၊၇၊၈၊၁၀၊၁၄၊၁၅၊၂၁၊၂၄၊၂၈၊၂၉) ဖေဖော်ဝါရီ (၄၊၇၊၁၁၊၁၂၊၁၈၊၂၁၊၂၅၊၂၆)၊ မတ် (၄၊၇၊၁၈၊၁၉၊၂၁၊၂၅၊၂၆) ဧပြီ (၁၊၂၄၊၈၊၉၊၁၀) မေ(၁၆) ကဆုန်ညောင်ရေသွန်းပွဲ
အမှတ် - ၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံကျော်တံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁-၂၀၅၂၉၊ ၀၉-၈၆-၁၂၀၀၃

Regional
7DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# မိုးစပါးပေါ်ချိန် ရွှေဝယ်လိုအားတက်

ထူးသန့်

**နေပြည်တော်၊ ဒီဇင်ဘာ- ၂၃**

ကျေးလက်ဒေသပြည်သူများ၏ ပင်မစီးပွားရေးမဏ္ဍိုင်အဖြစ်တည်ရှိနေဆဲဖြစ်သော မိုးစပါးစိုက်ခင်းများ ရိတ်သိမ်းချိန်လွန်မြောက်လာသည့်အတွက် လယ်သမားများငွေပေါ်ကာ ရွှေထည်ပစ္စည်းများလည်းအဝယ်လိုက်လာကြောင်း နေပြည်တော်ပျဉ်းမနားမြို့ရှိ ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

"ဒီအချိန်ကတော့ သိတဲ့အတိုင်းပဲ။ လယ်သမားတွေ ငွေပေါ်ချိန်ဆိုတော့ အထည်လေးတွေရောင်းရတယ်။ စီးပွားဖြစ်ဝယ်ကြတာတော့မဟုတ်ပါဘူး။ တစ်ပိုင်တစ်နိုင် အဆင်တန်ဆာလုပ်ဖို့အတွက်ပဲ ဝယ်ကြတာပါ"ဟု ၎င်းကပြောကြားခဲ့ခြင်းဖြစ်ပြီး အိမ်ပိုင်းခြံမြေရောင်းထားသူများလည်း ရွှေထည်ဝယ်ယူလာကြကြောင်း သိရသည်။



*နေပြည်တော်ဒေသခံ လယ်သူမများကို တွေ့ရစဉ်။* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နေပြည်တော် ဈေးကွက်တွင် ယနေ့ ရွှေပေါက်ဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ၆၅၉,၀၀၀ ကျပ်ပေါက်ဈေးရှိနေပြီး စပါးပေါက်ဈေးမှာလည်း တင်း ၁၀၀ လျှင် လေးသိန်းဝန်းကျင်ရှိသည့်အတွက် စပါးရောင်းပြီး ရွှေလုပ်ထားလိုကြောင်း လယ်သမားအချို့ကပြောသည်။

"တချို့ကလည်း ပြောကြပါတယ်။ နောက်ပိုင်းမှာ စပါးဈေးကောင်းမှာ လှောင်ထားတဲ့။ ဒါပေမဲ့ ထားစရာနေရာ ခက်လာတော့ တစ်ခါတည်းရောင်းဖြစ်ခဲ့တယ်။ တချို့ကို မတ်ပဲစိုက်ခင်းထဲ စရိတ်ပြန်ထည့်ပြီး တချို့ကိုတော့ ရွှေထည်လေးလုပ်ဖြစ်ထားပါတယ်" ဟု ဒေသခံလယ်သမားကြီးဦးမိုးက ပြောသည်။

မိုးစပါးစိုက်ပျိုးခြင်းလုပ်ငန်းသည် နေပြည်တော်တွင်သာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ပါ ကျေးလက်ပြည်သူများ အဓိကအမှီအခိုပြုနေရသော ဝင်ငွေရလမ်းတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်ကြောင်းသိရသည်။

ထို့ပြင်လယ်သမားများ လယ်ယာမဲ့ လုပ်သားများအတွက်ပါ အဓိကမှီခိုရာ ဝင်ငွေလမ်းကြောင်းအဖြစ် ရှိနေဆဲဖြစ်ကြောင်းလည်း စိုက်ပျိုးရေးပညာရှင် တစ်ဦးက ပြောကြားသည်။

# မိုးကုတ် - ပြင်ဦးလွင်လမ်း မတ်လတွင် အပြီးသတ်မည်

မြတ်စုမွန်

**ရန်ကုန်၊ ဒီဇင်ဘာ-၂၂**

ပြီးခဲ့သည့် ဇွန်လမှစတင်၍အသစ်ဖောက်လုပ်လျက်ရှိသည့် မိုးကုတ်-ပြင်ဦးလွင်ကားလမ်းမှာ ၇၀ ရာခိုင်နှုန်းနီးပါးရှိနေပြီဖြစ်ပြီး လာမည့်နှစ်မတ်လတွင် အပြီးသတ်နိုင်မည်ဟုလျာထားကြောင်း တာဝန်ယူဆောင်လုပ်လျက်ရှိသည့် ကုမ္ပဏီတစ်ခုမှ သိရသည်။

အကွာအဝေးအားဖြင့် ပြင်ဦးလွင်အထွက် ရေငယ်လမ်းခွဲမှ မိုးကုတ်အထိ ၈၉ မိုင် ၇ ဖာလုံရှိသည့် ပြင်ဦးလွင်-မိုးကုတ်ကားလမ်းကို အေးရှားဝေါ၊ ဧရာရွှေဝါ၊ Golden Cougan BME, MMM၊ မြတ်နိုးသူ၊ ရွှေဝါလင်း၊ မြတ်မင်းကလျာ၊ MMIC၊ ပန်းသီ၊ စိန်ကောင်းရတနာစသည့်ဆောက်လုပ်ရေးကုမ္ပဏီ ၁၁ ခုနှင့်ပြင်ဦးလွင်ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းအထူးအဖွဲ့(၁)တို့က ဆောက်လုပ်လျက်ရှိပြီး အဆိုပါလမ်းပြီးစီးပါက ယခင်ကကဲ့သို့ ကျောက်မဲမြို့မှတစ်ဆင့်သွားလာစရာမလိုတော့ဘဲ တိုက်ရိုက်သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"မိုးကုတ်ကနေ ပြင်ဦးလွင်ကို ကျောက်မဲကနေတစ်ဆင့် ဗင်ကားနဲ့သွားလာနေကြတယ်။ ဒီလမ်းပြီးရင်တော့ မိုးကုတ်နဲ့ပြင်ဦးလွင် တိုက်ရိုက်ပေါက်ပြီပေါ့။ လမ်းကမြေသားလုပ်ငန်းတွေအားလုံးနီးပါးပြီးနေပြီ။ ပြင်ဦးလွင်ဘက်ကဆိုရင် ရတနာသိင်္ဂီသတ္တုတွင်းလမ်းဆုံအထိ ကတ္တရာခင်းဖို့ပဲကျန်တော့တယ်။ မိုးကုတ်ဘက်မှာဆိုရင်လယ်ကြီးအထိ ကျောက်ကြီးတွေစီပြီးနေပြီ။ တောင်ပေါ်ပိုင်းမှာတော့ နည်းနည်းကြာနိုင်တယ်။ တောင်ပေါ်မှာက ရေရှားတဲ့အခက်အခဲရှိတယ်"ဟု မိုးကုတ်-ပြင်ဦးလွင်လမ်းစီမံကိန်းဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ လုပ်ငန်းခွင်အင်ဂျင်နီယာတစ်ဦးကပြောသည်။ ၎င်းကားလမ်းမှာ ကတ္တရာလမ်းအမျိုးအစားဖြစ်လာမည်ဖြစ်ပြီး၊ အကျယ် ၁၂ ပေရှိကာ မြေသားလမ်းပခုံးသားအပါအဝင် ပေ ၃၀ အကျယ်ရှိကြောင်း သိရသည်။

# စစ်တွေ-မြောက်ဦး အမြန်ရေယာဉ် ခရီးစဉ် ပြန်လည်ပြေးဆွဲ

မောင်သန်းဝင်း

**စစ်တွေ၊ ဒီဇင်ဘာ- ၂၁**

ရခိုင်ပြည်နယ် စစ်တွေ-မြောက်ဦး ဆက်သွယ်သွားလာသည့် ရေကြောင်းခရီးစဉ်သစ်တစ်ခုကို ရွှေပြည်တန်ပုဂ္ဂလိက အထူးအမြန် ရေယာဉ်ဖြင့် လာမည့် ၂၀၁၁ ခုနှစ်ဇန်နဝါရီလဆန်းပိုင်းတွင် စတင်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအမြန်ရေယာဉ်မှာ စစ်တွေမှအခြေစိုက်ပြေးဆွဲမည်ဖြစ်ပြီး စစ်တွေ-ဘူးသီးတောင်ခရီးစဉ်ကို ဒီဇင်ဘာ ၄ ရက်နှင့် စစ်တွေ-မင်းပြားခရီးစဉ်ကို ဒီဇင်ဘာလ ၉ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ပြီး၊ စစ်တွေ-မြောက်ဦးခရီးစဉ်ကို ၂၀၁၁ ဇန်နဝါရီလဆန်း ပိုင်းတွင် ပြေးဆွဲမည်ဟု စစ်တွေမြို့ ရွှေပြည်တန် အထူးအမြန်ရေယာဉ်ပြေးဆွဲရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စစ်တွေ-မြောက်ဦးခရီးစဉ်ကို ယခင်ကမလိခအမြန်ရေယာဉ်နှင့် ရွှေနဒီအမြန်ရေယာဉ်များ ပြေးဆွဲပေးခဲ့ဖူးသော်လည်း ဆယ်စုနှစ်တစ်ဝက်နီးပါး ခန့်ကြာခဲ့ရပ်ဆိုင်းထားပြီး ယခုမှပြန်လည်စတင်ပြေးဆွဲမည်ဖြစ်သည်။

# ကျောက်စိမ်းဥယျာဉ် ၂၀၁၁ မတ်လတွင် ပြီးစီးမည်

ညိုညိုဝင်း

**နေပြည်တော်၊ ဒီဇင်ဘာ - ၂၀**

နေပြည်တော်တွင် ကျောက်စိမ်းဥယျာဉ်တစ်ခုကို မဏိရတနာကျောက်စိမ်းခန်းမအနီး၌ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိပြီး လာမည့် ၂၀၁၁ ခုနှစ်မတ်လတွင် အပြီးသတ်မည်ဖြစ်ကြောင်း အဆိုပါဥယျာဉ်ကို တာဝန်ယူတည်ဆောက်နေသော မြန်မာတကောင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီဥယျာဉ်မှာ မြန်မာ့နှစ်လယ် ကျောက်မျက်ပြပွဲတုန်းက ကျောက်စိမ်းတုံးတွေကို မကြည့်လိုက်ရတဲ့သူတွေအတွက် အပန်းဖြေလာရင်း ကျောက်စိမ်းတုံးတွေကိုကြည့်လို့ရအောင်၊ ကျောက်မျက်ပြပွဲတွေမှာ လာရောက်ကြမယ့် နိုင်ငံခြားသားဧည့်သည်တွေဝင်ရောက် အပန်းဖြေလို့ရအောင်ရည်ရွယ်ပြီး ဒီဥယျာဉ်ကို တည်ဆောက်နေတာပါ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။



*နေပြည်တော်တွင် ပထမဆုံးပြုလုပ်ခဲ့သော ကျောက်မျက်ပြပွဲ။*

ကျောက်စိမ်းဥယျာဉ်ကို မြန်မာတကောင်းကုမ္ပဏီတစ်ခုတည်းက တာဝန်ယူပြီးအောက်တိုဘာလကတည်းက စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ရာ နိုဝင်ဘာ၁၇ ရက်တွင် မြန်မာ့နှစ်လယ်ကျောက်မျက်ပြပွဲ၊ မဏိရတနာရေပန်းဥယျာဉ်တို့နှင့်အတူ ဥယျာဉ်ကို စတင်ဖွင့်လှစ်ခဲ့ကြောင်းသိရှိရသည်။ "ကျောက်စိမ်းဥယျာဉ်ကို မတ်လလောက်မှာတည်ဆောက်မှု အကုန်လုံးပြီးလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီဥယျာဉ်မှာ ဒေသစုံက ကျောက်စိမ်းတုံးတွေကို ခင်းကျင်းပြသပေးထားပါတယ်။ ပန်းမျိုးတွေက နိုင်ငံခြားမျိုးရော မြန်မာမျိုးရော နှစ်မျိုးလုံး စိုက်ပျိုးထားပါတယ်။ သရက်၊ ပိန္နဲ၊ အုန်း၊ ဆီးပင်စတဲ့ သီးပင်စားပင်တွေကိုလည်း စိုက်ပျိုးထားပါတယ်။ ထူးထူးခြားခြားအနေနဲ့ကတော့ ကျောက်စိမ်းဥယျာဉ်ရဲ့ ကျန်နေတဲ့အပိုင်းကို ရေတံခွန်လုပ်ရင်လုပ်မယ်။ ရေတံခွန်မလုပ်ဖြစ်ရင်လည်း ကျောက်စိမ်းသရုပ်ဖော်ပုံတည်ဆောက်ဖို့ ရည်ရွယ်ထားပါတယ်" မြန်မာ တကောင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကျောက်စိမ်းဥယျာဉ်အတွင်းရှိ ပန်းအလှဆင်ခြင်းလုပ်ငန်းကို အောင်ချမ်းသာကုမ္ပဏီကဆောင်ရွက်လျက်ရှိသည်။




7 DAY NEWS JOURNAL
Vol.9, No.40 · DECEMBER 30, 2010

# မင်းကွန်းသို့ ဒီဇင်ဘာလတွင် ခရီးသွားဝင်ရောက်မှု လျော့ကျ

ညီညီဇော်၊ ဇော်ကိုကို

**မန္တလေး၊ ဒီဇင်ဘာ - ၁၅**

မင်းကွန်းဒေသသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုမှာ ယခင်လများနှင့် နှိုင်းယှဉ်ပါက ဒီဇင်ဘာလတွင် အနည်းငယ်လျော့ကျသွားပြီး လာမည့် ၂၀၁၁ နှစ်ဆန်းပိုင်းမှသာ ဧည့်သည်ဝင်နှုန်းပြန်လည်မြင့်တက်နိုင်ကြောင်း ဒေသခံခရီးသွားလုပ်ငန်းများထံမှ သိရှိရသည်။

"နိုင်ငံခြားသားတွေက နိုဝင်ဘာလဆန်းကတော့ တစ်ရက်ကို အယောက်တစ်ရာဝန်းကျင်ဝင်ပါတယ်။ အခု ဒီဇင်ဘာလဆန်းကစပြီး လာတာနည်းသွားတယ်။ တစ်ရက်ကို ခြောက်ဆယ်၊ ခုနစ်ဆယ်လောက်ဝင်ပါတယ်။ ခရစ္စမတ်နီးလို့ အလာနည်းတယ်လို့ ပြောကြတာပါပဲ"ဟု မင်းကွန်းပုထိုးတော်ကြီးရှိ နိုင်ငံခြားဧည့်အဝင်မှတ်တမ်းတင်သည့် အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပန်းချီအရောင်းပြခန်းဖွင့်လှစ်ထားသူ အမျိုးသမီးတစ်ဦးက "ခရီးသွားလမ်းညွှန်တွေနဲ့ အဆင်ပြေတဲ့ဆိုင်တွေက ပိုရောင်းကောင်းပါတယ်။ အစ်မတို့ဆိုင်ကတော့ နိုင်ငံခြားသားလာရင်လာသလို ရောင်းရပါတယ်။ အခုတော့ပါးနေတယ်" ဟု ပြောသည်။

မင်းကွန်းအမှတ်တရပစ္စည်းများ ရောင်းချနေသော အမျိုးသမီးတစ်ဦးကလည်း "ဟိုးအရင်နှစ်တွေကတော့ ဒီလိုအချိန်ဆိုတော်တော်ရောင်းကောင်းတယ်။ ဒီဘက် နှစ်ပိုင်းရောက်တော့ နိုင်ငံခြားသားတွေတင်လာတဲ့သင်္ဘောပေါ်မှာ အစ်မတို့ရောင်းတဲ့ပစ္စည်းမျိုးတွေကို တင်ရောင်းလာကြတော့ အစ်မတို့ ရောင်းအားကျတာပေ့ါ။ အခုဧည့်ပါးတော့ ပိုဆိုးတယ်" ဟု ပြောကြားသည်။

ထို့အပြင် မင်းကွန်းဘိုးဘွားရိပ်သာမှ ရိပ်သာမှူးဦးခင်အောင်က "မင်းကွန်းကို နိုင်ငံခြားသား ဧည့်သည်တွေလာရင် ရိပ်သာကိုလည်း လာကြပါတယ်။ ငွေလည်းလှူကြပါတယ်။ စင်ကာပူတို့၊ တရုတ်(တိုင်ပေ)တို့က အဖွဲ့လိုက်လာပြီးလှူကြတယ်"ဟု ပြောကြားသည်။

မင်းကွန်းဒေသသို့ ပြည်တွင်းဧည့်သည်များလည်း လာရောက်ကြပြီး နိုင်ငံခြားသားဧည့်သည်များအနေဖြင့် နွေရာသီနှင့်မိုးရာသီတွင် လာလေ့မရှိဘဲ ဆောင်းကာလဖြစ်သည့် နိုဝင်ဘာနှင့် ဇန်နဝါရီလများတွင် အများဆုံးလာရောက်ကြသည်ဟု မင်းကွန်းဒေသခံများကပြောသည်။






7 DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# ရခိုင်ကမ်းလွန်ရေနံလုပ်ကွက်အေ – ၄၌ တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်

**နနနွေ**

**စစ်တွေ၊ ဒီဇင်ဘာ- ၂၁**

ရခိုင်ကမ်းလွန်ဒေသရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများတွင်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် တရုတ်နိုင်ငံမှ ရေနံကုမ္ပဏီ(CNOOC Myanmar Limited) ရခိုင်ကမ်းလွန်ကမ်းနီး ရေနံလုပ်ကွက်၊ အေ-၄ ၌ 2D Marine Seirnic Acoquistion Survay တိုင်းတာရေးလုပ်ငန်းများ ကို တိုင်းတာရေးရေယာဉ် (MV. Nan Hai 502)နှင့် ဒီဇင်ဘာလ ၁၇ ရက်မှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သက်ဆိုင်ရာသတင်းထုတ်ပြန်ချက်အရသိရသည်။

အဆိုပါလုပ်ငန်းကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်ထိ ပြုလုပ်ပေးသွားမည်ဖြစ်သည်။ ရခိုင်ကမ်းရိုးတန်းတွင် ကမ်းနီးရေနံလုပ်ကွက်(၇)ကွက်နှင့် ကမ်းဝေး ရေနက်ပိုင်း ရေနံလုပ်ကွက် ၉ ကွက် သတ်မှတ်ထားရှိကြောင်း သိရပြီး ကမ်းနီး ရေနံလုပ်ကွက်များကို (အေ-၁ မှ အေ- ၇)အထိ ကမ်းဝေးရေနက်ပိုင်းရေနံလုပ်ကွက်များကို အေဒီ-၁ မှ အေဒီ -၉ အထိ သတ်မှတ်ထားရှိသည်။ ရေနံလုပ်ကွက်အားလုံး နီးပါးမျှတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့စမ်းသပ်တိုင်းတာရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့စမ်းသပ်တိုင်းတာရေးလုပ်ငန်းနှင့် နိုင်ငံခြား ရေနံကုမ္ပဏီများအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်များချုပ်ဆိုထားပြီးဖြစ်ကြောင်းသိရသည်။ကမ်းနီးရေနံလုပ်ကွက် အေ-၁ နှင့် အေ-၃ (ရွှေလုပ်ကွက်) များတွင် တွေ့ရှိထားပြီးဖြစ်သည့် သဘာဝ ဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရန် စာချုပ်များ ချုပ်ဆိုထားပြီးဖြစ်ကာ ၂၀၁၃ ခုနှစ်စ၍ ထုတ်ယူတင်ပို့ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ကျောက်ဖြူ-ကူမင်း စကြံ်လမ်း တည်ဆောက်ရေးသဘောတူညီချက်ကိုလက်မှတ်ရေးထိုးထားပြီးဖြစ်ကာကျောက်ဖြူမြို့တွင် ရေနံတင်ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများနှင့် ကျောက်ဖြူ-ကူမင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ သယ်ယူရေး ဒွေးပိုက်လိုင်းသွယ်တန်းရေး လုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်သည်။

# နေပြည်တော်တွင် စာပေဟောပြောပွဲကျင်းပမည်

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ- ၂၃**

နေပြည်တော် ပျဉ်းမနားမြို့နယ် ပြူတွင်း၊ ပျဉ်းမနားရှိ "အလင်းပွင့်"ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် နာမည်ကျော်စာရေးဆရာ၊ အနုပညာရှင်များ ဟောပြောမည့်စာပေဟောပြောပွဲကို လာမည့် ၂၀၁၁ ခုနှစ်ဇန်နဝါရီ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထိုကဲ့သို့ နာမည်ကျော်စာရေးဆရာများ၊ အနုပညာရှင်များနှင့် နှစ်စဉ်ကျင်းပလာခဲ့သော အဆိုပါစာကြည့်တိုက်တည်ရှိရာ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက်တွင် ယခုနှစ်ဟောပြောပွဲ၌ စာရေးဆရာဒါရိုက်တာကြည်စိုးထွန်း၊ စာရေးဆရာထက်ခေါင်(ရဲမှူးကြီးဝင်းခေါင်)နှင့် စာရေးဆရာချစ်ဦးညိုတို့က ဟောပြောမည်ဖြစ်ကြောင်းထပ်မံသိရသည်။ ယင်းစာကြည့်တိုက်ကဦးစီး၍ နှစ်စဉ်ကျင်းပခဲ့သော စာပေဟောပြောပွဲများတွင် စာရေးဆရာများဖြစ်သော ဖေမြင့်၊ ကျော်ဝင်း၊ အော်ပီကျယ်၊ မောင်သာချို၊ မြနှောင်းညို၊ နုနုရည်(အင်းဝ)ဇာတ်ညွှန်းရေးဆရာငြိမ်းမင်း စသည့် ပညာရှင်များစွာဟောပြောခဲ့ကြောင်း နှစ်စဉ်တက်ရောက်နားထောင်ခဲ့သည့် စာပေဝါသနာရှင်တစ်ဦးကပြောသည်။

# တောင်ကုတ်မြို့တွင် အထူးယာဉ်လိုင်းစတင်ပြေးဆွဲ

**ဘုန်းကံအောင်**

**တောင်ကုတ်၊ ဒီဇင်ဘာ- ၂၁**

တောင်ကုတ်မြို့နှင့်မြို့နယ်အတွင်းရှိ မအီမြို့အနီး မော်စံပြကျေးရွာသို့ ပြေးဆွဲပေးသော အထူးယာဉ်တစ်စီးကို မထသလိုင်းခွဲ ၂က စီစဉ်ပေးခဲ့ကြောင်းသိရသည်။ အထူးယာဉ်သည်တောင်ကုတ်မြို့မှမော်စံပြရွာထိခရီးစဉ်တစ်လျှောက်ရွာများရပ်တန့်ပေးပြီး ပုံသေယာဉ်စီးခမှာ ၅၀၀ ကျပ်ဖြစ်သည်။ တောင်ကုတ်မော်စံပြရွာသို့ ၃၂ မိုင်ကွာဝေးကာ ယခင်က ယာဉ်စီးခကို ၃,၀၀၀ ကျပ်မှ ယခု ၂,၀၀၀ ကျပ်ဖြစ်သော်လည်း အထူးယာဉ်တစ်စီးသည် ခရီးသည်များအတွက် ၅၀၀ ကျပ်သာကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

"အထူးယာဉ်ဖြစ်တဲ့အတွက် ကုန်မတင်ပါဘူး။ ကားလမ်းနဲ့လှမ်းတဲ့ရွာတွေကို မဝင်ပါဘူး။ လမ်းကြောင်းအတိုင်းပဲ ပြေးဆွဲပါတယ်။ နယ်ဘက်ကျေးရွာက ခရီးသည်တွေကို အမိကရည်ရွယ်တာကြောင့် လက်တစ်ဆွဲကုန်ပစ္စည်းတော့ လက်ခံပါတယ်။ အဲဒီအတွက် တန်ဆာခမပေးရသလို ကိုယ့်ပစ္စည်းကိုယ်ထိန်းတဲ့ သဘောပြောထားပါတယ်"ဟုမထသလိုင်းခွဲ ၂ မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ နယ်ဘက်ကျေးရွာများမှ နံနက်စောစောဂိတ်ထွက်ကာ တောင်ကုတ်မြို့မှ နေ့လယ်ပိုင်း ပြန်လည်ပြေးဆွဲပေး၍ ကျေးလက်နေပြည်သူများ နေ့ချင်းပြန်ခရီးပေါက်သဖြင့် အဆင်ပြေလျက်ရှိကြသည်။

"ပြီးခဲ့တဲ့ စနေနေ့က တောင်ကုတ်ကို ကိစ္စတစ်ခုနဲ့လာဖြစ်တယ်။ အရင်ကဆိုအသွားအပြန် ငါးထောင်ဆိုတော့လစာကိုလည်း ပြန်တွက်ရတာပေါ့။ လူကြုံနဲ့ပဲမှာလေ့ရှိခဲ့တယ်။ အခုပုံသေ ငါးရာဆိုတော့ ကိုယ်တိုင်လာဖြစ်တယ်"ဟု မော်စံပြကျေးရွာ အထကမှဆရာမဒေါ်ခင်သန်းက ပြောသည်။ အထူးယာဉ်အစီအစဉ်အောင်မြင်ပါက အခြားယာဉ်ကြောများတွင်လည်း တိုးချဲ့စီစဉ်ပေးသွားမည်ဖြစ်ကြောင်း မထသယာဉ်လိုင်းများမှ သိရသည်။

# မြန်မာ့ကျေးလက်ဖွံ့ဖြိုးရေး တောင်ကိုရီးယား ဆက်လက်ကူညီ



ဓာတ်ပုံ - ဝေယံ

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ- ၂၂**

မြန်မာနိုင်ငံအတွင်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံကုန်သွယ်မှု ကဏ္ဍများတွင် နံပါတ် ၅ နှင့် ၆ နေရာများ၌ ရှိသော တောင်ကိုရီးယားနိုင်ငံက မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း အစဉ်တစိုက် ကူညီပေးလျက်ရှိကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးကယနေ့ပြုလုပ်ခဲ့သော အခမ်းအနားတစ်ခုတွင် ပြောကြားသည်။

"သူတို့ ကူညီတာတွေ အတော်များပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးတွေမှာ နည်းပညာတွေပေးခဲ့သလို ကျေးလက် လမ်းတံတားတွေ၊ စာသင်ကျောင်းတွေနဲ့ ကျေးလက်စုဝေးခန်းမတွေ တည်ဆောက်ရေးတွေမှာ ကူညီခဲ့ကြတယ်။ နောက်ပြီး အော်ဂဲနစ်စိုက်ပျိုးရေးကို တောင်သူတွေဆီ စတင်မိတ်ဆက်ပေးခဲ့သလိုပဲ အသေးစားချေးငွေလုပ်ငန်းတွေကိုလည်း ထူထောင်ပေးခဲ့တယ်" ဟု အဆိုပါပညာရှင်က ပြောသည်။

နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှီတင်းနေထိုင်သော ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးမှုအတွက် စံပြသဘောဆောင်သည့် စီမံချက်တစ်ခုကိုလည်း ရန်ကုန်တိုင်းလှည်းကူးမြို့နယ်တွင် ၂နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း ယင်းစီမံချက်အတွက် တောင်ကိုရီးယားအစိုးရက အမေရိကန်ဒေါ်လာ နှစ်သန်းထောက်ပံ့ပေးခဲ့ပြီး ကိုရီးယားနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဆိုင်ရာ အသိပညာထောက်ပံ့ရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးရေးအတွက် ကိုရီးယားနိုင်ငံဘက်မှ ဆက်လက်ပံ့ပိုးနိုင်မည့်နည်းလမ်းများ၊မြန်မာနိုင်ငံဘက်မှလည်း ယခုစီမံချက်ကို အခြေခံ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရန်နည်းလမ်းများ ရရှိရန်အတွက် နှစ်နိုင်ငံမှပညာရှင်များ တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်ကြောင်း နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံတွင် လမ်း၊ တံတားလုပ်ငန်းများ၌ပူးပေါင်းဆောင်ရွက်ရန်အတွက်လည်း ကိုရီးယားအဝေးပြေးလမ်းမကြီးများ ကော်ပိုရေးရှင်း (REC)မှ ဦးဆောင်ညွှန်ကြားရေးမှူး Mr.Kim, Nak Joo နှင့်အဖွဲ့ယခုနှစ်စက်တင်ဘာ ၁၈ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဆိုင်းဘုတ်ကို ဖျက်ဆီးခဲ့သူအားထောင်ဒဏ် ၂ နှစ်ချ

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ - ၁၅**

လမ်းအသုံးပြုသူများအတွက် စိုက်ထူထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး LED ဘုတ်နှင့် ဆိုလာစနစ်မှိတ်တုတ်မီးဝါများကိုခဲနှင့်ပစ်ပေါက်ခဲ့သူများအားအလုပ်ကြမ်းနှင့် ထောင်ဒဏ်များချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

ယခုနှစ်ဇူလိုင်လက ဖြစ်ပွားခဲ့သည့် အဆိုပါအမှုနှင့် ပတ်သက်ပြီး ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးဖော်ထုတ်တရားစွဲဆိုခဲ့ကာ နေပြည်တော်ပျဉ်းမနားတွဲဖက်တရားရုံးမှ ရာဇဝတ်ကြီးအမှတ် ၅၂၃/၂၀၁၀ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ ၆(၁) အရလည်းကောင်း၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ ၆(၁)/၉ အရလည်းကောင်း ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်များချမှတ်ခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာ ၃၀ ရက်က အမိန့် ချမှတ်ချက်များအရ ပြစ်မှုကျူးလွန်သူ မောင် ---ဆိုသူအား အလုပ်ကြမ်းနှင့် ထောင်ဒဏ်၂ နှစ်၊ မောင် ---နှင့်မောင် ---တို့နှစ်ဦး အားပုဒ်မ ၆(၁)/၉ အရအလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅လဟူ၍ အသီးသီးအမိန့်ချမှတ်ခဲ့ကြောင်းသိရှိရသည်။

**မြေကွက်ရောင်းမည်**

မြေကွက်အကျယ် (၅၅× ၁၆၀)ပေ၊ မဟာအံ့ထူးကံသာဘုရားအနီး(ဘုရားပတ်လမ်း) အုတ်တံတိုင်းခတ်ပြီး(သိန်း- ၂၅၀) ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ (ပွဲစားမလို)

**ဆက်သွယ်ရန်ဖုန်း- ၀၉-၂၂၀၀၃၃၅**

**သဇင်**

Body Beauty အမျိုးသမီးများအတွက် လိုအပ်သလို ရင်သားပြုပြင်ခြင်း၊ အမျိုးသား၊ အမျိုးသမီး အရပ်ရှည်စက်၊ အဆီချပေးခြင်း။ မျက်ဝန်းတစ်ဝိုက်အရေးအကြောင်းများကို သုံးရက်အတွင်း သိသာစေခြင်း။

*၃၅-ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ၄-လွှာ၊ ဖုန်း - ၀၉၅၁ ၅၁၀၄၅၊ ၀၁-၇၃၀ ၂၄၆၆၅*

**7Day News ဂျာနယ်ကို အိမ်အရောက်မှာယူဖတ်ရှုကြသည့် စာဖတ်ပရိသတ်များသို့ အကြောင်းကြားခြင်း**

ဂျာနယ်ဖိုးငွေလာရောက်ကောက်ယူရာတွင် 7Day News ဂျာနယ်အမှတ်အသားပါအစိမ်းရောင် Receipt ဘောင်ချာစာရွက်အားဂျာနယ်ဖိုးငွေလာရောက်ကောက်ခံသောဝန်ထမ်းထံမှတောင်းယူပါရန်နှင့် Receipt ဘောင်ချာပါမှသာ ငွေပေးချေပါရန် စာဖတ်ပရိသတ်ကြီးသို့ လေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# ပြည်တွင်းစက်မှုဇုန်ထုတ်လိုက်ထရပ်ကားဖြင့် မုံရွာ – ကလေး နေ့ချင်းရောက်ခရီးစဉ် စတင်ပြေးဆွဲ

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ- ၂၁**

ပြည်တွင်းစက်မှုဇုန်ထုတ် လိုက်ထရပ်ယာဉ်ငယ်များဖြင့် မုံရွာ- ကလေး နေ့ချင်းရောက်ခရီးစဉ်အဖြစ် မွန်းလိုက်မော်တော်ယာဉ်အသင်းက ခရီးသည်တင်ယာဉ်လိုင်းသစ်တစ်ခု ဒီဇင်ဘာလ ၁၉ ရက်မှ စတင်ပြေးဆွဲပေးကြောင်း သိရှိရသည်။

"မွန်းလိုက်မော်တော်ယာဉ်ငယ်အသင်းက ပြည်တွင်းစက်မှုဇုန်ထုတ် လိုက်ထရပ်ယာဉ်ငယ် ၁၅ စီးနဲ့ မုံရွာ-ကလေး ခရီးစဉ်ကို စတင်ပြေးဆွဲပေးမှာဖြစ်ပါတယ်။ လိုက်ထရပ်ယာဉ်ငယ်တွေကို နောက်ခန်းမှာ ခရီးသည် ၁၂ ဦးလိုက်ပါနိုင်တဲ့ ထိုင်ခုံတွေတပ်ဆင်ထားပါတယ်။ ရှေ့ခန်း တစ်ယောက်နဲ့ဆို စုစုပေါင်း ၁၃ ဦး လိုက်ပါနိုင်ပါတယ်" ဟု မွန်းလိုက်မော်တော်ယာဉ်အသင်း ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ပြောကြားသည်။

မုံရွာ-ကလေး ခရီးစဉ်တွင် ပြည်တွင်းစက်မှုဇုန်ထုတ်လိုက်ထရပ် ယာဉ်ငယ်အသင်းမှ နေ့စဉ်နံနက် ၈နာရီခွဲတွင် မုံရွာမြို့နှင့် ကလေးမြို့တို့မှ ထွက်ခွာလာ ပြီး နေ့စဉ်ညနေ ၆ နာရီတွင်အဆိုပါမြို့များသို့ ဆိုက်ရောက်ကြောင်း သိရသည်။

အဆိုပါ ယာဉ်ငယ် အသင်းမှ နေ့စဉ် ပုံမှန်ခရီးစဉ်များအား ခရီးသည် အနည်းအများပေါ်မူတည်၍ တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ပြီး ယာဉ်စင်းလုံးငှား စနစ်ဖြင့် မုံရွာ-ကလေးခရီးစဉ်သာမက အလောင်းတော်ကဿပခရီးစဉ်များကိုပါ တိုးချဲ့ပြေးဆွဲပေးရန် စီစဉ်ထားကြောင်း သိရှိရသည်။

"မုံရွာ-ကလေးခရီးစဉ်မှာ နံနက်ထွက် ညနေရောက်ခရီးစဉ်တွေရှိပေမယ့် ခရီးသည်တင်ထိုင်ခုံနဲ့ လိုင်းကားပြေးဆွဲတာ ပထမဆုံးယာဉ်လိုင်းပဲ။ ရန်ကုန်ကနေ မုံရွာပြန်လာတဲ့သူတွေအနေနဲ့ မုံရွာမြို့ကို မနက်စောစောရောက်တာနဲ့ မွန်းလိုက်ယာဉ်ငယ်ပြောင်းစီးရင်ကလေးမြို့ကို ညနေရောက်ပြီ။ ခရီးသည်တွေစုပြီး ယာဉ်စီးလုံးငှားစနစ်နဲ့ သွားရင် ခရီးစရိတ်ပိုသက်သာတယ်။ ခရီးသည်တစ်ဦးကို ကျပ်တစ်သောင်းနှုန်းနဲ့ ကြိုပို့ဝန်ဆောင်မှုစနစ်ဆိုတော့ ခရီးသည်တွေပိုအဆင်ပြေတယ်" ဟု ကလေးမြို့ဒေသခံတစ်ဦးက ပြောကြားသည်။

မွန်းလိုက် ခရီးသည်ယာဉ်ငယ်အသင်းမှ ခရီးသည်များသွာလာရေးပိုမိုလွယ်ကူစေရန် ရည်ရွယ်၍ ပြည်တွင်းစက်မှုဇုန်ထုတ် လိုက်ထရပ်ယာဉ်ငယ်များဖြင့် အိမ်အရောက်ကြိုပို့စနစ်အပါအဝင် ခရီးစဉ်များဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

# နိုင်ငံပိုင်သတင်းစာများကို အသွင်ပြောင်း ထုတ်ဝေမည်



**ခင်ဇာမွန်မြင့်**

**နေပြည်တော်၊ ဒီဇင်ဘာ- ၂၀**

နိုင်ငံပိုင်သတင်းစာများကိုလူကြိုက်များလာရန် ပြုပြင်ပြောင်းလဲထုတ်ဝေရေးအတွက် တာဝန်ရှိသူများသည် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ မြို့နယ်သတင်းထောက်များနှင့် ယခုလ ၇ ရက်က ကြေးမုံသတင်းစာတိုက်တွင်လည်းကောင်း၊ ၁၂ ရက်က မြန်မာ့အလင်းသတင်းစာတိုက်တွင်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

# ရခိုင်ကမ်းရိုးတန်းဒေသ ရေကြောင်း ထိန်းသိမ်းရေး လုပ်ငန်းများ တိုးချဲ့မည်

**နနနွေ**

**စစ်တွေ၊ ဒီဇင်ဘာ- ၂၁**

နွေရာသီ ကာလအတွင်း ရေကြောင်း သောင်ထွန်းမှုများပြား၍ ရေကြောင်းဖြင့်သွားလာမှု ခက်ခဲသည့် ရခိုင်ကမ်းရိုးတန်းဒေသတွင် ရေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် နေပြည်တော်တွင် ဒီဇင်ဘာလ ၁၃ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ (CATIC) ကုမ္ပဏီ (China National Aero-Technology Inprot& Export Coporation Beiging Co.,Ltd)ထံမှ သောင်တူးဖော်ရေးရေယာဉ်နှင့် အထောက်အကူပြုရေယာဉ်များ ဝယ်ယူရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ စာချုပ်အရ ရောက်ရှိလာမည့် သောင်တူးဖော်ရေးရေယာဉ်များနှင့် အထောက်အကူပြုရေယာဉ်များကို မြန်မာနိုင်ငံ၏ရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများတွင် အဓိကကျသည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်စသည့်မြစ်ကြောင်းများထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အားဖြည့်အသုံးပြုသွားမည့်အပြင် မြစ်ကြောင်းများပေါ်များသည့် ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်ကမ်းရိုးတန်းဒေသများအတွင်းရေကြောင်းထိန်းသိမ်းရေး လုပ်ငန်းများကို ယခင်ကထက်ပိုမိုလုပ်ဆောင်ပေးနိုင်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ကုလားတန်မြစ်ကြောင်းဖွံ့ဖြိုးရေးစီမံကိန်းကို အိန္ဒိယနိုင်ငံက စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီးမေယုမြစ်၊ လေးမြို့မြစ်နှင့် သံဇိတ်မြစ်ကြောင်းများ၊ တောင်ကုတ်အဝင်ချောင်းဝနေရာများ၊ မာန်အောင်အဝင်ဟုန်းချောင်းဝနေရာများမှာ ရေကြောင်းသောင်တိမ်များဖြစ်ပေါ်လျက်ရှိပြီး နွေရာသီရေနည်းချိန်များတွင် သွားလာမှုခက်ခဲလျက်ရှိကာ ရေကြောင်းသယ်ယူပို့ဆောင်ရေးကို အဟန့်အတားဖြစ်လျက်ရှိကြောင်း သိရသည်။

## နေပြည်တော်-ဘားအံယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

**မေဝင်းမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ – ၂၁**

ဗန္ဓုလသယ်ယူပို့ဆောင်ရေးလီမိတက် တော်ဝင်အဝေးပြေးယာဉ်လိုင်းမှ နေပြည်တော်-ဘားအံ ယာဉ်လိုင်းသစ်ကို ဒီဇင်ဘာ ၈ ရက်တွင် စတင်ပြေးဆွဲခဲ့ကြောင်းသိရသည်။ ဘားအံခရီးစဉ်ကို ခရီးသည် ၃၀ ဆံ့မီနီဘတ်စ် ၄ စီးဖြင့် စတင်ပြေးဆွဲခြင်းဖြစ်ပြီး၊ နောက်ပိုင်းခရီးသည်များလာပါက ခရီးသည် ၄၅ဦး ဆံ့ယာဉ်ကြီးများဖြင့် တိုးချဲ့ပြေးဆွဲမည်ဟုဆိုသည်။ ၃၀၂ မိုင်အကွာအဝေးရှိသော နေပြည်တော်-ဘားအံခရီးစဉ်အတွက် တစ်ဦးလျှင် ၉,၁၀၀ ကျပ်နှုန်းဖြင့်ပြေးဆွဲပေးသည်ဟု သိရသည်။

နေပြည်တော်ဘောဂသီရိကားဝင်းမှ နံနက် ၇ နာရီတွင် ထွက်ခွာပြီးတောင်ငူ၊ ဘုရားကြီးလမ်းဆုံ(ပဲခူး)၊ ဘီးလင်း၊ သထုံလမ်းအတိုင်း ဘားအံသို့ ညနေ ၅ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ ပြီးခဲ့သည့် စက်တင်ဘာလကလည်း နေပြည်တော်-မော်လမြိုင် ခရီးစဉ်ကို တော်ဝင်ယာဉ်လိုင်းက ပြေးဆွဲပေးခဲ့သည်။

## ရာပြည့် မန္တလေးစာအုပ်အရောင်းပွဲတော် ပြုလုပ်မည်

**စိုင်းသာအောင်**

**နေပြည်တော်၊ ဒီဇင်ဘာ - ၁၆**

ရာပြည့်မန္တလေး စာအုပ်တိုက်မှ ဒီဇင်ဘာ စာအုပ်အရောင်းပွဲတော်ကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ပိုင်ရှင်ကိုပုညဆွေက ပြောကြားသည်။

ရာပြည့် မန္တလေးစာအုပ်ဆိုင်အမှတ် (၁) ၃၅ လမ်း၊ ၇၂×၇၃ လမ်းနှင့် အမှတ် (၂) ၃၄ လမ်း၊ ၈၀ × ၈၁ လမ်းကြားတို့တွင် သုတ၊ ရသ စာအုပ်မျိုးစုံကို ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် ရောင်းချမည်ဖြစ်သည်။

အဆိုပါ စာအုပ်အရောင်းပွဲတွင် စာရေးဆရာလက်ာရည်ကျော် က ၎င်းရေးသားထုတ်ဝေထားသော စာအုပ် ၆ အုပ်ကို ဝယ်ယူသူများအား ကိုယ်တိုင်လက်မှတ်ရေးထိုးပေးသွားမည်ဖြစ်ပြီး ရေးသူ၊ ဖတ်သူ တွေ့ဆုံဆွေးနွေးပွဲလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

## မောင်တောမြို့နယ်တွင် ဈေးမီးလောင်မှုဖြစ်ပွား

**ရဲပန်ဇင်း**

**မောင်တော၊ ဒီဇင်ဘာ- ၂၁**

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် ဒုရှဇာကျေးရွာရှိ ကျေးလက်ဈေး၌ မီးလောင်မှုဖြစ်ပွားရာဈေးဆိုင်ခန်း ၃ ခန်းမီးလောင်ဆုံးရှုံးခဲ့ကြောင်းသိရသည်။ ယခုလ ၁ ရက်နေ့လယ် ၂ နာရီခွဲခန့်အချိန်၌ မောင်တောမြို့နယ်၊ ဒုရှဇာကျေးရွာ ကျေးလက်ဈေးတွင်ဆိုင်တည်ခင်းရောင်းချနေသူ မူစတာအာမက် ၅၀ နှစ်သည် ၎င်း၏ ဆိုင်ခန်းအတွင်း ဖယောင်းတိုင်မီးထွန်းထားရာမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးမှာအနီးရှိ ဆိုင်ခန်း ၃ခန်းသို့ ကူးစက်လောင်ကျွမ်းခဲ့ပြီး ဈေးသူဈေးသားများနှင့် ရွာသူရွာသားများငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၃ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် (၁၈×၁၄ ပေ)အမြင့် ၈ ပေရှိမြေစိုက်တိုက်ခန်း၊ သက်ငယ်မိုးဆိုင်ခန်း ၃ ခန်းမီးလောင်ခဲ့ပြီး ငွေကျပ် ၅၀,၀၀၀ ဖိုးခန့်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုအတွက် မောင်တောရဲစခန်းက (ပ)၂၂၅/ ၂၀၁၀၊ ပြစ်မှုပုဒ်မ-၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မွန်မြတ်ဆေးခန်း**
(မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ)
**လိင်အင်္ဂါအရေပြားရှည်ကုသခြင်း**
- အမျိုးသားလိင်တံထိပ်ဖုံးအရေပြားရှည်ခြင်းကို မဖြတ်၊ မခွဲစိတ်ရဘဲ ပုံမှန်ဖြစ်အောင် ကုသပေးသည်။
- ကုသချိန် ၁၅ မိနစ်မျှသာကြာသည်။
- ယခင်ခွဲစိတ်သည့် နည်းဟောင်းမဟုတ် ကုသမှုနည်းသစ်ဖြစ်သည်။
- ကလေး၊ လူကြီးအရွယ်မရွေး ကုသပါသည်။
**ကာလသားရောဂါ၊ ဝက်ခြံနှင့် အရေပြားရောဂါကုသခြင်း**
-ဂနိုညောင်းကျရောဂါများကို အချက်ကျကျ၊ ထိထိမိမိ အကျိုးအာနိသင်ရှိအောင် ကုသပေးသည်။ မိနစ် ၃၀ အတွင်း သက်သာစေပါသည်။ ညောင်ကျနာ၏ ရောဂါလက္ခဏာများမှာ (၁)ဆီးအမြန်သွားလိုခြင်း၊ (၂)ဆီးကျင်ခြင်း၊ (၃) ပြည်ယိုခြင်းတို့ဖြစ်သည်။ ဆီးလမ်းကြောင်းရောင်ရမ်းနာကျင်ခြင်းရောဂါများလည်း ကုသပေးသည်။
- (၁)အင်ပြင်(Urticaria)၊ (၂) ယားနာ (Psoriasis)၊ (၃) နှင်းခူ (Eczema) စသည့် ရောဂါတို့လည်း ကုသပေးသည်။
**ဆေးခန်းဖွင့်ချိန်- နံနက်(၉)နာရီမှ ညနေ (၆)နာရီအထိ**
**လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊**
**ဖုန်း–၀၁ ၂၂၅၅၃၂၊ ၀၉ ၅၁ ၉၆၅၁၈**

HAPPY PEST KILLER
ဟတ်ပီး ပိုးမွှားနှိမ်ဆေးသည် ...
- ဆေးဂန္ဓမာ (Pyrethrum) ဖြစ်၍ အန္တရာယ်မဖြစ်နိုင်ပါ။
- ဓာတ်ပြိုကွဲမှုမြန်ဆန်၍ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေပါ။
- ကြမ်းခင်း၊ နံရံ နှင့် ပရိဘောဂများကို အရောင်လွင့်ခြင်းမဖြစ်စေပါ။
- ဂျပိုး၊ ခြ၊ ပုရွက်ဆိတ်၊ ပိုးဟပ်၊ ခြင်၊ ယင်၊ မွှား၊ သန်း– အိမ်မွေးတိရိစ္ဆာန်တွင် စွဲကပ်သောပိုးမွှားများ– အပင်ရှိပိုးမွှားများ ကိုထိရောက်စွာ နှိမ်နင်းနိုင်ပါသည်။
- အနံ့အသက်၊ အရောင် စွန်းပေခြင်း မရှိပါ။



Super Market
များတွင် ဝယ်ယူရရှိနိုင်ပါသည်။
ပင်ရင်း အမှတ် ၄၃၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။
ဖုန်း – ၅၅၄၈၂၈၊ ၀၉ ၅၁၀ ၆၃၉၅၊ ၀၉ ၅၁၅ ၂၆၁၁၊ ၀၉ ၈၀ ၃၄၂၈၅

**ဝန်ထမ်းအလိုရှိသည်။**
(၁) **Marketing Manager** ကျား/မ ( ၂ ) ဦး
–ဘွဲ့ရ၊အသက်(၂၈)နှစ်မှ(၃၅)နှစ်ကြား၊လုပ်ငန်းအတွေ့အကြုံ (၃) နှစ်
–တာဝန်ယူနိုင်မှုရှိပြီးတိကျစွာလုပ်ဆောင်တတ်သူဖြစ်ရမည်။
(၂) **Marketing Supervisor** ကျား/မ ( ၂ ) ဦး
–ဘွဲ့ရ၊အသက်(၂၅)နှစ်မှ (၃၅)နှစ်ကြား၊လုပ်ငန်းအတွေ့အကြုံ (၂) နှစ်
Target ပြည့်မီအောင်လုပ်ဆောင်နိုင်ပြီး လူမှုဆက်ဆံရေးကောင်းမွန်ရမည်။
(၃) **Marketing** ကျား ( ၃ ) ဦး
–အသက်(၂၀)နှစ်မှ (၂၈) နှစ်ကြား
–အတွေ့အကြုံရှိပြီး၊နယ်ခရီးသွားနိုင်ရမည်။
လျှောက်ထားလိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း (သန်းခေါင်စာရင်း၊ မှတ်ပုံတင်၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ)(မိတ္တူ)၊ လိုင်စင်ဓါတ်ပုံ(၂)ပုံ နှင့်အတူ Apple Cosmetic Production Co., Ltd အမှတ်(၉၇၂/ခ)၊ သံသုမာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်သို့ (ရုံးချိန်အတွင်း) လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

Education
7 DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# နည်းပညာတက္ကသိုလ်(ရတနာပုံ)ဖွင့်လှစ်မည့်ရက် ကြေညာ



**သီဟ**

ရန်ကုန်၊ ဒီဇင်ဘာ-၂၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်အသက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(ရတနာပုံ ဆိုက်ဘာစီးတီး) ၂၀၁၀-၂၀၁၁ ပညာသင်နှစ်၏ ကျောင်းဖွင့်ရက်များအား ယနေ့ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ကြေညာချက်ထုတ်ပြန်ထားသည်။

အဆိုပါ တက္ကသိုလ်သည် ယခုနှစ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး Information Technology Science, Computer Enginnering, Electrical Engineering စသည့်ဘာသာရပ်များအပါအဝင် အင်ဂျင်နီယာ ဘာသာရပ် ငါးမျိုး သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းအား ယခုလ ၂၂ ရက်နေ့တွင် စတင်ဖွင့်လှစ်နေပြီဖြစ်ပြီးကျောင်းသားများအား ၂၉ ရက်နေ့အထိ နောက်ဆုံးသတင်းပို့ခြင်းကို လက်ခံသွားမည်ဖြစ်ကြောင်းကြေညာချက်တွင် ဖော်ပြထားသည်။

ယခုနှစ်စာသင်နှစ်အတွက် ကျောင်းသားများအား တက္ကသိုလ်ဝင်တန်းရမှတ် ၃၅၀ အထက်ရှိသူများ ဝင်ခွင့်စာမေးပွဲထပ်မံဖြေဆိုစေကာ ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# ပြည်ပတွင် ကျောင်းပြီး သော်လည်း နေထိုင် လုပ်ကိုင်ခွင့် ပိုခက်လာ



**နေလင်းထွန်း**

**မြန်မာ** ကျောင်းသား အများစုသည် ပြည်ပတက္ကသိုလ်၊ ကောလိပ်များသို့ အလုပ်အကိုင်အခွင့်အလမ်းအတွက် ဦးတည်၍ သွားရောက်ပညာသင်ယူလျက်ရှိကြသည်။ ပညာသင်ယူချိန်ကာလအတွင်း အလုပ်လုပ်ကိုင်ခွင့် ရရှိရန်မျှော်လင့်ကြသလို ကျောင်းပြီးချိန်တွင်လည်း ၎င်းနိုင်ငံတွင် ရေရှည်နေထိုင်အလုပ်လုပ်ကိုင်နိုင်ရန် ကြိုးပမ်းကြသည်။

ထို့ကြောင့် ကျောင်းသားများ၏ စိတ်ဝင်စားမှု အတက်အကျသည် သက်ဆိုင်ရာနိုင်ငံများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် လူဝင်မှုကြီးကြပ်ရေးမူဝါဒတို့ ပေါ်တွင် များစွာမူတည်လျက်ရှိသည်။

ယခုကာလအတွင်း မြန်မာကျောင်းသားများ သွားရောက်ပညာသင်ယူနေကြသော နိုင်ငံအချို့၌ နိုင်ငံတကာ ကျောင်းသားများ ပညာသင်စဉ်နှင့် ကျောင်းပြီးချိန်တွင် နေထိုင်အလုပ်လုပ်ကိုင်ခွင့်ဆိုင်ရာ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်။

ထိုအပြောင်းအလဲများကြောင့် မြန်မာကျောင်းသားအများစု သွားရောက်သော နိုင်ငံများတွင် ကျောင်းပြီးသည်နှင့် နေထိုင်လုပ်ကိုင်ခွင့် ရရှိရန် ယခင်ကထက် ပိုခက်ခဲလာသည်။

"ဒီမှာ နေထိုင်အလုပ်လုပ်ကိုင်ခွင့်နဲ့ ပတ်သက်ပြီး အပြောင်းအလဲ အကြီးကြီး ဖြစ်သွားတယ်။ ဒီမှာ ကျောင်းလာတက်ပြီး အမြဲတမ်းနေထိုင်ခွင့် လျှောက်ထားလိုတဲ့ မြန်မာကျောင်းသားတွေကို သတိပေးလိုပါတယ်။ ဒီက အပြောင်းအလဲတွေကို အသေအချာသိရှိထားဖို့ပါ" ဟု ဩစတြေးလျနိုင်ငံတွင် စာရင်းကိုင်ဘာသာရပ်နှင့် ဘွဲ့ရရှိထားပြီး အမြဲတမ်းနေထိုင်ခွင့်ရရှိရန် ကြိုးပမ်းနေသော မြန်မာကျောင်းသားတစ်ဦးက ပြောသည်။

ဩစတြေးလျနိုင်ငံတွင် နိုင်ငံတကာကျောင်းသားများ ဘွဲ့ရရှိပြီးချိန်တွင် လျှောက်ထားနိုင်သော ဗီဇာအမျိုးအစား၏ လိုအပ်ချက်များကို ပြောင်းလဲသတ်မှတ်လိုက်သည်။ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုအဆင့်အား မြှင့်တင်လိုက်ပြီး အခြားသတ်မှတ်အချို့လည်း ပြောင်းလဲသွားခဲ့သည်။

"ဘွဲ့ရပြီးချိန်မှာ Skill Graduate Visa က တစ်နှစ်ခွဲရတယ်။ သက်တမ်းတိုးလို့ မရဘူး။ အဲဒီကာလမှာ အလုပ်ရှာပေါ့။ အချိန်ပြည့်အလုပ်ရရင် အလုပ်အကိုင်ဗီဇာရတယ်။ ပြီးတော့ အမြဲတမ်းနေထိုင်ခွင့်လျှောက်လို့ရပါတယ်။ ဒီက အင်္ဂလိပ်စာ အကောင်းဆုံးဖြစ်အောင်ပြင်ဆင်သွားဖို့နဲ့ ကိုယ်အမှန်တကယ် စိတ်ဝင်စားတဲ့ ဘာသာရပ်ကို သွားရောက်သင်ယူသင့်ပါတယ်။ ကျောင်းသားတွေက ဟိုမှာ အလုပ်ရှာလွယ်မယ့် ဘာသာရပ်ကို ရွေးချယ်ကြတယ်။ ဒီမှာရင်းနှီးထားရတာကလည်း နည်းတာမဟုတ်ဘူးလေ"ဟု ဩစတြေးလျနိုင်ငံသို့ သွားရောက်ပညာသင်ယူနိုင်ရန် ဝန်ဆောင်မှုဆောင်ရွက်နေသူတစ်ဦးက ဆိုသည်။

ယခုနှစ်အတွင်း မြန်မာကျောင်းသားများ သွားရောက်ပညာသင်ယူရန် စိတ်ဝင်စားမှုမြင့်တက်ခဲ့သည့် ဗြိတိန်နိုင်ငံ၌လည်း ကျောင်းပြီးချိန်တွင် ထုတ်ပေးသည့် နေထိုင်ခွင့်ဗီဇာရရှိမှု ပိုမိုခက်ခဲလာကြောင်း ယူကေပညာရေးဝန်ဆောင်မှုတစ်ခု၏ တာဝန်ရှိသူက ပြောသည်။

"Tier 1 ဗီဇာက ၂ နှစ်ပေးတယ်။ အလုပ်ရရင် WP နဲ့ လုပ်ပေါ့။ ငါးနှစ်ကြာရင် PR လျှောက်လို့ရတယ်။ ၁၀ နှစ်ကြာရင် နိုင်ငံသားလျှောက်လို့ရတယ်။ Tier 1 ကို အရင်က HND ပြီးရင်ထုတ်ပေးတယ်။ နောက်ပိုင်းဒီဂရီဘွဲ့ပြီးမှ ထုတ်ပေးတယ်။ အခုနှစ်ကုန်ခါနီးမှာ Tier 1 ဗီဇာပေးတာလျှော့သွားတယ်။ မပေးသလောက်ဖြစ်နေတယ်။ အခုက စတာပြီးရင်ပေးမယ်ပြောတယ်။ အဆင့်ကတဖြည်းဖြည်းနဲ့ တက်လာတယ်။ ကျောင်းသားတွေ ပိုက်ဆံထပ်ကုန်မှာပေါ့။အခုဘွဲ့ရပြီးရုံနဲ့ ဟိုမှာနေထိုင်ခွင့် မသေချာတော့ဘူး။ တချို့လည်း စင်ကာပူရောက်သွားကြတယ်။ ပေါ်လစီအပြောင်းအလဲတွေကြောင့် အလုပ်အကိုင်လည်း ကျပ်လာတယ်" ဟု ၎င်းကဆိုသည်။

ဗြိတိန်နိုင်ငံတွင် နိုင်ငံတကာကျောင်းသားများ အခြေချနေထိုင်လာကြ၍ ရွှေ့ပြောင်းလုပ်သားပမာဏများပြားလာမှုကြောင့် ကျွမ်းကျင်သူများကိုသာ ကန့်သတ်လက်ခံသွားမည့် မူဝါဒကို ၎င်းနိုင်ငံများ ကျင့်သုံးလာလျက်ရှိကြောင်း အင်တာနက်သတင်းများအရ သိရသည်။

အလုပ်အကိုင်အခွင့်အလမ်းကြောင့် မြန်မာကျောင်းသားများ သွားရောက်ပညာသင်နေကြသော စင်ကာပူနိုင်ငံသည် ကျွမ်းကျင်လုပ်သားနေထိုင်ခွင့် အမြဲတမ်းနေထိုင်ခွင့်များနှင့်ပတ်သက်၍ အပြောင်းအလဲသတင်းများ ထွက်ပေါ်ခဲ့သည်။ မည်သို့ဆိုစေ စင်ကာပူနိုင်ငံသည်လည်း နေထိုင်ခွင့်အတွက် ပိုမိုယှဉ်ပြိုင်ရလျက်ရှိပြီး

စာ(၂၀)သို့

ပညာရေးသတင်းတိုများ

## ဟိုတယ်ပညာရေးဟောပြောပွဲ

**ဒီဇင်ဘာ-၂၄**

ဟိုတယ်လုပ်ငန်းတွင်ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် ပညာရေးဟောပြောပွဲကို ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ဇန်နဝါရီလ ၁၅ရက်နှင့် မန္တလေးမြို့ဆီဒိုးနားဟိုတယ်တွင် ဇန်နဝါရီလ၁၆ရက်၌ ကျင်းပသွားမည်ဟုသိရသည်။ ဟောပြောပွဲများအားနံနက်၁၀နာရီတွင်စတင်ပြုလုပ်မည်ဖြစ်ပြီး ဗြိတိန်နိုင်ငံရှိလန်ဒန်ဟိုတယ်ကျောင်းမှ ကျောင်းအုပ်ကြီးက လာရောက်ဆွေးနွေးမည်ဖြစ်ကာ စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်းသိရသည်။

## နိုင်ငံတကာလူငယ်အိုလံပစ်ပြိုင်ပွဲတွင် Horizon ကျောင်းသားများဆုရ

**ဒီဇင်ဘာ-၂၄**

၂၀၁၀ပြည့်နှစ်နိုင်ငံတကာလူငယ်သိပ္ပံ အိုလံပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံရှိ Horizonအင်တာနေရှင်နယ်ကျောင်းမှ ကျောင်းသားနှစ်ဦး ကြေးတံဆိပ်ရရှိခဲ့ကြောင်းသိရသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင်ကျင်း ခဲ့သောပြိုင်ပွဲတွင်နိုင်ငံပေါင်း ၃၆နိုင်ငံဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံမှ ကျောင်းသားသုံးဦး ပါဝင်ခဲ့ကြောင်းသိရသည်။

## စာရင်းကိုင်ဘာသာပညာသင်ဆု လျှောက်နိုင်

**ဒီဇင်ဘာ-၂၄**

စာရင်းကိုင်ဘာသာရပ်ကိုလေ့လာလိုသော ကျောင်းသားများအတွက် စင်ကာပူနိုင်ငံရှိ SSA GLOBAL EDUCATION တွင် ACCAနှင့်CAT ဘာသာရပ်များအား ပညာသင်ဆုလျှောက်ထားနိုင်ကြောင်းသိရသည်။ နိုင်ငံတကာမှကျောင်းသားများအားပေးအပ်သောပညာသင်ဆုဖြစ်ပြီး မြန်မာကျောင်းသားများအနေဖြင့် ဇန်နဝါရီလ၃ရက်မှ မတ်လ ၂၅ရက်အတွင်းလျှောက်ထားရမည်ဟုသိရသည်။

## ဘိလပ်မြေထုတ်လုပ်မှုအကြောင်း ဟောပြောပွဲကျင်းပမည်

**ဒီဇင်ဘာ-၂၄**

ဘိလပ်မြေထုတ်လုပ်မှုဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို လာမည့်ဇန်နဝါရီလ ၇ရက်တွင်ချက်ထရီရမ်ဟိုတယ်၌ ကျင်းပပြုလုပ်မည်ဟုသိရသည်။ ဟောပြောပွဲတွင်ပြည်ပမှပညာရှင်တစ်ဦး လာရောက်ဆွေးနွေးပြောကြားမည်ဖြစ်ပြီး ဘိလပ်မြေထုတ်လုပ်မှုဆိုင်ရာအကြောင်းအရာများကို ရှင်းလင်းဟောပြောမည်ဖြစ်ကြောင်း MY ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မနက်၈နာရီခွဲကစပြီးတစ်နေကုန်လုပ်မှာပါ။ ထိုင်းနိုင်ငံက ကုမ္ပဏီမှာလုပ်နေတဲ့ဒိန်းမတ်လူမျိုးပါ။ နိုင်ငံတော်ကဘိလပ်မြေစက်ရုံအသစ်တွေတည်ဆောက်ခွင့်ပြုနေတဲ့အတွက်ဘိလပ်မြေထုတ်လုပ်မှုနဲ့ပတ်သက်ပြီး ပိုမိုသိကျွမ်းလာစေဖို့ပါ"ဟု၎င်းကပြောသည်။

ဟောပြောပွဲတွင်ဘိလပ်မြေစက်ရုံတည်ထောင်ထားသူများ၊ တည်ထောင်ရန်ရည်ရွယ်ထားသူများနှင့်ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်နေသူများအားဖိတ်ကြားသွားမည်ဟုသိရသည်။

# LCCI စာရင်းကိုင်ဘာသာရပ်စာမေးပွဲဖြေဆိုသူတိုး

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၂**

မြန်မာမိန်းကလေးများ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အခွင့်အလမ်းကြောင့်လေ့လာသင်ယူနေကြသော LCCI စာရင်းကိုင်ဘာသာရပ်စာမေးပွဲဖြေဆိုသူအရေအတွက်သည် နှစ်စဉ်မြင့်တက်လျက်ရှိကြောင်းသိရသည်။

ယခုနှစ်အတွင်းLCCI စာရင်း ကိုင်ဘာသာရပ်ဖြေဆိုသူအရေအတွက်သည် ရန်ကုန်မြို့တွင် ၉,၅၄၇ဦး၊မန္တလေးမြို့တွင် ၂,၄၄၉ ဦး စုစုပေါင်း ၁၂,၃၃၆ဦးဝင်ရောက်ဖြေဆိုခဲ့ကြောင်း စာစစ်ဌာနဖြစ်သောဗြိတိသျှကောင်စီ(မြန်မာ)မှ သိရသည်။ ၄င်းစာမေးပွဲအား ၂၀၀၈ခုနှစ်တွင် ဖြေဆိုသူ ၁၀,၀၅၁ ဦး၊၂၀၀၉ ခုနှစ်တွင် ဖြေဆိုသူ ၁၂,၁၄၈ဦးရှိခဲ့သည်။ LCCI Level-3 အောင်မြင်ထားပါကပြည်တွင်း၊ပြည်ပကုမ္ပဏီများ၏ ဘဏ္ဍာရေးလုပ်ငန်းတွင် စီးပွားရေးဘွဲ့ရရှိထားသူများနှင့် အပြိုင်ဝင်ရောက်လုပ်နိုင်ခြင်း၊ အခြားနိုင်ငံတကာအသိအမှတ်ပြုလက်မှတ်နှင့်နှိုင်းယှဉ်လျှင် စာမေးပွဲကြေးသက်သာခြင်းတို့ကြောင့် စိတ်ဝင်စားဖြေဆိုနေသူမြင့်တက်နေခြင်းဖြစ်သည်။

ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့တွင် စစ်ဆေးနေသော LCCI စာမေးပွဲများကိုနှစ်စဉ် ဧပြီလ၊ ဇွန်လနှင့်နိုဝင်ဘာလတို့ကျင်းပလျက်ရှိပြီး စာမေးပွဲကြေးမှာ တစ်ဘာသာလျှင် Level-1အတွက် အမေရိကန်ဒေါ်လာ ၃၀၊ LCCI-2အတွက် အမေရိကန်ဒေါ်လာ ၃၅၊LCCI-3 အတွက် အမေရိကန် ဒေါ်လာ ၄၀ ပေးသွင်းရမည်ဖြစ်သည်။

## စာ – ၁၉၊ပြည်ပတွင်ကျောင်းပြီးသော်လည်းနေထိုင်လုပ်ကိုင်ခွင့်ပိုခက်လာ မှ

အမြဲတမ်းနေထိုင်ခွင့်အတွက် စောင့်ဆိုင်းရသော အချိန်သည် ပိုမိုကြာမြင့်လာကြောင်း လေ့လာသူများကသုံးသပ်သည်။

"ဟိုတုန်းက SP နဲ့ ခြောက်လပြီးရင် PR လျှောက်ရင်ရတယ်။ အခုတစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်ရှိပြီး မရတာရှိတယ်။ 'မင်းရဲ့ အရည်အချင်းက ငါ့နိုင်ငံအတွက် အရေးကြီးရင်ပေးမယ်'ဆိုတာမျိုး ဖြစ်လာတယ်" ဟု စင်ကာပူပညာရေးကျွမ်းကျင်သူက ပြောသည်။

အထက်ပါ နိုင်ငံများသည် လူဝင်မှုကြီးကြပ်ရေးနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းအသစ်များကို ပြုမူဆောင်ရွက်လာလျက်ရှိရာ ကျောင်းသားများအနေဖြင့်လည်း အတွေးအခေါ်အဟောင်းများကို ဆင်ခြင်သင့်ပြီး အပြောင်းအလဲသစ်များကို သိရှိနေရန်လိုအပ်ကြောင်း ပညာရေးလေ့လာသူတစ်ဦးက အကြံပြုသည်။

"လူတွေက ပညာရေးကိုထွက်ပေါက်တစ်ခုအနေနဲ့ ခုတုံးလုပ်လိုက်တာပါ။ တကယ်က ပညာတတ်ချင်လို့ မဟုတ်ဘူး။ အလုပ်လုပ်ချင်လို့ပါ။ ကျောင်းသားတွေအနေနဲ့ Skill(ကျွမ်းကျင်မှု)တွေ ပိုလိုလာပါပြီ။ ပညာရေးတစ်ခုတည်းနဲ့ မလုံလောက်တော့ဘူး။ ဒီဘွဲ့ရရင် အလုပ်ရမလားဆိုတဲ့ အတွေးအခေါ်က နိမ့်နေပါတယ်။ မြန်မာကျောင်းသားတွေက ဝီရိယအားသာတယ်။ ဗဟုသုတအားနည်းတယ်။ ရေခံ မြေခံကြောင့်လည်းပါမယ်" ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ကျောင်းသားများအနေဖြင့် ပြည်ပနိုင်ငံများတွင် မိမိကိုယ်ပိုင်အချိန်နှင့် ငွေကျပ်သိန်းရာကျော် ရင်းနှီးမြှုပ်နှံ၍ သွားရောက်ပညာသင်ယူပြီး နောက်ကျောင်းပြီးချိန်တွင် ၎င်းနိုင်ငံများတွင် ရပ်တည်နေထိုင် နိုင်ရန်ပိုမိုကြိုးပမ်းရတော့မည်ဖြစ်သည်။

"အခု ပုံမှန်အချိန်ပိုင်းအလုပ်ပဲ လုပ်နေတယ်။ PR (အမြဲတမ်းနေထိုင်ခွင့်) လျှောက်ထားတယ်။ ပေါ်လစီအသစ်ကြောင့် Skill (ကျွမ်းကျင်မှု)တွေ ပိုလိုအပ်နေတယ်။ အပြောင်းအလဲတွေကိုလည်း ကျွန်တော်အသေအချာ မသိဘူး။ ဒါပေမဲ့ အရင်ကထက် အရမ်းအရမ်း ခက်သွားတာတော့ သိတယ်" ဟု ဩစတြေးလျရောက် မြန်မာကျောင်းသားတစ်ဦးက ပြောသည်။


**ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူမြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည့်**

**အောင်ချမ်းမြေ့**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း**

**အမှတ်-၂၄၉ ပထမထပ်၊ ဗားဂရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။**

**(မြေနီကုန်း၊ ဂမုန်းပွင့်ကုန်တိုက်အနီး)**

**ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉၅၁၃၂၂၇၉ (Open 6:00 am to 9:00 pm) ပိတ်ရက်မရှိပါ။**

http://www.acmnursingtraining.com

- ပြည်တွင်း၊ပြည်ပ အတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ် (အငြိမ်းစား) များဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သောသူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ်ထုတ်ပေး၍ သင်ကြားမည်။ ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရရှိရန် ကူညီမည်။ ပြည်တွင်း၊ ပြည်ပအသုံးပြုနိုင်သော သင်တန်းဆင်းအောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
- ဘော်ဒါဆောင်ရှိပါသည်။ တန်းခွဲသစ်တစ်ခုလျှင် ၂၀ ယောက် သတ်မှတ်သည်။ တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းသွင်းနိုင်သည်။

**"အောင်" ပြီး "ချမ်းမြေ့"မှုတွေ ရရှိရန် "အောင်ချမ်းမြေ့"ကို လာခဲ့ပါ။**

**တစ်လပြတ် အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)**

အပတ်စဉ် (၁၄၆၈) ၃-၁-၂၀၁၁ စသင်မည်။ (စနေနှင့် တနင်္ဂနွေ နားရက်)

အပတ်စဉ် (၁၄၆၉) ၆-၁-၂၀၁၁ စသင်မည်။ (စနေနှင့် တနင်္ဂနွေ နားရက်)

**နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)**

အပတ်စဉ် (၁၄၇၀) ၃-၁-၂၀၁၁ စသင်မည်။ (တနင်္လာနှင့် အင်္ဂါသင်)

အပတ်စဉ် (၁၄၇၁) ၆-၁-၂၀၁၁ စသင်မည်။ (ကြာသပတေးနှင့် သောကြာသင်)

အပတ်စဉ် (၁၄၇၂) ၈-၁-၂၀၁၁ စသင်မည်။ (စနေ နှင့် တနင်္ဂနွေ သင်)

**အထက်ဖော်ပြပါ လပြတ်သင်တန်းများအတွက် သင်ကြားနိုင်သည့်အချိန်များ**

(I) 06:30 am to 08:30 am (V) 01:30 pm to 03:30 pm

(II) 07:30 am to 09:30 am (VI) 04:30 pm to 06:30 pm

(III) 09:30 am to 11:30 am (VII) 05:30 pm to 07:30 pm

(IV) 12:30 pm to 02:30 pm (VIII) 06:30 pm to 08:30 pm

**နိုင်ငံတကာအဆင့်မီ ဒီပလိုမာသင်တန်းများ**

**(I) သုံးလဒီပလိုမာသင်တန်းများ (တစ်ပတ်ငါးရက်သင်)**

အပတ်စဉ်(၁၄၇၃) ၃-၁-၂၀၁၁ စသင်မည်။ (စနေ နှင့်တနင်္ဂနွေ နားရက်)

အပတ်စဉ်(၁၄၇၄) ၆-၁-၂၀၁၁ စသင်မည်။ (စနေ နှင့်တနင်္ဂနွေ နားရက်)

09:30 am to 03:30 pm

**(II) ခြောက်လဒီပလိုမာသင်တန်းများ (တစ်ပတ်ငါးရက်သင်)**

အပတ်စဉ်(၁၄၇၅) ၃-၁-၂၀၁၁ စသင်မည်။ (စနေ နှင့်တနင်္ဂနွေ နားရက်)

အပတ်စဉ်(၁၄၇၆) ၆-၁-၂၀၁၁ စသင်မည်။ (စနေ နှင့်တနင်္ဂနွေ နားရက်)

09:30 am to 03:30 pm

***မှတ်ချက် - အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မှ သင်တန်းခွဲမရှိပါ***


# သင်တန်းကြေးတစ်လကျပ်သိန်းချီပေးရသော HRD သင်တန်းများဖွင့်မည်



**ရန်ကုန်၊ ဒီဇင်ဘာ- ၁၇**

ဗြိတိန်နိုင်ငံရှိ Themes Valley University နှင့်ချိတ်ဆက်၍ Noble College အမည်ဖြင့် ပြည်တွင်း၌ HND (Higher National Diploma) သင်တန်းများဖွင့်လှစ်သင်ကြားသွားရန်စီစဉ်လျက်ရှိကြောင်း နဝရတ်ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှတာဝန်ရှိသူကပြောသည်။

အဆိုပါသင်တန်းအား လာမည့်နှစ်ဇွန်လတွင် ဖွင့်လှစ်ရန်ပြင်ဆင်လျက်ရှိပြီး အတန်းနှစ်တန်းခွဲ၍သင်ကြားမည်ဟုသိရသည်။

"Noble College လို့လောလောဆယ်နာမည်ပေးထားတယ်။ ရှစ်တန်းအောင်ကျောင်းသားကစပြီး လက်ခံမယ်။ လေးနှစ်တက်ရမယ်။ ဆယ်တန်းဖြေပြီးထားရင်တော့ ဝင်ခွင့်အရင်စစ်ပြီး ၂နှစ်တက်ရမှာပါ။ စာမေးပွဲမရှိပါဘူး" ဟု အထက်ပါတာဝန်ရှိသူကပြောသည်။

သင်တန်းကြေးအနေဖြင့် တစ်လလျှင်ကျပ်နှစ်သိန်းမှ ကျပ်သုံးသိန်းကုန်ကျရှိမည်ဖြစ်ပြီးThemes Valley University မှသင်ရိုးညွှန်းတမ်းကိုသင်ကြားမည်ဟုသိရသည်။

၎င်းသင်တန်းတက်ရောက်ပြီးပါက ဗြိတိန်နိုင်ငံရှိတက္ကသိုလ်၊ ကောလိပ်အချို့တွင် သွားရောက်ပညာသင်ယူနိုင်ကြောင်း သိရသည်။

ယခုနှစ်အတွင်းပြည်တွင်း၌ နိုင်ငံခြားတက္ကသိုလ်များနှင့်ချိတ်ဆက်ဆောင်ရွက်သောသင်တန်းကျောင်းများတိုးပွားလာခဲ့ရာ လာမည့်နှစ်တွင်လည်း ပိုမိုများပြားလာဖွယ်ရှိကြောင်း ပညာရေးလေ့လာသူများကသုံးသပ်ကြသည်။


**Vacancy Announcement**

**(For Local Service Only)**

**We are one of the leading and well-established Company in Myanmar engaged in Pharmaceutical & Consumer Product distribution. In line with it expansion plan the company is seeking dynamic, highly result oriented professional people to take the role in our company.**

**Consumer Division – Yangon Head Office and Mandalay Branch**

**Area Sales Manager (Male)**

- University Graduate
- Must have at least 3 yrs of experiences in FMCG sales in managerial position
- Must have the knowledge of teritiritory management, target setting, time management ,etc:
- Must have the good relationship with the trades
- Good interpersonal skill, can lead the whole sales team
- Proactive, aggressive, must be good motivator as well as team driver.
- Good personality , age 30 and above

**Sales and Marketing Executives (Male/Female)**

- University graduate
- Having sales & marketing diploma is a plus
- At least 2 years experience in sales & marketing field
- Must have the knowledge of modern trade channel management
- Must have excellent relationship with the modern trades
- Good interpersonal skill, leadership skill
- Good personality, age 30 and above

**Sales Supervisor (Male)**

- University graduate
- At least 2 years experiences in FMCG retail sales
- Must have the experiences in dealer channel
- Must have experiences in retail &wholesales
- Have driving license and age between 25 to 35 years
- Good personality

**Sales Rep/Merchandisers**

- University graduate
- Experiences in FMCG sales& marketing
- Have driving license is a plus.
- Under 30 yr of age and good personality

We offer very competitive salary for the right person. Please sent your CV stating qualification, experience, expected salary, one recent photo and copy of labour registration card with contact phone number or mail or fax to the under mention address before (15.1.2011).

**Yangon Office : Human Resource Department**

No 39(A)/40, Yan Naing Swe 2nd Street, Thaketa Industrial Zone, Thaketa Township.

**Mandalay Branch : Human Resource Department**

No(Sa 41-42), 9th Street, Kwesaekan,Chan Mya Thar Yar Qtr, Pyigyitagune Township,Mandalay

Technology
7 DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# ကျပ်ငါးသိန်းတန်ဖုန်းအချို့ အမျိုးအစားမတူသော ဖုန်းအိမ်ပြောင်းသုံးပြီးပါက လိုင်းကြောင်းတတ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၂**

ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းကတ်များကို CDMA 450 MHz ဖုန်းအိမ်များသို့ ပြောင်းလဲသုံးပါက ယခင် CDMA 800 MHz ဖုန်းအိမ်ထဲသို့ ပြန်ထည့်၍ အသုံးမပြုနိုင်ဘဲ ဖုန်းကတ်ကြောင်ခြင်းများဖြစ်ပေါ်တတ်ကြောင်း ကိုယ်တိုင်ကြုံတွေ့သူများက ပြောသည်။

ယင်းကဲ့သို့ ဖုန်းကတ်ပျက်စီး၍ CDMA 800 MHz ဟန်းဆက်အတွင်း၌ ပြန်လည်အသုံးပြုလိုပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် ကတ်အသစ်ဖြင့် ပြန်လည်လဲယူနိုင်သော်လည်း ကတ်လဲခမှာ ကျပ်တစ်သိန်းကုန်ကျကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

“ကျွန်တော်က အထိုင် စီဒီအမ်အေ ၈၀၀ ဖုန်းထဲကနေ ၄၅၀ ဟန်းဆက်ထဲ ထည့်သုံးတုန်းကရတယ်။ ၈၀၀ ဟန်းဆက်ထဲ ပြန်ထည့်တော့ သုံးလို့မရတော့ဘူး။ အခု သုံးဦးလောက်ရှိပြီ ဒီလိုဖြစ်တာ”ဟု မိုဘိုင်းဆိုင်ဝန်ထမ်းတစ်ဦးက ပြောသည်

ထို့ကြောင့် ဟန်းဆက်လဲ၍ အသုံးပြုလိုသူများမှာ ကတ်ပျက်စီးမှုများ ကြုံတွေ့နိုင်၍ သတိထားသုံးစွဲသင့်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယခင်အသုံးပြုသော CDMA 800 MHz ဟန်းဆက်အတွင်း ပြန်လည်အသုံးပြု၍မရခြင်းမှာ ဟန်းဆက်အရည်အသွေး ကွာဟမှုကြောင့်ဖြစ်နိုင်သည်ဟု မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းရောင်းချသူတစ်ဦးက ပြောသည်။

“လဲသုံးတာက ကျွန်တော်တော့ ရနေတယ်။ ကတ်ပျက်တာတွေက အရင်ဟန်းဆက်၊ နောက်ဟန်းဆက်ရဲ့ ဆားကစ်ပြားကွာဟချက်ကြောင့် အားသွင်းတဲ့အချိန်မှာ ဆားကစ်လည်ပတ်မှု မတူတာကြောင့် ကတ်ကြောင်တာဖြစ်နိုင်တယ်” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။



ကျပ်ငါးသိန်းတန်ဖုန်း အသုံးပြုနေသူတစ်ဦး။ ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

ထို့အပြင် ကျပ်ငါးသိန်းတန်ဖုန်းအိမ်များနှင့်ပတ်သက်၍ အခြားပြဿနာတစ်ခုမှာ ထိုဖုန်းများအတွက် ဈေးသက်သာသော ဖုန်းအိမ်များစွာရှိသော်လည်း ထိုဖုန်းအိမ်များမှာ အကြောင်းအမျိုးမျိုးကြောင့်ချို့ယွင်းပါက ပြင်မရခြင်းဖြစ်ပေါ်တတ်သည်။ ဈေးသက်သာပြီး အမြင်လှပသည့် ဖုန်းအိမ်များကို ကြိုက်နှစ်သက်သူများမှာ ထိုဖုန်းအိမ်များပျက်လျှင် ပြင်မရသည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရတတ်ကြောင်းသိရသည်။ အဆိုပါ ဖုန်းအမျိုးအစားအများစုမှာ တရုတ်နိုင်ငံမှ ဝင်ရောက်လာခြင်းဖြစ်ကြောင်းဈေးကွက်ကျွမ်းကျင်သူများကပြောသည်။

ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းသုံးစွဲသူ အများစု၌ ကျပ်တစ်သိန်းဝန်းကျင် ဟန်းဆက်သုံးစွဲသူ ၅၀ ရာခိုင်နှုန်း၊ ကျပ်တစ်သိန်းအောက် ဟန်းဆက်သုံးစွဲသူ ၄၀ ရာခိုင်နှုန်းရှိပြီး ကျပ်နှစ်သိန်းဝန်းကျင်သုံးစွဲသူ ၃၀ ရာခိုင်နှုန်းဝန်းကျင်သာရှိကြောင်း ဖော်ပြပါပုဂ္ဂိုလ်များက ပြောသည်။

# လုံခြုံရေးကင်မရာများကြောင့် အင်တာနက်အသုံးပြုသူများ အခက်တွေ့ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊**
**ဒီဇင်ဘာ- ၂၂**

ရန်ကုန်မြို့တွင်ဖွင့်လှစ်ထားသည့် အင်တာနက်ဆိုင်များတွင် လုံခြုံရေးကင်မရာများ (CCTV) များ တပ်ဆင်ပြီးနောက်ပိုင်းတွင်ထိုဆိုင်များ၌ အင်တာနက်အသုံးပြုသူများမှာ ယခင်ကကဲ့သို့ လွတ်လပ်စွာသုံးစွဲနိုင်ခြင်းမရှိတော့ကြောင်း သုံးစွဲသူများကဆိုသည်။

“အခုလိုစီစီတီဗီတပ်တာကတော့ သုံးစွဲသူတွေရဲ့ လုံခြုံရေးအတွက်လို့ပြောတယ်။ ဒါပေမဲ့ ခုလိုကိုယ်ကအင်တာနက်သုံးနေတယ်။ဒါပေမဲ့ ကိုယ့်ရဲ့လှုပ်ရှားမှုတိုင်းကို မှတ်တမ်းတင်နေတဲ့ စီစီတီဗီတွေက ပတ်ပတ်လည်မှာဆိုတော့ ဘယ်လိုစိတ်မျိုးနဲ့ သုံးလို့ရတော့မှာလဲ။ တခြားသူတွေ အနှောင့်အယှက်ဖြစ်စေမှာတွေကို မလုပ်ပေမယ့် ကိုယ်သုံးနေတဲ့အကြောင်းအရာတွေထဲမှာ လူမှုရေး၊ ကျန်းမာရေးနဲ့ ပုဂ္ဂိုလ်ရေးကိစ္စတွေ ပါနေတော့ အဆင်မပြေဘူး။ သုံးစွဲသူတွေလုံခြုံရေးအတွက်ဆိုရင် အဝင်အဝမှာသေသေချာချာစစ်ဆေးမယ့် လုံခြုံရေးဝန်ထမ်းတွေကိုထားပေးလိုက်ရင် ဒါမှမဟုတ် ကိုယ့်ဝန်ထမ်းတွေကိုပဲ သုံးစွဲသူတွေရဲ့ လုံခြုံရေးအတွက်ဆိုပြီး စစ်ဆေးပေးခိုင်းတာမျိုးက ပိုပြီးအသင့်တော်ဆုံးဖြစ်မယ်လို့ထင်ပါတယ်” ဟု ရန်ကုန်မြို့တွင်နေထိုင်ပြီး အင်တာနက်ဆိုင်များတွင် ပုံမှန်အင်တာနက်အသုံးပြုနေသူ အသက် ၂၅ နှစ်အရွယ် ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးက ဆိုသည်။

ယခုကဲ့သို့ အင်တာနက်ဆိုင်များတွင် လုံခြုံရေးကင်မရာများ တပ်ဆင်ထားသည့် နောက်ဆက်တွဲ အကျိုးဆက်များအနေဖြင့် သုံးစွဲသူများဘက်မှ အဆင်မပြေမှုများပေါ်ပေါက်လာရာ အချို့သောဆိုင်များတွင်မူ ဝန်ထမ်းအင်အားကိုသာ အသုံးပြုပြီး သုံးစွဲသူများ၏ လုံခြုံရေးကိစ္စအတွက် ဆောင်ရွက်မှု ပြုလုပ်လာကြကြောင်းလည်း စုံစမ်းသိရှိရသည်။

“ ကျွန်တော်တို့ဆိုင်ကတော့ လုံခြုံရေးကင်မရာမသုံးဘူးဗျ။ ဘာဖြစ်လို့လဲဆိုရင်ကိုယ်ကအင်တာနက်သုံးနေတဲ့အခါမှာ ဘယ်သူကမှတော့ ကိုယ်သုံးနေတဲ့အချက်အလက်တွေကို တခြားသူကိုမသိစေချင်ဘူး။ ဒါကြောင့်လည်း ဆိုင်တိုင်းမှာ ကွန်ပျူတာတစ်လုံးစီကို အကန့်တွေလုပ်ပေးထားတာ။ ဒါပေမဲ့ ခုလိုစီစီတီဗီဆိုတာကြီးကို သုံးစွဲသူတွေရဲ့ ခေါင်းထဲမှာရောက်နေတော့ သူတို့တွေသုံးရတာအဆင်မပြေဘူး။ အမှန်တကယ်သုံးစွဲသူတွေကတော့ အခြားကိစ္စဘာမှလုပ်မှာမဟုတ်ဘူး။ တစ်ခုပဲ သူတို့ရဲ့ အင်တာနက်သုံးနေတဲ့ အကြောင်းအရာတွေကို တခြားသူတွေမသိစေချင်တာဘဲ။ ဒါကလည်း အလုပ်ကိစ္စပါမယ်။ လူမှုရေးကိစ္စတွေပါမယ်ဆိုတော့အဆင်မပြေဘူး။ ဒါကြောင့် ကျွန်တော်တို့ဆိုင်ကတော့ သုံးစွဲသူတွေအတွက် လုံခြုံရေးကင်မရာမတပ်ဘဲ ရှိတဲ့ဝန်ထမ်းတွေနဲ့ပဲ လုံခြုံရေးကိုစိစိစစ်စစ်လုပ်ပေးနေပါတယ်” ဟု ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၌ဖွင့်လှစ်ထားသော အင်တာနက်ဆိုင်များတွင် စီစီတီဗီကင်မရာများတပ်ဆင်ခြင်းကိစ္စနှင့် ပတ်သတ်ပြီး အထက်ပါအတိုင်း ဆိုသည်။

# Amazon အွန်လိုင်းစတိုးတွင်ရောင်းသမျှ ပြည်တွင်းအွန်လိုင်းစတိုးတွင် ဝယ်နိုင်တော့မည်

**ယုဇနကိုကို**

**ရန်ကုန်၊ဒီဇင်ဘာ- ၁၉**

မြန်မာနိုင်ငံ၏ ပထမဦးဆုံး အွန်လိုင်းစတိုးဖြစ်သည့် ရန်ကုန်အွန်လိုင်းစတိုးတွင် အမေရိကန်နိုင်ငံမှ ကမ္ဘာကျော်အွန်လိုင်းဈေးဝယ်စတိုးဖြစ်သည့် Amazon အွန်လိုင်းစတိုးတွင် ရောင်းချသမျှပစ္စည်းတိုင်းကိုစတင်ဝယ်ယူနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါအွန်လိုင်းစတိုး၏အထွေထွေမန်နေဂျာထံမှ သတင်းရရှိသည်။

ယင်းကဲ့သို့ အမေရိကန်နိုင်ငံ၏ ထိပ်တန်းအွန်လိုင်းဈေးဝယ်စတိုးဖြစ်သည့် Amazon တွင် ရောင်းချသည့် ပစ္စည်းများကိုဝယ်ယူသည့်အခါ လက်ရှိပြည်တွင်းတွင် ရောင်းချနေသည့် ဈေးနှုန်းများထက်ပိုမိုသက်သာမည်ဖြစ်ကြောင်း သိရသည်။

“အဓိကဝန်ဆောင်မှုပေးဖြစ်တာက အိုင်တီပစ္စည်းတွေပါ။ လူသုံးကုန်ပစ္စည်းမှန်သမျှ အကုန်မှာပေးပါတယ်။ ဥပဒေနဲ့မလွတ်ကင်းတဲ့ပစ္စည်းတွေကလွဲလို့”ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

အဓိကအားဖြင့် Amazon.com တွင်ရရှိသည့် မည်သည့် အိုင်စီတီပစ္စည်းကိုမဆို ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

ယင်းကဲ့သို့ ရန်ကုန်အွန်လိုင်းစတိုးမှတစ်ဆင့် ပြည်ပနိုင်ငံများမှ မည်သည့်ပစ္စည်းအမျိုးအစားကိုမဆို ဝယ်ယူလိုသူများအနေဖြင့် စတင်မှာယူသည့်နေ့တွင်ပင် ဝယ်ယူမည့်ပစ္စည်းတန်ဖိုး၏သုံးဆယ်ရာခိုင်နှုန်းကိုပေးချေရမည်ဖြစ်သည်။






LG
Life's Good

# LG DEALER CONFERENCE နှင့်

# FULL LED Slim 3D TV

# မိတ်ဆက်ပွဲကျင်းပခြင်း

Full LED Slim 3D TV ကုန်စည်သစ်မိတ်ဆက်ပွဲနှင့် ဒုတိယအကြိမ်မြောက် LG Dealer Conference အခမ်းအနားကို ၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ (၁၄)ရက်နေ့ ညနေ(၆)နာရီတွင် ရန်ကုန်မြို့ Traders Hotel (Ball room)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါပွဲတွင် LG ၏ ကမ္ဘာပေါ်တွင်ပထမဆုံး တီထွင်နိုင်ခဲ့သော နောက်ဆုံးပေါ်နည်းပညာသစ် Full LED Slim 3D TV ကို ကြည့်ရှု ခံစားနိုင်စေရန် ရည်ရွယ်ပြသထားပြီး မကြာမီ မြန်မာနိုင်ငံဈေးကွက်တွင် စတင်ရောင်းချတော့မည် ဖြစ်ပါသည်။




LG Full LED Slim 3D TV ၏ ထူးခြားချက်မှာ နောက်ဆုံးပေါ် LED Slim နည်းပညာ၏အစွမ်းကြောင့် ဇာတ်လမ်းဇာတ်ကွက်များအတွင်းကိုယ်တိုင်ကိုယ်ကျရောက်ရှိသွားသည့်ခံစားမှုမျိုးရရှိစေမည့်အပြင်အလှန်ပါးသောဘောင်မဲ့ဒီဇိုင်း(Borderless Design)ဖြစ်၍ သေသပ်ခန့်ငြားလှပစတိုင်ကျပါသည်။ ထို့ပြင် Full HD 1920 x 1080p , Contrast Ratio 10,000,000:1 , Response Time 1 ms , Tru Motion 480Hz/400Hz စသည်တို့ကြောင့် အထူးကြည်လင်ပြတ်သားသော ရုပ်ပုံထွက်ရှိမှုကို ခံစားနိုင်မည်ဖြစ်ပါသည်။

ထို့နည်းတူစွာ Energy Saving Mode ပါဝင်သဖြင့်စွမ်းအင်သုံးစွဲမှုကို (76%)အထိချွေတာနိုင်၍ ကုန်ကျစရိတ်ကို သက်သာစေရုံသာမက Net Cast, DLNA, Wireless AV Link, 4x HDMI V1.3, 2xUSB 2.0, Divx HD စသည်တို့ပါဝင်သဖြင့် လွယ်ကူစွာ ချိတ်ဆက်သုံးနိုင်သကဲ့သို့ RGB အဝင်လိုင်းပါရှိခြင်းကြောင့် ကွန်ပျူတာမော်နီတာအဖြစ် ချိတ်ဆက်အသုံးပြုနိုင်ပါသည်။




ထို့ပြင် LG မှ ကျန်းမာရေးအတွက်အထောက်အကူပြု Health Plus ကုန်ပစ္စည်းများကိုလည်း အဆိုပါပွဲတွင် ပြသခဲ့ပါသည်။ LG Health Plus Inverter လေအေးပေးစက်၏ လေစစ်ဇကာများသည် လေထုအတွင်းရှိ H1N1 အပါအဝင် အခြားရောဂါပိုးမွှားများကို 99.9%အထိ ဖယ်ရှားနိုင်ပါသည်။ LG Health Plus အဝတ်လျှော်စက်များသည်လည်း အဝတ်အထည်များတွင်ကပ်ငြိနေသောရောဂါပိုးမွှားများကို 99.9% အထိဖယ်ရှားနိုင်ပြီး အထူး သန့်ရှင်းစင်ကြယ်စေပါသည်။

LG အရောင်းကိုယ်စားလှယ်များထဲမှ ရောင်းအားအကောင်းဆုံးသူများကိုရွေးချယ်၍ 2010 World Cup သို့ ပို့ဆောင်ပေးခဲ့သကဲ့သို့ ယခုနှစ်အတွက် စိတ်ဝင်စားဖွယ် ကနေဒါခရီးစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ထားပါသည်။

LG လျှပ်စစ်ပစ္စည်းများကို ဝယ်ယူလိုပါက မော်ပြပါ LG Showroom များနှင့် အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်များ ထံတွင် ပစ္စည်းမှန်၊ ဈေးမှန်အာမခံဖြင့် ဝယ်ယူနိုင်သကဲ့သို့ တဆင့်ပြန်လည်ရောင်းချလိုပါကလည်း TMW Enterprise Ltd., အမှတ်(၉၀)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၄၀၀၇၇၁၊ ၄၀၀၇၇၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



**LG Showroom များနှင့် အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။**

ရန်ကုန်အရောင်းပြခန်း (၁) ၁၂၃၊ဆူးလေဘုရားလမ်း၊ကျောက်တံတားမြို့နယ်၊ဖုန်း - ၀၁ - ၃၇၉၉၅၅၊ ရန်ကုန်ရောင်းပြခန်း (၂) - ၅၆၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်၊ဖုန်း - ၀၁ - ၅၄၄၆၆၄
ဝေယံအရောင်းပြခန်း(၁) - ၁၆၂/၄၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ ဖုန်း - ၀၁ - ၂၅၄၅၅၉ဝေယံအရောင်းပြခန်း(၂) - ၉၀၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း - ၀၁ - ၄၀၀၇၇၁၊
မော်တင်အရောင်းပြခန်း - Junction Center မော်တင်၊ အနော်ရထာလမ်းနှင့် လမ်းသစ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ဖုန်း - ၀၁ - ၂၁၈၁၅၂ လိုင်းခွဲ - ၁၃၀၂
မန္တလေးအရောင်းပြခန်း -TMW Tower ၃၅၂၊၃၀လမ်းနှင့်၈၂လမ်းထောင့်၊ချမ်းအေးသာဇံမြို့နယ်၊ဖုန်း - ၀၂ - ၇၂၅၈၁၊ နေပြည်တော်အရောင်းပြခန်း - အမှတ် - ၁၅၁/၁၅၃၊သီရိရတနာ အဆောင်မြင့်ဈေး၊
ဖုန်း - ၀၆၇ - ၄၂၀၇၉၁ တောင်ကြီးအရောင်းပြခန်း - အမှတ် - ၉၃၊ဗိုလ်ချုပ်အောင်ဆန်းလမ်း၊မြို့မရပ်ကွက်၊ ဖုန်း - ၀၈၁ - ၂၂၈၅၇၊ ပြည်မြို့အရောင်းပြခန်း ၃၂၊လမ်းမတော်လမ်း၊ဖုန်း - ၀၅၃ - ၂၄၉၉၇

7DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# Commodity Watch

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) Processor | 61,900 |
| Intel P4 Dual Core 3.2 (E 6700) Processor | 71,900 |
| Intel P4 Core 2 Quad 2.66 GHz (Q9400) (775) Processor | 179,300 |
| Intel P4 Core i3 3.06 GHz (540) (1156) Processor | 102,800 |
| Intel P4 Core i7 2.8 Ghz (860) (1156) Processor | 262,100 |
| **Motherboard** | |
| MSI P41-C33 (775) Motherboard | 57,300 |
| MSI G41 TM-P33 (775) Motherboard | 57,300 |
| MSI P43- C51 (775) Motherboard | 71,900 |
| MSI P55A-GD65 (1156) Motherboard | 166,500 |
| ASUS P7H55D-USB3 (775) Motherboard | 110,100 |
| ASUS P7P55-LX (1156) Motherboard | 105,600 |
| ASUS P5P41T-LE (775) Motherboard | 75,500 |
| ASUS P5G41T-MLX (775) Motherboard | 57,300 |
| Gigabyte H57M-USB3 (1156) Motherboard | 126,500 |
| Gigabyte EP43T-UD3L (1156) Motherboard | 89,200 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 21,800 |
| 2 GB DDR2 (800) Kingston Memory | 38,200 |
| 2 GB DDR3 (1333) Kingston Memory | 29,100 |
| **Harddisk** | |
| 500 GB Seagate SATA | 39,000 |
| 1TB Seagate SATA | 49,000 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 88,300 |
| MSI N 220GT-MD1GB OC/D3 1GB PCI Express Card | 76,400 |
| MSI R5750-PM-2D 1GB PCI Express Card | 142,900 |
| ASUS EAH 5450 1GB PCI Express Card | 69,200 |
| ASUS ENGT 210 1GB PCI Express Card | 65,500 |
| ASUS EAH 4350 512 MB PCI Express Card | 41,000 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 132,000 |
| Gigabyte Geforce 220OC 1GI 1GB PCI Express Card | 82,800 |
| Gigabyte Geforce 8400GS 512MB PCI Express Card | 36,400 |
| **Memory Stick** | |
| Memory Stick Toshiba 4GB | 11,000 |
| Memory Stick Toshiba 8GB | 17,000 |
| Memory Stick Kingston 2GB | 7,500 |
| Memory Stick Kingston 8GB(101) | 19,500 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick SanDisk 2GB | 8,500 |
| Memory Stick SanDisk 4GB | 10,000 |
| Memory Stick SanDisk 16GB | 31,000 |
| Memory Stick Imation 4GB | 9,600 |
| **UPS** | |
| SVC (600VA) | 27,800 |
| Power Pro (650VA) | 34,500 |
| Allways (650VA) | 32,000 |
| STAR (650 VA) | 29,100 |
| Power Tree (650VA) | 39,000 |
| Orient (650 VA) | 34,600 |
| Orient (1.2KVA) | 60,100 |
| **DVD Writer** | |
| Sony (SATA) | 27,300 |
| ASUS (SATA) | 29,100 |
| **အိတ်ဆောင်တိပ်ငှကအဘိတန်** | 150,000 |

Technoland ဆိုင်မှ ဒီဇင်ဘာ(၂၅) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Dual Core 2.3Ghz 1GB DDR2,320GB HDD,14.0″ | 427,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3″ | 980,000 |
| **Asus** | |
| Intel Core i5 2.67Ghz 4GB DDR3,500 GB HDD,14.0″ | 1,114,000 |
| **HP** | |
| Intel Corei3 2.13Ghz 3GB DDR3,250GB HDD,14.0″ | 700,000 |
| **Gigabyte** | |
| Intel Atom 1.66Ghz 1GB DDR2,250GB HDD,10.1″ | 303,000 |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.0″ | 573,000 |
| **Lenovo** | |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.1″ | 517,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 215,000 |
| LG(LCD) | 22LH15R | 250,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၂၄) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၄,၉၉၀ |
| ဘိလပ်မြေ (Insee) (Blue Lion) | တစ်အိတ် | ၄,၇၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၆ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၃၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၅၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၄၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၂၄)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၈,၀၀၀-၉,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၄၀၀-၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၁,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၂၀၀-၃,၃၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၃,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဒီဇင်ဘာ (၂၅) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၁၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၄၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၇၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀-၉၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၅၀၀-၄,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၆၇၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၈၀၀-၅,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၃,၄၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၈၀၀-၄,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၇၀၀-၆,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၃၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၂,၅၀၀-၁၉,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၆၀၀-၂,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၇,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၂၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၄၀၀-၁,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

ဒီဇင်ဘာ(၂၃)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| နစ်ဆန်းစူပါဆလွန်း | ၈၆ | လ/သ/အ | ၁၇၀ |
| စူဇူကီး ဝက်ဂွန် $R^+$ | ၂၀၀၀ အထက် | ၂ဂ | ၂၆၀ |
| စူဇူကီး ဝက်ဂွန် $R^+$ | | စတိ | ၂၇၀ |
| စူဇူကီး$R^-$ (2 Way) | - | ၂ဂ | ၁၃၀ |
| တိုယိုတာ (လီမိတက်) | ၈၈ | ၉က | ၂၇၀ |
| မတ်တူး | ၉၀ | ၁ဂ | ၄၅၀ |
| **မတ်တူး(ခာတ်ဆီ) ရွှေငါး** | ၂၀၀၂ | ၄ဂ | ၈၀၀ |
| တိုယိုတာဗင် (ခာတ်ဆီ) | ၈၈ | ၉က | ၃၀၀ |
| ပါဂျဲရိုး | ၉၆/၉၇ | ၂ခ | ၈၅၀ |

ဒီဇင်ဘာ(၂၄) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှဈေးနှုန်းများ

| | Dec(18) | Dec (19) | Dec(20) | Dec(21) | Dec(22) | Dec(23) | Dec(24) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |
| Octane ဒီဇယ် | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ |
| Premier ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |

7 DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

**ဝါး** ချွန်တံစို့နှင့် 'ဖြိခနဲ' ထိုးလိုက်သောဆလားဗီးယားငါးတစ်ကောင်ကို ဆီသုတ်၊ အချိုရည်သုတ်ပြီး မီးကျီးခဲရဲရဲမီးဖိုပေါ်ပစ်တင်လိုက်သည့်ကောင်လေးကိုငေးကြည့်နေမိသည်။ မီးဖိုပေါ်ကင်ထားသောငါးကင်တွေဆီကမီးခိုးတလူလူနှင့်အတူညှော်နံ့ကလည်းပြန့်လာသည်။နီရဲကြွပ်ရွနေသောငါးအပေါ်လွှာတွေကနေရောင်ဖျော့ဖျော့အောက်မှာစားချင်စဖွယ်တောက်ပနေပါသည်။အလုပ်ဆင်း၊အလုပ်ပြန်၊ကျောင်းဆင်းကျောင်းအပြန် ပလတ်စတစ်ခုံပုလေးတွေပေါ်ထိုင်ရင်း ငါးကင်ကိုအလွှာလိုက် အမြောင်းလိုက်ခွာကာ အချဉ်ရည်တို့ပြီး ဂေါ်ဖီ၊ဆလတ်ရွက်တို့နှင့် တို့မြုပ်စားနေသူများက အမျိုးသမီးအများစု၊ ငါးကင်ဆိုင်တွေနဲ့ တစ်ဆက်တည်း ရောင်းချနေသော မြေအိုးမီးရှည်၊ မာလာဟင်းဆိုင်တွေကလည်းရောင်းကောင်းလှသည်။ ဘဲဥပုံပန်းကန်ပြားထက် နီရဲကြွပ်မွနေသောငါးကင်ကို တူများနှင့်ထိုးခွဲခြေမွကာစားသောက်ရင်း စကားစမြည်ပြောကြ၊ ရယ်မောကြ၊မျက်လုံးချင်းဆုံလိုက်နှင့်အကြည်ဆိုက်နေသည့်ချစ်သူစုံတွဲတွေလည်းမနည်း...။မြို့ထဲဘက်မှကမူးရှူးထိုးမောင်းလာသောလိုင်းကားကြီးတွေလှည်းတန်းမှတ်တိုင်ရပ်လိုက်တော့လူအုပ်တွေအန်ချလိုက်သည်မှာ အထွေးလိုက်..အထပ်လိုက်.. လှည်းတန်းလမ်းတွေဆီဖြန့်ကြက်သွားကြ၊အလဲလဲအပြိုပြိုဖြစ်တော့မယောင် ကားတွေကတိုး၊ လူတွေတိုး၊ သည်ကြားထဲဈေးသည်တွေကတိုးဝှေ့ရောင်းချ..လက်ဖက်ရည်ဆိုင်တွေကဟစ်ဟော့ပ်မြူးဇစ်လမ်းမတွေပေါ် ခုန်ပေါက် မြူးကြွ ..။

ကမာရွတ်လှည်းတန်းသည် ရုပ်သိမ်းဆုတ်ခွာစပြုနေသည့် နေခြည်လက်တံတို့အားဖယ်ရှား၍ အေးမြလတ်ဆတ်သော လရောင်နှင့်ကခုန်ဖို့ရာ အသင့်ဖြစ်၍နေလေပြီ။ ။



# အမြဲလန်း လှည်းတန်း

ချမ်းငြိမ်း

## ( လူ မှု ဘ ဝ ရှု မျှော် ခ င်း များ )

(၁)

*မြစ်ဆိပ်ကမ်းတွင် ရွံ့နွံလတာပြင်၊ အထက်ဘက်၌ ထုံးအိုင်ကုန်းစောင်းခြုံပိတ်ပေါင်းတို့ဖြင့် မညီမညာတည်ရှိနေသော ဒဂုံတောရွာကလေးအား ရန်ကုန်အမည်ပြောင်းပြီးသည်၏ နောက်ပိုင်း၌ မြို့ငယ်ဘဝမှတစ်စတစ်စမြို့ကြီးအဆင့်သို့မြင့်တက်လာရာ ဝါးခနီအိမ်များမှ သစ်အိမ်များ၊ ထိုမှတစ်ဖန် အုတ်တိုက်အထိ အဆောက်အအုံဘက်တွင် တိုးတက်မှုများရှိလာသည်နှင့် အမျှလမ်းများမှာလည်း မြေလမ်း-အုတ်လမ်းပျောက်၍ ကျောက်လမ်းများပေါ်လာကာ ကျွန်းတောကွက်သစ် (မြေနီကုန်း)စသည်ကဲ့သို့သောကုန်းတန်းတို့အား တူးဖြို၊ မြေညှိလျက်၊ အလုံ-ရေကျော်၊ ဖို့မြေစသည်ကဲ့သို့သော ထုံးအိုင်နိမ့်ဝှမ်းများကို အမှိုက်-သဲ-မြေဖို့ပေးခြင်းဖြင့် စည်မျက်နှာပြင်ကဲ့သို့ ညီညာသောရန်ကုန်မြေပြင်ကို ကျွန်ုပ်တို့ခေတ်တွင်တွေ့မြင်လာရသည်မှာ အနှစ်နှစ်ရာအတွင်း ကြိုးပမ်းမှု၏မှတ်တမ်းတစ်ခုပင်ဖြစ်သည်။ ။*

*(သတင်းစာဆရာ ဦးသိမ်းမောင် ရေး ရန်ကုန်ရာဇဝင်သမိုင်း)*

ဖော်ပြပါအတိုင်း ကုန်းဘောင်ခေတ်တည်ထောင်သူ အလောင်းမင်းတရားလက်ထက် ရန်ကုန်သည် ဆူးလေစေတီတော်ကိုဗဟိုပြု၍ ရှေ့နောက်ဝဲယာချဲ့ထွင်ခဲ့ခြင်းဖြစ်သည်။ ရှေးအခါကမြန်မာရာဇဝင်သမိုင်းတွင် မွန်တစ်လှည့် မြန်မာတစ်လှည့်တိုက်ပွဲများက ကြီးစိုးခဲ့သည်။ ပဲခူး-ဟံသာဝတီအောက်ပိုင်းသည် မွန်တို့ဌာနေဖြစ်၍ ထိုစဉ်အခါက မြန်မာအများစုသည် အညာဒေသ၌သာ စုစုစည်းစည်းရှိခဲ့ကြသည်။ အင်းဝ-ဟံသာဝတီ စစ်ပွဲများကြောင့် တဖြည်းဖြည်း မြန်မာလူမျိုးတို့သည် မြန်မာပြည်အောက်ပိုင်းသို့ ပျံ့နှံ့ရောက်ရှိလာကြသည်ဟု အဆိုရှိခဲ့သည်။ မြန်မာများရောက်မလာမီကပင် အင်းလျားကန်ကြီးကို အစွဲပြု၍ကမာရွတ် (ရတနာကန်)ဟူ၍ မွန်ဝေါဟာရဖြင့် သတ်မှတ်ခဲ့ဖူးသော ကမာရွတ်လှည်းတန်းဝန်းကျင်သည် ခြုံနွယ်ပိတ်ပေါင်းတို့ဖြင့် ကျားတို့ပင် ခိုအောင်းရာဝန်းကျင်ဖြစ်ခဲ့သည်။ ယင်းနောက် ၁၈၅၂ ရန်ကုန်ကို ဗြိတိသျှတို့သိမ်းယူပြီးနောက် မြို့ကိုချဲ့ထွင်ခဲ့ရာမှ ကြည့်မြင်တိုင် (ယခင်ကြေးမြင့်တိုင်) နှင့်ဆက်စပ်ကာ ကမာရွတ်ဝန်းကျင်သည် ထင်ရှားလာသည်။ ရန်ကုန်-ပြည်လမ်း ဖောက်လုပ်ခြင်း၊ ၁၉၂၀ ရန်ကုန်တက္ကသိုလ်ပေါ်ထွန်းလာခြင်းတို့ကြောင့် လှည်းတန်းဝန်းကျင်သည် တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ လှည်းတန်းမှနေ၍ ရန်ကုန်မြို့၏ အရပ်လေးမျက်နှာသို့ သွားလာနိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက လှည်းတန်းဝန်းကျင်သည် အိမ်ကြီးအိမ်ကောင်းများနှင့် စည်ကားနေပြီဖြစ်သည်။ စားသောက်ဆိုင်များ၊ အပ်ချုပ်ဆိုင်များ၊ အဝတ်အထည်ဆိုင်များနှင့် လှည်းတန်းညနေသည် စည်ကားတိုးတက်လာ၏။ မြန်မာစာပါမောက္ခဟောင်း ဦးချမ်းမြ(မြကေတု)၏ စာတစ်ပုဒ်၌ ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် အားလပ်သော ညနေခင်းများတွင် တပည့်ကျောင်းသားများနှင့်အတူ လှည်းတန်းဘက်သို့လမ်းလျှောက်ထွက်လေ့ရှိရာ လှည်းတန်းဝန်းကျင်ဆိုင်များ၌ သတ်ပုံမှားယွင်းသောဆိုင်အမည်များကိုမြင်သည့်အခါ အဆိုပါဆိုင်ရှင်များခေါ်ယူ၍ ဝေဖန်ထောက်ပြလေ့ရှိသောကြောင့် ထိုစဉ်က ခေတ်စမ်းစာပေကလောင်ရှင် တက္ကသိုလ်ကျောင်းသား စာရေးဆရာပေါက်စများ အနေခက်ခဲ့ကြပုံကို အမှတ်ရမိပါသည်။

(၂)

ကျွန်တော်တို့ခေတ် လှည်းတန်းကတော့ တစ်နံတစ်လျားကြီး ဖြစ်ပါသည်။ ကျွန်တော်တို့ခေတ်ဆိုခြင်းမှာ ၁၉၈၀ နှင့် ၂၀၀၀ ပြည့်နှစ်အတွင်း ဖြစ်သည်။ ယခုလှည်းတန်းလမ်းဆုံ၌ အသစ်ဆောက်လုပ်လျက်ရှိသော အဆင့်မြင့် အဆောက်အအုံသစ်ကြီးနေရာတွင် ယခင်က ဂိုးရှိုးစတိုး၊ ဝင်းဆံသ၊ ရှမ်းတောင်တန်းလက်ဖက်ခြောက်ဆိုင် စသဖြင့် အစီအရီတည်ရှိခဲ့ဖူးသည်။ ယင်းနောက် လမ်းသွယ်ထဲမှာတော့ ဆရာကြီး ဦးခင်မောင်လတ်၊ ဒေါ်ခင်မျိုးချစ်၊ ဦးသိန်းမောင် (ဆရာထင်လင်း)တို့၏ စာသင်ကျောင်းလေးရှိခဲ့သည်။ ထိုရိပ်မြုံလေးသည် ပညာလိုလားသူများသာမက စာရေးဆရာများ၊ အနုပညာရှင်များကို အမြဲကြိုဆိုနေသောရိပ်မြုံလေးပဲဖြစ်ပါသည်။ ကာတွန်းဦးဖေသိန်း၊ ကြည်အေး၊ ဆရာသော်တာဆွေတို့ ဝင်ထွက်သွားလာရာ ခရီးတစ်ထောက်နားခိုရာ အပန်းဖြေရိပ်မြုံလေးဖြစ်ခဲ့သည်။ ကျွန်တော်သည် ဆရာကြီးဦးခင်မောင်လတ်သင်ကြားသော အင်္ဂလိပ်စာသင်တန်းကို သူငယ်ချင်းတစ်ဦးနှင့် အတူလိုက်တက်ဖူး၏။ ဆရာ့လေအေးအေးက ပျင်းစရာဟုယူဆကာ ငမိုက်သားကျွန်တော် ကြာကြာမတက်ဖြစ်၊ ခုပြန်တွေးတော့နှမြောမိပါသည်။

လှည်းတန်းနှင့်ပတ်သက်လျှင်မမေ့နိုင်စရာ နေရာတစ်ခုမှာ 'စေတနာရှင်' လက်ဖက်ရည်ဆိုင်ဖြစ်ပါသည်။ လှည်းတန်းဈေးအနီး လမ်းမကြီးပေါ်မှာ တိုက်ခန်းကျယ်ကျယ်နှင့်ဖွင့်လှစ်ထားသည့် 'စေတနာရှင်' လက်ဖက်ရည်ဆိုင်သည် ကျောင်းသားလူငယ်တို့ နားခိုရာဖြစ်ခဲ့သည်။ အစဉ်အလာအရလည်း 'စေတနာရှင်' သည် တက္ကသိုလ်ထဲမှနာမည်ကျော် ဦးချစ်လက်ဖက်ရည်ဆိုင်နှင့် ဆက်စပ်မှုရှိသည်။

ဆရာကြီးဦးခင်မောင်လတ်နှင့် ဆရာထင်လင်းတို့သည် ညနေစာသင်ချိန်ပြီးပါက စေတနာရှင်သို့လာရောက်ခါ လက်ဖက်ရည်သောက်လေ့ရှိကြသည်။ ဟိုငေးသည်ငေးနှင့် စကားစမြည်ပြောကြသည်။ ကျောင်းသားများကို ပြုံးပြနှုတ်ဆက်လေ့သာရှိသော်လည်း သူတို့အပြုံးသည် နှစ်လိုဖွယ်ရာ၊ 'စေတနာရှင်' ဆိုင်ထိုင်ရင်းကက်ဆက်မှလွင့်ပျံ့လာသည့် သီချင်းတွေကို လူငယ်များလိုက်ညည်းကြသည်။ ဖြတ်သွားဖြတ်လာ မိန်းကလေးများကို ငေးကြသည်။ တစ်ဦးနှင့်တစ်ဦး ငြင်းကြခုံကြသည်။ လွမ်းတော့လွမ်းစရာ . . . တိုင်ကီတဲ့၊ ကျောက်ပန်းတောင်းတဲ့၊ ပုဏ္ဏားတဲ့ လက်ဖက်ရည် အမျိုးအစားတွေကလည်း စုံမှစုံ။ ပုံမှန် လက်ဖက်ရည်နှစ်ခွက်စာနီးပါးကို ခွက်ကြီးကြီးထဲ ထည့်လျှင်တိုင်ကီ၊ အကျရည်နှင့်နို့ဆီပျစ်ပျစ် ဖျော်ထားသည့် ခွက်မပြည့်သောပုဏ္ဏား၊စသဖြင့် လက်ဖက်ရည်အမျိုးမျိုးမှာသောက်ကြသည်။ စာဖတ်လိုက်၊ သီချင်းနားထောင်လိုက် စကားပြောလိုက်. . လမ်းမဘက် ငေးလိုက်. . . ဆေးလိပ်ဖွာရှိုက် . . . စေတနာရှင်ညတွေကို ဖြတ်သန်းခဲ့ကြသည်။

အမှတ်ရဆုံးမှာ အဆောင်ညတွေဖြစ်ပါသည်။ ညညဆို ဂစ်တာတီးတတ်သည့် သူငယ်ချင်းများစုကာ ပြည်လမ်းတစ်ဖက် 'မာလာ၊ အင်းလျားဆောင်'တွေဆီ သွားကြသည်။ အလှည့်ကျတီးခတ်သီဆိုကြသည်။ ညဆယ်နာရီသာသာမှ မနက်သုံး၊လေးနာရီထိ ချမ်းချမ်းစီးစီးထဲ လှိုက်လှိုက်လှဲလှဲ သီဆိုဟစ်ကြွေးကြသည်။

မီးလုံးလေးနဲ့ လိုက်ကာလေးတွေ လှောင်ရယ်ကြပါစေ

ကိုယ်မမှုဘဲ တီးခတ်စဉ် တိမ်ညိုတွေရယ် အုံ့ကာမှိုင်းတော့

ကိုယ်လေ ရင်မှာ ပူပင်လာတယ် သောကပွေ့. . . .။

အဆောင်သူ အဆောင်သူ အဆောင်သူ အလွမ်းပြေ အဆောင်သူ အလွမ်းပြေ . . .

အဆောင်သူ အဆောင်သူ အလွမ်းပြေ အဆောင်သူ အလွမ်းပြေ အရောက်လာမယ်. . . .။

မနက်မိုးလင်းတော့ အဆောင်ရှေ့အုတ်ခုံပေါ်မှ အလူးအလဲထ၊ တစ်ဦးကိုတစ်ဦးနှိုး၊ လှည်းတန်းဘက်ပြန်၊ တစ်ခုခုစားပြန်အိပ်. .၊ အကြောင်းကြောင်းကြောင့် တက္ကသိုလ်ထဲ အဆောင်နေခွင့်မရသူတွေက လှည်းတန်းဝန်းကျင်မှာ အဆောင်ငှားနေကြသည်။ ဇေယျာသီရိလမ်းထဲမှာ၊ စံရိပ်ငြိမ်ထဲမှာ ပုဂ္ဂလိကအဆောင်တွေရှိသည်။ ထိုအဆောင်များ၌ ခေတ္တကွန်းခိုကာ နောင်အချိန် နယ်ပယ်အသီးသီး၌ လျှမ်းလျှမ်းတောက်အောင်မြင်ထင်ရှားခဲ့သူများလည်း မနည်း။ မာလာဆောင်နှင့်မျက်စောင်းထိုး ခြံကျယ်ကြီးထဲက မြမေတ္တာလက်ဖက်ရည်ဆိုင်မှာ ခင်မောင်တိုး၊ ခင်ဝမ်း၊ ကိုမောင်မောင်၊ ကိုရဲလွင်၊ ကိုနေဝင်း၊ ကိုမြိုးစသည့် တေးပြုစာဆိုအနုပညာသမားတွေ စတည်းချလေ့ရှိသည်။ ခရမ်းပြာနှင့် အင်းလျားကန်ပေါင်မှာလှည်းတန်းနှင့် တစ်ဆက်တည်း။

**သက္ကရာဇ်များသည် အသံမပေးဘဲ တိတ်တဆိတ်ဝင်ရောက်လာပြီး ပြန်ထွက်သွားကြသည်။ ရင်းနှီးလွန်းသောအရာများသည် ပြင်းထန်သော သက်ရောက်မှုများကြောင့် ပွန်းပဲ့စုတ်ပြတ်ကာ ဒဏ်ရာတွေနဲ့ဘဝထဲမှ ပြန်ထွက်သွားကြသည်။ ကုံကော်ရန်နံ့သည် ဆိတ်ဖလူးနံ့သင်းခဲ့ပြီ။ အားလုံးဖရိုဖရဲတစ်စစီ. .၊ ယခုတော့ ကျန်ရစ်သူအချို့သာ ဘဝလမ်းမတွေပေါ် နာကျင်ကြေကွဲလျှောက်လှမ်းဆဲ. .၊**

(၃)

တကယ်တော့ ကမာရွတ်လှည်းတန်းလမ်းဆုံ စည်ကားသည်မှာလည်း မဆန်း၊ လမ်းမကြီးငါးခုဆုံစည်း၍ဖြစ်သည်။ ရန်ကုန်မြို့၌ လမ်းမငါးခုဆုံစည်းရာသုံးလေးနေရာထဲတွင် လှည်းတန်းသည် အချက်အချာအကျဆုံး၊ လှည်းတန်းမှ လှိုင်သာယာအဝေးပြေး၊ အောင်မင်္ဂလာအဝေးပြေး၊ မင်္ဂလာဒုံလေဆိပ်၊ ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်ဘူတာကြီး အားလုံးပေါက်ရောက်သည်။ အငှားယာဉ်သမားများ လှည်းတန်းဟုဆိုလျှင် တွန့်သွားတတ်သည်။ လှည်းတန်းမီးပွိုင့်ကို ကြောက်ကြသည်။ ၁၉၈၀ ပြည့်လွန်နှစ်များက စည်ကားခဲ့သော ဇေယျာသီရိလမ်း ခြောက်ကပ်သွားပြီး ဦးထွန်းလင်းခြံလမ်းစည်လာသည်။ ယင်းမှ လှည်းတန်းဈေးကိုဖြတ် လှည်းတန်း ၅၊ ၆၊ ၇ လမ်းတွေမှာ အဆောင်တွေရှိသည်။ ဦးထွန်းလင်းခြံလမ်းထဲမှ သပြေညိုဆရာကြီး၏ တစ်ထပ်တိုက်ပုနေရာလေးမှာ တိုက်သစ်ကြီးဟီးနေ၏။ ရှည်လျားစည်ကားသော လှည်းတန်းဈေးမှာလည်းဈေးသက်သာပြီး အမယ်စုံသဖြင့် ဝယ်ခြမ်း၍ကောင်းသည်။ ဈေးသိမ်းပြီး ပြန်မည့်ဈေးသည်တွေအတွက် ရထားဘူတာရုံက အနီးလေး၊ ဘယ်နှဘူတာစီးစီး တစ်ယောက် ငွေတစ်ဆယ်၊ ဗန်းလည်းသယ်လို့ရသည်။ ပစ္စည်းလည်း တင်လို့ရသည်။ ဘယ်လောက်အဆင်ပြေလဲ။

လှည်းတန်းလမ်းမကြီးပေါ်မှာတော့တိုက်သစ်ကြီးတွေ အပြိုင်းအရိုင်းတိုးထွက်လာပြီး ကျူရှင်တွေ၊ သင်တန်းကျောင်းတွေလည်း စုံမှစုံ၊ ဘာသာစကားသင်တန်း၊ စာရင်းကိုင်သင်တန်း၊ အဝေးသင်၊ ကွန်ပျူတာသင်တန်း၊ IELTS ၊ TOEFL သင်တန်းများ၊ နိုင်ငံခြားသွားမလား၊ စတိုးဆိုင်ကြီးတွေ၊ ရွှေဆိုင်ကြီးတွေ၊ မုန့်တိုက်တွေနှင့် လှည်းတန်းဈေးဝန်းကျင်သည် အစည်ကားဆုံးနေရာဖြစ်လာသည်။ လှည်းတန်းမှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သော အလိမ္မာစာပေ၊ လှည်းကလေးနဲ့ ဒိန်ချဉ်သည်၊ ရှမ်းတောင်တန်း လက်ဖက်ခြောက်ဆိုင် ရှိသေးသော်လည်း 'စေတနာရှင်' မရှိတော့။ ယခင်လှည်းတန်းမှတ်တိုင် ရောက်ပြီဆိုလျှင် တိတ်ဆိတ်သွားတတ်သော အင်းစိန်လမ်းမဘက်မှာ ကော်ဖီဆိုင်၊ ကြေးအိုးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကြက်ကင်ဆိုင်၊ စတိုးဆိုင်၊ ဘီယာဆိုင်တွေနဲ့ ရှည်ရှည်လျားလျား ဖြစ်တည်လာခဲ့ပြီ။ ပလက်ဖောင်းကျဉ်းကျဉ်းလေးမှာ ဈေးသည်တွေနဲ့ လူတွေထိပ်တိုက်တိုးကြပြီ။ လူတွေ ကားလမ်းပေါ် ဆင်းလျှောက်၊ လျှောက်. . . .

ကမာရွတ် လှည်းတန်းသည် အလွန်ဝလာသော လူဝကြီးတစ်ယောက်၏ ဝတ်နေကျ ရှပ်အင်္ကျီချုပ်ရိုးတွေ ပြုတ်ထွက်ကုန်သလို မဆံ့မပြဲဖြစ်လာသည်။

(၄)

**ပွဲမတိုးတဲ့ကောင်. . မင်းက ပွဲမတိုးတဲ့ကောင် မင်းကပွဲမတိုးတဲ့ကောင်. . ပွဲ ပွဲ ပွဲ ပွဲမတိုးတဲ့ကောင်. . ဟေ့ . . ဟေ့**

လှည်းတန်း စိန်ဂေဟာထဲမှ လမ်းမပေါ် လွင့်ကျလာသော ဟစ်ဟော့ပ်ပေါက်ကွဲသံစဉ်တွေက အပ်တွေနဲ့ အဆုပ်လိုက်ပစ်ပေါက်လိုက်သလို ရင်ဝထိမှန်သွား၊ ဒီဂျေသံ တအုန်းအုန်းက ရင်ကိုမွှေ့ယူကိုင်လှုပ်လိုက်သည်။ စိန်ဂေဟာထဲမှာရော၊ ရှေ့မှာရော အနက်ရောင်ဝမ်းဆက်ဝတ်လူငယ်တွေ အများကြီး၊ မိန်းကလေးတွေက အကျပ်တွေ၊ အတိုတွေနဲ့၊ တီဗီဖန်သားပြင်ပေါ်က ကိုရီးယားမင်းသမီးလေးတွေ လှည်းတန်းရှေ့ ခုန်ပေါက်ရောက်လာသလို၊ J-me အခွေထွက်တာတဲ့၊ မိုးအောင်ရင်လည်း လာမယ်တဲ့၊ ဟိုမှာ. . ဟိုမှာ ရန်ရန်ချန်းလာပြီ။ ရဲလေးလည်း လာမှာတဲ့၊ လူငယ်တွေ လူငယ်တွေ နည်းနည်းနောနောမဟုတ်၊ စိန်ဂေဟာထဲစုပြုံတိုးဝင်ကြ၊ သံစဉ်နဲ့အတူလက်ခုပ်လိုက်တီးကြ၊ နဂိုတည်းက ရှုပ်ထွေးနေသော စိန်ဂေဟာရှေ့ လမ်းမပေါ်လူငယ်တွေ အုပ်စုလိုက်ထပ်ရောက်လာကြတော့ ကားတွေသွားမရတော့၊ စာ(၂၉) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.9, No.40 • DECEMBER 30, 2010

## ငါးလုပ်ငန်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖြစ် အရွေးခံလိုသူများကို သတင်းစာမှ ကြော်ငြာခေါ်ယူ

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၄**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၁၁-၂၀၁၃ သက်တမ်းအတွက် ဗဟိုအလုပ်အမှုဆောင် အဖြစ် ပါဝင်အရွေးခံလိုသူများအား ဒီဇင်ဘာ ၂၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ထားကြောင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောကြားသည်။



"ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌတွေအားလုံးကို ခန့်အပ်တာမဟုတ်ဘဲ ဒီမိုကရေစီနည်းလမ်းအတိုင်း ရွေးချယ်ကြတာပါ။ ဒါကြောင့် သတင်းစာထဲ ထည့်ကြေငြာပေးထားတာ"ဟု ၎င်းကပြောကြားသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သည် အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်း (အင်န်ဂျီအို)ဖြစ်သည်။ ထို့အပြင် ဒီမိုကရေစီကျင့်စဉ် အတိုင်းကျင့်သုံးကာ ဗဟိုအလုပ်အမှုဆောင်များကို ဆန္ဒမဲပေးရွေးချယ်သော အဖွဲ့ချုပ်တစ်ခုလည်းဖြစ်သည်။ ယခုနောက်ပိုင်းတွင် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းကလည်း ဗဟိုအလုပ်အမှုဆောင်များကို မဲစနစ်ဖြင့်ရွေးချယ်လျက်ရှိသည်။

"Government စပွန်ဆာ (အစိုးရပံ့ပိုး)မှုအဖွဲ့ကနေ Civil Society (လူမှုအခြေပြုမှု လူ့အဖွဲ့အစည်း)အဖြစ် လွတ်လွတ်လပ်လပ်လုပ်ရမယ်"ဟု ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက ပြောကြားသည်။

"အမ်အက်ဖ်အက်ဖ်ကို အင်န်ဂျီအိုအဖွဲ့သီးသန့်ဖြစ်အောင် လုပ်မယ်ဆိုရင် ကျွန်မအနေနဲ့ ဝမ်းသာပါတယ်"ဟု ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဒေါက်တာတိုးနန္ဒာတင်က ပြောကြားသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ သင်းဖွဲ့စည်းမျဉ်းအရ ညီနောင်အသင်းများတွင် ဥက္ကဋ္ဌဖြစ်သူများသည် အဖွဲ့ချုပ်၏ ဥက္ကဋ္ဌအဖြစ် အရွေးခံခွင့်မရှိဘဲ အလိုအလျောက် ဒုဥက္ကဋ္ဌဖြစ်ခွင့်ရှိကြောင်း အတွင်းရေးမှူးဦးနှင်းဦးကပြောကြားသည်။

"အခုအချိန်(ဒီဇင်ဘာ ၂၄ ရက်) အထိတော့ ဥက္ကဋ္ဌတာဝန်ကို လာမလျှောက်ကြသေးဘူး။ လက်ရှိဥက္ကဋ္ဌကလည်း ပြန်အရွေးခံဖို့ သူ့မှာအခွင့်အရေးရှိတယ်လေ" ဟု ၎င်းကပြောကြားသည်။

"အဖွဲ့ချုပ်နဲ့ ၁၂ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၁ ဇန်နဝါရီ ၁၅ ရက်မှာ ကျင်းပမယ်လို့စီစဉ်ထားပါမယ်" ဟု ဒုဥက္ကဋ္ဌ ဦးဟန်ထွန်းက ပြောကြားသည်။

ဇန်နဝါရီလ ၉ ရက်တွင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပပြီး ၁၁ ရက်တွင် ရွေးချယ်ခံရသူများကို တာဝန်ခွဲဝေမှုပေးမည်ဖြစ်ကာ ဇန်နဝါရီလ ဒုတိယပတ်အတွင်း ၁၂ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ တရားဝင်သတင်းထုတ်ပြန်ပေးသည်။

ထိုကြောင့် ဥက္ကဋ္ဌအဖြစ် အရွေးချယ်ခံလိုသူ (က)အဆင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အသင်းဝင်တိုင်း မည်သူမဆိုဓာတ်ပုံနှင့် ကိုယ်ရေးရာဇဝင်တင်ပြကာ အဆိုပြုနိုင်ကြောင်း သိရှိရသည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထား၍ အဆိုပြုလွှာတင်သွင်းနိုင်ကြောင်း စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်(အမ်အက်ဖ်အက်ဖ်)ကို ၁၉၈၉ ခုနှစ်တွင် ရေလုပ်ငန်းပညာရှင်အသင်းအမည်ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် "မြန်မာနိုင်ငံငါးလုပ်ငန်းအသင်း" ဟူ၍ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ၁၉၉၈ ခုနှစ်တွင်မူ အာဆီယံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဟူ၍ တိုးမြှင့်ဖွဲ့စည်းခဲ့သည်။

ယခုကဲ့သို့ ဒီမိုကရေစီနည်းလမ်းကျကျ ရွေးချယ်ဖွဲ့စည်းခြင်းကို ၂၀၀၇ ခုနှစ်က ပထမဆုံးအကြိမ် ကျင်းပခဲ့ကြသည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၇ ရက် အထွေထွေ ရွေးကောက်ပွဲမကျင်းပမီ အင်န်ဂျီအိုအားလုံးနီးပါးသည် ပါတီဝင်များအား ပါတီနိုင်ငံရေးကင်းရှင်းရမည်ဆိုသည့် အပိုဒ်ကို ပယ်ဖျက်၍ ပါတီနိုင်ငံရေး လွတ်လပ်စွာလုပ်ခွင့်ရှိသည်ဆိုသည့် အပိုဒ်ကို အစားထိုးခဲ့သည်။ ထို့ကြောင့် ရွေးကောက်ပွဲဝင်၍ ပါတီနိုင်ငံရေးလုပ်သူများမှာလည်း အင်န်ဂျီအိုများတွင် ဆက်လက်ရပ်တည်ခွင့်ရရှိလာသည်။

## ကျားဖြူပါတီက အများပိုင်ကုမ္ပဏီတည်ထောင်မည်ဟုဆို

**အိဖြူလွင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၈**

ရှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီ (ကျားဖြူ)က ရန်ပုံငွေပါတီအတွက် အများပိုင်ကုမ္ပဏီတည်ထောင်၍ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်သွားမည်ဟု ယခုလ ၁၂ ရက်မှ ၁၅ ရက်ထိကျင်းပခဲ့သော ပါတီအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြောင်း ရှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တစ်ဦးကပြောကြားသည်။

ရှယ်ယာများ ရောင်းချ၍ အများပိုင် ကုမ္ပဏီတည်ထောင်မည်ဖြစ်သော်လည်း ပါတီဝင်များ၏ ရှယ်ယာများကိုသာ လက်ခံမည်ဖြစ်ပြီး အပြင်လူများ၏ ရှယ်ယာများကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။

ရှယ်ယာတစ်စု တန်ဖိုးကို ကျပ်တစ်သောင်း သတ်မှတ်ထားပြီး ရှယ်ယာအရေအတွက် တစ်သိန်းအထိ ရရှိရန်ဆောင်ရွက်မည်ဟု သိရသည်။

မည်သည့်စီးပွားရေးလုပ်ငန်းအမျိုးအစားများကို လုပ်ကိုင်မည်ဆိုသည်ကိုမူ တိကျစွာ မဆုံးဖြတ်ရသေးကြောင်းနှင့် ယခုချိန်တွင် ပါတီဝင်များအား ချပြ၍ ငွေစုပြီးမှသာ လုပ်ငန်းများ လုပ်နိုင်မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

လုပ်ငန်းများမှ ရရှိမည့် အမြတ်ငွေများကို ပါတီရန်ပုံငွေ အတွက် ၂၅ ရာခိုင်နှုန်းနှင့် ရှယ်ယာရှင်များကို ၇၅ ရာခိုင်နှုန်း ခွဲဝေပေးသွားမည် ဖြစ်သည်ဟု သိရသည်။

အဆိုပါ အစည်းအဝေးမှ ပါတီ၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကို ၂၁ ယောက်ဖြင့် ဖြည့်၍ ဖွဲ့စည်းခဲ့ပြီး ပါတီ၏ အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့သည်ဟု သိရသည်။

ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များကို သီးသန့်အစည်းအဝေးခေါ်ယူသွားမည်ဟုလည်း အဆိုပါ အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

## အားလုံးကိုနှုတ်ဆက်သွားသော လေထီးဒေါ်မြရီ

**မင်းဒင်**

ဂျပန်တော်လှန်ရေးအတွက် လှည်းတစ်တန်၊ သင်္ဘောတစ်တန်၊ ခြေလျင် ခရီးကြမ်းများဖြင့်အိန္ဒိယအထိသွားရောက်ကာ လေထီးသင်တန်းတက်ရောက်ပြီး မြန်မာပြည်တွင်းသို့ လေထီးဖြင့်ဆင်းရန် ကြိုးစားခဲ့သည့် အမျိုးသမီးကြီးတစ်ဦး လူသားတိုင်း မလွန်ဆန်နိုင်သောသေမင်းနှင့် လွန်ဆွဲရင်း တမလွန်မှတ်တိုင်တွင် ငြိမ်းချမ်းစွာဆင်းသက်သွားခဲ့သည်။



လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ချီးမြှင့်ခြင်းခံခဲ့ရပြီး တော်လှန်ရေး ခရီးရှည်ကြီးတွင် ယုံကြည်ချက်အပြည့်ဖြင့် အသက် ၂၀ ကျော်အရွယ် ကတည်းက သခင်မတစ်ဦးအဖြစ် အသိအမှတ်ပြုခံရသူ၊ တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာမှ တာဝန်ယူလုပ်ဆောင်ခဲ့သူ လေထီးဒေါ်မြရီ တစ်ယောက်လူ့ဘဝမှ နှုတ်ဆက်ထွက်ခွာသွားနှင့်ပြီ။

ဒီဇင်ဘာ ၈ ရက်မှ စတင်ကာ အသက်ရှုသံသဲ့သဲ့ဖြင့် အိပ်စက်နေရာမှ ပြန်လည်နိုးထမလာတော့ဘဲ ဒီဇင်ဘာလ ၉ ရက်ညနေ ၄ နာရီ ၃၅ မိနစ်တွင် အသက် ၉၃ နှစ်အရွယ် လေထီးဒေါ်မြရီသည် မီးစာကုန် ဆီခန်းကာ လူကြီးရောဂါဖြင့် ငြိမ်းချမ်းစွာကွယ်လွန်သွားသည်။ ကွယ်လွန်ချိန်တွင် သားတစ်ဦး၊ သမီးနှစ်ဦး၊ မြေးကိုးဦးနှင့် မြစ်လေးယောက်တို့ ကျန်ရစ်ခဲ့သည်။

မကွယ်လွန်မီအချိန် ရက်သတ္တပတ်အတွင်း လာသမျှ ဧည့်သည်အသီးသီးအား "ငါသွားတော့မယ်နော်။ နှုတ်ဆက်ခဲ့တယ်" ဆိုသော စကားတစ်ခွန်းက သူ၏ နောက်ဆုံး မှာတမ်းတစ်ခုဖြစ်ကြောင်း ဒုတိယမြောက်သမီး ဒေါ်တင်စောဝင်းက မိခင်၏ နောက်ဆုံးစကားများကို ပြန်လည် ပြောကြားသည်။

လွန်ခဲ့သော ခုနစ်နှစ်ခန့်က ပင် တရားစခန်းတွင် လဲကျသော ဒဏ်ရာကြောင့် ထူမထနိုင်သည့် ဘဝဖြင့် ကွယ်လွန်ချိန် အထိ နေအိမ်၌ပင်စာဖတ်၊ ပုတီး စိတ်၊ တရားမှတ်၊ ရေဒီယိုနားထောင်ရင်း ဘဝနေဝင်ချိန်များအား ဖြတ်သန်းသွားခဲ့ကြောင်း ဒေါ်တင်စောဝင်းကဆက်လက်ပြောကြားသည်။

"အမေရဲ့ နောက်ဆုံးဆန္ဒတစ်ခုက မကွ္ခရာနယ်မှာရှိနေတဲ့ ဘုရားတွေမှာ ထီးတော်တင်ချင်တာ။ သူစုထားတဲ့ငွေက ခုနစ်သောင်းရှိတယ်။ အဲဒါကို ထပ်ဖြည့်ပြီး မကွ္ခရာနယ်က ရာဇာကြီး ဘုရားရဲ့ ထီးတော်အတွက် လှူဒါန်းနိုင်ခဲ့တယ်။ နိုဝင်ဘာ ၂၈ ရက်ကပေါ့။ ဘုရားဂေါပကအဖွဲ့က ပြန်ပေးလိုက်တဲ့ ဂုဏ်ပြုမှတ်တမ်းလွှာကို အမေ့ကိုဖတ်ပြတယ်။ အမေက ပီတိဖြစ်ဝမ်းသာလွန်းလို့ ရင်တွေတုန်နေတယ်။ အဲဒီနေ့ကဆို ဝမ်းသာလွန်းလို့ အသက်ပါသွားမှာ စိုးရိမ်ခဲ့ရတယ်။ အဲဒီနောက်သူစိတ်လျော့လိုက်ပုံရတယ်။ လာသမျှ လူတွေကို နှုတ်ဆက်တယ်နော်လို့ တဖွဖွပြောနေတယ်" ဟု လေထီးဒေါ်မြရီ၏ ဒုတိယသမီးက အမေ၏ နောက်ဆုံးဆန္ဒအား ဖြည့်ဆည်းပေးနိုင်ခဲ့ပုံကို ဝမ်းသာမှုအပြည့်နှင့်ပြောပြသည်။

လူမှုရေး၊ သာရေး၊ နာရေးများတွင် တက်ကြွစွာ လှုပ်ရှားခဲ့သည့် ကျောင်းဆရာမအဖြစ်လည်းလုပ်ကိုင်ခဲ့သူ အမေ့အားရပ်ကွက်အနီးဝန်းကျင်ရှိလူများက ဆရာမကြီးဟု အခေါ်များက စားဦးစားဖျား များလာရောက်ပို့ပေးခြင်းများ၊ လူချစ်လူခင်ပေါများခြင်းတို့နှင့် ပြည့်စုံသော အမယ်အိုအဖြစ် ကွယ်လွန်သည်အထိနေထိုင်သွားခဲ့ကြောင်း သားသမီးများက ဆိုသည်။

"နှစ်နှစ်ခြား တစ်ခါ အမေရဲ့ မွေးနေ့ပွဲ ကျင်းပပေးခဲ့တယ်။ လာရောက်သူဧည့်သည်တွေကို ဧည့်ခံရင်း အပေါင်းအသင်းတွေနဲ့ ပြန်ဆုံရတော့ ရွှေးဟောင်းနှောင်းဖြစ်တွေကို မမောနိုင်အောင်ပြောတယ်။ ဧည့်သည်တွေ ကြား ပျော်နေတဲ့၊ စိတ်ဓာတ်ခွန်အားတွေ တက်ကြွနေတဲ့ အမေကို အဲဒီပီတိတွေခံစားရအောင်နဲ့ အပေါင်းအသင်းနဲ့ ပြန်တွေ့ရအောင် မွေးနေ့ပွဲ နှစ်နှစ်တစ်ကြိမ်တော့ လုပ်ပေးဖြစ်တယ်" လို့ တတိယသမီးနှင့်အတူ နေထိုင်ခဲ့သည့် ဒေါ်ခင်ဖြူအေးက ဆက်လက်ရှင်းပြသည်။

လေထီးဒေါ်မြရီအား ၁၉၁၈ ခုနှစ် ဧပြီလ ၁၁ ရက်ကျောက်ဆည်မြို့ ဈေးတန်းရပ်တွင် ဖွားမြင်ပြီး၊ မွေးချင်းသုံးယောက်အနက် အကြီးဆုံးသမီးဖြစ်ကာ ယခုအခါ အားလုံးကွယ်လွန်သွားကြပြီဖြစ်သည်။

အသက် ၂၀ အရွယ်တွင် မူလတန်းဆရာမအဖြစ် လုပ်ကိုင်ရင်း မြဝတ်ရည် ကလောင်အမည်ဖြင့် စာစောင်များတွင် စာများရေးသားခဲ့သည်။ နဂါးနီအသင်းဝင်တစ်ဦးလည်းဖြစ်ပြီး ဝန်ထမ်းဖြစ်နေ၍သာ တရားဝင်သခင်မမဖြစ်ခဲ့သော်လည်း အများက သခင်မတစ်ဦးအဖြစ် အသိအမှတ်အပြုခံခဲ့ရသည်။

ဂျပန်တပ်ဖွဲ့ဝင်များ၏ ပစ္စည်းယူ၊ လူသတ်၊ အမျိုးသမီးများစော်ကားသည်တို့အား ကိုယ်တိုင်မြင်တွေ့ခဲ့ရ၍ ဖက်ဆစ်ဂျပန်ကိုရွံ့ရှာမုန်းတီးကာ ဘီအိုင်အေမှ ဂျပန်တော်လှန်ရေးအတွက် လှုံ့ဆော်စည်းရုံးချိန်တွင် လျှို့ဝှက်စွာပါဝင်လုပ်ကိုင်ခဲ့သည်။ ကျောက်ဆည်ခရိုင် ရိက္ခာတာဝန်ခံနှင့် တပ်သားစုဆောင်းရေးတာဝန်များ အာရှလူငယ်ခရိုင် အမျိုးသမီးဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

စာ(၂၈)သို့

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# နှစ်သစ်အတွက် ဗေဒင်ပညာရှင်နှစ်ဦး၏ ဟောကိန်း

ပြည်သိမ်း၊ ဥက္ကာကိုကို

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်လာနိုင်မည့် အခြေများကို နက္ခနှင့် ဗေဒင်ပညာရှင်နှစ်ဦးသို့ ဒီဇင်ဘာလ နောက်ဆုံးပတ်က မေးမြန်းရာ အောက်ပါအတိုင်း ဟောကိန်းထုတ်သည်။

**စီးပွားရေး**

မြန်မာနိုင်ငံ၏ ၂၀၁၁ ခုနှစ် စီးပွားရေးအခြေအနေကို ဆရာစံဇာဏီဘိုက ဗေဒင်ပညာအရ ကဏ္ဍလေးခုမှာ သုံးခုက အားကောင်းတယ်။ တစ်ခုပဲအားနည်းနေတယ်" ဟု ဆိုသည်။ ဗေဒင်ပညာအရ စီးပွားရေးတွင် ရင်းနှီးမြှုပ်နှံမှု၊ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုဟူ၍ လေးမျိုးရှိရာ ကုန်ထုတ်လုပ်မှုတွင်သာ အားနည်းနိုင်ပြီး ကျန်ကဏ္ဍသုံးခုအားကောင်းမည်ဟု ဆိုခြင်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုတွင် ၂၀၁၁ ၌ မြေယာလုပ်ငန်းများတွင် အထူးကောင်းပြီး အကျိုးအမြတ်များလည်း များစွာရရှိနိုင်သည်။ မြေယာ၊အိမ်ခြံမြေတို့တွင် ရင်းနှီးမြှုပ်နှံပါက အထူးကောင်းမွန်သည့်နှစ်ဖြစ်မည်ဟု ဟောကိန်းထုတ်သည်။ ကုန်သွယ်မှုကဏ္ဍတွင် ပို့ကုန်အားနည်းနိုင်သော်လည်း သွင်းကုန်မှာ အားကောင်းနေပြီး ကုန်သွယ်မှု လိုငွေပြမှုအနည်းငယ်ရှိနိုင်ကြောင်း ပြောသည်။

ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း ဟိုတယ်လုပ်ငန်းများ၊ ဆေးဝါးဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများ၊ အိမ်ခြံမြေ၏ အကျိုးဆောင်လုပ်ငန်း၊ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အထူးကောင်းမွန်မည့် နှစ်ဟုဆိုသည်။

ကုန်ထုတ်လုပ်ရေးလုပ်ငန်းများတွင်တော့ အားနည်းမှုများရှိနိုင်သည်။ ပြည်တွင်းမှ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှုထက် ပြည်ပက ကုန်ပစ္စည်းများကို သာအခါက တင်သွင်းရမည့် အခြေအနေဟု ဆရာစံဇာဏီဘိုက ဟောကိန်းထုတ်သည်။

နက္ခတ်ဗေဒပညာရှင်ဦးဇေယျာကိုကလည်း ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဟောကိန်းထုတ်သည်။

ပြည်တွင်းသုံးငွေကြေးမှာလည်း ၂၀၁၁ တွင် ဆက်လက်ခိုင်မာမြင့်တက်မည်၊ ထို့အပြင် လူအများစု ဝယ်ယူစုဆောင်းလေ့ရှိသော ရွှေမှာလည်း ဈေးနှုန်းအပြောင်းအလဲများရှိနိုင်သည်။အထူးသဖြင့် ၂၀၁၁ မေလကျော်လျှင် တစ်ကမ္ဘာလုံးရွှေဈေး ကျဆင်းမည်ဟု ဦးဇေယျာကိုကဆိုသည်။

တိုင်းပြည်၏ သဘာဝသယံဇာတအရင်းအမြစ်များနှင့်ပတ်သက်၍လည်း အစိုးရသစ်လက်ထက်တွင် ရွှေကျင်ဒေသ၌ ရွှေကြောအသစ်တစ်ခု တွေ့နိုင်ကြောင်း၊ ရခိုင်ကမ်းရိုးတန်းတွင် သဘာဝဓာတ်ငွေ့တွင်း အသစ်များလည်း ထပ်မံတွေ့နိုင်ကြောင်း ၎င်းက ဆက်လက်ဟောကိန်းထုတ်သည်။

ဝန်ဆောင်မှုလုပ်ငန်းများ၌ ပြည်ပအလုပ်အကိုင် လုပ်ငန်းများ အေးနေပြီး၊ အိမ်ခြံမြေဈေးကွက်ဝန်ဆောင်မှု လုပ်ငန်းများမှာ အထူးကောင်းမွန်မည်ဖြစ်ကာ ကားဈေးနှုန်းများ လက်ရှိဈေးမှ အပြောင်းအလဲများစွာ မရှိနိုင်ဟု ဆိုပြန်သည်။

၂၀၁၁ ကို ကာလအပိုင်းအခြား ခွဲခြားလျှင် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှု ကုန်သွယ်ရေးအကျိုးအမြတ်ရမည့်ကာလသည် လေးလ (ရက်ပေါင်း၁၂၀)ရှိသည်။ ၎င်းတို့မှာ မတ် ၂၁ မှ ဧပြီ ၂၀ ကြား၊ ဇွန် ၂၀ မှ ဇူလိုင် ၂၀ ကြား၊ ဩဂုတ် ၂၀ မှ စက်တင်ဘာ ၂၀ ကြား၊ နိုဝင်ဘာ ၂၁ မှ ဒီဇင်ဘာ ၃၁ကြားကာလများဖြစ်သည်။

**ရာသီဥတု**

ရာသီဥတုနှင့်ပတ်သက်၍ ဆရာစံဇာဏီဘိုက "ရာသီဥတုက ပုံမှန်အနေအထားမှာ မရှိဘူး။ အထူးသဖြင့် ရာသီဥတု ဖောက်ပြန်နိုင်တဲ့ကာလ သုံးခုရှိတယ်" ဟု ဆိုပါသည်။ မြန်မာနိုင်ငံ၏ အဓိက လုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၏ ထုတ်ကုန်များသည် အထက်ပါ အခြေအနေကြောင့် အတားအဆီးများ ဖြစ်လာနိုင်သည်။ သားငါးကဏ္ဍမှာလည်း ဂရုတစိုက်လုပ်ရန်လိုအပ်သည်ဟု ဆိုသည်။ ရာသီဥတုနှင့် ပတ်သက်၍ သတိပြုရမည့်ကာလများမှာ ဒီဇင်ဘာ ၂၁ မှ ဇန်နဝါရီ ၂၀ ကြား တစ်ကြိမ်၊ မေ ၂၀ မှ ဇွန် ၂၀ ကြား တစ်ကြိမ်နှင့် စက်တင်ဘာ ၂၀ မှ အောက်တိုဘာ ၂၀ ကြားတစ်ကြိမ်တို့ဖြစ်သည်ဟု ဆရာစံဇာဏီဘိုကဆိုသည်။ အထူးသဖြင့် မီးဘေးအန္တရာယ်ကို အထူးသတိပြုသင့်ကြောင်းကိုလည်း သိရသည်။

**ကျန်းမာရေး**

ကျန်းမာရေးကဏ္ဍတွင် ပုဂ္ဂလိကဆေးခန်းများ လုပ်ငန်းအထူးကောင်းမွန်သည်။ မြို့တွင်း၌သာမက မြို့အစွန်းအဖျားဒေသများ၌ပါ လုပ်ငန်းများ ဖွံ့ဖြိုးမှုရှိလာမည်ဟုဆိုသည်။ ဆေးဝါးနှင့်ပတ်သက်၍ နိုင်ငံတကာ အထောက်အကူများလည်း ရနိုင်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ သုတေသနပြုမှုများတွင် အားနည်းခဲ့သော်လည်း အသိပညာပေး လုပ်ငန်းများ၊ ကုသရေးလုပ်ငန်းများအားကောင်းမည်။ အစားအသောက်များ ဆိုင်ရာ လွဲချော်မှုများကြောင့် ကျန်းမာရေးတွင် ထိခိုက်မှုများရှိနိုင်ပြီး အထူးသဖြင့် ဝမ်းရောဂါ၊ ဝမ်းပျက် ဝမ်းကိုက်ရောဂါများ ဖြစ်ပွားနိုင်သည်ဟု ဟောကိန်းထုတ်သည်။




## အနံ့ဆိုး၊အသံဆိုးထွက်သော လုပ်ငန်းအချို့ကို ခေါ်ယူသတိပေး

ဒီဇင်ဘာ - ၂၄

ရန်ကုန်မြို့ရှိ အသံဆိုးနှင့်အနံ့ဆိုးထွက်ရှိသော အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းရှင်အချို့အား သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးဌာနမှခေါ်ယူတွေ့ဆုံ၍ လုပ်ငန်းရပ်ဆိုင်းရန် သတိပေးပြောကြားမှု ပြုလုပ်ခဲ့ကြောင်းသတင်းရရှိသည်။

ယခုလတတိယပတ်တွင် ကြည့်မြင်တိုင်မြို့နယ်မှလုပ်ငန်းရှင်အချို့အား ခေါ်ယူတွေ့ဆုံခဲ့ပြီးလုပ်ငန်းရပ်ဆိုင်းရန် ခံဝန်ကတိရေးထိုးစေခဲ့ကြောင်း မော်တော်ယာဉ်စက်ပြင်အလုပ်ရုံတစ်ခု၏ပိုင်ရှင်ကပြောသည်။

"ဒီလ၁၆ရက်ကခေါ်တွေ့တယ်။နေရပ်လိပ်စာ၊မှတ်ပုံတင်နံပါတ်တွေနဲ့ပုံစံဖြည့်ပြီး ခံဝန်လက်မှတ်ထိုးခဲ့ရတယ်။ အားလုံးပေါင်းအယောက်နှစ်ဆယ်ကျော်ရှိတယ်"ဟု အထက်ပါအလုပ်ရုံပိုင်ရှင်ကပြောသည်။

၂၀၀၉ခုနှစ်ဇူလိုင်လတွင်မြို့တွင်းရှိ အနံ့ဆိုးနှင့်အသံဆိုးထွက်သော လုပ်ငန်းအချို့သတ်မှတ်ဇုန်များသို့ ပြောင်းရွှေ့ရန် လုပ်ငန်းရှင်များအား ခေါ်ယူသတိပေးခဲ့ပြီး ယခုအခါဒုတိယအကြိမ် ခေါ်ယူတွေ့ဆုံခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါစက်မှုလက်မှုလုပ်ငန်းများ ပြောင်းရွှေ့ရမည့်နေရာမှာ စည်ပင်က သတ်မှတ်ထားသည့် အနံ့ဇုန်ဖြစ်သော ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိသရက်ပင်ချောင်တွင်ဖြစ်သည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# နှစ်သစ်မှာ အစိုးရအသစ်မြင်ရမည်လား

ငြိမ်းငြိမ်းနိုင်၊ မြတ်စုမွန်၊ သန်းဌေး

**နှစ်ပေါင်း ၂၀အတွင်း ပထမဦးဆုံးအကြိမ်ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အဖြစ် လွှတ်တော်တစ်ရပ်မှ ပေါ်ပေါက်လာမည့် အစိုးရသစ်အတွက် နိုင်ငံရေးစိတ်ဝင်စားသူတို့က ၂၀၁၁ နှစ်သစ်ကိုမျှော်လင့်နေကြကြောင်း ပြောဆိုကြသည်။**

လာမည့် ၂၀၁၁ ဇန်နဝါရီလအတွင်း လွှတ်တော်ခေါ်ယူမည့်သတင်းများ ထွက်ပေါ်နေပြီး ဥပဒေအရ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ခေါ်ယူရမည်ဆိုခြင်းကြောင့် နှစ်သစ်တွင် အစိုးရသစ်တစ်ရပ်မြင်တွေ့ရဖွယ်ရှိနေသည်ဟု နိုင်ငံရေးပါတီများက သုံးသပ်သည်။

ရွေးကောက်ပွဲအပြီး ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြောဆိုနေမှုများ ငြိမ်သက်သွားသလို သာမန်ပြည်သူများက ထိုရလဒ်ကဖြစ်ပေါ်လာမည့် အစိုးရသစ်နှင့်ပတ်သက်၍မေ့မေ့ပျောက်ပျောက်ပင်ရှိနေကြကြောင်း မြို့နေပြည်သူလူထုကြား မေးမြန်းမှုများမှ သိရှိရသည်။

“ကျွန်တော်ရွေးကောက်ပွဲတုန်းက မဲပေးခဲ့ပါတယ်။ ဘယ်တော့အစိုးရသစ်ပြောင်းမလဲမသိဘူး။ အခုမေးမှပဲ သိတော့တယ်။ မဲပေးပြီး ပြီးသွားတာပဲ”ဟု ရန်ကုန်မြို့ရှိ အသက် ၃၀ ခန့်ရှိ ကုမ္ပဏီဝန်ထမ်းအမျိုးသားတစ်ဦးကပြောသည်။

ရွေးကောက်ပွဲဝင်ခဲ့သည့် နိုင်ငံရေးပါတီများကတော့ လွှတ်တော်ခေါ်ယူရေး အစိုးရသစ်တစ်ရပ်ဖွဲ့စည်းရေးအတွက် စိတ်အားသန်လျက်ရှိသည်။

> **လာမည့် ၂၀၁၁ ဇန်နဝါရီလအတွင်းလွှတ်တော်ခေါ်ယူမည့်သတင်းများ ထွက်ပေါ်နေပြီး ဥပဒေအရ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ခေါ်ယူရမည်ဆိုခြင်းကြောင့် နှစ်သစ်တွင် အစိုးရသစ်တစ်ရပ်မြင်တွေ့ရဖွယ်ရှိနေသည်ဟု ......**

ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း ၁၆ဦးရွေးချယ်ခံခဲ့ရသည့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးနိုင်ငွေသိမ်းက “ပြည်သူတွေရွေးကောက်ခဲ့တဲ့ ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းတဲ့ အစိုးရပေါ်လာမှာမို့လို့ ၂၀၁၁ မှာ ဒီမိုကရေစီရဲ့ အစအဖြစ် ပြောင်းလဲလာမှာပေါ့။ စားဝတ်နေရေးကတော့ အကြီးအကျယ်ပြောင်းလဲလာမယ်မထင်ဘူး”ဟု သုံးသပ်ပြောဆိုသည်။

ရွေးကောက်ပွဲတွင် အတိုက်အခံပါတီအဖြစ် နာမည်ကြီးခဲ့ကာ ရလဒ်များအရ ကိုယ်စားလှယ်လောင်း (၁၆) ဦးသာရွေးချယ်တင်မြောက်ခံခဲ့ရသည့် အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ (NDF) ဥက္ကဋ္ဌဒေါက်တာသန်းငြိမ်းက “ရွေးကောက်ပွဲပြီးသွားလို့ ပြီးသွားပြီလို့ပြောလို့မရဘူး။ နိုင်ငံရေးပါတီ အင်အားစုတွေမှာ တာဝန်ရှိသလို အစိုးရပိုင်းမှာလည်း တာဝန်ရှိသလို၊ ပြည်သူတွေမှာလည်း တာဝန်ရှိပါတယ်။ နိုင်ငံ တစ်နိုင်ငံမှာ ရွေးကောက်ခံထားရတဲ့ ကိုယ်စားလှယ်လောင်းတွေက အလကားမဟုတ်ဘူး။ သူတို့ကို အသုံးချရမယ်။ သူတို့ကတဆင့် ကိုယ်လိုချင်တာကိုတင်ပြရမယ်။ မှန်မှန်ကန်ကန်တင်ပြနိုင်ဖို့ လိုပါတယ်”ဟု မကြာမီ ခေါ်ယူမည်ဟု မျှော်လင့်ထားသည့်လွှတ်တော်အတွက် မှန်းဆသုံးသပ်ပြောကြားသည်။

၈၈ မျိုးဆက်ကျောင်းသားဟောင်း ကိုမျိုးရန်နောင်သိန်းကတော့ ၂၀၁၀ ခုနှစ်သည် စိတ်လှုပ်ရှားဖွယ်ကောင်းသည့် နှစ်တစ်နှစ်ဖြစ်ခဲ့ကာ လူငယ်များ နိုင်ငံရေးစိတ်နိုးကြွားမှု အတော်ကို မြင့်ခဲ့သည့် နှစ်တစ်နှစ်ဖြစ်ခဲ့သည်ဟုဆို သည်။ ၂၀၁၁ နှင့်ပတ်သက်၍ သူ့ မျှော်လင့်ချက်ကို ပြောကြားရာတွင် “လွှတ်တော်အမတ်တွေက ကတိတွေအများကြီးပေးထားတာတွေရှိတယ်။ ဒီဥပဒေပြောင်းမယ်၊ ဟိုဥပဒေပြောင်းမယ်ဆိုတာထက် အချင်းချင်းကြားထဲမှာ ဒီမိုကရက်တစ် Principal တွေကြားထဲမှာ ဘယ်လိုကောင်းမွန်အောင် လည်ပတ်မလဲဆိုတဲ့အချက်က အရေးကြီးတယ်”ဟု သုံးသပ်သည်။


စုစုပေါင်း လွှတ်တော် အမတ်နေရာ(၁၁၅၄)နေရာအနက် ပြည်ခိုင်ဖြိုးပါတီက (၈၈၂) နေရာဖြင့် နေရာအများစုရရှိခဲ့ပြီး၊ ထိုအထဲမှဒုသမ္မတရွေးချယ်တင်မြောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်အတွက် ပြည်ခိုင်ဖြိုးကိုယ်စားလှယ် စုစုပေါင်းမှာ (၃၈၈)ဦးဖြစ်သည်။

ဖြစ်ပေါ်လာမည့် အစိုးရသစ်နှင့်ပတ်သက်၍ ကိုမျိုးရန်နောင်သိန်းက “လက်ရှိပုံစံအတိုင်းပဲ ဆက်ရှိနေဦးမှာပဲ။ လက်ရှိအစိုးရနဲ့ သိသိသာသာကြီးကွဲပြားသွားဖို့ လုံးဝမမျှော်လင့်ဘူး။ ဘာလို့လဲဆိုတော့ အစိုးရသစ်က လက်ရှိတည်ဆဲအစိုးရရဲ့ ကောင်းမွေဆိုးမွေကို ခံမယ့်အစိုးရဖြစ်တယ်။ အဲဒါကြောင့် လက်ရှိ အစိုးရရဲ့ ကောင်းမွေဆိုးမွေအတိုင်းပဲ ပေါ်ထွန်းလာမယ့် အစိုးရလို့ မှတ်တယ်။ ရွေးကောက်ပွဲမှာ ဒီမိုကရက်တစ်အင်အားစုတွေ အပြတ်အသတ်နိုင်ခဲ့ရင်တောင်မှ တည်ဆဲအစိုးရရဲ့ ကောင်းမွေဆိုးမွေကို ဆက်ခံမယ့် နောက်ဆက်တွဲအစိုးရပဲဖြစ်မှာပါ။ ဒါကြောင့် ထူးထူးခြားခြားပြောင်းလဲလာဖို့ အမျှော်လင့်ဘူး”ဟု သုံးသပ်သည်။

မွန်ပါတီဥက္ကဋ္ဌဦးနိုင်ငွေသိမ်းက လွှတ်တော်အတွင်း တိုင်းရင်းသား ရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ “လွှတ်တော်မှာ တိုင်းရင်းသားတွေပေါင်းရင် ၃၀ ရာခိုင် နှုန်းနီးပါးရှိတယ်။ ကယားမပါပေါ့။ ရှိတဲ့လူနဲ့ ဆွေးနွေးမယ်၊ တိုင်ပင်မယ်။ ပြောသင့်တာတွေ ပြောရမယ်”ဟုပြောဆိုသည်။

ချင်းအမျိုးသားပါတီဥက္ကဋ္ဌ ဦးဇိုဇမ်ကတော့ တိုင်းရင်းသားအရေးနှင့်ပတ်သက်၍ “ကျွန်တော်တို့ကတော့ ဒုသမ္မတပေါ့။ တိုင်းရင်းသားထဲက တစ်ယောက်ဖြစ်ရမယ်လို့မှန်းတယ်။ ဖြစ်တာ၊ မဖြစ်တာတော့ မသိသေးပါဘူး။ အဓိကရည်ရွယ်ချက်ကတော့ တကယ့်ဒီမိုကရေစီကို စနစ်ကျကျ လုပ်တာမျိုးဖြစ်ဖို့ပါ။ တိုင်းရင်းသားတွေမှာပြဿနာလေးတွေရှိနေတယ်”ဟုဆိုသည်။

တိုင်းရင်းသားပါတီတစ်ခုလည်းဖြစ်၊ ရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများအတွင်း ဒုတိယအများဆုံးနိုင်ခဲ့သည်ဟုဆိုခဲ့သည့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီဥက္ကဋ္ဌဒေါက်တာအေးမောင်က“လာမယ့်အစိုးရဟာ ကမ္ဘာ့ပြည်သူတွေ လက်ခံနိုင်မယ့် အစိုးရဖြစ်ဖို့လိုပါတယ်။ လာမယ့် အစိုးရအဖွဲ့ဟာတာဝန်အများကြီးရှိပါလိမ့်မယ်။ ဖွဲ့စည်းပုံအရ ရှိသမျှဒေသတွေမှာရှိတဲ့ ရေ၊ မြေ၊ သယံဇာတတွေအားလုံးကို ဒေသဖွံ့ဖြိုးရေးကို မလုပ်ဘဲ၊ ပြည်ထောင်စုအစိုးရကပဲ စုယူသွားရင် ဖွံ့ဖြိုးမှုကို ဘယ်လိုလုပ်ပေးနိုင်မလဲ။ အဲဒီလို ဆွေးနွေးမှုတွေဟာ ပြည်နယ်တွေတင်မဟုတ်ဘူး။ တိုင်းဒေသကြီးတွေမှာလည်း ရှိမယ်။ ပြီးတော့ လက်နက်လမ်းစဉ်တွေ ချုပ်ငြိမ်းသွားအောင် ကျွန်တော်တို့ လုပ်ရဦးမယ်”ဟု သုံးသပ်



7 DAY NEWS JOURNAL
Vol.9, No.40 · DECEMBER 30, 2010

# ငါးလုပ်ငန်းအဖွဲ့ချုပ်၏ အပတ်စဉ်အစည်းအဝေး ရန်ကုန်တွင်သာ ကျင်းပဖွယ်

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၁**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (နေပြည်တော်ရုံး)အား ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီတွင် ဖွင့်လှစ်မည် ဖြစ်သော်လည်း အင်္ဂါအပတ်စဉ် အစည်းအဝေးအား ရန်ကုန်မြို့တွင်သာ ကျင်းပရန်ဆန္ဒရှိကြောင်း အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်က ပြောကြားသည်။

"နေပြည်တော်ရုံးကို ဆက်ဆံရေးရုံးအဖြစ်ထားမှာ။ စီမံခန့်ခွဲရေး၊ ထုတ်လုပ်ရေးတွေက ရန်ကုန်မှာပဲရှိပြီး၊ မီဒီယာတွေကလည်း ရန်ကုန်မှာပဲ အများဆုံးရှိလို့ပါ"ဟု ၎င်းကပြောကြားသည်။

အင်္ဂါအပတ်စဉ် အစည်းအဝေးများကို ရန်ကုန်မြို့ရှိ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးတွင် ကျင်းပပေးသည်။ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအပြင် သတင်းရယူရန် မီဒီယာများကိုလည်း တက်ရောက်ခွင့်ပြုသည်။

"အကြောင်းကြောင်းကြောင့် နေပြည်တော်မှာ အစည်းအဝေးလုပ်ရင် ဗီဒီယိုကွန်ဖရင့်လုပ်ပြီး အွန်လိုင်းစနစ်နဲ့လုပ်ပေးဖို့ရှိတယ်"ဟု ဦးဝင်းကြိုင်က ဆက်လက်ပြောကြားသည်။

ယခင်ကတည်းက အထက်ပါ အွန်လိုင်းနည်းဖြင့် စီစဉ်ခဲ့သော်လည်း မဖြစ်သေး၍ နောင်အစိုးရသစ်လက်ထက်တွင် ဖြစ်ပေါ်လာနိုင်ကြောင်း စုံစမ်းသိရှိရသည်။

"အစည်းအဝေးတိုင်း မီဒီယာသမားတွေတက်ခွင့်ပြုပြီး သတင်းရယူနိုင်သလို တက်ရောက်သူများအနေနဲ့လည်း မိမိသိလိုသမျှကို မေးမြန်းဆွေးနွေးခွင့်ပြုပါတယ်"ဟု အဖွဲ့ချုပ်အတွင်းရေးမှူး (၁) ဦးနှင်းဦးက ပြောကြားသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ အစည်းအဝေးကျင်းပချိန်တွင် မီဒီယာသမားများ သတင်းရယူခွင့်ပြုပြီး ဝင်ရောက်ဆွေးနွေးခွင့်ပါပြုသောအဖွဲ့ချုပ်မှာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တစ်ခုတည်းသာရှိကြောင်း သတင်းရရှိသည်။

**စေတနာတိုင်းရင်းဆေးကုခန်း**

**နှာခေါင်းရောဂါအမျိုးမျိုး**

နှာခေါင်းရောဂါအမျိုးမျိုးတို့တွင် နှာခေါင်းယားယံခြင်း၊ နှာပိတ်ခြင်း၊ မကြာခဏ နှာချေခြင်း၊ ပြည်/နှပ်ရည်ထွက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မှတ်ဉာဏ်စွမ်းပကား လျော့နည်းလာခြင်း စသောရောဂါလက္ခဏာရှိသည်။ နှာခေါင်းရောဂါတွင် ရုတ်တရက် နှာတာရှည်နှာမှေးရောင်ရောဂါ အလာဂျီနှာမှေးရောင်ရောဂါ၊ နှာခေါင်းတွင် လှိုက်စားခြင်းကြောင့် ပြည်နံ့ရခြင်း၊ နှာခေါင်းရဲထားသော အခေါင်းရောင်ရမ်းနာ၊ နှာခေါင်းအနီးပတ်ဝန်းရှိ အခန်းအတွင်း အမြှေးပါးရောင်ခြင်းနှင့် အသားပိုထွက်ခြင်း၊ အနံ့အသက်မရခြင်းတို့ရှိသည်။ တိုင်းရင်းဆေးသမားတော်များသည် လိမ်းဆေးနှင့်သောက်ဆေးကို သုံးပြီး တစ်ပြိုင်နက် ကုသမှုပြုခြင်းကြောင့် ဝေဒနာခံစားမှုလျှင်မြန်စွာ သက်သာစေပြီး ပျောက်ကင်းမှုမြန်ဆန်သည်။ အလွယ်တကူထပ်မံမဖြစ်တော့ပါ။ **ကြွလာပေးတော်မူကြရန် ဖိတ်ကြားအပ်ပါသည်။**

**အမှတ်(၁၇၀/၁)၊ ပထမသီရိ ရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ အလုံတာတိုက်အနီး၊ ရန်ကုန်မြို့။ ဖုန်း-၂၂၈၆၀၆၊ ၀၉၅၁၄၀၇၆၅ ကုသချိန်-နံနက် ၈း၃၀ မှ ၁၁း၃၀ ထိ၊ နေ့လည် ၁း၀၀ မှ ၄း၃၀ ထိ**

**အမြန်အလိုရှိသည်**

- Asst; Production Manager / Production Manager ကျား - ၅ ဦး
- B.E/B-Tech / A.G.T.I (Mech;/ Elec;)
- စက်ရုံထုတ်လုပ်ရေးလုပ်ငန်းများဆိုင်ရာအတွေ့အကြုံ (၃)နှစ်အထက်ရှိသူများကိုဦးစားပေးမည်။

အထက်ပါ အလုပ်လျှောက်ထားသူသည် မိမိ၏ကိုယ်ရေးရာဇဝင်၊ လေဘာ၊ မှတ်ပုံတင်၊ သန်ခေါင်းစာရင်းမိတ္တူ ရဲစခန်းထောက်ခံစာမူရင်း၊ ပညာအရည်အချင်းမိတ္တူ ဓာတ်ပုံ(၂)ပုံနှင့်အတူ ၁၀-၁-၂၀၁၁ ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်သည်။

***လျှောက်ထားတင်ရမည့်နေရာ-***
***အမှတ်-၁၀၁/၁၀၂၊ ချယ်ရီလမ်း၊***
***စက်မှုဇုန်(၁)၊ ရွှေပြည်သာ။***

# ဂီရိမုန်တိုင်းသင့်ဒေသတွင် အင်န်ဂျီအိုများ စုပေါင်း၍ ကဏ္ဍရှစ်ခုအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မည်



**မြတ်စုမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၉**

ဂီရိဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ပညာရေး၊ စိုက်ပျိုးရေးနှင့် ကျန်းမာရေးကဏ္ဍများ အပါအဝင် ကဏ္ဍရှစ်ခုအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်များကို မြန်မာနိုင်ငံရှိ အင်န်ဂျီအိုများ စုပေါင်းကာ လာမည့်ဇန်နဝါရီလမှစတင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါကဏ္ဍရှစ်ခု အနက် အချို့သော ကဏ္ဍ(ဥပမာ-စိုက်ပျိုးရေးကဏ္ဍ)များမှာ ရာသီအလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံချက်ကို မြန်မာအင်န်ဂျီအိုများ၏ ဘေးအန္တရာယ်အတွက် အရေးပေါ်စီမံချက် (CPWG)ဟု အမည်ပေးထားပြီး ခြောက်လစီမံချက်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသင့် ကျေးရွာများသို့ အင်န်ဂျီအိုများ သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် ရရှိခဲ့သည့် အတွေ့အကြုံများကို သင်ခန်းစာယူကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

"မြန်မာအင်န်ဂျီအိုကွန်ရက်မှာပါတဲ့ အင်န်ဂျီအိုတွေရော၊ မပါသေးတဲ့ အင်န်ဂျီအိုတွေရော အားလုံး ဒီ CPWG မှာပါတယ်။ ကဏ္ဍရှစ်ခုရှိတယ်။ အင်န်ဂျီအိုတွေအားလုံး စုပေါင်းပြီး ဒီလိုလုပ်ရတာကတော့ နာဂစ်တုန်းကလို နယ်မြေထပ်ပြီး လုပ်မိတာ၊ လုပ်စရာလိုအပ်တဲ့နယ်မြေတွေ ကျန်ခဲ့တာ၊ လုပ်ငန်းတွေထပ်တာမျိုးတွေ မဖြစ်အောင် ဇရိယာအလိုက် သတ်မှတ်ပြီးဝင်တာ"ဟု မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးက ရှင်းပြသည်။

ထိုစီမံချက်တွင် ပါဝင်သောကဏ္ဍများမှာ ကျန်းမာရေးကဏ္ဍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ ပညာရေးကဏ္ဍအရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ စိုက်ပျိုးရေးကဏ္ဍ အရေးပေါ်တုံ့ပြန်ဆောင်ရွက် ရေး၊ အရေးပေါ်နားခိုရာကဏ္ဍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ စောလျင်စွာပြန်လည်ထူထောင်လာစေရေးကဏ္ဍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ အစာနှင့် အာဟာရကဏ္ဍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးတို့ဖြစ်ကြပြီး ကဏ္ဍတစ်ခုစီတွင် အင်န်ဂျီအိုငါးခုမှ ခုနစ်ခုအထိ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအဆိုပါ စီမံချက်တွင် ပူးပေါင်းပါဝင်မည့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းမှ သတင်းရရှိသည်။

## ၈(၂၅) – အားလုံးကိုနှုတ်ဆက်သွားသော လေထီးဒေါ်မြရီ မှ

ဂျပန်စစ်တပ်က ရိပ်မိ၍ ကျောက်ဆည်မြို့မှထွက်ခွာကာ သခင်တင်မြနှင့် မန္တလေး၊ အမရပူရ၊ စစ်ကိုင်းနယ်များသို့သွားရောက်ပြီး စည်းရုံးရေးနှင့် ဂျပန်တော်လှန်ရေးသင်တန်းများ လျှို့ဝှက်စွာ ပို့ချခဲ့သည်။

ဂျပန်တော်လှန်ရေးအတွင်း သွားလာလုပ်ကိုင်ရင်း မိမိအားစော်ကားမော်ကား ပြုလုပ်ပါက စော်ကားသူအား ဓားနှင့် ထိုးကာ အဆိပ်သောက်သေမည်ဟု ဆုံးဖြတ်ထားရာ ဓားမြောင်တစ်ချောင်းနှင့် အဆိပ်တစ်ပုလင်း ဆောင်ထားသည်အထိ ယုံကြည်ချက်အပြည့်ဖြင့် ပြတ်သားစွာ ဆုံးဖြတ်လုပ်ကိုင်ခဲ့သည်။

မဟာမိတ်တပ်များနှင့် ဆက်သွယ်ရန် အိန္ဒိယသို့ ထွက်ခွာသွားခဲ့သော သခင်တင်ရွှေနှင့် သခင်သိန်းဖေ (သိန်းဖေမြင့်)တို့နှစ်ဦးအနက် သခင်တင်ရွှေ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာပြီး လေထီးသင်တန်းနှင့် ဖက်ဆစ်တော်လှန်ရေးအတွက် သခင်သန်းထွန်း၊ သခင်စိုး၊ သခင်နုတို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ရန်ကုန်မြို့သို့ သခင်တင်မြနှင့်အတူ ဒေါ်မြရီရောက်ရှိအပြီး ယခင်ကတည်းက ရည်ငံခဲ့သူ သခင်တင်ရွှေနှင့် အသက် ၂၅ နှစ်အရွယ်တွင် လက်ထပ်ထိမ်းမြားခဲ့သည်။

ထို့နောက် လေထီးသင်တန်းအတွက် အိန္ဒိယသို့ ထွက်ခွာရာတွင် ဒေါက်တာဘမော်ပေးလိုက်သောစာရွက်စာတမ်း ထောက်ခံစာများဖြင့် ဂျပန်စစ်တပ်များအား လှည့်စားကာ ရခိုင်ရိုးမကို ခြေလျင်ကျော်ဖြတ်ကြရာ၌ ဒေါ်မြရီသည် ယောကျာ်းသားများဖြင့် တန်းတူ ဒဏ်ရာများရရှိသည်အထိဖြတ်သန်း သွားရောက်ခဲ့သည်။

ထိုသို့သွားရောက်ရာတွင် ဦးညိုထွန်း(နောင်သံအမတ်ကြီး)က ရခိုင်တိုင်း မဟာဗမာအဖွဲ့မင်းကြီးအဖြစ်လည်းကောင်း၊ ဦးကျော်ရင်(နောင်တက္ကသိုလ်ပါမောက္ခ)က မင်းကြီး၏ ရုံးအုပ်စာရေးကြီးအဖြစ်လည်းကောင်း၊ ဒေါ်မြရီတို့ လင်မယားနှစ်ဦးက ရုံး စာရေးလင်မယားအဖြစ်လည်းကောင်း ဆောင်ရွက်ကာ ခရီးဆက်ခဲ့သည်။

ရခိုင်ကမ်းခြေ တောမိချိုင်မှ သင်္ဘောသုံးကြိမ်ပြောင်းစီးကာ လေယာဉ်ထပ်မံစီး၍ မီရတ်မြို့သို့ရောက်ရှိပြီး သခင်သိန်းဖေ(သိန်းဖေမြင့်)နှင့် တွေ့ဆုံသည်။

ထိုနောက် မြန်မာပြည်မှ တော်လှန်ရေး ရဲဘော်များတစ်သုတ်ပြီးတစ်သုတ် ထပ်မံရောက်ရှိလာပြီး စစ်သင်တန်းများအား အိန္ဒိယနှင့် သီဟိုဠ်တို့တွင် သင်ယူခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်တွင် သခင်သိန်းဖေ(သိန်းဖေမြင့်) မန်းဝင်းမောင်(နောင် နိုင်ငံတော်သမ္မတကြီး)၊ ကိုဘစော၊ မောင်ကြည်၊ သခင်တင်ရွှေ၊ သားဖြစ်သူ မောင်စိုးသိန်းတို့နှင့်အတူ ဒေါ်မြရီ ရန်ကုန်သို့ အိန္ဒိယမှ ပြန်လာခဲ့သည်။

စစ်ပြီးချိန်၌ မိမိနယ်တွင်ပင် ကျောက်ဆည်ပြည့်တန်ဆာ ပပျောက်ရေး အမျိုးသမီးကွန်ဂရက်ဥက္ကဋ္ဌအဖြစ် တာဝန်ယူရင်း ရွှေသာလျောင်းတောင်ခြေစောင်းတန်းအတက်တွင် ဖက်ဆစ်တော်လှန်ရေး အထိမ်းအမှတ် ကျောက်တိုင်စိုက်ထူနိုင်ခဲ့သည်။

ကွန်မြူနစ်များ တောခိုရာတွင် သခင်တင်ရွှေနှင့်အတူ လိုက်ပါသွားခဲ့ပြီး သခင်တင်ရွှေ ကျဆုံးပြီးနောက်ပိုင်း၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ကာဝန်ကြီးချုပ်ဦးနု၏ အစီအစဉ်ဖြင့် ကျောင်းဆရာမပြုလုပ်ရင်း သားသမီးများနှင့်အတူ ကျောက်ဆည်မြို့ ဈေးတန်းရပ်၌ပင် ကွယ်လွန်သည်အထိ နေထိုင်သွားခဲ့သည်။

သမဝါယမကော်မတီ၊ မြို့နယ်တရားစီရင်ရေးနာယက၊ အသုံးလုံး ၁၄ တိုက်နယ် ဥက္ကဋ္ဌ၊ ပညာရေးအစည်းအရုံးဥက္ကဋ္ဌ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး ဒု-ဥက္ကဋ္ဌများ ဆောင်ရွက်ခဲ့ပြီး အသက် ၆၀ အရွယ်တွင် အငြိမ်းစားယူခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယအဆင့်) လည်းချီးမြှင့်ခံခဲ့ရသည်။

လေထီးဒေါ်မြရီသည် လမ်းမလျှောက်နိုင်တော့သည့် ဘဝဖြင့် ခုနစ်နှစ်ကြာသည်အထိ နေထိုင်ခဲ့ရပြီး အသက် ၉၃ နှစ်အရွယ်၌ ကွယ်လွန်ကာ မင်းမွေးတောင်သုသာန်၌ မီးသဂြိုဟ်ခဲ့သည်။ သမိုင်းဝင်ပုဂ္ဂိုလ် အမျိုးသမီးကြီးဖြစ်သည့် လေထီးဒေါ်မြရီတစ်ယောက် ဘဝနေဝင်ချိန်များ၌ တရားဓမ္မတွင် မြုပ်နှံရင်းအေးချမ်းတိတ်ဆိတ်စွာ ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

**ကျောက်တည်ခြင်းကို ခွဲစိတ်ကုသရန်မလိုပါ**

**ESWL** ဒီဂျစ်တယ်ကွန်ပျူတာ ကျောက်ချေစက်ဖြင့် ခေတ်မီဆုံးအနောက်တိုင်း နည်းပညာ/ အချိုသာဆုံးနှင့်ထိရောက်သောကုသမှု

ကျောက်ကပ်ကျောက်တည်၊ ဆီးလမ်းကြောင်းကျောက်တည်၊ ဆီးနှံကျောက်တည်ခြင်းများကို ဆေးရုံတင်စရာမလို၊ ခွဲစိတ်စရာမလိုဘဲသက်သာပျောက်ကင်းစေပါသည်။

ဆီးလမ်းကြောင်းကျောက်တည်မှုရှိမရှိကို **USG** ဖြင့် အခမဲ့ စစ်ဆေးပေးသည်။ နေ့စဉ် (9am-6m)

ရွှေပုပ္ပါးအထူးကုဆေးခန်း **(24 hr service)** ☎ ၀၉-၅၁၃၃၂၃၆၊ ၀၉-၅၀၀၀၈၈၇၊ ၅၅၆၀၀၁၊ ၅၅၆၃၀၆

**W1,** ရန်ကင်းပန်းခြံအိမ်ရာ၊ ရန်ကင်းစင်တာဘေး၊ ဆရာစံလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

လက်တွေ့အသုံးချသူနာပြုနှင့် ဆေးဝါးကျွမ်းကျင်အကူသင်တန်း ( 8 am –4pm ) Mon to Fri ( ၂ လပြတ် ) ၈၀၀၀၀ိ/ အခြေခံပညာအထက်တန်း အဆင့်ရှိရုံဖြင့် စိုင်မာမွန်မြတ်သော အသက်မွေးဝမ်းကြောင်းပညာ စိုင်မာသော ဝင်ငွေကိုရရှိစေနိုင်သည်။ (၁ . ၂ .၂၀၁၁) ဖွင့်မည်။ (အလုပ်ရရှိရန်တာဝန်ယူသည်။) ကျွမ်းကျင်ဝန်ထမ်း၊လူနာစောင့် လိုအပ်ပါကဆက်သွယ်နိုင်ပါသည်/

7DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# ကြီးတော်ရဲ့ နွားကျောင်းသမားများနှင့် ကွက်ရှဲလပ်နေသောမြေကမ္ဘာ

(တစ်)

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ဝန်းကျင်လောက်က သို့မဟုတ် ဆယ်စုနှစ်နှစ်ခုစာလောက်က အရိုးစိမ့်အောင်အေးခဲနေသည့် ပုဂံမြို့၏ ဆောင်းညအောက်မှာ 'ထန်းရိပ်ညို' ဆိုသည့် အနုပညာခြံဝင်းကလေးအတွင်း၌ ဆရာပါရဂူကို အကြီးအမှူးနေရာမှာထားလျက် စကားဝိုင်းကလေးတစ်ဝိုင်းဖွဲ့ဖြစ်ခဲ့ကြတာကို ယခုအထိ ကျွန်တော်အမှတ်ရနေမိပါသည်။ ထိုစကားဝိုင်း၌ ရာပြည့်ဦးစိုးညွန့်ပါပါသည်။ ဆရာကိုတာလည်း ပါပါသည်။ သန်းခေါင်ကျူးရုံမက လုလင်ပြန်ချိန်သို့ကူးသည်အထိ ကောင်းနေခဲ့သော စကားဝိုင်းကလေးမို့ မမေ့နိုင်ရခြင်းဖြစ်ပါသည်။

မှတ်မှတ်ရရ ထိုညကဆရာပါရဂူ ဇောင်းပေးပြီးပြောသော နယ်ပယ်က ပရဟိတနယ်ပယ်အကြောင်းပဲ ဖြစ်ပါသည်။ လူတစ်ယောက်ကို တန်ဖိုးဖြတ်ရာ၌ ပရဟိတကိစ္စ ဘယ်လောက်ဆောင်ရွက်သလဲ မဆောင်ရွက်ဘူးလဲဆိုသည့် ပေတံနှင့် သူတိုင်းတာတန်ဖိုးဖြတ်ကြောင်း၊ ပရဟိတသမားဆိုသည်မှာ ကိုယ့်ဘက်ကများများပေးဆပ်ရကြောင်း၊ ကမ္ဘာကြီးကို နေပျော်ထိုင်ပျော် ကမ္ဘာကြီးဖြစ်ဖို့ ပရဟိတသမားများကသာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း စသည်စသည်ဖြင့် ဆရာပါရဂူ တော်တော်ကလေးပြောပါသည်။

မှန်ပါသည်။ ပရဟိတကိစ္စဆိုသည်က ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်၏နွားကိုကျောင်းရခြင်းမျိုးဖြစ်ရာ မိမိဘက်ကတော်တော်ကလေး ပေးဆပ်ရပါသည်။ ကမ္ဘာပေါ်ကကွက်နေသော၊ လပ်နေသောနေရာများကို ဖြည့်ဆည်းရခြင်းဖြစ်ရာ မိမိဘက်ကမပေးဆပ်ဘဲနှင့် ဘယ်လိုမှမရ။

ကမ္ဘာပေါ်မှာက ပေးဆပ်စရာတွေက များပြားလွန်းလှပါသည်။ မိမိ၏ကိုယ်ခန္ဓာထဲကသွေးကိုဖောက်ပြီး ပေးဆပ်နိုင်သည်။ မိမိ၏ဘဏ္ဍာတိုက်ထဲကငွေကိုထုတ်ပြီး ပေးဆပ်နိုင်သည်။ မိမိ၏စားဖိုဆောင်ထဲက အစာအာဟာရကိုဖွဲ့ပြီး ပေးဆပ်နိုင်သည်။ သို့မဟုတ် မိမိ၏အဝတ်အစား၊ မိမိတတ်ကျွမ်းထားရာ ပညာ၊မိမိ၏ကာယခွန်အား၊ မိမိထိုင်နေသောခုံစသည်စသည်ဖြင့် များပြားလွန်းလှပါဘိ။ ကမ္ဘာပေါ်ရှိဖြည့်စွက်စရာကွက်လပ်တွေကလည်းများမှများမဟုတ်လား။



မောင်သာချို

ရွှေခဲ စာပြန်တုန်း။
ဝလုံးရေးဖို့ ညီလေးထိုင်
ရွှေခဲ မရေးနိုင်။
ငေးမှိုင်ရှာပေါ့ ကြက်တူရွေး
ရွှေခဲကြက်တူရွေး။

ဒါကတော့ ဆရာမင်းသုဝဏ်၏ ကဗျာ။ စာမရေးနိုင်ရှာသည့် ကြက်တူရွေးငှက်ကလေးအပေါ် ကောင်ကလေးတစ်ယောက်၏ စာနာမှု။ သည်လိုကဗျာမျိုးကိုလည်း မူလတန်းနှစ်ကာလတွေထဲမှာပဲ ကျွန်တော်တို့ ဖြတ်သန်းခဲ့ကြရတာဖြစ်ပါသည်။ ဒို့ကြောင့် သည်ကဗျာကလေးကိုလည်း ကျွန်တော်တို့ကကျေးဇူးတင်ရပါသည်။

စကားကိုတိုအောင်ချုံ့ရလျှင် ကျွန်တော်တို့သည် ကကြီးခကွေး စရေးကတည်းကပင် စာနာစိတ်နှင့်စတင်လာခဲ့ကြသော လူမျိုးဖြစ်ပါသည်။ သို့ဖြင့် ကျွန်တော်တို့သည် မှန်တိုင်းသင့်ရာဒေသများသို့အရောက်သွားကာ ဝတ်စရာကိုပေးခဲ့ကြသည်။ စားစရာကို ကျွေးခဲ့ကြသည်။ နေစရာကိုဆောက်ခဲ့ကြသည်။ မြို့တိုင်းနယ်တိုင်းလိုလို၌ နာရေးကူညီမှုအသင်းကလေးတွေ ပေါ်ပေါက်လာကြသည်။ ပရဟိတ စာသင်ကျောင်းကလေးတွေက ဟိုနားတစ်ကျောင်း၊ သည်နားတစ်ကျောင်း။ စာလည်းသင်၊ ထမင်းလည်းကျွေး၊ ခိုနားစရာကလေးတွေလည်း ပေးသတဲ့။ ကုသိုလ်ဖြစ်ဆေးခန်းကလေးတွေကလည်း ဟိုနားတစ်ခု၊ သည်နားတစ်ခု။ ခွဲစုပ်စက်လှူပြန်သတဲ့။ အီးစီဂျီစက်လှူပြန်သတဲ့။ ပညာရေးဆိုင်ရာ Foundation ကလေးတွေလည်း ပေါ်လာကြပြန်ကာ ချို့တဲ့သော်လည်း ထူးချွန်သည့်ကျောင်းသားတွေကို ပညာဆက်သင်ဖို့ တံတားထိုးပေးနေကြပြန်သတဲ့။

သည်ဘက်ပိုင်းနှစ်တွေထဲမှာ ကျွန်တော်တို့ ပြည်သူလူထုတစ်ယောက်ကိုတစ်ယောက်ကျောချင်းကပ်သည့်အနေထားဖြင့် ကွက်လပ်ကလေးတွေ ဖြည့်ကြဖို့၊ ထိန်းသိမ်းစောင့်ရှောက်ကြဖို့ ပရဟိတလုပ်ငန်းတွေတွန်းပြီး လုပ်လာကြတာကိုတွေ့ရသည်မှာ တော်တော့်ကိုစိတ်ကျေနပ်ဖို့ကောင်းပါသည်။ ဒါတွေအားလုံးကလှပါဘိ။ ကမ္ဘာပေါ်ရှိဖြည့်စွက်စရာကွက်လပ်တွေကလည်းများမှများမဟုတ်လား။

(နှစ်)

အခု ၂၀၁၀ ခုနှစ်ထဲ၊ နှစ်ကူးလုကူးခင်နေ့တစ်နေ့၌ ဆရာချစ်ဦးညို၊ ကိုအော်ပီကျယ်နှင့် ကျွန်တော်တို့ လက်ပံတန်းမြို့က ပြန်လာကြစဉ် ဂုဏ်သရေရှိအမျိုးသမီးကြီးတစ်ယောက်နှင့် စကားလက်ဆုံကျဖြစ်ပါသည်။ ကျွန်တော်တို့က ထိုအမျိုးသမီးကြီး၏ ကားပေါ်မှာပါလာကြသူများမဟုတ်လား။

သူက ကွက်လပ်တွေအကြောင်းကိုပြောပါသည်။ ကလေးဘဝကတည်းက စာသင်ခန်းထဲမှာ ကွက်လပ်တွေကို ဖြည့်ခဲ့ကြရကြောင်း၊ ကွက်လပ်ဆိုသည်မှာ သည်အတိုင်းထား၍မလှကြောင်း၊ ထို့ကြောင့်ဖြည့်စွက်ခဲ့ကြရပေရာ မှန်သောစကားလုံးကိုလည်း ဖြည့်စွက်တတ်ရန်လိုကြောင်း၊ သို့မှ အဓိပ္ပာယ်ပြီးပြည့်စုံကြောင်း၊ ထိုဓလေ့ကို ဘဝတက္ကသိုလ်ထဲအထိယူဆောင်လာသင့်ကြောင်း၊ ဘဝတက္ကသိုလ်ထဲမှာက ကွက်နေလပ်နေသဖြင့် မပြည့်စုံသောဘဝ ဝါကျပေါင်းများစွာရှိတတ်ရာ ဖြည့်စွက်ပေးတတ်ဖို့ လိုအပ်ကြောင်း စသည်စသည်ဖြင့်ဖြစ်ရာ ကျွန်တော်တို့သုံးယောက်သား တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်ဖြစ်ကြပါသည်။ သည်အမျိုးသမီးကိုယ်တိုင်ကလည်း ပရဟိတကိစ္စတွေ လိုက်ဆောင်ရွက်နေသူမဟုတ်လား။

သူ့မြို့ကလေးက ကုသိုလ်ဖြစ်ဆေးခန်းမှာ ဆေးလိုပြီဆိုသောအခါ ဆေးဝယ်ဖြည့်ပေးလိုက်၊ နာရေးကူညီမှုအသင်း၌ လူသေတွေမီးသင်္ဂြိုဟ်ဖို့ မော်တော်ကားတာယာ အဟောင်းတွေလိုပြန်ပြီဆိုသောအခါ တာယာအဟောင်းတွေဝယ်ပို့ပေးလိုက်၊ စာကြည့်တိုက်အတွက် စာအုပ်လိုသောအခါ စာအုပ်တွေ ဝယ်ဖြည့်ပေးလိုက် စသည်စသည်ဖြင့် ဆောင်ရွက်နေသူဖြစ်ရာ ဟာနေသည့်ကွက်လပ်များကို လိုက်ဖြည့်နေခြင်းပင်ဖြစ်ပါသည်။

သည်လိုမပြည့်စုံနိုင်ရှာသည့် ဘဝဝါကျများကို ကိုယ့်ထမင်းကိုယ်စားပြီး လိုက်ဖြည့်နေခြင်း၏ အခြေခံစိတ်ဓာတ်က စာနာစိတ် (Sympathy) ပဲဖြစ်ပါသည်။ လူ့အဖွဲ့အစည်းကို ခိုင်မြဲအောင်ချည်နှောင်ထားသောအရာမှာ စာနာတတ်သောစိတ် (Sympathy) ဟု ဆရာကြီးဒေါက်တာကျော်စိန်ကပင် ဆိုခဲ့ဖူးသည် မဟုတ်ပါလော။

(သုံး)

ပါပီကလေး ပုတုတု
သူ့စကားက ဝုဝုဝု။
သူ့စကား လူမသိ
လူ့စကား သူမသိ
သနားပါဘိ။

ဒါက ဆရာကြီးဒေါက်တာမောင်ဖြူး၏ကဗျာဖြစ်ပါသည်။ စကားမဆိုတတ်သော ခွေးကလေးတစ်ကောင်အပေါ်၌ပင်လျှင် စာနာသနားတတ်သောစိတ်ဓာတ်ဝင်ရောက်လာဖို့အတွက် ကျွန်တော်တို့ကို ပြုပြင်ထိန်းကျောင်းခဲ့ပုံရသော မူလတန်းအရွယ် ကဗျာကလေးအဖြစ် ကျွန်တော်ကျေးဇူးတင်နေမိသည်။

ကြက်တူရွေး ကြက်တူရွေး
ရွှေခဲကြက်တူရွေး။
ညီပုလေးကို စာအံသင်
ရွှေခဲ စာအံသင်။
ညီလေးခင်က စာပြန်တုန်း

စာနာတတ်သောစိတ်မှာ အခြေခံပါသည်။

ကလေးငယ်တစ်ယောက်အိပ်ပျော်နေစဉ် ကွာကျနေသော စောင်ကလေးကို ဆွဲခြုံပေးလိုက်တာဟာ စာနာစိတ်။ ဘတ်စ်ကားပေါ် တိုးတက်လာတဲ့ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက်ကို နေရာထပေးလိုက်တာဟာလည်း စာနာစိတ်။ ဝေဒနာရှင်လူနာတစ်ယောက်၏လက်ကလေးကို အသာအယာဆွဲကိုင်ပြီး ဆရာဝန်က အားပေးနေမှုဟာလည်း စာနာစိတ်။ ကရုဏာရှင်မကြီး မာသာထရီဆာ (Mother Teresa) က ကလေးငယ်တစ်ယောက်ကို ထွေးပိုက်ချော့မြူနေတာဟာ စာနာစိတ်။ မိုက်ကရိုဆော့ဖ်သူဌေးကြီး ဘီလ်ဂိတ် (Bill Gates) သူ့ပိုက်ဆံတွေ လှူဖို့လုပ်နေတာဟာ စာနာစိတ်။ တောင်အာဖရိကလူဖြူသမ္မတဒီကလပ် (De Klerk) က လူမည်းခေါင်းဆောင်နယ်လ်ဆင်မင်ဒဲလား (Nelson Mandela) ကို ထောင်ထဲကလွှတ်ပစ်တာဟာ စာနာစိတ်။

စာနာခြင်းတရားတို့ ဖွံ့ဖြိုးလာသောအခါ ကမ္ဘာပေါ်က လစ်နေဟာနေ ကွက်နေလပ်နေချို့နေယွင်းနေသော အရာတွေကို မြင်လာပါသည်။ ထိုအခါ ပရဟိတစိတ်ကြီးသူတို့က ထိုနေရာများကိုဖြည့်စွက်ရန် အားထုတ်လုံးပန်းလာကြလေ့ရှိပါသည်။ မည်သူကမှ တာဝန်ပေးလို့မဟုတ်။ ကိုယ့်ထမင်း ကိုယ်စားကာ ကြီးတော်၏ နွားကိုကျောင်းပေးဖို့။

အခု ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်၏နွားကျောင်းသူတွေ များလာသည့်အတွက် ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို ကျွန်တော်ကျေနပ်သည်။ သူတို့တွေက ကွက်လပ်အချို့ကို လိုက်ဖြည့်နေကြပါသည်။ သို့ဖြင့် ကောင်းသော နှစ်များရှိရာသို့ ထိုကြီးတော်၏နွားကျောင်းသူများက ဆောင်ကြဉ်းသွားလိမ့်မည်ဖြစ်ကြောင်း ယုံကြည်မိပါသည်။ ။

## စာ(၂၄) အမြဲလန်း လှည်းတန်း (လူမှုဘဝ မျှော်ခင်းများ) မှ

ဒါတင်မက ငါးကင်ဆိုင်၊ အသားကင်ဆိုင်တွေဘက်ကလည်း မီးခိုးတလူလူလွင့်တက်လာ၊ ပြည်မြန်မာကုန်တိုက်ဝင်းထဲက လက်ဖက်ရည်ဆိုင်နှင့် ဦးထွန်းလင်းခြံလမ်းထဲက လက်ဖက်ရည်ဆိုင်တွေမှာ လူကအပြည့်၊ အမ်ပီဖိုးနားကြပ်နဲ့ လက်ပ်တော့ကို လွယ်ပိုးထားသူကထား၊ ငါးသိန်းတန်ဖုန်းနဲ့စွာသူကစွာ၊ ရည်းစားကောင်မလေးလိုချင်သူတွေ ယခင်ခေတ်ကလို ရုံးသွားရုံးပြန်၊ ကျောင်းသွားကျောင်းပြန် လက်ဖက်ရည်ဆိုင်မှာ တမေ့တမောကြီးထိုင်စောင့်ကာ မျက်လုံးချင်းဆုံရန် ကြိုးစားစရာမလို၊ ချက်တင်မှာ ဖေ့စ်ဘွတ်ခ်မှာ တွေ့ပြီးပြီ။ ချိန်းပြီးပြီ။ ကီးဘုတ်ခလုတ်တွေက ဆုံချက်ဖြစ်သွားပြီ။ 'ကဲ . . ဘာလုပ်မှာလဲ မြန်မြန်ပြော' လူချင်းဆုံလျှင်ပြောသောစကား။

လှည်းတန်းညနေသည် အတော့်ကို ပြောင်းလဲသွားပါပြီ။ ကျွန်တော်တို့ခေတ် လှည်းတန်းသည် ၂၀ ရာစုထဲ ကျန်ခဲ့ပြီး၊ ၂၁ ရာစု လှည်းတန်းသည် ပို၍သစ်လွင်တောက်ပလို့နေသည်။

ယနေ့ခေတ်မှာ လူငယ်တိုင်းလိုလို အလုပ်တစ်ဖက် ကျောင်းတစ်ဖက် ဖြစ်ကုန်သည်။ ကျွန်တော်တို့ခေတ် လှည်းတန်းသည် ငါးကင်မရှိ၊ အသားကင်မရှိ၊ အင်တာနက်မရှိ၊ ယခုလို Brand အသစ်တွေမရှိ၊ ယုတ်စွအဆုံး လမ်းဘေး PCO ဖုန်းပင်မရှိ၊ မာလာဟင်းဆိုတာ ကြားတောင်မကြားဖူး။ ယခုတော့ ဆေးပေါ့လိပ်ဝယ်ရခက်ပြီ။ လက်ဖက်ရည်ပုဏ္ဏား ဘယ်နားသွားသောက်ရမှန်းမသိ၊ ကက်ဆက်မရှိ၊ တိတ်ခွေမသိ၊ ရယ်ဒီမိတ်တွေသာ သုံးကြသည်။ ကမ္ဘာကြီးကို ကျောပိုးအိတ်ထဲ၊ ဆလင်းဘက်ထဲ၊ အိတ်ကပ်ထဲထည့်ကာ အိုင်ပေါ့၊ အိုင်ပက်သုံးကြပြီ။ ဒါပေမဲ့ လူအများစုမှာ မိုးကောင်းကင်ပေါ် မော့ကြည့်ဖို့ မေ့လျော့နေကြသည်။

(၅)

လိမ္မော်ရောင်အနားကွပ် တိမ်မျှင်၊ တိမ်စများ ပျောက်ကွယ်သွားသည့်အဆုံး လျှပ်စစ်မီးတွေ ပြိုးပြိုးပြက်ပြက် လင်းလက်လာကြသည်။ စန္ဒာမြိုင် ကွန်ဒိုလှည်းတန်းစိန်ဂေဟာရှေ့ရှိ လူအုပ်ကြီးမှာ ပိုမိုကျပ်ခဲလာ၏။ လူအုပ်တွေထဲမှကားတွေ ဆိုက်ကားတွေအတင်းတိုးထွက်၊ 'ဟေးခနဲ' အသံနှင့်အတူ ဟစ်ဟော့ပ်မြူးဇစ်က ဒေါနှင့်မောနှင့် အုန်းခနဲလွင့်ထွက်လာ. . ၊


**ငါတို့တွေ လမ်းဘေးမှာခွေးဖြစ်နေတုန်းက မင်းမရှိဘူး၊ လူတွေ ဝိုင်းပုတ်ခတ်ရှုတ်ချနေချိန်မှာ မင်းမသိဘူး၊ ဒီဂီတ ခိုင်ခံ့ဖို့တည်ဆောက်တုန်း မင်းဘယ်ရောက်နေလဲ၊ Radar ထဲက ပျောက်နေခဲ့၊ တွဲတာကြားတယ် အခြောက်တွေနဲ့၊ အခြေအနေ ကောင်းလာမှဆရာလုပ် လက်ဝါးကြီးအုပ်ချင်၊ ကုန်းဆင်းထပ်ရှုပ်ရင် အပြီးသုတ်သင်၊ မိုက်ကရိုဖုန်းဘုရင်က Capital-J Lesson တွေပေး၊ ဘဝရဲ့နိဗ္ဗာန်ရောက်ပြီပေါ့၊**

ဤသည်မှာ ယနေ့ခေတ်လှည်းတန်း
လှည်းတန်းသည် အမြဲတမ်း
အမြဲလန်း လှည်းတန်း။ ။

# ရေစက်ကလေးတွေ . . .

လွင်ချန်ဖြိုး(နတ်မောက်)

ရေစက်ကလေးတွေ စုပါများရင် ရေအိုးကြီးပြည့်လျှံလာတယ်လို့ ဆိုကြပါတယ်။ သေးငယ်တဲ့ရေစက်ကလေးတွေကို ရေအိုးတစ်လုံးထဲမှာ စုစည်းစေမယ်၊ စုအောင်ဖန်တီးပေးမယ်ဆိုရင် မုချပြည့်လျှံလာမှာပါပဲ။ ဒါဟာ ငြင်းစရာမလိုပါဘူး။ သို့သော် ရေစက်ကလေးတွေဟာ သေးငယ်တာနဲ့အမျှ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ပျောက်ပျက်သွားဖို့လည်း အင်မတန်လွယ်ကူပါတယ်။ ရေအိုးကပေါက်နေခြင်း၊ ရေစက်တစ်စက်နဲ့တစ်စက် စုဆုံချိန်ကြာမြင့်၍ အငွေ့ပြန်သွားခြင်း၊ ရေအိုးထဲသို့ မဟုတ်ဘဲ သဲထဲသို့ကျရောက်ခြင်း၊ အနှောင့်အယှက်အတားအဆီးတစ်ခုခုနှင့် ကြုံတွေ့ရခြင်း စသည်ဖြင့်. . .



'လောကကြီးက ကောင်းပါတယ်၊ လူတွေက မကောင်းတာပါ၊ လူတွေက ကောင်းပါတယ်၊ လောကကြီးက မတရားတာပါ၊ ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်ဖို့ အရေးကြီးတယ်၊ ကိုယ်ကောင်းခါးဘယ်မရွှေ့' စသည့်အကြောင်းပြဆင်ခြေဝေါဟာရ အသုံးအနှုန်းအမျိုးမျိုးဖြင့် ကျွန်တော်တို့ အားလုံး ဦးတည်ရာ ဘဝပန်းတိုင် အသီးသီးကိုလျှောက်လှမ်းလျက်ရှိကြပါတယ်။ ခံယူချက်အမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုး၊ စိတ်သဘောထားအမျိုးမျိုးတို့ဖြင့် ကျင်လည်လှုပ်ရှားရုန်းကန်လျက်ရှိကြပါတယ်။

လောကဓံရှစ်ပါး၊ ထို့ထက်မကသော လောကဓံလှိုင်းတံပိုး၊ လောကဓံမုန်တိုင်းတို့နှင့် လူအများစု ကြုံတွေ့ကြရဖူးမှာဖြစ်ပါတယ်။ ကိုယ်နဲ့ ကိုယ့်မိသားစု၊ ကိုယ့်အုပ်စု ဆယ်သက်စာမကသုံးဖြုန်းမကုန်နိုင်အောင် ဘယ်သူသေသေ ငတေမာပြီးရော ရသမျှသဲ့ယူနေကြသူတွေကလည်း ဒုနဲ့ဒေး။ အဲဒီလိုနေရာရောက်အောင်၊ ရအောင် မမီမကမ်း အားထုတ်ကြိုးပမ်းနေသူတွေကလည်း မနည်းမနော။ ရှုတ်ချည်းတွားပြီး လက်မှိုင်ချကာ ဘဝကို အရှုံးပေး လက်မြှောက်သွားကြသူတွေလည်းရှိပါသေးတယ်။ လူ့ဘဝကိုရလာသည့် ခဏတာအချိန်လေးအတွင်းမှာ တစ်ရပ်၊ တစ်ရွာ၊ တစ်ယောက်အတွက်ဖြစ်စေ ကောင်းကျိုးချမ်းသာဖြစ်ထွန်းစေဖို့ ရှိသမျှအင်အားလေးဖြင့် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် ကြိုးစားအကောင်အထည်ဖော်နေကြသူတွေလည်း ဒေသတိုင်းလိုလိုမှာ ရှိနေကြပါတယ်။

ကချင်ပြည်နယ် ရွှေကူမြို့နယ် သာစည်ရွာက လူငယ်တစ်ယောက် စီးပွားရေးတက္ကသိုလ်မှာ ကျောင်းတက်တယ်။ ဝါဏိဇ္ဇဗေဒဘွဲ့ရတယ်။ ကျောင်းတက်ရင်း အင်္ဂလိပ်စာလေ့လာတယ်။ ကွန်ပျူတာသင်တယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်ဖြစ်အောင် ကြိုးစားပြီး ကမ္ဘာပတ်ဖို့အထိစိတ်ကူးတယ်။ ရည်မှန်းချက်ကြီးတယ်။ ကြိုးစားတယ်။ ကျောင်းပြီးခါစ ရွာကိုပြန်ရောက်တော့ သူ့ရွာက တွဲဖက်ကျောင်းမှာ စာသင်ပေးဖို့ ရွာက လူတွေက အကူအညီတောင်းကြတယ်။ တစ်နှစ်လောက်တော့ ဝင်ကူညီဖို့ ဆုံးဖြတ်ပြီး ကျောင်းဆရာ ဝင်လုပ်တယ်။ တစ်နှစ်ပြီးတော့ နောက်ထပ်တစ်နှစ်။ နောက်ထပ်တစ်နှစ်ပြီးတော့ နောက်ထပ်တစ်နှစ်။ နောက်ထပ် နောက်ထပ်. . .။ သူ့ရွာနဲ့ သူ့နယ်က ကလေးတွေကို သံယောဇဉ်ဖြစ်ပြီး တွဲဖက်ကျောင်းကနေ အထက်တန်းကျောင်းခွဲအထိဖြစ်အောင် သူကြိုးစားခဲ့ပြီးပြီ။ အခုဆိုရင် သူ့ရဲ့ ပထမဆုံးတပည့်တွေဟာ ဘွဲ့အသီးသီးရကုန်ကြပြီ။ တချို့လည်း သူ့ကို ဝိုင်းကူပြီး စာဝင်သင်နေကြပြီ။ အရင်က သူ့ရဲ့စိတ်ကူးတွေက အိပ်မက်ဖြစ်သွားပြီ။ လက်ရှိဘဝမှာပဲ ကျေနပ်ပျော်ရွှင်ပြီး သူ့ရဲ့အနာဂတ်ကို သူ့ဒေသက မျိုးဆက်သစ်တွေအတွက် မြှုပ်နှံထားလိုက်ပြီ။

ဖောင်းပြင်မြို့နယ် ချင်းတွင်းမြစ်ကမ်းဘေးက ဇောင်းကလောရွာမှာ ကောင်မလေးတစ်ယောက်ရှိတယ်။ စာသင်ပေးရတာ ဝါသနာပါလွန်းလို့၊ ကျောင်းဆရာမဖြစ်ချင်လွန်းလို့ ဆယ်တန်းအောင်ပြီးကတည်းက ရွာမှာ အငှားကျောင်းဆရာမ ဝင်လုပ်ခဲ့တယ်။ အလုပ်တစ်ဖက်နဲ့ အဝေးသင်တက္ကသိုလ်က ဘွဲ့ရခဲ့တယ်။ သူ့အိမ်၊ သူ့မိသားစု စီးပွားရေးမပြေလည်တဲ့ကြားက ရပ်ရွာမှာရှိတဲ့ မူလတန်းကလေးတွေအပေါ် စေတနာထားပြီး နှစ်တိုင်း စာသင်ပေးတယ်။ လက်လှမ်းမီသမျှဖတ်မှတ်ထားတာလေးတွေကို ဗဟုသုတဖြစ်အောင်ပြောပြတယ်။ လမ်းညွှန် ဆုံးမသွန်သင်ပေးတယ်။ ကြိုးစားနေရတုန်းပဲ။

ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်ဘေးက ထန်းပုတောရွာမှာ ပညာရေးကောလိပ်ဆင်း ကျောင်းဆရာ လူငယ်လေးတစ်ယောက်ရှိတယ်။ အဲဒီရွာမှာ တာဝန်ကျတာ ခြောက်နှစ်ရှိပြီ။ သူ့ရဲ့ဇာတိ ပေပင်ချောင်ရွာနဲ့ ဆယ်မိုင်ဝေးတယ်။ ရွာလေးက အတော်ခေါင်တယ်။ ရွာက လူတွေကလည်း တခြားဒေသကို ထွက်တာ သိပ်မရှိဘူး။ ဗဟုသုတနည်းတယ်။ ပညာရေးလည်း အားမပေးကြဘူး။ လေးတန်းအောင်တာနဲ့ နွားကျောင်းခိုင်းလို့ရပြီဆိုပြီး ကျောင်းထုတ်ကြတယ်။ သူ စရောက်တော့ ကလေးတွေကို ကျောင်းဆက်ထားဖို့အရေး ရွာက လူကြီးတွေနဲ့ အတော်လေး အတိုက်အခံလုပ်ရတယ်။

မနှစ်က ဆယ်တန်းကို ၁၅ ယောက် ဝင်ဖြေတာ ၁၁ ယောက် အောင်တယ်။ ရွာက လူတွေ ပညာရေးကို အတော်လေးစိတ်ဝင်စားလာကြတယ်။ ရွာမှာ ပုဂ္ဂလိက မီးစက်မီးရှိတယ်။ တီဗီ၊ ဗီဒီယိုရှိတယ်။ ရွာမှာ ကျောင်းဆရာတာဝန်ထမ်းဆောင်ရင်း မုံရွာကို အဝေးသင်တက္ကသိုလ် စာမေးပွဲဖြေဖို့ တစ်နှစ်တစ်ခေါက် လာရတယ်။ မုံရွာမှာ မန္တလေးကနေ ဘွဲ့လွန်သင်တန်းလာတက်တဲ့ လူငယ်တစ်ယောက်နဲ့ဆုံတယ်။ အဲဒီ လူငယ်က သူ ပိုင်ဆိုင်တဲ့အင်အားနဲ့ တကယ်လိုအပ်တဲ့နေရာက တကယ်လိုချင်စိတ်ရှိတဲ့သူတွေအတွက် ကူညီထောက်ပံ့လှူဒါန်းမှုတွေ ပြုလုပ်ရန်ဆန္ဒရှိတဲ့သူဖြစ်နေတယ်။ လက်လှမ်းမီသလောက်ကိုလည်း သူ့ရဲ့အမည်၊ ဂုဏ်ပုဒ်တွေကိုမဖော်ပြစေဘဲ ဒါနပြုနေတယ်။

ထန်းပုတောက ကျောင်းဆရာနဲ့ မန္တလေးက လူငယ် စကားစပ်မိပြီး ကျောင်းဆရာက သူ့ရွာအနေအထား၊ ကလေးတွေအကြောင်းကိုပြောပြတယ်။ မန္တလေးက လူငယ် စိတ်ဝင်စားသွားတယ်။ အဲဒီဒေသက လူငယ်တစ်ယောက်အတွက် တစ်နှစ်တာပျမ်းမျှ ပညာသင်ယူစရိတ်ကိုမေးတယ်။ ပညာရေးပဒေသာပင်အဖြစ် တတ်နိုင်သလောက် လှူမယ်လို့ပြောတယ်။ လက်ပ်တော့တစ်စုံပါ လှူမယ်ပြောတယ်။ကျောင်းဆရာကို မုံရွာမှာ ကွန်ပျူတာသင်တန်း တက်ခိုင်းတယ်။ ကျောင်းဆရာ အလွန်ကိုပျော်ရွှင်ပြီး ကျေနပ်တက်ကြွနေတယ်။ သူ့ရွာက ကျောင်းသားကလေးငယ်တွေအတွက် ကြီးမားတဲ့ပြောင်းလဲတိုးတက်မှုတွေ၊ ဖွံ့ဖြိုးမှုတွေဖြစ်စေလိမ့်မယ်လို့ယုံကြည်နေတယ်။ ခြေထောက်မသန်စွမ်းလို့ ဘီးတပ်လှည်းပေါ်မှာပဲ ထိုင်ပြီး အသက်ရှင်နေရတဲ့ လူငယ်တစ်ယောက်။ ပြင်ဦးလွင်မျက်မမြင်ကျောင်းက မျက်မမြင်ဆရာတော်ကြီးဦးဒေးယျရဲ့အကူအညီနဲ့ မျက်မမြင်စာရေးနည်း၊ ဖတ်နည်းတွေ သင်ယူတတ်မြောက်ခဲ့တယ်။ ဆရာတော်ကြီးရဲ့ လမ်းညွှန်မှုနဲ့ပဲ မုံရွာမြို့ ရောင်ခြည်သစ်ပရဟိတမျက်မမြင်ပညာသင်ကျောင်းမှာ မျက်မမြင်စာနဲ့ မူလတန်း၊အလယ်တန်းစာတွေ သင်ကြားပေးဖို့ တာဝန်ပေးခံရတယ်။ ကိုယ်တိုင်လည်း အဝေးသင်တက္ကသိုလ်တက်ကာ မြန်မာစာအဓိကနဲ့ ကျောင်းပြီးအောင် ကြိုးစားထားတယ်။ "ဒီနှစ်ဘွဲ့ယူရမှာ၊ ဘွဲ့နှင်းသဘင်တော့ တက်ယူချင်သား"လို့ အဓိပ္ပာယ်များစွာပါတဲ့ မျက်ဝန်းတစ်စုံနဲ့ပြောလာပါတယ်။ သူဟာ အခုဆိုရင် မုံရွာမျက်မမြင်ကျောင်းရဲ့ တစ်ဦးတည်းသော မျက်စိမြင်သူ အချိန်ပြည့်တာဝန်ခံအမှုဆောင်တစ်ဦးအဖြစ် မျက်မမြင်များရဲ့ အရေးကိစ္စမှန်သမျှကို ကမကထပြုကာ နေ့စဉ်ဆောင်ရွက်နေရပါတယ်။

ပြောရရင် ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာဖြစ်လာနေတဲ့အချိန်မှာ ကမ္ဘာကြီးနဲ့ ကင်းကွာနေသေးတဲ့ ရွာကလေးတွေ၊လူငယ်ကလေးတွေ အများကြီး ကျန်ရှိနေသေးတယ်ဆိုတာပါပဲ။ အဲဒီရွာတွေ၊ လူငယ်တွေ အသိဉာဏ်ပညာကြွယ်ဝလာစေဖို့၊ ဘဝရပ်တည်မှုတွေ ခိုင်မာစွာနဲ့ ရဲရဲရင့်ရင့် အဆင့်အတန်းမြင့်မြင့် ရင်ဆိုင်ဖြတ်သန်းနိုင်စေဖို့ အားလုံးမှာ တာဝန်ရှိပါတယ်။ အထက်မှာဖော်ပြခဲ့တဲ့လူငယ်တွေလို ကိုယ်နိုင်သလောက် ဆောင်ရွက်ဖို့လိုပါတယ်။ ကိုယ်တိုင်မလုပ်နိုင်ရင်တောင် လက်တွေ့လုပ်နေတဲ့လူငယ်တွေကို ပံ့ပိုးပေးရပါမယ်။ အားပေးချီးကျူးရပါမယ်။ လေးစားဂုဏ်ပြုရပါမယ်။ ကဲ့ရဲ့လှောင်ပြောင် အပြစ်ဖို့မှုတွေ မလုပ်သင့်ပါဘူး။ မကူညီချင်နေ၊ မနှောင့်ယှက်သင့်ပါဘူး။

စာရေးသူ မသိသေးတဲ့ ဒီထက်မက အနစ်နာခံ ပေးဆပ်နေကြတဲ့လူငယ်တွေ အများကြီးရှိဦးမှာပါ။ ပြောင်းလဲဖွံ့ဖြိုးရမယ်ဆိုတဲ့ ဦးတည်ချက်တစ်ခုတည်းနဲ့ အစဉ်တစိုက် ကြိုးပမ်းနေကြတဲ့ ကိုယ်ကျိုးစွန့်လူငယ်တွေ ဖြစ်မယ်လို့ ယုံကြည်ပါတယ်။ သူတို့လေးတွေကို စာရေးသူက 'ရေစက်ကလေးတွေ' လို့ အမည်တပ်ချင်ပါတယ်။ 'အေးမြတဲ့ရေစက်ကလေးတွေ. . .'။ အဲဒီရေစက်ကလေးတွေကြောင့် မြန်မာ့မြေက အနာဂတ်ပျိုးပင်လေးတွေ ရှင်သန်ပါစေ။အရောင်အသွေးစုံပြီး လှပမွှေးကြိုင်တဲ့ပန်းကလေးတွေ ဖူးနိုင်ပွင့်နိုင်ပါစေ။ ကမ္ဘာမြေစိမ်းလန်းပါစေ။ လောကကြီး ငြိမ်းချမ်းပါစေ။ ရေစက်ကလေးတွေ များသည်ထက် များလာပါစေ။ ထာဝရအေးမြစွာ စိမ့်ဆင်းနိုင်ပါစေ။ ရေစက်ကလေးတွေ အတူတကွ ပေါင်းဆုံနိုင်ပါစေ။ စုစုစည်းစည်းရှိပါစေ။ ရေစက်ကလေးတွေ ပေါင်းစုကာ လူသားဥယျာဉ်ကြီးအဖြစ် ဖန်တီးတည်ဆောက်နိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။ ။

JOKE

## အနှောင့်အယှက်

အိမ်ဖော်တစ်ဦးက သူမ အလုပ်ထွက်တော့မည်ဖြစ်ကြောင်း အိမ်ရှင်လင်မယားအား ပြောပါသည်။ ဘာအကြောင်းကြောင့် အလုပ်ထွက်ချင်တာလဲဟု မေးမြန်းသောအခါ အိမ်ဖော်မလေးက

"ကျွန်မကို မိသားစုက နှောင့်ယှက်နေတယ်"

"ဘယ်လို ဘယ်လိုဘယ်သူတွေကမိန်းကလေးကို နှောင့်ယှက်နေတာလဲ" ဟု အိမ်ရှင်အမျိုးသမီးကမေးရာ

"အစ်မယောက်ျားနဲ့ အစ်မသားပေါ့" ဟုအိမ်ဖော်မလေးက ပြောရာ အိမ်ရှင်အမျိုးသမီးက ပို၍ဒေါ်ပွလာပြီး

"သူတို့က မင်းကို ဘယ်လိုနှောင့်ယှက်သလဲ" ဟု မေးမြန်း၏။

"ကျွန်မ စာကြည့်ခန်းရှင်းမယ်လုပ်တော့ အစ်မယောက်ျားကမင်းငါ့ကို လာနှောင့်ယှက်နေတာပဲတဲ့။ အိမ်ရှေ့ခန်းရှင်းမယ်လုပ်တော့လည်း အစ်မသားက သူ့ကို လာမနှောင့်ယှက်နဲ့တဲ့ အဲဒီတော့ ကျွန်မမိသားစုအတွက် အနှောင့်အယှက် ဖြစ်နေပြီ။ ကျွန်မအလုပ်ထွက်တော့မယ်" ဟု ပြန်ရှင်းပြပါသည်။

## လမ်းပျောက်နေလို့

ကောင်မလေးတစ်ဦးနှင့် ရင်းနှီးကျွမ်းဝင်ခါစ ကောင်လေးက မိန်းကလေးအား စိုက်ကြည့်နေရင်းမှ ကောက်ကာငင်ကာ ယခုလို မေးလိုက်၏။

"မင်းမှာ လမ်းညွှန်မြေပုံပါလား"

"ဘာရယ်။ ဘာဖြစ်လို့ဒီလိုမေးတာလဲ"

"အော် . . . ကိုယ် မင်းမျက်လုံးကလေးတွေငေးကြည့်ရင်း လမ်းပျောက်နေလို့ပါ" ဟု ကောင်လေးကဆွေးမြည့်စွာ ပြောလိုက်ပါသည်။

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး၊ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လှထွဋ်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊
အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်၊ သန်းဌေး၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ နယ်သတင်းထောက်များ- စိုင်းသာအောင်၊
မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွှန့်(ရေနံချောင်း)၊ အင်မိုင်ခါ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ သုတေသန- အောင်အောင်။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊
မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ဌေး။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်။ ကြော်ငြာ
တာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသိဒ္ဓိပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။
7Day News ရုံးချုပ် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၈၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊ 7Day News ကြော်ငြာဌာန ဖုန်း - ၇၃၀ ၇၈၄၂၉
7DAY NEWS Hotline : 73032006

# Business

7DAY NEWS JOURNAL

Vol.9, No.40 • DECEMBER 30, 2010


# ဆန်ကြမ်းစပါး ဈေးကျ


ပြည်သိမ်း


ရန်ကုန်၊ ဒီဇင်ဘာ - ၂၂

ပြည်ပဈေးကွက်သို့ တင်ပို့ရန် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့က စပါးများ ဝယ်ယူရာတွင် အရည်အသွေးကို ဦးစားပေးဝယ်ယူကြသဖြင့် စပါးဈေးများ ကျဆင်းလာကြောင်း ဈေးကွက်အတွင်းမှ သတင်းရရှိသည်။

ယင်းအဖွဲ့အစည်းများသည် စပါးအစိုဓာတ်ပါဝင်မှုပေါ် မူတည်၍ ဈေးနှုန်းသတ်မှတ်ကာ တင်းပိုများဖြင့် ဝယ်ယူကြကြောင်း ဧရာဝတီတိုင်းဒေသကြီးမှ ဆန်ကုန်သည်များက ပြောသည်။

"မနှစ်က အပြင်ဈေးနဲ့မကွာဘူး။ ဒီနှစ်တော့ အပြင်မှာ တင်းတစ်ရာကို ကျပ်သုံးသိန်းခုနစ်သောင်းလောက်ရှိချိန်မှာ သူကကျပ်သုံးသိန်းငါးသောင်းဈေးဖြတ်တယ်။ လက်ရှိ ပို့ကုန်ရငွေနဲ့ကလည်း ဒီဈေးလောက်မှ ကိုက်တယ်"ဟု မြောင်းမြမြို့မှ ဆန်ကုန်သည်တစ်ဦးက စပါးဈေးနည်းလျှင် တွက်ခြေမကိုက်ပုံကိုရှင်းပြသည်။

ထိုအခြေအနေများကြောင့် ရန်ကုန်ဈေးကွက်တွင်လည်း ဆန်ကြမ်းသစ်များမှာ ဒီဇင်ဘာလဆန်းပိုင်းမှစတင်ပြီး တစ်အိတ်လျှင် ကျပ်တစ်ထောင်ဝန်းကျင် ဈေးကျလာကြောင်း လမ်းမတော် မော်တင်မှ ဆန်ကုန်သည်တစ်ဦးက ဆိုသည်။

ရန်ကုန်ဈေးကွက်သို့ ဆန်ကြမ်းဝင်ရောက်မှုမှာ ဒီဇင်ဘာလတွင် ပုံမှန်သာရှိပြီး ဝယ်လိုအားမှာ နည်းနေသည်။ ဆန်ပြည်ပတင်ပို့သည့်ကုမ္ပဏီများမှာလည်း ဒေါ်လာနှင့် ပို့ကုန်ရငွေတန်ဖိုး ကျဆင်းနေခြင်းကြောင့် ဆန်ပြည်ပတင်ပို့နိုင်ခြင်းမရှိသေးပေ။

ဆန်ကြမ်းမှာ ဈေးနှုန်းကျဆင်းလာသော်လည်း ဆန်ချောမှာ ဈေးငြိမ်နေသည်။ ရန်ကုန်သို့ ဧရာဝတီတိုင်းဒေသကြီးမှသာ ဆန်ချောအများဆုံးဝင်ရောက်နေသည်။ ရွှေဘိုပေါ်ဆန်းမှာ ဇန်နဝါရီလမှ စတင်ဝင်ရောက်လာမည်ဟု ဆန်ကုန်သည်များက ခန့်မှန်းကြသည်။ ရွှေဘိုပေါ်ဆန်းဝင်ရောက်လာလျှင် ဈေးကွက်တွင်း၌ ဆန်ချောဈေးအပြောင်းအလဲရှိနိုင်ကြောင်း ဘုရင့်နောင်ပွဲရုံမှ ဆန်လက်ကားကုန်သည်တစ်ဦးက သုံးသပ်သည်။



မိုးစပါးရိတ်သိမ်းနေသော ဒလမြို့နယ်မှ တောင်သူများကို ဒီဇင်ဘာ ၁၄ ရက်ကတွေ့ရစဉ်။ ဓာတ်ပုံ- daylife.com

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၇၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၂၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၂. ၈၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၆၂၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၀၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၉၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၅၀. ၇၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၉၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၁၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၃၀. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၉၈. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၀၈၄ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၃၆၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၃၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၃၀. ၄၆၂ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၈၀. ၅၀၀ |
| ရေနံစိမ်း | စည် | ၉၃. ၇၇၀ |
| ငွေ | ၁ အောင်စ | ၂၉. ၃၂၈ |
| ကြေးနီ | ပေါင် | ၄၂၅. ၈၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၀၈၃ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၀ ဒီဇင်ဘာ ၂၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ဘုရင့်နောင် ပွဲ့တန်း ဈေးကောင်းလာ


သိမ့်သိမ့်စိုး


ရန်ကုန်၊ ဒီဇင်ဘာ-၂၁

ဘုရင့်နောင် ပွဲရုံတန်းတွင် အိမ်ခြံမြေဂရန်သက်တမ်း ၅ နှစ်သာ ကျန်တော့သော်လည်း အိမ်ခြံမြေအရောင်းအဝယ်ဈေးကွက်တွင် ယခုနှစ်ကုန်၌ ဈေးနှုန်းများ မြင့်တက်နေကြောင်း ပွဲရုံအိမ်ခြံမြေအကျိုးဆောင်အချို့ကပြောသည်။

ယခုကဲ့သို့ ဘုရင့်နောင်တွင် အိမ်ခြံမြေဈေး မြင့်တက်ရခြင်းမှာ အသစ်ဖွင့်လှစ်မည့် ဘဏ်လုပ်ငန်းများက အချက်အချာကျသည့်နေရာများကို ဈေးကောင်းပေးဝယ်ခြင်းကြောင့် ဖြစ်သည်ဟု စီးပွားရေးလုပ်ငန်းရှင်များက ပြောသည်။

ထို့အပြင် ဂရန်သက်တမ်း ၅ နှစ်သာ ကျန်သော်လည်း လက်ရှိကာလတွင် ဘုရင့်နောင်ပွဲရုံဝင်းအား ပြောင်းရွှေ့ရန် သတင်းထွက်ပေါ်ခြင်းမရှိ၍ ယခင်ပေးထားသော အိမ်ဂရန်သက်တမ်း ၂၅ နှစ်ပြည့်ပါကလည်း သက်တမ်းထပ်တိုးမည်ဟု ယုံကြည်နေကြသောကြောင့်ဖြစ်ကြောင်း အိမ်ခြံမြေလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ယခင်က ဘုရင့်နောင်အိမ်ခြံမြေဈေးကွက်တွင် ပေ ၂၀×ပေ ၆၀ တိုက်တစ်ခန်းလျှင်ကျပ်သိန်း ၂,၀၀၀ ထိ ဈေးမြင့်ခဲ့သော်လည်း ယခု ၂၀၁၀ နှစ်ဆန်းပိုင်းတွင် ကျပ်သိန်း ၁၀၀၀ ဈေးပေါက်နေရာမှ ယခုနှစ်ကုန်ပိုင်းတွင် အချက်အချာကျသော လမ်းမများပေါ်တွင် မြေတစ်ကွက်လျှင် ကျပ်သိန်း ၆,၀၀၀၊ ၇,၀၀၀ နှင့် သိန်းပေါင်း တစ်သောင်းကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။






2011 - ခုနှစ်
မင်္ဂလာရှိသောနှစ်သစ်အခါသမယတွင်မြန်မာပြည်သူပြည်သားအပေါင်း
ကျန်းမာပျော်ရွှင်၍ စီးပွားဥစ္စာ များ တိုးတက် ပါစေကြောင်း
မာမား®
ခေါက်ဆွဲ
MAMA
မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။
Ayeyarwaddy Food Industries Co.,Ltd
Yangon Myanmar.
S.E.A.
Myanmar S. E. A Marketing Co.,Ltd
Yangon Myanmar.





Gold Roast နှင့်တန်ဖိုးရှိသောကိန်းဂဏန်းများ ကံစမ်းမဲ အစီအစဉ်
ငွေကျပ် ဆယ်သိန်းဆုများ နှင့် အခြားငွေသား ဆုများ
Gold Roast ၂၀ ဂရမ် အထုပ်ငယ်တစ်ထုပ်တိုင်းတွင်ပါသော ကိန်းဂဏန်းများကို ခုဆောင်း၍
တွဲစပ်ခြင်းဖြင့် အောက်ဖော်ပြပါကိန်းဂဏန်းများရရှိပါက ပျော်ရွှင်စရာဆုငွေများကို ထုတ်ယူနိုင်ပါပြီ။
1+5+7+8+ → ၁,၀၀၀,၀၀၀ ကျပ်
1+2+5+9 → ၁၀၀,၀၀၀ ကျပ်
1+2+8 → ၅,၀၀၀ ကျပ်
1+5 → ၁,၀၀၀ ကျပ်
3 → ၅၀၀ ကျပ်
1+1+1+1+1 → ၅၀၀ ကျပ်
- Promotion အမှတ်အသားပါ Gold Roast (၁၀)ထုပ်ပါအထုပ်ထဲတွင်ပါရှိသော Gold Roast CoffeeMix (20g)
အထုပ်ငယ်တိုင်း၏ အတွင်းမျက်နှာပြင်တွင် တန်ဖိုးရှိသောဂဏန်းများကို ရိုက်နှိပ်ဖော်ပြထားပါသည်။
- ကျပ်တစ်သိန်း နှင့် ကျပ်ဆယ်သိန်းဆုများကို နီးစပ်ရာ MDG Co.Ltd ရုံးများတွင်သာ ထုတ်ယူနိုင်ပါသည်။
- ကျန်ဆုမဲများကို နီးစပ်ရာ လက်လီလက်ကားဆိုင်များ နှင့် MDG Co.Ltd ရုံးများတွင် ထုတ်ယူနိုင်ပါသည်။
- ကံစမ်းမဲဆုငွေထုတ်ယူရာတွင်တင်ပြသည့် ကံစမ်းမဲပါအိတ်ခွံများသည် မူရင်းအိတ်ခွံများသာဖြစ်ရမည်ဖြစ်ပြီး ပေါက်မဲနံပါတ်များ ချို့ယွင်းပျက်စီးမှုမရှိစေရ။
- ဆုငွေလဲလှယ်ပေးသောဆိုင်များအား ဆုငွေ၏ ၂၀ ရာခိုင်နှုန်း အကျိုးခံစားခွင့်ပေးမည်ဖြစ်ပါသည်။
- ပေါက်မဲဆုငွေများကို ၃၁-၅-၂၀၁၁ အထိ နောက်ဆုံးထား၍ ထုတ်ပေးသွားမည်ဖြစ်ပါသည်။
- ဤအစီအစဉ်တွင် MDG Co.Ltd နှင့် Myanmar Lion Co.,Ltd မှ ဝန်ထမ်းများ နှင့် တွဲဖက်ဆောင်ရွက်သော ကုမ္ပဏီအဖွဲ့အစည်းများလုံးဝပါဝင်ခွင့်မပြုပါ။
- ဤအစီအစဉ် နှင့် ပတ်သက်၍ ပေါက်မဲနံပါတ်များမေးမှိန်ပျက်စီးနေခြင်းနှင့် အငြင်းပွားဖွယ်တစ်စုံတရာ ဖြစ်ပေါ်လာပါက MDG Co.Ltd ၏ စိစစ်ဆုံးဖြတ်မှုသာလျှင်အတည်ဖြစ်ပါသည်။
MDG
MYANMAR DISTRIBUTION GROUP

7 DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# 7DAY BOOK REVIEW

## ကျောက်ပုံပြင် (ထွန်းစန်း)




ယနေ့ မဂ္ဂဇင်းစာမျက်နှာများပေါ်၌ ရသဝတ္ထုတို၊ ရှည်များဖော်ပြမှု အားနည်းနေသလို လုံးချင်းစာအုပ်အဖြစ်လည်း ထုတ်ဝေမှုအားနည်းနေသည့် အချိန်အခါတွင် အပျော်ဖတ်မဟုတ်သော လုံးချင်းဝတ္ထု စာအုပ်တစ်အုပ်ထွက်ရှိလာသည်။ စာအုပ်အမည်က 'ကျောက်ပုံပြင်'။ ရေးသူက 'မပံရင်ခါး' ဟု ပထမဆုံး လုံးချင်းစာအုပ်ထုတ်ဝေခဲ့ဖူးပြီး ယခု သူ၏ ဒုတိယမြောက် လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ယခုစာအုပ်တွင် အိပ်မက်ဟောင်းများနဲ့လူ၊ ကြားနေကျသတင်း၊ မြားထိတဲ့ မုဆိုး၊ ကျားကိုစားမယ့် ကျားရဲမ၊ မြွေဖမ်းသူများ၊ ဘိုးတော်စောင်ကျီနှင့် တွေ့ဆုံခြင်း၊ ကြောင်ကြာကြာရေမငုပ်နိုင်ပါဘူး၊ အားလုံးကိုပျင်းတယ် စသဖြင့် အခန်း (၈)ခန်းခွဲကာကျောက်ပွဲစားလောကအတွင်း ဖြစ်လေ့ဖြစ်ထရှိများကို ကွက်ကွက်ကွင်းကွင်း သိမြင်လာအောင်ရေးဖွဲ့ထားသည်။ထို့အပြင် ပွဲစားလောကမှ လူအမျိုးမျိုးစိတ်အထွေထွေ၊ အမူအကျင့်ပေါင်းစုံနှင့် ပွဲစားလောက စကားအသုံးအနှုန်း၊ အခေါ်အဝေါ်၊ အယူအဆများကို စေ့စေ့ငငရေးသားဖွဲ့နွဲ့ထားသည်ကိုစိတ်ဝင်တစား ဖတ်ရှုရမည်ဖြစ်သည်။

'တခြားလောကမှာ ရှုံး မရှုံးတော့ သေသေချာချာမသိဘူး။ ကျောက်လောကမှာတော့ တကယ်ရှုံးသွားတဲ့လူတွေ အများကြီး' ဟု ဝတ္ထုကို စဖွင့်ထားသည်။ဝတ္ထုတွင် စိန်တင်ထွန်း၊ ဝါးဟားဟားခေါ် ငွေးမြင့်ဦး၊ ပေသီး၊ သန်းထိုက်၊ ဦးအောင်၊ ကျော်ကျော် စသဖြင့် ကျောက်လောကမှ ကျောက်ပွဲစားတို့၏ စရိုက်စုံကို ပီပီပြင်ပြင် ဖွဲ့ပြထားပြီး ပွဲစားလောက၏ ထုံးစံအကျော်အခွများ၊ လူပေါ်လူဇော်လုပ်မှုများကို ဗဟုသုတဖြစ်ဖွယ်ဖတ်ရှုရမည်ဖြစ်သည်။ "အရင်ခေတ်ကဆိုပွဲစားဆိုတာ ဂုဏ်ပုဒ်တစ်ခုရဲ့ အမည်နာမပဲ။ ဒီဘက်ခေတ်မှာတော့ ဆန့်ကျင်ဘက်ဖြစ်သွားပြီ။ ဆန့်ကျင်ဘက်ဖြစ်အောင်လည်း မျိုးဆက်သစ်ပွဲစားတွေက လုပ်ထားကြတာလေ။ ခေတ်က လည်း ကျော်သွား၊ လွှားသွား၊ ခုတ်စား၊ ဖြတ်စား ခေတ်ကြီး မဟုတ်လား" ဟု ယနေ့ခေတ် ပွဲစားလောက၏အခြေအနေကို မှတ်သားရပြန်သည်။

ဝတ္ထုတစ်ပုဒ်လုံး၏ အဆုံးပိုင်းတွင် စာရေးဆရာက "လူဆိုတာ အနည်းနဲ့ အများဆိုသလို ကိုယ့်ကိုယ်ကိုယ် တည်ဆောက်နေကြသူတွေချည်းပဲလေ။ မှန်မှန်ကန်ကန်တည်ဆောက်သူနဲ့ မမှန်မကန် တည်ဆောက်သူတော့ ကွာတာပေါ့။ ဘယ်လိုပဲ မမှန်မကန် တည်ဆောက်ခဲ့၊ တည်ဆောက်ခဲ့ အောင်မြင်မှုရလာရင် ဘယ်လိုရိုးသား ကြိုးစားခဲ့လို့ဆိုတဲ့ စကားတွေကို ကရားရေလွှတ် ဩဝါဒခြွေကြတာပေါ့။ ဒါပေမဲ့ ကြောင်ကြာကြာ ရေမငုပ်နိုင်ပါဘူး ဆိုသလိုအချိန်တန်တော့လည်း ဘူးပေါ်သလို ပေါ်ကြတော့တာ။ တကယ်တော့ ဘဝကိုမှန်မှန်ကန်ကန်တည်ဆောက်တဲ့၊ ရိုးသားစွာ တည်ဆောက်တဲ့ သူတွေလည်း ရှိပါတယ်။ မမှန်တာလုပ်တဲ့သူတွေနောက်မှာ မဟုတ်တာ လုပ်တဲ့သူတွေရှိသလို မှန်တာလုပ်တဲ့သူတွေနောက်မှာ ဟုတ်တာလုပ်တဲ့သူ ရှိနေမှာပဲ။ဒါပေမဲ့ ကိုယ့်လမ်းကြောင်းပေါ်မှာ ဘယ်လောက်ပဲ မှန်မှန်ကန်ကန်လျှောက်လှမ်းနေပါစေ ခြေထိုးခံမယ့်သူတွေ၊ သွားပုပ်လေလွင့် ပြောမယ့်သူတွေနယ်ပယ်တိုင်းမှာ ရှိနေမှာပဲ။ ပန်းတိုင်ကိုရောက်ဖို့အတွက် ဒါမျိုးတွေကို ကြံ့ကြံ့ခံနိုင်မယ့်သတ္တိတော့ ရှိဖို့လိုမယ်" ဟု သူ၏ အတွေးအယူအဆကို စာဖတ်သူဆီ ထိထိမိမိပို့နိုင်ခဲ့သည်ကို ဖတ်ရှုရမည်ဖြစ်သည်။

'ကျောက်ပုံပြင်' သည် ဘက်ဆဲလား အပျော်ဖတ်စာများထဲမှ သီးသီးသန့်သန့် ခွဲထွက်လာပြီး ကျောက်ပွဲစားလောကအကြောင်းကို ထဲထဲဝင်ဝင် နှိုက်နှိုက်ချွတ်ချွတ် လေ့လာ ရေးသားထားသည့် စာအုပ်ဖြစ်သည်။

အလင်းတံခါးစာပေမှ တန်ဖိုး ၁,၃၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## သဘာဝတရား၏ အကောင်းဆုံးကုထုံး

သစ်ပင်စိုက်ပျိုးခြင်းသည် အသက်အရွယ်ကြီးရင့်သူများအတွက် သန်စွမ်းကျန်းမာရန် အထောက်အပံ့ကောင်းပေးနိုင်ပေသည်။ Kansas State University မှ သုတေသီများက အသက်အရွယ်ကြီးလာလေလေ လက်များ၏စွမ်းဆောင်နိုင်မှုအင်အား လျော့ကျလေဖြစ်သဖြင့် စိုက်ပျိုးရေးပြုလုပ်ခြင်းဖြင့် လက်များသန်စွမ်းကျန်းမာအောင် ဆောင်ရွက်သင့်သည်ဟု အကြံပြုပြောကြားကြသည်။

သစ်ပင်လှဲဖြတ်ခြင်း၊ မြေကြီးနယ်ဆွခြင်း၊ ပန်းအိုးပြုပြင်ခြင်း၊ ရွှေ့ခြင်းစသည်တို့သည် လက်လှုပ်ရှားမှုများပင်ဖြစ်ပြီး သစ်ပင်စိုက်ခြင်းကို အမြဲလိုလိုပြုလုပ်သည့် သက်ကြီးရွယ်အိုများသည် လက်များသန်စွမ်းပြီး အားပြင်းလက်သီးပင်ထိုးနိုင်သည်ဟုဆိုသည်။ ပန်းဥယျာဉ်များကို ကြည့်ရှုခြင်းကလည်း လူနာများအတွက်နာကျင်မှုများ မေ့ပျောက်ကာစိတ်သက်သာရာရမှုကို ဖြစ်စေနိုင်ပေသည်။ သဘာဝတရားကြီးက စိတ်ပူပန်မှု၊ အစွဲလန်းကြီးမှုများကို မေ့ပျောက်သက်သာစေနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိတ်ပညာရှင် ကလဲကူးပါးမားကက်စ်က ပြောကြားသည်။ စိမ်းလန်းလှပသော သဘာဝရှုခင်းဓာတ်ပုံများကို ကြည့်ရှုခြင်းကလည်း လူနာများကို ငါးမိနစ်သို့မဟုတ် ယင်းထက်နည်းသည့်အချိန်အတွင်း သွေးပေါင်တက်နေမှုကို လျော့ကျစေနိုင်သည်ဟုဆိုသည်။

—Source: Reader's Digest

# တစ်ပတ်တာ ကံကြမ္မာ

စံဇာလင်္ကာဘို

ဒီဇင်ဘာ ၂၉ ရက် မှ ၂၀၁၁ ဇန်နဝါရီ ၄ ရက် အထိ

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ယှဉ်ပြိုင်မှုများအောင်မြင်မည်။ မိသားစုနှင့်ပတ်သက်သော သတင်းစကားကောင်းများကြုံမည်။ ရုတ်တရက်ဆောင်ရွက်လိုက်သောကိစ္စများမှ ထူးခြားသောအကျိုးဆက်ရရှိမည်။ ငွေကြေးနှင့်ပတ်သက်၍ ပြောဆိုအောင်မြင်နိုင်သောအနေအထားရှိပါသည်။ အိုးအိမ်နေရာထိုင်ခင်းကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ မိသားစုနှင့်ပတ်သက်သော သတင်းစကားကောင်းများ လက်ခံရရှိမည်။ အလှူမင်္ဂလာကိစ္စများကြုံမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ကောင်းသော၊ အဆင်ပြေသောရက်များကိုဖြတ်သန်းရမည်။ အားကိုးအားထားပြုပြီး အကူအညီတောင်းခံထားသူက ကတိပျက်၍ မိမိတွင် စိတ်အနှောင့်အယှက်ဖြစ်မည်။ တစ်ပါးသူ အထောက်အကူမလိုပါ။ မိမိလုပ်စရာရှိသည်များ ရှေ့တိုးဆောင်ရွက်ပါ။ ကျန်းမာရေးဂရုစိုက်ပါ။ မိသားစုတွင် ပညာသင်တန်းနှင့်ပတ်သက်သော စိတ်ချမ်းမြေ့ဖွယ်ရာများ အထင်အရှားရရှိမည်။

### GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

အလိုရှိရာပြည့်စုံမည်။ အခက်အခဲများကိုကျော်လွှားနိုင်မည်။ စီးပွားကံတိုးတက်မည်။ မိတ်ဆွေအကြီးအကဲအကူအညီရမည်။ လူမျိုးခြားအကျိုးပေးခြင်းရှိမည်။ မိသားစု၊ မောင်နှမရေးရာကိစ္စများအတွက် ဖြေရှင်းနေရဦးမည်။ ငွေကြေးနှင့်ပတ်သက်သောစကားများ ပြောဆိုအောင်မြင်မည်။ လူမျိုးခြားများ ကောင်းကျိုးပေးမည်။ နာမည်အောင်မြင်မည်။ အချစ်ရေးအညှံ့ရှိသည်။ ငွေမြှုပ်နှံ၍အကျိုးရှိမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

အပြောင်းအလဲများရှိနေမည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ အပြိုင်အတိုက်အခံကြားမှတိုးတက်မည်။ အနှောင့်အယှက်များ၊ အပြိုင်အဆိုင်များအား စိတ်အေးလက်အေးဖြေရှင်းပါ။ စိတ်မြန်ခြင်း၊ အလောတကြီးလုပ်ခြင်းများရှောင်ပါ။ ခရီးကံကောင်းမည်။ အချစ်ရေးကံကောင်းမည်။ စိတ်ချမ်းမြေ့ရမည်။ မိဘများမှတစ်ဆင့်အိမ်ထောင်ရေးကမ်းလှမ်းမှုများ၊ မင်္ဂလာစကားပြောဆိုရခြင်းများကြုံမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ကံမြင့်မည်။ လိုရာပြည့်မည်။ ပြဿနာများအေးချမ်းမည်။ ရသင့်သည်များပြန်ရမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ယှဉ်ပြိုင်လာသူများအပေါ် အနိုင်ရမည်။ အရွေးရခက်အောင် အခွင့်အရေးနှစ်မျိုးပေါ်ပေါက်မည်။ စိတ်ပင်ပန်း လူပင်ပန်းဖြစ်ပြီးမှ အောင်မြင်မှုများရရှိမည်။ မိသားစု၊ မောင်နှမသားချင်းတို့တွင် မိမိမေတ္တာရေးကြောင့် စိတ်ဝမ်းကွဲမှုများပေါ်မည်။ မချစ်သင့်သူကို ချစ်မိသောအမှားပေါ်မည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

သူတစ်ပါးအကူအညီအား မျှော်လင့်နေခြင်းထက် ကိုယ်ပိုင်စွမ်းအားဖြင့် ရောက်သည့်နေရာအဆင့်မှ မြင့်မားအောင် ဆောင်ရွက်နိုင်သည်။ အပျောက်အရှများမည်။ ငွေကုန်များမည်။ အချင်းချင်း စကားများရတတ်သည်။ သူတစ်ပါးစကား နားယောင်မိ၍ အထင်လွဲ၊ အမြင်လွဲကိစ္စများ ဖြေရှင်းရတတ်သည်။ ရှေ့တွင် တစ်မျိုး၊ ကွယ်ရာတစ်မျိုး ဆက်ဆံတတ်သောသူများနှင့်တွေ့မည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ပြိုင်ဆိုင်သူအားလုံးကို အနိုင်ရမည့်ကာလဖြစ်သည်။ အလုပ်တိုးတက်မည်။ စီးပွားရေးကောင်းမည်။ မေတ္တာရေးကံနှစ်မျိုးစလုံးကောင်းသည်။ မိတ်ဆွေအကြီးအကဲများထံမှ ကောင်းသောအထောက်အကူရရှိမည်။ မြှုပ်နှံထားသောငွေကြေးမှ ကောင်းသောအကျိုးအမြတ်ရရှိမည်။ မိသားစုတွင် အလုပ်စီးပွားအလုံးစုံအောင်မြင်မည်။ စိတ်ချမ်းမြေ့ဖွယ်သတင်းစကားများကြားသိရမည်။ လူလွတ်များ အိမ်ထောင်ရမည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အပျောက်အရှများမည်။ အကုန်အကျများမည်။ ငွေကြေးလိမ်လည်ခံရမည်။ အကြီးအကဲအမျိုးသမီးကျန်းမာရေးအညံ့ရှိမည်။ ရပ်ဝေးမှ ရောက်လာသည့်မိတ်ဆွေများလက်ခံရမည်။ မိသားစုတွင် ခြံ၊ ကား၊ အခန်း စသည့်တနလ်ာနံပစ္စည်းများအတွက် စကားပြောဆိုရတတ်သည်။ သူခိုးသူဝှက် ဘေးအန္တရာယ်အထူးဂရုစိုက်ရမည်။ မပြောင်းလိုသောအပြောင်းအလဲများကြုံမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ကျန်မာရေးဂရုစိုက်ရမည်။ စိတ်ပင်ပန်းတတ်သည်။ ရန်အနှောင့်အယှက်များမည်။ သူတစ်ပါးကြောင့် မိမိအကြံအစည်များနှောင့်နှေးတတ်သည်။ အသွားအလာဆင်ခြင်ပါ။ မတော်တဆထိရှတတ်သည်။ ငွေကြေးကုန်ကျမှုများမည်။ အရာရာအပေါ် စိတ်တိုင်းမကျဖြစ်နေမည်။ မျှော်မှန်းမထားဘဲ ရုတ်ခြည်းအပြောင်းအရွှေ့ကြုံမည်။ စီစဉ်မထားဘဲလုပ်သောအလုပ်မှ အကျိုးကောင်းရရှိမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အလွန်ကောင်းသောကာလဖြစ်၍ ဆောင်ရွက်သမျှ အကျိုးရှိမည်။ လုပ်သမျှအဆင်ပြေမည်။ ရည်စူးထားသည်များ ပြည့်ပြည့်ဝဝအောင်မြင်မည်။ ခရီးကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ ကာလအတန်ကြာ စိတ်ပန်း၊ လူပန်းဖြစ်သည်များမှ ကင်းဝေးမည်။ အရပ်ဝေး၊ တိုင်းတစ်ပါးနှင့် ပတ်သက်ဆောင်ရွက်ရခြင်းများ အဆင်ပြေမည်။ ပျို့ရွယ်သူများ စန်းပွင့်မည်။ ခရီးသွားရင်း ချစ်သူရမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

လုပ်လိုလျက် အချိန်မကျသေးဟုသတ်မှတ်ကာ ဆိုင်းငံ့ထားသည့်ကိစ္စကို ယခုကာလအတွင်း ဆောင်ရွက်ရန်ကြုံမည်။ လုပ်ဆောင်သမျှကိစ္စတွင် အောင်မြင်မှု၊ အဆင်ပြေမှုရရှိမည်။ မိသားစုတွင် ပတ်သက်သည့်ကောင်းသတင်းစကားများကြားသိရမည်။ ကာလအတန်ကြာ ဝေးကွာနေသောသူများနှင့် ပြန်လည်ဆုံစည်းနိုင်မည်။ မိတ်ဆွေအကြီးအကဲများထံမှ ထူးခြားသောအထောက်အကူရရှိမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

သတိနှင့် အရာရာဆောင်ရွက်ပါ။ စီမံထားသည်က တစ်မျိုး၊ လက်တွေ့က တစ်မျိုးဖြစ်မည်။ ခက်ခဲသောပြဿနာများ ဖြေရှင်းမည်။ သူတစ်ပါးနှင့်မတူသောရှုထောင့်မှ လုပ်ကိုင်မှုအောင်မြင်မည်။ မိမိအပေါ် ရန်အနှောင့်အယှက်ပြုသူ များမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ ကြိုတင်မှန်းဆထားသည် တစ်မျိုး၊ လက်တွေ့တစ်မျိုးဖြစ်သည်။ ပြည်ပနှင့်ပတ်သက်သောကိစ္စများ ပညာကိုအခြေတည်၍ အဆင်ပြေမည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

၂၀၁၀ ပြည့်နှစ်အတွင်း ကမ္ဘာတစ်လွှား၌ အဖြစ်အပျက်ပေါင်းများစွာဖြစ်ပွားခဲ့သော်လည်း လူအများ၏စိတ်ဝင်စားမှုကိုဖမ်းစားနိုင်ခဲ့ပြီး ထင်ရှားခဲ့သော အဖြစ်အပျက်များမှာ လက်ချိုးရေတွက်၍ရလောက်ပါသည်။ ယင်းအဖြစ်အပျက်များထဲမှ လူအများစိတ်ဝင်စားခဲ့သောအကြောင်းအရာများအား ကမ္ဘာကျော်တိုင်းမ်မဂ္ဂဇင်းက စစ်တမ်းကောက်ယူဖော်ပြထားသည့် အဖြစ်အပျက်များကို အနှစ်ချုပ်ဖော်ပြအပ်ပါသည်။

# ၂၀၁၀ ပြည့်နှစ်အတွင်း ထင်ရှားခဲ့သော အဖြစ်အပျက်များ

ကြည်နေဝင်းမင်း









### ဟေတီငလျင်

ယခုနှစ် ဇန်နဝါရီလ ၁၂ ရက်တွင် ဟေတီနိုင်ငံမြို့တော် ပို့တ်အော်ပရင့်စ်တွင် လှုပ်ခတ်ခဲ့သောမြေငလျင်မှာ ပြင်းအား အပြင်းထန်ဆုံး ငလျင်တစ်ခုမဟုတ်သော်လည်း လူအသေအပျောက်နှင့် အပျက်အစီးများစွာ ဖြစ်ပေါ်ခဲ့သောငလျင်တစ်ခုဖြစ်သည်။ ငလျင်လှုပ်ပြီး နာရီပိုင်းအတွင်း လူပေါင်းတစ်သန်းခန့်အား အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့သော ငလျင်ဖြစ်သည်။ မြို့တော်တစ်ဝန်းအဆောက်အအုံ ၉၀ ရာခိုင်နှုန်းခန့်မှာ အုတ်ပုံဘဝသို့ ရောက်ရှိခဲ့သည်။ လူပေါင်း ၂၃၀,၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ပြီး နောက်ထပ် လူထောင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ နိုင်ငံတကာတုံ့ပြန်မှုမှာလည်း လျင်မြန်မှုရှိခဲ့ပါသည်။ နိုင်ငံပေါင်းများစွာက အကူအညီပစ္စည်းများ ပေးပို့ခဲ့ကြပြီး ကယ်ဆယ်ရေးအဖွဲ့များ စစ်ဘက်တပ်ဖွဲ့ဝင်များလည်း ရောက်ရှိလာခဲ့ပါသည်။ နောက်ပိုင်းတွင် ရွေးကောက်ပွဲ မငြိမ်မသက်မှုများလည်းဖြစ်ပေါ်ခဲ့ရာ ဟေတီနိုင်ငံ၏ အနေအထားမှာ အားရစရာရှိသည်ဟုမဆိုသာပေ။

### ချီလီမိုင်းလုပ်သားများ

ဩဂုတ်လ ၅ ရက်တွင် ချီလီမိုင်းလုပ်သား ၃၃ ဦးသည် အာတာကာမာသဲကန္တာရရှိ ဆန်ဟိုးဆေးလ်ကြေးနီမိုင်းတွင်း၌ ရုတ်တရက် မြေအောက် ၂၃၀၀ ပေအနက်တွင် ပိတ်မိနေခဲ့ကြသည်။ ၎င်းတို့အား ကယ်တင်ရန်ကြိုးစားခဲ့သည့် ၆၉ ရက်မှာ ကမ္ဘာလုံးဆိုင်ရာ ဒရာမာဇာတ်လမ်းတစ်ပုဒ်အဖြစ် ပေါ်ထွက်ခဲ့ပြီး ဇာတ်သိမ်းကောင်းသော ဇာတ်လမ်းပမာတစ်ပုဒ်လည်းဖြစ်ခဲ့သည်။ ၎င်းတို့အား မြေပေါ်သို့ ကယ်တင်လိုက်နိုင်ချိန်တွင် ချီလီမိုင်းလုပ်သားများမှာ ချီလီအမျိုးသားသူရဲကောင်းများဖြစ်လာခဲ့ပြီး ကမ္ဘာတစ်ဝန်းသတင်းစာများ၌လည်း ခေါင်းစီးများဖြင့် ဖော်ပြခံခဲ့ရသည်။ ၎င်းတို့အား မြေပေါ်သို့ ကယ်တင်လာချိန်တွင်လည်း အချို့မှာမျက်ရည်လည်လျက်၊ အချို့မှာ လက်သီးလက်မောင်းတန်းလျက်၊ အချို့မှာ ဘုရားဝတ်ပြု၍၊ အချို့မှာ နိုင်ငံတော်သီချင်းအား အားရပါးရသီဆိုပြီး ၎င်းတို့အား ချီလီသမ္မတ ဆာဘက်စတီယန်ပင်ညဲရာက ကိုယ်တိုင်ကိုယ်ကျ တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်ခဲ့ပြီး ၎င်းတို့၏ မဆုတ်မနစ်သော စိတ်ဓာတ်၊ ဇွဲလုံ့လတို့ကို ချီးကျူးပြောဆိုခဲ့သည်မှာ အားရစရာကောင်းလှပါသည်။

### ပါကစ္စတန်ရေကြီးမှု

အစွန်းရောက်စစ်သွေးကြွများ၏ ခြိမ်းခြောက်မှု၊ အားနည်းသော အရပ်ဘက်အစိုးရနှင့် သိသာသော ဘဏ္ဍာရေးအကျပ်အတည်းများ ကြုံတွေ့နေခဲ့ရသည့် ပါကစ္စတန်မှာ ယခုနှစ်အတွင်း၌ ရာသီဥတု၏ ဒုက္ခပေးမှုဒဏ်ကိုပါ အကြီးအကျယ်ခံစားခဲ့ရသည်။ ရာစုဝက်အတွင်းဖြစ်ပေါ်သည့် အဆိုးဝါးဆုံး မုတ်သုံမိုးများကြောင့် ဇူလိုင်လအတွင်း ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှု မိုးမှုများဖြစ်ပေါ်ခဲ့ရာ အိန္ဒုမြစ်ဝှမ်းတစ်လျှောက် ကြီးကျယ်သော ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သည်။ လူပေါင်း သန်း ၂၀ ခန့်ရေဘေးလွတ်ရာသို့ တိမ်းရှောင်နေခဲ့ရပြီး လူပေါင်းနှစ်ထောင်ခန့် သေဆုံးခဲ့သည်။ ယင်းရေလွှမ်းမိုးမှုကြောင့် နိုင်ငံစီးပွားရေးအား ကန်ဒေါ်လာ ၄၃ ဘီလီယံ ပျက်စီးစေခဲ့သည်ဟု တွက်ချက်ခဲ့ကြရာ ယင်းမှာ ပါကစ္စတန်နိုင်ငံအတွက် နာလန်ထူရန်ခက်ခဲသော ထိုးနှက်ချက်တစ်ရပ်ဖြစ်သည်။

### မြောက်ကိုရီးယားနိုင်ငံ၏အပြုအမူ

ယခုနှစ်မတ်လအတွင်း ကိုရီးယားနှစ်နိုင်ငံ အငြင်းပွားနေသော ရေပိုင်နက်တွင် တောင်ကိုရီးယားရေတပ်သင်္ဘောချီနမ် နစ်မြုပ်ခဲ့ပြီးသင်္ဘောသား ၄၆ ဦးသေဆုံးခဲ့သည်။ တောင်ကိုရီးယားစစ်ဘက်ကပြုလုပ်ခဲ့သော စုံစမ်းစစ်ဆေးမှုတစ်ရပ်အရ မြောက်ကိုရီးယားမှလာသည့် တော်ပီဒိုတစ်စင်းကြောင့် သင်္ဘောနစ်မြုပ်ခဲ့ရကြောင်း ကောက်ချက်ချခဲ့သည်။ ယင်းကြောင့်ပင် ကိုရီးယားကျွန်းဆွယ်တွင်တင်းမာမှုများ မြင့်တက်လာခဲ့ပြီးအမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ရေတပ်စစ်ရေးလေ့ကျင့်မှုများ တန်းစီပေါ်ထွက်ခဲ့သည်။ သို့သော် ယင်းလေ့ကျင့်မှုများက တရုတ်နိုင်ငံအား မရိုးမရွဖြစ်စေခဲ့သည်။ အမေရိကန်နှင့် တရုတ်နိုင်ငံသို့ အပြန်အလှန်သံတမန်ရေး အချေအတင် ပြောဆိုမှုများရှိနေချိန်တွင် ပြုံယမ်းက စက်တင်ဘာလ ၂၈ ရက်တွင် လက်ရှိအုပ်ချုပ်နေသော ကွန်မြူနစ်ပါတီ၏ ၆၅ နှစ်မြောက်အစည်းအဝေးအား ခေါ်ယူခဲ့ပြီး ခေါင်းဆောင် ကင်ဂျုံအီအား ဆက်ခံမည့် ၎င်း၏သား ကင်ဂျုံအမ်အား လူသိထင်ရှားဖော်ထုတ်ခဲ့သည်။ ထိုမှ နိုဝင်ဘာ ၂၃ ရက်သို့ရောက်လာသောအချိန်တွင်လည်း တောင်ကိုရီးယားပိုင် ယွန်ပြောင်းကျွန်းသို့ လက်နက်ကြီးများဖြင့် မြောက်ကိုရီးယားက ပစ်ခတ်ခဲ့ရာ တောင်ကိုရီးယားကလည်း လက်တုံ့ပြန်ခဲ့သည်။ ၂၀၁၀ ကုန်ဆုံးချိန်တွင်လည်း ကိုရီးယား နှစ်နိုင်ငံကြား၌ တင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေသည်ဟု ဆိုရမည်ဖြစ်သည်။

### တောင်အာဖရိက ကမ္ဘာ့ဖလား

ယခုနှစ် နွေရာသီတောင်အာဖရိကနိုင်ငံ၌ ကမ္ဘာ့ဖလားဘောလုံးပွဲမကျင်းပမီ လပေါင်းများစွာအတွင်း ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံး အားကစားပွဲတော်ကြီးအားတောင်အာဖရိကနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်မည်လားဆိုသည်ကို နိုင်ငံတကာမီဒီယာများက မေးခွန်းထုတ်နေခဲ့ကြသည်။ ယခုကမ္ဘာ့ဖလားမှာ အာဖရိကတိုက်တွင် ပထမဆုံးကျင်းပသည့် ကမ္ဘာ့ဖလားဖြစ်သောကြောင့်လည်း ပူပန်မှုများ ရှိနေခဲ့သည်။ ကနဦးအခက်အခဲများ ဖြစ်ပေါ်ခဲ့သော်လည်း ဘောလုံးပွဲတော် စတင်ကျင်းပသောအချိန်တွင် စိုးရိမ်မှုများ အလျင်အမြန်ကွယ်ပျောက်သွားခဲ့ပြီး မကြာသေးမီနှစ်များအတွင်း ပြုလုပ်ခဲ့သည့် ကမ္ဘာ့ဖလားပွဲများတွင် အအောင်မြင်ဆုံး ကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်ခဲ့သည်။ နိုင်ငံအလံအရောင်များကို မျက်နှာတွင်ခြယ်သ၍ ဘူဘူဇီလာနဲ့ကြီးများ အားရပါးရတီးမှုတ်နေသော တောင်အာဖရိကနိုင်ငံသားများ၏ ပြုံးပျော်နေသော မျက်နှာများကို ကမ္ဘာကြီးက ရုတ်တရက်မေ့ပျောက်သွားမည်မဟုတ်ပေ။ ကမ္ဘာ့ဖလားအပြီးတွင်လည်း ချန်ပီယံအသစ်ပေါ်ထွက်လာခဲ့ပြီး စပိန်နိုင်ငံက အကောင်းဆုံးအသင်းပီပီထိုက်ထိုက်တန်တန် ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သည်။

### အကြမ်းဖက်ဝါဒ၏စစ်မျက်နှာသစ် ယီမင်

၂၀၀၉ ခုနှစ် ခရစ္စမတ်နေ့တွင် အမေရိကန်ပြည်ထောင်စု ဒက်ထရိုက်မြို့သို့ပျံသန်းနေသော လေယာဉ်ပေါ်တွင် အကြမ်းဖက်သမားဟု မသင်္ကာသူတစ်ဦးသည် ၎င်း၏ အတွင်းခံဘောင်းဘီအတွင်း၌ ဝှက်ထားခဲ့သောဗုံးအား ပေါက်ကွဲအောင် မဖောက်ခွဲနိုင်ခဲ့ပေ။ ယင်းအဖြစ်အပျက်မှနေ၍ ယီမင်နိုင်ငံအား ကမ္ဘာကြီးက အမှတ်ရသွားစေခဲ့သည်။ ယီမင်မှာလည်း အရှေ့အလယ်ပိုင်းတွင် အဆင်းရဲဆုံးနှင့် ဂိုဏ်းဂဏကွဲပြားမှုအများဆုံးဒေသတစ်ခုဖြစ်ရာ အယူသည်းစစ်သွေးကြွများ ပေါက်ဖွားရာနေရာဖြစ်လာခဲ့သည်။ ဒက်ထရိုက်လေယာဉ်ပေါ်မှ မသင်္ကာသူဗုံးခွဲသမား နိုင်ဂျီးရီးယားအမျိုးသားမှာ ယီမင်နိုင်ငံတွင် လေ့ကျင့်ခဲ့သူတစ်ဦးဖြစ်သည်။ မကြာသေးမီက အမေရိကန်နိုင်ငံသို့လိပ်မူ၍ ပေးပို့လိုက်သော ပါဆယ်ဗုံးများမှာလည်း ယီမင်နိုင်ငံမှ အစပြုခဲ့ခြင်းဖြစ်သည်။ လတ်တလော နိုင်ငံ့ခေါင်းဆောင် အလီအဗ္ဗဒူလာဆာလေးမှာလည်း နိုင်ငံကို အပြည့်အဝ မထိန်းချုပ်နိုင်ဘဲ စီးပွားရေးအကျပ်အတည်းဖြစ်နေသည့်နိုင်ငံကို ဆွဲမတင်နိုင်ခဲ့ပေ။ ယီမင်နိုင်ငံ၏ ဥပဒေစိုးမိုးမှုမှာ အုပ်ချုပ်မှု လုံးဝပြိုကွဲနေသော ဆိုမာလီယာနိုင်ငံနှင့် နှိုင်းယှဉ်နိုင်သည်။

### ဥရောပငြိမ်းခြံချွေတာမှု အစီအစဉ်

ယခုနှစ်နွေရာသီမှာ ဥရောပတွင် မကျေမနပ်မှုများ ကျယ်ပြန့်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ် အမေရိကန်မှစတင်ခဲ့သည့် စီးပွားပျက်ကပ်ဒဏ်ကို ခံစားနေရစဉ်မှာပင် ၂၀၁၀ မေလအတွင်း ဂရိနိုင်ငံ ဒေဝါလီခံရမည့် အရေးနှင့် ကြုံတွေ့ရသောအခါ အခြားဥရောပနိုင်ငံများသို့ ဂရိအကျပ်အတည်း ကူးစက်မည်ကို စိုးရိမ်၍ ၎င်းအားကယ်တင်ရန် ကြိုးပမ်းရတော့သည်။ ဂရိနိုင်ငံ အေသင်မြို့နှင့် ဥရောပတစ်ဝန်း မြို့ကြီးများတွင် ခြိုးခြံချွေတာမှု အစီအစဉ်များကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများ တသီတတန်းဖြစ်ပေါ်ခဲ့သည်။ နိုင်ငံရေးသမားများ၏ လွဲမှားသောလုပ်ရပ်များအတွက် ၎င်းတို့ပြစ်ဒဏ်ခံစားနေရသည်ဟု ဥရောပတိုက်သားအများအပြားက ထင်မြင်ခဲ့ကြသည်။ အချို့ဥရောပတိုက်သားများကမူ ဂရိနိုင်ငံအား ကန်ဒေါ်လာ ဘီလီယံ ၁၅၀ အကုန်အကျခံ၍ ကယ်တင်ရခြင်းကို ညည်းတွားကြသည်။

### မက္ကဆီကိုမူးယစ်ဆေးစစ်ပွဲ

၂၀၁၀ ပြည့်နှစ်တွင်လည်း မူးယစ်ဆေးဝါး ဂိုဏ်းကြီးများအားနှိမ်နင်းရန် မက္ကဆီကိုနိုင်ငံတွင် ရုန်းကန်နေခဲ့ရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များမှာလည်း မူးယစ်ဂိုဏ်းကြီးများနှင့် ယှဉ်ပြိုင်ရာတွင် တစ်ခါတစ်ရံ ထိန်းချုပ်မရ အနေအထားများပင် ကြုံတွေ့ခဲ့သည်။ မူးယစ်ဂိုဏ်းကြီးများကိုနှိမ်နင်းရာ၌ ပေါ်လစီပိုင်းတွင် ပြတ်သားမှုရှိပြီး စက်တင်ဘာလအတွင်း၌ နယ်စပ်မြို့ ဆီယူဒက်ဂျူရက်စ်မြို့မှ ရဲတပ်ဖွဲ့ဝင် ၄၀၀ အား ခြစားမှုဖြင့် ရာထူးမှထုတ်ပယ်ခဲ့သည်။ အရေးပါသော မူးယစ်ဂိုဏ်းခေါင်းဆောင်အချို့ကို ဖမ်းဆီးမိခဲ့သော်လည်း ပြန်ပေးဆွဲမှုများ၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၊ လူငှားသတ်ဖြတ်မှုများမှာ လျော့ပါးသည်ဟု မထင်ခဲ့ရပေ။ ၂၀၁၀ ပြည့်နှစ်အတွင်းမှာပင် မူးယစ်ဂိုဏ်းများကြောင့် လူပေါင်း ၃၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်။


### ထိုင်းနိုင်ငံ၏ရှပ်နီများ

ယခုနှစ် ဧပြီနှင့် မေလများတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့အား ရှပ်နီများဟုခေါ်သော ဆန္ဒပြသူများက သိမ်းပိုက်ထားခဲ့သည်။ အရောင်အမှတ်အသားများ ပြုထားသော ထိုင်းနိုင်ငံရေးလှုပ်ရှားမှုတွင် ဝန်ကြီးချုပ်ဟောင်းသက်ဆင်အား ထောက်ခံသည့်ရှပ်နီများက လက်ရှိအစိုးရမှာ အထက်တန်းလွှာများနှင့် ပူးပေါင်းထားပြီး

စာမျက်နှာ(၄၁)သို့

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၁၁၄)



### အလျားလိုက်

၄။ တစ်ကမ္ဘာလုံးက အလေးထား ဆွေးနွေးလာတဲ့ကိစ္စရပ်

၇။ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အလေးထားလုပ်ဆောင်လာတဲ့ကိစ္စရပ်

၉။ အထပ်မြင့်တိုက်တွေမှာ မရှိမဖြစ်လိုအပ်တဲ့အရာ

၁၀။ အသက်အန္တရာယ်ရှိပေမယ့် ရဲရဲဝံ့ဝံ့လုပ်ဆောင်ပေးတတ်သူ

၁၁။ ကုန်းပေါ်မှာရောရေပေါ်မှာပါသွားလာနိုင်တဲ့အရာ

၁၂။ ကမ္ဘာကျော်နည်းပညာကုမ္ပဏီကြီးတစ်ခု

### ဒေါင်လိုက်

၁။ မိန်းကလေးတွေ စိတ်ဝင်တစား တက်ရောက်လာတဲ့တက္ကသိုလ်

၂။ ပညာရေးနယ်ပယ်ထဲကို လှမ်းဝင်လာတဲ့နိုင်ငံ

၃။ နေရာတိုင်းလိုလိုက ဆိုင်တွေမှာ အပြိုင်အဆိုင်ပေးလာတဲ့အရာ


၅။ ပြည်တွင်းဈေးကွက်မှာ လူစိတ်ဝင်စားပြီး ဈေးကောင်းရနေတဲ့ကုန်တစ်မျိုး

၆။ မကောင်းတာကိုဖော်ပြထားလျက်နဲ့လူတွေစွဲလန်းနေတဲ့အရာ

၈။ ကုန်ပစ္စည်းတွေ တင်ပို့ရာမှာ မရှိမဖြစ်လိုအပ်တဲ့အရာ

ပဟေဠိ အမှတ်စဉ်(၁၁၃) အတွက် အဖြေမှန်သူမရှိပါ

ပဟေဠိ အမှတ်စဉ်(၁၁၃)အဖြေမှန်




အမည် ........................................ မှတ်ပုံတင်အမှတ် ........................................

နေရပ်လိပ်စာ ........................................................................................

အဖြေမှန်သူ(၇)ဦးကို မဲစနစ်ဖြင့်ရွေးချယ်ပြီး 7Day News ဂျာနယ် ၄ ပတ်စာ (အခမဲ့) ချီးမြှင့်ရာမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးအနက်မှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး၊ ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှစကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်း မေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး၊နယ်ဝေးမှဖြေဆိုသူများမှာ Faxဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၃၁-၁၂-၂၀၁၀ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ ပေးပို့ရမည်။**

SMART
ဤအစီအစဉ်ကို **Electronic Dictionary** မှ ပံ့ပိုးကူညီပါသည်။

## Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**
အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့်ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo,ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ **PH: 557448 Ext (856), 09-8034582, 73037776**

--------------------------------

လူကြီးမင်း၏ကွန်ပျူတာနှင့် သက်ဆိုင်သော ကိစ္စအဝဝကို အချိန်တိုအတွင်း တာဝန်ယူဖြေရှင်းပေးသည်။ (24 hours free online service)
**ဖုန်း- ၇၃၀၆၆၁၉၄**

--------------------------------

**D.buzz ပြက္ခဒိန်နှင့် ပုံနှိပ်လုပ်ငန်း**
ပြက္ခဒိန်အမျိုးမျိုးနှင့် ပြက္ခဒိန်ဒီဇိုင်းသစ် အထူးပြုလုပ်သည်။ **ဖုန်း- ၇၃၀၆၀၂၅၈**

--------------------------------

**ရောင်းမည်**
တိုက်အမှတ်-၈၄၊ ၆လွှာ(ခြေရင်း) ဈေးကြီးလမ်း၊ ကြည့်မြင့်တိုင်မြို့နယ်။ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
**ဖုန်း- ၅၁၈၃၃၀၊ ၀၉-၅၅၀၂၅၆၈**

--------------------------------

အင်္ဂလိပ်စကားပြော ကောင်းမွန်တိုးတက်လိုသူများ၊ Communication Skill ၊ လုပ်ငန်းခွင်သုံးနှင့် လက်တွေ့အသုံးချသင်တန်းဖွင့်လှစ်နေပါပြီ။အိမ်အရောက်လည်းသင်ကြားပေးပါသည်။
**ဖုန်း-၀၉ ၅၄၁၇၉၇၆၊ ၅၄၄၅၁၂**

--------------------------------

လူကြီးမင်းတို့၏ အဆောက်အအုံ ပုံစံဒီဇိုင်းများကို 2D ရော 3D ဖြင့်ပါ လူကြီးမင်းတို့၏ စိတ်တိုင်းကျရေးဆွဲပေးနေပါသည်။
**ဖုန်း-၀၉-၅၅၀၂၉၈၂၊ ၇၃၀၂၄၉၁၅**

--------------------------------

**ခွေးရောင်းမည်**
ခွေးမျိုးသက် (၂၃)နှစ်အရ အကြိုက်ဆုံးအစောင့်ခွေးမျိုး DOBERMAN သားပေါက်ရပြီ။**ဖုန်း-၀၉-၅၀၄၀၄၁၁**

--------------------------------

**အလိုရှိသည်**
ဘူမိဗေဒဘွဲ့ရ (သို့) M.O.G.E လုပ်သက်ရှိသူ အမျိုးသားများ အလိုရှိသည်။ **ဖုန်း- ၀၉-၅၀၄၀၄၁၁**

--------------------------------

**ကွန်ပျူတာ အိမ်အရောက်သင်သည်**
iOffice,Email&Internet,Graphic Design, Auto CAD (2D,3D), Multimedia, Web Design.
**PH: 09-5151882**

--------------------------------

နဝမတန်းအတွက်(Physicနှင့် Mathematic) ကို အထူးသီးသန့်သင်ကြားပေးသည်။ **ဖုန်း- ၅၀၁၂၀၉**

--------------------------------

**Golf Set**
3000, P.C.S, U.S Japan Made ပုတ်ပြတ် ညှိနှိုင်းဈေးရောင်းမည်။
**ဖုန်း- ၂၁၆၁၃၅၊ ၀၉-၈၅၇၀၆၀၀**

--------------------------------

**ခြံရောင်းမည်**
မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကတ္တရာလမ်း၊ ၄၅× ၉၀ ပေ၊ နှစ် ၆၀ ဂရမ် အမည်ပေါက်။
**ဖုန်း- ၆၆၅၁၉၅၊ ၀၉-၄၉၂၃၁၉၇၀**

--------------------------------

အသက်(၅ မှ ၁၅)နှစ်ရှိ ကလေးများအား English သင်ကြားပေးရန်အတွက် part time ဆရာ၊ ဆရာမများ အလိုရှိသည်။ **ဖုန်း-၇၃၀ ၃၁၄၀၇**

--------------------------------

အောဘီစီ အလှပြင်သင်တန်းကျောင်း ဆံပင်၊ မိတ်ကပ်၊ ဆံထုံး၊ လက်သည်းခြေသည်းအလှဆင်ဘာသာရပ်များကို သင်ကြားပေးနေပါသည်။
**ဖုန်း-၃၇၂၆၆၀၊ ၇၂၁၂၀၆**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ ဆံပင်ညှပ်ကျွမ်းကျင် မ(၁) ဦး၊ ၂။လက်သည်း/ခြေသည်းပန်းချီကျွမ်းကျင် မ(၁)ဦး၊ ၃။ ခေါင်းလျှော်ကျွမ်းကျင် မ(၁)ဦး၊ ၄။ ဘာသာစုံနည်းပြဆရာမ မ(၁)ဦး၊ ဖုန်း-၃၇၂၆၆၀

--------------------------------

IELTS Special Classes & IGCSE for 7.5 and Excellence Teacher Solomon (Professor; Edu Counsellor) Ph: **09 5417781,555614**

--------------------------------

**တိုက်ခန်းရောင်းမည်**
အမှတ်(၁၀၀)၊ ဒု-ထပ်၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ပေ(၁၃ ခွဲ× ၅၀)၊ Hall Type ၊ ရောင်းဈေး ကျပ်သိန်း(၁၇၀)၊
**ဖုန်း-၀၉ ၈၃၀၁၈၉၆(ဒေါ်ချယ်ရီ)**

--------------------------------

**Better Life Education & Career Supporting Centre**
လက်တွေ့အသုံးချဂျပန်ဘာသာစကားလမ်းညွှန်သင်တန်း။ အမှတ်(၅၀၇)၊ ၅-လွှာ၊ လပြည့်ဝန်းပလာဇာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

--------------------------------

**ပန်းလေသင်း**
အချိန်ပိုင်းစာရင်းဆွဲသည်။ စာရင်းစစ်သည်။
**ဖုန်း-၇၃၀ ၆၃၀၉၃**

--------------------------------

အုပ်ချုပ်သူ၊ သူနာပြု/ Sister Day I/C (၂)ဦး အလိုရှိသည်။
**ရွှေပုပ္ပါးအထူးကုဆေးခန်း၊ ဖုန်း-၅၅၆၀၀၁၊ ၅၅၆၃၁၆**

--------------------------------

Medium Language & Management Training Centre
**Ph:73072754,09 5105470**

--------------------------------

Phyo ကွန်ပျူတာစင်တာမှ ကွန်ပျူတာပြုပြင်ခြင်း၊ ဗိုင်းရပ်စ်ရှင်းလင်းပေးခြင်း၊ အင်တာနက်ချိတ်ဆက်ပေးခြင်း၊ network ချိတ်ဆက်ပေးခြင်းတို့ကို ဝန်ဆောင်မှုပေးနေပါသည်။
**ဖုန်း-၀၉ ၅၁၇၉၁၂၂၊ ၇၃၀၀၉၉၆၃**

--------------------------------

ဝေရှင်း Future Star မူကြိုကျောင်း မြန်မာစာ၊ တရုတ်စာ၊ အင်္ဂလိပ်စာ၊ ပန်းချီပညာရပ်၊ ယဉ်ကျေးလိမ္မာပညာဘာသာရပ်များကို အသက် ၃ နှစ်မှစ၍ သင်ကြားပေးနေပါသည်။
**ဖုန်း-၇၃၀၄၉၅၄၃**

--------------------------------

နန်းတော်အိမ်ခြံမြေအကျိုးဆောင် အိမ်ရောင်းခြင်း၊ ငှားရမ်းခြင်းများကို အမြန်ဆောင်ရွက်ပေးနေပါသည်။
**ဖုန်း-၇၃၁၁၅၂၁၇**

--------------------------------

**မြေကွက်ဝယ်လိုသည်**
မြောက်ဒဂုံ(၄၁)တိုးချဲ့၊ တော်ဝင်အိမ်ရာရှိ မြေကွက်အလွတ်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါရန်။ **ဖုန်း-၇၂၁၂၀၆**

--------------------------------

**ဆရာရန်နိုင် (Dragon King)**
ကွန်ဖူး၊ ဗန်ဒို၊ ထိုက်ချီ၊ ကိုယ်ခံပညာ အထူးသင်တန်းကျောင်း ဖွင့်လှစ်နေပါပြီ။ **ဖုန်း-၂၀၁၁၄၉၊ ၀၉၅၀၁၆၆၂၃**

--------------------------------

မိတ္တူ/ကွန်ပျူတာဆိုင်တွင် တာဝန်ထမ်းဆောင်ရန် မ(၂)ဦးအလိုရှိသည်။ ကွန်ပျူတာပြုပြင်ပေးပါသည်။
**ဖုန်း-၇၃၀ ၃၈၈၄၂**

--------------------------------

ကျူရှင်ခုံ (ဒုကျွန်းဖြင့် ပြုလုပ်ထား) ရောင်းမည်။ 3G Nokia 6233 ရောင်းမည်။ **ဖုန်း-၇၃၀ ၃၈၈၄၂**

--------------------------------

**Gaming PC ရောင်းမည်**
Core i7 Asus, ATI 4870x2 2GB, 6GB RAM ၊ ရောင်းဈေး (၁၂)သိန်း။
**ဖုန်း၀၉ ၅၀၇၅၈၆၃**

--------------------------------

ဆရာမကြီး ဒေါ်သန်းသန်းဌေး (BA Myanmar) မြန်မာစောင်း၊ ပတ္တလားအတီးသင်တန်း၊ နိုင်ငံခြားသွားမည့်သူများကိုလည်း အမြန်သင်ကြားပေးနေပါသည်။ **ဖုန်း-၅၅၅၂၅၀**

--------------------------------

English (Home Tuition)
Speaking, Grammar, IELT,TOEFL, GCE,SAT,Essay, Four Skills များကို အိမ်အရောက်သင်ကြားပေးပါသည်။
**ဖုန်း-၀၉-၅၁၂၈၇၉၉(ဒေါ်နီလာ)**

--------------------------------

**တိုက်ခန်းရောင်းမည်**
ပေ(၅၀×၁၅)၊ လသာ၊ ၁၈-လမ်း(အထက်)၊အဆင်သင့်ပြင်ဆင်ပြီး။
**ဖုန်း-၀၉ ၅၁၇၈၀၁၉**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Accountant (၃)ဦး၊ 2. Computer ကျွမ်းကျင် (၃)ဦး၊
Lynn Lae Htun Trading Co,Ltd
**ဖုန်း-၄၀၀၈၀၅၊ ၅၄၂၁၁၁**

--------------------------------

ILC English School Centre
English 4 Skills, IELTS/TOFEL, Seamen, English for young learners,Grammar Special,
**ဖုန်း-၅၂၅၉၉၂၊ ၅၃၇၂၈၂**

--------------------------------

**အင်းခွေးရောင်းမည်**
တစ်လခွဲသား အင်းခွေးပေါက်ကလေးများရောင်းရန်ရှိပါသည်။
**ဖုန်း-၅၅၅၇၂၀**

--------------------------------

**ကားရောင်းမည်**
1. 87 SE Limited (၁ဂ/. . . )အလုံးသစ်၊ အခွန်ကျေ၊ အမည်ပေါက်၊ 2. B 600 (ဇ/. . . )ဆေးဘော်ဒီ၊ အင်ဂျင်လက်တင်။ **ဖုန်း-၀၉ ၅၀၅၇၄၂၆**

--------------------------------

ကွန်ပျူတာမျိုးစုံ အမြန်ပြုပြင်ပေးနေပါသည်။ **ဖုန်း-၀၉ ၈၅၉၁၉၃၆**

--------------------------------

'ငွေပြည့်အိမ်' အိမ်ခြံမြေ လုပ်ငန်းမှ ဝန်ဆောင်မှုများ ပေးနေပါပြီ။
**ဖုန်း-၇၃၁၁၇၂၀၇၊ ၀၉၈၀၂၃၉၀၄**

--------------------------------

**အိမ်ရောင်းမည်**
မြောက်ဒဂုံ (၄၅)ရပ်ကွက်၊ ပေ(၄၀× ၆၀)၊ တစ်ထပ်၊ အိပ်ခန်း၃ ခန်း၊ ရေ မီးစုံ၊ ညှိနှိုင်းဈေး၊ ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။ **ဖုန်း-၇၃၀ ၃၄၂၉၂**

--------------------------------

လူကြီးမင်းတို့၏ Shop, Home, Condo,Residence and Flat တွေရဲ့ Interior Design များကို Art of Virtualization ဖြင့် ဖန်တီးရေးဆွဲပေးနေပါပြီ။ **ဖုန်း-၀၉ ၄၉၂၅၅၈၉၇**

--------------------------------

7DAY NEWS JOURNAL
Vol.9, No.40 · DECEMBER 30, 2010

## မျက်မှောက်ခေတ်ကာလ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လိုအပ်ချက်ဟာ ဘာလဲ

ကျော်မြင့်

ယနေ့ကာလမှာ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် တပ်မတော်အစိုးရကို အတိုက်အခံနိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးအင်အားစုတွေ၊ သောင်းကျန်းသူလက်ကျန်တွေနဲ့ တွေ့ဆုံဆွေးနွေးရန် တိုက်တွန်းသူတွေက တိုက်တွန်းနေသလို တောင်းဆိုသူတွေကလည်းတောင်းဆိုနေကြပါတယ်။

ဒီလိုတိုက်တွန်းတောင်းဆိုမှုတွေဟာ ခုမှဖြစ်ပေါ်လာတာမဟုတ်ဘဲ မြန်မာနိုင်ငံ အစိုးရအဆက်ဆက်မှာ တိုက်တွန်းတောင်းဆိုမှုတွေရှိခဲ့သလို ဖဆပလအစိုးရ၊ တော်လှန်ရေးကောင်စီအစိုးရအဆက်ဆက်တို့ဟာလည်း အစိုးရဆန့်ကျင်ရေးအင်အားစုတွေနဲ့တွေ့ဆုံဆွေးနွေးမှုတွေရှိခဲ့ပါတယ်။

သို့သော် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ရသင့်သလောက် မရရှိခဲ့ပါ။ ဘာ့ကြောင့်လဲ။ အမျိုးသား စည်းလုံးညီညွတ်ရေးကိုကွဲပျက်စေတဲ့အကြောင်းတရားအမှန်တွေကို အလေးအနက်ပြန်လည်သုံးသပ်ဝေဖန်ဆန်းစစ်မှုတွေ မရှိခဲ့ဘဲ အစိုးရဆန့်ကျင်ရေးအင်အားစုတွေကို ပါတီတစ်ခု၊ လူမျိုးတစ်စုရဲ့ အလိုဆန္ဒအကျိုးစီးပွားကို ညီညွတ်ရေးအခြေခံတရားအဖြစ် တရားသေဆုပ်ကိုင်တောင်းဆိုနေကြတဲ့အတွက်ဖြစ်တယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်မှာတော့ နိုင်ငံတော် အစိုးရရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လမ်းပန်းဆက်သွယ်ရေးတည်ဆောက်ရေးလုပ်ငန်းများကို ကာယကံမြောက်တွေ့မြင်လာရတာရယ်၊ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှု လုပ်ငန်းရဲ့ အမှားနဲ့အနိဋ္ဌာရုံတွေကိုကိုယ်ပိုင် အတွေ့အကြုံနဲ့ သိမြင်လာခဲ့တာရယ်တို့ကြောင့် တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့ကြီး (၁၇) ဖွဲ့နဲ့ အဖွဲ့ငယ်ပေါင်းများစွာဟာ အတိုက်အခိုက်ရပ်စဲပြီး ညီညွတ်ရေးတည်ဆောက်နိုင်ခဲ့သလိုလက်နက်နဲ့ ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်ခဲ့တဲ့အင်အားစုတွေဟာလည်း (၁၅) ဖွဲ့လောက်ရှိခဲ့ပါတယ်။

အမှန်ကတော့ စစ်မှန်ခိုင်မြဲတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးကို ရရှိနိုင်ဖို့အတွက် နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးအင်အားစုတွေဟာ မိမိတို့တိုင်းပြည် အမှန်တကယ်ရောက်ရှိနေတဲ့ စီးပွားရေး ရုပ်ဘဝအခြေအနေကို မှန်ကန်စွာ သိနားလည်ပြီး ထိုစီးပွားရေး ရုပ်ဘဝအခြေအနေမှ မိမိတို့ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်တဲ့စီးပွားရေး၊ နိုင်ငံရေးလမ်းစဉ် (မဟာဗျူဟာနှင့် နည်းဗျူဟာတို့ကို) မှန်ကန်စွာ သိနားလည်ထားရန်လိုအပ်ပါတယ်။

ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံရဲ့ လူ့အဖွဲ့အစည်းရုပ်ဘဝဟာ ပဒေသရာဇ်တစ်ပိုင်း၊ အရင်းရှင်တစ်ပိုင်း အခြေအနေသာရှိခဲ့ပါတယ်။

ဒီရုပ်ဘဝအခြေအနေကနေ ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိကအားဖြင့် စီးပွားရေးအရ ဈေးကွက်စီးပွားရေးနဲ့ နိုင်ငံရေးအရပါတီစုံဒီမိုကရေစီစနစ်ကို တစ်မျိုးသားလုံးစည်းလုံးညီညွတ်သော ခွန်အားဖြင့် တည်ဆောက်ဖို့လိုအပ်ပါတယ်။

သို့သော်ရုရှားပြည်မှာ အောက်တိုဘာတော်လှန်ရေး အောင်ပွဲဆင်နွှဲခဲ့ပြီး ဆိုဗီယက်ဆိုရှယ်လစ်နိုင်ငံ ထူထောင်ခဲ့တာရယ်၊ ဒုတိယကမ္ဘာစစ်မှာဆိုဗီယက်တပ်နီတော်ရဲ့ အောင်ပွဲရမှုတွေရယ်တို့ကြောင့် အရင်းရှင်စနစ် တိုက်ဖျက်ရေး၊ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး စိတ်ကူးယဉ်လက်ဝဲစွန်း ဆိုရှယ်လစ်ဝါဒ ကမ္ဘာမှာခေတ်စားလာခဲ့တာနဲ့အမျှ မြန်မာနိုင်ငံကွန်မြူနစ်တွေအတွင်းမှာ ဒီဆိုရှယ်လစ် အယူများလွှမ်းမိုးခဲ့တာကြောင့် ကွန်မြူနစ်တွေဟာ အင်္ဂလိပ်အစိုးရနဲ့ ငြိမ်းချမ်းစွာဆွေးနွေးရယူခဲ့တဲ့ လွတ်လပ်ရေးကို "အတုအယောင် လွတ်လပ်ရေးဖြစ်တယ်။ ဒါဟာအင်္ဂလိပ်နယ်ချဲ့သမားနဲ့ ဗမာတိုင်းရင်းသား ဓနရှင်လူတန်းစားတို့ပေါင်းသွားတာသာဖြစ်တဲ့အတွက် နှစ်ထပ်ကျွန်ဘဝသို့ ဆိုက်ရောက်ခဲ့တာသာဖြစ်တယ်" ဆိုတဲ့ အယူမှားကြောင့် ကွန်မြူနစ်တွေဟာ ဖဆပလအစိုးရကို မဟာမိတ်အဖြစ် သဘောထားလက်တွဲပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ် ဖြစ်ထွန်းတိုးတက်အောင် လုပ်ရမည့်အစား သပိတ်အစုံသူပုန်ထရေးလမ်းစဉ်နဲ့ ဖဆပလအပြုတ်တိုက်ပြီး ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးလမ်းစဉ်ကို ရွေးချယ်ခဲ့ပါတယ်။ အဲဒီအမှားကြောင့် ရောင်စုံသောင်းကျန်းမှုကြီး ဖြစ်ပေါ်ခဲ့ရကာ အမျိုးသားညီညွတ်ရေးကြီးပြိုကွဲခဲ့ရပါတယ်။

ဆယ်စုနှစ်တစ်ခုကျော် ကြာလာတဲ့အခါ ထုတဲ့ဥသျှစ် (ရောင်စုံသောင်းကျန်းသူတွေ) ရော၊ ခံတဲ့ဥသျှစ် (ဖဆပလအစိုးရ) ပါပြိုကွဲပျက်စီးလာခဲ့ပြီး ဖဆပလအစိုးရကလည်း နိုင်ငံတော်အချုပ်အခြာအာဏာတည်မြဲရေးနဲ့ ပြည်ထောင်စု မပြိုကွဲရေးကို မထိန်းသိမ်းနိုင်၊ ရောင်စုံသောင်းကျန်းသူတွေကလည်း နိုင်ငံတော်အာဏာကို ရယူနိုင်စွမ်းမရှိခဲ့ကြတာကြောင့် ပြည်ထောင်စု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တော်လှန်ရေးကောင်စီအစိုးရ ဖြစ်ပေါ်ခဲ့ရပြီး စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒကို မလွန်ဆန်နိုင်ခဲ့တာကြောင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ဖြစ်ပေါ်ခဲ့ရပါတယ်။

ထိုမှတစ်ဆင့် ၂၆ နှစ်အကြာမှာ ၁၉၈၈ ခုနှစ် လူထုဆူပူအုံကြွမှုကြီးဖြစ်ပေါ်လာခဲ့ပြီး မှန်ကန်တဲ့ နိုင်ငံရေးဦးဆောင်မှု မရှိခဲ့တာကြောင့် မင်းမဲ့တိုင်းပြည်အသွင်သို့ ဆိုက်ရောက်ခဲ့ရပြန်တဲ့အတွက် သမိုင်းရေးလိုအပ်ချက်အရ နဝတအစိုးရ ဖြစ်ပေါ်လာခဲ့ပြန်ပါတယ်။

နဝတအစိုးရက နိုင်ငံတော်ကို တာဝန်ယူကာ တိုင်းပြည်နဲ့ ပြည်သူတွေကို မင်းမဲ့ဘေးမှကယ်တင်ခဲ့ပြီး ပြည်သူတွေမလိုလားတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုဖျက်သိမ်းကာ ပြည်သူ့ဆန္ဒအမှန်ဖြစ်တဲ့ ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကိုဖွင့်ပေးခြင်းဖြင့် ဒီမိုကရေစီတံခါးကို ဖွင့်ပေးခဲ့တယ်။

သို့သော် ပြည်တွင်းပြည်ပက ဆန့်ကျင်ဘက်နိုင်ငံရေးသမားတွေဟာ နဝတအစိုးရရဲ့ ဒီမိုကရေစီလုပ်ဆောင်ချက်ကို ဒီမိုကရေစီရေးချိုးနှိမ်ပြီးစစ်တပ်က အာဏာသိမ်းတာဖြစ်တယ်လို့ ပြောင်းပြန်ရှုမြင်ခံယူခဲ့ကြတယ်။

ဒီအယူမှားမှုကြောင့် ဒီမိုကရေစီတံခါးဖွင့်ပေးခဲ့တဲ့ နဝတအစိုးရကို ဒီမိုကရေစီရေး မဟာမိတ်အဖြစ် ရှုမြင်ခံယူရမည့်အစား ဒီမိုကရေစီအရေးရန်သူ၊ စစ်အာဏာ အစိုးရအဖြစ် ရှုမြင်ခံယူနေကြတယ်။

သက်ရောက်လာတဲ့ အကျိုးကတော့ အာဏာရှင်စနစ် ကျဆုံးမှ ဒီမိုကရေစီ ရမယ်ဆိုတဲ့ အယူမှားနဲ့ ၁၉၉၀ ခုနှစ်မှာ နဝတအစိုးရက ရွေးကောက်ပွဲ ကျင်းပပေးခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ၍ ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ခြင်းဖြင့် ငြိမ်းချမ်းစွာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် လမ်းဖွင့်ချခင်းပေးခဲ့တာကို NLD အဖွဲ့ချုပ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကို ဆန့်ကျင်၊ အမျိုးသားညီလာခံကထွက်ခွာဆန့်ကျင်ကာ နဝတအစိုးရကို ထိပ်တိုက်ရင်ဆိုင်ရန် ဆန့်ကျင်ရေး၊ အာဏာဖီဆန်ရေး စည်းရုံးလှုံ့ဆော်မှု၊ ပြည်သူတွေမဲ့ပြာကျမှ လူထုဆူပူအုံကြွမှု ဖြစ်မယ်ဆိုတဲ့အမြင်နဲ့ မြန်မာနိုင်ငံကို နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့ ဖိအားပေးရေးတောင်းဆိုမှုတွေနဲ့ လူထုဆူပူအုံကြွမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အာဏာရရေးကို ဦးတည်လုပ်ဆောင်ကြိုးပမ်းခဲ့ကြတယ်။ ပြည်တွင်းပြည်ပ အစိုးရဆန့်ကျင်ရေးဝါဒီတွေရဲ့ အထက်ပါလုပ်ဆောင်ချက်တွေကို အနောက်အုပ်စုနိုင်ငံတွေနဲ့ သူတို့ဩဇာခံတွေက အစဉ်တစိုက် သဲသဲမဲမဲထောက်ခံကူညီခဲ့ကြတယ်။ ရရှိလာတဲ့ အကျိုးကတော့ အစွန်းရောက်သူ၊ တက်ကြွသူ NLD ပါတီဝင်တွေဟာ နိုင်ငံတော်တည်ငြိမ်ရေး ဥပဒေနဲ့ငြိစွန်းမှုတွေကြောင့် အဖမ်းခံ၊ အထိန်းသိမ်းခံဘဝရောက်ခဲ့ကြရပြီး ၁၉၉၀ ခုရွေးကောက်ပွဲရလဒ်ဟာ ၁၃ နှစ်ကာလတိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိတဲ့အတွက် အကောင်အထည် မဖော်နိုင်ခဲ့ဘဲ ဒိတ်အောက်ပျက်ပြယ်သွားခဲ့ရတယ်။ ဒါ့ကြောင့်တပ်မတော် အစိုးရဟာ နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ် (၇) ရပ်ကို ချမှတ်ကာ ၂၀၀၈ ခုဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပပေးခဲ့တယ်။

ဒါဟာ တပ်မတော်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေမဲ့ စစ်အစိုးရအုပ်ချုပ်မှုကနေ ဒီမိုကရေစီ ထုံးတမ်းစဉ်လာနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ရွေးကောက်တင်မြှောက်ခံအစိုးရက အုပ်ချုပ်တဲ့ ပါတီစုံဒီမိုကရေစီ စနစ်သို့ စတင်အသွင်ကူးပြောင်းပေးခဲ့တာ ဖြစ်ပါတယ်။

သို့သော် ဒီလောက် နှစ်ပေါင်း ၂၀ ကျော်ကြာအောင် မိမိတို့လမ်းစဉ်အကောင်အထည်ဖော်မရ၊ မအောင်မြင်ရတဲ့ အကြောင်းအရင်း (အမှား)ကိုပြန်လည်သုံးသပ်ဝေဖန်နိုင်စွမ်းမရှိတဲ့ ပြည်တွင်းပြည်ပအစိုးရ ဆန့်ကျင်ရေးဝါဒီတွေဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ၂၀၁၀ရွေးကောက်ပွဲကို စစ်အစိုးရ သက်ဆိုးရှည်ရေးဖြစ်တယ်ဆိုပြီးဆန့်ကျင်နေကြပြန်တယ်။

လူ့လောကမှာ စနစ်တစ်ခုမှ တစ်ခုသို့ (ဝါ) စနစ်ဟောင်းမှ စနစ်သစ်သို့ ကူးပြောင်းရေးဟာ တန်ခိုးရှင်တွေ၊ ကာလတစ်ခုမှ အယူဝါဒများတွေကြောင့် လူအထင်ကြီးခံလာရတဲ့ နိုင်ငံရေးခေါင်းဆောင်တွေက ဖန်တီးဖော်ဆောင်ပေးလို့ရနိုင်တာမျိုးမဟုတ်ဘဲ ဈေးကွက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် တိုးပွားလာတဲ့ကုန်လုပ်စွမ်းအားစုတွေကသာ အပြောင်းအလဲတွေကိုဖန်တီးဖော်ဆောင်ပေးနိုင်ကြောင်းကို ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒပညာရှင်တွေ ဟောဒီလိုသွန်သင်ညွှန်ပြထားခဲ့ပါတယ်။

"ကုန်လုပ်စွမ်းအားစုတွေနဲ့ ကုန်လုပ်ဆက်ဆံရေးတို့ချင်း ဆက်ဆံရေးမှာ ကမ္ဘာပေါ်တွင် ဘယ်တန်ခိုးအင်အားစုတွေကမှ တားမရနိုင်တဲ့တရားတစ်ရပ်ရှိတယ်။ အဲဒါကတော့ ကုန်လုပ်ဆက်ဆံရေးတွေဟာ ကုန်လုပ်စွမ်းအားစုတွေရဲ့ အဆင့်နဲ့အညီ လိုက်၍ဖြစ်ရတယ်"

"ကုန်လုပ်စွမ်းအားစုတွေဟာ လူ့ဆက်ဆံရေးစနစ်ထဲမှာ နေရာယူဝင်ဆံ့နေသေးတဲ့အတွက် အဲ့ဒီကုန်လုပ်စွမ်းအားစုတွေအားလုံး ဖွံ့ဖြိုးတိုးတက်မလာသေးမီ ဘယ်လူ့ဆက်ဆံရေးစနစ်ဟောင်းမှ ပျက်စီးချုပ်ငြိမ်းသွားရိုး မရှိခဲ့ဘူး။ ရုပ်ဝတ္ထုအခြေအနေစုံတွေကို အမှီပြုပြီး ကုန်လုပ်ဆက်ဆံရေးတွေ တည်ရှိနေရတာဖြစ်တယ်"

ဒီတော့လူ့အဖွဲ့အစည်းဟောင်း ကိုယ်တိုင်ရဲ့ဝမ်းဗိုက်ထဲမှာ ရုပ်ဝတ္ထုအခြေအနေစုံ ကြီးထွားရင့်မလာသေးခင်ပိုမြင့်မားတဲ့ ကုန်လုပ်ဆက်ဆံရေးအသစ်တွေ (စနစ်သစ်တွေ)ဟာဘယ်တော့မှ ပေါ်ပေါက်မလာဘူး။ ဒါ့ကြောင့် လူ့လောကဟာ မိမိဖြေရှင်းနိုင်စွမ်းရှိတဲ့ လုပ်ငန်းတာဝန်မျိုးတွေကိုသာ သယ်ပိုးထမ်းဆောင်လေ့ရှိတယ်။ ထို့ကြောင့်စနစ်ဟောင်းမှ စနစ်သစ်သို့ ကူးပြောင်းလိုပါကကုန်လုပ်စွမ်းအားစုတွေ တိုးတက်အောင်လုပ်ရမယ်။

ဒါ့ကြောင့်စစ်မှန်တဲ့ဒီမိုကရေစီကိုအမှန်တကယ်လိုလားသူတွေဟာ ၂၀၁၀ ရွေးကောက်ပွဲမှ ရွေးကောက်တင်မြှောက်လိုက်တဲ့အစိုးရကို ဒီမိုကရေစီရေး မဟာမိတ်အဖြစ် သဘောထားပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ် တည်မြဲတိုးတက်ရေးအတွက်အစိုးရရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို ထောက်ခံပူးပေါင်းလုပ်ဆောင်ရင်းမတူညီသေးတာတွေကို မဟာမိတ်ဆက်ဆံရေးသဘောအရ ရိုးသားယဉ်ကျေးစွာ ဝေဖန်အကြံပေးမှုတွေဖြင့်သာ ဆက်ဆံသွားရန် လိုအပ်ပါတယ်။ ဒီသဘောထားဆက်ဆံရေးမျိုးကသာ စစ်မှန်ခိုင်မြဲသော အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

အနုနည်း၊ အကြမ်းနည်းတွေဖြင့် သွယ်ဝိုက်၊ တိုက်ရိုက်ဆန့်ကျင်တဲ့နည်းတွေနဲ့ တည်ဆဲအစိုးရအပေါ် အနိုင်ယူပြီး မိမိတို့အလိုဆန္ဒကို လက်ခံရယူနိုင်အောင် လုပ်ဆောင်တဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတည်ဆောက်ပုံမျိုးကတော့ ဘယ်သောအခါမှ မအောင်မြင်နိုင်ကြောင်းကို ၁၉၄၈ လွတ်လပ်ရေးနဲ့အတူပေါ်ပေါက်ခဲ့တဲ့ ရောင်စုံ သောင်းကျန်းသူမှု၊ ၁၉၈၈ လူထုဆူပူအုံကြွမှု၊ ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိဘဲ အာဏာရယူနိုင်ရေးအတွက် NLD နဲ့ NLD လိုလားသူတွေရဲ့ ၁၀ စုနှစ်နှစ်ခုကျော် လုပ်ဆောင်ချက်အမှားတွေက သက်သေပြခဲ့ပြီးပါပြီ။

ဒါ့ကြောင့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် တည်ဆဲအစိုးရကို တိုက်တွန်းတောင်းဆိုနေမှုတွေအစား အစိုးရဆန့်ကျင့်ရေးဝါဒီတွေရဲ့ ဒီမိုကရေစီဖော်ဆောင်ရေး လမ်းစဉ်အမှား၊ အမျိုးသားရင်ကြားစေ့ရေး လမ်းစဉ်အမှားတွေကို ပြန်လည်သုံးသပ်ပြင်ဆင်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်ရန်ကိုသာ ကြိုးပမ်းဆောင်ရွက်သွားသင့်ကြကြောင်း အကြံပြုတင်ပြလိုက်ရပါတယ်။ ။

## စာ(၃၇) ရိုးသားမှု၊ ရိုင်းပင်းမှု၊ စာနာမှုတို့ကသာ ခေတ်သစ်ခရီးသွားမြင့်တင်ရေး၏အခရာ မှ

မြန်မာနိုင်ငံတွင်လည်း ခေတ်ကာလအနေအထားအရနှင့် ခရီးသွားလုပ်ငန်း၏သက်ရောက်မှုတို့ကြောင့် အချို့သောတန်ဖိုးမဖြတ်နိုင်သည့် အကျင့်စရိုက်တို့မှာ စတင်ယိုယွင်းလာခဲ့ပေပြီ။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းတိုးတက်လာရန် ၁၉၉၆ ခုနှစ်မှ စတင်လုပ်ကိုင်ခဲ့ကြသည်။ သဘာဝအရင်းအမြစ်များ မပျက်မစီးဘဲတည်ရှိနေခြင်း၊ ဖော်ရွေပျူငှာသော မြန်မာလူမျိုးတို့၏အကျင့်စရိုက်ကြောင့် ခရီးသွားလုပ်ငန်းမှာ အခြေခံအဆောက်အအုံများ မပြည့်စုံခင်မှာပင်တိုးတက်လာခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်လေဆိပ်မှ ပြည်ပဧည့်သည် နှစ်သိန်းငါးသောင်းကျော်ဝင်ရောက်ခဲ့ပြီး၊ ၂၀၁၀ခုနှစ်တွင်လည်း သုံးသိန်းနီးပါးဝင်ရောက်တော့မည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ လွန်ခဲ့သည့်နှစ်များက ကမ္ဘာလှည့်ခရီးသွားများက "မြန်မာနိုင်ငံမှာ အလှဆုံးကတော့ အင်းလေးကန်ပေါ့။ အင်းလေးကန်ပြီးရင် မြန်မာလူမျိုးတွေရဲ့ စိတ်ထားက အလှဆုံးပဲ"ဟု မှတ်ချက်ပြုပြောဆိုလေ့ရှိကြောင်း Myanmar Pole Star ခရီးသွားကုမ္ပဏီမှဒါရိုက်တာဦးအောင်လင်းထင်က ဆိုသည်။

"ဧည့်သည်ကားဖြတ်သွားရင် ကလေးတွေက လမ်းဘေးကလက်ပြတာတို့လုပ်တယ်လေ။ ငွေဆောင်သွားတုန်းက ကားပျက်တော့ အနီးကတဲအိမ်ကထိုင်ခုံချပေးတယ်၊ ရေနွေးကြမ်းတိုက်တယ်၊ ဧည့်သည်က ပြန်တော့ ပိုက်ဆံပေးတာမယူဘူး။ ဒါကို ဧည့်သည်တွေက အရမ်းသဘောကျတာ"ဟု ကိုအောင်လင်းထင်ကပြောပြသည်။ ထို့အတူ ရိုးရာဝတ်စုံဝတ်ဆင်ထားသော တိုင်းရင်းသားများအား သွားရင်းလာရင်း ဓာတ်ပုံရိုက်ပါက တစ်စုံတစ်ရာပြန်လည်တောင်းဆိုမှုများမရှိသဖြင့် ဧည့်သည်များက အလွန်ပျော်ရွှင်ကျေနပ်ခဲ့ကြသည်။

"မြန်မာလူမျိုးတွေရဲ့ ရိုးသားမှုနှင့် ရိုင်းပင်းကူညီတတ်တဲ့စိတ်ထားမျိုးကိုအရှေ့တောင်အာရှ နိုင်ငံတွေထဲမှာ ဘယ်နိုင်ငံမှမတွေ့ရတော့ဘူး"ဟု လွန်ခဲ့သည့်သုံးနှစ်ကျော်က လာရောက်လည်ပတ်ခဲ့သည့် ဧည့်သည်တစ်ဦးကမှတ်ချက်ပြုပြောဆိုဖူးသည်။ ခရီးသွားလုပ်ငန်းတစ်ခုသည် နိုင်ငံတစ်ခု၏ စီးပွားရေး၊ လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုရှိကြောင်း ကျွမ်းကျင်သူများကဆိုသည်။

ထိုသို့ စတင်ယိုယွင်းလာသည်မှာလည်း စေတနာအမှားကြောင့်သာဖြစ်သည်ဟု ခရီးသွားအသိုင်းအဝိုင်းက ယုံကြည်ကြသည်။ "ဓာတ်ပုံရိုက်ဖို့ ပိုက်ဆံတောင်းတဲ့ကိစ္စဆို ဧည့်လမ်းညွှန်တွေက စတာထင်တယ်။ သူတို့ကလည်း ကိုယ့်လူတွေရပါစေဆိုပြီး ဧည့်သည်ကိုပေးခိုင်းတာကနေရမှန်းသိတော့တောင်းလာကျတာ"ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ကမ္ဘာပေါ်တွင် ကမ္ဘာလှည့်ခရီးသည်များကိုဆွဲဆောင်စရာနေရာများစွာရှိပါသည်။ ယခုနှင့် တစ်ခုလည်းခပ်ဆင်ဆင်ပါ။ မြန်မာနိုင်ငံတွင် ပင်လယ်ကမ်းခြေရှိသကဲ့သို့ ထိုင်းနိုင်ငံတွင်လည်း ရှိပါသည်။ သို့သော်မတူညီကြပါ။ ထိုသို့မတူညီခြင်းကို ဟောပြောသူဒေါ်မေမြတ်မွန်ဝင်းက

"မြန်မာနဲ့ ထိုင်းနဲ့ဆို လူချင်းခပ်ဆင်ဆင်၊ အစားအသောက်ချင်းခပ်ဆင်ဆင်၊ ရိုးရာဓလေ့ချင်းခပ်ဆင်ဆင်ပါပဲ။ မြန်မာမှာ သကြ်န်ရှိသလို ထိုင်းမှာသကြ်န်ရှိတယ်။ မြန်မာနိုင်ငံမှာပုဂံရှိသလို၊ ကမ္ဘောဒီးယားမှာ အန်ကောဝပ်ရှိတယ်။ မြန်မာနိုင်ငံမှာ အင်းလေးကန်ရှိသလို ကမ္ဘောဒီးယားမှာ တုန်နီဆပ်ရေကန်ရှိပါတယ်။ ဒါဆိုရင် မတူတဲ့အကြောင်းကို ဘယ်လိုခွဲမလဲဆိုရင်အရေးပါဆုံးက လူတွေဖြစ်ပါတယ်"ဟု ဟောပြောသွားသည်။

"ခရီးသွားဆောင်းပါးများရေးလေ့ရှိသော စာရေးဆရာလည်းဖြစ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန် ကြီးလည်းဖြစ်သော စာရေးဆရာ ချစ်ဆွေမြင့်ကလည်း ခရီးသွားလုပ်ငန်းမှာ နည်းပညာက ဒုတိယကျပြီးခံစားချက်က ပထမကျပါတယ်။ မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ ခရီးသွားတစ်ယောက်ကို ဘာခံစားမှုမှ မပေးလိုက်နိုင်ဘူးဆိုရင် အကျိုးသက်ရောက်မှုမရှိပါဘူး။ ကိုယ့်ရဲ့ခံစားချက်နဲ့ သူ့ရဲ့ခံစားချက်ကိုဆက်သွယ်နိုင်မှသာ အကျိုးသက်ရောက်မှုရှိပါတယ်လို့ ဆိုပါတယ်"ဟု ဟောပြောပွဲတွင် ဒေါ်မေမြတ်မွန်ဝင်းက ပြောကြားသည်။

ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် Heart to Heart Industry ဖြစ်ကြောင်းလို့ အဆိုပါနေ့တွင်ပြုလုပ်သောဟောပြောပွဲတွင် ဒေါ်မေမြတ်မွန်ဝင်းကပြောသွားသည်။ ထို့ကြောင့်ပင်အကျင့်စရိုက်ကောင်းသော မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်များအား အကြောင်းအမျိုးမျိုးကြောင့် တစ်စတစ်စနှင့် တိမ်မြုပ်သွားမည်ကို ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်နေသူများ ကစိုးရိမ်လာကြသည်။

ဂျပန်လူမျိုးစိတ်ပညာ ပါမောက္ခတစ်ဦးကလည်း "လူတွေကို ချစ်တယ်၊ကလေးတွေကိုချစ်တယ်ဆိုရင် တိုက်ရိုက်ပိုက်ဆံမပေးနဲ့၊ ကလေးတွေအတွက်ဆို စာသင်ကျောင်းကို အဖွဲ့အစည်းကနေလှူ၊ ရွာတွေမှာဆိုလည်း အဖွဲ့အစည်းတွေကိုလှူတာ ပိုသင့်တော်တယ်" ဟု အကြံပေးခဲ့ကြောင်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးက စကားလက်ဆင့်ကမ်းသည်။

ထို့အပြင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်း အတွင်းရေးမှူးက အဆိုပါကိစ္စနှင့်ပတ်သက်၍ "ဧည့်သည်တွေ သွားလေ့ရှိတဲ့ရွာတွေမှာ One Village One Product တစ်ရွာကို ပစ္စည်းတစ်ခုထုတ်တဲ့စနစ်နဲ့ သွားပြီး သူတို့ကိုသဘောကျရင် သူတို့ပစ္စည်းကိုဝယ် ဒါဆိုရင် နှစ်ဦးနှစ်ဖက်ကောင်းတယ်" ဟု အကြံပြုပြောဆိုသည်။လူတစ်ဦး၏ နှလုံးသားကိုကျေနပ်နှစ်သိမ့်စေရန်မှာ မလွယ်ကူပေ။ ငွေပေး၍ ဝယ်မရနိုင်ပါ။ သို့သော်ရိုးသားမှု၊ ရိုင်းပင်းမှု၊ စာနာမှုတို့ကတော့ လူတစ်ဦး၏နှလုံးသားကို ဖမ်းစားနိုင်သည်။ ထို့ကြောင့်လည်းနှလုံးသားချင်းဆက်သွယ်နိုင်သည့် ရိုးသားမှု၊ ရိုင်းပင်းမှုအလေ့အကျင့်များ ပျောက်ကွယ်သွားမည်ကို ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများ ပူပန်နေကြခြင်းဖြစ်သည်။ ။

Environment
7 DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၀**

၂၀၁၀ နွေရာသီတွင် စံချိန်တင်ရေကျခဲ့သော အင်းလေးကန်မှာ ဒီဇင်ဘာလ ရောက်သောအခါ ယခုနှစ်မတ်လနှင့် ဧပြီလကရှိခဲ့သော ရေပမာဏသို့ရောက်ရှိနေပြီး ကျေးရွာနှစ်ရွာတွင်ကုန်းမြေများစတင်ပေါ်ပေါက်နေပြီဖြစ်ကြောင်း ဒေသခံ ဟိုတယ်လုပ်ငန်းရှင်များက ပြောသည်။

ကုန်းမြေများ စတင်ပေါ်နေသော ကျေးရွာနှစ်ရွာမှာ အင်းလေးကန်၏ တောင်ဘက်တွင်ရှိသော နန့်ပန်နှင့် အင်ပေါ်ခုံကျေးရွာများဖြစ်ကြောင်း ဒေသခံဟိုတယ်လုပ်ငန်းရှင်များကပြောသည်။



*ကျန်းမာရေးယိုယွင်းလာသော အင်းလေးကန်နှင့် ဒေသခံကလေးငယ်အချို့ကို ဒီဇင်ဘာလ တတိယပတ်က တွေ့ရစဉ်။*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# အင်းလေးကန် ရေလျော့ကျနှုန်းမြန်လာ

**အောင်သူရ**

အဆိုပါရွာများသို့သွားရောက်ပါက ပြီးခဲ့သည့် နွေရာသီရေကျချိန်ကလှေများသွားနိုင်ရန် တူးထားသောမြောင်းမှတစ်ဆင့် သွားလာနေရကြောင်းသတင်းရရှိသည်။

"မိုးတွင်းတုန်းက မိုးရွာသွန်းမှုနည်းတဲ့အတွက် နုန်းပိုတက်လာတာကြောင့်ပဲဖြစ်မယ်ထင်တယ်" ဟု ဒေသခံဟိုတယ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခု ဒီဇင်ဘာလတွင် ကန်၏ ရေမှတ်မှာ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ရေမှတ်ထက်လျော့နည်းလျက်ရှိသည်။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ၏ ရေမှတ်မှာ ၂ ဒသမ ၂ ပေရှိပြီး ယခုနှစ်ဒီဇင်ဘာလ၏ရေမှတ်မှာ ၂ ဒသမ ၁ ပေသာရှိကြောင်း ညောင်ရွှေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပြောကြားသည်။

ထို့အပြင် ဟိုတယ်လုပ်ငန်းရှင်တစ်ဦးကလည်း သူ၏အမှတ်အသားအရ ဒီဇင်ဘာလ ရေမှတ်မှာ နိုဝင်ဘာလ ရေမှတ်ထက် တစ်ပေခန့်ကျသွားပြီဖြစ်ကြောင်း ပြောသည်။

"ဒီအခြေအနေကို မြင်ရတော့ နောက်ပိုင်းလတွေအတွက် တော်တော်ကိုစိုးရိမ်မိတယ်"ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ကျောက်ခဲ ထည့်ထားတဲ့ ဇလုံထဲကို ရေထည့်လိုက်သလိုပါပဲ။ ရေက တအားကျသွားတာ မဟုတ်ဘူး။ ကုန်းမြေက ပေါ်လာတာ" ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုနှစ် ဇူလိုင်လက အင်းလေးကန်အတွင်း စံချိန်တင်ရေလျော့နည်းသွားခဲ့သဖြင့် အင်းလေးကန်ထိန်းသိမ်းရေးအတွက် အမျိုးသားအဆင့်ဆွေးနွေးပွဲအား ဇူလိုင်လ ၁နှင့်၂ရက်တွင်နေပြည်တော်၌ကျင်းပခဲ့ပြီး တောင်ကြီးမြို့တွင်လည်း ပြုလုပ်ခဲ့သည်။ ရေတိမ်သွားသော အင်းလေးကန်ကြီး ထိန်းသိမ်းရန်အတွက် ပြည်တွင်းဒေသခံအလှူရှင်များထံမှ အလှူငွေကျပ် ၆၆၈ သိန်းရရှိပြီဖြစ်ကြောင်း စက်တင်ဘာလကုန်ခန့်က သစ်တောသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ ဒုတိယဥက္ကဋ္ဌဦးအုန်းက ပြောကြားသည်။

လေ့လာတွေ့ရှိချက်များအရ အင်းလေးကန်သည် ၂၀၀၈ ခုနှစ် နွေရာသီတွင် ၄၀ စတုရန်းမိုင်ရှိခဲ့ ၂၇ မိုင်ခန့်သာ ကျန်တော့သ-ဖြင့် ၂ နှစ်တာကာလ အတွင်း ရေပြင်ဧရိယာ ၁၃ စတု ရန်းမိုင်လျော့နည်းသွားခဲ့သည်။

အင်းလေးကန်၏ အလျားသည် ယခင် ၃၆ မိုင်ရှိခဲ့ရာမှ ယခုအခါ ၁၁ မိုင်သာရှိတော့ပြီး အနံမှာလည်း ၈ မိုင်ရှိခဲ့ရာမှ ယခု ၄ မိုင်သာရှိတော့ကြောင်း သစ်တောရေးရာဝန်ကြီးက ပြောကြားသည်။ (7Day News အတွဲ ၉၊ အမှတ်-၁၆တွင် ဖော်ပြပြီး)

နောက်ဆုံးကောက်ယူထားသောစာရင်းဇယားအရ ကန်အတွင်း နေထိုင်သောလူဦးရေမှာ တစ်သိန်းခုနစ်သောင်းကျော်ရှိလာပြီး၊ ကျေးရွာပေါင်း လေးရာကျော်ရှိကြောင်း သိရှိရသည်။

## စိမ်းရောင်စို သဘာဝပတ်ဝန်းကျင်ရေးရာစာစု ထုတ်ဝေရန် စီစဉ်

**မင်းဒင်**

**မန္တလေး၊ ဒီဇင်ဘာ-၁၈**

အရိပ်ရ သစ်ပင်စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် "စိမ်းရောင်စို Activities" အဖွဲ့အနေဖြင့် "စိမ်းရောင်စို သဘာဝပတ်ဝန်းကျင်ရေးရာစာစု"အား လာမည့်နှစ်ဆန်းပိုင်း၌ထုတ်ဝေနိုင်ရန် စီစဉ်လျက်ရှိကြောင်း အဆိုပါအဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

စိမ်းရောင်စို Activities အဖွဲ့အနေဖြင့် မန္တလေးမြို့ခံ စာပေအနုပညာရှင်များနှင့် သစ်ပင်ချစ်သူများပါဝင်ကာ ဖွဲ့စည်းခဲ့ပြီး အရိပ်ရပင် စိုက်ပျိုးခြင်းကို ရက်သတ္တပတ် ၁၈ ပတ် အပတ်စဉ်စိုက်ပျိုးခဲ့သည်။ အဆိုပါအဖွဲ့၏ နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် "စိမ်းရောင်စု သဘာဝပတ်ဝန်းကျင်ရေးရာစာစု" အား ထုတ်ဝေရန်စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

"စာအုပ်ထုတ်ဝေရေးအတွက် အဖွဲ့ဝင်တွေကပဲ အလှူငွေထည့်ဝင်တယ်။ ရှုံးလည်းမျှခံမယ်။ နောင်မှာ လစဉ်ထုတ်မဂ္ဂဇင်းအထိထုတ်ဝေချင်တာ။ မန္တလေး စာပေအနုပညာရှင်တွေကို အဓိကအခြေတည်ပြီး သဘာဝပတ်ဝန်းကျင်အတွက် တစ်ထောင့်တစ်နေရာက ပါဝင်ဖို့ပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ အသိပညာတွေပေးနိုင်ဖို့ပါ" ဟု စာအုပ်ထုတ်ဝေရေးတာဝန်ခံစာရေးဆရာဦးတင်သစ်က ပြောကြားသည်။

နှစ်စဉ် အရိပ်ရပင်စိုက်ပျိုးခြင်းလုပ်ငန်းအား အဖွဲ့အနေဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး တိုးတက်ဖြစ်ထွန်းလာပါကတစ်ပိုင်တစ်နိုင်၊ တစ်အုပ်တစ်မသစ်တောစိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများအထိ လုပ်ဆောင်သွားနိုင်ရန် မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အဆိုပါစာအုပ်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဆိုင်သော ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ အက်ဆေး၊ ဝတ္ထုတိုများအား လာမည့်နှစ် ဇန်နဝါရီလ၃၁ ရက်နောက်ဆုံးထား၍ ထွန်းဦးစာပေ ၈၄ လမ်း၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြား မန္တလေးမြို့သို့ပေးပို့နိုင်ကြောင်း သိရသည်။

### Environment cartoon









Tourism
7DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# ရိုးသားမှု၊ ရိုင်းပင်းမှု၊ စာနာမှုတို့ကသာ ခေတ်သစ်ခရီးသွားမြှင့်တင်ရေး၏အဓိက

သူရအောင်ထက်

နှစ်ပေါင်းတစ်ရာမှ တစ်ခါကျရောက်သော ၂၀၁၀ ပြည့်နှစ် ၁၀ လပိုင်း ၁၀ ရက်၏ နေ့လယ်ခင်း တစ်နာရီအချိန်။ တဖွဲဖွဲရွာနေသောမိုးနှင့်အတူ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် တတိယထပ်သို့ အသက် ၃၀ ကျော်လူများ တဖွဲဖွဲလာရောက်နေကြသည်။ မိသားစုနေ့ဟု သတ်မှတ်ပြောဆိုလေ့ရှိကြသော တနင်္ဂနွေနေ့နှင့်လည်း တိုက်ဆိုင်နေသောထိုနေ့တွင် မြန်မာ့ဈေးကွက်မြှင့်တင်ရေးအဖွဲ့အစည်း (MMKTA) ၏ စီစဉ်မှုဖြင့် Destination Marketing အကြောင်း ဟောပြောမည်ဖြစ်သည်။

အခမ်းအနားတွင် ဟောပြောမည့် ဒေါ်မေမြတ်မွန်ဝင်းမှာ လာရောက်သူများအား ခန်းမရှေ့၌ ကြိုဆိုနှုတ်ဆက်နေသည်။

ထိုသို့ နှုတ်ဆက်နေရင်း သူမနှင့် ခင်မင်ရင်းနှီးသော သူများနှင့်တွေ့သောအခါ မကြာသေးမီက သူမသွားရောက်လည်ပတ်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ တုန်နီဆပ်ရေကန်တွင် သူမ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တစ်ခုအား ပြန်လည်မျှဝေနေသည်။

မြန်မာနိုင်ငံမှ အင်းလေးကန်နှင့်သဏ္ဌာန်တူသော ယင်းတုန်နီဆတ်ရေကန်မှာ ကမ္ဘာကျော် အန်းကောဝပ် ဘုန်းကြီးကျောင်းတည်ရှိရာ Siam Reap မြို့တော်ဘက် ၁၃ ကီလိုမီတာခန့် အကွာအဝေးတွင်ရှိသည်။

ထိုကန်ထဲတွင် ဒန်အိုးထဲဝင်၍ လက်နှစ်ဖက်ဖြင့် လှော်ခတ်နေသော ခြောက်နှစ်အရွယ်ကလေးငယ်အား ဓာတ်ပုံရိုက်မိ၏။ သူမဓာတ်ပုံရိုက်သည်ကို သိရှိသွားသော ထိုကလေးမှာ သူမထံသို့ လာရောက်ပြီး သူမအင်္ကျီကိုဆွဲကာ "မင်း ငါ့ပုံကို ဓာတ်ပုံရိုက်တဲ့အတွက် တစ်ဒေါ်လာပေး" ဟုတောင်းသဖြင့် အရမ်းအံ့ဩသွားခဲ့ရသည်ဟု သူမကဆိုသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

*၂၀၁၀ တွင် မျှော်လင့်ဘဲနိုဝင်ဘာလလယ်မှစ၍ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုများလာသည်။*

ထို့အပြင် ထိုကလေးငယ်များ၏ အနာဂတ်စိတ်နေစိတ်ထားအတွက်လည်း စိတ်ပူခဲ့မိကြောင်း သူမက ပြောပြသည်။

စာ(၃၆) သို့

# ကမာလှည့်ခရီးသွားအချို့ ဒီဇင်ဘာ ခရီးစဉ်များအား ဖျက်သိမ်း

အောင်သူရ

**ရန်ကုန်၊ ဒီဇင်ဘာ-၂၂**

ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံသို့လာရောက်ရန် ခရီးသွားကုမ္ပဏီများနှင့် နှစ်ဦးနှစ်ဘက်သဘောတူညီမှုရထားပြီးသားဖြစ်သော ဧည့်သည်အချို့သည် ယင်းတို့၏ခရီးစဉ်များကို ဖျက်သိမ်းခြင်းများရှိလာကြောင်း သတင်းရရှိသည်။

"ဟိုမှာ ဆီးနှင်းတွေ တအားကျနေတာ အကြောင်းပြပြီး ဥရောပက FIT ဧည့်သည်တချို့ မှာထားတဲ့အခန်းတွေ ဖျက်သိမ်းတာတွေဒီလထဲရှိလာတယ်" ဟု ချက်ထရီယမ်ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင်ဂျပန်နိုင်ငံမှလာရောက်မည့် ခရီးသည်အဖွဲ့များမှ တစ်ဖွဲ့လျှင် ၅ ဦး၊ ၆ ဦးခန့် ခရီးစဉ်ဖျက်သိမ်းခြင်းမျိုးများရှိလာကြောင်း သတင်းရရှိသည်။

ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ဥရောပနိုင်ငံများတွင် အအေးလှိုင်းကျရောက်မှုကြောင့် ဆီးနှင်းများ ထူထပ်စွာကျဆင်းနေသဖြင့် လေယာဉ်ခရီးစဉ်အချို့ ရပ်နားထားခဲ့ရာမြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသည်အချို့ မှာ ခရီးစဉ်ရွှေ့ပြောင်းခြင်းများရှိလာကြောင်း သိရသည်။

ယခုနှစ်ဆန်းပိုင်းမှစ၍ မြန်မာနိုင်ငံသို့ ခရီးသည်ဝင်ရောက်မှုမြင့်တက်ခဲ့သဖြင့် စံချိန်သစ်တင်မည့်နှစ်ဟု ယူဆခဲ့ကြပြီး နိုဝင်ဘာလကုန်ထိ ရန်ကုန်လေဆိပ်မှနိုင်ငံခြားခရီးသည် နှစ်သိန်းငါးသောင်းကျော် ဝင်ရောက်ခဲ့ပြီးဖြစ်သည်။







တက္ကသိုလ်ဝင်တန်းကိုအမှတ်ပေါင်း ၂၅၂ နဲ့ အောင်မြင်ခဲ့ပြီးနောက် ရတနာပုံတက္ကသိုလ်မှာ Botany Major နဲ့ကျောင်းတက်ရင်း ချင်းတွင်းကောလိပ်မှာ Higher National Diploma ၂နှစ်သင်တန်းကို တက်ရောက်သင်ယူခဲ့ရာက တစ်ဖက်က BSc (Bot) ဘွဲ့ကိုရယူနိုင်ခဲ့ပြီး တစ်ဖက်က University of Wolverhampton B.E.(Hons) Mechatronics Final Year ကိုတိုက်ရိုက်တက်ရောက်ခွင့်ရရှိခဲ့တဲ့ **မောင်သဲကိုကိုနိုင်**

တက္ကသိုလ်ဝင်တန်းကိုအမှတ်ပေါင်း ၄၃၆ နဲ့ အောင်မြင်ခဲ့ပြီးနောက် B.Ed တက်ရင်း ချင်းတွင်းကောလိပ်မှာ Higher National Diploma ၂နှစ်သင်တန်းကို တက်ရောက်သင်ယူခဲ့ရာက တစ်ဖက်က B.Ed ဘွဲ့ကိုရယူနိုင်ခဲ့ပြီးတစ်ဖက်က University of Wolverhampton B.E.(Hons) Mechatronics Final Year ကိုတိုက်ရိုက် တက်ရောက်ခွင့်ရရှိခဲ့တဲ့ **မဖြူဖြူထွန်း**

တက္ကသိုလ်ဝင်တန်းကိုအမှတ်ပေါင်း ၄၄၂ နဲ့ အောင်မြင်ခဲ့ပြီးနောက်မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှာ Chinese Majorနဲ့ကျောင်းတက်ရင်း ချင်းတွင်းကောလိပ်မှာ Higher NationalDiploma ၂နှစ်သင်တန်းကိုတက်ရောက်သင်ယူခဲ့ရာကတစ်ဖက်က BA (Chinese) ဘွဲ့ကိုရယူနိုင်ခဲ့ပြီး တစ်ဖက်က University of Wolverhampton B.E.(Hons) Mechatronics Final Year ကို တိုက်ရိုက်တက်ရောက်ခွင့်ရရှိခဲ့တဲ့ **မောင်ရန်ပြေဟိန်း**

တက္ကသိုလ်ဝင်တန်းကိုအမှတ်ပေါင်း ၄၁၁ နဲ့ အောင်မြင်ခဲ့ပြီးနောက်ကွန်ပျူတာတက္ကသိုလ်မှာကျောင်းတက်ရင်း ချင်းတွင်းကောလိပ်မှာ Higher National Diploma ၂နှစ်သင်တန်းကိုတက်ရောက်သင်ယူခဲ့ရာက တစ်ဖက်က BC (Sc)ဘွဲ့ကိုရယူနိုင်ခဲ့ပြီးတစ်ဖက်က University of Wolverhampton B.E.(Hons) Mechatronics Final Year ကိုတိုက်ရိုက်တက်ရောက်ခွင့် ရရှိခဲ့တဲ့ **မဖြူဝင်းသန့်**

၂၀၁၁မန္တလေးတန်းခွဲသစ်များဇန်နဝါရီဒုတိယပတ်စတင်ပြီးရန်ကုန်တန်းခွဲသစ်များတတိယပတ်တွင်စတင်ပါမည်။

ချင်းတွင်းကောလိပ်၊စပယ်တိုက်ခန်းများ၊ဂရိတ်ဝေါကွန်ဒို၊ဂုဂုရလမ်းကြား၊၃၁၊၃၂လမ်းကြား၊မန္တလေး။
ဖုန်း၊ ၀၉၂၀၀၁၂၀၀၊ ၀၂-၇၄၁၇၉၊ ဖက်စ် ၀၂-၇၂၁၇၉။
ချင်းတွင်းကောလိပ်၊ပထမထပ်၊တိုးချဲ့ဆောင်၊သမ္မတဟိုတယ်၊အလုံပြဘုရားလမ်း၊ရန်ကုန်။
ဖုန်း၊ ၀၁-၂၄၃၈၄၁ လိုင်းခွဲ၂၀၂၊ ၀၁-၇၃၀၆၈၃၇၆။
email: info@chindwincollege.com,www.chindwin.com

7 DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# Cartoon

The Cartoon Logo





















7 DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# ထိုင်းနိုင်ငံရေး မငြိမ်မသက်မှု ကမာလှည့်ခရီးသွားလုပ်ငန်းကို ထိခိုက်

ဘန်ကောက်၊ ဒီဇင်ဘာ - ၂၂

ထိုင်းနိုင်ငံ၏ နိုင်ငံရေးမငြိမ်မသက်မှုသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်မှုနည်းပါးခဲ့သော်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှာမူရိုက်ခတ်ခံစားခဲ့ရကြောင်းသိရသည်။

နှစ်ပေါင်း ၅၀အတွင်း အဆိုးဝါးဆုံးဖြစ်ပေါ်ခဲ့သည့် ရေလွှမ်းမိုးမှုများက နိုင်ငံရေးထက် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ပို၍ သက်ရောက်မှုရှိခဲ့ကြောင်း ဆန်းစစ်လေ့လာသူများကပြောသည်။

ယခုနှစ်အတွက် ထိုင်းနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး(GDP) ဖွံ့ဖြိုးတိုးတက်မှုမှာ ၇ ဒသမ ၉ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားရာ ယင်းမှာ အစောပိုင်းခန့်မှန်းချက်များထက် အနည်းငယ်လျော့နည်းသည်။ သို့သော် ထိုင်းနိုင်ငံ၏စီးပွားရေးသည် သဘောတရားအရပင် ဆုတ်ယုတ်မှုမရှိဟု လေ့လာဆန်းစစ်သူများကပြောကြားသည်။

ကမ္ဘာတစ်ဝန်းမှ ဝယ်လိုအားလျော့နည်းနေသောကြောင့်လည်း ၂၀၁၁ ခုနှစ်တွင် နိုင်ငံခြားသို့ ကုန်ပစ္စည်းတင်ပို့မှု ၁၀ ရာခိုင်နှုန်းခန့်သာ တိုးတက်လာနိုင်သည်ဟုမျှော်လင့်ထားသည်။ နှိုင်းယှဉ်ပါက ယခုနှစ်တွင် ထိုင်းနိုင်ငံခြားတင်ပို့မှု ၂၄ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ဘတ်ငွေမှာလည်း အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် တန်ဖိုးမြင့်တက်လာသည်။ လာမည့်နှစ်တွင်လည်း နိုင်ငံရေးမငြိမ်မသက်မှု အန္တရာယ်ရှိနေဆဲဖြစ်သည်။ ၁၅နှစ်အတွင်း အဆိုးဝါးဆုံးသွေးထွက်သံယိုမှုဖြစ်ပေါ်ပြီးနောက်ပိုင်း ယင်းအခြေအနေမှာ ထိုင်းနိုင်ငံ၌ ဆက်လက်ဖြစ်ပေါ်နေမည့်အနေအထားဟု အချို့သော လေ့လာဆန်းစစ်သူများကပြောကြားသည်။ ဘန်ကောက်မြို့၌ ဧပြီနှင့် မေလအတွင်း ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ အထနှေးခဲ့ကြောင်းသိရသည်။

—*Ref: AFP*



# ပါကစ္စတန်အတိုက်အခံခေါင်းဆောင် လက်နက်သယ်ဆောင်မှုဖြင့် အဖမ်းခံရ

ကွက်တာ၊ ဒီဇင်ဘာ -၂၂


ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အတိုက်အခံပါတီ ဂျမ်ဟူးရီဝါတန်၏ခေါင်းဆောင် ရှာဇိုင်ဘက်ဂတီအား လက်နက်ကိုင်ဆောင်မှုများဖြင့် နိုင်ငံအနောက်တောင်ပိုင်းတွင် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ရဲအဖွဲ့သည် ဘလော့ချီစတန်ပြည်နယ် မြို့တော်ကွက်တာသို့ ဦးတည်ထွက်ခွာလာသော ဘတ်ဂတီအား အခြားလူ ၃၆ ဦးနှင့်အတူ ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဘက်ဂတီသည် လူ ၄၀ ပါ တရားမဝင်ယာဉ် ၁၁ စီးပါဝင်သည့် ယာဉ်တန်းဖြင့် ခရီးထွက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့ထံမှ ကလက်ရှ်နီကော့ဗ်ရိုင်ဖယ် ၄၃ လက်နှင့် လေယာဉ်ပစ်စက်သေနတ် နှစ်လက်၊ လောင်ချာနှစ်လက်အပါအဝင် အခြားလက်နက်များ၊ ကျည်ဆန်များတွေ့ခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

—*Ref: Xinhua*



7DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010



## နောက်ကျောဖုံး - ၂၀၁၀ ကို အသက်ဝင်စေခဲ့သူများ မှ

သူဟာ လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွစ်တာမှာ ပရိသတ်ခြောက်သန်းရရှိထားပြီး ဂရမ်မီဆုဆန်ခါတင်စာရင်းမှာ နံပါတ်နှစ်နေရာဝင်ခဲ့တယ်။ သူ့အကြောင်းစာအုပ် Justin Bieber: First Step 2 Forever: My Story ဟာ နယူးယောက်တိုင်းမ်စ်သတင်းစာရဲ့ အရောင်းရဆုံးစာအုပ်များစာရင်းမှာ နှစ်လခန့်ဗိုလ်စွဲခဲ့တယ်။ ၎င်းဟာ ကမ္ဘာ့အနုပညာ သတင်းတွေမှာ ၂၀၁၀ အတွင်း နေရာယူနိုင်ခဲ့သူပါ။

### ဂျူလီယန်အက်ဆန်း (၂၀၁၀ ၏လူသား)

အသက် ၃၉ နှစ်အရွယ်ခန့်သာရှိတဲ့ ဩစတြေးလျနိုင်ငံသား ဂျူလီယန်အက်ဆန်းဟာ ဆယ်ကျော်သက်အရွယ်ဘဝကတည်းက ဟက်ကာတစ်ဦးအဖြစ် ရပ်တည်လူသိများလာခဲ့သူပါ။ ၎င်းဟာ ၂၀၀၆ ခုနှစ်မှာတော့ ဝီကီလိခ်ဝက်ဘ်ဆိုက်ကိုတည်ထောင်ကာ အစိုးရများ၊ ကော်ပိုရေးရှင်းကြီးများ၊ ကုမ္ပဏီကြီးများရဲ့ အတွင်းသတင်း၊ လျှို့ဝှက်ဖုံးကွယ်ထားတဲ့ မကောင်းသတင်းတွေဖွင့်ချတဲ့အလုပ်ကို ဆက်တိုက်လုပ်ကိုင်လာခဲ့ပါတယ်။

ဒီ ၂၀၁၀ ဇူလိုင်မှာ ဝီကီလိခ်ဟာ အာဖဂန်စစ်ပွဲဆိုင်ရာ လျှို့ဝှက်အထောက်အထားပေါင်း ၉၀,၀၀၀ ကျော်ကို စတင်ဖွင့်ချဖော်ပြခဲ့သလို စူပါပါဝါအမေရိကန်နဲ့ အနောက်အုပ်စုရဲ့ ဖုံးကွယ်ထားတဲ့အမှောင်ခြမ်းတွေကို လှစ်ဟပြနိုင်ခဲ့ပါတယ်။ အီရတ်စစ်ပွဲနဲ့ပတ်သက်လို့ ဖော်ထုတ်ခဲ့တဲ့ အမေရိကန်စစ်ဘက်အထောက်အထားပေါင်း ၄၀၀,၀၀၀ နီးပါးမှာ အီရတ်စစ်ပွဲကြောင့် အရပ်သားပေါင်း ၆၆,၀၀၀ သေဆုံးရခြင်းနဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေ၊ ယခင်က အများပြည်သူကို သတင်းမထုတ်ပြန်ခဲ့တဲ့ အရပ်သားသေဆုံးမှု ၁၅,၀၀၀ ရဲ့ ကိစ္စတွေပါဝင်တာမို့ ကုလသမဂ္ဂကနေအဲဒီလူ့အခွင့်အရေးချိုးဖောက်မှုတွေကို စုံစမ်းစစ်ဆေးဖို့ တိုက်တွန်းခဲ့ရပါတယ်။

၂၀၁၀ ထဲမှာ ဝီကီလိခ်ဆိုက် ဒုတိယအကြိမ်နာမည်ထပ်ကြီးလာတာကတော့ ဒီဇင်ဘာလဆန်းပိုင်းမှာပဲ ကမ္ဘာ့အနှံ့ အမေရိကန်သံရုံးတွေကကန်အစိုးရထံ လျှို့ဝှက်ပေးပို့ခဲ့တဲ့ သံတမန်ရေးကေဘယ်ဖိုင်ပေါင်း ၂၅၁,၂၈၇ ကို ဖွင့်ချလိုက်လို့ပါ။ အဲဒီမှာတော့ ကမ္ဘာအနှံ့က ကန်သံတမန်တွေဟာ စပိုင်တွေ ဖြစ်နေတာ ရှုပ်လုံးပေါ်သွားပြီး ၎င်းတို့ရဲ့ အခြားနိုင်ငံတွေအပေါ် မှတ်ချက်တွေကလည်း သက်ဆိုင်ရာ နိုင်ငံတွေကို စိတ်ဆိုးဒေါသထွက် စေခဲ့ပါတယ်။ တိုင်းမ်မဂ္ဂဇင်းရဲ့ ဖော်ပြချက်အရတော့ ဝီကီလိခ်ဟာ ၂၀၁၀ အတွင်း အစိုးရ လျှို့ဝှက်အထောက်အထားပေါင်း ငါးသိန်းနီးပါးကို ဖွင့်ချခဲ့ပြီး၊ အမေရိကန် နဲ့ မဟာမိတ် အနောက်နိုင်ငံတွေရဲ့ နိုင်ငံခြားဆက်ဆံရေးကိုသာမက အခြားနိုင်ငံတွေရဲ့ ပြည်တွင်း နိုင်ငံရေးတွေပေါ်မှာ သက်ရောက်မှုရှိခဲ့တယ်လို့ဆိုပါတယ်။



ဂျူလီယန်အက်ဆန်း

ဂျူလီယန်အက်ဆန်းကတော့ ဝီကီလိခ်ဟာ လုပ်ရပ်မှားတွေကို ဖွင့်ချတာသာဖြစ်ပြီး အကျိုးအမြတ်အတွက် သူလျှိုလုပ် သတင်းရောင်းစားတာမဟုတ်ဘူးလို့ဆိုပါတယ်။ အက်ဆန်းအပေါ် ဝေဖန်သူနဲ့ ထောက်ခံသူတွေ အမျိုးမျိုးရှိနိုင်ပေမယ့် ငြိမ်းချမ်းရေးနဲ့ လွတ်လပ်ခွင့်အပေါ် တန်ဖိုးထားမှု၊ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်ပေါင်းများစွာကို စာနာထောက်ထားမှုက သူ့ရဲ့ပုံရိပ်ကို ၂၀၁၀ မှာ အကြီးကျယ်ဆုံးဖြစ်စေခဲ့ပါတယ်။ ဖေ့စ်ဘွတ်ခ်တည်ထောင်သူ မက်ဇက်ကာဘက်ဟာ လူသန်း ၅၀၀ ခန့်ကို ဆက်သွယ်ပေးနိုင်ခဲ့ပေမယ့် အက်ဆန်းကတော့ ဝီကီလိခ်နဲ့ အမှန်တရားလိုလားသူ ကမ္ဘာ့ပြည်သူအားလုံးကို ချိတ်ဆက်ပေးနိုင်ခဲ့တယ်လို့ ထင်ပါတယ်။

### လေဒီဂါဂါ(ပေါ့ပ်အဆိုတော်)

၂၀၁၀ ဟာလည်း လေဒီဂါဂါရဲ့နှစ်ဖြစ်ခဲ့ပါတယ်။ အသက် ၂၄ နှစ်အရွယ် ဒီအဆိုတော်ဟာ စံချိန်တင်အနေနဲ့ တစ်ကိုယ်တော်ဒစ်ဂျစ်တယ်ခွေရောင်းချရမှုအကြိမ် ငါးသန်းအထိရှိခဲ့ပြီး ဖေ့စ်ဘွတ်ခ်ပေါ်မှာ ပရိသတ် ၁၀ သန်းကျော်ရခဲ့တဲ့ ပထမဆုံးနာမည်ကျော် အနုပညာရှင်လည်းဖြစ်ပါတယ်။ ဖက်ရှင်၊ အကနဲ့ ဂီတတို့မှာ ထူးအောင်တီထွင်တတ်ပြီး အမ်တီဗီဆုပေးပွဲမှာ အသားစိမ်းဝတ်စုံဝတ်ပြီး ပွဲတက်ကာအများအာရုံစိုက်မှုကို ရယူခဲ့တယ်။

### တရုတ်သမ္မတဟူကျင်တောင်

တရုတ်သမ္မတကြီး ဟူကျင်တောင်က ကမ္ဘာ့စီးပွားရေးကျဆင်းမှုကာလမှာ တရုတ်ပြည်ရဲ့တိုးတက်မှုကို မကျအောင်ထိန်းပေးခဲ့တယ်။ ပြီးခဲ့တဲ့ဇွန်နဲ့ နိုဝင်ဘာလတွေမှာ လုပ်ခဲ့တဲ့ ဂျီ-၂၀ ဆွေးနွေးပွဲတွေမှာတော့ တရုတ်က အနောက်နိုင်ငံတွေရဲ့ တောင်းဆိုချက်ဖြစ်တဲ့ ယွမ်ငွေတန်ဖိုးချပေးရေးကို ငြင်းပယ်ကာ အဲဒီအစားကန်ဒေါ်လာနဲ့ ကမ္ဘာ့စီးပွားရေးချိတ်ဆက်မှုကို ပယ်ဖျက်မယ့်ဖြစ်နိုင်ခြေကိုပေးခဲ့ပါတယ်။ မစ္စတာဟူဟာ အောက်တိုဘာ ၁၈ ရက်မှာ ရှီကျင်းပင်ကို ဗဟိုစစ်ကော်မရှင်ဒုဥက္ကဋ္ဌအဖြစ် ခန့်အပ်ကာ ၎င်းရဲ့နောက်ဆက်ခံမယ့်သူအဖြစ် မြင်သာစေခဲ့ပါတယ်။

### ကမ္ဘာ့ဖလားအနိုင်ရရှိသူနှင့်ရှုံးနိမ့်သူများ

၂၀၁၀ ကမ္ဘာ့ဖလားကို အာဖရိကမြေမှာ ပထမဆုံးကျင်းပတဲ့ပွဲဖြစ်ခဲ့ပြီး တောင်အာဖရိကသားတွေရဲ့ ဗူဗူဇီလာနဲ့သံကိုလည်း ကမ္ဘာတစ်ဝန်းမှာ ဘောလုံးပွဲကြည့်သူတိုင်း ကြားလိုက်ရပါတယ်။ ကမ္ဘာ့ဖလားမရဖူးတဲ့ စပိန်နဲ့ နယ်သာလန်နှစ်သင်းလုံး ဗိုလ်လုပွဲတက်ခဲ့ပြီး စပိန်ဗိုလ်စွဲခဲ့တယ်။ ဒီပြိုင်ပွဲမှာ နာမည်ကြီးပြင်သစ်၊ အီတလီ၊ အင်္ဂလန်၊ ဘရာဇီး၊ အာဂျင်တီးနားတို့ အရေးနိမ့်ခဲ့ပြီး ဥရုဂွေးနဲ့ပွဲမှာ အာဆာမိုအာဂိုင်ယန်ပင်နယ်တီလွဲချော်ခဲ့လို့ ဂါနာဟာ အာဖရိကအသင်းများထဲမှ ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ကို ပထမဆုံးရောက်တဲ့အသင်းဖြစ်ဖို့ အခွင့်အရေးလက်လွှတ်ခဲ့ရတယ်။

ဒီကမ္ဘာ့ဖလားမှာ ဂျာမနီက ဘောလုံးပွဲဟောကိန်းရှင် ရေဘဝဲပေါလ်ကိုလည်း လူတိုင်းကမှတ်မိနေမှာပါ။ ဗူဗူဇီလာဝေါဟာရကတော့ အောက်စဖို့ဒ်ရဲ့ အဘိဓာန်ကြီးထဲရောက်သွားပါတယ်။

### သတ်ဒ်အလန်(မက္ကဆီကိုပင်လယ်ကွေ့ရေနံဖိတ်စဉ်မှုတာဝန်ခံတပ်မှူး)

အငြိမ်းစားရေတပ်အရာရှိဟောင်း သတ်ဒ်အလန်ဟာ ကတ်ထရီနာဟာရီကိန်းမုန်တိုင်းဝင်ချိန်မှာ ကူညီကယ်ဆယ်ရေးအတွက် ဦးဆောင်လုပ်ကိုင်ခဲ့ဖူးပါတယ်။ ၎င်းဟာ မက္ကဆီကိုပင်လယ်ကွေ့ ရေနံဖိတ်စဉ်မှုကိုကိုင်တွယ်ဖို့ ကန်အစိုးရကတာဝန်လွှဲအပ်ခံရသူဖြစ်ကာ ဘီပီရေနံကုမ္ပဏီက ရေနံတွင်းယိုစိမ့်မှုနဲ့ပတ်သက်လို့ လုပ်သမျှဆုံးဖြတ်ချက်တွေကို အမြင့်ဆုံးအဆင့် အာဏာပိုင်တစ်ဦးအနေနဲ့ ဖြေရှင်းပေးရပါတယ်။ မက္ကဆီကိုပင်လယ်ကွေ့ ရေနံဖိတ်စဉ်မှုမှာ သူဟာ အများစုလူတွေထက်ပိုကောင်းအောင်ဆောင်ရွက်ခဲ့တယ်လို့ တိုင်းမ်စ်မဂ္ဂဇင်းက မှတ်ချက်ချခဲ့ပါတယ်။

*—Ref: Times, Google News*



## Leader's Profile

# ဝီကီပီးဒီးယား ပူးတွဲတည်ထောင်သူ ဂျင်မီဝေးလ်စ်

ရဲမင်း

ဂျင်မီဒေါ်နယ်ဝေးလ်စ်သည် အမေရိကန်နိုင်ငံသား အင်တာနက်လုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး အင်တာနက် စွယ်စုံကျမ်း Wikipedia ကို ပူးတွဲတည်ထောင်သူ နှင့်အဓိကတွန်းအားပေးသူလည်း ဖြစ်သည်။

ဝေးလ်စ်အား အမေရိကန်နိုင်ငံ အလာဘားမားပြည်နယ်၊ ဟန့်စ်ဗီးလ်ဒေသတွင် ၁၉၆၆ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် မွေးဖွားခဲ့သည်။ ဝေးလ်စ်သည် ငယ်စဉ်ကပင် ၎င်း၏ အဘွားဖွင့်လှစ်ထားသော ကျောင်းငယ်လေးတွင် စောစောစီးစီး ပညာသင်ကြားခဲ့ပြီးငယ်စဉ်ကပင် စာဖတ်ခြင်းကို အလွန်ဝါသနာထုံသူဖြစ်သည်။ စူးစမ်းလိုစိတ် အလွန်ကြီးမားသော ဝေးလ်စ်သည် ငယ်စဉ်ကပင် ဗြိတိန် စွယ်စုံကျမ်း Britannicas နှင့် World Book Encyclopedias စာအုပ်ကြီးများကို တစ်စိုက်မတ်မတ် ဖတ်ရှုလေ့လာခဲ့သည်။

အထက်တန်းပညာရေးကို ရန်းဒေါ့ဖ်ကျောင်းတွင် တက်ရောက်ခဲ့သော ဝေးလ်စ်သည် အော်ဆန်းတက္ကသိုလ်မှ ဘဏ္ဍာရေးဘာသာရပ်အထူးပြုဖြင့် ဘွဲ့ရရှိခဲ့သည်။ အယ်လ်လာဘားမားတက္ကသိုလ်တွင် ဘဏ္ဍာရေးအထူးပြုဖြင့်ပင် ဆက်လက်ပညာသင်ကြားခဲ့ရာ မာစတာဘွဲ့ရရှိခဲ့သည်။ ဒေါက်တာဘွဲ့အတွက် အဆင့်မီခဲ့သော်လည်း ဝေးလ်စ်က ဒေါက်တာဘွဲ့အတွက် စာတမ်းပြုစုရသည်ကို ပျင်းစရာကောင်းသည်ဟု ယူဆ၍ မာစတာဘွဲ့နှင့်ပင် ပညာရေးအဆုံးသတ်ခဲ့သည်။ ဘွဲ့လွန်သင်တန်းတက်နေချိန်မှာပင် ၎င်းတက်ရောက်ခဲ့သည့် တက္ကသိုလ်နှစ်ခုစလုံးတွင် စာပေပြန်လည်သင်ကြားပို့ချခဲ့သည်။

ဂျင်မီဝေးလ်စ်သည် ၁၉၉၄ ခုနှစ်တွင် ချီကာဂိုအော့ပရှင်းစ်ဘဏ္ဍာရေး ကုမ္ပဏီတွင် ဝင်ရောက်အလုပ် လုပ်ကိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင်မူ ဝေးလ်စ်သည် အခြားလုပ်ဖော်ကိုင်ဖက်နှစ်ဦးနှင့်အတူ Bomis ဟူသော အင်တာနက်ဝန်ဆောင်မှု ကုမ္ပဏီတစ်ခုကို စတင်တည်ထောင်လုပ်ကိုင်ခဲ့သည်။ ၎င်းနောက်တွင်မှ ကြည့်ရှုသူများ ဝင်ရောက်သုံးသပ်ပြင်ဆင်နိုင်သော Nupedia ဝက်ဘ်ဆိုက်အား တည်ထောင်ရာတွင် ကနဦးမတည်ငွေ ထည့်ဝင်ခဲ့ပြီး ၎င်းဝက်ဘ်ဆိုက်မှာ Wikipedia ၏ရှေ့ပြေးပင်ဖြစ်သည်။

၂၀၀၁ ခုနှစ်သို့ ရောက်လာသောအခါ ဂျင်မီဝေးလ်စ်နှင့် လယ်ရီဆန်ဂါးတို့သည် အခြားလုပ်ဖော်ကိုင်ဖက်များနှင့်အတူ Wikipedia ကိုစတင်လွှင့်တင်ခဲ့သည်။ လွတ်လွတ်လပ်လပ် အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်သော အင်တာနက်စွယ်စုံကျမ်းမှာ နေ့ချင်းညချင်း အောင်မြင်ကြီးထွားလာခဲ့ရာမစ္စတာဂျင်မီဝေးလ်သည်လည်း Wikipedia စီမံကိန်း၏ ပြောရေးဆိုခွင့်ရှိသူနှင့် ဦးဆောင်လှုပ်ရှားသူအဖြစ် ထင်ရှားလာခဲ့သည်။

သမိုင်းမှတ်တမ်းများအရ ၎င်းအား ဝီကီပီးဒီးယား၏ ပူးတွဲတည်ထောင်သူဟု ဖော်ပြခြင်းကို ဂျင်မီဝေးလ်စ်က မေးခွန်းထုတ်ပြီး ၎င်းသာလျှင် Wikipedia တစ်ဦးတည်း တည်ထောင်သူဟု ရည်ညွှန်းပြောဆိုလေ့ ရှိသည်။ မစ္စတာဂျင်မီဝေးလ်စ်သည် လက်ရှိ Wikimedia ဖောင်ဒေးရှင်း၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေသည်။ ယင်းဖောင်ဒေးရှင်းက Wikipedia လည်ပတ်ရေးကို တာဝန်ယူဆောင်ရွက်ပြီး အကျိုးအမြတ်မယူသည့် ကုသိုလ်ဖြစ် အဖွဲ့အစည်းဖြစ်သည်။

မစ္စတာဂျင်မီဝေးလ်စ်က ၎င်းကိုယ်၎င်း ဓမ္မဓိဋ္ဌာန်ကျရေးအတွက် လှုပ်ရှားသူဟု ပြောဆိုလေ့ရှိသည်။ ကမ္ဘာ့အကြီးဆုံး စွယ်စုံကျမ်းကြီးဖြစ်လာသော Wikipedia ဝက်ဘ်ဆိုက်တည်ထောင်ခြင်း ၎င်း၏အခန်းကဏ္ဍအတွက် တိုင်းမ်စ်မဂ္ဂဇင်း ကဂျင်မီဝေးလ်စ်အား ၂၀၀၆ ခုနှစ်အတွက် ထင်ရှားကျော်ကြား ဩဇာအကြီးမားဆုံး ပုဂ္ဂိုလ်အဖြစ် ရွေးချယ်ခဲ့သည်။ မစ္စတာဂျင်မီဝေးလ်စ်သည် အိမ်ထောင်နှစ်ဆက်ကျခဲ့ပြီး ဒုတိယဇနီးသည် ခရစ်စတင်းနှင့် သမီးတစ်ဦးထွန်းကားခဲ့သည်။

*—Ref: Wikipedia*

## စာ(၃၄) – ၂၀၁၀ပြည့်နှစ်အတွင်းထင်ရှားခဲ့သောအဖြစ်အပျက်များ မှ

ဒီမိုကရေစီနည်းလမ်းအရ အာဏာရယူခဲ့ခြင်းမရှိဟု ယူဆကြသည်။ ဝေဖန်သုံးသပ်သူများကမူ ယင်းဆန္ဒပြမှုများမှာ ထိုင်းနိုင်ငံရေးနှင့် လူ့အဖွဲ့အစည်းကွဲပြားခြားနားမှုများကို ထင်ဟပ်နေသည်ဟု ယူဆကြသည်။ မြို့ကြီးနှင့်မြို့ငယ် ဆင်းရဲသူနှင့်ချမ်းသာသူ အထက်တန်းလွှာများကို လိုလားသူများနှင့် အောက်ခြေလူတန်းစားဘက်မှပါသူဟူ၍ ကွဲပြားမှုများကို ထင်ဟပ်နေသည်ဟု ဝေဖန်သုံးသပ်သူများကယူဆကြသည်။ ရှပ်နီများ၏ ဘန်ကောက်မြို့အား သိမ်းပိုက်ဆန္ဒပြမှုမှာ အချိန်ရှည်ကြာလွန်းလာပြီဟူ၍ယူဆလာပြီး ဘန်ကောက်မြို့၏ စီးပွားရေးလုပ်ငန်းများကိုလည်း ထိခိုက်လာသောအခါ ထိုင်းအစိုးရကအင်အားသုံး၍ဆန္ဒပြမှုကို ဖြိုခွင်းခဲ့သည်။ ယင်းသို့ မညှာမတာနှိမ်နင်းလူစုခွဲမှုကြောင့် ရှပ်နီ ၉၁ ဦး သေဆုံးခဲ့ပြီး ၁၈၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ မငြိမ်မသက်မှုများ လျော့ပါးသွားပြီဖြစ်သော်လည်း ထိုင်းနိုင်ငံတွင် ပြင်းထန်သောခံစားချက်များလျော့ပါးမသွားသေးဘဲရှိရာ နိုဝင်ဘာလအတွင်းမှာပင် ရှပ်နီထောင်ပေါင်းများစွာ ဘန်ကောက်မြို့တွင် ချီတက်ခဲ့ကြပြီး လွန်ခဲ့သော ၆ လက သေဆုံးခဲ့သူများအတွက် အမှတ်တရပွဲများ ပြုလုပ်ခဲ့ကြသည်။

7 Day News Journal
Vol.9, No.40 • DECEMBER 30, 2010

# ချီလီသမ္မတ ဆီဘတ်စတီယန်ပင်ညဲရာနှင့် ချီလီမိုင်းလုပ်သားများအကြောင်း၊ နိုင်ငံ့စီးပွားရေးအကြောင်း တွေ့ဆုံမေးမြန်းခြင်း

ကျော်မျိုး

ချီလီသမ္မတ ဆီဘတ်စတီယန် ပင်ညဲရာဟာ အာတာကာမာ သဲကန္တာရ အောက်ခြေ အနက်ပေ ၂,၃၀၀ ရှိတဲ့ မိုင်းတွင်းထဲ ပိတ်မိနေတဲ့ မိုင်းလုပ်သား ၃၃ ဦးကို ကယ်တင်ရေးမှာ ဦးဆောင်ခဲ့သူဖြစ်ပါတယ်။ ၎င်းဟာ ဟားဗတ်တက္ကသိုလ်မှာ ပညာသင်ကြားခဲ့သူတစ်ဦးဖြစ်ပြီး လက်တင်အမေရိကရဲ့ အဖွံ့ဖြိုးဆုံးနိုင်ငံတွေထဲ ချီလီနိုင်ငံကို ပြီးခဲ့တဲ့မတ်လ ရာထူးရစဉ်ကစလို့ တိုးတက်အောင် ဆက်လက်မောင်းနှင်နေသူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းမ်စ်မဂ္ဂဇင်းဟာ ၂၀၁၀ အတွင်း သတင်းလူသားတွေအဖြစ် နာမည်ကျော်ခဲ့တဲ့ ချီလီမိုင်းလုပ်သားများအကြောင်း၊ ချီလီရဲ့ စီးပွားရေးအနေအထားအကြောင်း




စတာတွေကို သမ္မတပင်ညဲရာ (၆၀ နှစ်)နဲ့ စန်တီယာဂိုရှိ ကမိုနီဒါ သမ္မတနန်းတော်မှာ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။ ယခုတင်ဆက်မယ့် အင်တာဗျူးကို တိုင်းမ်စ်ရဲ့ ဝင်မ်ပတ်ဂတ်နဲ့ အန်ထော်နီအက်စ် ပိုစီတိုတို့က ပြုလုပ်ခဲ့တာပါ။

**မိုင်းလုပ်သားတွေကို ကယ်ဆယ်ရေးမှာ ပုဂ္ဂိုလ်ရေးအရ နီးနီးကပ်ကပ် ပါဝင်ဆောင်ရွက်မိအောင် ဘယ်အရာက သမ္မတကြီးကို မောင်းနှင်ပေးခဲ့တာပါလဲ။**

ဩဂုတ်လ ၅ ရက်မှာ အဲဒီဆန်ဟိုဆေး ရွှေနှင့် သတ္တုတူးဖော်ရေး မိုင်းတွင်းပြိုကျတယ်သတင်းကြားတော့ ကျွန်တော်က ကိုလံဘီယာမှာ ကိုလံဘီယာ သမ္မတ ဆန်းတိုစ်နဲ့တွေ့ဆုံဖို့သွားနေခဲ့ချိန်ဖြစ်ပါတယ်။ သတင်းကြားတော့ ကျွန်တော် သမ္မတ ဆန်းတိုစ်ကိုတောင်းပန်ပြီး မိုင်းတွင်းရှိရာ ချီလီကိုချက်ချင်းပြန်လာခဲ့ပါတယ်။ မိုင်းတွင်းကုမ္ပဏီဟာလည်း ကုမ္ပဏီသေးသေးလေးတစ်ခုဖြစ်ပြီး ရှာဖွေရေးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းစဉ်တစ်ရပ်ကို အကောင်အထည်ဖော်နိုင်စွမ်းမရှိတာ အထင်အရှားပါပဲ။ ဒါ့ကြောင့် ကျွန်တော်အမြန်ဆုံးဖြတ်ရတော့တယ်။ အစိုးရကဝင်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေကို အလျင်အမြန်ဝင်လုပ်မလား။ ဒါမှမဟုတ် နောက်ကျခံမလားဆိုတာပေါ့။ ပြီးတော့ ကျွန်တော်တို့ဟာအမေရိကန် အပါအဝင် ကမ္ဘာ့နိုင်ငံတွေဆီက အကောင်းဆုံး အကူအညီတွေကို ရှာဖွေခဲ့ပါတယ်။ အမေရိကန်မှာ ကက်ထရီနာမုန်တိုင်းတိုက်တုန်းကလည်း အစိုးရဘက်က အလျင်အမြန်တုံ့ပြန်ဆောင်ရွက်ဖို့ အချိန်တွေအများကြီးကုန်ခဲ့ပြီး ဘယ်သူက တာဝန်ရှိတယ်။ ဘယ်သူကတော့ မရှိဘူးဆိုပြီး အငြင်းအခုံဖြစ်ခဲ့ရတာတွေ၊ မက္ကဆီကို ပင်လယ်ကွေ့ရေနံယိုဖိတ်မှုမှာလည်း အဲဒီလိုပဲ ဖြစ်ခဲ့ကြတာတွေကို ကျွန်တော်သွားပြီး သတိရမိပါသေးတယ်။ ကိုယ်အရင်ဆုံးလုပ်ရမှာက ပြဿနာကို ဖြေရှင်းရမှာပါ။ ဒီနောက်မှ တာဝန်ရှိတဲ့သူတွေကို အပြစ်ပေးရမှာ ဖြစ်ပါတယ်။

**မိုင်းလုပ်သားတွေဟာ မြေအောက်အနက်ပေ ၂,၀၀၀ ကျော်ရှိတဲ့ တွင်းထဲမှာ အသက်ရှင်နေဆဲပဲရှိဦးမယ်လို့ အဲဒီတုန်းက သမ္မတကြီးအနေနဲ့ တကယ်ယုံကြည်ခဲ့ပါသလားခင်ဗျ။**

ကျွန်တော်ရဲ့ အကြံပေးတွေကလည်း ပြောပါတယ်။ "ဒီကိစ္စထဲသိပ်ဝင်မပါပါနဲ့" တဲ့။ "အဲဒါဟာသူ့ဘာသာသူ ဆိုးဆိုးရွားရွားနဲ့အဆုံးသတ်တော့မှာ" လို့ပြောခဲ့ကြတယ်။ အမှန်ကလည်း မိုင်းတွင်းမတော်တဆမှုတွေရဲ့ သမိုင်းဟာလည်း သိပ်ကြေကွဲစရာကောင်းတာကိုး။ ကိစ္စအများစုကလည်းအားလုံး သေဆုံးရတာနဲ့ပဲ အဆုံးသတ်လေ့ရှိရတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ပုဂ္ဂလိက ယုံကြည်မှုတစ်ခုရှိနေတယ်။ အတွင်းသံတစ်ခုပေါ့ဗျာ။ အဲဒါက မိုင်းလုပ်သားတွေ အသက်ရှင်နေတုန်းပဲလို့ပြောတယ်။ သူတို့မိသားစုတွေကလည်း အဲဒီလိုယုံကြည်ခဲ့ကြပါတယ်။ ဒါဟာ လူ့ဘဝအတွက် ကျွန်တော်တို့ ယုံကြည်ထားတဲ့ တန်ဖိုးပါပဲ။ ဒါ့ကြောင့် ကျွန်တော်သူတို့ကို ပြောခဲ့တယ်။ "ကျွန်တော်တို့ဟာ ဒီလုပ်သားတွေကိုကိုယ့်ရဲ့သားတွေလို သဘောထားပြီး ရှာဖွေတော့မှာပါ" လို့။

**မိုင်းလုပ်သားတွေကို နောက်ဆုံးခြေရာခံမိချိန်မှာ သမ္မတကြီးဟာလည်း မိုင်းတွင်းဆီရောက်နေခဲ့တယ်နော်။**

ဩဂုတ်လ ၂၁ ရက်မှာ ကျွန်တော်ဟာ ဇနီးဖြစ်သူရယ်၊ ကျွန်တော့်ယောက္ခမနဲ့ အတူရှိနေခဲ့ပါတယ်။ ယောက္ခမကြီးက ကင်ဆာရောဂါနဲ့ သေလုနီးနေပါပြီ။ သူဟာမိုင်းတွင်းတွေအကြောင်း ကောင်းကောင်းသိတဲ့ အင်ဂျင်နီယာဟောင်းတစ်ဦး ဖြစ်ပြီး အဲဒီညမှာပဲ လုပ်သားတွေအကြောင်း ကျွန်တော့်ကို ပြောခဲ့တယ်။ "သူတို့ အသက်ရှင်နေတုန်းပဲ။ တို့သူတို့ကို ရှာရမယ်။ လက်မလျှော့ပါနဲ့" လို့ မှာခဲ့ပါတယ်။ နောက်တစ်နေ့ နံနက် ဩဂုတ်လ ၂၂ ရက်မှာတော့ သူကွယ်လွန်သွားခဲ့ပြီး ဒီနောက်တော့ ကျွန်တော့်ဇနီးကလည်း မိုင်းတွင်းဆီ သွားကြည့်ကြဖို့ ပြောခဲ့ပါတယ်။ ဒီလိုနဲ့ မိုင်းတွင်းလုပ်သားတွေကို မြေတူးစက်ပိုက်တွေနဲ့ ၁၇ ကြိမ်လောက်ရှာပြီးတဲ့နောက်တော့ ၁၈ ကြိမ်မြောက်မှာတော့သူတို့ရှိတဲ့နေရာကို ရှာတွေ့ခဲ့တယ်။ သူတို့ပို့လိုက်တဲ့ မက်ဆေ့ချ်တွေလည်း ကျွန်တော်ရတယ်။ "၃၃ ဦးစလုံး အရေးပေါ်အခန်းထဲမှာ အိုကေနေပါတယ်" တဲ့။

**သမ္မတကြီးဟာ စီးပွားရေးကိုအားပေးတဲ့ ကွန်ဆာဗေးတစ်တစ်ဦးဖြစ်သလို ဘီလျံနာတစ်ဦးလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် အဲဒီလိုအလုပ်သမားလူတန်းစား မိုင်းလုပ်သားတွေနဲ့ သူတို့မိသားစုတွေကို တကယ်ရင်းရင်းနှီးနှီး ဆက်ဆံနိုင်ခဲ့ပါသလား။**

ကျွန်တော်က လူလတ်တန်းစားတစ်ဦးအနေနဲ့ ကြီးပြင်းလာတာပါ။ ကျွန်တော့်အဖေကတော့ ပြည်သူ့ဝန်ထမ်းတစ်ဦး ဖြစ်ပြီး အကြွေးကလွဲလို့ ဘာအမွေအနှစ်မှချန်မထားနိုင်ခဲ့သူပါ။ လူးဝစ်အာဗူယာ (မိုင်းလုပ်သားများ၏ အလုပ်ကြပ်ဖိုမင်) နဲ့ဆိုရင် ကျွန်တော်ဟာတိုက်ရိုက်ပဲ ပြောဆိုဆက်ဆံခဲ့ပြီး တစ်ဦးနဲ့တစ်ဦးလည်း ရင်းနှီးခဲ့ကြရပါတယ်။ တစ်ခါတလေဆို ဒီသမ္မတ နန်းတော်ထဲကနေ သူ့ကို ကျွန်တော် ဖုန်းဆက်စကားပြောလေ့ရှိပါတယ်။ ကျွန်တော်တို့ကြားမှာ တချို့တလေ အမြင်မတူတာတွေ ရှိခဲ့တယ်။ ဒါပေမဲ့သူကမြေအောက်က တွင်းထဲမှာ အမှန်တကယ် ဦးဆောင်မှုပေးခဲ့သူဖြစ်ပြီး၊ သူ့ကို ကျွန်တော်လေးစားရပါတယ်။

**တချို့သတင်းတွေအရလည်း ကယ်ဆယ်ရေးကာလအတွင်း သမ္မတကြီးဟာ ကိုယ်တိုင်မိုင်းတွင်းထဲဆင်းပြီး ကယ်ဆယ်ချင်ခဲ့တယ်လို့ သိရပါတယ်။**

အဲဒါကို ကျွန်တော်တွေးမိခဲ့ပါသေးတယ်။ ဒါပေမဲ့ သမ္မတတစ်ဦးအနေနဲ့ ကျွန်တော့်အလုပ်ကမြေပေါ်မှာဆိုတာ သိပါတယ်။ ကျွန်တော်က စွန့်စားရတဲ့ အလုပ်တွေကို နှစ်သက်သူပါ။ လေထီးခုန်တာတို့၊ ရေလွှာလျှောစီးတာတို့၊ ရဟတ်ယာဉ်တွေ မောင်းတာတို့ကိုကျွန်တော်လုပ်ဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဇနီးက ပြောခဲ့တယ်။ "အဲဒီလို မိုင်းတွင်းထဲဆင်းဖို့ကိုတော့ တွေးတောင်မတွေးပါနဲ့" တဲ့။

**ချီလီဟာ မှတ်သားလောက်တဲ့ စီးပွားရေးကို ရရှိနေပါပြီ။ ဒါပေမဲ့ ဒီနိုင်ငံဟာ ဒေသရဲ့ ဆင်းရဲချမ်းသာကွာဟမှုအကြီးဆုံးဖြစ်နေတော့ တကယ်စစ်မှန်တဲ့ဖွံ့ဖြိုးပြီး နိုင်ငံဖြစ်လာပါ့မလား။**

ကျွန်တော်တို့ဟာ အဆင်းရဲဆုံးနဲ့ အချမ်းသာဆုံးတွေရဲ့ကြားကကွက်လပ်ကြီးကို ပိတ်ပစ်ဖို့ ကြိုးစားရင်း အလုပ်သမားတွေရဲ့ ဂုဏ်သိက္ခာကို တန်ဖိုးထားတဲ့ ယဉ်ကျေးမှုသစ်တစ်ရပ်ကို လိုအပ်နေပါတယ်။ ဒါ့ကြောင့် သိပ်အဆင့်ကွာလွန်းတဲ့ ကမ္ဘာနှစ်ခုမှာ လူတွေရှင်သန်နေထိုင်ရတာကို ကျွန်တော်တို့ မလိုချင်တော့ပါဘူး။ အလုပ်သမားကဏ္ဍ ပြုပြင်ပြောင်းလဲရေးတွေအပါအဝင်၊ ကျွန်တော်တို့ဟာဝင်ငွေခွန် ပြုပြင်ပြောင်းလဲရေးနဲ့ အလုပ်ရှင်တွေကိုလည်း တီထွင်မှုသာမက လူမှုရေးအရ တာဝန်ယူတတ်မှုတွေပါရှိအောင် တွန်းအားပေးနေပါတယ်။

**လက်ယာစွန်းအာဏာရှင် ပီနိုချက်ရဲ့ အုပ်စိုးမှုပြီးဆုံးပြီး အနှစ်နှစ်ဆယ်အကြာမှာ ချီလီဟာနိုင်ငံရေးအရ အုပ်စုကွဲတွေရှိနေတုန်းပါပဲ။ ယခုလိုမိုင်းလုပ်သားတွေကို ကယ်ဆယ်နိုင်ခဲ့ခြင်းက နိုင်ငံတွင်းလက်ဝဲ၊ လက်ယာကွဲပြားမှုကို ဖြိုချဖို့ အထောက်အပံ့ဖြစ်ခဲ့ပါသလားခင်ဗျ။**

ချီလီဟာ (၁၉၇၃-၉၀) အနှစ် ၂၀ ကာလအတွင်း ပီနိုချက်အုပ်စိုးမှု လက်အောက်မှာ အမုန်းပဲနှစ်ခြမ်းကွဲနေတဲ့ လူ့အဖွဲ့အစည်းဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့အစိုးရကတော့ အဲဒါတွေကို လွှန်မြောက်ဖို့ကြိုးပမ်းနေပါတယ်။ မိုင်း လုပ်သားတွေဟာ ချီလီမှာ လူတိုင်းအတွက် စုစည်းညီညွှတ်မှု ပြယုဂ်တစ်ခုဖြစ်စေခဲ့တယ်။ ဒီမျိုးဆက်က ကျွန်တော်တို့ ဘိုးဘေတွေမရနိုင်ခဲ့တဲ့ အိပ်မက်တွေကို နားလည်ရယူနိုင်ခဲ့တယ်။ ဒါ့အပြင်ကျွန်တော်တို့ဟာ ဒီကိစ္စအတွက်နိုင်ငံခြား တိုင်းပြည်အများအပြားဆီကလည်း ရက်ရောတဲ့ ကူညီမှုတွေရခဲ့တယ်။ အမေရိကန်အစိုးရနဲ့ ပြည်သူတွေကိုလည်း ကျွန်တော်ကျေးဇူးတင်မိပါတယ်။

**ဘရာဇီး၊ အာဂျင်တီးနားတို့နဲ့ ယှဉ်လိုက်ရင် နိုင်ငံခြားသားတွေဟာ ချီလီကို ဝိုင်ထွက်တာကလွဲလို့ နည်းနည်းပဲသိကြတယ်။ အခုတော့ မိုင်းလုပ်သားတွေကိစ္စလည်းပေါ်လာတာမို့ အဲဒီအမြင်ရောပြောင်းလဲသွားပါပြီလား။**

အဲဒါ ဒီလိုမျိုး ဝိုင်နဲ့တွဲပြီးမြင်တာမျိုးဟာ ချီလီရဲ့ ပုံရိပ်အတွက် သိပ်ကောင်းခဲ့ပါတယ်။ ကမ္ဘာပေါ်မှာဒီလို အပြုသဘောဆောင်တဲ့ နည်းမျိုးနဲ့ ကျွန်တော်တို့ ပုံရိပ်ရှိနေတာကို တစ်ခါမှ အိပ်မက်တောင်မမက်ဖူးပါဘူး။ ချီလီကို လူသိနည်းရတာကတော့ တိုင်းပြည်ဟာခက်ခဲတဲ့နေရာမှာ ပုံသွင်းခံခဲ့ရလို့ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဟိုအစောပိုင်းကတည်းက ဒီနိုင်ငံဟာ ပီရူးလို ကြွယ်ဝတဲ့ဘုရင်ခံ အုပ်ချုပ်တဲ့ ကိုလိုနီနိုင်ငံတစ်ခုမဟုတ်ခဲ့သလို ဘရာဇီးလို ကျယ်ဝန်းတဲ့ နိုင်ငံကြီးလည်း မဟုတ်ခဲ့ပါဘူး။ ဒီနိုင်ငံက ဆင်းရဲပြီး ကမ္ဘာနဲ့ အလှမ်းဝေးတယ်။ သဘာဝဘေးတောင်တွေထူထပ်တယ်လေ။

**မိုင်းလုပ်သားတွေဟာ တိုင်းမ်စ်မဂ္ဂဇင်းရဲ့တစ်နှစ်တာလူသားဆုရသင့်ပါသလား။**

ဒီဆုနဲ့ သူတို့ထိုက်တန်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ဟာ ယုံကြည်မှုရှိရှိ၊ သတ္တိရှိရှိနဲ့ သူတို့ဘဝရှင်သန်ရေးအတွက် တိုက်ပွဲဝင်ရာမှာတကယ်ကောင်းတဲ့ နမူနာတစ်ခုကို ကမ္ဘာကိုပြသနိုင်ခဲ့လို့ပါ။ သူတို့က ကျွန်တော်တို့ဟာ အခြားလူတွေအတွက် မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့ မျှော်မှန်းချက်ပန်းတိုင်တွေကိုရနိုင်တယ်ဆိုတာ သရုပ်ဖော်ပြခဲ့တယ်။ သူတို့ကြောင့် ကမ္ဘာကြီးဟာ ပိုကောင်းတဲ့ နေရာဖြစ်လာတယ်လို့ ထင်ပါတယ်။ ပုံမှန်ဆိုရင်တော့ သတင်းကြီးတွေတော်တော်များများဟာ သတင်းဆိုးတွေပဲ ဖြစ်လေ့ရှိတယ်။ ဒါပေမဲ့ ဒီမိုင်းလုပ်သားများ သတင်းကတော့ သိပ်ထူးတဲ့ သတင်းကြီးဖြစ်သလို သိပ်ပျော်စရာကောင်းတဲ့သတင်းလည်း ဖြစ်ခဲ့တယ်လေ။

—Ref: Time; Q&A
with Chilean President
Sebastian Pinera

7DAY NEWS JOURNAL

# Entertainment

Vol.9, No.40 • DECEMBER 30, 2010



# ပရိသတ်ကျေနပ်ခဲ့တဲ့ ပန်းမြို့တော်ဂီတပွဲ

အေးသူစံ

ဓာတ်ပုံ - အေးသူစံ

**ပြင်ဦးလွင်၊ ဒီဇင်ဘာ ၂၁**

ပြင်ဦးလွင်မြို့တွင် ငါးကြိမ်မြောက်ကျင်းပသည့် ပန်းမြို့တော်ဂီတပွဲ၌ နာမည်ကြီး အနုပညာရှင်များနှင့် အင်ပါယာတီးဝိုင်းတို့ ဖျော်ဖြေတင်ဆက်သည့် နောက်ဆုံးနေ့ပွဲစဉ်သည် ပရိသတ်အစည်းကားဆုံးဖြစ်ခဲ့သည်။

ယခင်နှစ်များက ပြင်ဦးလွင်မြို့တွင် ပန်းပွဲတော်ကိုကျင်းပခဲ့ပြီး ပန်းပွဲတော်နှင့်အတူ ဂီတဖျော်ဖြေပွဲများကို အမျိုးသားကန်တော်ကြီး ဥယျာဉ်၌ ပြုလုပ်ခဲ့ပြီး ယခုနှစ်တွင် ပန်းမြို့တော်ဟု သီးသန့်မပြုလုပ်တော့ဘဲ ပန်းမြို့တော်မှဂီတပွဲဟုသာကျင်းပခဲ့ခြင်းဖြစ်သည်။ ဂီတပွဲတော်ကို သုံးရက်ကြာပြုလုပ်ခဲ့ပြီး ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် Outsider တီးဝိုင်းနှင့်အတူ ဘိုဘို၊ နောနော်၊ သအို၊ ဩရသ၊ Idiot၊ Wanted၊ အေးနွန်၊ ငယ်ငယ်နှင့် ဟန်နလာတို့ သီဆိုခဲ့ကာ ဒီဇင်ဘာလ ၂၀ရက်နေ့တွင် ဟစ်ဟော့ပ် အဖွဲ့များ၏ သီဆိုမှုအဖြစ် စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ ကြက်ဖ၊ ကျော်ထွဋ်ဆွေ၊ နိုင်းဝမ်း၊ Snare၊ ဘန်နီဖြိုး၊ N ဗိုင်း၊ အိမ်မိုလေ့ဒ်၊ လန်ဘား၊ စန္ဒီမြင့်လွင်နှင့် အေသင်ချိုဆွေတို့က DJ Jay ၏ တင်ဆက်မှုနှင့်အတူ သီဆိုဖျော်ဖြေခဲ့ကြသည်။ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အင်ပါယာတီးဝိုင်းနှင့်အတူ ဇော်ဝင်းထွဋ်၊ မျိုးကျော့မြိုင်၊ စည် သူလွင်၊ မိုးမိုး၊ ဖြူဖြူကျော်သိန်း၊ ဂျင်းနီ၊ ချမ်းချမ်း၊ သီရိဆွေနှင့် မေစံပယ်ညိုတို့က သီဆိုဖျော်ဖြေခဲ့ကြသည်။ ဒီဇင်ဘာ ၂၁ရက်နေ့ မွန်းတည့် ၁၂နာရီကျော်ခန့်တွင် အင်ပါယာတီးဝိုင်း၏ ဖျော်ဖြေမှုမစတင်မီ Violet တီးဝိုင်းနှင့်အတူ အဆိုတော်အသစ်များက ဧည့်ခံဖျော်ဖြေခဲ့ရာ ကန်တော်ကြီးဥယျာဉ်အတွင်း လည်ပတ်နေသော ဟိုတစ်စ ဒီတစ်စ ပရိသတ်များ စတိတ်ရှိုး ကျင်းပရာ မျှော်စင်အနီးသို့ စုဝေးရောက်ရှိလာခဲ့သည်။

ယင်းအချိန်တွင် အမျိုး သမီးအဆိုတော်များ၏ ဧည့်ခံဖျော်ဖြေမှုက အေးလွန်းသည့် ပြင်ဦးလွင်ရာသီဥတုနှင့် ဆန့်ကျင်စွာ ကြည့်ရှုနေသည့် ပရိသတ်ကိုသွေးဆူလာစေခဲ့သည်။ စာ(၄၅)သို့

# စီးတီးအက်ဖ်အမ်ကိုးနှစ်ပြည့်ပွဲတွင် အောင်ရဲလင်း သီချင်းဆိုမည်



အေးသူစံ

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၆**

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းတွင် ကျင်းပရန်ရှိသည့် စီးတီးအက်ဖ်အမ် အသံလွှင့်ဌာန၏ ကိုးနှစ်ပြည့်ပွဲ၌ သရုပ်ဆောင်အောင်ရဲလင်းက ကိုယ်ပိုင်သံစဉ် သီချင်းတစ်ပုဒ်ဖြင့် သီဆိုမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က သီချင်း သိပ်မဆိုတတ်ပါဘူး။ အဲဒီပွဲမှာဆိုဖြစ် တာကလည်း ဦးမင်းချစ်သူတို့က တိုက်တွန်းလို့ပါ။ ကျွန်တော်ဆိုမယ့်သီချင်းကလည်း ဦးမင်းချစ်သူ ရေးပေးတာပါ။ Own Tune (ကိုယ်ပိုင်သံစဉ်)လေးပါပဲ။ အဓိကက အဆိုထက်ပါဖောမန့်ပိုင်းကို ပိုပြီးအားထားဖျော်ဖြေမှာပါ။ ကျွန်တော်နဲ့အတူ Life & Dance အကအဖွဲ့လည်း ပါဝင်မှာပါ" ဟု အောင်ရဲလင်းကဗီစီဒီ ပရိုမိုးရှင်းပွဲတစ်ခုတွင်ပြောသည်။

အောင်ရဲလင်းသည် လက်ရှိအချိန်တွင် 'တစ်ဖက်စာမျက်နှာတွင်အချစ်ရှိသည်' ဇာတ်ကားအား ချစ်သုဝေနှင့် ရိုက်ကူးထားပြီးအောင်တိုင်းကျော်ထုတ်လုပ်ရေးနှင့် တတိယမြောက်ရိုက်ကူးမည့် ဇာတ်ကားကို ဇန်နဝါရီလ ၁ရက်တွင်စတင်ရိုက်ကူးတော့မည်ဖြစ်သည်။

ခရေဖြူထုတ်လုပ်ရေးနှင့်လည်း ဒီဇင်ဘာလ ၂၀ ရက်တွင် ဗီဒီယိုဇာတ်ကားတစ်ကား ရိုက်ကူးရန်ရှိပြီး ရုပ်ရှင်ကားကြီးအနေဖြင့် နောက်နှစ်ထဲတွင် ရိုက်ကူးဖြစ်ရန်များကြောင်း ပြောကြားသည်။

bossini ရှိုးပွဲတွင်တွေ့ရသည့် အောင်ရဲလင်း။
ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)




PERSON OF THE YEAR-ENTERTAINMENT

# Justin Bieber

၂၀၁၀ ပြည့်နှစ်အတွက် ဖျော်ဖြေမှု အပေးဆုံးနှင့် အအောင်မြင်ဆုံး အနုပညာရှင်အဖြစ် ဂျက်စတင်ဘီဘာကို ရွေးချယ်လိုသည်။ ဘေဘီသီချင်းက ကမ္ဘာ့လူငယ်တွေအသည်းစွဲဖြစ်ခဲ့သလို မြန်မာလူငယ်တွေလည်း ကြိုက်နှစ်သက်ခဲ့သည်။ မီဒီယာအတော်များများကတော့ ကိုးရိုးကားရား ပေါ့ပ်ဘုရင်မ လေဒီဂါဂါကို ရွေးချယ်ကြသော်လည်း အသက် ၁၆နှစ်သာရှိသေးပြီး တစ်နှစ်အတွင်း အောင်မြင်မှုအတွက် အထွတ်အထိပ်ကိုရောက်အောင် တက်လှမ်းနိုင်ခဲ့သည့် သူ့ပါရမီက ချီးကျူးစရာပင်။

ဂီတလောကမှာ အောင်မြင်မှု အရယူခဲ့ပြီး ရုပ်ရှင်လောကကိုပါခြေလှမ်းလှမ်းနေပြီဖြစ်သော ဂျက်စတင်ဘီဘာ၏ ဝင်ငွေမှာ တစ်နှစ်ကို အမေရိကန်ဒေါ်လာသန်း၃၀ကျော်ပင် ရှိနေပြီဖြစ်သည်။ တစ်နှစ်အတွင်း အာရှတစ်ခွင်၊ အမေရိက တစ်ခွင် ခြေဆန့်ကာ ဂီတဖျော်ဖြေပွဲပေါင်းများစွာ ပြုလုပ်ခဲ့ပြီး ၂၀၁၀တွင်အောင်မြင်မှုမှတ်တိုင် စိုက်ထူထားနိုင်ခဲ့သူလည်းဖြစ်သည်။




## ကမ္ဘာကျော်တိုင်းမ်မဂ္ဂဇင်းမှ ရွေးချယ်ခဲ့သည့် တစ်နှစ်တာအတွင်းအကောင်းဆုံး ရုပ်ရှင်ဇာတ်ကားများကို ဖော်ပြပေးလိုက်ပါသည်။

1. Toy Story 3
2. The Social Network
3. Green Zone
4. Four Lions
5. Inside Job
6. Never Let Me Go
7. Life during Wartime
8. Tabbit Hole
9. Waiting for Superman
10. Wild Grass



အရသာရှိသောဟင်းလျာတိုင်းအတွက်
ခနော
Knorr
ခနော အိမ်ရှင်မများအားထားရာ ချက်ရေးပြုတ်ရေး အဖော်မွန်စစ်

7 DAY NEWS JOURNAL
Vol.9, No.40 ▪ DECEMBER 30, 2010



# မသန်စွမ်းဇာတ်လမ်းတိုရိုက်ကူးမည်

အေးသူစံ

ရန်ကုန်၊
ဒီဇင်ဘာ- ၁၈



ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)မှ တင်ဆက်မည့် 'ရေဆန် စီးတဲ့မြစ်' မသန်စွမ်း အသိပညာပေး ဇာတ်လမ်းတိုတွင်မသန်စွမ်းသူလေးတစ်ဦးနှင့်အတူနေမင်းနှင့် မယ်လိုဒီတို့ အဓိကပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ ဦးမြတ်သူဝင်းက ပြောကြားသည်။

"လွန်ခဲ့တဲ့ ၂ နှစ်လောက်က ကျွန်တော်တို့ ဖောင်ဒေးရှင်းက ဒေါ်သူဇာကျော်(ရွှေသဒ္ဒါ (ရန်ကုန်တက္ကသိုလ်-ဒါရိုက်တာကို အောင်မင်းသိမ်းဇနီး)က ဇာတ်ညွှန်းရေးပြီး လာပြတယ်။ အဲဒီအချိန်က ကျွန်တော်တို့ဖောင်ဒေးရှင်းအနေနဲ့ မျှော်စင်ကျွန်းမှာ ရှိုး လုပ်တာနဲ့ဘာနဲ့ဆိုတော့ အကောင်အထည်မဖော်ဖြစ်ခဲ့ဘူး။ ပြီးခဲ့တဲ့နှစ်လလောက်က အက်တာစတားအသင်းနဲ့ ကျွန်တော်တို့ မသန်စွမ်းအသင်းတို့ ဘောလုံးကန်ကြတဲ့ပွဲမှာ ဒါရိုက်တာမောင်ဗေဒါနဲ့တွေ့တော့ ကိုဗေဒါက မသန်စွမ်းတွေအတွက် ဇာတ်လမ်းရိုက်ချင်တယ်ဆိုတာနဲ့ ဒီအစီအစဉ်လေး စဖြစ်တာပါ" ဟု ယင်းဇာတ်လမ်းတိုရိုက်ကူးခြင်း မိတ်ဆက်အခမ်းအနားတွင် ၄င်းက ပြောကြားသည်။

မိနစ်လေးဆယ်စာ ရိုက်ကူးမည့် ထိုဇာတ်လမ်းတွင်နေမင်းနှင့် မယ်လိုဒီတို့က မေတ္တာဖြင့် ကူညီသရုပ်ဆောင်ကြမည်ဖြစ်သည်။ အထူးသရုပ်ဆောင်အဖြစ် မွေးရာပါလက်နှစ်ဖက်မပါခဲ့သူမသန်စွမ်းသူလေး မေဇင်အောင်က နေမင်း၏ ညီမအဖြစ်သရုပ်ဆောင်မည်ဖြစ်သည်။ မေဇင်အောင်၏ ဘဝကိုမည်သို့ဖြတ်သန်းခဲ့လဲ၊ အစ်ကိုကညီမကို ဘယ်လောက်ထိ အပင်ပန်းခံ စောင့်ရှောက်ခဲ့သလဲ၊ မသန်စွမ်းသူဖြစ်သော်လည်း ကွန်ပျူတာပညာကျွမ်းကျင်ပြီးဝက်ဘ်ဆိုက်ဒီဇိုင်နာတစ်ဦးအဖြစ် အောင်မြင်စွာရပ်တည်နိုင်ပုံကို အဓိကရိုက်ကူးတင်ပြမည်ဖြစ်ပြီး MRTV4 နှင့် မြန်မာအင်တာနေရှင်နယ်ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသမည်ဟု သိရသည်။

ယင်းဇာတ်လမ်းကို ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ရိုက်ကူးမည်ဖြစ်သည်။

## သီချင်းဗီစီဒီများ ရိုက်ကူးမှုလုံးဝမလုပ်တော့ဟု ဒါရိုက်တာဝိုင်းကြေညာ

အေးသူစံ

ရန်ကုန်၊ ဒီဇင်ဘာ- ၁၆

တေးသီချင်းဗီစီဒီများကို ယခုနှစ်ကုန်ပိုင်းမှစတင်၍ လုံးဝရိုက်ကူးတော့မည်မဟုတ်ကြောင်း ဒါရိုက်တာဝိုင်းကမီဒီယာများမှတစ်ဆင့် ၄င်း၏ပရိသတ်သို့ ကြေညာခဲ့ကြောင်း သိရသည်။

"၂၀၁၀မှာ ဝိုင်းအတွက် မကြေညာသင့်တဲ့ကြေညာချက် တစ်ခုကို ကြေညာလိုက်ရတဲ့အတွက် တောင်းပန်ပါတယ်။ ကိုယ့်ရဲ့ အတ္တနဲ့ မာနကို မလျှော့နိုင်တဲ့အတွက်ရယ်၊ ကိုယ့်ရဲ့ ယုံကြည်ချက်တစ်ခုကိုအဖျက်အဆီးမခံချင်လို့ပါလို့ ပရိသတ်ကို ရှင်းပြချင်ပါတယ်။ ကိုယ့်ပရိသတ်တွေအတွက်လည်း စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ပြောပြီးသားစကားကိုတော့မပြင်ပါဘူး။ ဇာတ်ကားတွေပဲရိုက်ဖြစ်တော့မယ်။ ကိုယ်ဘာဖြစ်ခဲ့တယ်ဆိုတာကို ပြန်မကြည့်ဘူး။ ရှေ့ဆက်လျှောက်ရမယ့်ခြေလှမ်းသည်သာ ကိုယ့်အတွက် အဓိကပဲ"ဟု ဒါရိုက်တာ ဝိုင်းက ဗီစီဒီရိုက်ကူးခြင်း မပြုတော့သည့်ကြေညာချက်အတွက် ပြောကြားခဲ့သည်။

ဒါရိုက်တာဝိုင်း ရိုက်ကူးထားသော 'ကျောက်စက်ရေ' ရုပ်ရှင်ဇာတ်ကားကြီးမှာ ယခုရုံတင်ပြသနေပြီး ၄င်း၏ ဒုတိယမြောက်ရုပ်ရှင်ဇာတ်ကားဖြစ်သည့် 'လက်ပံ'မှာ ဆင်ဆာတင်ထားပြီဖြစ်ကြောင်းသိရသည်။

## စာ - ၄၃၊ ပရိသတ်ကျေနပ်ခဲ့တဲ့ ပန်းမြို့တော်ဂီတပွဲ မှ

မြူးကြွသော ရော့ခ်တေးသွားများ၏ စီးဆင်းပျံ့နှံ့မှုကြောင့် ဂီတပွဲကျင်းပရာ အနီးတစ်ဝိုက်သို့ လူငယ်များ စုဝေးလာသည်။အင်ပါရာတီးဝိုင်းနှင့်အတူ အဆိုတော် စစ်သွေးက ၄င်း၏ 'နားအေးပါးအေး' တေးစီးရီးထဲမှ 'နားအေးပါးအေး' သီချင်းဖြင့်စတင်ဖျော်ဖြေရာ ပြင်ဦးလွင်ပရိသတ်များက လှိုက်လှိုက်လှဲလှဲအားပေးသည်ကို တွေ့ရခြင်းအားဖြင့် ရန်ကုန်တွင် မသိသာသော ၄င်း၏ စီးရီးမှာ ပြင်ဦးလွင်တွင် အခြေအနေကောင်းသည်ဟုဆိုရမည်ဖြစ်သည်။

မေစံပယ်ညိုက 'အလွမ်းနေ့ရက်ရှည်' အပါအဝင် သီချင်းလေးပုဒ် သီဆိုပြီးသည့်နောက် မိုးမိုး၏ အလှည့်အရောက်တွင် 'အသက်လေးဆယ်' သီချင်းဖြင့် စတင်သီဆိုချိန်တွင်တော့ တစ်ကွင်းလုံးပရိသတ်များ ပြည့်သွားတော့သည်။ ပရိသတ်များ ထူးထူးခြားခြား အားပေးမှုကို လက်ခံရရှိခဲ့ပြီး မိုးမိုး၏ သီချင်းအားလုံးနီးပါးကို ပရိသတ်အားလုံးနီးပါးက အားပါးတရ သူနှင့်အတူ လိုက်ပါသီဆိုနေခဲ့သည်။ မိန်းကလေးငယ်ပရိသတ်များကလည်း သားရှင်ဖြစ်သော မိုးမိုးကို 'ယောက္ခမကြီး'ဟု အော်ဟစ်ကာ အားပေးခဲ့ကြသည်။

မိုးမိုးကြောင့် နောက်ထပ်နောက်ထပ်ပရိသတ်တွေ အများကြီးထပ်ရောက်လာခဲ့ပြီးပွဲက ပိုမိုအသက်ဝင်လာခဲ့တော့သည်။ မိုးမိုး၏ ရှိုးပွဲသီဆိုဟန်မှာ မြူးကြွသွက်လက်လွန်းတာကြောင့် ပရိသတ်အတော်များများ ပျော်ရွှင်စွာအော်ဟစ်အားပေးရင်း၊ ခုန်ပေါက်မြူးထူးရင်း မိုးမိုး၏ နာမည်ရေရွတ်သံများဖြင့် ဆူညံနေခဲ့သည်။ သီချင်းငါးပုဒ်ဖြင့် နှုတ်ဆက်သီဆိုတာတောင် သိပ်အားရဟန်မတူသော ပြင်ဦးလွင် ပရိသတ်များက သီရိဆွေ၊ မျိုးကျော့မြိုင်၊ ဂျင်နီနှင့် စည်သူလွင်တို့ကိုလည်း ရှေ့ရှေ့က သီဆိုသွားသည့်နည်းတူ မလျော့သော အားပေးမှုဖြင့် ဆက်လက်အားပေးခဲ့ကြပြီးနောက် စည်သူလွင်၏ ဖျော်ဖြေမှုအပြီးတွင် အားလုံး မျှော်လင့်နေသော ချမ်းချမ်းက သီဆိုဖျော်ဖြေခဲ့သည်။ ချမ်းချမ်းအလှည့်တွင် ပွဲအနည်းငယ်ဆူလာခဲ့ပြီး စင်ပေါ်သို့ အားမလိုအားမရဖြစ်ဟန်ဖြင့် ရေသန့်ဘူးနှင့် ပစ်ပေါက်ခြင်းတချို့ ရှိလာသောကြောင့် ပွဲတွင်းရှိ လုံခြုံရေးများ အလုပ်ရှုပ်သွားသည်။ မနေ့က ဖျော်ဖြေခဲ့ကြသော ဟစ်ဟော့ပ်ပွဲတွင်လည်း ရေသန့်ဘူးများ ပလူပျံ့ခဲ့ကြပြီး "ပရိသတ်တွေကတော့ အရမ်းမိုက်တယ်။ ဒါပေမဲ့ ဟိုပေါက်ဒီပေါက်တော့ရှိတယ်။ နည်းနည်းတော့ရှောင်ရတာပေါ့။ သူတို့က ကြိုက်လည်းပေါက်၊ မကြိုက်လည်းပေါက်ပဲ။ ကိုယ်ကတော့ ဒီလိုပဲ ဆိုနေရတာပေါ့။ ညက ခြောက်နာရီလောက်မှပြီးတယ်။ စိုင်းစိုင်းက ပွဲသိမ်းပေါ့။ ကျွန်တော်က စိုင်းစိုင်းရှေ့က ဆိုတာ" ဟု အဆိုတော် ဘန်နီဖြိုးက ပြောပြခဲ့သည်ကို သတိရမိလာသည်။

"အရင်နှစ်ရက်က လူက သိပ်မလာဘူး။ အန်ဒါဂရောင်းတွေနဲ့ ဟစ်ဟော့ပ်တွေဆိုတော့ ပရိသတ်က ဒီနေ့လောက်မများဘူး။ ဒီနေ့ အများဆုံးပဲ" ဟု ပွဲတော်သုံး ရက်လုံးကြည့်ရှုခဲ့သည့် ပြင်ဦးလွင်မှ ဂီတချစ်သူ ပရိသတ်တစ်ဦး က ပြောကြားသည်။

ချမ်းချမ်း၏သီချင်း လေးပုဒ်အပြီးတွင်တော့ ဖြူဖြူကျော်သိန်းက 'ချစ်သူ့အမုန်းကျိန်စာ' ဖြင့် သူမ၏ သီဆိုမှုကိုစတင်လိုက်သည်။ ဖြူဖြူကျော်သိန်းသည် ပွဲထိန်းသည့်နေရာတွင် သူမ၏ အဆိုနှင့်ပါဖောင့်မန့်သာမက အပြောလေးနှင့်ပါ ပရိသတ်ကိုချုပ်နိုင်စွမ်းရှိသူဖြစ်သည်။ နှစ်စဉ် နှစ်တိုင်း ပွဲသိမ်းသီဆိုနေကျ ဇော်ဝင်းထွဋ်ကို လူကြီးလူငယ်မရွေး ပြင်ဦးလွင်ပရိသတ်များ တစ်ခဲနက်အားပေးကြသည်ကိုတွေ့ရသည်။ ဇော်ဝင်းထွဋ်၏ ဖျော်ဖြေမှု အလယ်ပိုင်းလောက်တွင် နေဝင်ညနေခင်းအချိန်ဖြစ်လာခြင်းကြောင့် မိန်းကလေးပရိသတ်အချို့ ပြန်လည်ထွက်ခွာသွားခဲ့သော်လည်း အမျိုးသားပရိသတ်များ ပိုမိုများပြားလာခဲ့ပြီး သီချင်းတစ်ပုဒ်ဆုံးတိုင်း 'အနှိုင်းမဲ့' 'အနှိုင်းမဲ့' ဟု သီချင်းနာမည်ကိုအော်ဟစ်တောင်းဆိုနေသံများက တစ်ကွင်းလုံး ဆူညံနေသည်။ ကွင်းအတွင်း လုံခြုံရေးများလည်း ပို၍သတိထားလာရပြီး ဇော်ဝင်းထွဋ်ထံသို့ အောက်မှပရိသတ်များက သိုးမွေးခေါင်းစွပ်များ၊ ဦးထုပ်များ၊ မာဖလာပဝါများ ပစ်ပေးကြသည်။ ပရိသတ်စိတ်ကျေနပ်စေရန် ယင်းပစ္စည်းများကို ဇော်ဝင်းထွဋ်က ခေတ္တမျှဝတ်ဆင်ကာ သီချင်းများကို လုံးဝမရပ်နားဘဲ ဆက်တိုက်သီဆိုခဲ့သည်ကို တွေ့ရသည်။ ပွဲတော်ကာလအတွင်း လုံခြုံရေးကို အထူးဂရုစိုက်ထားသည်ကို တွေ့ရပြီး ပွဲတော်အတွင်းဝင်ရောက်ကြမည့်ပရိသတ်များအား တုတ်၊ ဓား၊ လက်နက်၊ရေသန့်ဘူး၊ ပြင်ပအစားအသောက်ကိုလုံးဝယူခွင့်မပေးဘဲ လုံခြုံရေးတာဝန်ယူသူများက စစ်ဆေးကြသည်။ ထို့အပြင် ဆိုင်ကယ်ဦးထုပ်များ၊ ခါးပတ်များကိုလည်း အိတ်များဖြင့် သီးခြား ထုတ်ပိုးသိမ်းဆည်းထားသည်ကိုလည်း တွေ့ရသည်။


## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း
အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး
ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | TRON: Legacy | N/A | ၄၄,၀၂၆,၂၁၁ | ၁ |
| ၂။ | Yogi Bear | N/A | ၁၆,၄၁၁,၃၂၂ | ၁ |
| ၃။ | The Chronicles of Narnia: The Voyage of the Dawn Treader | Fox Walden | ၄၂,၇၅၂,၂၇၇ | ၂ |
| ၄။ | The Fighter | Paramount Pic: | ၁၂,၅၆၉,၄၀၃ | ၂ |
| ၅။ | Tangled | Walt Disney | ၁၂၇,၉၁၈,၂၇၆ | ၄ |
| ၆။ | The Tourist | Sony Picture | ၃၀,၆၁၃,၅၂၀ | |
| ၇။ | Black Swan | Fox Serchlight Pic: | ၁၅,၇၉၁,၇၅၃ | ၃ |
| ၈။ | How Do You Know | Sony Picture | ၇,၄၈၄,၆၉၆ | ၂ |
| ၉။ | Harry Potter and the Deathly Hallows-Part 1 | Warner Bros. Pic: | ၂၆၅,၇၂၃,၆၁၈ | ၅ |
| ၁၀။ | Unstoppable | 20th Century Fox | ၇၇,၃၈၆,၃၀၄ | ၆ |

## Movie Review

### The Way Back




၁၉၄၀ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း နိုင်ငံပေါင်းစုံမှ အကျဉ်းသားတစ်စု ဆိုဗီယက်ယူနီယံ ဆိုက်ဘေးရီးယားဒေသမှ အိန္ဒိယနိုင်ငံသို့ ထွက်ပြေးလွတ်မြောက်လာခြင်းအကြောင်းကို ရိုက်ကူးထားသော ဇာတ်လမ်းဖြစ်သည်။ မှတ်တမ်းတစ်ခုအား အခြေပြုရိုက်ကူးထားသော အဆိုပါဇာတ်ကားတွင် အကျဉ်းသားများသည် ရန်သူ့နိုင်ငံ ငါးနိုင်ငံအား အခက်အခဲမျိုးစုံ၊ရာသီဥတုမျိုးစုံကို ဖြတ်သန်း၍ အသက်ရှင်သန်ရေးအတွက် ခက်ခက်ခဲခဲရုန်းကန်ရပုံ၊ မိုင် ၄၀၀၀ ခရီးအား ခရီးပြင်းနှင်ရပုံကို ရိုက်ကူးထားသည်။

ဝါရင့်ဩစတြေးလျ ဒါရိုက်တာပီတာဝီယာ ရိုက်ကူးထားသောဖြစ်ရပ်မှန် ဒရာမာဇာတ်ကားတွင် Colin Farrel, Ed Harris, Jim Sturgess, Saoirse Ronan တို့ပါဝင်သရုပ်ဆောင်ထားသည်။ ဘူဂေးရီးယား၊ မော်ရိုကိုနှင့် အိန္ဒိယနိုင်ငံတို့တွင် ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားပြီး ဒီဇင်ဘာ ၂၉ ရက်တွင် New Markets Films က ဖြန့်ချိမည်ဖြစ်သည်။

# Sports

7 DAY NEWS JOURNAL

Vol.9, No.40 • DECEMBER 30, 2010


## မြန်မာနေရှင်နယ်လိဂ် ကွင်းဝင်ကြေးခွဲဝေမှု အချိုးပြောင်း

**ဗိုလ်ဗိုလ်ဝင်း၊ မျိုးမင်းဦး**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၂**

လာမည့် ၂၀၁၁ MNL ပြိုင်ပွဲတွင် ဧည့်သည်အသင်း၏ အထွေထွေစရိတ် အားလုံးနှင့် ပြိုင်ပွဲကျင်းပစရိတ်ကုန်ကျငွေအားလုံးကို တာဝန်ယူကျခံမည့် အိမ်ရှင်အသင်းအနေဖြင့် ကွင်းဝင်ကြေး၏ ၈၀ ရာခိုင်နှုန်းကို ရရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)မှ သတင်းရရှိသည်။

၂၀၁၀ MNL ပြိုင်ပွဲ ပွဲစဉ်များတွင် ပြိုင်ပွဲကျင်းပစရိတ်နှင့် အထွေထွေစရိတ်များအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကပင် ကုန်ကျခံကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းနှစ်သင်းက ကွင်းဝင်ကြေး၏ ၄၀ ရာခိုင်နှုန်းစီနှင့် အဖွဲ့ချုပ်မှ ၂၀ ရာခိုင်နှုန်းရရှိခဲ့သည်။

"လာမယ့် MNL ရာသီမှာတော့အိမ်ရှင်အသင်းက ဧည့်သည်အသင်းရဲ့ အထွေထွေစရိတ် (နေထိုင်၊ စားသောက်မှု) အားလုံးနဲ့ ပြိုင်ပွဲကျင်းပရေး စရိတ်ကိုပါ တာဝန်ယူမယ်ဆိုရင် ကွင်းဝင်ကြေးရဲ့ ၈၀ ရာခိုင်နှုန်းကို ရရှိမှာဖြစ်ပြီး၊ ၂၀ ရာခိုင်နှုန်းကိုတော့ အဖွဲ့ချုပ်ကရမှာပါ"ဟု MFF မှ တာဝန်ရှိသူက ပြောသည်။

ထို့ကြောင့် ပြိုင်ဘက်အသင်းများ၏ အိမ်ကွင်းများသို့ သွားရောက်ယှဉ်ပြိုင်ရမည့် ဧည့်သည်



ဘောလုံးအသင်းများသည် အသွားအပြန်ခရီးစရိတ်များသာ ကုန်ကျတော့မည်ဖြစ်ကြောင်း သိရသည်။

"အိမ်ရှင်အသင်းတွေအနေနဲ့ ဒီလိုမျိုး အကုန်အကျမခံချင်ဘူးဆိုရင်လည်း ပြိုင်ပွဲ ပွဲစဉ်ကို အဖွဲ့ချုပ်ကပဲ ကျခံစီစဉ်ပေးသွားမှာပါ။ အဲလိုဆိုရင်တော့ ကွင်းဝင်ကြေးကို ပြိုင်ပွဲဝင်နှစ်သင်းက ၄၀ ရာခိုင်နှုန်းနဲ့ အဖွဲ့ချုပ်က ၂၀ ရာခိုင်နှုန်းရရှိမှာပါ" ဟု အဆိုပါတာဝန်ရှိသူက ဆက်ပြောသည်။

## မြန်မာနေရှင်နယ်လိဂ် ပထမအကျော့ပွဲစဉ်များ ရေးဆွဲပြီး

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၂**

တစ်ပတ်လျှင် ခြောက်ပွဲယှဉ်ပြိုင်ကစားမည့် ၂၀၁၁ မြန်မာနေရှင်နယ်လိဂ် ဘောလုံးရာသီ ပထမအကျော့ပွဲစဉ်များကို ရေးဆွဲပြီးစီးသွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှ ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၀၉ ခုနှစ်က အသင်းရှစ်သင်းဖြင့်စတင်ခဲ့သော MNL ပြိုင်ပွဲသည် ၂၀၁၀ ပြည့်နှစ်တွင် အသင်း ၁၁ သင်းအထိ ပါဝင်လာခဲ့ပြီး၊ လာမည့် ၂၀၁၁ ဘောလုံးရာသီတွင် ရခိုင်ပြည်နယ်ကိုယ်စားပြု ရက္ခပူရအသင်းပါဝင်လာမည်ဖြစ်သောကြောင့် စုစုပေါင်းအသင်း ၁၂ သင်းရှိလာမည်ဖြစ်သည်။ ထို့အပြင် ဒယ်လ်တာယူနိုက်တက်အသင်းသည်လည်း ဧရာဝတီယူနိုက်တက်အမည်ဖြင့် ပြောင်းလဲယှဉ်ပြိုင်သွားမည်ဖြစ်သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ဖွန်လ ၁၃ ရက်အထိ ယှဉ်ပြိုင်ကစားမည့် MNL ပထမအကျော့ပွဲစဉ်ရေးဆွဲမှုအရ အဖွင့်ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်နှင့် နေပြည်တော်အသင်း၊ ဧရာဝတီယူနိုက်တက်နှင့် မကွေးအသင်း၊ ဆောက်သမ်းမြန်မာနှင့် ဉဿာယူနိုက်တက်၊ ကမ္ဘောဇအသင်းနှင့် မနောမြေ၊ လက်ရှိချန်ပီယံရတနာပုံနှင့် အသင်းသစ် ရက္ခပူရ၊ ဇေယျာရွှေမြေနှင့် ဇွဲကပင်တို့ စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စာ(၄၇)သို့

## မြန်မာဘောလုံးအသင်းအတွက် နည်းစနစ်ဒါိုက်တာအဖြစ် အာဂျင်တီးနားနိုင်ငံသားကို ခန့်အပ်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) ကမြန်မာဘောလုံးအသင်းများအတွက် နည်းစနစ်ဒါရိုက်တာအဖြစ် အာဂျင်တီးနားနိုင်ငံသားနည်းပြဆရာတစ်ဦးအား ခန့်အပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"မြန်မာ့လက်ရွေးစင် (အမျိုးသား၊ အမျိုးသမီး)၊ လူငယ် အသင်းတွေအတွက် နည်းစနစ်ပိုင်းဆိုင်ရာတွေ ပြသဖို့ အာဂျင်တီးနားနိုင်ငံက နည်းပြဆရာတစ်ဦး ရောက်ရှိနေပါပြီ။ မကြာမီစာချုပ်ချုပ်ဆိုသွားမှာပါ။ ပထမတစ်နှစ်ချုပ်ဆိုသွားမှာဖြစ်ပြီး ကြိုက်ရင်နောက်ထပ်ဆက်ချုပ်သွားမှာပါ" ဟု (MFF) မှတာဝန်ရှိသူတစ်ဦးက ယခုလ ၂၅ ရက်က ပြောသည်။

ထို့ပြင် မြန်မာ ယူ-၂၃ အသင်းအားကိုင်တွယ်ရန် ဆားဘီးယားနည်းပြဆရာတစ်ဦးလည်း လာမည့် ဇန်နဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ဆက်ပြောသည်။

ပဏာမ မြန်မာယူ-၂၃ ကစားသမားများအားမကြာမီ ခြေစမ်းပွဲများကျင်းပ၍ ရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။







# မြန်မာနေရှင်နယ်လိဂ် အရန်အသင်းပြိုင်ပွဲ အသက်ကန့်သတ်မှု စတင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)သည် လာမည့်ဘောလုံးရာသီ MNL အရန်အသင်းများ ပြိုင်ပွဲတွင် အသက် ၂၁ နှစ်အောက် ကစားသမားများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ သို့သော် အသင်းတစ်သင်းလျှင် အသက် ၂၁ နှစ်အထက် ကစားသမားသုံးဦးသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်းလည်း MFF မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"လူငယ်မျိုးဆက်သစ် ကစားသမားတွေ ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်နဲ့ အခုလို သတ်မှတ်လိုက်ခြင်းဖြစ်ပါတယ်" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

ကျင်းပပြုလုပ်လျက်ရှိသော MNL အရန်အသင်းများ ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းသည် လက်ကျန်သုံးပွဲကစားရန် ကျန်ရှိနေသော်လည်း ပြိုင်ဘက်အသင်းများအား ရမှတ်ဖြတ်ထားနိုင်ပြီဖြစ်၍ အရန်အသင်းလိဂ် ချန်ပီယံဆုကို ၂ နှစ်ဆက်တိုက် ရရှိခဲ့သည်။

ဒီဇင်ဘာ ၂၂ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ရန်ကုန်ယူနိုက်တက်အရန်အသင်းနှင့် မကွေးအရန်အသင်း ပြိုင်ပွဲတွင် ဂိုးမရှိသရေကျခဲ့သည်။ ရန်ကုန်အသင်း အနေဖြင့် အဆိုပါ ပြိုင်ပွဲတွင် နောက်ထပ်ကစားရန် သုံးပွဲကျန်နေသေးသော်လည်း ဒုတိယနေရာမှ ဉဿာအရန်အသင်းနှင့် ၁၀ မှတ်တိတိ ကွာဟသွားပြီဖြစ်သောကြောင့် ချန်ပီယံဆုကို ရရှိခဲ့ခြင်းသည်။ ၎င်းသည် ၂၀၀၉ ခုနှစ်ကလည်း အရန်အသင်း လိဂ်ချန်ပီယံဖြစ်ခဲ့သောကြောင့် အဆိုပါ ဆုဖလားကို ၂ နှစ်ဆက်တိုက်ရရှိခဲ့ခြင်း ဖြစ်သည်။

# ယူ-၂၃ ပဏာမလက်ရွေးစင်ဘောလုံးအသင်းကို ခြေစမ်းပွဲပြုလုပ်ရွေးချယ်မည်ဟုဆို

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၃**

နိုင်ငံခြားသားနည်းပြဆရာကိုင်တွယ်မည့် အသက်၂၃နှစ်အောက် ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် ကစားသမားများအား ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစား၍ ရွေးချယ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှ သတင်းရရှိသည်။

"၂၀၁၁ MNL ပြိုင်ပွဲမစခင် ပဏာမ ယူ-၂၃ အသင်းအတွက် ခြေစမ်းပွဲတွေပြုလုပ်ပြီး ရွေးချယ်သွားမှာပါ။ MNL အသင်းတွေက အသက်မီတဲ့ ကစားသမားစာရင်းကိုလည်း အဖွဲ့ချုပ်က တောင်းထားပါတယ်။ ဒီအသင်းကို မကြာမီ ခန့်အပ်ဖို့ရှိတဲ့ နိုင်ငံခြားသားနည်းပြဆရာကို ကိုင်တွယ်စေမှာပါ"ဟု MFF မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ယခု ရွေးချယ်မည့် လူငယ်ကစားသမားများ၏ အသက်မှန်ကန်ရေးအတွက် သေချာစွာစိစစ်စစ်ဆေးသွားမည်ဟု အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောကြားပြီး၊ ရွေးချယ်ခြင်းခံရသည့် ကစားသမားများအား MNL ပြိုင်ပွဲမရှိချိန် ကြားရက်(ဗုဒ္ဓဟူးနေ့)များတွင် နိုင်ငံခြားသားနည်းဆရာ ခေါ်ယူလေ့ကျင့်ပေးသွားမည်ဟု သိရသည်။

"ယူ-၂၃ ပဏာမရွေးချယ်ပြီးသွားလည်း နောက်ထပ် အလားအလာရှိတဲ့ ကစားသမားအသစ်တွေ ထပ်မံရွေးချယ်သွားမှာပါ။ ဒီအသင်းဟာ လာမယ့် နိုင်ငံတကာပြိုင်ပွဲတွေအတွက် ရည်ရွယ်လေ့ကျင့်ခြင်းဖြစ်ပါတယ်"ဟု MFF မှ တာဝန်ရှိသူကပြောကြားသည်။ မြန်မာဘောလုံးအသင်းသည် ၂၀၁၁ ခုနှစ် ပထမဆုံးနိုင်ငံတကာပွဲအဖြစ် ၂၀၁၂ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲတွင်အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရန်ရှိကြောင်းသိရှိရသည်။

## စာ(၄၆) - မြန်မာနေရှင်နယ်လိဂ် ပထမအကျော့ပွဲစဉ်များ ရေးဆွဲပြီး မှ

ထို့အပြင် ဖေဖော်ဝါရီလအထိ ပွဲစဉ်များ၏ ပြိုင်ပွဲစတင်ကစားချိန်အား ညနေ ၃ နာရီခွဲတွင်သတ်မှတ်ထားပြီး၊ နောက်ပိုင်းပွဲစဉ်များကိုမူ ညနေ ၄ နာရီသတ်မှတ်ထားကြောင်းသိရသည်။

၂၀၁၁ MNL ပထမအကျော့ပွဲစဉ်များအား ရန်ကုန်မြို့ သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်း၊ မန္တလေးမြို့ ဗထူးကွင်း၊ တောင်ကြီးမြို့ ကမ္ဘောဇကွင်းနှင့် မုံရွာမြို့အားကစားကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး၊ ဒုတိယအကျော့ပွဲစဉ်များတွင် ပြိုင်ပွဲဝင်အသင်းများ၏ အိမ်ကွင်းများတွင် တိုးချဲ့ကျင်းပနိုင်ဖွယ်ရှိကြောင်းသိရသည်။

"လာမယ့်ရာသီ MNL ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်တွေကို အိမ်ကွင်းတွေမှာ လက်ခံကျင်းပဖို့ အသင်းတချို့က တင်ပြထားတာရှိပါတယ်။ အဲဒီအသင်းတွေကတော့ ဉဿာယူနိုက်တက်၊ နေပြည်တော်အသင်းနဲ့ ဧရာဝတီယူနိုက်တက် အသင်းတွေဖြစ်ပါတယ်" ဟု MFF မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

# နှစ်သစ်ကို နိုင်ပွဲတွေနဲ့ ဖွင့်လှစ်ရမယ့် မန်ယူ၊ မန်စီးတီး၊ ချယ်လ်ဆီး၊ အာဆင်နယ်

## ပရီးမီးယားလိဂ်ပွဲစဉ် ၂၁ ပွဲကြို

**ကျော်မျိုး**




ဒီတစ်ပတ်ရဲ့ ပရီးမီးယားလိဂ် ပွဲစဉ် ၂၁ မှာတော့ ဇယားကိုဦးဆောင်ဖို့ကြိုးစားရမယ့် ချယ်လ်ဆီး၊ မန်စီးတီးတို့အိမ်ကွင်းပွဲတွေ ကစားရမှာဖြစ်ပြီး၊ မန်ယူ၊ အာဆင်နယ်တို့အဝေးကွင်းပွဲတွေ ကစားရမှာမို့ အားလုံးအမှားမခံတဲ့ ပွဲကျပ်ကာလထဲမှာ ရုန်းကန်ရတော့မှာပါ။ ဒါ့အပြင် ဇယားအောက်ခြေရောက်နေတဲ့ ဝက်စ်ဟမ်း၊ ဝုလ်၊ ဝီဂန်၊ ဘာမင်ဂမ်၊ အဲဗာတန်တို့ရဲ့ပွဲတွေကလည်း မမျှော်လင့်တဲ့ နိုင်ပွဲတွေ ရသွားမလား စောင့်ကြည့်ရမှာပါ။

**<u>၁ ဇန်နဝါရီ ၂၀၁၁။ စနေ</u>**

**ဝက်စ်ဘရွန်း - မန်ယူ**

**ည ၇း၁၅ နာရီ**

**ပကျော့ရလဒ် ၂-၂**

မန်ယူဟာ ဝက်စ်ဘရွန်းနဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ လေးကြိမ်နိုင်ခဲ့ပြီး၊ တစ်ကြိမ်သာ သရေကျထားတာ တွေ့ရပါတယ်။ မန်ယူဟာ ပွဲစဉ် ၁၈ အပြီး တစ်ပွဲလျှော့ကစားထားကာ ဒုတိယနေရာက အာဆင်နယ်ကို နှစ်မှတ်အသာနဲ့ ဦးဆောင်ခဲ့တာမို့ ဒီအဝေးကွင်းပွဲမှာလည်း အနည်းဆုံး တစ်ဂိုးအသာနဲ့ အနိုင်ယူသွားဦးမှာပါ။

**လီဗာပူး - ဘောလ်တန်**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် ၁-၀**

ပထမအကျော့တုန်းက အဝေးကွင်းမှာ လီဗာပူးတို့ ကပ်နိုင်ခဲ့ပါတယ်။ လီဗာပူးတို့နောက်ဆုံး အိမ်ကွင်းသုံးပွဲမှာ ဗီလာ၊ ဝက်စ်ဟမ်း၊ ချယ်လ်ဆီးသုံးသင်းလုံးကို ဂိုးပြတ်တွေနဲ့ အနိုင်ယူခဲ့တာ ထူးခြားပါတယ်။ အဝေးကွင်းနိုင်ပွဲရလဒ်သိပ်မကောင်းတဲ့ ဘောလ်တန်တို့ သရေ သို့မဟုတ် ကပ်ရှုံးပြီးနဲ့ ပြီးသွားနိုင်ပါတယ်။

**မန်စီးတီး - ဘလက်ပူး**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် ၃-၂**

မန်စီးတီးတို့ အဲဗာတန်ကို မရှုံးခင်အထိ လိဂ်ပွဲ ခုနစ်ပွဲဆက်တိုက်ရှုံးပွဲမရှိတဲ့ မှတ်တမ်းကို ရခဲ့တာပါ။ ဒါပေမဲ့ ဇယားအလယ်ကဘလက်ပူးဟာ ပွဲစဉ် ၁၈ အပြီး အဝေးကွင်းနိုင်ပွဲ လေးပွဲတောင်ရှိခဲ့တာမို့ ချယ်လ်ဆီးထက်တောင် တစ်ပွဲပိုများနေတဲ့ အနေအထားပါ။ မန်စီးတီးတို့ အိမ်ကွင်းဆိုပေမယ့်အကြိတ်အနယ် ကန်ရဖွယ်ရှိပြီး နိုင်ရင်လည်း တစ်ဂိုးအသာလောက်နဲ့သာ နိုင်ခြေရှိပါလိမ့်မယ်။

**စတုတ်စီးတီး - အဲဗာတန်**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် ၀-၁**

ပထမအကျော့တုန်းက ရှုံးပွဲကိုစတုတ်တို့ ပြန်ဆပ်နိုင်ခြေရှိနေပါတယ်။ အဲဗာတန်တို့ ဒီနောက်ပိုင်းရှုံးပွဲတွေ ဆက်တိုက်တွေ့နေပြီး မန်စီးတီးကို အဝေးကွင်းနိုင်ပွဲရခဲ့တာကလို ခြေစွမ်းအကောင်းဆုံးရှိမနေသေးပါဘူး။ မာကျောတဲ့စတုတ်တို့ကို ပိုကြိုက်မိပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ အိမ်ရှင်စတုတ်တို့ နိုင်ပွဲဆင်သွားမှာပါ။

**ဆန်းဒါးလန်း - ဘလက်ဘန်း**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် ၀-၀**

ပွဲစဉ် ၁၈ ပြီးတဲ့အထိ ဆန်းဒါးလန်းတို့ အိမ်ကွင်းရှုံးပွဲ မရှိသေးတာဟာ အားသာချက်ပါပဲ။ ဒီနှစ်သင်းနောက်ဆုံး တွေ့ဆုံထားမှုရလဒ်တွေအရလည်း ဆန်းဒါးလန်းက တစ်ကြိမ်နိုင်ပြီး၊ နှစ်ကြိမ်သရေကျထားတယ်။ ဇယားမှာ ရပ်တည်မှုအရ အမှတ်ချင်းမကွာတဲ့နှစ်သင်း အကြိတ်အနယ်ကစားကြရမှာပါ။ မာကျောတဲ့ ဆန်းဒါးလန်းကို ယုံကြည်သင့်ပါတယ်။ ဆန်းဒါးလန်းတို့ ဂိုးအနည်းနဲ့ နိုင်မှာပါ။

**စပါး - ဖူလ်ဟမ်**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် ၂-၁**

စပါးတို့ ဇယားမှာ အခြေအနေကောင်းနေဆဲ ဖြစ်ပြီး အိမ်ကွင်းရှုံးပွဲတစ်ပွဲသာ ရှိသေးတာမို့ ယုံကြည်မှု မြင့်မားနေနိုင်ပါတယ်။ ဖူလ်ဟမ်ဟာ ဒီရာသီအဝေးကွင်းနိုင်ပွဲမဲ့နေပြီး သရေနဲ့ ရှုံးပွဲတွေ ချည်းတွေ့နေတာပါ။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ကွင်းလယ်အားသာတဲ့စပါးတို့ ကပ်နိုင်သွားမှာပါ။

**ဝက်စ်ဟမ်း - ဝုလ်**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် ၁-၁**

ဇယားအောက်ခြေက နှစ်သင်းရဲ့ အားပြိုင်ပွဲဖြစ်ပါတယ်။ ဝက်စ်ဟမ်းတို့ အိမ်ကွင်းနိုင်ပွဲရဖို့ အခြေအနေကောင်းပြီး အဝေးကွင်းရှုံးပွဲ အများဆုံးဖြစ်နေတဲ့ ဝုလ်ကို အနည်းဆုံးတစ်ဂိုးအသာလောက်နဲ့ နိုင်သွားမှာပါ။

**<u>၂ ဇန်နဝါရီ ၂၀၁၁။ တနင်္ဂနွေ</u>**

**ဘာမင်ဂမ် - အာဆင်နယ်**

**နံနက် ၁၂း၀၀ နာရီ**

**ပကျော့ရလဒ် ၁-၂**

အာဆင်နယ်တို့ ဇယားမှာ နေရာမြဲဖို့ အဝေးကွင်းနိုင်ပွဲရှာရမယ့်ပွဲပါပဲ။ ဘာမင်ဂမ်တို့ အိမ်ကွင်းနိုင်ပွဲ နည်းပေးမယ့် သရေပွဲတွေများထားတာ သတိထားရမှာပါ။ တန်ပြန်တိုက်စစ်နဲ့ ရင်ဆိုင်ရမယ့် အိမ်ရှင်ဘာမင်ဂမ်ကို အာဆင်နယ်တို့ အများဆုံးနှစ်ဂိုးလောက်ပဲ ရနိုင်ခြေရှိပါတယ်။

**ချယ်လ်ဆီး-အက်စတန်ဗီလာ**

**ည ၈း၀၀ နာရီ**

**ပကျော့ရလဒ် ၀-၀**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ ချယ်လ်ဆီးသုံးကြိမ်၊ ဗီလာတစ်ကြိမ်နိုင်ပြီး တစ်ကြိမ်သရေကျထားပါတယ်။ ပထမအကျော့တုန်းက အဝေးကွင်းမှာ ဂိုးမရှိသရေကျခဲ့ပေမယ့် ဒီအိမ်ကွင်းပွဲမှာတော့ ချယ်လ်ဆီးတို့ အနိုင်ရနိုင်ပါတယ်။ အနယ်ကာ၊ ဒရော့ဘာ၊ ကာလူးတို့ရဲ့ ချယ်လ်ဆီးကပဲ ဂိုးနည်းနည်းနဲ့ နိုင်ခြေရှိပါတယ်။ ဗီ လာအလွန်ဆုံးရရင် သရေပါ။

**ဝီဂန် - နယူးကာဆယ်**

**ည ၁၀း၃၀ နာရီ**

**ပကျော့ရလဒ် ၂-၂**

အိမ်ကွင်းနိုင်ပွဲနည်းပြီး၊ သရေရလဒ်တွေများနေတဲ့ ဝီဂန်တို့ နယူးကာဆယ်ကို တန်ပြန်တိုက်စစ်ကစားဖွယ်ရှိတယ်။ ဒါပေမဲ့ အဝေးကွင်းရှုံးပွဲများနေတဲ့ နယူးကာဆယ်တို့ ဝီဂန်ကို ဖိကစားနိုင်မှာမဟုတ်ဘဲ အလစ်ချောင်းပြီးသာ တိုက်စစ်ဆင်ရမှာပါ။ ပထမအကျော့တုန်းကလို သရေပွဲရလဒ်ဆီဦးတည်နေပြီး၊ နယူးကာဆယ်နိုင်ရင်လည်း ကပ်နိုင်ဖို့ပဲရှိပါတယ်။

# ကချင်ပြည်နယ်၏ ပထမဆုံးရိုးရာလက်ဝှေ့ကလပ် ဖွဲ့စည်းမည်

**ညီညီဇော်**

မြစ်ကြီးနား၊ ဒီဇင်ဘာ - ၂၄

ကချင်ပြည်နယ်တွင် ပထမဦးဆုံး မြန်မာ့ရိုးရာ လက်ဝှေ့ကလပ် အသင်း စတင်ဖွဲ့စည်းတည်ထောင်တော့မည်ဟု သတင်းရရှိသည်။

၎င်းကလပ်ကို မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံဟောင်း ရွှေဝါထွန်းက နည်းပြတာဝန်ယူမည်ဖြစ်ပြီး SKM Group ကတာဝန်ယူဖွဲ့စည်းခြင်းဖြစ်သည်။ မြန်မာချန်ပီယံအဆင့်အထိ မွေးထုတ်ရန် ရည်ရွယ်သည်ဟုဆိုသော ၎င်းကလပ်မှ တာဝန်ခံကိုဒဿက "အဖွဲ့ဝင် ၁၅ ယောက် ဝန်းကျင်နဲ့ စဖွဲ့မှာဖြစ်ပါတယ်။ အဖွဲ့ဝင်တွေရဲ့ ရသင့်ရထိုက်တဲ့ ခံစားခွင့်တွေလည်းပေးထားပါတယ်" ဟု ပြောသည်။ ကလပ်ကို ၂၀၁၁ ဇန်နဝါရီ ၈ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဖေဖော်ဝါရီလများတွင် ဖားကန့်၊ မိုးကောင်း၊ မြစ်ကြီးနားမြို့များ၌ ၄ ချီပွဲ စတင်ထိုးမည်ဖြစ်ကာ နိုင်ငံတကာပွဲအနေဖြင့် တရုတ်နှင့် အိန္ဒိယကို ကမ်းလှမ်းထားသည်ဟု ကလပ်မန်နေဂျာကိုသန်းစိုးက ပြောသည်။ မြန်မာနိုင်ငံတွင် လက်ဝှေ့ကလပ်အသင်းပေါင်း ၃၀ ကျော်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တွင် အများဆုံးဖွဲ့စည်းထားသည်။

7 DAY NEWS JOURNAL
Vol.9, No.40 · DECEMBER 30, 2010

## နျူစစ်ဆေးရေးမှူးများကိုလက်ခံရန် တရုတ်နိုင်ငံက မြောက်ကိုရီးယားအား တိုက်တွန်း



**ဘေဂျင်း၊ ဆိုးလ်**
**ဒီဇင်ဘာ - ၂၂**

တောင်ကိုရီးယားနှင့် ရင်ဆိုင်မှု ရှိနေစဉ် ဖြစ်ပေါ်လာသည့် နိုင်ငံတကာ တင်းမာမှုများကို လျော့နည်းသွားစေရန်အတွက် ကုလသမဂ္ဂနျူကလီးယား စစ်ဆေးရေးမှူးများအား နိုင်ငံသို့ လာရောက်ခွင့်ပြုရေး ကမ်းလှမ်းမှုကို ဆက်လက်အကောင်အထည်ဖော်ရန် တရုတ်နိုင်ငံက မြောက်ကိုရီးယားအားတိုက်တွန်းလိုက်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် တောင်-မြောက်အကျပ်အတည်းအားဖြေရှင်းရန် တွေ့ဆုံဆွေးနွေးရေးလုပ်ရန်သာ အစဉ်တစိုက် တိုက်တွန်းခဲ့ပြီး ယွန်ပြောင်းကျွန်းအားမြောက်ကိုရီးယားက ပစ်ခတ်ခဲ့ခြင်းကိုလည်းအပြစ်တင်ပြောကြားခြင်းမရှိပေ။

တောင်ကိုရီးယားသည် ဒီဇင်ဘာ ၂၀ ရက်ကလည်း ကျည်ဆံအစစ်များဖြင့် စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့သည်။ ယင်းအတွက် နှစ်နိုင်ငံကြား စစ်ပွဲတစ်ရပ်ဖြစ်ပေါ်လာနိုင်သည်ဟု စိုးရိမ်မှုများရှိခဲ့သော်လည်း မြောက်ကိုရီးယားက လက်တုံ့မပြန်ခဲ့ပေ။ ထိုအစား ယခင်က နိုင်ငံမှ နှင်ထုတ်ခဲ့သော နျူကလီးယား စစ်ဆေးရေးမှူးများကို လာရောက်ခွင့်ပြုမည်ဟု မြောက်ကိုရီးယားက ကမ်းလှမ်းခဲ့သည်။

“မြောက်ကိုရီးယားဟာ ငြိမ်းချမ်းရေး ရည်ရွယ်ချက်တွေ အတွက်နျူကလီးယား စွမ်းအင်သုံးစွဲခွင့်ရှိပါတယ်။ တစ်ချိန်တည်းမှာပဲ နိုင်ငံတကာ အဏုမြူအေဂျင်စီမှ စစ်ဆေးရေးမှူးတွေကိုလည်း နိုင်ငံတွင်းလာရောက်ဖို့ ခွင့်ပြုရပါမယ်” ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မစ္စကျန်းယုက ဘေဂျင်းတွင် ပြော ကြားသည်။

မကြာသေးမီက မြောက်ကိုရီးယားသို့ တရားဝင်မဟုတ်သော အလည်အပတ် ခရီးသွားရောက်ခဲ့သည့် အမေရိကန် နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူး ဘီလ်ရစ်ချက်ဆန်ကလည်း မြောက်ကိုရီးယားနိုင်ငံက ကုလစစ်ဆေးရေးမှူးများ လာရောက်ခွင့်ပြုရန် ကတိပေးလိုက်ကြောင်း ပြောကြားသည်။

*—Ref: Reuters*








LUX
ညှို့အားပြင်းတယ်၊ တက်ကြွမှုရှိတယ်၊
နူးညံ့တဲ့အထိအတွေ့တွေနဲ့ သင့်အလှတရားအတွက်ကျေနပ်စေမယ်
LUX
Wake Me Up
LUX
Soft Kiss
LUX
White Impress
WHITENING
FOR FAIR RADIANT SKIN
LUX
Magic Spell
FOR SOFT & FRAGRANCED SKIN
with fine aromatic oils and lotus essence
LUX
LUX
LUX
LUX
Magic Spell

7 DAY NEWS JOURNAL
Vol.9, No.40 · DECEMBER 30, 2010

# အာဖဂန်နစတန် စစ်သားများအတွက် အမေရိကန်မှပေးပို့သည့်ဆေးဝါးများ ပျောက်ချင်းမလှ ပျောက်သွား



**ကဘူးလ်၊ ဒီဇင်ဘာ -၂၃**

အာဖဂန်နစ္စတန် စစ်ဘက်နှင့် ရဲဘက်တပ်ဖွဲ့ဝင်များအတွက် အမေရိကန်နိုင်ငံမှ လှူဒါန်းပေးပို့သည့်ဆေးဝါးပစ္စည်းများမှာ စစ်ဘက်ဆေးရုံ၊ ဆေးခန်းများသို့ မရောက်ရှိမီ ပျောက်ချင်းမလှ ပျောက်သွားကြောင်း အေပီသတင်းက ဖော်ပြသည်။

ယင်းသို့ဆေးဝါးများ ပျောက်ဆုံးမှုနှင့် အစိုးရ၏ခြစားခြင်းအားစုံစမ်းစစ်ဆေးနေစဉ်မှာပင် အာဖဂန်အစိုးရ စစ်တပ်၏ ထိပ်တန်းဆေးဘက်ဆိုင်ရာ အရာရှိအား ရာထူးမှဖယ်ရှားခဲ့ကြောင်း သိရသည်။ ဆေးဘက်ဆိုင်ရာ အရာရှိချုပ် အာမက်ဇီယာယက်ဖ်တာလီနှင့် ကဘူးလ်မြို့ရှိ နိုင်ငံ၏ စစ်ဘက်ဆိုင်ရာ ဆေးရုံကြီးမှ အရာရှိသုံးဦးကိုလည်းအလုပ်မှ ထုတ်ပယ်လိုက်ကြောင်း အာဖဂန်နစ္စတန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး အဗ္ဗဒူရာမန်ရာဒက်က အေပီသတင်းဌာနအား ပြောကြားသည်။ အမေရိကန်မှ လှူဒါန်းပေးပို့လိုက်သော ကန်ဒေါ်လာ ၄၂ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများထဲမှ မည်ရွေ့မည်မျှပျောက်ဆုံးသွားသည်ဆိုခြင်းကိုမူ ရှင်းရှင်းလင်းလင်း မသိရှိရသေးပေ။ ဆေးဝါးများ ပျောက်ဆုံးမှုကြောင့် အာဖဂန်တပ်သားများ သေဆုံးခဲ့ရမှုရှိ၊ မရှိကိုလည်း မသိရသေးပေ။

အမေရိကန် အရာရှိများကမူ ဆေးဝါးပစ္စည်းများအား အာဖဂန်များလက်သို့ လွှဲပြောင်းပေးအပ်ပြီးပါက ၎င်းတို့တွင် တာဝန်မရှိတော့ကြောင်း ပြောကြားသည်။ အာဖဂန်နစ္စတန်အား ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် အစိုးရ၏ ခြစားမှုများကို မြေလှန်တိုက်ဖျက်ပစ်ရန် အမေရိကန်တို့က သမ္မတ ဟာမစ်ကာဇိုင်းအား အကြိမ်ကြိမ် တိုက်တွန်းခဲ့သည်။ သို့သော်လည်း အစိုးရ၏ ခြစားမှုကို တိုက်ဖျက်ရေး စီမံကိန်းများမှာရပ်တန့်နေကြောင်း သိရသည်။

*—Ref: AP*

SHINE CONSTRUCTION CO.,LTD.
Member of Shine Group of Companies

တပ်မတော်ခန်းမအတွင်း 1-1-2011 မှ 4-1-2011 ထိ ကျင်းပပြုလုပ်မည့်
Housing, Living & Furniture Fair ပြပွဲတွင်
၂၀၁၁ခုနှစ် နှစ်သစ်ကိုကြိုဆိုသောအားဖြင့် . . . . .



- 10% to 30% Discount ရရှိနိုင်မည့်အခွင့်အရေး . . . .
- ငွေကျပ် (၅)သိန်း ယူဆောင်လာရုံဖြင့် တိုက်ခန်းတစ်ခန်း ဝယ်ယူခွင့် ရရှိနိုင်မည့်အခွင့်အရေး . . . .
- ငွေကျပ် (၁၀)သိန်း ယူဆောင်လာရုံဖြင့် အဆင့်မြင့် Condo တစ်ခန်း ဝယ်ယူခွင့် ရရှိနိုင်မည့်အခွင့်အရေး . . . .
- ငွေကျပ် သိန်း(၅၀) ယူဆောင်လာရုံဖြင့် မြေညီထပ် တစ်ခန်း ဝယ်ယူခွင့် ရရှိနိုင်မည့်အခွင့်အရေး . . . .
- (၂၄)နာရီ ရေ၊ မီး၊ အင်တာနက်၊ ဓါတ်လှေကား၊ သန့်ရှင်းရေး၊ လုံခြုံရေး၊ အအေးပေးစနစ်များပါရှိသော အဆင့်မြင့်ရုံးခန်းများအား ငှားရမ်းနိုင်မည့်အခွင့်အရေး . . . .
- ရင်းနှီးမြှုပ်နှံလိုသူများအတွက် (၁၀)ရစ်မှ . . . . . . (၁၈)ရစ်အထိ ရရှိနိုင်မည့်အခွင့်အရေး . . . .
- Laptop, Aircon, Electric Oven, ရေခဲသေတ္တာ၊ LCD (၄၀လက်မ) လက်ဆောင် (၅)မျိုးအပြင် ဗလာမပါကံစမ်းမဲ(ခုပေါက်၊ ခုယူ) ရရှိမည့်အခွင့်အရေး....

ဒီလို.... ဒီလို.... အခွင့်အရေးတွေကို လက်မလွှတ်တမ်းပိုင်ဆိုင်နိုင်ဖို့ "ရှိုင်း" နဲ့အမြန်ဆုံးဆက်သွယ်ကြပါနော် ....

ပြပွဲကျင်းပမည့်နေရာ "တပ်မတော်ခန်းမ"
ဆက်သွယ်ရန်လိပ်စာ No.29, Ground Floor, Gyo Phyu St, Mingalartaungnyunt Tsp, Yangon, Myanmar.
Tel : Pilot No. 385344, 385340~4

KAUNG MYAT ZAW INTERNATIONAL CO.,ITD.

စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီ၊ Shopping Center ၊ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များအတွက် အထူးအစီအစဉ် . . . . .
(2'x2') နှင့် (1'x1') အခင်းကြွေပြားများအား အထူးဈေးနှုန်းများဖြင့် ရောင်းချပေးနေပါသည် . . . . .

- ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် တံခါးဝယ်ယူမည့် Customer များအတွက်
- (7'x4') နှစ်ချပ်ဖွင့် Steel Main Door များအား(219999Ks)ဖြင့် ဝယ်ယူရရှိနိုင်မည့်အခွင့်အရေး...
- (7'x3') Steel Door များအား (139999Ks)ဖြင့် ဝယ်ယူရရှိနိုင်မည့်အခွင့်အရေး...
- (6½'x2½')အိပ်ခန်းသုံးတံခါးများအား (95000Ks)ဖြင့် ဝယ်ယူရရှိနိုင်မည့်အခွင့်အရေး...

Door to Door
စနစ်ဖြင့် ပို့ဆောင်ပေးနေပါသည်။
(ရန်ကုန်မြို့တွင်းသာ)

ဆက်သွယ်ရန်လိပ်စာ
အမှတ်(၂၉)၊ မြေညီထပ်၊ ဂျိုးဖြူလမ်း၊ ဂျိုးဖြူကွန်ဒို (အောင်ဆန်းကွင်းအထူးတန်းရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ Pilot No. 385344, 01-385340~4

7 DAY NEWS JOURNAL
Vol.9, No.40 • DECEMBER 30, 2010

# ကြီးမားသော စစ်ဆင်ရေးလေ့ကျင့်မှု အသစ်တစ်ရပ် တောင်ကိုရီးယား စတင်



**ပိုချောင်း၊ ဒီဇင်ဘာ -၂၃**

ယွန်ပြောင်းကျွန်းအား မြောက်ကိုရီးယားနိုင်ငံမှ လက်နက်ကြီးများနှင့်ပစ်ခတ်မှုများရှိခဲ့ပြီး တစ်လအကြာတွင် တောင်ကိုရီးယားနိုင်ငံက အကြီးမားဆုံးဆောင်းရာသီ စစ်ဆင်ရေး လေ့ကျင့်မှုများကိုစတင်လိုက်သည်။ ၎င်းစစ်ဆင်ရေးလေ့ကျင့်မှုတွင် တောင်ကိုရီးယားကတပ်ဖွဲ့များ၊ တင့်ကားများ၊ ရဟတ်ယာဉ်များ၊ တိုက်လေယာဉ်များဖြင့် စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယား၏ စစ်ရေးလေ့ကျင့်မှုများအား နှစ်ဖက်စစ်တပ်များ အားဖြည့်တပ်စွဲထားသောနယ်စပ်အနီး တောင်ထူထပ်ရာပိုချောင်းဒေသ စစ်ရေးလေ့ကျင့်ကွင်းများတွင် ဒီဇင်ဘာလ ၂၃ ရက်နေ့လယ်ပိုင်းက စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းမှာ တောင်ကိုရီးယားနိုင်ငံမှ စစ်ဘက်အင်အားပြသခြင်းဖြစ်ပြီး မြောက်ကိုရီးယားနှင့် တင်းမာမှုများ မြင့်တက်လာနိုင်သော အခြေအနေများကြားမှပင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း အေပီသတင်းက ဖော်ပြသည်။

ဂျစ်ကားများသည် လက်နက်ကိုင်စစ်သားများနှင့် ရေခဲပြင်စကိတ်ကွင်းတစ်ကွင်းအား ဖြတ်သန်း၍ အကွေ့အကောက်များသည့်တောင်ပေါ် စစ်ရေးလေ့ကျင့်ကွင်းသို့ သွားရောက်ကြပြီး ၎င်းဒေသ၌ ဆီးနှင်းများထူထပ်စွာကျဆင်းနေကြောင်းသိရသည်။

လွန်ခဲ့သော တစ်လတိတိက တောင်ကိုရီးယားယွန်ပြောင်းကျွန်းအနီးတွင် ကျည်ဆန်အစစ်များနှင့် ပုံမှန်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေစဉ် မြောက်ကိုရီးယားနိုင်ငံဘက်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် စစ်သားနှစ်ဦးနှင့် အရပ်သားနှစ်ဦး သေဆုံးခဲ့သည်။ ပြုယမ်း၏ ကန့်ကွက်မှုများကြားမှ တောင်ကိုရီးယားနိုင်ငံက နှစ်ဖက်အငြင်းပွားနေသည့် ရေပိုင်နက်တွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းအတွက် မြောက်ကိုရီးယားက အပြစ်တင် ပြောကြားခဲ့သည်။

*—Ref: AP*



# ကမ္ဘာ့ဘဏ်က အိုင်ဗရီကို့စ်နိုင်ငံသို့ ငွေကြေးထောက်ပံ့မှု ရပ်ဆိုင်း

**ပါရီ၊ အဘီဂျန်၊ ဒီဇင်ဘာ -၂၃**

လက်ရှိသမ္မတ လောရင့်ဂါဘိုနှင့် ပြိုင်ဘက် သမ္မတနေရာ တောင်းဆိုသူ အလက်ဆန်ကက်တာရာ တို့ကြား ပြင်းထန်သည့် အာဏာလုပွဲ နက်ရှိုင်းလာချိန်မှာပင် ကမ္ဘာ့ဘဏ်က အိုင်ဗရီကို့စ်နိုင်ငံသို့ငွေကြေးထောက်ပံ့မှုများ ရပ်ဆိုင်းထားလိုက်ပြီး ပြင်သစ်နိုင်ငံကလည်း အိုင်ဗရီကို့စ်နိုင်ငံမှ ပြင်သစ်နိုင်ငံသားများ ထွက်ခွာရန် ပြောကြားလိုက်သည်။

နိုဝင်ဘာလ ၂၈ ရက်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း မစ္စတာဂါဘိုက ရာထူးမှ နုတ်ထွက်ရန် ငြင်းဆန်ခဲ့သည်။ ၎င်းရွေးကောက်ပွဲကို အတိုက်အခံခေါင်းဆောင် မစ္စတာ ကက်တာရာအနိုင်ရရှိခဲ့ကြောင်း အနောက်နိုင်ငံကြီးများနှင့် အာဖရိကနိုင်ငံများက ပြောကြားသည်။ နှစ်ဖက်အငြင်းပွားမှုကြောင့် လူပေါင်း ၅၀ ခန့်သေဆုံးခဲ့ပြီး ပြည်တွင်းစစ်ပြန်လည်ဖြစ်ပွားမည့် အန္တရာယ်နှင့် ကြုံတွေ့နေကြောင်း သိရသည်။

ယခုအကျပ်အတည်း အတွက်တစ်ခုတည်းသော အဖြေမှာ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့်အင်အားသုံး၍ မစ္စတာဂါဘိုအားဖယ်ရှားရေးသာဖြစ်ကြောင်း မစ္စတာကက်တာရာ၏ လက်ထောက်တစ်ဦးက ပြောကြားသည်။

အခြေအနေများ ပုံမှန်ဖြစ်လာသည့်အချိန်ထိ အိုင်ဗရီကို့စ်နိုင်ငံမှ ယာယီရှောင်ရှားနေရန် ၎င်းတို့၏ နိုင်ငံသားများအား ပြောကြားထားကြောင်း ပြင်သစ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဖရန်စစ်ဘာရီယွန်က ပါရီမြို့တွင် သတင်းထောက်များအား ပြောကြားသည်။ ပြင်သစ်ကိုလိုနီဟောင်း အိုင်ဗရီကို့စ်နိုင်ငံတွင် ပြင်သစ်နိုင်ငံသား ၁၃,၀၀၀ ခန့်ရောက်ရှိနေသည်။

အိုင်ဗရီကို့စ်နိုင်ငံအတွက် ရန်ပုံငွေများကို ဖြတ်တောက်ထားကြောင်း ကမ္ဘာ့ဘဏ်ဥက္ကဌ ရောဘတ်ဇိုးလစ်က ပြောကြားသည်။ ကမ္ဘာ့ဘဏ်သည် ၂၀၁၀ ဇန်နဝါရီလတွင် အိုင်ဗရီကို့စ်နိုင်ငံအား ကန်ကန်ဒေါ်လာ ၈၄၂ သန်းအကူအညီပေးရန် လျာထားကြောင်း ကမ္ဘာ့ဘဏ်ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

*—Ref: Reuters*




7 DAY NEWS JOURNAL

# International

Vol.9, No.40 • DECEMBER 30, 2010

ယခုနှစ် ၂၀၁၀ ကုန်ဆုံးတော့မယ့်အခါသမယမှာ ကမ္ဘာတစ်ဝန်းမှမီဒီယာတွေမှာလည်း ၂၀၁၀ တစ်နှစ်လုံးရဲ့ အထင်ရှားဆုံးနဲ့ ပုဂ္ဂိုလ်ရေးအရ၊ နိုင်ငံရေးအရ အထင်ရှားဆုံးပုဂ္ဂိုလ်တွေကို တစ်နှစ်တာရဲ့လူသား Man of the Year အဖြစ်သတ်မှတ်ရွေးချယ် ဖော်ပြလေ့ရှိတာဓမ္မတာပါပဲ။ ဒီလိုအချိန်မှာ ၂၀၁၀ ရဲ့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ထင်ရှားတဲ့သူတွေထဲက ဖေ့စ်ဘွတ်ခ်ဝက်ဘ်ဆိုက်တည်ထောင်သူ မက်ဇက်ကာဘက်ကို တိုင်းမ်မဂ္ဂဇင်းကြီးက တစ်နှစ်တာလူသားဘွဲ့ပေးအပ်ခဲ့တာတွေ့ရပါတယ်။ တိုင်းမ်ရဲ့ရွေးချယ်မှုမှာ ဇက်ကာဘက်ပြီးမှ ကျန်ဆန်ခါတင် ၂၀၁၀ လူသားများအဖြစ် ကမ္ဘာ့မီဒီယာတွေမှာ အဖွဲ့လိုက်နာမည်ကျော်ခဲ့တဲ့ ချီလီမိုင်းလုပ်သားများ၊ အကြမ်းဖက်ဝါဒစစ်ဆင်ရေးမှာ ဗဟိုချက်ဖြစ်နေဆဲ အာဖဂန်နစ္စတန်နိုင်ငံရဲ့သမ္မတ ဟာမစ်ကာဇိုင်းနဲ့ ၂၀၀၉ ကစလို့ အမေရိကန်မှာခေတ်စားလာခဲ့တဲ့ တီးပါတီလှုပ်ရှားမှုတွေကို ရွေးချယ်ဖော်ပြခဲ့တာတွေ့ရပါတယ်။ မက်ဇက်ကာဘက်ကို တစ်နှစ်တာလူသားအဖြစ် ရွေးချယ်ရခြင်းနဲ့ပတ်သက်လို့ တိုင်းမ်မဂ္ဂဇင်းကတော့ ၎င်းဟာ ကမ္ဘာတစ်ဝန်းမှ ဖေ့စ်ဘွတ်ခ်သုံးစွဲသူ သန်း ၅၀၀ ခန့်ကိုချိတ်ဆက် ဆက်သွယ်ပေးနိုင်ခဲ့ပြီး၊ လူမှုကွန်ရက်ဝက်ဘ်ဆိုက်ဆိုတဲ့ ခေတ်သစ်သတင်းအချက်အလက်ဖလှယ်ရေးစနစ်တစ်ခုကိုဖော်ဆောင်ကာ လူတို့ရဲ့နေထိုင်မှုဘဝပုံစံကို ပြောင်းလဲစေနိုင်ခဲ့လို့ဖြစ်တယ်လို့ဆိုပါတယ်။

# ၂၀၁၀ ကို အသက်ဝင်စေခဲ့သူများ

ကျော်မျိုး

### မက်ဇက်ကာဘက်


ဟားဗတ်တက္ကသိုလ် ကျောင်းထွက် အမေရိကန်လူငယ်ကွန်ပျူတာသိပ္ပံပညာရှင် မက်အဲလိယတ်ဇက်ကာဘက်ဟာ ယနေ့အခါမှာ ကမ္ဘာ့အကြီးဆုံး လူမှုကွန်ရက်ဝက်ဘ်ဆိုက်ကြီးဖြစ်လာနေတဲ့ ဖေ့စ်ဘွတ်ခ်ကို တည်ထောင်သူတစ်ဦးဖြစ်ပါတယ်။ ၁၉၈၄ မေ ၁၄ မှာမွေးတဲ့ ၎င်းဟာ ၂၀၁၀ မှာ အသက် ၂၆ နှစ်သာရှိသေးပေမယ့် ဖေ့စ်ဘွတ်ခ်ကြောင့် ကန်ဒေါ်လာ ၆ ဒသမ ၉ ဘီလီယံခန့်ကြွယ်ဝလာခဲ့ပြီး ကမ္ဘာ့အသက်အငယ်ဆုံး ဘီလီယံနာတစ်ဦးဖြစ်လာနေပါတယ်။

ဖေ့စ်ဘွတ်ခ်ရဲ့ ပေါ်ပြူလာဖြစ်မှုကတော့ အင်တာနက်သုံးစွဲမှုများပြားလာတဲ့ ကမ္ဘာမှာ အံ့မခန်းဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်း ဖေ့စ်ဘွတ်ခ်သုံးစွဲသူပေါင်း သန်း ၅၀၀ ကျော်ရှိခဲ့ပြီမို့ ဇက်ကာဘက်ဟာ ၂၀၁၀ ပြည့်နှစ်အတွင်း လူတို့ရဲ့ နေထိုင်မှုနဲ့သတင်းအချက်အလက်ဆက်သွယ်မှု စနစ်သစ်ကို ပဲ့ကိုင်ခဲ့သူ ကြီးကျယ်တဲ့ဇာတ်ဆောင်တစ်ဦးပါပဲ။

### ချီလီမိုင်းလုပ်သားများ

ဒီမိုင်းလုပ်သား ၃၃ ဦးကို မြေအောက်မှာ အသက်ရှင်ကျန်ရစ်နေကြောင်း ဩဂုတ်လလယ်လောက်မှာ စုံစမ်းသိရှိပြီးနောက် ချီလီအစိုးရက ၎င်းတို့ကို ကယ်ဆယ်ရေးကြိုးပမ်းခဲ့ပုံနဲ့ ကမ္ဘာ့မီဒီယာတွေရဲ့ စောင့်ကြည့်သတင်းဖော်ပြမှုတွေဟာ အထူးများပြားခဲ့ပါတယ်။ မြေအောက်ပေ ၂,၀၀၀ ကျော်က မိုင်းတွင်းထဲကနေ နောက်ဆုံးမှာ ၎င်းတို့အားလုံးကို ပြန်ကယ်ဆယ်နိုင်ခဲ့တာဟာ ၂၀၁၀ ရဲ့ ပျော်စရာအကောင်းဆုံး ဇာတ်သိမ်းပါဝင်တဲ့ လျှို့ဝှက်သည်းဖိုစွန့်စားခန်း ပုံပြင်တစ်ပုဒ်ဖြစ်ခဲ့ရပါတယ်။ ဒီလုပ်သား ၃၃ ဦးစလုံးဟာချီလီနိုင်ငံကို ကမ္ဘာ့အလယ်မှာပို အာရုံစိုက်စရာ ဖြစ်လာစေခဲ့ပြီး ကမ္ဘာ့သတင်းစာမျက်နှာ အများအပြားကို သိမ်းပိုက်နိုင်ခဲ့ပါတယ်။


ချီလီမိုင်းလုပ်သားများ


အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း


အီရတ်ဝန်ကြီးချုပ်နူရီအယ်လ်မာလီကီ


ဂျပ်စတင်ဘီဘာ


လေဒီဂါဂါ


မက်ဇက်ကာဘက်


ကမ္ဘာ့ဖလားအနိုင်ရရှိသူများ


တရုတ်သမ္မတဟူကျင်တောင်


သတ်ဒ်အလန်

### အာဖဂန်သမ္မတဟာမစ်ကာဇိုင်း

အမေရိကန်နဲ့ အနောက်အုပ်စုမဟာမိတ်များအတွက်တော့ အကြမ်းဖက်ဝါဒနှိမ်နင်းရေး စစ်ပွဲမှာ အချုပ်အခြာ နယ်မြေဟာ အာဖဂန်နစ္စတန် ဖြစ်နေဆဲပါပဲ။ ဒါ့ကြောင့် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းဟာလည်း ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်ဝါဒတိုက်ဖျက်ရေးမှာ အချက်အချာကျနေဆဲပါ။ ၎င်းအပေါ် ရှုမြင်ကြပုံတွေကို အခြေခံပြီး ဘက်နှစ်ဖက်ကွဲတယ်လို့ ပြောကြတယ်။ ပထမတစ်ဖက်ကတော့သူ့ကို သည်းမခံတတ်တဲ့၊ ခြစားတဲ့နိုင်ငံရေးခေါင်းဆောင်လို့ မြင်ပြီး ကျန်တစ်ဖက်ကတော့ ၎င်းဟာ အာဖဂန်ရဲ့ လူမျိုးစုမျိုးစုံအကြားမဟာမိတ် ဖြစ်စေပြီး အမေရိကန်စစ်အင်အားကိုမှီခိုကာ ၎င်းရဲ့နေရာကို ပါးနပ်စွာရယူထားနိုင်တယ်လို့ မြင်ကြပါတယ်။

### နူရီအယ်လ်မာလီကီ (အီရတ်ဝန်ကြီးချုပ်)

မစ္စတာမာလီကီရဲ့ ညွန့်ပေါင်းအဖွဲ့ဟာ မတ်လ အီရတ်ရွေးကောက်ပွဲမှာ အမတ်နေရာအနည်းငယ်နဲ့ ရှုံးနိမ့်ခဲ့ပေမယ့် ရှစ်လကြာ နိုင်ငံရေးအရ ညှိနှိုင်းမှုတွေအပြီးမှာတော့ ၎င်းကပဲ ဝန်ကြီးချုပ်အဖြစ်ဆက်လက်ထမ်းဆောင်မယ့် အီရတ်အစိုးရအဖွဲ့သစ်ကို ဦးဆောင်ခွင့်ရခဲ့ပါတယ်။ အမေရိကန်တပ်ဖွဲ့တွေ တဖြည်းဖြည်းရုပ်သိမ်းသွားလည်း အကြမ်းဖက်မှုတွေ လျော့ပါးမသွားမှု ပြဿနာဟာ ၎င်းရင်ဆိုင်ရမယ့် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်နိုင်ပါတယ်။

### ဂျပ်စတင်ဘီဘာ (ကနေဒါလူငယ်ပေါ့ပ်အဆိုတော်)

အသက် ၁၆ နှစ်သာရှိသေးပြီး ကလေးရုပ်နဲ့ ချစ်စရာ ဒီလူငယ်ပေါ့ပ်အဆိုတော်ဟာ ၂၀၁၀ မှာကမ္ဘာတစ်ဝန်း နာမည်ကြီးလာခဲ့တယ်။

စာမျက်နှာ(၄၁)သို့



7 DAY NEWS
အပြောင်းအလဲများနှင့် 2010
အထူးသတင်းပေးပို့ချက်
Vol.9, No.40
DECEMBER 30
2010

**၂၀၁၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံ၏ ကဏ္ဍပေါင်းစုံမှ အထူးခြားဆုံးဖြစ်ရပ်များကို ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

# ၂၀၁၀ ပြည့်နှစ်၏ အထူးခြားဆုံးဖြစ်ရပ်များ

အားမာန်

### နှစ်ပေါင်း ၂၀အတွင်း ပထမဆုံးအထွေထွေရွေးကောက်ပွဲ

၁၉၉၀ ရွေးကောက်ပွဲအပြီး နောက်နှစ်ပေါင်း ၂၀အတွင်း ပထမဆုံး အကြိမ်အဖြစ်ရွေးကောက်ပွဲကို ၂၀၁၀ နိုဝင်ဘာ၇တွင် နိုင်ငံတော်အစိုးရက ပြန်လည်ကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၇ ပါတီမှ ကိုယ်စားစုစုပေါင်း ၃၀၇၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မဲပေးခွင့်ရှိသူ တစ်နိုင်ငံလုံး ၂၉သန်းကျော်ရှိရာ အမျိုးသားလွှတ်တော်နှင့်ပြည်သူ့လွှတ်တော်အတွက် မဲပေးသူ ၂၂ သန်းကျော် ၇၇ ရာခိုင်နှုန်းဝန်းကျင်က မဲပေးခဲ့သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်သည်။ အင်အားမဲဆန္ဒနယ်အများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက လွှတ်တော်သုံးရပ်စလုံးတွင် ပျမ်းမျှ ၇၇ ရာခိုင်နှုန်းဝန်းကျင်ဖြင့် အနိုင်ရရှိခဲ့သည်။

### ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်

နေအိမ်အကျယ်ချုပ်ဖြင့် ဆက်တိုက်နီးပါး နေထိုင်ခဲ့ရသော ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အစိုးရက နေအိမ်အကျယ်ချုပ်မှ ပြန်လွှတ်ပေးခဲ့သည်။ ထိုကြောင့် ၇နှစ်နှင့် ၆လကျော်ကြာ နေအိမ်အကျယ်ချုပ်ဖြင့် နေထိုင်ခဲ့ရာမှ ဒေါ်အောင်ဆန်းစုကြည်မှာ နိုဝင်ဘာ၁၃ ရက် ညနေ ၅ နာရီဝန်းကျင်တွင် ပြန်လည်လွတ်မြောက်လာပြီး လူထုနှင့်ပြန်လည်တွေ့ဆုံစကားပြောခွင့်ရရှိခဲ့သည်။







### ဖျက်အားပြင်း ဂီရိဆိုင်ကလုန်းမုန်တိုင်း

တစ်နာရီ လေတိုက်နှုန်း မိုင်တစ်ရာကျော်သော ဂီရိဆိုင်ကလုန်းမုန်တိုင်းမှာ ရခိုင်ပြည်နယ်သို့ အောက်တိုဘာ ၂၂တွင် ဝင်ရောက်တိုက်ခတ်ခဲ့သည်။ ဂီရိမုန်တိုင်းကြောင့် လူတစ်ရာကျော် သေဆုံးခဲ့ပြီး၊ ရခိုင်ပြည်နယ်ရှိ လူဦးရေတစ်သိန်းခုနစ်သောင်းကျော်မှာ မုန်တိုင်းဒဏ်ခံခဲ့ရသည်။ မြေပုံ၊ ကျောက်ဖြူ ပေါက်တော၊ မင်းပြားမြို့နယ်တို့မှာ မုန်တိုင်းဒဏ်အဆိုးရွားဆုံးခံခဲ့ရပြီး၊ ရခိုင်ပြည်နယ်အပြင် မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ဒေသအချို့တွင်ပါ အဆိုပါမုန်တိုင်းက ကုန်းတွင်းမုန်တိုင်းအဖြစ် အသွင်ပြောင်း၍ အောက်တိုဘာ ၂၃အထိ မွှေနှောက်သွားခဲ့သည်။ ဂီရိမုန်တိုင်းသင့် ပြည်သူများကို အစိုးရ၊ ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများက ကူညီနေသော်လည်း အကူအညီများမှာ ယနေ့အချိန်ထိ လိုအပ်နေဆဲဖြစ်သည်။

### စံချိန်တင် နွေအပူဒဏ်ကို တစ်နိုင်ငံလုံးခံ

ပူပြင်းခြောက်သွေ့သည့် အယ်လ်နီညိုရာသီဥတု သက်ရောက်မှုကြောင့် ၂၀၁၀ နွေရာသီအပူဒဏ်ကို လူတိုင်းကျောကော့အောင် ခံခဲ့ရသည်။ ဧပြီနှင့် မေလအတွင်း စံချိန်တင်ပူပြင်းမှုကြောင့် အပူချိန်စံချိန်သစ်တင်သော မြို့ပေါင်းတစ်နွေတည်းနှင့် ၁၀မြို့ကျော်ရှိခဲ့သည်။ အချို့မြို့များတွင် ၂၀၁၀နွေတစ်ရာသီတည်းမှာပင် စံချိန်အကြိမ်ကြိမ် ကျိုးခဲ့သည်။ ပူပြင်းလှသည့် အပူဒဏ်ကြောင့် ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများတွင် သက်ကြီးပိုင်းနှင့် အရက်ကြိုက်သူအများအပြား နေ့စဉ်ရက်ဆက်သေဆုံးခဲ့သည်။ ရန်ကုန်နှင့် မန္တလေးမြို့အပြင် နွေရာသီ၏ စံချိန်တင်အပူဒဏ်ကို ပြင်ဦးလွင်၊ တောင်ကြီး၊ ကလောမြို့များပါမကျန် တစ်နိုင်ငံလုံးခံခဲ့ရသည်။ ထို့ကြောင့် ဒေသအနှံ့အပြားတွင် ရေတွင်း၊ ရေကန်များခန်းခြောက်၍ ရေရှားပါးမှုကြုံတွေ့ခဲ့ရသည်။ ဆိုးရွားပြင်းထန်လှသော အပူဒဏ်ကို မေလကုန်ပိုင်းတွင် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သော လိုင်လာမုန်တိုင်းက အဆုံးသတ်စေခဲ့သည်။

### အချိန်အကြာဆုံး စျေးမီး

မေလ ၂၄ ရက် နံနက် ၈နာရီ မိနစ်၂၀ ဝန်းကျင်မှ မေလ ၂၅ရက် နေ့ခင်းပိုင်းအထိ နာရီ ၅၀ကျော်ကြာ လောင်ကျွမ်းခဲ့သော မင်္ဂလာဈေးမီးမှာ မြန်မာနိုင်ငံ၏ အချိန်အကြာဆုံးဈေးမီးဖြစ်ခဲ့သည်။ ဝါယာရှော့မှ တစ်ဆင့် လောင်ကျွမ်းခဲ့သော အဆိုပါမီးကြောင့် ဆိုင်ခန်းပေါင်း ၄၀၆ ခန်း ပြာကျခဲ့ပြီး ကျပ်ငွေဘီလီယံ ၂၀ကျော် ဆုံးရှုံးခဲ့သည်။

### မြန်မာနိုင်ငံတော်အလံ ပြောင်းလဲ

၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၂၁ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြန်မာနိုင်ငံတော်အလံကို ပြောင်းလဲခဲ့သည်။ နိုင်ငံတော်အလံသစ်မှာ ထောင့်မှန်စတုဂံပုံဖြစ်ပြီး၊ အလျား ၉ ပေ၊ အနံ ၆ ပေရှိသည်။ အောက်ခံအရောင်မှာ အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်တို့ဖြစ်သည်။ အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်တို့မှာ အလံတော်၏အနံဖြစ်သော ၆ပေကို သုံးပုံတစ်ပုံစီ အညီအမျှရှိသည်။ အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်အောက်ခံပေါ်တွင် ရောင်ခြည်လက်တံငါးခုပါသော ကြယ်ဖြူကြီးတစ်လုံးရှိသည်။နိုင်ငံတော်အလံသစ်ကို အောက်တိုဘာ ၂၁ရက် ညနေပိုင်းမှ စတင်၍ တစ်နိုင်ငံလုံးရှိ အစိုးရရုံးများနှင့်ကျောင်းများတွင် စတင်လွှင့်ထူခဲ့သည်။

### ရန်ကုန်သင်္ကြန်ကို ဖျက်ဆီးခဲ့သော အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု

၂၀၁၀ ဧပြီ ၁၅ ရက် မဟာသင်္ကြန် အကြတ်နေ့တွင် ရန်ကုန်သင်္ကြန်မဏ္ဍပ်များထဲတွင် အစည်ကားဆုံးနေရာတစ်ခုဖြစ်သော ကန်တော်ကြီးစောင်း၌ အင်အားပြင်းထန်သော လက်ပစ်ဗုံးသုံးလုံး ပေါက်ကွဲခဲ့သည်။ အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် လူ ၁၂ဦးသေဆုံးခဲ့ပြီး၊ လူ ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရသူများထဲမှနှစ်ဦး ထပ်မံသေဆုံးခဲ့၍သေဆုံးသူ စုစုပေါင်း ၁၄ဦးရှိခဲ့သည်။ အဆိုပါဗုံးခွဲမှု၏ တရားခံဟုဆိုသူတစ်ဦးကို ဗုံးပေါက်ခွဲမှု ဖြစ်ပွားပြီး ၈ရက်အကြာ ဧပြီ ၂၂ရက်တွင် ဖမ်းမိခဲ့သည်။ အဆိုပါအကြမ်းဖက်မှုမှာ ၂၀၀၅ခုနှစ် မေလက ဖြစ်ပွားခဲ့သော ရန်ကုန်မြို့၏ အချက်အချာကျသည့် နေရာသုံးခုဗုံးခွဲခံရမှု ဖြစ်စဉ်အပြီးနောက် အဆိုးရွားဆုံးဖြစ်သည်။

### စက်သုံးဆီဆိုင်များကို ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြု

အစိုးရက ကာလရှည်လုပ်ကိုင်ခဲ့သောစက်သုံးဆီအရောင်းဆိုင်လုပ်ငန်းများကို ယခုနှစ်ဆန်းပိုင်းတွင် ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုခဲ့သည်။ အစိုးရစက်သုံးဆီဆိုင် ၂၄၀ကျော်ကို ပုဂ္ဂလိကကုမ္ပဏီ ၁၆ ခုအား လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ပုဂ္ဂလိကစက်သုံးဆီဆိုင်များအားလုံးမှာ ဇွန်လ ၁၀ ရက်တွင် တစ်ပြေးညီဖွင့်လှစ်လုပ်ကိုင်ခဲ့သည်။ သို့သော် ယနေ့အချိန်ထိ အဆိုပါစက်သုံးဆီဆိုင်များကို စမ်းသပ်ကာလအနေဖြင့် ဓာတ်ဆီတစ်ဂါလန်လျှင် ၂၅၀၀ကျပ်ထက် မပိုသောနှုန်းဖြင့် ရောင်းချလုပ်ကိုင်ခွင့် ပြုထားခြင်းဖြစ်သည်။

### ပုဂ္ဂလိကဘဏ်လေးဘဏ် ဖွင့်လှစ်ခွင့်ပြု

ပုဂ္ဂလိကဘဏ်အသစ် ၄ဘဏ်ကို ယခုနှစ်တွင် ဖွင့်လှစ်လုပ်ကိုင်ခွင့်ပေးခဲ့သည်။

အချပ်ပို(I)သို့

## Person of the Year

### ဦးဇော်ဇော် (စီးပွားရေးကဏ္ဍ)



စီးပွားရေးလုပ်ငန်းရှင် ဦးဇော်ဇော်ကို ၂၀၁၀ ပြည့်နှစ်အတွက် "မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍအတွက် Person of the year "အဖြစ်ရွေးချယ်သည်။ Max Myanamr ကုမ္ပဏီပိုင်ရှင် ဦးဇော်ဇော်မှာ ၂၀၁၀တွင် ရင်းပိုင် ကျောက်စိမ်းလုပ်ကွက်၏ အောင်မြင်မှု၊ ထားဝယ်ရေနက်ဆိပ်ကမ်းတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ရမှု၊ ပုဂ္ဂလိကဘဏ်သစ်ဖွင့်လှစ်နိုင်မှု၊ ၂၀၁၃ ဆီးဂိမ်းအတွက် ဆောက်လုပ်နေသော ဘောလုံးကွင်းသစ်များအပါအဝင် နေပြည်တော်တွင် စီမံကိန်းများစွာ ဆောက်လုပ်ခွင့်ရမှု၊ ဘိလပ်မြေစက်ရုံဖွင့်လှစ်နိုင်မှု၊ ဟိုတယ်လုပ်ငန်းများလုပ်ကိုင်နေမှု စသည့် များပြားလှစွာသော စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်ခဲ့သည့်အတွက်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

### ဦးထွန်းလွင်(လူမှုရေးကဏ္ဍ)



မိုးလေဝသပညာရှင်တစ်ဦးဖြစ်သော ဦးထွန်းလွင်ကို ၂၀၁၀ပြည့်နှစ်အတွက် "မြန်မာနိုင်ငံ၏လူမှုရေးကဏ္ဍအတွက် Person of the year "အဖြစ် ရွေးချယ်သည်။ အငြိမ်းစားအစိုးရဝန်ထမ်းတစ်ဦးဖြစ်ပြီး မည်သူကမှ တာဝန်မပေးခဲ့သော်လည်း တာဝန်ယူမှုအပြည့်ဖြင့် ၂၀၁၀ပြည့်နှစ်အတွင်း အစွန်းရောက်ရာသီဥတုများနှင့်ကြုံတွေ့ခဲ့ရသော မြန်မာနိုင်ငံအတွက် အယ်လ်နီညိုလာနီညာ၊ ဂီရိမုန်တိုင်း စသောသတင်းများကို စွမ်းစွမ်းတမံထုတ်ပြန်ပေးခြင်း၊ ရာသီဥတုနှင့်သက်ဆိုင်သော သတင်းနှင့်အသိပညာရရှိရန်ကိုယ်တိုင်စာရေးသားသလို၊ လူထုသို့ပညာပေးဟောပြောခြင်း။ကိုယ်ပိုင်ဝက်ဘ်ဆိုက်ထူထောင်၍ နည်းလမ်းမျိုးစုံဖြင့် အသိပညာဖြန့်ဝေပေးနိုင်ခဲ့ခြင်းတို့ကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

# ၂၀၁၀ ထူးခြားနေ့စွဲ

**ဇန်နဝါရီ-၁၅**
မြန်မာနိုင်ငံတွင် နေကြတ်ခြင်းကို ဇန်နဝါရီ ၁၅ ရက်မွန်းလွဲ ၁ နာရီ ၂၅ မိနစ်မှ ညနေ၃နာရီ၁၅မိနစ်အထိ မြင်တွေ့ခဲ့ရပြီး အနောက်တောင်ဘက်မှ အရှေ့မြောက်သို့ တဖြည်းဖြည်းရွေ့လျားကာ နေပေါ်သို့ လရိပ်ဖုံးသွားခြင်းဖြစ်သည်။

**ဖေဖော်ဝါရီ-၁၁**
ဦးတေဇပိုင် Htoo Groups of Companies နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အခြေစိုက် Huaneng Lancong River Hydropower Co.,Ltd တို့ ပူးပေါင်း၍ ရန်ကုန်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ အကောင်အထည်ဖော်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး။

**ဖေဖော်ဝါရီ-၁၂**
ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်ရှိ သယ်န်းကျွန်းဈေးကြီး၌ ဝါယာရှော့ခ်ဖြစ်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ စုစုပေါင်းဆိုင်ခန်း ၇၈၆ ခန်းရှိသည့်အနက် ၆၃၅ ခန်း ဆုံးရှုံးပျက်စီး။

**ဖေဖော်ဝါရီ-၁၅**
မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ။

**မတ်-၈**
နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို ထုတ်ပြန်၊

**မတ်-၂၉**
ယခုနှစ်အတွင်း ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါဝင်အရွေးခံနိုင်ရန်အတွက် ပါတီအားထပ်မံမှတ်ပုံတင်ခြင်း ပြုလုပ်တော့မည်မဟုတ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဆုံးဖြတ်။

**ဧပြီ-၂**
ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းသည် ဧပြီလ ၂ ရက်မှ ၄ ရက်အထိ မြန်မာနိုင်ငံသို့ အလုပ်သဘောဖြင့် လာရောက်။

**ဧပြီ-၂**
မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အက်ဖ်အီးစီ (နိုင်ငံခြားငွေလက်မှတ်)ကို နိုင်ငံခြားငွေများကဲ့သို့ သုံးစွဲခွင့်ပြုကြောင်း ကြေညာ။

**ဧပြီ-၁၅**
ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ $X_2O$ ရေကစားမဏ္ဍပ်ရှေ့၌ ယနေ့မွန်းလွဲ ၃ နာရီခန့်တွင် ဗုံးသုံးလုံးဆက်တိုက်ပေါက်ကွဲမှုဖြစ်ပွား၊

**ဧပြီ-၁၇**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မေခ-မလိခမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းရှိ တာတမံတည်ဆောက်ရေး ရှင်းလင်းဆောင်အပါအဝင် စီမံကိန်း ၄ နေရာ၌ ဧပြီ ၁၇ ရက်နေ့ နံနက် ၃နာရီခန့်တွင် မိုင်း ၁၀ လုံးပေါက်ကွဲခဲ့ပြီး မပေါက်ကွဲသေးသည့် မိုင်းအချို့ဖော်ထုတ်ရှင်းလင်းသိမ်းဆည်းရမိ၊

**မေ-၁**
ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး) တို့တွင် နိုင်ငံခြားသားများအား ဆိုက်ရောက်ဗီဇာ စတင်ထုတ်ပေး။

**မေ-၁၅**
ရွှေလီမှ ကျောက်ဖြူမြို့သို့ ဆက်သွယ်မည့် တရုတ်-မြန်မာစက်ြီးလမ်းစီမံချက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး။

**မေ-၂၄**
ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အဆင့်မြင့်မင်္ဂလာဈေး စတုတ္ထထပ်ရှိ အလှကုန်ပစ္စည်းအရောင်းဆိုင်မှ နံနက် ၈ နာရီခွဲခန့်တွင် မီးလောင်ကျွမ်းမှုတစ်ရပ်စတင်ဖြစ်ပွား၊ မြန်မာနိုင်ငံ မီးလောင်မှုသမိုင်းတွင် ဆုံးရှုံးမှုပမာဏအများဆုံးမီးလောင်ကျွမ်းမှုအဖြစ် စံချိန်တင်။

**မေ-၃၁**
ပို့ကုန်ရငွေဘဏ်ငွေ စာရင်းများကို တစ်ခုမှတစ်ခုသို့ အကန့်အသတ်မရှိ လွှဲပြောင်းခွင့်ပြုလိုက်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်က တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်။

**ဇွန်-၂**
တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ။

**ဇွန်-၁၉**
မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောကြားလျက်ရှိသည့် နျူကလီးယားအစီအစဉ်နှင့်စပ်လျဉ်း၍ IAEA ဆိုင်ရာ မြန်မာကိုယ်စားလှယ်သံအမတ်ကြီး ဦးတင်ဝင်းက IAEA မှ Division of Operation A, Department of Safeguards ၏ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Maco Marzo ထံသို့ ပြန်ကြားစာပေးပို့ခဲ့။

**ဇူလိုင်-၂၂**
လိုင်စင်မဲ့ကားများကို သတ်မှတ်အခွန် ပေးဆောင်ပါက တရားဝင်လိုင်စင် စတင်ထုတ်ပေးခဲ့သည်။

**ဩဂုတ်-၁၃**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်ကို သတ်မှတ်ကြေညာ၊

**ဩဂုတ်-၁၈**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၉၁/၂၀၁၀)ဖြင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်ထုတ်ပြန်ကြေညာ။

**စက်တင်ဘာ-၁**
နိုင်ငံခြားသားများကို ဆိုက်ရောက်ဗီဇာ ထုတ်ပေးခြင်းအား ရပ်ဆိုင်းခဲ့သည်။

**စက်တင်ဘာ၂၂**
လိုင်စင်မဲ့ကားများကို လိုင်စင်ထုတ်ပေးခြင်းအား ရပ်ဆိုင်းခဲ့။

**အောက်တိုဘာ-၆**
အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပဒဲကောချောင်းအတွင်း စက်လှေနစ်မြုပ်မှုဖြစ်ပွားခဲ့ရာ လိုက်ပါလာသူများအနက် ၁၉ ဦး သေဆုံးကာ ၃ ဦး ဒဏ်ရာရကြောင်း သတင်းစာ၊ ဂျာနယ်များ၌ဖော်ပြခဲ့။

**အောက်တိုဘာ-၁၀**
ထိုင်းနိုင်ငံဝန်ကြီး မစ္စတာအဘီဆစ်ဝဲချာချီဝ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်။ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာ။

**အောက်တိုဘာ-၂၁**
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်အလံသစ်ကို အောက်တိုဘာ ၂၁ ရက်မှစတင်ပြောင်းလဲခဲ့။

**အောက်တိုဘာ-၂၂-၂၃**
ဂီရိဆိုင်ကလုန်းမုန်တိုင်း ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်ကာ မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့။

**အောက်တိုဘာ-၂၆**
ပခုက္ကူမြို့နယ်ရှိ သာကြီးတောင်ရေနံမြေမှ အရာတော်ရေနံမြေသို့ ရေနံပို့ဆောင်သော ပိုက်လိုင်းပေါက်ထွက်နေစဉ် ပတ်ဝန်းကျင်ရှိ ကျေးရွာအချို့မှ ရေနံများ သယ်ယူကြရာတွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးလောင်ခံရသူ ၁၂၁ ဦးအနက် ၁၄ ဦးသေဆုံးကြောင်း နိုင်ငံပိုင် သတင်းစာ၌ ဖော်ပြ။

**နိုဝင်ဘာ-၂**
မြန်မာနိုင်ငံအတွက် ပထမဆုံး အထူးစီးပွားရေးဇုန်ဖြစ်လာမည့် ထားဝယ် ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်တွင် စီမံကိန်းတည်ဆောက် အကောင်အထည်ဖော်ရေးအတွက် အမေရိကန်ဒေါ်လာ တန်ဖိုး ၈ဒသမ ၆ဘီလီယံ တန်ဖိုးရှိစာချုပ်ကို ထိုင်းအခြေစိုက် ITD-Italian Thai Development ကုမ္ပဏီနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့ လက်မှတ်ရေးထိုး။

**နိုဝင်ဘာ-၇ ရက်**
ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပသည်။

**နိုဝင်ဘာ-၈ ရက်**
နိုဝင်ဘာ ၈ ရက်တွင် ကရင်ပြည်နယ် မြဝတီမြို့၌ ကေအင်န်ယူများက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် ဒေသခံသုံးဦးသေဆုံးပြီး ၂၀ ဦး ဒဏ်ရာရရှိ။ ယင်းပစ်ခတ်မှုကြောင့် ထိုင်းနိုင်ငံ မဲဆောက်မြို့၊ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအနီးနှင့် တရုတ်ဘုံကျောင်းအနီးတို့တွင် ကျည်များကျရောက်ပေါက်ကွဲ၊ ဘုရားသုံးဆူမြို့တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့သောကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တပ်မတော်သားလေးဦးနှင့် မြို့နယ်သစ်တောရုံးမှ ဝန်ထမ်းတစ်ဦးတို့ ဒဏ်ရာရရှိကြောင်း နေ့စဉ်ထုတ်သတင်းစာ၌ ဖော်ပြ။

**နိုဝင်ဘာ-၁၃**
နေအိမ်အကျယ်ချုပ်ဖြင့်၇ နှစ်ကျော်ကြာနေထိုင်ခဲ့ရာမှ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာ။

**နိုဝင်ဘာ-၂၆**
ကိုရီးယားရုပ်ရှင်ပွဲတော်တက်ရောက်ရန် တောင်ကိုရီးယားသရုပ်ဆောင် ဆောင်ရီဂွတ်(ဂျူမုံ) နှင့် မင်းသမီး လီဟားနားတို့လာရောက်ခဲ့သည်။

**နိုဝင်ဘာ-၂၇**
ကုလသမဂ္ဂကိုယ်စားလှယ် ဗီဂျေးနမ်ဘီရာသည် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ယနေ့နံနက်ပိုင်းတွင် ရောက်ရှိသည်။

**ဒီဇင်ဘာ-၃**
ပြည်တွင်းလေကြောင်း လိုင်းဖြစ်သည့် ရန်ကုန်အဲဝေးလေကြောင်းလိုင်းသည် ဒီဇင်ဘာ ၃ ရက်နေ့မှ ပြေးဆွဲမှု ရပ်နား။

**ဒီဇင်ဘာ-၇**
ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ကြေညာချက်အမှတ် ၁၄၃/၂၀၁၀ ဖြင့် လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများကို ထုတ်ပြန်ကြေညာ။

**ဒီဇင်ဘာ-၇**
အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ၊ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr.Joseph Y.Yun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၇ရက်မှ ၁၀ ရက်နေ့အထိ လာရောက်ခဲ့။



## စံချိန်တင်ပုပြီး ရေကြီးခဲ့သော မန္တလေး

**မန္တလေးသတင်းအဖွဲ့**

၂၀၁၀ပြည့်နှစ်တွင် မန္တလေးမြို့၌ အပူဒဏ်မြင့်မားမှုကို ခံစားခဲ့ရမှု၊ ရေကြီးမှုဖြစ်ပေါ်ကာ မြို့နယ်အချို့တွင် ရေဘေးဒုက္ခခံစားခဲ့ရမှု၊ စီမံကိန်း တည်ဆောက်မြေနေရာများ ဝန်းကျင် မြေဈေးနှုန်းများ စံချိန်တင်မြင့်မားခဲ့မှု၊ ဆိုင်ကယ်အစီးရေများလာပြီး ယာဉ်တိုက်မှုကြောင့် သေဆုံးနှုန်း စံချိန်တင်ခဲ့ခြင်းမှာ ၂၀၁၀ မန္တလေး၏ ထင်ရှားသော သမိုင်းပုံရိပ်အဖြစ် ကျန်ရစ်ခဲ့သည်။

ယခုနှစ်မေလတွင် အလွန်ပူပြင်းသော အယ်နီညိုရာသီဥတုမျိုးဖြစ်ပေါ်ခဲ့ကာ ၁၄ ရက်၊ ၁၅ ရက်များတွင် မန္တလေးမြို့ရှိအထွေထွေရောဂါကုဆေးရုံကြီးနှင့်ပုဂ္ဂလိကဆေးခန်းများတွင် အပူရှပ်ဝေဒနာများ ပြည့်လျှံခဲ့ပြီး လူကြီး၊ လူငယ်အရွယ်စုံ သေဆုံးခဲ့သည်။ ပြင်းထန်လာသည့်အပူရှိန်ကြောင့် မေ၁၃ရက်မှ ၁၈ရက်အတွင်း လူပေါင်း ၇၇၅ဦးကို မန္တလေးမြို့ရှိ သုသာန်တစ်ခုမှ မီးသင်္ဂြိုဟ်ပေးခဲ့ရသည်။

မေ ၁၆ရက်တွင် ၆၅ နှစ်တာအချိန်အတွင်း စံချိန်တင်အပူချိန်အဖြစ် ၄၅ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိခဲ့ပြီး ထိုနေ့တွင် သေဆုံးသူ ၁၉၂ဦးထိရှိခဲ့သည်။

နွေတွင် အပူဒဏ်ခံရပြီးနောက်၊ မိုးရာသီရောက်ပြန်သော အခါ တွင်လည်း အောက်တိုဘာလ ၇ ရက်၊ ၈ ရက်များတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီးမြို့နယ်များတွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါရေကြီးမှုဖြစ်စဉ်ကြောင့် အိမ်ထောင်စု ထောင်ပေါင်းများစွာ ရက်သတ္တပတ်ခန့် စားဝတ်နေရေးအခက်အခဲများ ဖြစ်ပေါ်ခဲ့သည်။ ထိုဖြစ်စဉ်နှင့်ဆက်စပ်ကာ မန္တလေးမြို့ရှိ ပရဟိတလုပ်ငန်းများ၏ အင်တိုက်အားတိုက်ဆောင်ရွက်ချက်များ ဆောင်ရွက်နိုင်မှုများအား ပြသနိုင်သကဲ့သို့ဖြစ်ခဲ့သည်။ ရပ်ကွက် အသီးသီးရှိဆွမ်းချက်အသင်းရာပေါင်းများစွာကထိုစားသောက်ရေးအခက်အခဲအား ဖြေရှင်းပေးနိုင်ခဲ့သည်။

မန္တလေးခရိုင်အတွင်းရှိ မော်တော်ဆိုင်ကယ်အစီးရေသည် မန္တလေးတိုင်းဒေသကြီးတစ်ခုလုံး၏ ထက်ဝက်ပမာဏရှိကာ မြင့်မားသည့် အရေအတွက်ရှိနေပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအမြန်နှုန်းများအား တိကျစွာလိုက်နာသင့်ပြီဖြစ်ကြောင်း ယာဉ်တိုက်မှုကြောင့်သေဆုံးရသော ကိန်းဂဏန်းပြကာ ထောက်ပြခဲ့သည်။

ယခုနှစ်တွင် မန္တလေးခရိုင်အတွင်း၌ ၈ လအတွင်း ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၉၀ ဦးကျော်ရှိနေပြီး၊ ယခင်နှစ်များတွင် တစ်နှစ်ပတ်လုံးသေဆုံးသူ ဦးရေမှာ ၇၅ ဦးဝန်းကျင်တွင်သာရှိကြောင်းသိရသည်။

မန္တလေးမြို့ဝန်းကျင်စီမံကိန်းမြေနေရာများအနီး အိမ်ခြံမြေဈေးကွက်ခေါ်ဈေး၊ ရောင်းဈေးများထက်ဝက်၊ သုံးပုံတစ်ပုံမြင့်တက်လာသောနှစ်ဖြစ်သည်။ မြေဈေးကောင်း အရောင်းအဝယ်ကောင်းသော နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ အိမ်၊ ခြံ၊ မြေဈေးများကောင်းလာသည်နှင့် အတူ ယူနန်နွယ်ဖွားတရုတ်များအဝင်များခဲ့သော နှစ်တစ်နှစ်လည်းဖြစ်သည်။

မြေဈေးကောင်း၊ အရောင်းအဝယ်လိုက်သော မန္တလေးဝန်းကျင် အခြားတစ်နေရာမှာ ပြင်ဦးလွင်မြေယာဈေးကွက်ဖြစ်သည်။ အပန်းဖြေရန် ပုံစံဖြင့် အရောင်းအဝယ်သွက်ခဲ့သော ပြင်ဦးလွင်သည် ကမ္ဘာကြီးပူနွေးလာမှုအကြောင်းတရားနှင့် ဆက်စပ်နေသည်။ အနီးစပ်ဆုံး ဆက်စပ်မှုသည် မန္တလေးတွင် မေလအတွင်း အပူချိန်မြင့်မားမှုကြောင့် လူအများအပြားသေဆုံးမှုဆေးကုသခံယူရမှုများကြောင့် အပူသက်သာရာ ပြင်ဦးလွင်မြို့မြေများ မျက်စိကျခံခဲ့ရသည်။

လူမှုအခြေပြု နာမှုကူညီရေးအသင်း၊ ဆွမ်းချက်အသင်း၊ သွေးလှူအဖွဲ့၊ ဆေးဝါးကုသမှုဆေးခန်းများပိုမိုဖြစ်ထွန်းကာ အားကောင်းလာသောလူမှုအခြေပြုရေး မန္တလေးဖြစ်လာကြောင်း ပရဟိတအသင်းအရေအတွက်နှင့် လှူပ်ရှားမှုမှတ်တမ်းများက မန္တလေးအား ယခုနှစ်တွင် ပို၍မှတ်ကျောက်တင်ပေးခဲ့သည်။

ကုန်သည်၊ စက်ပိုင်၊ ပွဲစားများအများအပြား စုဝေးရာ မန္တလေးပဲနှင့် ဈေးကွက်အနေအထား ပုံမှန်ဖြစ်ပေါ်နေပြီး အခြားနှစ်များတွင် ဖြစ်ပေါ်ခဲ့သော လိမ်လည်မှု၊ ဆုံးရှုံးမှုများနည်းပါးခဲ့သော်လည်း နှံအထွက်နှုန်းနည်းပါးမှုက ကုန်သည်များအပေါ် ရိုက်ခတ်မှုရှိခဲ့ကြောင်း သိရသည်။



ဓာတ်ပုံ - အောင်အောင်

# ထူးခြားမှုများနှင့် ၂၀၁၀ ကားလောက

ဇာဇာနီ

ရန်ကုန်၊ ဒီဇင်ဘာ - ၂၃

**ပြည်တွင်းကားဈေးကွက်တွင် ၂၀၁၀၌ ထူးခြားသော အပြောင်းအလဲအချို့ဖြစ်ထွန်းခဲ့သည်။ လိုင်စင်မဲ့ကားများကို ယာဉ်တန်ဖိုး၏ ၈၅ ရာခိုင်နှုန်းနှင့် သတ်မှတ်အခွန်ဆောင်လျှင် တရားဝင်လိုင်စင်ရသော ကားအဖြစ် ပြောင်းလဲခြင်းကို အစိုးရက ဇူလိုင် ၂၃မှ စက်တင်ဘာ ၁၃အထိ ရက်ပေါင်း ၅၃ ရက်ခွင့်ပြုပေးခဲ့ခြင်း၊ ၂၀၀၉ခုနှစ်မှစ၍ အရှိန်အဟုန်ဖြင့် ကျင်းပခဲ့သော ကားလေလံပွဲများ၏ လက်ကျန်လေလံပွဲများကို ဆက်လက်ကျင်းပခဲ့ခြင်းနှင့် ပြည်တွင်းကားဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ဈေးများစွာ သက်သာသည့် တရုတ်ကားများ ဈေးကွက်သို့စတင်ဝင်ရောက်လာခြင်း၊ ပြည်ပနှင့် ပူးပေါင်းထုတ်လုပ်သည်ဆိုသော ကားများဈေးကွက်ဝင်ခြင်း စသည်တို့ဖြစ်သည်။**

ထိုအပြောင်းအလဲများကြောင့် ကားဈေးများ ကျလာသည်ဆိုသော်လည်း ထိုဈေးများမှာ လူလတ်တန်းစားများပင် ကားဝယ်ရန် စိတ်မကူးနိုင်သေးပေ။ ထို့အပြင် ၂၀၁၀ တွင် ကားနှင့်ပတ်သက်၍ ထူးခြားမှုတစ်ခုမှာ စက်မှုဇုန်ထုတ်ကားများအား ဘယ်မောင်းများသာ ထုတ်ရန် စတင်သတ်မှတ်ခဲ့ခြင်းပင်။

"ပြီးခဲ့တဲ့ နှစ်ကတည်းကစပြီး ကားဈေးကွက် လေလံတွေကြောင့် ပျက်လာတာ။ အခုနှစ်မှာ ပိုဆိုးတယ်။ စက်မှုဇုန်ထုတ်ကားတွေဆိုလည်း ၂ နှစ်၊ ၃ နှစ်လောက်ရှိပြီး၊ အရောင်းအဝယ်မကောင်းဘူး။ အခုနှစ်မှာ ပိုဆိုးတာက မနှစ်ကထက် ကားဈေးနှုန်းတွေ ထက်ဝက်ကျော်လောက် ပြုတ်ကျသွားတယ်" ဟု ဟံသာဝတီ ကားရောင်းဝယ်ရေးစခန်းမှ ဝါရင့်ကားပွဲစားကိုသန်းဦးကပြောသည်။

လာမည့် ဖေဖော်ဝါရီလတွင် အစိုးရသစ်တစ်ရပ် ဖွဲ့စည်းပြီးပါက ပြောင်းလဲလာမည့် ပြည်တွင်းစီးပွားရေးအနေအထားအရ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများရှိလာမည့်အပြင် ကားပါမစ်များလည်း သွင်းလာနိုင်သည်။ ထို့အပြင် ပြည်ပနှင့်ပေါင်း၍ ဖက်စပ်ကားများ ထုတ်လုပ်မည့်အနေအထားများကြောင့်လည်း ပြည်တွင်းကားဈေးကွက်မှာ မျှော်လင့်၍ မရကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပြည်တွင်းကားဈေးကွက်မှာ ပြီးခဲ့သော ၂၀၀၉ ခုနှစ်အတွင်း ပြည်နယ်နှင့် တိုင်းအသီးသီးရှိ မြို့နယ်များတွင် လေလံပွဲပေါင်းတစ်ရာကျော်ခန့်ကို ဆက်တိုက်ဆိုသလို ကျင်းပခဲ့ခြင်းကြောင့် ကားအရောင်းအဝယ် စတင်ကျဆင်းခဲ့သည်။ ၂၀၁၀ ပြည့်နှစ်နှစ်ဆန်းပိုင်းတွင် နေပြည်တော်၌ မော်ဒယ်မြင့်ကားများကို လေလံတင်ရောင်းချခဲ့သည့်အတွက် ကားဝယ်ရောင်းဈေးကွက်တွင် ကိုးဆယ်ရာခိုင်နှုန်းခန့်ထိ ကျဆင်းခဲ့သည်ဟု ကားပွဲစား ကိုကျော်ကျော်ကလည်း ပြောသည်။

ထိုအချိန်က ကျပ်သိန်းနှစ်ရာအောက် တန်ဖိုးရှိ ကားအမျိုးအစားများမှာ ကျပ်ဆယ်သိန်းဝန်းကျင်ခန့်နှင့် ကျပ်သိန်းတစ်ထောင်ကျော်တန်ဖိုးရှိ အမြင့်ကားအမျိုးအစားများမှာ ကျပ်သိန်းငါးဆယ်ခန့် ကျဆင်းခဲ့ကြောင်း ယင်းပွဲဂိုလ်ကပြောသည်။

ယခုနှစ် ဖေဖော်ဝါရီလတွင် ကျိုင်းတုံမြို့၌ ယာဉ်အစီးရေ ၂၀၀ ကျော် လေလံတင်ရောင်းချခဲ့ပြန်ရာ ထိုလေလံပွဲတွင် လူကြိုက်များသည့် ကားအမျိုးအစားများဖြစ်သော ဟိုင်းလပ်၊ လင့်ခရူဇာ၊ စူပါဆလွန်း၊ ပါဂျဲရိုး၊ မတ်တူး စသည်တို့ကို ရောင်းချခဲ့သောကြောင့် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ကားဈေးကွက် ဆက်လက်အေးခဲ့ပြီး ယင်းအခြေအနေမှာ ဧပြီလကုန်ထိ ကြာခဲ့သည်ဟုဆိုသည်။

ဇွန်လကတည်းက လိုင်စင်မဲ့ကားများကို လိုင်စင်ထုတ်ပေးတော့မည်ဆိုသော သတင်းမှာ ဇူလိုင် ၂၃ ရက်တွင် အမှန်တကယ်ဖြစ်ခဲ့သည်။ လိုင်စင်မဲ့ကားကို ယာဉ်တန်ဖိုးဖြတ်အဖွဲ့က ကားတန်ဖိုးသတ်မှတ်ပြီး ထိုတန်ဖိုး၏ ၈၅ ရာခိုင်နှုန်းနှင့် သတ်မှတ်အခွန်ဆောင်လျှင် တရားဝင်လိုင်စင်ရကားဖြစ်သွားသည်။ ဇူလိုင် ၂၃ ရက်မှစ၍ လိုင်စင်မဲ့ကားများ တရားဝင် လိုင်စင်ထုတ်ပေးပြီးနောက် အရောင်းအဝယ်အေးနေသော ကားဈေးကွက်တွင်းသို့ လိုင်စင်ဝင်ပြီးစကားများ ဝင်လာပြီး ချက်ချင်းအရောင်းအဝယ်ဖြစ်လာသည်။

မော်ဒယ်မြင့်ကားများမှာ ရက်ပိုင်းအတွင်း ကျပ်သိန်းရာချီ၍ ဈေးများကျခဲ့ရာ ယနေ့အထိပင်ဖြစ်သည်။

လိုင်စင်မဲ့ကားများကို လိုင်စင်ထုတ်ပေးပြီးနောက် ကျဆင်းလာသည့် ကားဈေးနှုန်းများကြောင့် ကားဝယ်စီးသူများက ယခင်ကဲ့သို့ မဟုတ်ဘဲ ဒီဇိုင်းသစ်၊ မော်ဒယ်မြင့်ကားများကိုသာ စီးလာခဲ့သည့်အတွက် အနိမ့်ကားဈေးကွက် ပျောက်ခဲ့သည်။

ထို့အပြင် ယခုနှစ် နှစ်လယ်ပိုင်းမှစတင်၍ တရုတ်ကားကုမ္ပဏီများမှ ဈေးသက်သာသည့် ကားများကို ရောင်းချပေးခဲ့ခြင်းမှာလည်း ထူးခြားမှုတစ်ခုဖြစ်သည်။ စက်မှုဇုန်ကားနှင့် မတိမ်းမယိမ်းရှိသောဈေးနှုန်းဖြင့် ရောင်းချပေးသည့် တရုတ်ကားများမှာ ယနေ့အချိန်အထိ ရောင်းအားကောင်းနေဆဲဖြစ်သည်။ ထို့အပြင် ယခုနှစ်အတွင်း စက်မှု(၂)ဝန်ကြီးဌာနမှရောင်းချပေးခဲ့သည့်ကားများကိုလည်း ဝယ်သူများခဲ့သည်ကိုလည်း တွေ့ရသည်။

ထိုအခြေအနေတွင် ကားလေလံများလည်း ကျဲသွားကာ တစ်ပွဲ၊ နှစ်ပွဲကျင်းပသည့် ကားလေလံပွဲများကိုလည်း လူစိတ်ဝင်စားမှု လျော့နည်းခဲ့ပြန်သည်။ အကြောင်းမှာလေလံဈေးနှုန်းသည် အပြင်ဈေးထက် မြင့်မားခြင်းကြောင့်ဖြစ်ကြောင်း ကားပွဲစားများက ရှင်းပြသည်။

လိုင်စင်မဲ့ကားများ လိုင်စင်ထုတ်ပေးခြင်းကို ကားအစီးရေ ၆,၀၀၀ ကျော်ခန့် ဆောင်ရွက်ပေးခဲ့ပြီးစက်တင်ဘာ ၁၃ ရက်တွင် ပြန်လည်ရပ်နားလိုက်သည့်အတွက် ကားအရောင်းအဝယ် ဈေးကွက်၌ ကားဈေးနှုန်းများ ဆယ်ရာခိုင်နှုန်းခန့် ပြန်လည်မြင့်လာသော်လည်း အရောင်းအဝယ်မှာ နိုဝင်ဘာလကုန်ပိုင်းအထိ အေးခဲ့သည်။

ယခုဒီဇင်ဘာလလယ်လောက်တွင် ကားအရောင်းအဝယ်မှာ အနည်းငယ်ပြန်ဖြစ်လာသော်လည်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ ယခင်နှစ်ဈေးနှုန်းများ အရောင်းအဝယ်ဖြစ်နှင့် နှိုင်းယှဉ်ပါက ထက်ဝက်ခန့် လျော့နည်းနေပြီဖြစ်သည်။ ကားဈေးများကျလာသည်ဆိုသော်လည်း လူလတ်တန်းစားများအတွက်မူ ကားဈေးများက ခေါင်ခိုက်နေဆဲဖြစ်သည်။

## အထူးခြားဆုံး အားကစားသတင်း ၇ ပုဒ်

ဗိုလ်ဗိုလ်ဝင်း

### ၁ ၂၀၁၃ဆီးဂိမ်းပြိုင်ပွဲ မြန်မာနိုင်ငံတွင် ကျင်းပခွင့်ရ

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)အဖြစ်ပြောင်းလဲကျင်းပပြီးနောက်ပိုင်း ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် မြန်မာနိုင်ငံက ၂၀၁၃ခုနှစ်တွင် လက်ခံကျင်းပပြုလုပ်ခွင့်ရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲ လက်ခံကျင်းပမည့် နေပြည်တော်တွင် ပရိသတ်သုံးသောင်းဆံ့ အားကစားကွင်းကြီးနှစ်ကွင်းနှင့် အခြားအားကစားရုံများကိုလည်း ယခုနှစ်တွင် စတင်ဆောက်လုပ်နေပြီဖြစ်သည်။ ယခင်အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲများအား မြန်မာနိုင်ငံက ၁၉၆၁ ခုနှစ်နှင့် ၁၉၆၉ခုနှစ်တို့တွင် အိမ်ရှင်အဖြစ် (ရန်ကုန်)၌ လက်ခံကျင်းပခဲ့ဖူးသည်။

### ၂ ရတနာပုံကယူပေးခဲ့တဲ့ အောင်ပွဲ

၂၀၁၀ အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား(AFC President's Cup 2010) နောက်ဆုံးဗိုလ်လုပွဲတွင် ရတနာပုံအသင်းသည် ဒိုဗ္ဗိုင်းဒိုင်နမိုအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ရတနာပုံအသင်းသည် အာရှအဆင့်ကလပ်အသင်းပြိုင်ပွဲများ၌ ဝင်ပြိုင်ဖူးသည့် မြန်မာကလပ်အသင်းများတွင် ပထမဆုံးအကြိမ် ဗိုလ်စွဲသည့်အသင်းဖြစ်လာခဲ့သည်။ ထို့အပြင် ရတနာပုံမှာ ၂၀၁၀ မြန်မာနေရှင် နယ်လိဂ်ဖလား ကိုလည်း ၂နှစ်ဆက်တိုက်သိမ်းပိုက်ခဲ့သည်။

### ၃ တိုက်ခိုက်မှုစွမ်းရည်ပါပြခဲ့တဲ့ ဘောလုံးပွဲ

၂၀၁၀ မြန်မာနေရှင်နယ်လိဂ်၏ ရန်ကုန်-ရတနာပုံပွဲစဉ် တွင် ကစားသမားများ ခိုက်ရန်ဖြစ်ပွားမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပြစ်ဒဏ်များ စံချိန်တင်ချမှတ်ခဲ့သည်။ အဆိုပါပွဲစဉ်ပွဲပြီးခါနီး မိနစ် ၉၀ ၌ နှစ်ဖက်ကစားသမားများ လက်ဝှေ့ကြိုးဝိုင်းအတွင်း ယှဉ်ပြိုင်သည့်ပုံစံမျိုး တိုက်ခိုက်မှုစွမ်းရည်ပါပြခဲ့၍ ကွင်းလယ်ဒိုင်လူကြီးက ရတနာပုံကစာသမား ရန်ပိုင်နှင့် ချစ်စမ်းမောင်၊ ရန်ကုန်ယူနိုက်တက်မှ အောင်သိုက်နှင့် နိုင်ဦးလွင်တို့အား အနီကတ်ပြထုတ်ပယ်ခဲ့သည်။ ထို့အပြင် ထိုကစား သမားလေးဦးအား ပွဲပယ်ပြစ်ဒဏ် စုစုပေါင်း ၂၂ပွဲနှင့် ဒဏ်ကြေးစုစုပေါင်း ကျပ် ၁၃သိန်းပေးဆောင်စေခဲ့သည်။

### ၄ ဘောလုံးသမားကိုပညာပေးတဲ့ ပရိသတ်

ဥဿာယူနိုက်တက်နှင့် နေပြည်တော်အသင်း ယှဉ်ပြိုင်ကစားခဲ့သည့် MFF Cup ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်တွင် ကစားသမားတစ်ဦးအား ပရိသတ်တစ်ဦးက ရန်ပြုရန် ကြိုးပမ်းခဲ့သည်။

### ၅ အာရှအားကစားပြိုင်ပွဲတွင် ရွှေနှစ်ဆုရ

(၂၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲဝင် မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ်၂ခု၊ ငွေတံဆိပ်၅ခု၊ ကြေးတံဆိပ် ၃ခုရရှိကာ ပြိုင်ပွဲဝင်၄၅နိုင်ငံအနက် အဆင့် ၂၂အဖြစ် ရပ်တည်နိုင်ခဲ့သည်။ ရွှေတံဆိပ်၃ခု၊ ငွေတံဆိပ်၂ခု၊ ကြေးတံဆိပ် ၇ခုရရှိခဲ့သည့် ၁၉၇၀ အာရှအားကစားပြိုင်ပွဲနောက်ပိုင်း ယခုပြိုင်ပွဲသည် မြန်မာတို့အတွက် ဒုတိယအအောင်မြင်ဆုံးပြိုင်ပွဲ ဖြစ်ခဲ့သည်။ ယခုနှစ် အာရှအားကစားပြိုင်ပွဲ၏ ရွှေတံဆိပ်၂ခု စလုံးအား ပိုက်ကျော်ခြင်းအားကစားနည်းမှ ရယူပေးခဲ့ခြင်းဖြစ်သည်။ သို့သော် မြန်မာ ရွှေ၂ခုရခဲ့သော ပိုက်ကျော်ခြင်းမှာ အိုလံပစ်အားကစားနည်းများတွင် မပါဝင်ပေ။

### ၆ ပိုင်ရှင်အပြောင်းအလဲများတဲ့ ဧရာဝတီ

MNL ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်နေသည့် ဒယ်လ်တာယူနိုက်တက်ဘောလုံးအသင်းသည် လာမည့်၂၀၁၁ MNL ပြိုင်ပွဲတွင် ဧရာဝတီယူနိုက်တက် အက်ဖ်စီအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ MNL ၂၀၁၀ ပြိုင်ပွဲအပြီးတွင် ၎င်းအသင်းအား တာဝန်ယူနေသော ပရီးမီးယားကော်ဖီကုမ္ပဏီထံက ဧရာဝတီတိုင်းစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ဒေသကြီး လွှဲပြောင်းလက်ခံရယူခဲ့သည်။ ယခုပိုင်ရှင်ပြောင်းလဲမှုသည် လေးကြိမ်မြောက်ပြောင်းလဲမှုဖြစ်သည်။

### ၇ ဆူဇူကီးပြိုင်ပွဲတွင် ဂိုးဒါနပြု

အာဆီယံဒေသတွင်းမှ လက်ရွေးစင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်သည့် ၂၀၁၀ ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာလက်ရွေးစင်ဘောလုံးအသင်းသည် ဗီယက်နမ်အသင်းအား စံချိန်တင်ပေးဂိုး ၇-၁ဂိုး၊ စင်ကာပူအသင်းအား ၂-၁ ဂိုးဖြင့်ရှုံးနိမ့်ကာ၊ ဖိလစ်ပိုင်အသင်းနှင့် ဂိုးမရှိသရေကျခဲ့ပြီး နိုင်ပွဲတစ်ပွဲမျှ မရရှိဘဲ အုပ်စုတွင် အောက်ဆုံးအဆင့်၌ ရပ်တည်ကာ ပြိုင်ပွဲမှထွက်ခဲ့ရသည်။

# ကျေးလက်များတွင် ပိုဖြစ်ခဲ့သော မုဒိမ်းမှု

အိဖြူလွင်

အမျိုးသမီးများအတွက် လုံခြုံသော အန္တရာယ်ကင်းသော ကမ္ဘာတစ်ခုအဖြစ် တည်ဆောက်နေပြီဆိုသော ယနေ့ကမ္ဘာကြီးတွင် ဆယ်ကျော်သက် အရွယ် မိန်းကလေးများအတွက်မူ တစ်စိတ်တစ်ဒေသသာလုံခြုံမှု ပေးနေနိုင်သေးသည်ဟု ဆိုရမည်ဖြစ်သည်။

တစ်စိတ်တစ်ပိုင်း အကြမ်းဖက်သမား(သို့မဟုတ်) အလိုကြီး၍ ရူးသွပ်သူများဟု ဆိုနိုင်မည့်သူများသည် အသိပညာမပြည့်စုံသေးသော အရွယ်မရောက်သေးသူ မိန်းကလေးငယ်များကို ပစ်မှတ်ထား၍ယင်းတို့၏ သားကောင်းများအဖြစ် ရည်ရွယ်တိုက်ခိုက်နေသော ပြစ်မှုကျူးလွန်မှုများသည် ယနေ့ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နေရာအတော်များများတွင် ရင်ဆိုင်နေရသော ပြဿနာတစ်ခုအဖြစ် ရောက်ရှိနေပြီဖြစ်သည်။

ပြစ်မှုကြီး ၁၀ မျိုးစာရင်းတွင် ပါဝင်သော မုဒိမ်းမှုသည် တစ်နိုင်ငံလုံးတွင် ဖြစ်ပွားမှု အများဆုံးသောပြစ်မှုတွင်ပါဝင်ပြီး မြို့ကြီးများထက် ကျေးလက်ဒေသများတွင် ဖြစ်ပွားမှု ပိုမိုများပြားသည်ကိုလည်း တရားဝင်ထုတ်ပြန်သော စာရင်းများအရ သိရသည်။

ယခု ကုန်လွန်ပြီဖြစ်သော ၂၀၁၀ ပြည့်နှစ်အတွက်မူ မုဒိမ်းမှုများသည်ကျေးလက်ဒေသများတွင် နေထိုင်သည့် အရွယ်မရောက်သေးသူ မိန်းကလေးများအားကျူးလွန်မှုများ များပြားလာခြင်းကို ယခုနှစ်အတွင်း ဖြစ်ပွားခဲ့သော မှုခင်းများကိုကြည့်၍ပင်သိရသည်။

ထိုကဲ့သို့ မှုခင်းများ ကျူးလွန်သူများတွင် သက်ကြီးပိုင်းအရွယ် ရောက်နေပြီဖြစ်သေ အမျိုးသားများပင် ပါဝင်နေသည်ကိုလည်း တွေ့ရသည်။

မုဒိမ်းမှုများကျူးလွန်သူများသည် များသောအားဖြင့် ဖမ်းဆီးရမိနိုင်သော်လည်း အချို့ကျူးလွန်ခြင်း ခံရသူများမှာ အရှက်ကိုင့်၍ သက်ဆိုင်ရာသို့ မတိုင်ကြားကြသောကြောင့် ယင်းကိုပြစ်မှုကျူးလွန်သူများက အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချကြခြင်းဖြစ်သည်ဟု အငြိမ်စားရဲအရာရှိကြီးတစ်ဦးကပြောကြားသည်။

ယခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် မုဒိမ်းမှုအချို့ကို ကြည့်လျှင် ဖေဖော်ဝါရီလက ခရမ်းမြို့နယ် ×××××ကျေးရွာ၌ ရွာဘုရားပွဲကျင်းပနေချိန်တွင် ဖြစ်ပွားခဲ့သော မှုခင်းဖြစ်ရပ်တစ်ခုလည်း ပါဝင်သည်ကို တွေ့ရသည်။

ယင်းဖြစ်ရပ်တွင် ကရင်စု ××××ကျေးရွာတွင် နေထိုင်သူအမျိုးသမီးသည် သူမ၏ သမီးငယ်နှင့်အတူ ဘုရားပွဲဈေးတန်းလျှောက်စဉ် သမီးနှင့်လူချင်းကွဲသွားရာမှ သမီးဖြစ်သူသည် မုဒိမ်းမှုကျူးလွန်ခြင်းခံခဲ့ရခြင်းဖြစ်သည်။

ကျူးလွန်သူမှာ တစ်ရွာတည်းတွင်ပင် နေထိုင်သူ အသက် ၅၀ အရွယ်ရှိ အမျိုးသားတစ်ဦးဖြစ်ပြီး မိခင်နှင့်ကွဲသွားသူ ကလေးငယ်အားမုန့်ကျွေး၍ ယင်း၏ ခရမ်းချဉ်သီးအစောင့်တဲသို့ ခေါ်ဆောင်သွားကာ ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ထိုဖြစ်ရပ်ကဲ့သို့ပင် အရွယ်မရောက်သေးသူ ကလေးငယ်အား မုဒိမ်းမှုကျူးလွန်ရန် ကြံစည်သည် ဖြစ်ရပ်တစ်ခုလည်း နိုဝင်ဘာ ၃၀ ရက်က နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။ အဆိုပါ ကလေးငယ်သည် မိသားစုနှင့်အတူ အိပ်ပျော်နေစဉ် အသက် ၂၄နှစ်သာရှိသေးသည့်လူငယ်ကမိန်းကလေးအားပွေ့ချီသွားပြီး ပြစ်မှုကျူးလွန်ရန်ကြံစည်အားထုတ်နေစဉ် မိန်းကလေးငယ်က ကြောက်လန့်ငိုသောကြောင့်အနီးပတ်ဝန်းကျင်ရှိလူများက ဝိုင်းဝန်းဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

နိုဝင်ဘာ ၂၆ ရက်ကပင် ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်တွင် ဖြစ်ပွားခဲ့သော မှုခင်းဖြစ်ရပ်တစ်ခုတွင်လည်း ပြစ်မှုကျူးလွန်ခြင်းခံရသူမှာ အရွယ်မရောက်သေးသူ မိန်းကလေးငယ်ဖြစ်သည်ဟု သိရသည်။

အဆိုပါဖြစ်စဉ်တွင် မိန်းကလေးငယ်အားအနီးနားရွာမှ လူငယ် ၅ ဦးက ခေါ်ဆောင်သွားပြီး ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်။

အထက်ပါ မှုခင်းဖြစ်စဉ်များတွင် ပြစ်မှုကျူးလွန်ခြင်းခံရသူများမှာ အရွယ်မရောက်သေးသူ ကလေးငယ်များသာ ဖြစ်နေသည်ကို တွေ့ရသည်။

ထိုကဲ့သို့ မှုခင်းများသည် ကျေးလက်ဒေသများတွင် ဖြစ်ပွားမှုများပြားခြင်းမှာ ရပ်ရှင်ကားများ၏ရိုက်ခတ်မှုတစ်စိတ်တစ်ဒေသလည်းပါဝင်သည်ဟု အငြိမ်းစားရဲမှူးကြီးက ပြောကြားသည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် မြို့မှာက ဒီလိုအလုပ်မျိုးကို နှိမ်နင်းမှုရှိနေတော့မုဒိမ်းမှုဆိုတာမျိုး ဖြစ်မလာတော့တာပါ။

ကျေးလက်မှာကတော့ ဒီလိုမဟုတ်တော့ဘူး။ နေထိုင်မှု ပုံစံချင်းကအရမ်းကွာသွားတဲ့အတွက် စိတ်အလိုမပြည့်တဲ့ ယောကျ်ားတွေက မုဒိမ်းမှုတွေ ကျူးလွန်မိကြတယ်။ ဒီလိုကွာသွားတာပါ"ဟု မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် အဆင့်ဆင့် တာဝန် ထမ်းဆောင်ခဲ့သည့် အဆိုပါ အငြိမ်းစားရဲမှူးကြီးက ပြောကြားခဲ့သည်။

လိင် ပညာပေးအစီအစဉ်များနှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို နေရာဒေသအနှံ့အပြားတွင် အဖွဲ့အစည်း အများအပြားက လုပ်ဆောင်ပေးလျက်ရှိသော်လည်း ပြောင်းလဲလာသော ခေတ်ယဉ်ကျေးမှုနှင့် အလွယ်တကူဝယ်ယူရရှိနိုင်သော ဆင်ဆာမဲ့ဗီဒီယိုအခွေများကြောင့်ပင် အဆိုပါ ဖြစ်စဉ်များ များပြားလာခြင်းဖြစ်သကဲ့သို့ စီးပွားရေးအခြေအနေများအရ ကလေးငယ်များအား တစ်ယောက်တည်း အိမ်တွင်ထားခဲ့ရခြင်းနှင့် အပြင်သို့စေလွှတ်ရခြင်းများလည်း ပါဝင်ကြောင်း ကျန်းမာရေးဆိုင်ရာ လူမှုရေးအဖွဲ့အစည်းတွင် လုပ်ကိုင်နေသူတစ်ဦးကပြောသည်။

"မှုခင်းတွေ မဖြစ်အောင် ကြိုကာကွယ်ဖို့ဆိုတာ လူတိုင်းမှာ တာဝန်ရှိပါတယ်။ မိဘတွေအနေနဲ့ ကိုယ့်ရဲ့အရွယ်မကောက်သေးတဲ့ သမီးတွေကို သေချာစောင့်ရှောက်ဖို့ မိန်းကလေးတွေအနေနဲ့လည်း ကိုယ့်အတွက် အန္တရာယ်ရှိနိုင်တဲ့ နေရာတွေကို မသွားလာမိဖို့နဲ့ မသင့်တော်တဲ့အပြုအမူတွေကို မပြုလုပ်မိဖို့ အရေးကြီးပါတယ်"ဟု အငြိမ်းစားရဲမှူးကြီးက ပြောကြားသည်။

ပြစ်မှုကြီး အမျိုးအစားထဲတွင် ပါဝင်သော မုဒိမ်းမှုသည် လူသတ်မှုကဲ့သို့ပင်ဖြစ်ပွားမှု များပြားသော မှုခင်းအမျိုးအစားဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မုဒိမ်းမှု ၇၅ မှုဖြစ်ပွားခဲ့သည်ဟု သိရသည်။

## ထူးခြားမှုခင်းများ

မေလ ၁၇ ရက်တွင် ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ဓားပြများနှင့် ရွာသားများအပြန်အလှန်ပစ်ခတ်မှုများဖြစ်ခဲ့သော ဓားပြတိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်။ အဆိုပါဓားပြတိုက်မှုတွင် ဓားပြများ၏ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူများထဲမှ နှစ်ဦးလွတ်မြောက်သွားပြီး အကူအညီတောင်းခဲ့ရာမှ ရွာသားများရောက်ရှိလာသောကြောင့် ဓားပြများနှင့်ရွာသားများအကြား ပစ်ခတ်မှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါအမှုကျူးလွန်သူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှဖမ်းဆီးနိုင်ခဲ့ပြီး ရုပ်သံဇာတ်လမ်းအဖြစ်ပင် ပြန်လည်ရိုက်ကူးခဲ့ရသော အမှုတစ်ခုဖြစ်ခဲ့သည်။

အောက်တိုဘာ ၂၄ တွင်မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင်ရေနံပိုက်လိုင်းပေါက်မှုကြောင့် ရွာသားတစ်ရာကျော် မီးလောင်ခံရကာ ၁၄ ဦးသေဆုံးခဲ့သည်။ ပခုက္ကူမြို့နယ်သာကြီးတောင်ရေနံမြေမှ အရာတော်ရေနံမြေသို့ ရေနံပို့ဆောင်သော ပိုက်လိုင်းသည်ပေါက်ထွက်၍ ရေနံယိုစိမ့်မှုအား ပတ်ဝန်းကျင်ရွာများမှ ရွာသူရွာသားများသယ်ယူစဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် ရွာသူရွာသား ၁၂၁ ဦးမီးလောင်ဒဏ်ရာရရှိခဲ့ပြီး ယင်းတို့အား ပခုက္ကူ ကျွန်းချောင်း၊ မြစ်ချေဆေးရုံများသို့ ပို့ဆောင်ဆေးကုသမှုခံယူခဲ့ကြောင်း ဒဏ်ရာရရှိသူများထဲမှ ၁၄ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလအတွင်း ဖြစ်ပွားခဲ့သော နေပြည်တော် အမြန်လမ်းမကြီးပေါ်တွင် တစ်ပတ်အတွင်းယာဉ်နှစ်စီးတိမ်းမှောက်၍ လူ ၇ ဦးသေဆုံးခဲ့သည့် မတော်တဆဖြစ်ရပ်သည်လည်း ပရိသတ်စိတ်ဝင်စားမှုနှင့် ဝမ်းနည်းကြေကွဲဖွယ်ရာ မတော်တဆဖြစ်ရပ်များဖြစ်ခဲ့သည်။ နိုဝင်ဘာ ၂၃ ရက်က အဆိုပါလမ်းမကြီးပေါ်ရှိ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအနီးတွင် အိမ်စီးကားတစ်စီးတိမ်းမှောက်ပြီး ကားပေါ်ပါလာသူ ၄ ဦးစလုံးသေဆုံးခဲ့သည်။ ထိုဖြစ်စဉ်နှင့် နှစ်ရက်သာခြား၍ ကားရှေ့ဘီးပေါက်၍ တိမ်းမှောက်ခဲ့သော ဖြစ်ရပ်တွင်လည်း လေယာဉ်မယ်တစ်ဦး အပါအဝင်လူ ၃ ဦး သေဆုံးခဲ့သည်။

# တစ်နှစ်အတွင်း ဗုံးပေါက်ကွဲမှုအချို့

နေလင်းအောင်၊ အိဖြူလွင်

၂၀၁၀ ပြည့်နှစ်နှစ်ဆန်းတွင်ပထမဦးဆုံးတွေ့ရှိသိမ်းဆည်းရမိခဲ့သည့် ဗုံးထောင်မှုမှအစပြုခဲ့သောဗုံးအန္တရာယ်အထိတ်တလန့်များသည်ယခုနှစ်အတွင်း အကြိမ်ရေများစွာဖြစ်ပေါ်ခဲ့သည်။ ယခုနှစ်တစ်နှစ်တာကာလအတွင်း ရန်ကုန်မြို့အထင်ကရနေရာများနှင့် နယ်ဒေသများတွင်မသမာသူပြည်တွင်းအကြမ်းဖက်သမားများဖန်တီးသည့်ဗုံးဖောက်ခွဲမှုများ၊ ဗုံးထောင်မှုများနှင့်ပတ်သက်၍စုစည်းရသမျှကိုပြန်လည်ဖော်ပြပေးလိုက်ရပါသည်။

**ဇန်နဝါရီ-၁**

တောင်ဥက္ကလာပမြို့နယ်၁၄/၃ ရပ်ကွက် ချယ်ရီဉယျာဉ် အိမ်ရာရှိ အိမ်ခြံဝင်းတစ်ခုအတွင်းသို့ ချိန်ကိုက်ဗုံးတစ်လုံးထည့်ထားသော ကလေးကစားစရာ အရုပ်တစ်ခု ပစ်သွင်းသွားခဲ့ခြင်းအား သက်ဆိုင်ရာက သိမ်းဆည်းရမိခဲ့သည်။

**ဧပြီ -၁၄**

ဧပြီလ ၁၄ ရက်ကလည်း ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ် (၃)စစ်ဆေးရေးဂိတ် (မြဝတီနယ်စပ်ဂိတ်)ဖြစ်သည့် ခင်နိမ်းမှုဂိတ်အနီး ယာဉ်စစ်ဆေးရေးဝင်းဟောင်းတွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ လူသုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယင်းနေ့၌ပင် ကုန်သွယ်ရေးနယ်စပ်ဂိတ်တစ်ခုဖြစ်သည့် မူဆယ် ၁၀၅ မိုင် အေးရှားဝေါတိုးဂိတ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများ မရှိခဲ့သော်လည်း ယင်းပေါက်ကွဲမှုကြောင့် အဆောက်အအုံထိခိုက်ပျက်စီးခဲ့သည်။

**ဧပြီ-၁၅**

ယခုနှစ်အတွင်း အဆိုးရွားဆုံး ဗုံးပေါက်ကွဲမှုဖြစ်စဉ်တစ်ခု ပေါ်ပေါက်ခဲ့သည်။ မဟာသင်္ကြန်အကြတ်နေ့ လှည့်လည်မှုအထူထပ်ဆုံးရက်၊ အစည်ကားဆုံး ညနေစောင်းတွင်ဗုံးပေါက်ကွဲမှုကြောင့် လူပေါင်း၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၁၂ ဦး သေဆုံးခဲ့ရသည်။ကန်တော်ကြီးစောင်းရှိ $X_2O$ မဏ္ဍပ်အားလက် ပစ်ဗုံးသုံးလုံးနှင့်ဖောက်ခွဲခဲ့ခြင်းဖြစ်ပြီး ယင်းပေါက်ကွဲမှုဖြစ်စဉ်အပြီး ၈ ရက်အကြာတွင် တရားခံတစ်ဦးကိုသာ ဖမ်းဆီးရမိခဲ့သည်။

**ဧပြီ-၁၇**

ထို့အပြင် မြန်မာပြည်၏ အထင်ရှားဆုံးနေရာဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကချင်ပြည်နယ် မေခနှင့် မလိခမြစ်ဝှမ်း မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းရှိ ရေလှောင်တမံတည်ဆောက်ရေး ရှင်းလင်းဆောင် အပါအဝင် စီမံကိန်းနေရာလေးခုတွင် ဗုံး ၁၀ လုံး ပေါက်ခွဲခဲ့ပြီး လူတစ်ဦးဒဏ်ရာရရှိကာ အဆောက်အအုံနှင့် မော်တော်ယာဉ် ၆ စီးတို့၏ အစိတ်အပိုင်းများပျက်စီးဆုံးရှုံးခဲ့သည်။ ယင်းနေရာတွင် မပေါက်ကွဲသေးသည့် မိုင်းတချို့ကိုလည်း ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့ကြောင်းသိရသည်။

**မေ-၂၁**

ပြည်တွင်းနေရာ ပေါင်းစုံ၌ ပေါက်ကွဲမှုများကြောင့် ပြည်သူများ စိုးရိမ်မကင်းဖြစ်နေဆဲမှာပင် ယင်းအခြေအနေကို အခွင့်ကောင်းယူငွေညှစ်မှုများလည်း ကြံကြံဖန်ဖန် ပေါ်ထွက်လာခဲ့သေးသည်။ မကွေးမြို့၏ အထင်ကရ နေရာကောင်းမွန်စူပါမားကက်အား ဗုံးသုံးလုံးထောင်ထားသည်ဟုဆိုကာ ပိုင်ရှင်အား ငွေကျပ်သိန်း ၅၀၀ ငွေညှစ်တောင်းဆိုမှုဖြစ်သည်။ ပြစ်မှုကျူးလွန်သူမှာ ကတ်ဖုန်းကိုအသုံးပြု၍ ခြိမ်းခြောက်တောင်းယူခြင်းဖြစ်ပြီး ယင်းကတ်ဖုန်းကြောင့်ပင် ပြစ်မှုကျူးလွန်သူမှာ ၂၄ နာရီအတွင်း ခြေရာခံ ဖမ်းဆီးမိခဲ့သည်။

**ဩဂုတ်-၆**

ဧပြီလတွင်းက ပေါက်ကွဲမှုဖြစ်ခဲ့သော မြဝတီမြို့၌ပင် အမှတ် ၄ ရပ်ကွက် ညဈေးတန်းအနီး၌ ပေါက်ကွဲမှု တစ်ခု ဖြစ်ပွားခဲ့ရာ အမျိုးသား နှစ်ဦးသေဆုံးပြီး၊ လေးဦးဒဏ်ရာရရှိခဲ့သည်။ အမျိုးသားနှစ်ဦး စီးနင်းလာသော ဆိုင်ကယ်တစ်စီးပေါ်တွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် ဆိုင်ကယ်စီးလာသူအမျိုးသားနှစ်ဦးသေဆုံးပြီး ဘေးပတ်ဝန်းကျင်ရှိ အမျိုးသားတစ်ဦး၊ အမျိုးသမီးသုံးဦးဒဏ်ရာရရှိခဲ့သည်။

**နိုဝင်ဘာ-၂**

ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ Star Net အင်တာနက်ဆိုင်အား ချိန်ကိုင်မိုင်း လေးလုံးဖြင့်ကြံစည်မှုအား သက်ဆိုင်ရာကတားဆီးနိုင်ခဲ့မှုကြောင့် ပေါက်ကွဲမှုမဖြစ်ခဲ့ပေ။ ယင်းအမှုတွင် ဖောက်ခွဲရန် ကြံစည်သူဟု ယူဆရသော တရားခံနှစ်ဦး၏ ဓာတ်ပုံအား သက်ဆိုင်ရာက ဆိုင်၏ တီဗီကင်မရာမှရယူ၍ မြို့လယ်တွင် သတင်းပေးရန် ကြော်ငြာစာရွက်များဖြင့် ထုတ်ပြန်ခဲ့သော်လည်း ယင်းကြေညာချက်အပြီး နှစ်လနီးပါးခန့်တွင် ယင်းပုံများအစားအခြားသော တရားခံဟု ယူဆရသူနှစ်ဦးကို ပြန်လည်ကြေငြာခဲ့သည်။ ၂၀၁၀ပြည့်နှစ် တစ်နှစ်လုံးနီးပါး ဗုံးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရမှုကြောင့် ရန်ကုန်မြို့ပေါ်ရှိစီးပွားရေးအဆောက်အအုံများ၊ ဆေးရုံများ၊ ဈေးဝယ်စင်တာများတွင် လုံခြုံရေးပိုမိုစိစစ်လာကြသည်။

ယခု ဖော်ပြမှုများသည် ဗုံးပေါက်ကွဲမှု၊ စစ်ဆေးတွေ့ရှိမှု အားလုံးကို ဖော်ပြခြင်းမဟုတ်သေးသော်လည်း မြန်မာပြည်သူများ သိရှိခဲ့ရသည်များထဲမှ အချို့ကို ပြန်လည်ထုတ်နုတ်ထားခြင်းဖြစ်သည်။



$X_2O$ မဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲပြီးနောက် ဒဏ်ရာရသူများကိုဆေးရုံသို့ သယ်ဆောင်နေစဉ်။

အရှိန်ရလာသည့် ပြည်တွင်းဝန်ဆောင်မှုများ၏ တစ်နှစ်တာကာလအတွင်း မှတ်တမ်းသတင်းများမှ အချို့အား 7Day News ပရိသတ်များအတွက် ရွေးထုတ်ဖော်ပြလိုက်ပါသည်။



# ၂၀၁၀ မြန်မာ့အိုင်တီလောက ထူးခြားသတင်းများ

NLA, YZKK, TTS

### အဆင့်မြင့် အိုင်တီဘာသာရပ်များ သင်ယူနိုင်သည့် သင်တန်းစဖွင့်

ပြည်တွင်း ကွန်ပျူတာဘာသာရပ် လေ့လာလိုက်စားသူများအတွက် အဆင့်မြင့်နည်းပညာဘာသာရပ်များ သင်ယူနိုင်မည့် ကျောင်းတစ်ခုအား MCC နှင့် ထိုင်းနိုင်ငံမှ နိုင်ငံတကာတက္ကသိုလ်တစ်ခုဖြစ်သော AIT တို့ ပူးပေါင်း၍ ရတနာပုံဆိုက်ဘာစီးတီးတွင် ဖွင့်လှစ်ခဲ့သည်။ လက်ရှိကာလတွင်လည်း ထိုင်းနိုင်ငံရှိ ယင်းတက္ကသိုလ်နှင့်ချိတ်ဆက်၍ အိုင်တီဘာသာရပ်များအပြင် အင်္ဂလိပ်၊ ဓာတုနှင့် ရူပဗေဒဆိုင်ရာဘာသာရပ်များကို သင်ကြားလျက်ရှိသည်။


### FttH ဝန်ဆောင်မှုစတင်

ဖိုင်ဘာဆက်ကြောင်းတစ်ခုတည်းမှ အင်တာနက်၊ ရုပ်သံလိုင်းနှင့် ဖုန်းလိုင်း သုံးမျိုးသုံးစွဲနိုင်သော Triple Play ဝန်ဆောင်မှုအား ဖေဖော်ဝါရီလအတွင်း ပြင်ဦးလွင်မြို့၌ စတင်မိတ်ဆက်ခဲ့ရာမှ ယခုနှစ်ကုန်ပိုင်းတွင် မန္တလေးနှင့် ရန်ကုန်မြို့တွင်ပါ ရယူသုံးစွဲနေပြီဖြစ်သည်။ ADSL၊ Wi-Max၊ Broadband၊ iPstar လိုင်းတို့ထက် မြန်နှုန်းမြင့်သော ယင်းစနစ်အား အကြိုက်တွေ့လျက်ရှိကြသည်။

### ပထမဦးဆုံး ဒစ်ဂျစ်တယ် သက်သေခံလက်မှတ်

ယခုနှစ်အတွင်း ပြည်တွင်းရှိ နည်းပညာဝန်ဆောင်မှုနှင့် ထုတ်ကုန်များ ရောင်းချနေသောလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေမည့် လုပ်ငန်းတစ်ရပ်အား ရတနာပုံတယ်လီပို့က စတင်ဆောင်ရွက်ခဲ့သည်။

ယင်းသည် နည်းပညာနှင့် ဆက်နွယ်လျက်ရှိသော အစိုးရဌာနအချင်းချင်း၊ ရုံးလုပ်ငန်းများ၊ ကုမ္ပဏီများကြားတွင် Data လွှဲပြောင်းရယူမှုများကြောင့် ဖြစ်ပေါ်နိုင်သည့် အငြင်းပွားမှုများကို ကာကွယ်ပေးနိုင်မည့် Certification Authority (CA) ခေါ် ဒစ်ဂျစ်တယ် သက်သေခံလက်မှတ်များကို မေလတွင်စတင်ထုတ်ပေးခဲ့သည်။ သို့သော် ယခုအချိန်တွင်မူ အဆိုပါဒစ်ဂျစ်တယ်သက်သေခံလက်မှတ်များ အသုံးပြုမှုမှာ များစွာ တွင်ကျယ်မှုမရှိသေးကြောင်းလည်း စုံစမ်းသိရှိရသည်။



### ပြည်ပသို့ ဆော့ဖ်ဝဲ စတင်ရောင်း

ပြည်တွင်းကုမ္ပဏီများထဲမှ ကုမ္ပဏီတစ်ခုကလည်း ပြည်ပသို့ ဆော့ဖ်ဝဲထုတ်လုပ်တင်ပို့မည့်စီမံကိန်းအတွက် ဂျပန်ကုမ္ပဏီများနှင့် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌဦးသိန်းဦး တည်ထောင်ထားသည့် Ace Data System ကုမ္ပဏီအနေဖြင့် ဂျပန်ဈေးကွက်သို့ တင်ပို့မည့်ဆော့ဖ်ဝဲများအား ပြည်တွင်း၌ပင် စီစဉ်ထုတ်လုပ်၍ တင်ပို့ရန် ဂျပန်နည်းပညာကုမ္ပဏီများဖြစ်သည့် DIR System Technology နှင့် Use Information System ကုမ္ပဏီတို့နှင့် စာချုပ်ချုပ်ဆိုခဲ့သည်။

### အွန်လိုင်းစတိုး စတင်ပေါ်ပေါက်

E-Commerce လုပ်ငန်းများနှင့် ပတ်သက်၍ အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းများနှင့် နယ်ပယ်အသီးသီးမှ အစပျိုးနေဆဲကာလတွင် ပြည်တွင်းမှ လုပ်ငန်းရှင်တစ်ဦးဆောင်ရွက်သည့် အွန်လိုင်းမှ ဈေးဝယ်နိုင်မည့်စတိုးဆိုင်တစ်ဆိုင်ဇူလိုင်လတွင်စတင်ပေါ်ပေါက်လာခဲ့သည်။

ကမ္ဘာတစ်ဝန်းမှ မှာယူသုံးစွဲမှုအများဆုံးသော အမေရိကန်မှ ပစ္စည်းများကိုသာ သီးသန့်မှာယူရောင်းချပေးသော Yangon Online စတိုးသည် မူလက လူသိနည်းခဲ့သော်လည်း လက်ရှိတွင် နောက်ဆုံးပေါ်ပစ္စည်း သုံးစွဲလိုသူများကြောင့် ရပ်တည်ထားနိုင်ဆဲလုပ်ငန်းသစ်တစ်ခုဖြစ်နေသည်။ ယင်းအွန်လိုင်းစတိုးကို ဖွန်လအတွင်း စတင်ခဲ့ခြင်းဖြစ်သည်။

### ကွန်ပျူတာဈေးကွက်တွင် လက်ပ်တော့များက လွှမ်းမိုး

ပြည်တွင်း ကွန်ပျူတာဈေးကွက်တွင် လက်ပ်တော့ကွန်ပျူတာများ တစ်စထက်တစ်စနေရာယူလာခဲ့ရာ ယခု၂၀၁၀တွင် အမြင့်ဆုံးသောအခြေအနေသို့ပြောင်းလဲသွားခဲ့သည်။ ယခုနှစ်လယ်ပိုင်းတွင် လက်ပ်တော့များ၏ ဝယ်လိုအားမြင့်တက်လာခဲ့ပြီး ကွန်ပျူတာဈေးကွက်၏ ဈေးကွက်ဝေစု ၆၀ ရာခိုင်နှုန်းကို လက်ပ်တော့ကွန်ပျူတာများက ရယူထားခဲ့သည်။

လက်ရှိ နှစ်ကုန်ပိုင်းတွင်မူ ယင်းပမာဏထက် ပိုမိုလာပြီး သုံးစွဲမှုများပြားလာခြင်းကြောင့် လက်ပ်တော့ကွန်ပျူတာများ၏ ဈေးနှုန်းများ ယခင်နှစ်များထက် များစွာကျဆင်းလာခဲ့သည်။

### ကမ္ဘာ့စံဝက်ဘ်ပေါ်တယ်တစ်ခု ပေါ်ပေါက်

ပြည်သူများ အင်တာနက်သုံးစွဲမှု များပြားလာရန်နှင့် မြန်မာနိုင်ငံ၏ အကြီးဆုံးသောဝက်ဘ်ပေါ်တယ်လ်ဖြစ်စေမည်ဟူသော ရည်ရွယ်ချက်နှင့် စတင်ခဲ့သည့် ရတနာပုံတယ်လီပို့ကုမ္ပဏီ၏ ရတနာပုံဝက်ဘ်ပေါ်တယ်လ်အား ယခုနှစ်ကုန်ပိုင်းတွင် အပြီးသတ် လွှင့်တင်နိုင်ခဲ့သည်။ ဝန်ထမ်းဦးရေတစ်ရာကျော်ခေါ်ယူ၍ အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့သော အဆိုပါဝက်ဘ်ပေါ်တယ်လ်အား အမျိုးသားအဆင့်ဝက်ဘ်ပေါ်တယ် အဖြစ် သတ်မှတ်ထားသည်။

### အခပေး ရုပ်သံလိုင်း ထပ်တိုး

ပြည်တွင်း၌အခပေးရုပ်သံလိုင်းတစ်ခုအဖြစ် ပထမဦးဆုံး စတင်ခဲ့သည့် Family Entertainment ၏ ပြိုင်ဘက်ဖြစ်လာမည့် ရုပ်သံလိုင်းတစ်ခု ယခုနှစ်ကုန်ပိုင်းတွင်စတင်ပေါ်ပေါက်လာခဲ့သည်။ ရွှေသံလွင်ကုမ္ပဏီမှ ဝန်ဆောင်မှုပေးသည့် Sky Net အမည်ရှိ ရုပ်သံလိုင်းအား ဒီဇင်ဘာလဆန်းပိုင်းတွင် စတင်ရောင်းချခဲ့သည်။

ယင်းဝန်ဆောင်မှုနှင့်အတူ အင်တာနက်နှင့် ဖုန်းလိုင်းဆက်သွယ်မှုရရှိနိုင်မည့် Multiple-Play Choice စနစ်များကိုပါ ရောင်းချလျက်ရှိသည်။ ရွှေသံလွင်မှာ နှစ်ဆန်းပိုင်းတွင်လည်း MRTV -3 ကို ပြန်လည်ဆန်းသစ်၍ MI-Myanmar International အဖြစ် ထုတ်လွှင့်ပေးခဲ့သောကုမ္ပဏီဖြစ်သည်။

စာ(၅၄)သို့

# နေပြည်တော်အတွက် ထူးခြားခဲ့သော ၂၀၁၀

**ထူးသန့်**

အစိုးရအုပ်ချုပ်ရေး ယန္တရားများ အခြေစိုက်ရာ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်တွင် မြို့တော်အင်္ဂါရပ်နှင့်အညီ အခြေခံအဆောက်အအုံများ ပုံမှန်တည်ဆောက် ဖွင့်လှစ်လျက်ရှိနေပြီး၊ ယင်းတို့အနက် နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည့် ၂၀၁၀ ခုနှစ် မဟာသင်္ကြန်ပွဲတော်၊ ၂၀၁၀ ခုနှစ် နှစ်လယ်ကျောက်မျက်ရတနာအရောင်းပွဲတော်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)တို့ကို ယခုနှစ်အတွင်း ဖွင့်လှစ်ကျင်းပနိုင်ခဲ့သည့်အတွက် ဒေသခံများအတွက်ထူးခြားခဲ့ပြီး အမြင်ပိုကျယ်ခဲ့သောနှစ်တစ်နှစ်ဟူ၍ ဆိုရမည်ဖြစ်သည်။

အထူးသဖြင့် အောက်တိုဘာလအတွင်း ကျင်းပရန် ရည်ရွယ်ထားပြီး နိုဝင်ဘာ ၁၇ မှ ၂၉ ရက်အတွင်း ကျင်းပနိုင်ခဲ့သည့် နှစ်လယ် ကျောက်မျက်ပြပွဲနှင့် ဆက်စပ်၍ နေပြည်တော် အိမ်ခြံမြေဈေးကွက် အဓိကလှုပ်ရှားခဲ့သကဲ့သို့ ဒေသထွက် သီးနှံရောင်းချသည့် တောင်သူများအထိပါ အသိအမြင်ပိုမိုရရှိလာကြကြောင်း ဒေသခံများက ပြောကြသည်။ “ကျောက်မျက်ပြပွဲကြီး ပြီးခဲ့တဲ့နောက် ဒေသခံတွေအနေနဲ့ ကိုယ်ရောင်းချင်တဲ့ပစ္စည်းကို ဈေးရအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ သိမြင်လာခဲ့တယ်”ဟု ဒေသခံ စီးပွားရေးလုပ်ငန်းရှင်ဦးစိုးမြိုင်က ထင်ဟပ်ပြောဆိုသည်။

ပြည်တွင်းပြည်ပကုန်သည် ၆,၇၅၀ ဦး လာရောက်ခဲ့သော အဆိုပါ ကျောက်မျက်ပြပွဲမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ ဘီလီယံဖိုးရောင်းချခဲ့ရကြောင်းလည်းသိရသည်။

ဧပြီလတွင် နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပခဲ့သော ၂၀၁၀ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ကျင်းပခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ယခုနှစ်အတွင်း ပေါ်ထွန်းလာခဲ့သော စတုတ္ထမြောက်ဆင်ဖြူတော်(ဘဒ္ဒဝတီ)နှင့် ပဉ္စမမြောက်ဆင်ဖြူတော်(နန္ဒဝတီ)တို့လည်း နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်အနီး အထူးစီမံထားသောနေရာသို့ ရောက်လာခဲ့သည်။ အလားတူပင် အသစ်တည်ဆောက်လျက်ရှိသည့် ဆာဖာရီဥယျာဉ်(နေပြည်တော်)သို့ အာဖရိကမှ ကြံ့ဖြူ ကြံ့နီနှင့်ခြင်္သေ့များအပါအဝင် တိရစ္ဆာန် ၅၅ ကောင် နိုဝင်ဘာ ၂၉ ရက်က ရောက်ရှိခဲ့သည်။

နေပြည်တော်ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ဝန်ထမ်းများအတွက် ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်နှင့် အမရာယူနိုက်တက်ဘဏ်တို့ကဲ့သို့ ပုဂ္ဂလိကဘဏ်သစ်များ ယခုနှစ်လယ်ပိုင်းတွင်ဖွင့်လှစ်ခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အစိုးရဆေးရုံကြီးများအပြင် ပုဂ္ဂလိကအထူးကုဆေးရုံကြီးအဖြစ် ခုတင် ၃၀၀ ဆံ့ ဥတ္တရသီရိဆေးရုံကြီး၏ ပထမအဆင့်(ခုတင် ၄၀)ဖွင့်ပွဲကိုလည်း နိုဝင်ဘာ ၂၂ရက်နေ့က ပြုလုပ်ခဲ့သည်။ ပုဂ္ဂလိကပိုင် အထူးကုဆေးခန်းသစ်များလည်း ဖွင့်လှစ်လာသည်။ သို့သော် ဒေသခံ အခြေခံလူတန်းစားများမှာမူ ရာသီပေါ်ရောဂါများအတွက် စတိုးဆိုင်များမှ သောက်ဆေးနှင့် ရပ်ကွက်အတွင်းရှိ ဆေးခန်းငယ်များကိုသာ အားထားနေရဆဲဖြစ်သည်။

အပန်းဖြေရန်နှင့် လည်ပတ်ရန်နေရာများစွာ ရှိလာသည့် အတွက် အနီးဝန်းကျင်ဒေသများဖြစ်သော တောင်ငူ၊ ရေတာရှည်၊ မိတ္ထီလာ၊ ပျော်ဘွယ် စသည့် ဒေသများမှလည်း လာရောက်လေ့လာသူများရှိလာသည်။

နေပြည်တော်တွင် ၂၀၁၁ ခုနှစ်အတွင်း ဖွင့်လှစ်ရန်ရှိသော အမျိုးသားပြတိုက်၊ စာကြည့်တိုက်နှင့်အမျိုးသားမော်ကွန်းတိုက်များ တည်ဆောက်နေသည့်အပြင် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် ဆာဖာရီဥယျာဉ်တို့ကိုလည်းတည်ဆောက်လျက်ရှိရာ လာမည့် ၂၀၁၁ ခုနှစ်တွင် ဖွင့်လှစ်မည့် အထိမ်းအမှတ်အဆောက်အအုံများနှင့် ပြုလုပ်မည့် အခမ်းအနားများကြောင့်လည်း ယခု ၂၀၁၀ ခုနှစ်ကဲ့သို့ပင် ဒေသခံများအတွက် အမြင် ပိုမိုရင့်သန်လာစေမည်ဖြစ်ကြောင်း ဒေသခံအချို့က သုံးသပ်လျက်ရှိသည်။

ထို့အပြင် နှစ်ပေါင်းနှစ်ဆယ်အတွင်း ပထမဆုံး ကျင်းပသော ရွေးကောက်ပွဲအလွန်တွင် စနစ်ကူးပြောင်းရေးအတွက် အရေးကြီးသောအချိုးအကွေ့ဖြစ်သည့် လွှတ်တော်ခေါ်ယူခြင်းမှာလည်း ၂၀၁၁ တွင် ဆောက်လုပ်ပြီးစ လွှတ်တော်အဆောက်အအုံသစ်၌ ကျင်းပမည်ဖြစ်၍ ၂၀၁၁ သည် နေပြည်တော်အတွက် ထူးခြားနေပေဦးမည်ဖြစ်သည်။



# ၂၀၁၀ ကျန်းမာရေး

သီဟ၊ဝတ်ရည်

**၂၀၁၀ပြည့်နှစ်အတွင်းမြန်မာနိုင်ငံ၏ကျန်းမာရေးကဏ္ဍတွင်ထူးထူးခြားခြားပြောင်းလဲခြင်းများ၊ ထူးခြားသည့်ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ခြင်း မရှိဘဲ တည်ငြိမ်စွာဖြင့် ဖြတ်သန်း လွန်မြောက်တော့မည်ဖြစ်သည်။**

သို့သော် ၂၀၁၀ပြည့်နှစ်သည် အပူချိန် လွန်လွန်ကဲကဲပူခဲ့သည့် နှစ်တစ်နှစ်ဖြစ်သည့်အတွက် ကျန်းမာရေးပြဿနာအနေဖြင့် အပူကြောင့်ဖြစ်သော ကျန်းမာရေးပြဿနာများ၊ ယင်း၏ နောက်ဆက်တွဲပြဿများနှင့်သာ အများဆုံးရင်ဆိုင်ခဲ့ရသော နှစ်တစ်နှစ်ဖြစ်ခဲ့သည်။

နှစ်စပိုင်းတွင် ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်၏ လက်ကျန် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ၏အကြွင်း အကျန်အချို့ ကျန်ရှိခဲ့သော်လည်း ဩဂုတ်လ ၁၀ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO မှ ကမ္ဘာ့လူတုပ် ကွေးကူးစက်ရောဂါ ပြီးဆုံးပြီဟု ကြေညာပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံတွင်လည်း အဆိုပါကပ်ရောဂါ ကင်းစင်သွားခဲ့ပြီဖြစ်သည်။

အဆိုပါ ရောဂါနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံတွင် ကူးစက်ခဲ့သူ ၁၈၁ ဦးရှိခဲ့သော်လည်း အသေအပျောက်မရှိခဲ့ပေ။

အလားတူ သွေးလွန်တုတ်ကွေးရောဂါသည်လည်း အဖြစ်များသောရောဂါတစ်ခုအဖြစ်ပါဝင်ခဲ့သည်ဟုသိရသည်။သွေးလွန်တုပ်ကွေးသည် ယခင်က မိုးဦးကျ အချိန်တွင်သာ ဖြစ်ပွားလေ့ရှိသော်လည်း နောက်ပိုင်း၌ အချိန်မရွေး၊ နေရာမရွေး၊ လူမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သောရောဂါတစ်မျိုး ဖြစ်လာပြီး နောက်ပိုင်းတွင် ဖြစ်ပွားသူ ပိုမိုများပြားလာခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားသူများတွင် ရန်ကုန်ကလေးဆေးရုံကြီး၌ မေလအတွင်းက ဖြစ်ပွားသူ ၄၀၀ ရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့ကာ၊ ဇွန်လအတွင်း ဖြစ်ပွားသူ ၈၀၀ ဦး ရှိခဲ့ပြီး ၂ ဦးသေဆုံးခဲ့သည်ဟု သိရသည်။ ထို့အပြင် ဇူလိုင်လအတွင်း၌လည်း ဖြစ်ပွားသူ ၃၀ မှ ၅၀ဦးအထိရှိခဲ့ကြောင်း စာရင်းများအရသိရသည်။

အပူဒဏ်ကို လွန်ကဲစွာခံစားရသည့် ဧပြီ၊မေ လများတွင်လည်း အပူဒဏ်ကြောင့် လူထုအတွင်း ကျန်းမာရေးပြဿနာအချို့နှင့် ရင်ဆိုင်ခဲ့ကြရသည်။အပူဒဏ်ကြောင့် သက်ကြီးရွယ်အိုများ သေဆုံးခြင်း၊ ရေချိုးမဆင်ခြင်၍ သေဆုံးခြင်းများ၊ အနေအထိုင်မှား၍ ဦးနှောက်သွေးကြောပြတ်ခြင်းများရှိခဲ့ပြီး အပူဒဏ်လွန်ကဲသည့် အချို့မြို့ကြီးများတွင် အရက်ဆိုင်များ၌ အရက်ရောင်းချခြင်းမပြုရန်တားမြစ်မှုများလည်း ရှိခဲ့သည်။

အပူဒဏ်အား အညာဒေသများတွင် ပိုမိုဆိုးဝါးစွာခံစားခဲ့ကြရသည်။မန္တလေးမြို့တွင် မေလအတွင်းက အပူဒဏ်အပြင်းအထန်ခံစားခဲ့ရပြီး အရက်ဆိုင်များအား အရောင်းကန့်သတ်ခြင်း၊မန္တလေးဆေးရုံကြီးတွင် အပူလွန်ကဲရာမှ ဖြစ်ပေါ်သည့် ရောဂါများကြောင့် ဆေးရုံတက်ရောက်ရသူများပြားခဲ့သည်။

အပူဒဏ်ကြောင့် သေဆုံးသူလည်းများပြားခဲ့ပြီး မေလအတွင်းက မန္တလေးမြို့ရှိတောင်မြို့ သုသာန်တွင် သေဆုံးသူ ၁၅၀ ခန့်နှင့် ကြာနီကန်သုသာန်တွင်သေဆုံးသူ ၈၀ခန့် သင်္ဂြိုဟ်ပေးခဲ့ရသည်ဟု မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ သိခဲ့ရသည်။

အလားတူ အပူဒဏ်လွန်ကဲမှုကြောင့် ပဲခူးတိုင်းဝေါမြို့နယ်တွင်လည်း ရေကန်များ ခန်းခြောက်ကာ ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားခဲ့ပြီး၊ ဝေါမြို့နယ်ဆေးရုံတွင် မေ ၅ မှ ၁၁ရက်နေ့အထိ ဝမ်းပျက်ဝမ်းလျှော လူနာအမျိုးသား ၄၂ဦးနှင့် အမျိုးသမီး ၄၀ဦးတို့ တက်ရောက်ကုသခဲ့ရကြောင်း သိခဲ့ရသည်။

"ဒီနှစ်က ပူတဲ့အချိန်မှာ အလွန်ပူပြီးတော့ မိုးရွာတဲ့အခါကျတော့လည်း အလွန်ရွာတာကြောင့် အရင်ရေမကြီးဘူးတဲ့နေရာတွေမှာ ရေတွေကြီးပြီး ရေထုညစ်ညမ်းမှုတွေဖြစ်လို့ ရေနဲ့ပတ်သက်တဲ့ရောဂါတွေ ဖြစ်တယ်၊ ပူတဲ့အချိန်တုန်းကလည်း အရမ်းပူတော့ ရေတွင်းရေကန်တွေခန်းခြောက်ပြီး သောက်ရေသုံးရေ အခက်အခဲရှိလာပြီး ရေထဲမှာ ရောဂါပိုးတွေပါလာလို့ ရေနဲ့ပတ်သက်တဲ့ရောဂါတွေဖြစ်လာရတာပါ"ဟု ကျန်းမာရေးဝန်ကြီးဌာန၊ ဗဟိုကျန်းမာရေးပညာဌာနမှ အငြိမ်းစားညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်ကပြောသည်။

အလားတူအခြားကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များလည်း ၂၀၁၀ပြည့်နှစ်အတွင်း၌ ဖြစ်ပွားခဲ့ကြရာဆေးဝါးကဏ္ဍတွင် အိမ်သုံးဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ အများဆုံးရောင်းချသည့် မင်္ဂလာဈေးကြီး မေလအတွင်းမီးလောင်မှု ဖြစ်ပွားခဲ့ခြင်းကြောင့် ထိုင်းနှင့် တရုတ်နိုင်ငံတို့မှ ဝင်ရောက်လာသည့် ဆေးဝါးများဈေးတက်မည်ဟု ခန့်မှန်းခဲ့သော်လည်း ပုံမှန်ဈေးအတိုင်း ရောင်းချနိုင်ရန် ဆေးကုန်သည်အသင်းမှ ထိန်းချုပ်နိုင်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်အတွင်း ဆရာဝန်နှင့် လူနာအကြားနားလည်မှုလွဲကာပြဿနာအချို့ ဖြစ်ပွားခဲ့သော်လည်း ယခုနှစ်တွင်မူ အဆိုပါပြဿနာမျိုး ထပ်မံဖြစ်ပွားခြင်းမရှိခဲ့ဘဲ အဆိုပါပြဿနာ၏ နောက်ဆက်တွဲ အကျိုးဆက်များလည်း လိုက်ပါလာခဲ့ခြင်း မရှိချေ။

ထိုကဲ့သို့ ပြဿနာမျိုး ထပ်မံမဖြစ်ပွားခြင်းနှင့်ပတ်သက်၍"ဆရာဝန်နဲ့ လူနာပြဿနာက တိမ်မြုပ်သွားတဲ့ ပြဿနာတစ်ခုသာဖြစ်ပါတယ်၊ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းမှာ ဆေးခန်းတွေမှာလည်း လိုက်နာရမယ့် စည်းကမ်းတွေ၊ ဆရာဝန်တွေမှာလည်း လိုက်နာရမယ့် စည်းကမ်းတွေ၊ လူနာနဲ့ လူနာရှင်တွေမှာလည်း လိုက်နာရမယ့် စည်းကမ်းတွေ ရှိပါတယ်၊ ဒီစည်းကမ်းတွေကို အလေးအနက်မထားကြရင်တော့ ပြဿနာကို မမြင်ရ မကြားရတာဘဲရှိမှာပါ၊ ပြဿနာကတော့ ရှိနေဦးမှာပဲ" ဟု ဝါရင့်ကျန်းမာရေးဝန်ထမ်းဟောင်း ဆရာဝန်ကြီးတစ်ဦးက ပြောသည်။

ကျန်းမာရေးကဏ္ဍတွင် ဂုဏ်ယူဖွယ်ရာ ကိစ္စရပ်တစ်ခုအနေဖြင့်လည်း မြန်မာနိုင်ငံသည် မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါလျော့နည်းပပျောက်သော နိုင်ငံအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ကအသိအမှတ်ပြုခဲ့ခြင်း သတင်းအား မေ ၂၅ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများတွင်ဖော်ပြခဲ့ခြင်းဖြစ်သည်။

စမ်းသပ်တီထွင်မှုအောင်မြင်မှုများအနေဖြင့်လည်း ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အောက်ပိုင်း)မှ စမ်းသပ်တီထွင်ပြုလုပ်ခဲ့သည့် ကြက်ဥမှ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုအောင်မြင်ခဲ့ခြင်းပင်ဖြစ်သည်။ထိုအောင်မြင်မှုကြောင့်ယခင်က မြင်းပမှ မြွေဆိပ်ဖြေဆေးဝယ်ယူထိုးနှံပါက ကျပ်သိန်းချီကုန်ကျခဲ့ရာမှ ယခုအခါ ကျပ်ထောင်ဂဏန်းဝန်းကျင်သာ ကုန်ကျတော့မည်ဖြစ်သည်။

အလားတူ အခြားစမ်းသပ်မှုတစ်ခုမှာ ဆေးယဉ်တီဘီရောဂါသည်များအား ပိုးမွေးကုထုံးစတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။

သို့သော် သမိုင်းဝင်ခွဲစိတ်မှုတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ၏ လေးဦးမြောက် ရင်ချင်းဆက်အမြွှာဖြစ်သည့် စိုပြေဝင်းနှင့် စိုပြေလင်းတို့အား ခွဲစိတ်ခဲ့ရာ ခွဲစိတ်ပြီးကိုးလအကြာ၌ အငယ်ဖြစ်သူစိုပြေလင်း တိမ်းပါးခဲ့ခြင်းမှာ ဝမ်းနည်းဖွယ်ဖြစ်ရပ် တစ်ခုဖြစ်ခဲ့သည်။ အငယ်စိုပြေလင်းမှာ မွေးရာပါ ကျောက်ကပ်မကောင်းသည့်အတွက် ယခုကဲ့သို့ခွဲစိတ်ပြီး ကိုးလအကြာတွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရင်ချင်းဆက်အမြွှာနှစ်ဦးအား ၂၀၀၉ ခုနှစ်အောက်တိုဘာ ၁၀ ရက်နေ့က ခွဲစိတ်ခဲ့ခြင်းဖြစ်သည်။

အခြားသော ကျန်းမာရေးဆိုင်ရာပြဿနာများလည်း ရှိကြရာ မြန်မာနိုင်ငံသည် ငါးနှစ်အောက်ကလေးသေဆုံးမှုအများဆုံး နိုင်ငံများထဲတွင် အပါအဝင်ဖြစ်သည်။ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ ထုတ်ပြန်ခဲ့ခြင်း၊အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် ငှက်ဖျားရောဂါဖြစ်ပွားမှုအများဆုံးနိုင်ငံဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ခြင်း၊ စသည့် ပြဿနာများလည်း ရှိခဲ့သည်။

သို့သော် ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့အထိန်းအမှတ် အခန်းအနားတွင် မြန်မာနိုင်ငံသည် အိတ်ချ်အိုင်ဗီကူးစက်သူများ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ကျဆင်းခဲ့သည်ဟု အဆင့်မြင့်အရာရှိကြီးတစ်ဦးက အတိအလင်းကြေညာခဲ့သည်။

ရာသီဥတုပြင်းထန်မှုကြောင့်လည်း ယခင်ကမဖြစ်ခဲ့ဖူးသည့်ချီကန်ဂန်ညာကဲ့သို့သောရောဂါများလည်းဖြစ်ပွားခဲ့သည်များ ရှိခဲ့ကြသည်။

လက်ရှိအချိန်တွင် မိခင်ကလေးသေနှုန်းလျော့ကျလျက်ရှိရာ အဆိုပါအကြောင်းအရာအား ဆက်လက်ထိန်းသိမ်း၍ ကျန်းမာရေးကဏ္ဍများတွင် အရေးကြီးသောအောင်မြင်မှုများ ဆက်လက်ရယူသွားစေလိုသည်ဟု ဒေါက်တာခင်မောင်လွင်ကပြောကြားသည်။

## စာ-၅၃၊ ၂၀၁၀ မြန်မာ့အိုင်တီလောကထူးခြားသတင်းများ မှ

### လူမှုကွန်ရက် အသုံးပြုသူများကို ဖော့စ်ဘွတ်ခ်က ဖမ်းစား

ယခုနှစ် တစ်နှစ်လုံး၏ ပြည်တွင်းအွန်လိုင်းသုံးစွဲမှုများတွင် လူကြိုက်အများဆုံးသော လူမှုကွန်ရက်ဖော့စ်ဘွတ်ခ်သည် နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံ၌လည်း နေရာယူမှုပြင်းထန်လာခဲ့သည်။

သုံးစွဲသူအချင်းချင်း ရင်းနှီးနွေးထွေးမှု ပေးနိုင်သည့်အခြေခံအချက်အပြင်၊ ယင်းကွန်ရက်အတွင်း သတင်းအချက်အလက်ဖလှယ်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းအသစ်များ ရရှိခြင်းများကြောင့် ပြည်တွင်းရှိ အဖွဲ့အစည်းများ အသုံးချမှုများလာသည်။ ထင်ရှားပေါ်လွင်မှုတစ်ခုအနေဖြင့် ရွေးကောက်ပွဲကာလအတွင်း ယင်းကွန်ရက်ကို သုံးစွဲမှု ပိုမိုသိသာလာစေခဲ့သည်။ သုံးစွဲသူများ၏ နေ့စဉ် အွန်လိုင်းအဖော်ကဲ့သို့ ရှိနေသော ဖော့စ်ဘွတ်ခ်သည် ကမ္ဘာတစ်ဝန်းတွင် သုံးစွဲသူသန်း၅၀၀ကျော်ရှိနေပြီး ပြည်တွင်းအနေဖြင့်မူ တစ်သိန်းခန့်ရှိနေကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

### ဆိုက်ဘာတိုက်ခိုက်ခံရမှု များ

အစိုးရမှ တရားဝင်တစ်ဦးတည်း လုပ်ကိုင်ခွင့်ချပေးထားသည့် အများနှင့်မသက်ဆိုင်သော ပုဂ္ဂလိကနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် ရတနာပုံတယ်လီပို့ကုမ္ပဏီသည် ယခုနှစ်ဖေဖော်ဝါရီလအတွင်းက DDoS ဟူသော ဆိုက်ဘာတိုက်ခိုက်မှုကို ပထမဆုံးခံခဲ့ရသည်။ ထိုကဲ့သို့ဖြစ်ခဲ့ခြင်းမှာ ရတနာပုံတယ်လီပို့ကုမ္ပဏီက ဝန်ဆောင်မှုပေးနေသည့် အင်တာနက်ဆက်သွယ်မှုလိုင်းများအား ပြတ်တောက်မှုများဖြစ်ပေါ်စေရန်အတွက်ဟု အဆိုပါကုမ္ပဏီကတရားဝင်သတင်းများ ထုတ်ပြန်ခဲ့သည်။

ယင်းကဲ့သို့ ဆိုက်ဘာတိုက်ခိုက်ခံရမှုကြောင့် ပြည်တွင်း၏ အင်တာနက်ဆက်သွယ်မှုများမှာ တစ်ပတ်ကြာပြတ်တောက်ခြင်း၊ ကျဆင်းခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ရတနာပုံတယ်လီပို့ကို ဦးတည်တိုက်ခိုက်သော ယင်းဆိုက်ဘာတိုက်ခိုက်ခံရမှုအပြီး ယခုနှစ်အောက်တိုဘာလမှ နိုဝင်ဘာလပထမပတ်အထိ ဒုတိယအကြိမ်မြောက် ဆိုက်ဘာတိုက်ခိုက်ခံရပြန်သည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တရားဝင်သတင်းထုတ်ပြန်မှုများပြုလုပ်လာခဲ့သည်။

ဒုတိယအကြိမ် တိုက်ခိုက်ခံရသည့် အဆိုပါဆိုက်ဘာတိုက်ခိုက်ခံရမှုသည် ပြည်တွင်းအင်တာနက်ဆက်သွယ်မှုများအားလုံးကို ရည်ရွယ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက တရားဝင်သတင်းထုတ်ပြန်သည်။ အောက်တိုဘာလမှ ရွေးကောက်ပွဲမကျင်းပမီ တစ်ရက်အလိုအချိန်ထိ ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ရသည့် အဆိုပါဆိုက်ဘာတိုက်ခိုက်ခံရမှုကြောင့် တစ်နိုင်ငံလုံး၏ စီးပွားရေးလုပ်ငန်းများ၌ အမေရိကန်ဒေါ်လာ သန်းနှစ်ဆယ်ခန့်အထိ ဆုံးရှုံးခဲ့ရသည်ဟုဆိုကြသည်။

### နည်းပညာတက္ကသိုလ်စတင်ဖွင့်

မြန်မာနိုင်ငံ၏ ပထမဆုံးသော နည်းပညာတက္ကသိုလ်ကို မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ နည်းပညာမြို့တော် ရတနာပုံဆိုက်ဘာစီးတီးတွင် ယခုနှစ် အောက်တိုဘာလ ၁၄ရက်နေ့က တရားဝင်ဖွင့်လှစ်ခဲ့သည်။ ၂၀၀၉-၁၀ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ စတင်တက်ရောက်နိုင်သည့် အဆိုပါ နည်းပညာတက္ကသိုလ်သည် တရုတ်နိုင်ငံ၏ နည်းပညာပံ့ပိုးမှုများကို ရယူထားပြီး နိုင်ငံတကာတွင်သင်ကြားနေသည့် နည်းပညာနှင့် ဆက်သွယ်ရေးဆိုင်ရာ ဘာသာရပ်များ၊ အင်ဂျင်နီယာဘာသာရပ်များကို သင်ကြားပေးသွားမည်ဟု နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြခဲ့သည်။

# နိုင်ငံရေးနှင့် ဘာသာရေးစာအုပ်များ အောင်လံထူခဲ့သည့်နှစ်

ဥက္ကာကိုကို၊ အေးသူပြည်သိမ်း

ရန်ကုန်၊ ဒီဇင်ဘာ-၂၅

၂၀၁၀ ပြည့်နှစ်၏ စာအုပ်စာပေဈေးကွက်သည်နှစ်ဆန်းပိုင်းမှစတင်၍ ယခုနှစ်ကုန်ပိုင်းအထိ အရောင်းအဝယ်တဖြည်းဖြည်း အေးစက်လာခဲ့ပြီး စာအုပ်တန်ဖိုးများမှာ ထုတ်လုပ်မှုစရိတ်ကြောင့်လည်းကောင်း၊ စောင်ရေအနည်းငယ်ကျဆင်းမှုကြောင့်လည်းကောင်း ဈေးနှုန်းများမြင့်တက်လာခဲ့သည်။ ယခုနှစ်တွင် ထူးခြားစွာရောင်းအားကောင်း၍ အများအပြားထွက်ရှိလာကြသည်က ဘာသာရေးစာပေစာအုပ်များပင် ဖြစ်လေသည်။ ဘာသာရေး စာပေရေးသားသူတို့မှာလည်း စာဖတ်သူများပိုမိုနားလည်စေရန်အတွက် ပါဠိစာပေထက် ရိုးရှင်းသောမြန်မာစကားပြေအရေးအသားဖြင့် ရေးသားထုတ်ဝေလာကြသည်ကိုတွေ့ရသည်။

ယခင်နှစ်များက အောင်လံထူခဲ့ကြသော ဂမ္ဘီရ၊ သရဲတစ္ဆေ စာပေများမှာယခုနှစ်တွင် ရောင်းအား၊ ဖတ်အားကျဆင်းသွားခဲ့ကြောင်းသိရသည်။ "သရဲတစ္ဆေစာအုပ်တွေ ဒီဘက်နောက်ပိုင်း သိပ်မရောင်းရဘူး။ ဘာသာရေးစာအုပ်တွေပိုရောင်းရတယ်။ ဘာသာရေးမှာလူကြီးနဲ့ လူငယ်နဲ့မျှပါတယ်" ဟု အမေ့အိမ်စာပေမှ ကိုထူးကပြောသည်။

ယခုနှစ်တွင် နိုင်ငံရေးစာအုပ်များထွက်ရှိလာမှု အလွန်အားကောင်းခဲ့ကြောင်း တွေ့ရသည်။ အတိတ်ကာလမှ နိုင်ငံရေးဖြစ်စဉ်များ၊ နိုင်ငံရေးသမားတို့၏ အတ္ထုပ္ပတ္တိများအပြင် အထူးသဖြင့်ပြည်သူချစ်သော ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်များ အထူးထွက်ရှိလာခဲ့သည်။ စာဖတ်ပရိသတ်များကလည်း နိုင်ငံရေးစာအုပ်များကို အဖတ်များလာကြသည်ဟုသိရသည်။ "နိုင်ငံရေးနဲ့ကင်းလို့မရဘူးဆိုတာသိထားတဲ့ နိုင်ငံသားတိုင်းကတော့ နိုင်ငံရေးနဲ့ပတ်သက်တဲ့ စာအုပ်တိုင်းကိုစိတ်ဝင်စားကြတယ်" ဟု စာပေလောကစာအုပ်တိုက်မှ ဦးမျိုးညွန့်ကပြောသည်။

နိုင်ငံရေးစာအုပ်များကို ရွေးကောက်ပွဲမတိုင်မီလေးလခန့်မှ ယခုအချိန်ထိရောင်းချနေရဆဲဖြစ်ကြောင်း သိရသည်။ အခြေခံဥပဒေနှင့် ပတ်သက်သော၊ ရွေးကောက်ပွဲနှင့်ပတ်သက်သော၊ စာအုပ်စာတမ်းများလည်း အရောင်းသွက်ခဲ့သည်။ "အရောင်းအဝယ်က မနှစ်ကလောက် မကောင်းဘူး။ စားဝတ်နေရေးအရ လူတိုင်းလည်းမဖတ်နိုင်ကြဘူး။ စာအုပ်ဈေးတွေကနည်းနည်းကြီးလာတယ်" ဟု ရှုဝံစာအုပ်တိုက်မှ ဦးဝင်းချိုကပြောသည်။

"စီးပွားရေးနဲ့ပတ်သက်တာကတော့ ရောင်းရတာနည်းတယ်။ နိုင်ငံတွင်းမှာစီးပွားရေးလုပ်ငန်းတွေလေးနေလို့ထင်တယ်။ ဒီနှစ်ဘက်တွေမှာ မေတ္တာရှင် (ရွှေပြည်သာ)၊ ရှင်ဆန္ဒာဓိက၊ အရှင်ဆေကိန္ဒ၊ ရဝေနွယ်(အင်းမ) တို့စာအုပ်တွေ၊ ဦးဇောတိကစာအုပ်တွေ အထူးရောင်းရတယ်။ ၂၀၀၇ နောက်ပိုင်းမှာ ဘာသာရေးစာအုပ်တွေကို လူတွေပိုစိတ်ဝင်စားလာကြတယ်" ဟု အရုဏ်သစ်စာပေမှပိုင်ရှင်က ပြောပြသည်။

" ဒီနှစ်ဈေးကွက်ကတော့အကျဘက်ပိုများတယ်။ စာရေးဆရာတွေရဲ့ဟောပြောပွဲမှာရောင်းရင်တော့ ရောင်းရတယ်။ နံပါတ်တစ်အရောင်းရဆုံးကတော့ ဘာသာရေးစာအုပ်တွေပါပဲ။ နောက် ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်တဲ့ စာအုပ်တွေအရမ်းရောင်းရတယ်။ ကျန်တဲ့စာအုပ်တွေတော့ ပုံမှန်ထက်ကိုတော်တော်အရောင်းကျပါတယ်" ဟု ဒီဇင်ဘာလ ၂၅ ရက်က မျှော်စင်ကျွန်းတွင်ပြုလုပ်သော စာအုပ်ဈေးရောင်းပွဲတော်တွင် ဝင်ရောက်ပြသရောင်းချနေသော ရန်အောင်စာပေမှ ထုတ်ဝေသူတစ်ဦးကပြောသည်။

ယခုနှစ်ကုန်ခါနီး ဘာလေးဘာရာသီဟုခေါ်တွင်သော စာအုပ်အရောင်းထိုင်းသည့်ကာလတွင် ဆရာခင်မောင်တိုး (မိုးမိတ်) ဘာသာပြန်ဆိုရေးသားသည့် 'သတ္တိ' စာအုပ်မှာ အရောင်းရဆုံးစာရင်းတွင် ၁ မှ ၅ အတွင်းရောက်ရှိနေပြီး ၄င်းစာအုပ်မှာ နိုင်ငံခေါင်းဆောင်ကိုးဦး၏ အတ္ထုပ္ပတ္တိကို ရေးသားဖော်ပြထားသည့်စာအုပ်ဖြစ်သည်။ ယမန်နှစ်ကထွက်ရှိခဲ့သော ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း၏ကိုဆေးရိုးဝတ္ထုတိုပေါင်းချုပ်မှာ တန်ဖိုးအားဖြင့် ကျပ်တစ်သောင်းကျော်ဝန်းကျင်ရှိခဲ့သော်လည်း ထွက်ထွက်ချင်းရက်ပိုင်းအတွင်း တစ်အုပ်မကျန်ရောင်းထွက်ခဲ့ပြီး အမှာစာအများအပြားရရှိခဲ့သည့် ရသဦးစားပေးစာအုပ်တစ်အုပ်ဖြစ်ခဲ့ကြောင်း ယင်းစာအုပ်ထုတ်ဝေသည့် ပုဂံစာအုပ်တိုက်က ပြောကြားခဲ့သည်။

"ဒီနှစ်မှာတော့ ဆယ်စုနှစ်တစ်ခုလုံးနဲ့ယှဉ်ပြီးပြောရလောက်အောင်ကို ရောင်းအားကတော်တော်လေးကျတယ်။ အဆိုးဆုံးပဲ။ ပြီးခဲ့တဲ့နှစ်ကထက်ပိုဆိုးတာပေါ့" ဟု မျိုးဆက်သစ်စာပေမှ ဒေါ်တင်မာဦးက ပြောပြသည်။ အချို့အပေါ်လိုင်းစာအုပ်အများစု(အပေါ်လိုင်းဆိုသည်မှာ စာအုပ်အငှားဈေးကွက်ဝင်မဟုတ်သည့် စာအုပ်မျိုးဖြစ်သည်။) ပုံမှန်နီးပါးထက်ရောင်းအားကျခဲ့ပြီး အငှားဈေးကွက်ဝင်စာအုပ်များမှာလည်း ထက်ဝက်နီးပါးခန့် လျှော့ပေါ့ရိုက်နှိပ်ရောင်းချခဲ့ရကြောင်း သိရသည်။ "စာအုပ်ဈေးကွက်က ကျွန်မအမြင်ကတော့ နည်းနည်းလေးမှန်းရခက်တယ်။ မနှစ်ကဆိုကိုဆေးရိုးကသောင်းချီတန်ဖိုးရှိတာတောင်ပြတ်ထွက်သွားအောင်ရောင်းရတယ်လေ။ မအိမ်ကံဆိုလည်း ဒီနှစ်ထဲတော်တော်လေးရောင်းရတယ်ကြားတယ်။ ဒီနှစ်ဆို ကျွန်မဆီကဆရာနေဝင်းမြင့်ရဲ့ 'ရေကန်သာ ကြာတိုင်းအေး' ထွက်တယ်။ သိပ်မရောင်းရဘူး။ မောင်ခင်မင်ရဲ့ 'ဘာသာအမြင်၊ စာပေအမြင်' ကျတော့ သိပ်မရောင်းရဘူးထင်ရတာ။ အရမ်းရောင်းရတယ်။ အခုအဲဒီစာအုပ်ကစာပေဆုရတယ်။ ကိုယ်ရောင်းရမယ်လို့မှန်းထားတိုင်းလည်း ရောင်းချင်မှရောင်းရတာ။ ဘာပဲဖြစ်ဖြစ် ဒီနှစ်ကကျတာတော့ကျပါတယ်" ဟု ပုဂံစာအုပ်တိုက်မှ ဒေါ်ခိုင်ခိုင်ဦးကပြောကြားသည်။

ယခုနှစ်တွင် စာအုပ်ဈေးနှုန်းများမြင့်တက်လာပြီး ရသစာပေအထွက်နည်းကာ နိုင်ငံရေး၊ ဘာသာရေးသုတစာပေများ အထွက်များရောင်းကောင်းခဲ့သော်လည်း စာအုပ်ဈေးကွက်ကို ခြုံကြည့်ရသော် ယခုနှစ်တွင် အကောင်းဘက်သိပ်မရှိခဲ့ဘဲ ပုံမှန်အတိုင်း ရောင်းချနိုင်ရန်ကိုပင် ကြိုးစားရုန်းကန်ခဲ့ရသည်ဟုအရုဏ်သစ်စာပေမှပိုင်ရှင်တစ်ဦးကပြောကြားခဲ့သည်။



# ပန်းချီဈေးကွက်ကျယ်ပြန့်လာသော ၂၀၁၀

ဥက္ကာကိုကို

၂၀၁၀ ပြည့်နှစ်သည် မြန်မာနိုင်ငံ၏ ပန်းချီ အနုပညာရပ်ဝန်းတွင် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းခဲ့သော နှစ်တစ်နှစ်ဖြစ်သည်။ ယခုနှစ်၏ ထူးခြားချက်မှာ ရန်ကုန်မြို့တွင် ပန်းချီပြခန်းအသစ်များ ပေါ်ပေါက်လာခြင်းနှင့် ယခင်နှစ်များကထက်ပိုမိုစွာ ပန်းချီပြပွဲများ ပြုလုပ်လာကြခြင်းပင်ဖြစ်သည်။

ရန်ကုန်မြို့တွင် လက်ရှိပန်းချီပြခန်းပေါင်း ၄၀ ကျော်ခန့်ရှိပြီး ယခုနှစ်အတွင်း ပန်းချီပြခန်းသစ် ၅ ခုခန့် ထပ်မံပေါ်ပေါက်လာကာ အသစ်ဖွင့်လှစ်မည့် ပြခန်းများလည်းရှိနေကြောင်း စုံစမ်းသိရသည်။ပြပွဲပန်းချီကား ဈေးကွက်မှာလည်း ပြည်တွင်းမှ ပြန်လည်ဝယ်ယူမှုများပြီး ယခုနောက်ပိုင်းတွင် အိမ်ဆောက်ကတည်းက အလှချိတ်ရန် ရည်ရွယ်ထည့်သွင်းမှုများ၊ မွေးနေ့လက်ဆောင်ပေးမှုများတွင်ကျယ်လာသည့် သဘောရှိကြောင်း ပြခန်းတာဝန်ခံတစ်ဦးကဆိုသည်။

"ပန်းချီကားရေးမယ်။ ပန်းချီပြပွဲလုပ်မယ်။ ပန်းချီဆရာအလုပ်ကဒါပဲ။ ရောင်းတာဝယ်တာကတော့ ကံတရားပဲ" ဟုပန်းချီဆရာတီကျူးက ပြောသည်။

ပန်းချီကားဈေးကွက်မှာ ပြပွဲတင်ပန်းချီကား တစ်ကားလျှင် အနည်းဆုံး ဒေါ်လာ ၅၀ မှ ဒေါ်လာ ၁ သောင်းခွဲအထိ ရှိနေကြောင်း တွေ့ရသည်။ သာမန်အားဖြင့် ပြပွဲတင်ပန်းချီကားများမှာဒေါ်လာ ၃၀၀ ခန့်ဖြင့် ရောင်းချကြသည်ဟု သိရသည်။

"ပန်းချီကားတွေက အောက်ဈေးနဲ့လိုက်ပြီးဝယ်နေတဲ့ သူများတယ်။ တစ်ခါတလေ တစ်ပွဲလုံးကိုဘယ်လောက်ဆိုပြီး ဈေးဖြတ်တာမျိုးလည်းရှိတယ်" ဟု လူငယ်ပန်းချီဆရာမင်းသူရိန်ကပြောသည်။

ပန်းချီပြပွဲများ ဆက်တိုက်ပြုလုပ်ပြသလာကြသည်နှင့်အမျှ ၂၀၁၀ ခုနှစ်အတွက် အများဆုံးပြပွဲပြုလုပ်ခဲ့ရသော ပန်းချီပြခန်းမှာ ဗိုလ်ချုပ်ဈေးရှိ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ၏ Art Center ပြခန်းပင်ဖြစ်လေသည်။

"ဒီနှစ် အများဆုံးပဲ။ အရင်နှစ်တွေက ပွဲ၃၀ကျော်လောက်ပဲလုပ်တယ်။ ဒီနှစ်က ၄၉ ပွဲလုပ်ခဲ့တယ်" ဟု ယင်းပြခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပန်းချီပြပွဲများကို အများဆုံးပြုလုပ်ပြသရလေ့ရှိသော အခြားပန်းချီပြခန်းတစ်ခုမှာ မြန်မာနိုင်ငံ၏သက်တမ်း အရှည်ဆုံးပြခန်းတစ်ခုဖြစ်သည့် ပန်းဆိုးတန်းရှိ လောကနတ် အနုပညာပြခန်းဖြစ်သည်။ လောကနတ်ပြခန်းတွင် ယခုနှစ်အတွင်း တစ်လလျှင် ၄ ပွဲခန့်ဖြင့် ပွဲပေါင်း ၄၀ ကျော်ပြသခဲ့ရကြောင်း သိရသည်။

"ဒီနှစ်ပန်းချီပြပွဲတော်တော်များတယ်။ ပါဖောင့်မန့်ပွဲတွေလည်းပြတယ်" ဟုလောကနတ်ပြခန်းမှတာဝန်ခံ ကိုအောင်မြင့်ထွန်းက ပြောသည်။

လောကနတ်ပြခန်းတွင် ပန်းချီပြပွဲအတွက် ပြခန်းဈေးကို တစ်ရက်လျှင် နှစ်သောင်းကျပ်နှုန်း သတ်မှတ်ထားပြီး ၂၀၁၁ ခုနှစ်အတွက်ပါ တစ်နှစ်စာပြပွဲများ လက်ခံရရှိထားပြီး ဖြစ်သည်ဟု ကိုအောင်မြင့်ထွန်းက ဆိုသည်။

ပန်းဆိုးတန်း ပန်းချီပြခန်းမှာ ယခုနှစ်အတွက် ပန်းချီပြပွဲ ၂၀ ခန့်ပြသခဲ့ကြောင်း သိရသည်။

ယခုနှစ်အတွက် အသစ်ဖွင့်လှစ်ခဲ့သော မိုးခပန်းချီပြခန်းမှာ ယခုနှစ်ပြပွဲ ၉ ပွဲပြုလုပ်ခဲ့ပြီး ငှားရမ်းပြသခြင်းမဟုတ်ဘဲ Group Show နှင့် Solo Show မျှတစွာ စီစဉ်ပြသခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။ ၂၀၁၀ မေလတွင်ဖွင့်သည့် ပြခန်းသစ်တစ်ခုဖြစ်သော Gallery-65 ကလည်း ပန်းချီပြပွဲနှင့် ဓာတ်ပုံပြပွဲ ၉ ပွဲပြုလုပ်ခဲ့ပြီး ၂၀၁၁ မတ်လအထိ ပွဲလက်ခံရရှိနေပြီဖြစ်ကာ တစ်လလျှင် တစ်ပွဲ၊ အလွန်ဆုံးနှစ်ပွဲသာ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြခန်းတာဝန်ရှိသူ ကိုမင်းလွင်က ပြောသည်။

ပြခန်းသက်တမ်း ၁၅ နှစ်ရှိပြီဖြစ်သည့် New Treasure ပြခန်းတွင် ယခုနှစ်ပြပွဲနည်းပါးနေခဲ့ပြီး တစ်ကိုယ်တော်ပန်းချီပြပွဲ ၄ ပွဲသာ ပြသခဲ့သည်ဟု ပြခန်းတာဝန်ရှိသူတစ်ဦးဖြစ်သည့် မသစ်က ပြောသည်။

ထို့အတူ ဗိဿနိုးပန်းချီပြခန်းမှာလည်း ပြည်တွင်းပွဲနှင့် နိုင်ငံခြားသံရုံးပန်းချီ ပြပွဲ ၇ ပွဲသာ ပြုလုပ်ခဲ့ရပြီး ယခင်နှစ်များထက်စာလျှင် လျော့နည်းကြောင်းသိရသည်။ "ဦးဘကြည်၊ ပေါ်ဦးသက်၊ ဦးအောင်ခင်စတဲ့ ဆရာကြီးတွေရဲ့ကားတွေ ရောင်းအားကောင်းတယ်။ ခေတ်ပြိုင်ပန်းချီတွေက အရောင်းမဖြစ်လောက်ဘူး။ သူ့မိတ်နဲ့သူပါပဲ" ဟုဗိဿနိုးဂယ်လာရီမှ ဒေါ်စန္ဒာဖုန်းဝင်းက ဆိုသည်။

'ကိုယ်စိတ်ဝင်စားတဲ့ နည်းစနစ်နဲ့ကိုယ်ရေးတယ်။စိတ်ပါတဲ့အချိန်မှာစိတ်ပါသလို ရေးဖြစ်တယ်။ ရေးပြီးရင် အိမ်မှာသိမ်းထားတယ်။ ပြပွဲရှိတဲ့အခါ တချို့ကားတွေကို တင်တယ်။ ပြပွဲအတွက် မရည်ရွယ်ဘဲ တစ်ဦးတစ်ယောက်ကိုလက်ဆောင်ပေးဖို့ သပ်သပ်ရေးဖြစ်တာလည်းရှိတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ်ရေးချင်တာကို ရေးနေရတဲ့အခိုက်အတန့် ကာလလေးဟာ စိတ်ချမ်းသာစရာပါ'ဟု ကာတွန်းရော၊ ပန်းချီပါရေးဆွဲသည့် ဆရာစိုးသော်တာက ပြောသည်။

"ဟောင်ကောင်၊ တရုတ် (တိုင်ပေ)တို့မှာလို ပန်းချီကားတွေကို လေလံပစ်ပေးတဲ့ အစီအစဉ်တွေရှိရင်ကောင်းမယ်" ဟု ပန်းချီဆရာဦးအောင်ခိုင်က ပြောသည်။

ပန်းချီဆရာတွေကတော့ ၂၀၁၀ ကဲ့သို့ပင် လာမည့်နှစ်များတွင်လည်း ပန်းချီပြပွဲများ ပိုမိုများပြားပြီး ကမ္ဘာသို့ပါ တင်ပို့ပြသရောင်းချနိုင်ရန် မျှော်လင့်လျက်ရှိကြသည်။

## ၂၀၁၀ခုနှစ်၏အထူးခြားဆုံးဖြစ်ရပ်များ မှ

ဦးဇော်ဇော်၏ မက်စ်ကုမ္ပဏီ၊ ဦးတေဇ၏ ထူးထရေးဒင်း၊ ဦးချစ်ခိုင်၏ ဧဒင်ဂရုပ်၊ ဦးဝင်းအောင်၏ IGE ကုမ္ပဏီတို့ကို ဘဏ်အသစ်တစ်ခုစီ ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ထိုလုပ်ငန်းရှင်များက ဩဂုတ်လမှ စတင်၍ဘဏ်များ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည်။

### ပထမဆုံး အထူးစီးပွားရေးဇုန် စတင်အကောင်အထည်ဖော်

မြန်မာနိုင်ငံ၏ ပထမဆုံးအထူးစီးပွားရေးဇုန်ပါဝင်သော ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်များစီမံကိန်းကို အကောင်အထည်ဖော်ရန်အစိုးရနှင့် ထိုင်းနိုင်ငံမှ ITD ကုမ္ပဏီတို့ နိုဝင်ဘာ ၂ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ အမေရိကန်ဒေါ်လာ ၈ဒသမ ၆ဘီလီယံတန်ဖိုးရှိ အဆိုပါစီမံကိန်း မြန်မာနိုင်ငံ၏ အကြီးဆုံးရေနက်ဆိပ်ကမ်းဖြစ်သည်။

### ဂျာနယ်ကိုးစောင်အား ထုတ်ဝေခွင့်ယာယီရပ်ဆိုင်း

ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနက ပြည်တွင်းထုတ်ဂျာနယ်များထဲမှ ကိုးစောင်အား ထုတ်ဝေခွင့် ယာယီရပ်ဆိုင်းလိုက်သည်။ နိုဝင်ဘာ ၁၄ရက်မှ ၂၂ရက်အတွင်း ဖြန့်ချိခဲ့သည့်ဂျာနယ်များထဲမှ ဂျာနယ်ကိုးစောင်မှာ အဆိုပါဌာနမှ ချမှတ်ထားသော စာပေစိစစ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာပုံနှိပ်ထုတ်ဝေခြင်း မရှိသည့်အတွက် ဂျာနယ်နှစ်စောင်အား နှစ်ပတ်၊ ဂျာနယ်ခုနစ်စောင်အား တစ်ပတ်စီထုတ်ဝေခွင့် ယာယီရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

# အပြောင်းအလဲများနှင့် မြန်မာ့စီးပွားရေး

အားမာန်ရေးသား၍ သန်းငွေး၊ သဇင်ထွေးပံ့ပိုးသည်။



ပုဂ္ဂလိကစက်သုံးဆီဆိုင် တစ်ဆိုင်။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

၂၀၁၀ တွင် မြန်မာ့စီးပွားရေးမှာ အပြောင်းအလဲ အချိုးအကွေ့များခဲ့သည်။

အစိုးရက ကာလရှည်လုပ်ကိုင်ခဲ့သော စက်သုံးဆီဆိုင်လုပ်ငန်းအား ပုဂ္ဂလိကသို့ လွှဲပြောင်းခဲ့ခြင်း၊ ပထမဆုံးအထူးစီးပွားရေးဇုန်ပါဝင်သော ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းစတင်အကောင်အထည်ဖော်ခြင်း၊ ပုဂ္ဂလိကဘဏ်သစ် လေးဘဏ် ဖွင့်လှစ်ခွင့်ပြုခြင်း၊ တစ်နှစ်ပတ်လုံးနီးပါး အိမ်ခြံမြေအရောင်းအဝယ် များစွာဖြစ်ခြင်း၊ လူလတ်တန်းစားများ၏ ဝယ်လိုအားလျော့ချကာ သွင်းကုန်လုပ်ငန်း နွေးကွေးခြင်း၊ နိုင်ငံခြားငွေတန်ဖိုးများ တစ်နှစ်ပတ်လုံးနီးပါး ကျဆင်းခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များစွာဝင်ရောက်လာခြင်း၊ အဝေးပြေးလမ်းမကြီးများကို ပုဂ္ဂလိကသို့ ဘီအိုတီစနစ်ဖြင့် လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုခြင်း၊ ကုန်တန်ဆာခများစွာ ထိုးတက်သွားခြင်းစသောဖြစ်ရပ်များဖြင့် ၂၀၁၀ မြန်မာ့စီးပွားရေးမှာ အပြောင်းအလဲများခဲ့သည်။

နိုဝင်ဘာ ၇ ရွေးကောက်ပွဲရှိနေသောကြောင့် စီးပွားရေးလုပ်ငန်းအများစုမှာ အခြေအနေကို စောင့်ကြည့်လုပ်ကိုင်နေချိန်တွင်ပင် အဆိုပါ အပြောင်းအလဲများဖြစ်ထွန်းခဲ့ခြင်းဖြစ်သည်။

နှစ်ဆန်းပိုင်းတွင် စက်သုံးဆီဆိုင်များကို ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုခြင်းက ယခုနှစ်ပြည်တွင်း စီးပွားရေးကို လှုပ်ရှားစေခဲ့သည်။ ထို့အပြင် ရန်ကုန်တွင် နောက်ဆုံးကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲအပြီး ကျောက်မျက်လုပ်ငန်းရှင်များက ရန်ကုန်နှင့် မန္တလေးရှိ အိမ်ခြံမြေကဏ္ဍတွင် ပမာဏများစွာ ဝင်ရောက်ရင်းနှီးမြှုပ်နှံကြသည်ကိုလည်း တွေ့ရသည်။

ကျောက်မျက်လုပ်ငန်းရှင်များက အိမ်ခြံမြေကဏ္ဍတွင် အင်နှင့်အားနှင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံပြီး အမြတ်အစွန်း များခဲ့ခြင်းနှင့် ဆက်စပ်၍ အိမ်ခြံမြေတန်ဖိုးများ ပိုမြင့်တက်လာသည်။ ယင်းနှင့်ဆက်စပ်၍ ပို့ကုန်များငွေတန်ဖိုး ကျဆင်းစေခဲ့သည်ကိုလည်း တွေ့ရသည်။ သွင်းကုန်လုပ်ငန်းများ နွေးကွေးနေခြင်း၊ စက်သုံးဆီဆိုင်များ ပုဂ္ဂလိကသို့ လွှဲပြောင်းခွင့်ပြုခြင်း၊ ကျောက်မျက်လုပ်ငန်းရှင်များက ပို့ကုန်ရငွေများကို ထုတ်ရောင်းခြင်းစသည့် ဖြစ်စဉ်များကြောင့် ပို့ကုန်ရငွေ၊ အက်ဖ်အီးစီနှင့် အမေရိကန်ဒေါ်လာတန်ဖိုးများ ပြည်တွင်း၌ ပို၍ကျဆင်းလာသည်။

ဝယ်လိုအား လျော့နည်းခြင်းနှင့် ရင်ဆိုင်နေရသော ပြည်တွင်းစီးပွားရေးလုပ်ငန်း အများစုရွေးကောက်ပွဲကို စောင့်ကြည့်၍ လုပ်ငန်းလည်ပတ်နေချိန်၊ ပို့ကုန်၊ သွင်းကုန် လုပ်ငန်းများ ယခင်နှစ်များကဲ့သို့ မသွက်လက်ဘဲ နွေးကွေးနေချိန်မှာပင် ဩဂုတ်လ၌ ပုဂ္ဂလိကဘဏ် လေးဘဏ်စတင်ဖွင့်လှစ်ခဲ့ခြင်းမှာလည်း ယခုနှစ်၏ ထူးခြားမှုတစ်ခု ဖြစ်သည်။ အဆိုပါဘဏ်သစ်များကြောင့် ဘဏ်လုပ်ငန်းနှင့်ပတ်သက်သော အလုပ်အခွင့်အလမ်းများစွာ ပွင့်လန်းလာသည်ကိုလည်း တွေ့ရသည်။ သို့သော် သက်ဆိုင်ရာက ပုဂ္ဂလိကဘဏ်များကို ပိုမိုလွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုရန်လိုကြောင်းလည်း စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်သည်။

ပုဂ္ဂလိကသို့ ကာလရှည် ဘီအိုတီ (တည်ဆောက်၊ မောင်းနှင်၊ လွှဲပြောင်း)စနစ်ဖြင့် တရားဝင်လုပ်ကိုင်ခွင့်ပြုခဲ့သော အဝေးပြေးလမ်းမကြီးများနှင့်ပတ်သက်၍ ထူးခြားမှုမှာ ဩဂုတ်လမှ စတင်၍ ကုန်တန်ဆာခမှာ ယခင်ကထက် ထက်ဝက်ကျော် ဈေးမြင့်တက်လာခဲ့ခြင်းဖြစ်သည်။ လမ်းတံတားကြေးများ တိုးလာခြင်းနှင့် အာဆီယံ စံချိန်စံညွှန်းအတိုင်း တင်ဆောင်ရမည်ဆို၍ ကုန်တင်ကားများက တန်ဆာခ ပိုယူလာခြင်းတို့ကြောင့်ဖြစ်သည်။ ယင်းနှင့်ဆက်စပ်၍ အခြေခံစားသောက်ကုန်အပါအဝင် ကုန်စည်မျိုးစုံဈေးနှုန်းများ လိုက်ပါပြောင်းလဲခဲ့သည်ကို တွေ့ရသည်။

ယခုနှစ်အတွင်း အလုပ်မဖြစ်ဆုံး လုပ်ငန်းများကို ပြပါဆိုလျှင် ရေထွက်ပစ္စည်း ပြည်ပတင်ပို့သောလုပ်ငန်း၊ ကားအရောင်းအဝယ်လုပ်ငန်းတို့ကို ပြရမည် ဖြစ်သည်။ ကားလေလံများကြောင့် ဈေးကွက် ပျက်လုနီးနီးဖြစ်ခဲ့သော ကားဈေးကွက်မှာ ဇူလိုင်လမှစတင်၍ လိုင်စင်မဲ့ကားများ တရားဝင်လိုင်စင်ပြုလုပ်ပေးခြင်း၊ ပြည်တွင်းနှင့် ဖက်စပ်လုပ်သော ဈေးသက်သာသည့် ကားများဈေးကွက်အတွင်း ဝင်ရောက်လာခြင်းတို့နှင့်ဆက်စပ်၍ ဈေးနှုန်းများ ပြုတ်ကျကာ အရောင်းအဝယ်များ ကျဲပါးခဲ့သည်။ ထို့အတူ ရေထွက်ပစ္စည်းပြည်ပတင်ပို့မှုမှာလည်း နည်းပါးခဲ့သည်။

မမျှော်လင့်ဘဲ အလုပ်ကောင်းခဲ့သော လုပ်ငန်းများမှာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ မိုဘိုင်းဆက်စပ်ပစ္စည်းရောင်းချသည့် လုပ်ငန်းများ စသည့်တို့ဖြစ်သည်။

စွမ်းအင်းကဏ္ဍတွင် ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု တိုးလာခြင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံး အထူးစီးပွားရေးဇုန်ဖြစ်လာမည့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန် အကောင်အထည်ဖော်ရန် အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ စာချုပ်ကို နိုဝင်ဘာ ၂ ရက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ ဗီယက်နမ်နိုင်ငံမှ မြန်မာနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ပိုမိုပြုလုပ်လာခြင်းတို့မှာလည်း ၂၀၁၀ ၏ ထူးခြားမှုများဖြစ်သည်။

တစ်နှစ်တာပတ်လုံးနီးပါး ပြည်တွင်း၌ နိုင်ငံခြားငွေတန်ဖိုးများ ကျဆင်းနေသော်လည်း ကျပ်ငွေ၏ ဝယ်ယူနိုင်စွမ်းမှာ တိုးမလာ၍ ကျပ်ငွေတန်ဖိုးတက်သည်ဟု ဆိုရန်ခက်သောနှစ်လည်း ဖြစ်သည်။

ယခုနှစ်၏ ပြည်တွင်းစီးပွားရေး၏ ထူးခြားမှုနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးကလည်း "၂၀၁၀ က ကျောက်မျက်နဲ့ အိမ်ခြံမြေတွေရဲ့ နှစ်ပဲ။ ကျောက်မျက်သမားတွေဆိုရင် အရင်က သူတို့ရဲ့ပို့ကုန်ရငွေကို ယူရိုငွေနဲ့ ဒေါ်လာ ငွေလဲနှုန်းကြည့်ပြီးမှ အလဲအလှယ်လုပ်တယ်။ ဒီနှစ်တော့ မကြည့်ဘူး။ ရတဲ့ဈေးနဲ့လဲပြီး အိမ်ခြံမြေဘက်မှာ ရင်းနှီးမြှုပ်နှံကြတယ်။ အိမ်ခြံမြေကလည်း ဝယ်ပြီး ခဏတွင်းမှာပဲ အမြတ်များလို့ သူတို့နှစ်ခု ဆက်စပ်ပြီးတော့ နှစ်ခုလုံးကောင်းသွားတယ်။ ပို့ကုန်သွင်းကုန် လုပ်ငန်းတွေက မကောင်းဘူး" ဟု သုံးသပ်သည်။

ပြည်တွင်းစီးပွားရေးတွင် ယခုနောက်ပိုင်း ထူးခြားမှုမှာ လူလတ်တန်းစား နည်းလာပြီး ချမ်းသာသောသူနှင့် အခြေခံလူတန်းစားများ ပိုများလာခြင်းဖြစ်သည်။ ထို့ကြောင့် ချမ်းသာသူနှင့် အခြေခံလူတန်းစားကြား ကွာဟမှုပို၍ကြီးထွားလာသည်။ ထိုအခြေအနေများကြောင့် အနာဂတ်စီးပွားရေးဖွံ့ဖြိုးမှုအချိုးညီရန် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက်လည်း အစိုးရက အခွင့်အလမ်းများ ဖန်တီးပေးရန်လိုကြောင်း စီးပွားရေးလုပ်ငန်းရှင်များကဆိုသည်။ ယခုနှစ်တွင် ရာသီဥတု အစွန်းရောက်ခဲ့သဖြင့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် ဦးနှောက်သုံး၍ ဝီရိယစိုက်လုပ်ကိုင်နိုင်သော တောင်သူများ လုပ်ငန်းကောင်းခဲ့ပြီး သမားရိုးကျလုပ်ကိုင်သော တောင်သူများ အထိနာခဲ့သောနှစ်လည်း ဖြစ်သည်။

အစိုးရသစ်တက်လာတော့မည်ဟုဆိုသော ၂၀၁၁ ကို စီးပွားရေးလုပ်ငန်းရှင်များက ပို၍မျှော်လင့်နေသည်။ "၂၀၁၁ ကတော့ ပိုကောင်းလာမှာပါ"ဟု ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ရွေးကောက်ပွဲရှိ၍ ၂၀၁၀ ကိုစောင့်ကြည့်ခဲ့သော လုပ်ငန်းအများစုမှာ ၂၀၁၁ တွင်လည်း မည်ကဲ့သို့ အပြောင်းအလဲများ ဖြစ်လာမည်ကို ဆက်လက်စောင့်ကြည့်နေသည်ကို တွေ့ရသည်။

## အချပ်ပို-H၊ပြည်လည်ဦးမော့လာသည့် အနုပညာထုတ်လုပ်ရေးဈေးကွက်နှင့် ၂၀၁၀လှည့်ကွက်များ မှ

ထို့အတူကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ဂယက်ကမြန်မာဘောလုံးချစ်သူများအကြား အရှိန်ပြင်းပြင်းရိုက်ခတ်ခဲ့သလို ကမ္ဘာ့ဖလားဘောလုံးသီချင်း ဝါကာဝါကာကလည်း ပရိသတ်များအကြား ရေပန်းစားခဲ့သည်။

မေခလာ၏ ဝါကာ ဝါကာ မြန်မာမှုပြုထားသောတေးရေးအောင်နိုင်စန်း၏ 'ကွင်းဘေးနားကစောင့်နေမယ်' သီချင်းသည် ကမ္ဘာ့ဖလားဖိုင်နယ်ပွဲစဉ်များအတွင်း ပရိသတ်ရှေ့ရောက်လာခဲ့ပြီး ပရိသတ်များထံမှ အသံများထွက်ပေါ်လာခဲ့သည်။ ဂျာနယ်အချို့တွင် သီချင်းမူပိုင်ခွင့်ကြော်ငြာကဩဂုတ်လဆန်းပိုင်း၌ နှစ်ဦးနှစ်ဖက်ထည့်သွင်းလာခဲ့ပြီး ဂီတအစည်းအရုံးက ခေါ်ယူညှိနှိုင်းခဲ့ရသည်။

ရုပ်ရှင်နယ်ပယ်ထက် စီးပွားရေးလုပ်ငန်းဘက်ကို အပြည့်အဝလုပ်ကိုင်ဖြစ်နေသော နာမည်ကြီးရုပ်ရှင်မင်းသား လွင်မိုးသည် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်း ဇေကမ္ဘာဦးခင်ရွှေ၏ မဲဆွယ်ခရီးစဉ်သို့ လေ့လာရေးခရီးလိုက်ပါသွားသည့်သတင်းမှာ မြန်မာပြည်သူလူထုအတွက် နှစ်နှစ်ဆယ်ကြာမှ ပထမဆုံးပြန်လည်ကျင်းပခဲ့သည့် ရွေးကောက်ပွဲမတိုင်မီအောက်တိုဘာလကုန်ပိုင်းတွင်ပေါ်ထွက်လာခဲ့ရာ လွင်မိုးအမတ်လုပ် မလုပ်၊ နိုင်ငံရေးလောကထဲဝင်တော့မလားဆိုသည့် မေးခွန်းများနှင့် လွင်မိုးအင်တာဗျူးများ ရွေးကောက်ပွဲစာမျက်နှာထက်နေရာယူခဲ့သည်။

ဟောင်ကောင်တွင်နေထိုင်သောမလေးရှားနွယ်ဖွား ဟောလိဝုဒ်မင်းသမီး မီရှဲယိုသည်လည်း ဒီဇင်ဘာလ ၆ ရက်က ရန်ကုန်မြို့သို့ တစ်ရက်တာ အလည်အပတ် ရောက်ရှိခဲ့သည်။ မီဒီယာများနှင့် တွေ့ဆုံခဲ့ခြင်း မရှိခဲ့သော်လည်း သူမပါဝင် သရုပ်ဆောင်ထားသော Tomorrow Never Dies အမည်ဖြင့် ဂျိမ်းစ်ဘွန်းဇာတ်ကားမှာ မြန်မာပရိသတ်များနှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည်။

၂၀၁၀ ပြည့်နှစ်သည် အခြားအနုပညာနယ်ပယ်များနှင့် အပြိုင်အငြိမ့်များ၊ လူရွှင်တော်များကို ပရိသတ်များ လက်ခံအားပေးလာကြသည်။ ၂၀၁၀ အတွင်း ၎င်းတို့၏ ပျက်လုံးအသစ်အဆန်းများကိုလည်း ပရိသတ်များ သဘောကျနှစ်ခြိုက်ခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ်ကို နှုတ်ဆက်ချန်ထားရစ်ရတော့မည့် ယခုကာလတွင် ၂၀၀၉ ခုနှစ်အတွက် ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရွေးချယ်ပွဲ(အကယ်ဒမီ) အတွက် ရုပ်ရှင်လောကသားများ ရုပ်ဝန်းတွင် ထင်ကြေးခန့်မှန်းများ ထွက်ပေါ်နေလျက်ရှိပြီး ဝေဖန်ရေးဆောင်းပါးများဖြင့် ဂယက်ရိုက်ခဲ့သည့် 'မိုးညအိပ်မက်မြူ' ဇာတ်ကားကြီးဖြင့် နေတိုးက အကောင်းဆုံး အမျိုးသားထူးချွန်ဆုရနိုင်သည်ဟု ထင်ကြေးများထွက်ပေါ်နေသည်။ ယခုနှစ်တစ်နှစ်တာလုံးသည်လည်း ယခင့်ယခင် နှစ်များနည်းတူ ဟာသကားများသာ နေရာယူထားခဲ့ပြီး ဒရာမာဇာတ်ကားကြီးများရိုက်ကူးရန် ထုတ်လုပ်ရေးအချို့ကြိုးပမ်းလာခဲ့ကြသည်။ ဟာသဇာတ်ကားများ ဗိုလ်စွဲသည့် အစဉ်အလာအရ ဆက်လက်တည်တံ့နေသေးသော မြန်မာရုပ်ရှင်ဈေးကွက် မည်သို့လဲဆိုတာကိုမူ ဆက်လက်စောင့်မျှော်ကြည့်ရတော့မည်ဖြစ်သည်။

# အစီအစဉ်တကျ ၂၀၁၀

ငြိမ်းငြိမ်းနိုင်ရေးသား၍ မြတ်စုမွန်၊ သန်းဌေး အားဖြည့်သည်




နှစ်ပေါင်းနှစ်ဆယ်အတွင်း ပထမဆုံးအကြိမ်ကျင်းပခဲ့သည့် ရွေးကောက်ပွဲ၊ နိုင်ငံတော်အလံသစ်ပြောင်းလဲလွှင့်တင်ခြင်း၊ နိုင်ငံတော်အကြီးအကဲအချို့ အရပ်ဝတ်ပြောင်းလဲခြင်း၊ နေအိမ်အကျယ်ချုပ် ခုနစ်နှစ်ကျခံနေရသော ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်မှ လွတ်မြောက်လာခြင်း၊ နျူကလီးယားဆိုင်ရာ သတင်းဂယက်၊ သင်္ကြန်တွင်းဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှု စသည်တို့က ၂၀၁၀ ပြည့်နှစ် မြန်မာ့နိုင်ငံရေးကို ကမ္ဘာ့နိုင်ငံတွေကပါ စိတ်ဝင်စားစေခဲ့သည့် အဓိကအကြောင်းရင်းခံများဖြစ်ခဲ့သည်။

တစ်နှစ်ပြီးတစ်နှစ် ကူးပြောင်းရွေ့လျားသွားရာတွင် နှစ်စဉ် ထူးခြားမှုဖြစ်စဉ်များက မြန်မာ့နိုင်ငံရေးလောကတွင် ပုံမှန်ရှိတတ်ခဲ့သော်လည်း ယခုနှစ်၏ ထူးခြားမှုမှာ တစ်နှစ်လုံးကို ပြန်ပြီးကြည့်လိုက်လျှင် ရက်၊ လ အလိုက် သတင်းဖြစ်ရပ်တွေကို အစီအစဉ်တကျနှင့် မြင်တွေ့ရခြင်းပင်။

၂၀၁၀ နှစ်စ ဇန်နဝါရီကိုတော့ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့ တွေ့ဆုံသည့်သတင်းက နေရာယူထားသည်။ ဦးအောင်ကြည်နှင့် ကိုးကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ကာ ၂၀၁၀ အတွင်း ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ်တွေ့ဆုံခြင်းလည်းဖြစ်သည်။

ဖေဖော်ဝါရီလမှာတော့ နေအိမ်အကျယ်ချုပ် ကျခံနေရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး အကျယ်ချုပ်မှ လွတ်မြောက်လာခဲ့သည်။ ထိုလထဲမှာပင်မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ သောမတ်အိုးဟေးကင်တားနား လာရောက်ခဲ့သော်လည်း ယခင်ခရီးစဉ်များနှင့်မခြား ပုံမှန်သာရှိခဲ့သည်။

မတ်လထဲအရောက်မှာတော့ ၂၀၀၉ ထဲကပင် ပြောဆိုနေခဲ့ကြသည့် ရွေးကောက်ပွဲဇာတ်လမ်းကြီးစတင်တော့သည်။ ရွေးကောက်ပွဲအတွက် ပထမဆုံးခြေလှမ်းက ရွေးကောက်ပွဲဆိုင်ရာ လိုက်နာရမည့်ဥပဒေများ၊ နည်းဥပဒေများကိုထုတ်ပြန်ကြေညာခြင်းဖြစ်သည်။ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ ၅ ရပ်ကို မတ်လ ၈ ရက် ရက်စွဲဖြင့်ထုတ် ပြန်ကြေညာခြင်းဖြစ်သည်။

ထုတ်ပြန်လိုက်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ရေးဥပဒေအရ ၁၉၉၀ ရွေးကောက်ပွဲ လက်ကျန်ပါတီများက ဥပဒေထုတ်ပြန်ပြီး ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံပြန်တင်ရမည်ဖြစ်ပြီး ထိုသို့မတင်ပါက နိုင်ငံရေးပါတီအဖြစ်က ပျက်ပြယ်သွားမည်ဖြစ်သည်။ ထိုအခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် အခြားလက်ကျန်ပါတီများ မှတ်ပုံပြန်တင်ပြီး၊ ရွေးကောက်ပွဲဝင် မဝင်သည်ကိုလည်း မြန်မာ့နိုင်ငံရေးလေ့လာစောင့်ကြည့်သူတို့အတွက် ဆွေးနွေးပြောဆိုငြင်းခုံစရာတစ်ခုဖြစ်လာခဲ့သည်။

ဥပဒေများထုတ်ပြန်ပြီး မကြာလိုက်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)က ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ ကော်မရှင်တစ်ရပ်ကို ၁၇ ဦးပါဝင်သော အဖွဲ့ဖြင့် ဖွဲ့စည်းကြောင်းကြေညာသည်။ ကော်မရှင်ပေါ်ပေါက်လာသည့်အတွက် ထုတ်ပြန်ထားသည့်ဥပဒေများအတိုင်း နိုင်ငံရေးပါတီတည်ထောင်မည့်သူများက ပါတီတည်ထောင်ခွင့် စတင်လျှောက်ထားကြသည်။

လက်ကျန်ပါတီများကတော့ သတ်မှတ်ရက်အတွင်း မှတ်ပုံတင်မတင် ဆုံးဖြတ်ရမည်ဖြစ်သည့်အတွက် မတ်လကုန်ခါနီးမှာပဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၁၀ ရွေးကောက်ပွဲမဝင်ကြောင်းနှင့် မှတ်ပုံတင်မည်မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ထိုအချိန်ထိ ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ကြေညာခြင်းမရှိသေးသော်လည်း ပါတီသစ်များကတော့ ရွေးကောက်ပွဲဝင်ရန် ပါတီမှတ်ပုံတင်ကြေးနှင့် ပါတီဝင်အင်အားရရှိရေး စတင်လုံးပမ်းကြပြီဖြစ်သည်။

ရွေးကောက်ပွဲအတွက် အစချီနေချိန်မှာပဲ နှစ်စဉ်နှစ်တိုင်း အေးချမ်းပျော်ရွှင်မှုတွေနှင့် နှစ်တစ်နှစ်ကို ကူးပြောင်းချိန် မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်သို့ ရောက်လာခဲ့သည်။ ထိုအချိန်က သာမန်ပြည်သူတွေကြားမှာတော့ ရွေးကောက်ပွဲအကြောင်း ပြောဆိုဆွေးနွေးစိတ်ဝင်စားမှု လုံးဝမရှိသေးသည့်ကာလဟုဆိုကလည်း မမှားနိုင်။

ထိုနှစ်သစ်ကူးကာလ ဧပြီလ၏ဖြစ်ရပ်တစ်ခုကတော့ မြန်မာ့သမိုင်းမှာပင် မှတ်တမ်းဝင်သွားသည်။ သင်္ကြန်ရေကစားမဏ္ဍပ်တစ်ခုအနီး ဗုံးပေါက်ကွဲကာ လူ ၁၄ဦးသေဆုံးခဲ့သော နှစ်သစ်ကူး အတာသင်္ကြန်အကြတ်နေ့က ဖြစ်ရပ်ကြီးဖြစ်သည်။

ထိုဖြစ်ရပ်က မြန်မာပြည်သူတွေကိုသာမက မြန်မာ့အရေး စိတ်ဝင်စားသော ပြည်ပနိုင်ငံများကပင်အံ့ဩတုန်လှုပ်ခဲ့ရ၏။ သည်လိုနှင့် သင်္ကြန်နောက်ဆုံးရက်ကို ခပ်ခြောက်ခြောက်ဖြတ်သန်းရင်း မြန်မာ့နှစ်သစ်ကို ကူးခဲ့ကြရသည်။

သင်္ကြန်ကာလအတွင်း ခေတ္တငြိမ်သက်သွားခဲ့သော ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများက ရွေးကောက်ပွဲကျင်းပမည့်ရက်ကို မှန်းဆကာ တည်ထောင်ခွင့်တင်ရေး၊ ပါတီဝင် ရရှိရေး၊ ရန်ပုံငွေရရှိရေး အာရုံပြန်စိုက်ကြပြန်၏။

ရွေးကောက်ပွဲကော်မရှင်ကလည်း လာလျှောက်သည့်ပါတီများကို ထိုကာလအတွင်းမှာပင် တည်ထောင်ခွင့်များ ချထားပေးနေသည်။ ထိုအချိန်တွင် ပြည်တွင်းပြည်ပ နိုင်ငံရေးစောင့်ကြည့်သူလူအများစိတ်ဝင်စားနေသည့် လက်ရှိ နိုင်ငံတော်အကြီးအကဲများ ရွေးကောက်ပွဲတွင် မည်သို့မည်ပုံပါဝင်မည်ဆိုသည့်မေးခွန်းအတွက် အဖြေတစ်ခုထွက်လာခဲ့သည်။

ထိုအဖြေက အားလုံး ထင်ကြေးပေးထားသည့်အတိုင်းပင်။ လူမှုရေးအသင်းတစ်ခုအဖြစ် ဖွဲ့စည်းထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက နိုင်ငံရေးပါတီအဖြစ် အသွင်ပြောင်းသွားကာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ခေါင်းဆောင်သည့် နိုင်ငံတော်ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ မြို့တော်ဝန်၊ ဒုမြို့တော်ဝန်တို့က ပါတီဦးဆောင်သူများအဖြစ် ထွက်ပေါ်လာခြင်းဖြစ်သည်။

၂၀၁၀ မေလမှာတော့ ထူးထူးခြားခြားသိပ်မရှိလှသော်လည်း ဇွန်လမှာတော့ မြန်မာနိုင်ငံအစိုးရနှင့်ဆက်ဆံရေး အကောင်းဆုံးနိုင်ငံဖြစ်သော အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်ခရီးစဉ်က ၂၀၁၀ အတွင်း မြန်မာနိုင်ငံသို့ လာရောက်သည့်အမြင့်ဆုံးအဆင့် နိုင်ငံ့ခေါင်းဆောင် ခရီးစဉ်သုံးခုအနက်မှ တစ်ခုဖြစ်ခဲ့သည်။ အောက်တိုဘာနှင့် ဇွန်လအတွင်း ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့လည်း လာရောက်ခဲ့သည်။

ဇွန်လအတွင်း အထူးခြားဆုံးဖြစ်စဉ်တစ်ခုကတော့ မြန်မာနိုင်ငံသည် ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့်ပူးပေါင်းကာ နျူကလီးယားလက်နက်ပိုင်ဆိုင်နိုင်ရန်ကြိုးပမ်းနေကြောင်း အယ်လ်ဂျာဇီးရားရုပ်မြင်သံကြားအစီအစဉ်က ဇွန်လပထမပတ်နှင့် ဒုတိယပတ်အတွင်း ခုနစ်ကြိမ်တိတိဆက်တိုက် ကမ္ဘာသို့ ထုတ်လွှင့်ပြသခဲ့သည်။

ယင်းထုတ်လွှင့်ချက်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ နိုင်ငံပိုင်မီဒီယာများကလည်း မှန်ကန်မှုမရှိသည့်စွပ်စွဲချက်များသာ ဖြစ်ကြောင်း ပြန်လည် ရေးသားထုတ်လွှင့်ဖော်ပြကြသည်။ မြန်မာနိုင်ငံသည် နျူကလီးယားလက်နက်ပိုင်ဆိုင်ရေးကြိုးပမ်းမှု အလျှင်းမရှိကြောင်းလည်း အပြည်ပြည်ဆိုင်ရာအဏုမြူအေဂျင်စီ (IAEA)၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားသည်။

နျူကလီးယားကိစ္စများအပြီး ဇွန်လ နောက်ဆုံးရက်များနှင့် ဇူလိုင်လအတွင်း သတင်းဖြစ်ရပ်တို့က ပြန်ငြိမ်သွားပြန်သည်။ ရွေးကောက်ပွဲကော်မရှင်ကတော့ ထိုအချိန်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုပြီး မှတ်ပုံတင်သည့် နိုင်ငံရေးပါတီများကို ခွင့်ပြုနေကာ နိုင်ငံရေးပါတီများ၏လှုပ်ရှားမှုကလည်း အနည်းငယ်အရှိန်ရလာနေချိန်ဖြစ်သည်။

အေးစက်စက် ဇူလိုင်လအကုန် ရွေးကောက်ပွဲကျင်းပရန် ၈၅ ရက်အလို ဩဂုတ်၁၃ ရက်က ရွေးကောက်ပွဲ ကျင်းပမည့်ရက်ကြေညာလိုက်ခြင်းဖြင့် အချိန်အတော်ကြာ ဟိုရက်၊ သည်ရက်၊ ဟောကိန်းထုတ်နေမှုများကို အဆုံးသတ်လိုက်တော့သည်။

ရွေးကောက်ပွဲရက် ကြေညာပြီး မကြာလိုက်။ ပါတီတည်ထောင်ခွင့်လျှောက်ထားပြီးကတည်းက မီဒီယာများတွင် ပြောဆိုရေးသားမှု မတွေ့ရသလောက်ဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ယင်းပါတီရုံးခွဲများ နိုင်ငံအဝန်းစတင်ဖွင့်သည်ကစလို့၊ မီဒီယာများ၏ရေးသားဖော်ပြထုတ်လွှင့်ချက်များမှတစ်ဆင့် ရွေးကောက်ပွဲဝင်မည့် အင်အားအကြီးဆုံးပါတီတစ်ခုအဖြစ် ပြည်သူများသိရှိခဲ့ရသည်။

အတိုက်အခံပါတီအဖြစ် ရွေးကောက်ပွဲကာလအတွင်း မဲပေးသူများကြား နာမည်ကြီးခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခွဲထွက်ခဲ့သည့် ပါတီဝင်ဟောင်းအချို့တည်ထောင်သော အမျိုးသားဒီမိုကရေစီအင်အားစုပါတီကလည်း ထိုအချိန်တွင် ပါတီမှတ်ပုံတင်ပြီး မီဒီယာများတွင် အများဆုံးဖော်ပြခဲ့ရသည့်ပါတီတစ်ခုဆိုက မမှားနိုင်။

ဩဂုတ်လမှာတော့ ရွေးကောက်ပွဲဝင်ရန် တက်ကြွခဲ့သည့် ပါတီခေါင်းဆောင်တစ်ဦးဖြစ်သော ဦးဖြိုးမင်းသိမ်းက ရွေးကောက်ပွဲမှ နုတ်ထွက်ခဲ့ခြင်း၊ ရှမ်းတိုင်းရင်းသားပါတီခေါင်းဆောင် ဦးရွှေအုံး ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်ရင်း ရွေးကောက်ပွဲမတိုင်မီ ကွယ်လွန်သွားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ နည်းလမ်းများထုတ်ပြန်ခြင်း စသည်ဖြင့်ရွေးကောက်ပွဲဆိုင်ရာသတင်းများက ဆက်တိုက်ရှိနေခဲ့သည်။

စက်တင်ဘာလအတွင်းမှာလည်း ပါတီများ ရုပ်မြင်သံကြားမှတစ်ဆင့် ဟောပြောစည်းရုံးခွင့်ရခဲ့ကြကာ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များကလည်း ပါတီများနည်းတူ လှုပ်ရှားမှုများ စတင်မြင်တွေ့ရသည်။ ထိုလအတွင်းမှာပင် ကိုယ်စားလှယ်လောင်းအရေအတွက် တင်သွင်းနိုင်ခြင်းမရှိသည့် နိုင်ငံရေးပါတီ ၅ ခု ဖျက်သိမ်းခံခဲ့ရပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ၁၉၉၀ ရွေးကောက်ပွဲ လက်ကျန်ပါတီများကို ဖျက်သိမ်းလိုက်ကြောင်းလည်း ကော်မရှင်က ကြေညာသည်။

ရွေးကောက်ပွဲကျင်းပရန် တစ်လသာသာကျန်တော့သည့် အောက်တိုဘာလအတွင်း သတင်းဖြစ်ရပ်ကတော့ နှစ်ပေါင်းနှစ်ဆယ်အတွင်း ပထမဆုံးအကြိမ် ရွေးကောက်ပွဲ မြန်မာနိုင်ငံတွင် ကျင်းပပေးခဲ့သော နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၂၀၁၀ အတွင်း တတိယ အကြိမ်မြောက် ပြည်ပခရီးစဉ် အဖြစ် လာအိုနိုင်ငံသို့သွားရောက်ခဲ့ခြင်းဖြစ်သည်။ ဇူလိုင်လနှင့် စက်တင်ဘာလတို့တွင်လည်း အိန္ဒိယနှင့်တရုတ်နိုင်ငံ ခရီးစဉ်သို့သွားရောက်ခဲ့သည်။

ထိုလက ရွေးကောက်ပွဲနှင့်နီးကပ်လာချိန်မို့ နိုင်ငံရေးပါတီကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးမှုများ အရှိန်အဟုန်အကောင်းဆုံးဖြစ်လာသည့်လတစ်လလည်းဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဖြစ်စဉ်တစ်လျှောက်လုံးမှာ တစ်ကြိမ်တည်းသော မီဒီယာနှင့်တွေ့ဆုံမှုပြုခဲ့သည့်လဖြစ်သလို ပြည်ခိုင်ဖြိုးပါတီခေါင်းဆောင်အဆင့်က ရွေးကောက်ပွဲကာလအတွင်း မီဒီယာနှင့်ပထမဆုံးနှင့်နောက်ဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့သည့်အတွက် တစ်ကြိမ်တည်းတို့ မှတ်တမ်းဝင်သောလဆိုကလည်း မမှား။

ထိုလတတိယပတ်ထဲမှာပင် မည်သူမှ ထင်မှတ်မျှော်လင့်မထားသည့် သတင်းကြီးတစ်ခုလည်းဖြစ်သွားခဲ့သည်။ အောက်တိုဘာ ၂၁ ရက်က နိုင်ငံတော် အလံသစ်ကို တစ်နိုင်ငံလုံးတစ်ပြိုင်နက် ပြောင်းလဲလွှင့်ထူလိုက်ခြင်းပင်။

နိုဝင်ဘာ ၇ ရက်မတိုင်မီကတော့ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးမှုပုံစံအချို့ကြောင့် လူစိတ်ဝင်စားမှုမရှိခဲ့သည့် နိုဝင်ဘာ ၇ ရက်ကို မြို့နေလူထုအတွင်း စိတ်ဝင်စားမှုအနည်းငယ်မြင့်တက်လာစေသည့် ကာလဟုလည်း သုံးသပ်ကြသည်။

ရွေးကောက်ပွဲနေ့တွင်တော့ အနိုင်အရှုံးက ကြိုတင်သိရှိပြီးဖြစ်သော်လည်း ရွေးကောက်ပွဲအနီး မဲပေးမည့်သူတို့၏ ပါတီအချို့အပေါ် အားသန်လာမှုကြောင့် အချို့မဲဆန္ဒနယ်များ၏ အနိုင်အရှုံးကို မဲပေးသော၊ မဲမပေးသော မြန်မာပြည်သူပြည်သားများသာမက နိုင်ငံတကာကပါ စိတ်ဝင်တစား စောင့်ကြည့်ခဲ့ကြသည်။

ရွေးကောက်ပွဲရလဒ်များကို ရွေးကောက်ပွဲအပြီးနိုဝင်ဘာ ၁၀ ရက်ကျမှသာ တစ်ရက်ချင်း နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် ကြေညာသည်။

စာမျက်နှာ(IV)သို့

# ၂၀၁၀ တွင် ကွယ်လွန်ခဲ့သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

ဥက္ကာကိုကို

၂၀၁၀ ပြည့်နှစ်သည် စာပေနှင့် အနုပညာလောကအတွင်းမှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးသမားလူကြီးပိုင်းများ ကြွေလွင့်ခဲ့သောနှစ်ဖြစ်သည်။ ကွယ်လွန်သွားခဲ့ကြသော ပုဂ္ဂိုလ် အယောက် ၃၀ ကျော် အနက် လက်လှမ်းမီသမျှ ကြွေလွင့်သူအချို့အား စုစည်းဖော်ပြခြင်းဖြစ်သည်။

ဇန်နဝါရီ ၄ ရက်နေ့တွင် အသက် ၆၄ နှစ် အရွယ်ရှိ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဦးခင်မောင်ဝင်းကွယ်လွန်ခဲ့သည်။

ဇန်နဝါရီ၃၁ ရက်တွင် ဂီတစာဆိုကြီးဦးဘသိန်း အသက်(၁၀၀)နှစ်တိတိအရွယ်တွင် ကွယ်လွန်သည်။

ဖေဖော်ဝါရီ ၃ ရက်နေ့တွင် မောင်နွယ်အောင်(ဒဂုံဆောင်) အသက် (၄၂)နှစ်ကွယ်လွန်ခဲ့ပြီး၊၅ ရက်နေ့တွင် အသက်(၈၀)နှစ်ရှိပြီဖြစ်သော ဟာသရုပ်ရှင်သရုပ်ဆောင်ဦးဂျော်လီဆွေကွယ်လွန်ခဲ့သည်။

ဧပြီလ ၂၄ ရက် နံနက် ၆ နာရီအချိန်၌ စူလာနဖာ-ပိစပ်ရွက်တို့ဖြင့် နာမည်ကြီးခဲ့သော ဝါရင့်သတင်းစာဆရာကြီးသာဂဒိုး (၈၄) နှစ်ကွယ်လွန်ခဲ့သည်။

ဧပြီလ ၆ ရက် နံနက် ၉ နာရီခွဲတွင် အသက် (၇၈)နှစ်အရွယ်ရှိပြီဖြစ်သော မြန်မာတိုင်းမ်ဂျာနယ်၏ အယ်ဒီတာဦးချစ်သိန်းဦး ကွယ်လွန်သည်။

မေလ ၂ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အသက် (၈၄)နှစ်အရွယ် စာရေးဆရာမကြီး ဒေါ်မိမိကြီး(ရွှေဘို မိမိကြီး) သည်လည်းကောင်း၊ ယင်းနေ့တွင်ပင် မြန်မာ့အလင်းသတင်းစာတိုက်၏ အယ်ဒီတာဟောင်းဦးသန်းညွန့်(မောင်မောင်သစ်) အသက် (၈၅) နှစ်သည် နံနက် ၄ နာရီ ၃၅ မိနစ်တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြသည်။

မေလ ၇ ရက် သောကြာနေ့ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်၌ ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေသော ဒီမိုကရက်တစ်ပါတီ(မြန်မာပြည်)၏ ဒုဥက္ကဋ္ဌဦးရဲထွန်းသည် အသက် (၇၃)နှစ်အရွယ် ကွယ်လွန်သည်။ ယင်း မေလ ၇ ရက် ညနေ ၄ နာရီခွဲတွင် အသက် (၉၂)နှစ်ရှိပြီဖြစ်သော မြန်မာ့လက်ရွေးစင်ဘောလုံးနည်းပြချုပ်ဟောင်းကြီး၊ ဖီဖာ၏ ရာပြည့်ဂုဏ်ပြုဆုရှင်ကြီး ရဲအုပ်ကြီးဦးစိန်လှိုင်သည်လည်း ကွယ်လွန်သွားခဲ့သည်။

မေလ ၈ ရက်နေ့တွင် စိန်မဟာသဘင်မှ အသက် (၆၉) နှစ်အရွယ်ရှိ ဇာတ်မင်းသားကြီး ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဦးရဲစိန်သည် နံနက် ၁ နာရီခွဲတွင် ကွယ်လွန်ခဲ့သည်။

မေလ ၁၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် အသက် (၄၂)နှစ်အရွယ်ရှိ ကဗျာဆရာ သင်းဝေအောင်(ခေါ်)ပန်းချီဆရာ ကိုသန်းမြင့်အောင်ကွယ်လွန်ခဲ့သည်။

မေလ ၁၂ ရက် နံနက် ၁၁ နာရီတွင် အသက်(၇၉)နှစ်ရှိပြီဖြစ်သော စာရေးဆရာ၊ ဒါရိုက်တာကြီး ကမ္ဘောဇဦးခင်လှိုင် ကွယ်လွန်ခဲ့သည်။

မေလ၁၆ ရက်ည၉နာရီတွင် စာရေးဆရာ၊ တေးသံရှင်၊ သရုပ်ဆောင်အကယ်ဒမီ ဦးသုမောင်(ခ)ဦးဗလ အသက်(၆၀)နှစ် ကွယ်လွန်ခဲ့သည်။

ရွှေအမြုတေစာပေဆုရရှိခဲ့သော စာရေးဆရာ လင်းသော်ဝေ(မြစ်ကြီးနား)သည် မေလ ၂၉ ရက်က ယခုနှစ်ရွှေအမြုတေ စာပေဆုပေးပွဲသို့ တက်ရောက်ရန် လာရောက်စဉ် မန္တလေးမြို့တွင် ကွယ်လွန်သွားခဲ့သည်။

ဇွန်လ ၆ ရက်နေ့တွင် ဦးသိန်းလွင်(ခ) ဒါရိုက်တာ ဇမ္ဗူထွန်း မြတ်ထွန်းနိုင်(ဇမ္ဗူထွန်းရုပ်ရှင်) အသက် (၈၂)နှစ်ကွယ်လွန်ခဲ့သည်။

ဇွန်လ ၁၈ ရက်တွင် ရာဇဓိရာဇ် အရေးတော်ပုံကျမ်းကိုပြုစုခဲ့သော ဒေါက်တာနိုင်ပန်းလှသည် အသက်(၈၈)နှစ်အရွယ်၌ ကွယ်လွန်ခဲ့သည်။ ဒါရိုက်တာမောင်နေမျိုး အသက်(၇၉)နှစ်သည် ဇွန်လ ၃၀ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးကျော်သိန်း(ခ)တေးရေးဆရာ ကျော်သိန်းမောင်သည် အသက်(၆၇)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

ဩဂုတ်လ ၃၀ ရက်တွင် အသက် (၅၁)နှစ်ရှိ ကာတွန်းမင်းဆွေကွယ်လွန်ခဲ့သည်။

ပြည်ထောင်စုဒီမိုကရက်တစ်ပါတီ၏ နာယကအဖြစ် ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေသော ဝါရင့်နိုင်ငံရေးသမားကြီးဦးရွှေအုံးသည် ရွေးကောက်ပွဲကျင်းပရန် ၇၉ ရက်အလို ဩဂုတ်လ ၂၀ ရက်တွင် အသည်းရောဂါဖြင့် ဆုံးပါးသွားခဲ့သည်။

အနုပညာလောကထဲမှ ထင်ရှားသူတစ်ဦးဖြစ်သော မိတ်ကပ်အောင်အောင်(တောင်ကြီး)သည် စက်တင်ဘာ ၂ ရက်နေ့က ကွယ်လွန်ခဲ့သည်။ စက်တင်ဘာ ၁၁ ရက်တွင် အသက်(၆၄)နှစ်အရွယ်ရှိ ဘဏ်လုပ်ငန်းပညာရှင် စာရေးဆရာ ဦးဝင့်ကျော်ကွယ်လွန်ခဲ့ပြီး၊ စက်တင်ဘာ ၁၃ ရက်တွင် အသက်(၈၇)နှစ်အရွယ်ရှိ ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာ ဦးလှမောင်(ခ)ဦးလှမွန် ကွယ်လွန်ခဲ့သည်။ စက်တင်ဘာ ၁၇ ရက်တွင် သတင်းစာဆရာကြီး တိုးတက်ရေးဦးအုန်းမြင့် (သခင်အုန်းမြင့်) အသက် (၉၃) နှစ် ကွယ်လွန်သွားခဲ့သည်။

စက်တင်ဘာ ၂၃ ရက်တွင် စာရေးဆရာကြီး မိုးဟိန်း (သားဂျာနယ်ကျော်)သည် အသက် (၆၈) နှစ်အရွယ်၌ ကွယ်လွန်ခဲ့သည်။

အောက်တိုဘာ ၂ ရက်တွင် ရုပ်ရှင်သရုပ်ဆောင် ဒေါ်တင်တင်လှ အသက်(၆၈)နှစ် ကွယ်လွန်သည်။

နိုဝင်ဘာ ၅ ရက်နေ့တွင် 'အရက်ဦးမှာ ဖူးသည့်ကြာ'ဇာတ်ကားရိုက်ကူးခဲ့သူ ဒါရိုက်တာ တင်သန်းဦးသည် အသက် (၅၈) နှစ်အရွယ်၌ ကွယ်လွန်ခဲ့ပြီး၊ ယင်းနေ့တွင်ပင် အသက် (၇၄)နှစ်အရွယ်ရှိ တေးသံရှင် ခနဲဖြူစိုးသိန်းလည်း ကွယ်လွန်ခဲ့သည်။

ဒီဇင်ဘာ ၆ ရက်နေ့တွင် ယခုနှစ်အတွင်း ကွယ်လွန်သူ အနုပညာရှင်များထဲမှ အသက်အကြီးဆုံးဖြစ်သော အသက်(၁၀၁) နှစ်အရွယ်ရှိ သုခမဒေါ်နန်း ကွယ်လွန်ခဲ့ပြီး ၎င်းသည် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်ပြေငြိမ်း(ကွယ်လွန်)၏အဘွား၊ သရုပ်ဆောင်ဦးမောင်မောင်မြင့်တို့၏ မိခင်ဖြစ်သည်။

ဒီဇင်ဘာ ၉ ရက်ညနေ ၄ နာရီ ၃၅ မိနစ်တွင် ဂျပန်တော်လှန်ရေးကာလ မြန်မာပြည်တွင်းသို့ လေထီးနှင့်ဆင်းရန်ကြိုးစားခဲ့သူ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ချီးမြှင့်ခြင်းခံခဲ့ရသော အသက်(၉၃)နှစ်အရွယ်ရှိ လေထီးဒေါ်မြရီ ကွယ်လွန်ခဲ့သည်။

## စာမျက်နှာ(III)အစီအစဉ်တကျ ၂၀၁၀ မှ

ထိုကြေညာနေစဉ်အတွင်းမှာပင် ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်ပြီး ပါတီကိုယ်စားလှယ်လောင်းများ၏ တိုင်တန်းမှုများကလည်း ကော်မရှင်သို့ ဆက်တိုက်ဆိုသလို ရောက်ရှိနေသည်။

ကော်မရှင်က ရလဒ်ကို ပြည်နယ်တိုင်းအလိုက် ကြေညာနေချိန်တွင် နေအိမ်အကျယ်ချုပ်ခုနစ်နှစ်ကျော် ကျခံနေရသော ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်မှုမေးခွန်းဆီသို့ ပြည်တွင်းပြည်ပမီဒီယာများ အာရုံရောက်သွားသည်။ နိုဝင်ဘာ ၁၂ ရက်ကပင် သူမလွတ်မြောက်သွားပြီဆိုသည့် ကောလာဟလများက ထွက်လာကာ နိုဝင်ဘာ ၁၂ ရက်ကပင် လူအများကို လွတ်၊ မလွတ်ဆိုသည့် ပဟေဠိဆီသို့ရှိနေ၏။

၁၃ ရက်နေ့ ညနေပိုင်းတွင် သူမ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည့်အတွက် ၂၀၁၀ အတွင်း နိုင်ငံရေးအရှိန်က အမြင့်ဆုံးဖြစ်လာသည်။

၂၀၁၀ ကိုလှုပ်ရှားစေခဲ့သော ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲရလဒ်များ ကြေညာခြင်းနှင့် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမှုကအစိုးရသစ်မပေါ်ပေါက်မီ ၂၀၁၀ အတွင်း အစီအစဉ်တကျဖြစ်ခဲ့သော နိုင်ငံရေးအရွေ့တစ်ခုဖြင့် ထင်းထင်းကြီးမြင်ခဲ့ကြရပေသည်။

# ပို့ဆောင်ရေးကဏ္ဍမှ အရေးကြီးမှတ်တမ်းများ

မေဝင်းမွန်၊ သိမ့်သိမ့်စိုး၊ သဇင်ထွေး



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ရွှေဂုံတိုင်လမ်းဆုံအား ဒီဇင်ဘာလနောက်ဆုံးပတ်က တွေ့ရစဉ်။

၂၀၁၀ ပြည့်နှစ်အတွင်း ယာဉ်ထုတ်လုပ်သည့်နှစ် အနိမ့်ဆုံး ၂၀၀၃ မော်ဒယ်များသာ တင်သွင်းရတော့သဖြင့် နှစ်စပိုင်းတွင် မော်ဒယ်မြင့်ယာဉ်များကို အပြိုင်အဆိုင် တင်သွင်းရန် ကုမ္ပဏီများက ကြိုးပမ်းခဲ့ကြသည်။

ဘယ်မောင်း၊ မော်ဒယ်မြင့် ကားများသာတင်သွင်းရမည့် သတ်မှတ်ချက်ကြောင့် ကုမ္ပဏီများက မြို့ တွင်းခရီးသွားလုပ်ငန်းနှင့် ကိုက်ညီစေမည့် မူရင်းစီအင်န်ဂျီသုံးယာဉ်များကို တင်သွင်းရောင်းချပေးခဲ့သော်လည်း ဝယ်ယူသူအနည်းငယ်သာရှိသဖြင့် ယာဉ်တင်သွင်းမှုပြုလုပ်သူလည်း နည်းပါးခဲ့သည်။

သဘာဝဓာတ်ငွေ့ယာဉ်အဖြစ်ပြောင်းလဲပေးခြင်းနှင့် ဓာတ်ငွေ့ဝယ်ယူခွင့်ထပ်မံထုတ်ပေးခြင်းမပြုသဖြင့် ခရီးသည်တင်ယာဉ်သစ်များ ထပ်တိုးပြေးဆွဲမှုကိုလည်း နှောင့်နှေးစေခဲ့သည်။

သတ်မှတ်ထားသည့် မော်ဒယ်မြင့်ကားများမှာလည်းကျပ်သိန်း ၁,၀၀၀ ဝန်းကျင်ရှိနေသဖြင့် ထိုကားများဖြင့် မြို့တွင်းခရီးသွားကဏ္ဍမှာပြေးဆွဲရန် ယာဉ်ပိုင်ရှင်များအတွက် မလွယ်ကူဘဲ မော်ဒယ်သစ်ခရီးသည်တင်ကားများကိုလည်း ရန်ကုန်လမ်းမများပေါ်တွင် မတွေ့ရပေ။

အထူးယာဉ်အများစု နေရာယူထားသည့် မြို့တွင်းသယ်ယူပို့ ဆောင်ရေးလုပ်ငန်းတွင် အခြေခံလူတန်းစား ခရီးသွားများက အားပြုစီးနင်းနေကြပြီး အရှိန်ပြင်းမောင်းနှင်ခြင်း၊ ငွေအကြွေပြန်မအမ်းခြင်း၊ ခရီးသည်များကျပ်ညပ်စွာတင်ခြင်း၊ မချေမငံပြောဆိုခြင်းတို့မှာလည်း ခရီးသည်များအကြား မဆုံးနိုင်သော ပြုပြင်ပြောင်းလဲစေလိုမှုများပင်ဖြစ်သည်။

ဝင်ငွေနည်းသည့်ယာဉ်လိုင်းများဖျက်သိမ်းပြီး ယာဉ်လိုင်းပြောင်းပြေးဆွဲရသည့်အနေအထားများလည်းရှိခဲ့သည်။ ၂၀၀၉ ခုနှစ်က ခရီးသည်တင်ယာဉ်သစ်များနှင့် အထူးယာဉ်များအပြိုင်အဆိုင် ပြေးဆွဲခဲ့ခြင်းကြောင့် မြို့တွင်းခရီးသွားကဏ္ဍသည် ဝင်ငွေကောင်းစွာနှင့် ရပ်တည်နိုင်ခဲ့သည်။ ယခုနှစ်အတွက် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှာ ကားအရေအတွက်၊ ဝင်ငွေပုံမှန်ဖြင့်လည်းပတ်လျက်ရှိသည်ဟု သိရသည်။

မော်ဒယ်မြင့်ကားများတင်သွင်းခွင့်ပြုခဲ့သလို လိုင်စင်မဲ့မော်တော်ယာဉ်များကို ၂၀၁၀ ဇူလိုင်လဆန်းမှစ၍ သတ်မှတ်တန်ဖိုး၏ ၈၅ ရာခိုင်နှုန်းအခွန်ပေးဆောင်၍ တရားဝင်လိုင်စင်ပြုလုပ်ပေးခဲ့ရာ ယခုနှစ်အတွင်း ထူးခြားစွာပင် ရန်ကုန်မြို့လမ်းမများတွင် မော်ဒယ်မြင့်ကားများ နေရာယူလာခဲ့သည်။

၂၀၁၀ ပြည့်နှစ်သည် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများအတွက် ပြောင်းလဲမှုများစွာရှိခဲ့သော နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ကုန်စည်ပို့ဆောင်ရေးနှင့်ဆက်စပ်နေသည့် ပုဂ္ဂလိကကုမ္ပဏီ ၁၁ ခုကို B.O.T စနစ်ဖြင့် လမ်းပိုင်းများ ငှားရမ်းလုပ်ပိုင်ခွင့်များချထားပေးခဲ့ခြင်းနှင့် ကုန်တင်ယာဉ်များကို အာဆီယံစံနှုန်းအတိုင်း တင်ဆောင်ရန် သတ်မှတ်လိုက်ခြင်းတို့ပင်ဖြစ်သည်။

ယင်းသတ်မှတ်ချက်အတိုင်း တင်ဆောင်မှုစတင်ခဲ့ရာတွင် ကုန်တန်ဆာခများမှာ တစ်ဆကျော် ဈေးမြင့်တက်ခဲ့သည်။ တန်ဆာခမြင့်တက်မှုနှင့်နည်းတူ ကုန်ဈေးနှုန်းအချို့မှာလည်း ဈေးမြင့်ခဲ့သည်။

မော်တော်ယာဉ်မောင်းများအတွက်လည်း အာဆီယံစံနှုန်းနှင့်ညီသည့် Smart Card လိုင်စင်များကို ယခုနှစ် မတ်လ ၁၀ ရက်မှစတင်ထုတ်ပေးခဲ့ပြီး တစ်နိုင်ငံလုံးတွင် အသုံးပြုလျက်ရှိသည့် ယာဉ်မောင်းလိုင်စင်များကိုလည်း ဒီဇင်ဘာ ၁ ရက်မှစ၍ သက်တမ်း ၃ နှစ်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။

'လက်ရှိမှာတော့ ကားစီးရေနဲ့ ခရီးသည်က ညီမျှနေတယ်လို့ထင်ပါတယ်။ ရုံးတက်ရုံးဆင်းကားကျပ်တာမျိုးရှိပေမယ့် ယာဉ်စီးရေတိုးလိုက်မယ်ဆိုရင်လည်း နေ့လယ်ဘက်လိုမျိုးမှာ ကားတွေက စီးမယ့်ခရီးသည်မရှိဖြစ်နေမယ်။ အဓိကလို အပ်တာက အိုဟောင်းနေတဲ့ ကားတွေ၊ ကြံ့ခိုင်မှုမရှိတဲ့ကားတွေကို ကားသစ်တွေနဲ့အစားထိုးပြေးဆွဲနိုင်မယ်ဆိုရင် ခရီးသည်တွေအတွက် ပိုပြီးအဆင်ပြေသွားမယ်'ဟု မထသမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

'မြို့တွင်းခရီးသွားလုပ်ငန်းတွေ တိုးတက်ဖို့ဆိုရာမှာ ခရီးသည်တွေအနေနဲ့ကိုယ်လိုအပ်တာတွေချည်းပဲပြောနေလို့မရပါဘူး။ ကိုယ်ရချင်တာကိုတောင်းဆိုသလို ကိုယ်လုပ်ရမယ့်အပိုင်းကိုလည်း တာဝန်သိသိနဲ့ လုပ်ဆောင်ရမှာပါ။ စည်းကမ်းကအရေးကြီးဆုံးပါပဲ'ဟု ဗန္ဓုလသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။


နေပြည်တော်ဗဟိုစာတိုက်ကြီးရှေ့ ငါးသိန်းတန်ဖုန်းလျှောက်လွှာတင်ရန် စောင့်ဆိုင်းနေသူများ။

# လူလတ်တန်းစားများ ဖုန်းကိုင်နိုင်သော နှစ်

နေလင်းအောင်၊ ယုဇနကိုကို၊ သိမ့်သိမ့်စိုး

၂၀၁၀ ပြည့်နှစ်သည် ကျပ်ငါးသိန်းတန်ဖုန်းများကြောင့် ဖုန်းကိုင်နိုင်သူတိုးခဲ့သောနှစ်ဖြစ်သည်။ ဖုန်းလိုင်းအမျိုးအစားသစ်များ ပေါ်ပေါက်လာခြင်း၊ ဖုန်းလိုင်းတိုးချဲ့ချထားခြင်းများကြောင့် ၂၀၁၀ သည် ယခင်နှစ်များကထက် ဆက်သွယ်ရေးကဏ္ဍ၌ ပိုမိုဖွံ့ဖြိုးတိုးတက်ခဲ့သောနှစ်ဖြစ်သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူနှင့် ဖုန်းဈေးကွက်ကျွမ်းကျင်သူများက ပြောသည်။

"ဒီအပြောင်းအလဲကိုတော့ အရမ်းကြိုက်ပါတယ်။ ဘာလို့လဲဆို ကျွန်တော်တို့ နိုင်ငံက ဖုန်းတစ်လုံးကိုင်ရဖို့ အဲဒီလောက် ခက်ခဲနေစရာ မလိုတော့ဘူး။ ဖုန်းတစ်လုံးကို ဆယ်သိန်း၊ ဆယ့်ငါးသိန်းပေးမှ ကိုင်ရမယ်ဆိုတဲ့ စနစ်က ဘယ်နိုင်ငံမှာမှ မရှိတော့ဘူး။ အခုငါးသိန်းနဲ့ရတယ်။ လူလတ်တန်းစားတွေ အဆင်ပြေလာတယ်။ နောက်ထပ် ဒီ့ထက်သက်သာတဲ့နှုန်းနဲ့ လျှော့ဦး၊ အောက်အခြေခံလူတန်းစားတွေ ကျန်သေးတယ်။ သူများနိုင်ငံတွေ အမီလိုက်ချင်ရင်ပေါ့" ဟု လက်ရှိပြည်တွင်း ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ဇန်နဝါရီလမှ စတင်၍ ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်သော Elite နှင့် ပူးပေါင်းကာ ရန်ကုန်နှင့် မန္တလေးတွင် ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းအလုံးရေ တစ်သိန်းခွဲစတင်ချထားပေးခဲ့သည်။

"ဒီနှစ်ကတော့ ဆက်သွယ်ရေးပိုင်း အရမ်းကောင်းတဲ့နှစ်ပဲ။ ဆက်သွယ်ရေးနဲ့ပတ်သက်ပြီး တော်တော်လေး တိုးတက်လာတယ်။ ဒီလိုဈေးသက်သာတဲ့ ဖုန်းတွေချပေးနေတာက ရှင်းပါတယ်။ လူတိုင်းနီးပါးဖုန်းကိုင်နိုင်အောင်လို့ပါ။ လာမယ့်နှစ်တွေဆို တစ်နိုင်ငံလုံးနီးပါး ဖုန်းအသုံးပြုနိုင်မှုပိုများလာမှာ" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကလည်း ပြောသည်။

လွန်ခဲ့သည့် ၅ နှစ်ခန့်ကပင် GSM ဖုန်းတစ်လုံး၏ တန်ဖိုးသည် ဆယ့်ငါးသိန်း၊ သိန်းနှစ်ဆယ် အနိမ့်ဆုံးရှိခဲ့ရာ ယင်းပမာဏမှ ယခုငါးသိန်းဟူသောပမာဏသည် လူအများစုဖုန်းကိုင်နိုင်မည့် အခြေအနေနှင့် နီးကပ်လာခဲ့ခြင်းဖြစ်သည်။

ကံထူးမိုဘိုင်းစင်တာမှ ဆိုင်ရှင်ဦးကံထူးက "ခုနောက်ဆုံးငါးသိန်းဖုန်းတွေ တစ်နိုင်ငံလုံးရတော့မယ်ဆိုတော့ အရင်ဂျီသမားတွေ (GSM)တွေက အလကားကို ဖြစ်ကုန်တော့တာပဲ။ ဈေးတွေ ထိုးကျ ဝယ်မယ့်သူမရှိနဲ့။ အစကတော့ ငါးသိန်းက မရေမရာဆိုတာမျိုး ဖြစ်နေတာကနေ ဒီလိုကြီးဖြစ်လာလိမ့်မယ်လို့လည်း မထင်ထားတော့ တော်တော်များများက အံ့သြနေကြတယ်" ဟု ဆိုသည်။

အလားတူအခြားသော မိုဘိုင်းဖုန်းဝန်ဆောင်မှုပေးနေသည့် ဆက်သွယ်ရေးဝန်ထမ်းတစ်ဦးကလည်း "အခုလက်ရှိက ဂျီသမားတွေက သူတို့နစ်နာတယ်လို့ ခံစားနေရတယ်။ ဒီ စီဒီအမ်အေတွေက ဒီလောက်ရလာပြီဆိုရင် ကျပ်သိန်းနှစ်ဆယ်၊ ကျပ်သိန်းသုံးဆယ် ပေးဝယ်ထားရတဲ့လူတွေက ဘယ်လိုလုပ်ကြမလဲဆိုတာမျိုးပေါ့။ တချို့ကျတော့လည်း ထုတ်ရောင်း စီဒီအမ်အေ ၈၀၀ ဖုန်းကိုနှစ်လုံးပြန်ဝယ်၊ ဈေးကွက်က ကျပ်ငါးသိန်းသက်သက်ကို လိုက်နေပြီ"ဟုဆိုပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည်ယင်းငါးသိန်းတန် စီဒီအမ်အေများ စတင်ချထားပေးစဉ်က မြို့နယ်ကျော်သုံးစွဲမရနိုင်သော အခြေအနေမှ လပိုင်းအကြာတွင် ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး သယ်ဆောင်အသုံးပြုနိုင်ရန် ကွန်ရက်ချဲ့ပေးလိုက်သည်။ ထို့မှတစ်ဖန် ယင်းဖုန်းကိုပင် တစ်နိုင်ငံလုံး အသုံးပြုနိုင်ရန် ယခုနှစ်ကုန်တွင် ပြောင်းလဲလိုက်သောအခါ ယခင်သိန်းနှစ်ဆယ်၊ နှစ်ဆယ့်ငါးသိန်းနှင့် ဖုန်းသုံးစွဲခဲ့ကြရသူများအတွက် မနာလိုစရာဖြစ်လာခဲ့သည်။

ဖုန်းကိုင်လို၍ လည်ရှည်အောင်မျှော်နေရသော လူလတ်တန်းစားများအတွက်မူ ငါးသိန်းတန်ဖုန်းများက ကျေနပ်မှုရစေခဲ့သည်။

"ကျွန်တော့်လစာနဲ့ အရင်ဖုန်းဈေးနဲ့ဆို ဒီတစ်သက်ကပ်လို့တောင်ရမှာ မဟုတ်ဘူး။ အခုကိုင်ရမယ်လို့လည်း ထင်မထားခဲ့ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ရုံးက ဝယ်ပေးတယ်။ ကျွန်တော့်လစာထဲက တစ်လနှစ်သောင်း ဖြတ်တယ်။ ဖုန်းကိုင်လိုက်ရတယ်။ အဲဒီလိုမျိုးဆိုတော့ နောက်တစ်လုံးတောင်လိုချင်သေးတယ်" ဟု ကုမ္ပဏီမှ အကြွေးစနစ်ဖြင့် ဝယ်ယူပေးမှုကြောင့် ဖုန်းကိုင်ခွင့်ရသူ အသက် ၂၄ နှစ်အရွယ်ရှိ အရောင်းဝန်ထမ်းတစ်ဦးက ဆိုသည်။

ငါးသိန်းတန်ဖုန်းကြောင့် ပြည်သူများ ဖုန်းကိုင်နိုင်မှုအရေအတွက်တိုးတက်လာမှုမှာ ကောင်းသောအချက်ဖြစ်သော်လည်း အခြားတစ်ဖက်တွင်မူ ဆက်သွယ်ပြောဆိုရာတွင် အဆင်မပြေမှုများ၊ ဖုန်းဈေးကွက်ပြောင်းလဲသွားမှုများ စသည်တို့ ထပ်မံဖြစ်ပေါ်လာကြောင်းသုံးစွဲသူအများစုက ပြောသည်။

"အခုက စီဒီအမ်အေမှာ လိုင်းမမိတဲ့ဧရိယာတွေအများကြီးရှိနေတယ်။ ရှိတဲ့တာဝါတွေက အကုန်လုံးကို ပြည့်ပြည့်ဝဝ မလွှမ်းနိုင်သေးတော့ အခုအပြင်မှာ ပြောနေကြတာ ကြားလား၊ ကြားလားဆိုတော့ ဒီဖုန်းကို ကြားဖုန်းလို့တောင် ခေါ်နေကြတယ်" ဟု ဖုန်းအရောင်းဆိုင်ရှင်တစ်ဦးကပြောသည်။ လက်ရှိတွင် ဂျီအက်စ်အမ်ဖုန်းသုံးစွဲသူများမှာလည်း စီဒီအမ်အေဖုန်းများနှင့် ဖုန်းခေါ်ဆိုခယျဉ်ပါက အလွန်ကွာဟနေခြင်းကြောင့် စီဒီအမ်အေ ၈၀၀ ဖုန်းများကိုသာ အလိုရှိလာကြကြောင်း စုံစမ်းသိရှိရသည်။

"တစ်ခုသိချင်တာက ကျွန်တော်တို့ ဂျီသမားတွေက ခုချိန်မှာ လုံးဝကို အခံဘက်ကလိုဖြစ်နေပြီ၊ အဲဒီတော့ ဂျီအက်စ်အမ်ဖုန်းတွေရဲ့ ဖုန်းခေါ်ဆိုတွေထပ်လျှော့ပေးနိုင်မလားဆိုတာပဲ။ ဘာလို့လည်းဆိုတော့ ခု ငါးသိန်းဖုန်းရဲ့ အလုပ်လုပ်နေကြတဲ့လူတွေ တစ်လနေလို့ ဖုန်းဘီလ် တစ်သိန်းမကျော်ဘူး။ ကျွန်တော်တို့က တစ်လ တစ်သိန်းနဲ့ တစ်သိန်းခွဲကြားမှာ ရှိနေတယ်။ အဲဒီတော့ ဒီ Gap ကို ဆက်သွယ်ရေးက ဘယ်လိုလုပ်ပေးနိုင်ဦးမလဲဆိုတာပဲ"ဟု လွန်ခဲ့သည့် ငါးနှစ်ခန့်ကတည်းက ကျပ်သိန်း ၃၀ နှင့် ဝယ်ယူသုံးစွဲနေသူတစ်ဦးက ၎င်း၏ ခံစားချက်ကို ထုတ်ဖော်ပြောကြားသည်။

ယင်းဂျီအက်စ်အမ်ဖုန်းများနှင့်ပတ်သက်၍မူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ယခုကဲ့သို့ဆိုသည်။

"ဂျီအက်စ်အမ်ဖုန်းအသုံးပြုနေတဲ့သူတွေအတွက်တော့ သူတို့အသုံးပြုနေတဲ့ ဂျီအက်စ်အမ်ဆိုတာကလည်း သူ့အဆင့်တစ်ခုတော့ ရှိနေတာပါပဲ။ ဖန်ရှင်စုံတဲ့ဖုန်းအိမ်တွေ၊ မော်ဒယ်မြင့်ဖုန်းအိမ်တွေဆိုတာကလည်း ဂျီအက်စ်အမ်မှာပါရှိနေတာပါ။ အဲဒီအတွက် ဂျီအက်စ်အမ်က သူ့အဆင့်လေးနဲ့ သူတော့သွားနေတာပါပဲ"ဟု ပြောသည်။

အမှန်တကယ်တမ်းတွင်မူ ဂျီအက်စ်အမ်ဖုန်းများသည် ဆက်သွယ်ပြောဆိုရေးအတွက် သက်သက်မဟုတ်ဘဲ နေ့စဉ်အသုံးချနေသည့် လုပ်ငန်းအတွက် များစွာအသုံးဝင်သော ဖန်ရှင်စုံလင်မှုများရှိသလို အထက်ပါလူကြီးဆိုသကဲ့သို့ရှိနေပြီ စီဒီအမ်အေဖုန်းများထက် လုပ်ဆောင်နိုင်စွမ်းပိုသော ဖုန်းအမျိုးအစားအဖြစ် နှစ်သက်သူများရှိနေဆဲဖြစ်သည်။

"ဂျီအက်စ်အမ်ကတော့ ဘယ်ဖုန်းနဲ့မှ မတူအောင်သုံးရတဲ့ဖန်ရှင်စုံပါတယ်။ နေ့စဉ်မှတ်တမ်းကနေ နောက်ဆုံးဈေးဝယ်ကတ်အထိကို ဖန်ရှင်တွေပါတာတော့ ဟုတ်တယ်။ ဒါပေမဲ့ ခက်တာက နောက်ထွက်တဲ့ ဂျီတွေမှာပါသမျှ၊ ကျွန်တော်တို့နိုင်ငံမှာသုံးလို့ မရသေးတာဘဲရှိတယ်"ဟု ဂျီအက်စ်အမ်ဝန်ဆောင်မှုနှင့် ပတ်သက်၍ သုံးစွဲသူတစ်ဦးက ပြောကြားခြင်းဖြစ်သည်။

ဒီဇင်ဘာလ နှောင်းပိုင်းမှစတင်၍ ယခင်က ကျပ်သိန်းသုံးဆယ်ခန့်နှင့်ဝယ်ယူသုံးစွဲခဲ့ကြရသော ဂျီအက်စ်အမ်များ၏ ဈေးနှုန်းမှာ ကျပ်ကိုးသိန်းအောက်အထိ ထိုးကျသွားခဲ့ပြီဖြစ်ကြောင်း သိရသည်။ ဈေးကွက်ကို ပြောင်းလဲလိုက်သော စီဒီအမ်အေ ၈၀၀ ဖုန်းများမှာမူ တစ်နိုင်ငံလုံးအတိုင်းအတာနှင့်သုံးစွဲနိုင်ပြီဖြစ်ရာ ဝယ်ယူလိုသူ အမြင့်မားဆုံး ဖြစ်နေသည်။

အခြေခံလူတန်းစားများ၏ လက်တစ်ကမ်းအကွာသို့ရောက်ရှိနေသော စီဒီအမ်အေဖုန်းများမှာ လက်ရှိဝန်ဆောင်မှုများအပြင် မကြာမီကာလအတွင်း အင်တာနက်သုံးစွဲနိုင်မှု၊ ပြည်ပနိုင်ငံများသို့ သယ်ဆောင်အသုံးပြုနိုင်မှု စသည့် ဝန်ဆောင်မှုများတိုးလာဦးမည်ဟု ဆိုသည်။

မိုဘိုင်းဖုန်းဆိုသည်နှင့် လူတန်းစားတစ်စုသာ ကိုင်နိုင်သည့် အခြေအနေမှ ယခုနှစ်တွင် ကျပ်ငါးသိန်းတန် ဖုန်းများကြောင့် ဖုန်းကိုင်နိုင်သည့် လူဦးရေတိုးတက်လာခြင်းမှာ ၂၀၁၀ ၏ ထူးခြားမှုဖြစ်သည်။

လာမည့်နှစ်များ၏ ဆက်သွယ်ရေး အခြေအနေများနှင့် ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေးမှ တာဝန်ရှိသူတစ်ဦးက အောက်ပါအတိုင်းပြောသည်။

"လာမယ့်နှစ်တွေဆို တစ်နိုင်ငံလုံးနီးပါး ဖုန်းအသုံးပြုနိုင်မှုပိုလာမှာ ပြည်တွင်းဆက်သွယ်ရေးကဏ္ဍက တစ်ဆင့်ချင်းနဲ့ တိုးတက်နေတဲ့ အနေအထားနဲ့ နောက်ပိုင်းအခုထက်ကိုပိုပြီး ကောင်းလာအောင် ဆောင်ရွက်ပေးဖို့တွေ ရှိပါတယ်"။ ။

# ၂၀၁၀ ရဲ့ ရောင်းအကောင်းဆုံး ကုန်စည်

ပြည့်သိမ်း၊ ဇာဇာနီ

၂၀၁၀ တွင်ရောင်းအကောင်းဆုံး လုပ်ငန်းတစ်ခုကို ပြပါဆိုလျှင် အိမ်ခြံမြေလုပ်ငန်းဟု ပြောရမည်ဖြစ်သည်။ အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းခြင်း၊ ရွှေဈေးမတည်ငြိမ်ခြင်းကြောင့် ကားဈေးထိုးကျခြင်း စသောဖြစ်ရပ်များက ငွေရှိသော လုပ်ငန်းရှင်များကို အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံရန် တွန်းပို့သကဲ့သို့ ဖြစ်ခဲ့သည်။ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု ပြည်ပလုပ်ငန်းရှင်များက သွယ်ဝိုက်ရင်းနှီးမြှုပ်နှံခြင်းတို့ကလည်း ယခုနှစ် အိမ်ခြံမြေဈေးကွက်ကို သွက်လက်စေခဲ့သည်။

အိမ်ခြံမြေလုပ်ငန်းများသည် ယခုနှစ်တွင် ရန်ကုန်တွင်သာမက မန္တလေး၊ မုံရွာ၊ ကျောက်ဖြူ၊ ထားဝယ်၊ နေပြည်တော်စသည့် မြို့များမှာပါ အရောင်းအဝယ်ကောင်းခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုကလည်း ပုဂ္ဂလိကအိမ်ခြံမြေကို အာရုံစိုက်လာသည်။

ရန်ကုန်ဈေးကွက်တွင် အရောင်းဝယ်ဖြစ်မှုသည် ဧပြီလတွင် အထူးခြားဆုံးဖြစ်ခဲ့သည်။ တန်ဖိုးများမှာလည်း မြင့်တက်ခဲ့ပြီးနှစ်ဆန်းပိုင်း သုံးလ၏ အရှိန်အဟုန်အမြင့်ဆုံးကာလဟုပင် ဆိုနိုင်သည်။ ဈေးကွက်လှုပ်ရှားပြီး အရောင်းအဝယ်မှာ အလွှာစုံ၊ နေရာစုံ၊ ဒေသစုံမှ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ကျပ်သိန်းသောင်းဂဏန်းနှင့်ချီ၍ လုံးချင်းအိမ်မြေများ ရောင်းဝယ်ဖြစ်သကဲ့သို့ ကျပ်သိန်းရာဂဏန်းရှိ အိမ်မြေများလည်း အရောင်းအဝယ်ဖြစ်လာခဲ့သည်။ တိုက်ခန်း၊ ကွန်ဒိုများလည်း ယင်းကဲ့သို့ပင် အရောင်းအဝယ်ကောင်းခဲ့သည်။

၂၀၁၀ အိမ်ခြံမြေဈေးကွက်၏အလှုပ်ခတ်ဆုံး နောက်တစ်ကြိမ်မှာ ဇူလိုင်လတွင် ဖြစ်ခဲ့သည်။ ယင်းကာလအိမ်ခြံမြေဈေးကွက်သည်ရန်ကုန်၌သာမက မန္တလေး၊ နေပြည်တော်စသည့် မြို့ကြီးများပါအရောင်းအဝယ်များ သွက်လာသည်။

ယင်းကာလသည် ရန်ကုန်အိမ်ခြံမြေ ဈေးကွက်မှာဆယ်စုနှစ်အတွင်း အထူးခြားဆုံးအပြောင်းအလဲများဖြစ်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုများလည်း အိမ်ခြံမြေဈေးကွက်သို့ဝင်ရောက်မှုမှာ တစ်ဟုန်ထိုးဖြစ်လာသည်။ ရန်ကုန်မြို့၏ အချက်အချာကျသော လမ်းမတန်းများတွင် တစ်ပေပတ်လည်မြေကို ကျပ်သုံးသိန်းငါးသောင်းခွဲအထိ ဈေးမြင့်လာသည်။ ယင်းနေရာများမှာ ယခင်က တစ်ပေပတ်လည်ကို ကျပ်တစ်သိန်းခွဲနှင့် ကျပ်တစ်သိန်းရှစ်သောင်းကြားသာ ဈေးရှိသည့်နေရာများဖြစ်ခဲ့သည်။

စာမျက်နှာ(၅၆)သို့



အင်းလေးကန်သို့ လာရောက်လည်ပတ်နေသော ကမ္ဘာလှည့်ခရီးသွားတချို့ကို ဒီဇင်ဘာတတိယပတ်ကတွေ့ရစဉ်။

ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

# ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအတွက် လာခြင်းကောင်းသော ၂၀၁၀

**အောင်သူရ**

နာဂစ်မုန်တိုင်း တိုက်ခိုက်ခဲ့ခြင်း။ ၂၀၀၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော သတင်းအချို့နှင့် မြန်မာနိုင်ငံရေးဖြစ်စဉ်တို့က မြန်မာနိုင်ငံအား အခမဲ့ကြော်ငြာပေးခဲ့သလို ဖြစ်ခဲ့သည်။

ထိုအကျိုးဆက်ရလဒ်ကြောင့် ပင် ၂ နှစ်ကျော်ကြာ အေးစက်သွားသော ခရီးသွားလုပ်ငန်းမှာ ၂၀၀၉ ခုနှစ် နှောင်းပိုင်းတွင် ပြန်လည်အသက်ဝင်လာခဲ့သည်။ ထို့ကြောင့်လည်း ထင်မထားခဲ့သော ခရီးသွားလုပ်ငန်းမှာ ၂၀၀၉ ခုနှစ် ကုန်ပိုင်းမှစ၍ အခြေအနေကောင်းလာသည်။ ထိုအခြေအနေမှ ၂၀၁၀ ပြည့်နှစ် နှစ်ဆန်းပိုင်းကိုအကျိုးသက်ရောက်ခဲ့သည်။ ထို့ကြောင့် ဟိုတယ်များတွင် ဝန်ထမ်းမလုံလောက်ခြင်းနှင့် ဧည့်လမ်းညွှန် မလုံလောက်ခြင်းတို့ဖြစ်ခဲ့သည်။

ထို့နောက် နိုင်ငံပိုင်လုပ်ငန်းများ ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုရာတွင် အမ်အေအိုင် လေကြောင်းလိုင်းကို ၂၀၁၀ နှစ်ဆန်းပိုင်းတွင် ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုခဲ့သည်။ အဲမန္တလေးလေကြောင်းလိုင်းသည်လည်း လုပ်ငန်းရှင်ပြောင်းလဲ လုပ်ကိုင်ခဲ့ပြီး လေယာဉ်အသစ်များဖြင့် တိုးချဲ့ပျံသန်းရန် စီစဉ်ခဲ့သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော ဗီယက်နမ်လေကြောင်းလိုင်းသည် မတ်လ ၂ ရက်မှစ၍ ရန်ကုန်-ဟန္တိုင်းအား တစ်ပတ်လျှင် ၃ ရက်ပျံသန်းပေးခဲ့သည်။ နှစ်စ၌ပင်ပြည်တွင်း၊ ပြည်ပမှခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံရန် ပြုလုပ်ခဲ့ကြသည်။ သက်ဆိုင်ရာက လမ်းဇုန်ဝင်ကြေးများအား ကြိုတင်ငွေချေကတ်နှင့် ပေးချေရန် စီစဉ်ခဲ့ပြီး ကမ္ဘာ့လှည့် ခရီးသွားများ အဆင်ပြေစေရန် လေအေးပေးစက်တပ်ဆင်ထားသော ရန်ကုန်-ပုဂံရထား (Tourist Train)အား မတ်လမှ စတင်ပြေးဆွဲသည်။ အထိုက်အလျောက်အရှိန်ကောင်းလာခဲ့သော ခရီးသွားလုပ်ငန်းသည် ဧပြီလ ဒုတိယပတ်တွင် စိုးရိမ်စရာနှင့် ကြုံခဲ့ရသည်။ ဥရောပတိုက်ရှိ ဟိုက်စလန်မီးတောက်ပေါက်ကွဲမှုကြောင့် လေကြောင်းလိုင်း ခရီးစဉ်များ ပျံသန်းမှုမပြုနိုင်သဖြင့် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့်ခရီးသည့်အချို့ သောင်တင်နေသကဲ့သို့ ဥရောပတိုက်မှ မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသည်အချို့ ခရီးစဉ်ဖျက်သိမ်းခဲ့ကြသည်။

ထိုအခြေအနေနှင့် ကြုံခဲ့သော်လည်း မြို့ကြီးများရှိဟိုတယ်များကိုအယ်လ်နီညိုရာသီဥတုက ကူညီခဲ့သည်။ စံချိန်တင်ပူပြင်းခဲ့သဖြင့် ရန်ကုန်မြို့တွင် နေထိုင်သူများ ၂၄ နာရီပတ်လုံး မီး၊ ရေနှင့် လေအေးပေးစက် ရရှိသော ဟိုတယ်များသို့ ပြောင်းရွှေ့နေထိုင်ကြသဖြင့် ဟိုတယ်များ အခန်းပြည့်ရရှိခဲ့သည်။ ဇန်နဝါရီလမှ ဧပြီလကုန်ထိ ရန်ကုန်လေဆိပ်ဝင်ပေါက်မှ နိုင်ငံခြားသားခရီးသည် တစ်သိန်းကျော်ဝင်ရောက်ခဲ့ပြီး ၃၀ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ထိုအခြေအနေကို ထပ်ပြီး ဘီးတပ်ပေးလိုက်သည်က ထိုင်းနိုင်ငံ၏ နိုင်ငံရေး မငြိမ်မသက်မှုများဖြစ်ခဲ့သဖြင့် တရုတ်နှင့် ကိုရီးယားဧည့်သည်များ မြန်မာနိုင်ငံသို့ ဝင်လာခဲ့သည်။ ဧည့်သည်များ ဝင်ရောက်မှု များပြားလာသဖြင့် မေလက ရပ်နားထားခဲ့သော ရန်ကုန်-သံတွဲလေကြောင်းခရီးစဉ်အား ဇွန်လဆန်းမှစ၍ အဲမန္တလေးက ပြန်လည်ပြေးဆွဲပေးခဲ့သည်။ ဇူလိုင်လ ၂၀ ရက်တွင် မြန်မာခရီးသွားလုပ်ငန်းအတွက် လိုအပ်နေသော နိုင်ငံတကာ လေကြောင်းလိုင်းတစ်ခုဖြစ်သော အဲအေးရှား လေကြောင်းလိုင်းသည် ရန်ကုန်- ကွာလာလမ်ပူခရီးစဉ်အား လူ ၁၈၀ စီးနိုင်သော အဲဘတ်စ်ဖြင့် ပျံသန်းပေးခဲ့သည်။

ထို့ကြောင့် ထိုကာလများအတွင်း မလေးရှားဧည့်သည်များနှင့် မြန်မာသံရုံးမရှိသော စပိန်ဧည့်သည်များ ထူးခြားစွာဝင်ရောက်ခဲ့သည်။ Low Season ဖြစ်သော မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ရန်ကုန်ဟိုတယ်များ အခန်းပြည့်ခဲ့ပြန်သည်။

“ဒီနှစ် အခြေအနေအရဆို ရန်ကုန် ဟိုတယ်တွေမှာ Low Season တောင် မရှိတော့ဘူး။ ဒီလတွေမှာ ဟိုတယ်တွေ မေးလိုက်ရင် ၆၀ ရာခိုင်နှုန်းအထက် ဖြစ်နေတယ်”ဟု ရန်ကုန်မြို့ရှိ အဆင့်မြင့်ဟိုတယ်တစ်လုံးမှ အထွေထွေမန်နေဂျာတစ်ဦးကဆိုသည်။

ထို့ကြောင့်လည်း ထိုကာလများတွင် ဟိုတယ်လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံရန် ငွေကြေးတတ်နိုင်သူများက စိတ်ဝင်စားလာခဲ့သည်။ ထိုအခြေအနေကြောင့် လေဆိပ်အခွန်မှာလည်း ဇူလိုင်လတွင် ဈေးတိုးမြင့်ခဲ့ပြီး ကျပ် ၃,၀၀၀ သတ်မှတ်ခဲ့သည်။ မေလမှ ဩဂုတ်လကုန်ထိ ၄ လအတွင်း ရန်ကုန်လေဆိပ်မှ ခရီးသည် ရှစ်သောင်းနီးပါး ဝင်ရောက်ခဲ့သည်။

ပြည်ပမှဝင်ရောက်လာသူများ တိုးလာသကဲ့သို့ ယခုနှစ်တွင် မြန်မာနိုင်ငံ ပြည်ပနိုင်ငံများသို့ သွားရောက်သူ မြင့်တက်ခဲ့သည်။ အဲပုဂံလေကြောင်းလိုင်းက မန္တလေးမြို့မှ ဗုဒ္ဓဂယာသို့ တိုက်ရိုက်လေယာဉ်ပျံသန်းပေးခဲ့သည်။ ဟာ့ချ်သွားမည့်သူများကိုလည်း မန္တလေးမြို့မှ တိုက်ရိုက်ပျံသန်းပေးခဲ့သည်။ ထို့အပြင် တရုတ်နိုင်ငံသို့ တိုက်ရိုက်ပျံသန်းသော လေယာဉ်များရှိလာခြင်းနှင့် စရိတ်နည်းလေကြောင်းလိုင်း ပျံသန်းပေးခြင်းတို့ကြောင့် မြန်မာနိုင်ငံမှ နိုင်ငံခြားသို့သွားရောက်သူမြင့်တက်ခဲ့သည်။

စက်တင်ဘာလတွင် ဧည့်သည်ဝင်ရောက်မှု နည်းသွားခဲ့သော်လည်း အောက်တိုဘာလမှစ၍ အခြေအနေပြန်ကောင်းခဲ့သည်။ ခရီးသည်များ ရာသီချိန်ရောက်သည်နှင့် ပုံမှန်ဝင်ရောက်လာကြသည်။

ရွေးကောက်ပွဲအား နိုဝင်ဘာလ ၇ ရက်ဟုသတ်မှတ်လိုက်သဖြင့် ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ အထူးစိတ်ဝင်စားခဲ့ကြရသည်။ သို့သော်လည်း ခရီးသွားလုပ်ငန်းမှာ ဆက်လက်ကောင်းမွန်ဆဲဖြစ်သည်။ နိုဝင်ဘာလမှစ၍ ရန်ကုန် -ဘန်ကောက်၊ ရန်ကုန်-ကွာလာလမ်ပူနှင့် ရန်ကုန်-စင်ကာပူ ပျံသန်းနေသော လေကြောင်းလိုင်းများ ခရီးစဉ်တိုးချဲ့ခဲ့ကြသည်။ ဗီယက်နမ်လေကြောင်းလိုင်းကလည်း နိုဝင်ဘာလတွင် ရန်ကုန်၊ ဟိုချီမင်း စတင်ပျံသန်းခဲ့သည်။ ရွေးကောက်ပွဲ ကျင်းပသောကာလသည် ခရီးသွားများ ဝင်ရောက်မှုများပြားနေမှုနှင့် တိုက်ဆိုင်ခဲ့သည်။ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ အလုပ်ရှုပ်ခဲ့ကြသည်။ ဒီဇင်ဘာလတွင် လေယာဉ်နှစ်စီးဖြင့် ပျံသန်းပေးနေသော ရန်ကုန်အဲဝေး ခရီးစဉ်များ ရပ်နားခဲ့သည်။ ဒီဇယ်ဈေးနှုန်းတက်လာသဖြင့် လေယာဉ်လက်မှတ်ခများ တက်လာခဲ့သည်။ သို့သော် ယခုနှစ် နိုဝင်ဘာလကုန်အထိ ပြည်ပ ဧည့်သည် နှစ်သိန်းကျော်ဝင်ရောက်ပြီးဖြစ်သဖြင့် စံချိန်တင်မည့်နှစ်ဖြစ်ခဲ့သည်။

ခရီးသည်များ စံချိန်တင် ဝင်ရောက်ခဲ့သော်လည်း အမေရိကန်ဒေါ်လာနှင့် အက်ဖ်အီးစီတန်ဖိုးကျဆင်းခဲ့သဖြင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအတွက် အကျိုးအမြတ် နည်းခဲ့သည်။ ဟိုတယ်အချို့ဆိုလျှင် အက်ဖ်အီးစီလုံးဝလက်မခံကြောင်း တရားဝင် စာထုတ်ခဲ့ကြသည်။

“ဒီနှစ်တစ်နှစ်လုံးကို သုံးသပ်ရင် ထိုင်းနိုင်ငံသားခရီးသွားတွေ တအား ဝင်တယ်။ စီးပွားရေးဗီဇာနဲ့ဝင်တာလည်း တစ်အားများတယ်” ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

“စဉ်းစားစေချင်တာက ပေးတဲ့ပိုက်ဆံနဲ့ ရတဲ့ဝန်ဆောင်မှု တန်ရဲ့လား စဉ်းစားစေချင်တယ်။ ပေးတဲ့ပိုက်ဆံနဲ့ ရတဲ့ဝန်ဆောင်မှုကို ဧည့်သည်တွေက မတန်ဘူးဆိုရင် အနုတ်ပြသွားမယ်။ ဒါကြောင့် အဆောက်အအုံ အခုထိဆောက်လို့ရတယ်။ လူ့စွမ်းအား အရင်းအမြစ်က ချက်ချင်းလုပ်လို့ မရဘူး။ ဈေးဆိုင်ဖွင့်ထားမှ ဝယ်စားမယ့်လူလာမှာ။ ကိုယ်လုပ်မထားရင် ၂၀၁၅ ကျရင် သူများလာလုပ်လိမ့်မည်” ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်း အတွင်းရေးမှူးက သုံးသပ်သည်။

ထို့အပြင် မကြာသေးခင်က ကမ္ဘောဒီယားခရီးစဉ်တွင် မြန်မာနိုင်ငံဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ အခြားသောနိုင်ငံများနှင့်လက်မှတ်ထိုးခဲ့ခြင်းများရှိပြီး ဆက်၍တိုးပြီး လုပ်သွားမည်ဟု ပြောဆိုခဲ့ကြောင်း သိရသည်။

အာဆီယံနိုင်ငံများထဲတွင် လာအိုနိုင်ငံတွင် ခရီးသည်တစ်သန်းကျော်၊ဗီယက်နမ်နိုင်ငံတွင်လေးသန်းကျော်နှင့် ကမ္ဘောဒီယားနိုင်ငံတွင် နှစ်သန်းကျော်ဝင်ရောက်နေပြီးပြည်ပခရီးသွားများမြန်မာနိုင်ငံတွင်သုံးသိန်းနီးပါးသာ ဝင်ရောက်နေသေးသဖြင့် ရှေ့အလားအလာများစွာကောင်းကြောင်း ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများက သုံးသပ်ကြသည်။ ။

## စာ(၅၅)၂၀၁၀ ရဲ့ ရောင်းအကောင်းဆုံး ကုန်စည် မှ

ယခုကဲ့သို့ ရန်ကုန်အိမ်ခြံမြေဈေးကွက် လှုပ်ရှားမှုကောင်းခြင်းသည် ကျောက်ပွဲနှင့်အခွန်သက်တမ်းတိုးမှုကာလ ကုန်ဆုံးကာနီးကြောင့် ဖြစ်ကြောင်း အိမ်ခြံမြေအကျိုးဆောင်များကသုံးသပ်သည်။ ရန်ကုန်မြို့၌ကျင်းပခဲ့သော ကျောက်မျက်ပွဲတွင်အမေရိကန်ဒေါ်လာသန်း ၉၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယင်း၏အကျိုးဆက်ဖြင့် ရန်ကုန်မြို့တွင်သာမက မန္တလေးမြို့တွင်လည်း ကျပ်သိန်းပေါင်းသောင်းဂဏန်းချီ၍ ရင်းနှီးမြှုပ်နှံမှုများရှိလာသည်။

မန္တလေးမြို့တွင် ကျောက်သူဌေးများနှင့် ယူနန်နွယ်ဖွားတရုတ်များ ပိုမိုရင်းနှီးမြှုပ်နှံလာသည့်အတွက် အိမ်ခြံမြေဈေးနှုန်းများကောင်းခဲ့သည်။ ဈေးကောင်းမှုကြောင့် အိမ်ခြံမြေရောင်းဝယ်သူများ အကျိုးအမြတ်များပြီး ပို၍ရင်းနှီးမြှုပ်နှံလာကြသည်။

ထို့အပြင် နေပြည်တော်အိမ်ခြံမြေဈေးကွက်သည် ကျောက်မျက်ပွဲများ ကျင်းပလာခြင်း၊ အားကစားပွဲတော်များ ကျင်းပမည့်သတင်းများ၊ ရန်ကုန်နှင့် မြန်နှုန်းမြင့် ရထားလမ်းဖောက်လုပ်မည့် သတင်းများကြောင့် ရင်းနှီးမြှုပ်နှံမှုများပြားလာသည်။ မြန်မာနိုင်ငံ၏ အနောက်ဘက်ကမ်းခြေ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ဝန်းကျင်ရှိမြေဈေးများမှာလည်း တရုတ်နိုင်ငံမှ ရေနက်ဆိပ်ကမ်းနှင့် ရေနံပိုက်လိုင်းလာရောက်တည်ဆောက်မှုများကြောင့် ဈေးများမြင့်တက်လာသည်။ စီမံကိန်းရှိသည့် နေရာများတွင်ယခင်ကကျပ်သိန်း ၅၀ တန်သည့် မြေကွက်များမှာ ကျပ်သိန်း ၁,၀၀၀ ထိဈေးတက်ခဲ့သည်။ ယင်းအရှိန်ကြောင့်မြို့ပေါ်ရှိ မြေဈေးများလည်းတက်လာသည်။

ထို့အတူ ထားဝယ်ရေနက်ဆိပ်ကမ်းကြောင့် ထားဝယ်မြို့ရှိ မြေကွက်များမှာလည်း နှစ်ဆနီးပါးဈေးတက်လာသည်။ ယခင်က မြို့အနီးရှိ မြေတစ်ဧကကိုကျပ်သုံးသိန်းဝန်းကျင်ရှိသော်လည်း ယခုဆိုလျှင်ကျပ်ခြောက်သိန်းနီးပါးရှိကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးထံမှ သတင်းရရှိသည်။

၂၀၁၀ပြည့်နှစ် အိမ်ခြံမြေဈေးကွက် ရန်ကုန်မြို့တစ်ခုတည်းသာမက အခြားမြို့ကြီးများမှာပါ အချိုးညီညီ မြင့်တက်လာသည်။ အမေရိကန်ဒေါ်လာတန်ဖိုး၊ ကား တန်ဖိုးများကျဆင်းခြင်း၊ ရွှေဈေးမှအတက်အကျ မတည်ငြိမ်ခြင်းတို့က အိမ်ခြံမြေတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများတိုးတက်လာရန် ဖိတ်ခေါ်သကဲ့သို့ပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲ၊ စီးပွားရေးမူဝါဒအပြောင်းအလဲကို မျှော်လင့်၍ အိမ်ခြံမြေများတွင် ပြည်ပမှရင်းနှီးမြှုပ်နှံလိုသူများကလည်း ယခုနှစ်တွင်လေ့လာမှုများရှိလာသည်။ အထူးသဖြင့် ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံမှ အိမ်ခြံမြေလုပ်ငန်းများကိုများစွာစိတ်ဝင်စားနေသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပြုလုပ်ရန်အတွက် မြေနေရာအဆောက်အအုံနေရာများ ရှာဖွေမှုများရှိခဲ့သည်။

ယင်းကဲ့သို့ အိမ်ခြံမြေလုပ်ငန်းများတွင် ဖွံ့ဖြိုးမှုအားကောင်းလာသော်လည်းမြို့ပြဆောက်လုပ်ရေးလုပ်ငန်းများသည် လုပ်ငန်းလည်ပတ်မှုအတွက် ရုန်းကန်နေခဲ့ရသည်။ တိုက်ခန်းများ၊ ကွန်ဒိုများကို ရောင်းချရာလည်း ဈေးရောင်းပွဲတော်များပြုလုပ်၍ အရစ်ကျစနစ်ဖြင့် ရောင်းချရသည်။ ငွေကြေးလည်ပတ် သုံးစွဲမှုနှေးကွေးခြင်းကြောင့်ဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ထို့အပြင် ဆောက်လုပ်ရေးကုမ္ပဏီများသည် ပိုမိုတွက်ခြေကိုက်ဈေးကောင်းရသည့် ဓာတ်လှေကားပါ တန်ဖိုးကြီးကွန်ဒိုများ၊ လူနေတိုက်ခန်းတွဲများ ပိုမိုဆောက်လာသည်။ အခြေခံလူတန်းစာနှင့် လူလတ်တန်းစာနေနိုင်သည့် တိုက်ခန်းများဆောက်လုပ်မှုမှာ နည်းလာကြောင်းကို အဆိုပါဆောက်လုပ်ရေးလုပ်ငန်းရှင်များကပင် ရှင်းပြသည်။ ။

**၂၀၁၀ ပြည့်နှစ်၏ပညာရေးကဏ္ဍတွင်အပြောင်းအလဲများ အနည်းငယ်ဖြစ်ပေါ်ခဲ့သည်ဟု ဆိုနိုင်မည်ဖြစ်သည်။ လက်ရှိပညာရေး နယ်ပယ်တွင် အစိုးရပညာရေးနှင့် နိုင်ငံတကာပညာရေးဟူ၍ အကြမ်းဖျင်းအားဖြင့် နှစ်ပိုင်းခွဲနိုင်သည်။**

# ၂၀၁၀ ပညာရေး

သီဟ၊နေလင်းထွန်း

၂၀၀၉ ခုနှစ် နိုဝင်ဘာလမှ စတင်၍ ပုဂ္ဂလိက ကျောင်းဖွင့်ခွင့်ပြုမည်ဆိုသော သတင်းနှင့်အတူ ယခုနှစ်မတ်လတွင် ယာယီခွင့်ပြုချက်ရသော ကျောင်း ၁၀ ကျောင်း စာရင်းထွက်ပေါ်၍ ပုဂ္ဂလိက ကျောင်းများ အမှန်တကယ် ပေါ်လာတော့မည်လားဟု ပညာရေးကိုစိတ်ဝင်စားသူများနှင့် ကျောင်းသားမိဘများ ရင်ခုန်ခဲ့ကြသည်။ သို့သော် နောက်ဆုံးတွင် ပုဂ္ဂလိက ကျောင်းဖွင့်ခွင့်များ မပေးတော့၍ ဘော်ဒါဆောင် ပိုင်ရှင်များနှင့် ကျောင်းသားမိဘများအကြား အမြင်လွဲမှားမှုအချို့ ဖြစ်ပေါ်ခဲ့သည်။

ယခုနှစ်ကုန်ပိုင်းအချိန်တွင် နည်းပညာတက္ကသိုလ်(ရတနာပုံ)အား အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းသည် အစိုးရပညာရေး၏ ပြောင်းလဲမှု တစ်ရပ်ဖြစ်သည်။

အခြားအကြောင်းအရာ များနှင့်ပတ်သက်၍မူ ထူးထူးခြားခြား ပြောင်းလဲမှုဟူ၍မရှိခဲ့ပေ။

နိုင်ငံတကာပညာရေးကဏ္ဍကိုကြည့်မည်ဆိုလျှင် ယခုနှစ်သည် ပြောင်းလဲတိုးတက်မှုများရှိသကဲ့သို့ ဂရုပြုရမည့် အချက်များစွာလည်းရှိခဲ့သည်။

နိုင်ငံတကာပညာရေးတွင် ယခင်နှစ်များက စင်ကာပူသို့သာ မြန်မာကျောင်းသားများ အများဆုံးသွားသော်လည်း ယခုနှစ်တွင် စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ ယူကေ၊ ဩစတြေးလျ စသည့်နိုင်ငံများအပါအဝင် အခြားဥရောပနိုင်ငံများဖြစ်သည့် ဟန်ဂေရီ၊ ဂျာမနီ အစရှိသည့်နိုင်ငံများမှ ကျောင်းများ ပြည်တွင်းသို့ လာရောက်ထိုးဖောက်သလို၊ မြန်မာကျောင်းသားများကလည်း အဆိုပါနိုင်ငံများသို့ သွားရောက်မှု များလာခဲ့သည်ကို တွေ့ရသည်။

မလေးရှား၊ ထိုင်း၊ ယူကေ၊ ဩစတြေးလျ စသည့်နိုင်ငံများသည် ယခင်ကပင်ရှိခဲ့သော်လည်း ကျောင်းသားများ စိတ်ဝင်စားမှု လျော့နည်းခဲ့ရာမှ ယခုနှစ်တွင် အဆိုပါ နိုင်ငံများသို့ပါ ကျောင်းသားများ စိတ်ဝင်စားမှု အနည်းငယ်မြင့် တက်လာခဲ့ကြောင်း နိုင်ငံတကာ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၏အဆိုအရသိရသည်။

ယူကေနိုင်ငံများသို့ သွားရောက် ပညာသင်သည့် ကျောင်းသားများနှင့် ပတ်သက်၍လည်း ဝန်ဆောင်ပေးနေသော ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အောက်ပါအတိုင်းပြောသည်။

"၂၀၁၀မှာ သွားကြတဲ့ကျောင်းသားတွေများတယ် ဒါပေမဲ့ပညာသင်ဖို့ထက် အလုပ်အကိုင်ရရေးကို ပိုဦးတည်ကြတာများတယ်"

ယခုနှစ်အတွင်း၌ ယူကေအစိုးရသစ်သည် နိုင်ငံတကာ ကျောင်းသားများ ဝင်ရောက်ခွင့်အား တင်းကျပ်လိုက်ခြင်းသာမက နိုင်ငံအတွင်းရှိနိုင်ငံတကာ ကျောင်းသား၏ နေထိုင်ခွင့် အလုပ်လုပ်ကိုင်ခွင့်များအားလည်း ပိုမိုစိစစ်လာခဲ့သည်။

ဗြိတိန်နိုင်ငံအနေဖြင့်လည်း ယခုထက်ပိုမိုခိုင်ပြီး အဆင်ပြေသည့် ပညာရေးစနစ်တစ်ခုအားအကောင်အထည်မဖော်နိုင်ပါက လာမည့် ၂၀၁၁တွင် အဆိုပါနိုင်သို့ပညာသင်ကြားရန် သွားရောက်လိုသူများ အခက်အခဲများ ပိုမိုကြုံတွေ့လာပြီး ကျောင်းသားများ ပိုမိုနည်းပါးသွားနိုင်ဖွယ်ရှိကြောင်း ပညာရေးလေ့လာသူများ ကသုံးသပ်ကြသည်။

အလားတူ ဩစတြေးလျနိုင်ငံ၏ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာကျောင်းသားများအပေါ်ထားရှိဆက်ဆံမှုမှာလည်း ယခင်က ကျောင်းသားဗီဇာနှင့်ပတ်သက်၍ အနည်းငယ်တင်းကျပ်ခဲ့သော်လည်း ယခုလ ၁၆ ရက်မှစ၍ ကျောင်းသားဗီဇာ မူဝါဒနှင့် ပတ်သက်၍ပြန်လည်ပြင်ဆင် သုံးသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အခြားတစ်ဖက်တွင်မူ ဩစတြေးလျအစိုးရသည် မဟာဘွဲ့နှင့် ပါရဂူဘွဲ့များအတွက် ပညာသင်ဆုများအား ယခုနှစ်မှစ၍ပေးအပ်လျက်ရှိရာ ယခုနှစ်အတွက် မြန်မာကျောင်းသား ၁၂ဦး ရွေးချယ်ခံရသည်။

အခြားဥရောပနိုင်ငံများဖြစ်သည့် ဟန်ဂေရီ၊ ဂျာမနီစသည့် နိုင်ငံများသည် ယခုနှစ်ကုန်ပိုင်းမှစ၍ ပြည်တွင်းရှိ ပညာရေးအေဂျင်စီအချို့သို့ကမ်းလှမ်းမှုများရှိခဲ့ကြောင်း သိရသည်။

"ဥရောပဘက်ကနေပြီးတော့ကုမ္ပဏီကိုလာပြီး ကမ်းလှမ်းလာတာတွေရှိလာပါတယ်။ ဒါပေမဲ့ ကျောင်းတစ်ကျောင်းကိုရွေးချယ်တဲ့နေရာမှာတော့ အရည်အသွေးကိုသေချာစစ်ပြီး ထဲထဲဝင်ဝင် သေချာလေ့လာပြီးမှ ကျောင်းတစ်ကျောင်းကိုယူတာကောင်းမယ်လို့ ထင်ပါတယ်" ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Myanmar Search International(MSI) မှမန်နေဂျင်းဒါရိုက်တာ ဒေါ်စုစုလှိုင်ကပြောသည်။

ထို့အပြင် နိုင်ငံတကာမှ ကျောင်းများဝင်ရောက်လာသည့်နည်းတူ ယင်းတို့နိုင်ငံများ လူဝင်မှုကြီးကြပ်ရေး မူဝါဒများလည်းတွဲပါလာလျက်ရှိရာ အဆိုပါလူဝင်မှုကြီးကြပ်ရေးမူဝါဒများကိုပါ သတိထားသင့်ကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံတကာမှ ကျောင်းများ တိုးချဲ့ဝင်ရောက်လာခြင်းသည် ကျောင်းများ၏ဈေးကွက်ချဲ့ထွင်မှုအပြင် ပြည်တွင်းရှိ အေဂျင်စီများ၏ ကမ်းလှမ်းမှုလည်းတစ်စိတ်တစ်ဒေသပါဝင်နိုင်ဖွယ်ရှိသည်ဟု ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Crown Education မှမန်နေဂျင်း ဒါရိုက်တာ ကိုအောင်ကျော်ဆန်းကပြောသည်။

အရှေ့တောင်အာရှ နိုင်ငံများတွင်မူ နိုင်ငံတကာကျောင်းသားများ အများဆုံး စိတ်ဝင်စားကြသည့် နိုင်ငံမှာစင်ကာပူနိုင်ငံဖြစ်ပြီး လက်ရှိအချိန်အထိလည်း ကျောင်းသားအများဆုံး သွားရောက် ပညာသင်ယူလျက်ရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိနေသေးကြောင်း ပညာရေးအေဂျင်စီများ၏အဆိုအရ သိရသည်။

ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားပျက်ကပ်ဖြစ်ပွားနေစဉ် အချိန်က အနည်းငယ်အရှိန်ပျက်ခဲ့သော်လည်း ယခုနှစ်ဆန်းပိုင်းမှစ၍ တဖြည်းဖြည်း အရှိန်ပြန်ရလာပြီဖြစ်ကြောင်း သိရသည်။

ကျောင်းသားများ အခြားစိတ်ဝင်စားသည့်နိုင်ငံမှာ မလေးရှားနိုင်ငံဖြစ်ကြောင်း သိရသည်။ သို့သော် မလေးရှားနိုင်ငံမှ ပညာရေးသည် လတ်တလော ကျောင်းသားများ အလုပ်အကိုင်ရရှိရန်အတွက် ပြုလုပ်ထားသည့် ပညာရေးစနစ်မဟုတ်သည့်အတွက် အလုပ်အကိုင်ကိုမျှော်ကိုးသည့် ကျောင်းသားများ သွားရောက်လေ့မရှိကြောင်း သိရသည်။

သို့သော် ယခုနှစ်အတွင်း၌မလေးရှားနိုင်ငံ၏ မြန်မာကျောင်းသားဈေးကွက်မှာ တိုးတက်မှုရှိလာသည်။

အရှေ့တောင်အာရှ နိုင်ငံများတွင် မလေးရှား၏ အဓိကပညာရေးဈေးကွက် ပြိုင်ဘက်မှာလည်း စင်ကာပူနိုင်ငံဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

ယခုနှစ်အတွင်း၌ ထိုင်းနိုင်ငံမှပုဂ္ဂလိကကျောင်းအချို့လည်း ဈေးကွက်ချဲ့ထွင်မှုများအား ယခင်နှစ်များကထက် ပိုမိုလုပ်ဆောင်လာခဲ့ကြောင်း သိရသည်။ သို့သော် မြန်မာနိုင်ငံမှ ကျောင်းသားများအနေဖြင့် ထိုင်းနိုင်ငံသည် ပညာသင်ကြားရန် ကောင်းမွန်သော နိုင်ငံတစ်ခုအဖြစ် မမြင်ကြသေးကြောင်း ထိုင်းနိုင်ငံ၏ပုဂ္ဂလိက ကျောင်းတစ်ကျောင်းဖြစ်သော Webster University Thailand မှ လက်ထောက်မန်နေဂျာ မနော်ဝေဝေလင်းသွေးကပြောသည်။

အလားတူ ကျောင်းသားသွားရောက်မှုနည်းပါးသော နိုင်ငံတစ်ခုမှာ ဂျပန်နိုင်ငံဖြစ်သည်။ သို့သော် ဂျပန်နိုင်ငံသို့ ကျောင်းသားသွားရောက်မှုနည်းပါးရခြင်းမှာ အလုပ်အကိုင်အခွင့်အလမ်းအတွက် သွားလိုကြသော်လည်း ကျောင်းမတက်မီ ဂျပန်စာသင်ရန် ရင်းနှီးမြှုပ်နှံရသေးသောကြောင့် ဖြစ်သည်ဟု ဂျပန်ဘာသာ စကားသင်တန်းကျောင်း ဖွင့်လှစ်ထားသူတစ်ဦးကပြောသည်။

ပြည်ပနိုင်ငံများသို့ ပညာသွားရောက်သင်ယူလိုသော ကျောင်းသားများအနေဖြင့် မိမိတို့ သွားရောက်ပညာသင်ယူမည့် နိုင်ငံကျောင်း စသည်များအား ပညာရေးအေဂျင်စီများကိုချည်းအားကိုးမနေသင့်ဘဲ မိမိကိုယ်တိုင် လက်လှမ်းမီသရွေ့ လေ့လာစုံစမ်းမှုများပြုလုပ်ပြီးမှသာ သွားရောက်သင့်ကြောင်း ပညာရေး စောင့်ကြည့်လေ့လာသူများက သုံးသပ်ကြသည်။

# မင်္ဂလာဈေးမီးကြောင့် ဆုံးရှုံးမှုအများဆုံးနှစ်စာရင်းဝင်ပြန်တဲ့ ၂၀၁၀

**အေးမြကျော်၊အိဖြူလွင်**

**မကြာမီကုန်လွန်တော့မည့်၂၀၁၀ပြည့်နှစ်အတွင်းတွင်ကုန်စည်များသိုမှီး ရောင်းချရာဈေးကြီးများမီးလောင်မှုကြောင့် ဆုံးရှုံးမှုပမာဏများပြားခဲ့သည့် နှစ်တစ်နှစ်အဖြစ်စာရင်းဝင်သွားခဲ့ပြီဖြစ်သည်။**



**မင်္ဂလာဈေး မီးလောင်နေစဉ်။**
ဓာတ်ပုံ-အောင်အောင်

တစ်နှစ်အတွင်းမှာပင်မင်္ဂလာဈေးအပါအဝင် ဈေးမီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာကျပ် ၂၄ ဘီလီယံ နှစ်စဉ် ဆုံးရှုံးမှုပမာဏများနှင့်အဆ များစွာကွာခြားကာ မီးလောင်မှုကြောင့် ဆုံးရှုံးမှုအများဆုံးနှစ်အဖြစ် မှတ်တမ်းဝင်သွားပြန်ပြီဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ ထုတ်ပြန်သောစာရင်းဇယားများအရ ဇန်နဝါရီလမှနိုဝင်ဘာလကုန်အထိ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် မီးလောင်မှုမှာ၈၅၆ခုဖြစ်ပွားခဲ့ပြီဖြစ်ပြီး ထိုပမာဏမှာ ၂၀၀၉ခုနှစ် တစ်နှစ်လုံးလောင်ကျွမ်းခဲ့သည့် အရေအတွက်ထက်ပင်မီးလောင်မှုပေါင်း ၁၄၀ကျော် ပိုမိုနေပြီဖြစ်သည်။

၂၀၁၀ပြည့်နှစ်အတွင်းမီးလောင်မှုပေါင်း ကိုးရာနီးပါးအနက်သမိုင်းတွင် အရှည်ကြာဆုံးနှင့်ဆုံးရှုံးမှုအများဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့သည့် မင်္ဂလာဈေး အပါအဝင် သဃ်န်းကျွန်းဈေး၊ မုံရွာဈေး မီးလောင်မှုများကြောင့်ဆုံးရှုံးမှု တန်ဖိုးမှာကျပ်သန်းပေါင်းနှစ်သောင်းကျော်သည်အထိပင်မြင့် တက်သွားခြင်းဖြစ်သည်။

၂၀၁၀ခုနှစ်ကိုစဖွင့်ခဲ့သော ဈေးမီးမှာ ရန်ကုန်မြို့၊ သဃ်န်းကျွန်းဈေး မီးလောင်မှုဖြစ်သည်။ ဖေဖဝါရီ ၁၂ရက်နေ့ ညနေ၇နာရီ ၁၅မိနစ်တွင် လုံခြုံရေးလျှပ်စစ်မီးကြိုးအပူလွန်ရာမှ စတင်လောင်ကျွမ်းခဲ့သောမီးကြောင့် ဆိုင်ခန်းပေါင်း၆၅၃ခန်း မီးသင့်ကာ၄၇ သိန်းဆုံးရှုံးခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

မေလ ၂၄ရက်တွင်တော့ ၂၀၁၀၏ သမိုင်းဝင်ဖြစ်ရပ်များထဲမှ တစ်ခုဖြစ်သော မင်္ဂလာဈေး မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးငြိမ်းသတ်သူများအဆိုအရ ၃ ရက်ကြာအထိ မီးကြွင်းမီးကျန်များ မကျန်အောင် အခက်ခဲဆုံးမီးငြိမ်းသတ်ခဲ့ရမှုတစ်ခုလည်းဖြစ်ခဲ့သည်။ ထိုမင်္ဂလာဈေး မီးလောင်မှုကြောင့် ကျပ်ဘီလီယံ ၂၀ကျော်ဆုံးရှုံးခဲ့ရသည်။ ဈေး၏အထပ် ၂ထပ်ကိုသာ မီးလောင်ကျွမ်းခဲ့သည်ဟု ဆိုသော်လည်း ဆိုင်ခန်းများသိပ်သည်းစွာတည်ရှိနေမှုနှင့်ပစ္စည်း သိုလှောင်မှုများပြားခြင်းတို့ကြောင့် ထိုသို့ဆုံးရှုံးမှုပမာဏ များပြားခြင်းဖြစ်သည်။ မင်္ဂလာဈေးမီးကြောင့်ဆိုင်ခန်းပေါင်း၇၉၇ခန်းနှင့် စားသောက်ဆိုင်၄၈ဆိုင်ဆုံးရှုံးခဲ့ရသည်။ ထိုမီးမှာ လျှပ်စစ်ရေနွေးအိုး တည်ထားခဲ့ရာမှ မေ့လျော့ကာခလုတ်မပိတ်မိဘဲအပူလွန်ကဲရာမှ စတင်လောင်ကျွမ်းခဲ့သော မီးကို တစ်ရက်တာ အချိန်ယူငြိမ်းသတ်ခဲ့ရသောကြောင့် အကြာရှည်ဆုံး မီးလောင်မှုတစ်ခုဖြစ်ခဲ့သည်။

မင်္ဂလာဈေးမီးလောင်မှုနှင့် ၁၀ရက်သာခြားကာ မြန်မာနိုင်ငံအလယ်ပိုင်း၏ စီးပွားရေးမြို့ဖြစ်သောမုံရွာမြို့ရှိ ချင်းတွင်းရတနာဈေးမီးလောင်ခဲ့သည်။ ဝါယာရှော့ခ်ဖြစ်ပွားရာမှ စတင်လောင်ကျွမ်းခဲ့သောမီးကြောင့် ဆိုင်ခန်းပေါင်း ၄၀၆ခန်းပြာကျခဲ့ပြီး ကျပ်သိန်းပေါင်း၁၆၀၀ကျော်ဆုံးရှုံးခဲ့သည်ဟု မီးသတ်ဦးစီးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

၂၀၁၀ခုနှစ်အတွင်း လောင်ကျွမ်းခဲ့သည့် မီးလောင်မှုများကိုကြည့်ပါက ဈေးမီးလောင်မှုများရှိခဲ့သောလများတွင် ဆုံးရှုံးမှုစာရင်းမှာ ပိုမိုများပြားခြင်းဖြစ်သည်။

၂၀၁၀ခုနှစ်အတွင်းမီးလောင်မှု များပြားခဲ့ခြင်းကိုသုံးသပ်လျှင် စံချိန်တင်ပူပြင်းခဲ့သော ၂၀၁၀ နွေရာသီကြောင့် မီးလောင်မှုအကြိမ်ရေ ယခင်နှစ်ကထက် ပိုမိုများပြားရခြင်းမှာအဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်နေသည်။

နွေကာလတွင်အပူချိန်မှာ စံချိန်တင် ပူပြင်းခြောက်သွေ့ခဲ့သဖြင့် နွေလများဖြစ်သော မတ်လနှင့်ဧပြီလများတွင် မီးလောင်မှုပမာဏမှာပုံမှန်ထက် ပိုမိုများပြားခဲ့သည်ကိုစာရင်းဇယားများအရ သိရသည်။ ၂၀၁၀ပြည့်နှစ်တွင် မီးလောင်မှုများကိုကြည့်ပါက မီးလောင်မှု အများဆုံးလမှာလည်း မတ်လနှင့်ဧပြီလဟုပြောနိုင်သည်။

၂၀၁၀ပြည့်နှစ်အတွင်း လူအများ မှတ်မှတ်ထင်ထင်ရှိခဲ့ကြသော မီးလောင်မှုမှာ ဖေဖော်ဝါရီ၃ရက်နေ့က ပန်းဆိုးတန်းလမ်းမရှိလေးထပ် အဆောက်အအုံမြေညီထပ်မီးလောင်ရာတွင် အပေါ်ဆုံးထပ်နေကလေးငယ် မီးအတွင်းဖြတ်ပြေးသဖြင့် မီးအဟပ်ခံရပြီး သေဆုံးသွားသည့် မီးလောင်မှုနှင့် ဇွန်လ ၇ရက်က တောင်ဥက္ကလာပမြို့နယ်ရှိ အိမ်တစ်အိမ်တွင် မီးလောင်စဉ် လမ်းမလျှောက်သော အမျိုးသားတစ်ဦး သေဆုံးခဲ့ရသည့် မီးလောင်မှုတို့ပင်ဖြစ်သည်။

တစ်စတစ်စပြောင်းလဲလာတဲ့ ဖက်ရှင်ရေစီးအရ ၂၀၁၀ ပြည့်နှစ်ကတော့ စူးရှတောက်ပတဲ့ အရောင်တွေနဲ့အတူ လန်းသထက်လန်းတဲ့ ဒီဇိုင်းတွေနဲ့ဖြတ်သန်းခဲ့ပြီ ဖြစ်ပါတယ်။

ပန်းဆီရောင်ကို ၂၀၁၀ ပြည့်နှစ်ရဲ့အရောင်လို့ ဒီဇိုင်နာအများစုက သတ်မှတ်ခဲ့ကြပြီး ယောကျ်ားလေးအဝတ်အစားနဲ့ မသက်ဆိုင်တဲ့အရောင်လို့ အရင်ကယူဆခဲ့ပေမယ့် ဒီနှစ်ထဲမှာ ပန်းဆီရောင်၊ အစိမ်း၊ အနီ၊ အဝါရောင်၊ ခရမ်းရောင်ဆိုတဲ့ အရောင်တောက်တောက်တွေက အမျိုးသားတွေကြားမှာ ဖက်ရှင်တစ်ခုအဖြစ် ရပ်တည်ခဲ့ပါတယ်။

အရောင်တွေနဲ့ပတ်သက်ပြီး အစွဲအလမ်းမထားတော့ဘဲ ရှေးရိုးစွဲအယူအဆတွေအတော်နည်းသွားတာကိုတော့ မင်္ဂလာအခမ်းအနားတွေ၊ မွေးနေ့တွေမှာ အနက်ရောင် အဝတ်အစားတွေ အဝတ်များလာတာက သာဓကတစ်ခုပါ။



# ပိုလန်းလာတဲ့ ၂၀၁၀ ဖက်ရှင်

မေပယ်လ်

အသားဖြူတဲ့လူပဲဖြစ်ဖြစ်၊ ညိုတဲ့လူပဲဖြစ်ဖြစ် အသားဆောင်တယ်၊ ဖက်ရှင်ကျတယ်ဆိုတဲ့ အနက်ရောင်တွေက ပွဲလမ်းသဘင်မှာ အဝတ်များတယ်ဆိုပေမယ့် အရောင်တောက်တွေလောက်တော့ နေရာမရဘူးလို့ဒီဇိုင်နာ အချို့ကဆိုပါတယ်။ ၂၀၀၉ လောက်က သမားရိုးကျအရောင်တွေဖြစ်တဲ့ အဖြူ၊ အနက်တွေအဝတ်များခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှာတော့ ယင်းအရောင်တွေရှောင်ကြပြီး အရောင်ဆန်းတွေကို ရွေးပြီးဝတ်လာခဲ့ကြပါတယ်။

အခုနှစ်ပိုင်းအတွင်းမှာလည်း ပြည်တွင်းဒီဇိုင်နာတွေက တစ်ဦးတစ်ယောက်ချင်း၊ အဖွဲ့လိုက် နိုင်ငံရပ်ခြားမှာ လက်ရာပြသတာတွေလုပ်လာကြတဲ့အတွက် မြန်မာ့ဖက်ရှင်လောကရဲ့ တိုးတက်မှု အချိုးအကွေ့တစ်ခုပေါ်ထွက်လာတဲ့အနေအထားဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင်းက နိုင်ငံသားတွေရဲ့ ဖက်ရှင်အပေါ် စိတ်ဝင်စားမှုနှုန်းမြင့်တက်လာပြီး ဖက်ရှင်အသားပေး တီဗီပရိုဂရမ်တွေ၊ ဖက်ရှင်ဒီဇိုင်းပြိုင်ပွဲတွေ၊ မစ္စပြိုင်ပွဲတွေမှာ ဒီဇိုင်နာဆုပေးတာတွေရှိလာတဲ့အတွက် မျက်နှာသစ်ဒီဇိုင်နာတွေကလည်း အင်အားကောင်းလာနေပြီဖြစ်ပါတယ်။

၂၀၁၀ ဖက်ရှင်အနေနဲ့ မိန်းကလေးတွေကြားမှာ ဂါဝန်၊ စကပ်၊ ဂျင်းနဲ့ ရိုးရိုးဘောင်းဘီအတိုဒီဇိုင်းလေးတွေ၊ အကျႌအရှည်တွေနဲ့ Stocking ဝတ်တဲ့ပုံစံလေးတွေ လူကြိုက်များခဲ့ပါတယ်။

အရင်နှစ်တွေတုန်းကလို တစ်ဝက်တွေ၊ သရီးကွာတားဒီဇိုင်းတွေမဝတ်ကြတော့ဘဲ အတိုဖက်ရှင်က ဖက်ရှင်ရေစီးထဲကို ရောက်နေခဲ့ပြီး ယဉ်ကျေးမှုအတွက်တော့ လက်မခံနိုင်စရာဖြစ်ပေမယ့် မိန်းကလေးငယ်တွေကတော့ အတိုစတိုင်နဲ့လန်းတာကို သဘောတွေ့ခဲ့ကြပါတယ်။

၂၀၁၀ ထဲမှာ အပူလွန်ကဲခဲ့တာကြောင့်ချည်ထည်အဝတ်အစားတွေက အဝတ်အများဆုံးဖြစ်ခဲ့ပြီး၊ ပေါင်လည်လောက်ထိ ရှည်ပြီး ဂါဝန်မဟုတ်တဲ့ အကျႌအရှည်တွေ၊ ချည်ထည်ကိုအပွချုပ်ပြီး ဘောင်းဘီအတိုလေးတွေနဲ့ဝတ်တာတွေ၊ စကပ်တိုလေးတွေနဲ့ဝတ်တာမျိုးစတဲ့ ရာသီဥတုနဲ့လိုက်ဖက်တဲ့စတိုင်အလန်းတွေအဝတ်များခဲ့ပါတယ်။

ထူးခြားချက်တစ်ခုကတော့ မိန်းကလေးအကျႌ၊ ယောကျ်ားလေးအကျႌသီးသန့်မဟုတ်ဘဲ နှစ်မျိုးလုံးဝတ်လို့ရတဲ့ ဟိုမရောက်ဒီမရောက်ရောထားတဲ့ဝတ်စုံတွေကလည်း အသစ်အဆန်းတစ်ခုဖြစ်ခဲ့ပါတယ်။

မြန်မာဝတ်စုံကို ပုံမှန်ဝတ်နေကျ ရင်ဖုံး၊ ရင်စေ့ဒီဇိုင်းတွေကနေ ခေတ်ပေါ်အကျႌဒီဇိုင်းတွေနဲ့ ပေါင်းစပ်ချုပ်လာကြပါတယ်။ အကျႌတွေကို ဇာလိုမျိုး၊ မှန်ဇာလိုမျိုး ပိတ်တွေနဲ့ဆက်ပြီးချုပ်ဝတ်ကြပြီး ရင်ဖုံးအကျႌတွေဆိုရင်လည်း အောက်နားမညီတဲ့ဒီဇိုင်းတွေ၊ အနားမညီတဲ့ ရင်ဖုံးပုံစံတွေ ထွင်ချုပ်လာကြပါတယ်။

အသက် ၃၀ ပတ်ဝန်းကျင် အမျိုးသမီးတွေက မြန်မာအကျႌပုံဆန်းတွေဝတ်ဆင်ကြပြီး လူငယ်တွေကြားမှာတော့ နိုင်ငံခြားဒီဇိုင်းမျိုးတွေပဲ ဝတ်ဆင်တယ်လို့ပြောရပါမယ်။ အကျႌလက်တွေကိုလည်း တစ်ဖက်တို၊ တစ်ဖက်ရှည် ဒီဇိုင်းတွေ၊ သမားရိုးကျလက်ဖောင်းပုံစံမျိုးမဟုတ်တဲ့ လက်ဖောင်းဒီဇိုင်းတွေ၊ ပန်းပွင့်တွေ၊ စီးကွင့်တွေ၊ ကျောက်တွေနဲ့လည်း အလှဆင်လာကြပါတယ်။

နောက်ထပ်ထူးခြားတာ တစ်ခုကတော့ ၂၀၁၀ ထဲမှာ သတို့သမီးဝတ်စုံတွေကို ပုံမှန်ချုပ်နေကျ မင်္ဂလာအရောင်တွေမဟုတ်ဘဲ မြင်နေကျမဟုတ်တဲ့ အရောင်ဆန်းတွေ၊ အဆင်ဆန်းတွေနဲ့ထွင်ပြီး ချုပ်လာကြပါတယ်။

၂၀၁၀ ဖက်ရှင်က မိန်းကလေးတွေအတွက်သာမကဘဲ ယောကျ်ားလေးတွေအတွက်ပါ အပြောင်းအလဲများစွာ ဖြစ်ခဲ့ပါတယ်။ ဘောင်းဘီအနေနဲ့ကတော့ Skinny အကျပ်ပုံစံတွေ၊ အတွန့်ဒီဇိုင်းတွေ၊ အရောင်စပ်ဒီဇိုင်းတွေ ဝတ်ခဲ့ကြပြီး ဖစ်တင်ကျတဲ့ ကုတ်အကျႌ အကျပ်အတိုလေးတွေ၊ ဝေ့စ်ကုတ်တွေ၊ ကျောက်အလှဆင်ထိုးတာ၊ ပန်းကပ်တာတွေ လုပ်လာခဲ့ကြတယ်။ အသစ်အဆန်းဖြစ်အောင် အရင်က ယောကျ်ားလေးတွေမဝတ်ကြတဲ့ အရောင်မျိုးတွေကို ရွေးချယ်ဝတ်ဆင်လာတာကို တွေ့ရပါတယ်။

၂၀၁၀ ဖက်ရှင်ထဲမှာ မျက်ကပ်မှန်ဟာလည်း ချန်ထားလို့မရတဲ့ ဖက်ရှင်တစ်ခုဖြစ်ခဲ့ပါတယ်။ မျက်ဝန်းကိုပိုပြီးချစ်စရာကောင်းအောင် ဆွဲဆောင်မှုရှိလာအောင်ဖန်တီးနိုင်တဲ့ Big Eye မျက်ကပ်မှန်ဖက်ရှင်ကလည်း မိတ်ကပ်ပြင်ဆင်တဲ့အခါ မဖြစ်မနေလုပ်ရမယ့်အရာတွေထဲမှာ ပါဝင်လာပြီဖြစ်ပါတယ်။ မျက်ကပ်မှန်လိုပဲ မျက်တောင်တုတပ်တာတွေကလည်း အရင်က အပါးလေးတွေပဲတပ်ကြပေမယ့် နောက်ပိုင်းလူငယ်အတော်များများက ကော့ညွတ်တဲ့ မျက်တောင်အထူကြီးတွေကို ၂၀၁၀ ဖက်ရှင်တစ်ခုအနေနဲ့ တပ်ဆင်လာခဲ့ကြလာပါတယ်။ ကိုရီးယားမင်းသမီးအများစုကို ဆံပင်အတိုစတိုင်နဲ့တွေ့ကြတဲ့အတွက် ဆံပင်အတိုဒီဇိုင်းလေးတွေလည်း ခေတ်စားခဲ့ပါတယ်။ အီမိုစတိုင်လည်းမကျ ဗစ်တိုးရီးယားဘက်ခမ်းစတိုင်လည်းမကျတဲ့ ဆံပင်ပုံစံလေးတွေလည်း လူငယ်တွေကြား ရေပန်းစားခဲ့ပါတယ်။

"ဆံပင်ဖက်ရှင်မှာတော့ အရှည်ကောက်တွေခေတ်စားတယ်။ ဆံပင်အရှည်ကို ဝေ့ဖ်အကြီးတွေနဲ့ကောက်ကြတာ၊ အရောင်ကိုတော့ အစိမ်း၊ ချောကလက်၊ အညိုရောင်စတာတွေခေတ်စားခဲ့တယ်။ ရှေ့အတိုနဲ့ ဆံမြိတ်ချတဲ့ပုံစံ လေဒီဂါဂါဆံပင်လိုမျိုး ညှပ်လာကြပါတယ်" ဟု Aroma Beauty Spa မှ ကိုအောင်မြတ်သူကပြောကြားပါတယ်။

ဖက်ရှင်ရေစီးအပြောင်းအလဲတစ်ခုအနေနဲ့ ယောကျ်ားလေးတွေလည်း မျက်ခုံးမွေးထိုးတာ၊ ပုံသွင်းတာ၊ မျက်တောင်ကော့၊ မျက်တောင်ဆက်တာတွေလုပ်လာကြတယ်၊ Body Scrub၊ Whitening ၊Waxing လည်းလုပ်လာကြတယ်လို့ Beauty Spa တွေကသိရပါတယ်။

အရင်တုန်းက ဆံပင်ပုံစံတစ်ခုပြောင်းချင်ရင် ဆံပင်ရှည်လာတဲ့အထိ အချိန်အကြာကြီးစောင့်ပြီးမှ ပြုလုပ်ကြရပေမယ့် အခုခေတ်မှာတော့ ဆံပင်အစစ်အတိုင်းဖြစ်တာကြောင့် ယောကျ်ားလေး၊ မိန်းကလေးမရွေး ဆံပင်ရှည်ဆက်တာတွေကို ဒီနှစ်ပိုင်းထဲမှာ တွင်တွင်ကျယ်ကျယ်လုပ်လာကြပါတယ်။ ဆံပင်ပုံစံပြောင်းဖို့က အရမ်းကိုလွယ်ကူတဲ့ အနေအထားကို ပြောင်းလဲခဲ့ပြီဖြစ်ပါတယ်။

၂၀၁၁ အတွက်ကတော့ ဆံပင်အရှည်တွေပြန် ခေတ်စားလာမယ်လို့ ဆံပင်ပညာရှင်တွေယူဆကြပါတယ်။

တောက်တောက်ပပနဲ့ အလန်းစား စတိုင်တွေနဲ့အတူ ၂၀၁၀ ကို ဖြတ်သန်းခဲ့ပြီးနောက်လာမယ့် ၂၀၁၁ ခုနှစ်မှာတော့ အရောင် တောက်တောက်တွေ ဆက်ခေတ်စားဦးမယ်။ အရောင်တောက်နဲ့ အရောင်ငြိမ်တွဲတဲ့ပုံစံမျိုးတွေနဲ့ ဆက်သွားဦးမယ်လို့ ဒီဇိုင်နာတချို့က ယူဆကြသလို ၂၀၁၁ မှာတော့ ဖက်ရှင်ရေစီးက ရာနှုန်းပြည့် ပြောင်းလဲသွားမှာမဟုတ်ဘူးလို့ ဒီဇိုင်နာအချို့က ယူဆနေကြပါတယ်။

အလှအပနဲ့ကျန်းမာရေးနဲ့တွဲဖက်ပြီးသိရှိလုပ် ဆောင်လာကြတဲ့အတွက် လာမည့် ၂၀၁၁ ဘယ်လိုဖက်ရှင်ရေစီးတွေနဲ့ လိုက်ပါရဦးမယ်ဆို စောင့်ကြည့်ရဦးမှာပါ။

## ရွှေချစ်သူတွေ အလုပ်ဖြစ်တဲ့နှစ်

**သိမ့်သိမ့်စိုး**

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် ယခု ၂၀၁၀ ပြည့်နှစ်၌ ရွှေလုပ်ငန်းမှာ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ စိတ်ဝင်စားမှုကို အများဆုံးရခဲ့သောလုပ်ငန်းဖြစ်ကြောင်း စျေးကွက်ကျွမ်းကျင်သူ ရွှေလုပ်ငန်းရှင်များကပြောသည်။

ယခုနှစ်သည် ရွှေလုပ်ငန်းမှာ စျေးနှုန်းအတက်အကျပြောင်းလဲမှုအများဆုံး၊ ဝယ်လိုအား၊ ရောင်းလိုအားအကောင်းဆုံးနှစ် ဖြစ်သလို ရွှေလုပ်ငန်းလုပ်ကိုင်သူများ အကျိုးခံစားခွင့်အများဆုံးနှစ်တစ်နှစ်လည်းဖြစ်ကြောင်းလုပ်သက်ရင့်ရွှေလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

ထို့ကြောင့် ရန်ကုန်နှင့် မန္တလေးစျေးကွက်နှစ်ခုလုံး၌ လုပ်ကိုင်သော ရွှေလုပ်ငန်းရှင်တစ်ဦးက "ဒီနှစ် ရွှေချစ်သူတွေအတွက် အဆင်ပြေစေတဲ့ နှစ်တစ်နှစ်ဖြစ်တယ်" ဟု ပြောသည်။

ရွှေစျေးအတက်ဘက်၌ ရှိနေခဲ့ခြင်းနှင့် ရွေးကောက်ပွဲကျင်းပခဲ့ခြင်းတို့ကြောင့် ငွေထုတ်ရန်လွယ်ကူပြီး ခိုင်မာမှုရှိသောရွှေကိုလုပ်ငန်းရှင်များ မျက်စိကျခဲ့ခြင်းဖြစ်သည်ဟု ရွှေလုပ်ငန်းရှင်များက သုံးသပ်ပြောသည်။

ရွေးကောက်ပွဲရှိ၍ လုပ်ငန်းရှင်အများစုက အလုပ်များကို ဆက်မလုပ်သေးဘဲ စောင့်ကြည့်နေသောကာလ၌ ငွေကြေးအပေါ်တွင် ယုံကြည်မှုနည်းခြင်းကြောင့် စိတ်ချရသောရွှေဝယ်ရောင်းကို ဝင်လုပ်သည့် လုပ်ငန်းရှင်များလာခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့ကပြောသည်။

"ရွေးကောက်ပွဲရှိတာက ဒီနှစ်စီးပွားရေးလုပ်ငန်းတွေမှာ ရွှေကနံပါတ်တစ်ဖြစ်သွားတာလည်းပါတယ်" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"အရင်နှစ်တွေကလည်း စျေးကွက်ကောင်းရင် ရွှေဘက်ကို လုပ်ငန်းရှင်တွေဝင်လာတတ်ပေမယ့် ဒီနှစ်လောက် လုပ်ငန်းပေါင်းစုံကဝင်လာတဲ့နှစ်မရှိဘူး"ဟု လုပ်သက်ရင့်ရွှေကုန်သည်တစ်ဦးက ပြောသည်။

ရွှေစျေးကွက်ကို လုပ်ငန်းရှင်များဝင်ရောက်လုပ်ကိုင်မှုများခဲ့ခြင်းမှာ ရွှေစျေးနှုန်းသည် ယခုနှစ်အတွင်း အကြိမ်ကြိမ် စံချိန်ချိုး၍မြင့်တက်ခဲ့ခြင်းနှင့် ရွေးကောက်ပွဲကျင်းပခဲ့ခြင်းမှာ အဓိကအကြောင်းအရင်းဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်နှင့် ရွှေလုပ်ငန်းရှင်များက ပြောသည်။

ယခုနှစ်၏ ရွှေလည်ပတ်အားမှာ အခြားစီးပွားရေးလုပ်ငန်းများထက် ကောင်းခဲ့သည်ဟု ဆိုသော်လည်း စီးပွားရေးလုပ်ငန်းရှင်များလက်ထဲတွင် ငွေကြေးလည်ပတ်မှုအားနည်းနေခဲ့၍ အရောင်းအဝယ်မှာ ဖြစ်သင့်သလောက်မဖြစ်ခဲ့ဟု လုပ်ငန်းရှင်များက ပြောသည်။ ယခုကဲ့သို့ လုပ်ငန်းရှင်များ ရွှေကို အာရုံစိုက်လာစေသည့်အချက်ထဲတွင် ငွေကြေးတန်ဘိုး အထူးသဖြင့် ဒေါ်လာနှင့် ပို့ကုန်ရငွေတန်ဘိုးများငြိမ်သက်မှုမရှိဘဲ အကျများနေခြင်းမှာလည်း အချက်တစ်ခုဖြစ်သည်။

ယခု ၂၀၁၀ ပြည့်နှစ်သည် ရွှေ လုပ်ငန်း လုပ်ကိုင်သူများအဆင်ပြေစေသော နှစ်ဖြစ်သကဲ့သို့ ဝယ်အားရောင်းအား အကောင်းဆုံးနှစ်ဖြစ်သည်ဟုလုပ်ငန်းရှင်အများစုကဆိုသော်လည်း ရွှေတူးဖော်ရေးလုပ်ငန်းရှင်များအတွက် အဆင်မပြေမှုများဖြစ်ပေါ်ခဲ့သည်။

စာမျက်နှာ(G)သို့

# ၂၀၁၀ နိုင်ငံတကာမှတ်မှတ်ရရ နေ့စွဲများ

ရဲမင်း



**ဇန်နဝါရီ ၄ ရက်** - ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံ ဘာ့ဂျ်ခါလီဖာအဆောက်အအုံအား အာရပ်စော်ဘွားများပြည်ထောင်စု (UAE)နိုင်ငံ ဒူဘိုင်းပြည်နယ်တွင် တရားဝင်ဖွင့်လှစ်၊ ၎င်းအဆောက်အအုံသည် ပေပေါင်း ၂,၇၁၇ ပေမြင့်မားပြီး အထပ်ပေါင်း ၁၆၀ ပါဝင်သည်။

**ဇန်နဝါရီ ၈ ရက်** - တိုဂိုနိုင်ငံ ဘောလုံးအသင်း အန်ဂိုလာ နိုင်ငံတွင်တိုက်ခိုက်ခံရ၊ တိုက်ခိုက်မှုကြောင့် ၃ ဦးသေဆုံးပြီး အခြားလူအများအပြား ဒဏ်ရာရရှိခဲ့သည်။

**ဇန်နဝါရီလ ၁၂ ရက်** - အမေရိကန်နိုင်ငံအနီး ကျွန်းနိုင်ငံ ဟေတီတွင် ရစ်ချ်တာစကေးပြင်းအား ၇ ရှိသော ငလျင်လှုပ်ခတ်ခဲ့ရာ မြို့တော် ပို့တ်အော်ပရင့်စ် အကြီးအကျယ် ပျက်စီးခဲ့ပြီး လူပေါင်း ၂၃၀,၀၀၀ ကျော် သေဆုံးခဲ့သည်။ ကမ္ဘာပေါ်တွင် လူအသေအပျောက်အများဆုံး ငလျင်တစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့။

**ဇန်နဝါရီလ ၁၅ ရက်** - တတိယထောင်စုနှစ်၏ အရှည်ကြာဆုံး နေကြတ်မှုဖြစ်ပေါ်ခဲ့။

**ဇန်နဝါရီလ ၂၅ ရက်** - အီသီယိုးပီးယား လေကြောင်းအမှတ်စဉ် ၄၀၉ သည် မက်ဒီတရေးနီးယန်းပင်လယ်ထဲသို့ ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသော လူပေါင်း ၉၀ လုံးသေဆုံးခဲ့သည်။

**ဖေဖော်ဝါရီလ ၁၈ ရက်** - နိုင်ဂျာနိုင်ငံတွင် စစ်တပ်ကဦးဆောင်၍ သမ္မတတန်ဂျာဗာဗာဒူထံမှ အာဏာသိမ်းယူခဲ့။ စစ်တပ်အုပ်ချုပ်ရေးအဖွဲ့ကပင်ဦးဆောင်၍ ဒီမိုကရေစီပြန်လည်ထွန်းကားရေးဦးသျှောင်ကောင်စီကိုဖွဲ့စည်း။

**ဖေဖော်ဝါရီလ ၂၇ ရက်** - ချီလီနိုင်ငံတွင် ရစ်ချ်တာစကေး ၈ ဒသမ ၈ ပြင်းအားရှိသော ငလျင်လှုပ်ခတ်ခဲ့ပြီး ဆူနာမီရေလှိုင်းများ ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၄၉၇ ဦးသေဆုံးခဲ့သည်။

**မတ်လ ၂၃ ရက်** - တောင်ကိုရီးယားရေတပ်သင်္ဘော ချိုနန်သည် နိုင်ငံအနောက်ဘက်ကမ်းခြေဒေသတွင် နစ်မြုပ်ခဲ့ပြီး သင်္ဘောသား ၄၆ ဦးသေဆုံးခဲ့သည်။ ၎င်းသင်္ဘောပေါ်တွင် တပ်ဖွဲ့ဝင် ၁၀၄ ဦးလိုက်ပါခဲ့ပြီး သင်္ဘောနစ်မြုပ်မှုအတွက် မေလတွင် ပြုလုပ်သည့် နိုင်ငံတကာစုံစမ်းစစ်ဆေးရေးကော်မတီတစ်ရပ်က မြောက်ကိုရီးယားနိုင်ငံအား ပြစ်တင်ပြောကြားခဲ့သော်လည်း မြောက်ကိုရီးယားနိုင်ငံကငြင်းဆိုခဲ့သည်။

**ဧပြီလ ၇ ရက်** - ကာဂျစ်စတန်နိုင်ငံမြို့တော် ဘီရှက်တွင် ပြင်းထန်သော လူထုအုံကြွဆန္ဒပြမှုဖြစ်ပေါ်ခဲ့သဖြင့် သမ္မတကာမန်ဘက်ဘာကီယက်နိုင်ငံမှ ထွက်ပြေးရ။

**ဧပြီလ ၁၀ ရက်** - ရုရှားနိုင်ငံအနောက်ပိုင်းတွင် ပိုလန်နိုင်ငံမှ လေယာဉ်ပျက်ကျခဲ့ရာ သမ္မတလက်ချ်ကက်ဇင်စကီး အပါအဝင် လူပေါင်း ၉၆ ဦးသေဆုံး။

**ဧပြီလ ၁၃ ရက်** - တရုတ်နိုင်ငံ ကင်ဟိုင်းဒေသတွင် ပြင်းအား ၆ ဒသမ ၉ ရစ်ချ်တာစကေးရှိသော ငလျင်လှုပ်ခတ်၊ အနည်းဆုံးလူပေါင်း ၂,၀၀၀ သေဆုံး၍ ၁၀,၀၀၀ ကျော်ဒဏ်ရာရ။

**ဧပြီလ ၁၄ ရက်** - အိုက်စလန်နိုင်ငံတွင် ရေခဲဖုံးလွှမ်းနေသော မီးတောင်ပေါက်ကွဲမှု အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ရာ မီးတောင်မှ ပြာမှုန့်များကြောင့် ဥရောပတိုက်၏ မြောက်ဘက်နှင့် အနောက်ဘက်တွင် လေယာဉ်ခရီးစဉ်များ ပြတ်တောက်ခဲ့။

**ဧပြီလ ၂၀ ရက်** - အမေရိကန်နိုင်ငံ မက္ကဆီကိုပင်လယ်ကွေ့မှ ဘီပီရေနံကုမ္ပဏီပိုင် ကမ်းလွန်ရေနက်ရေနံတူးစင် ပေါက်ကွဲ၍ မီးလောင်။ ပေါက်ကွဲမှုကြောင့် အလုပ်သမား ၁၁ ဦးသေဆုံးခဲ့ပြီး ရေနံများ ပင်လယ်တွင်းသို့ လပေါင်းများစွာ ဖိတ်လျှံခဲ့ရာ သမိုင်းတွင်အဆိုးဝါးဆုံး သဘာဝပတ်ဝန်းကျင်ဘေးအန္တရာယ်အဖြစ် မှတ်တမ်းဝင်ခဲ့။

**မေလ ၂ ရက်** - နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ယူရိုဇုန်ကဂရိနိုင်ငံ၏ စီးပွားရေးအားကယ်တင်ရန် ယူရိုငွေ ၁၁၀ ဘီလီယံ တန်ကြေးရှိ ကယ်ဆယ်ရေး အစီအစဉ်အတွက် သဘောတူ။

**မေလ ၁၃ ရက်** - ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် မတ်လ ၁၄ ရက်မှစ၍ ဆန္ဒပြနေသော ရှပ်နီများ၏ ခေါင်းဆောင် ထိုင်းဗိုလ်ချုပ်ဟောင်း ကတ်တီယာဆာဝက်ဒီပိုလ် ချောင်းမြောင်းပစ်ခတ်ခံရ၍သေဆုံး။ မေလ ၁၃ နှင့် ၁၇ ရက်ကြားတွင် အစိုးရက ထိုင်းရှပ်နီများကို အင်အားသုံးဖြိုခွင်းခဲ့ရာ လူပေါင်း ၃၆ ဦးသေဆုံးခဲ့။

**မေလ ၂၂ ရက်** - အိန္ဒိယလေကြောင်းလိုင်း လေကြောင်းအမှတ်စဉ် (၈၁၅)သည် မန်းဂလိုးနိုင်ငံတကာလေဆိပ်ပြေးလမ်းကို ကျော်လွန်၍ ပျက်ကျ။ လေယာဉ်ပေါ်လိုက်ပါလာသူ ၁၅၈ ဦးသေဆုံး၊ ၈ ဦးအသက်ရှင်။

**မေလ ၃၁ ရက်** - ပိတ်ဆို့မှုများပြုလုပ်ထားရာ ဂါဇာဒေသသို့ အကူအညီအထောက်အပံ့ပေးရန် သွားရောက်သော ယာဉ်တန်းအား အစ္စရေးရေတပ်က စီးနင်း။ နှစ်ဖက်ငြိစွန်းမှုကြောင့် ဂါဇာအရေးလှုပ်ရှားသူ ၉ ဦးသေဆုံး။

**ဇွန်လ ၉ ရက်** - ကာဂျစ်စတန်နိုင်ငံတွင် ကာဂျစ်နှင့် ဥဇဘက်လူမျိုးများအကြား အဓိကရုဏ်းဖြစ်ပေါ်ခဲ့ရာ လူပေါင်း ရာနှင့်ချီ သေဆုံးခဲ့။

**ဇွန်လ ၁၁ ရက်** - တစ်လကြာကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပွဲ တောင်အာဖရိကနိုင်ငံတွင် စတင်။ စပိန်အသင်း ပထမဦးဆုံးအကြိမ်ဗိုလ်စွဲ။

**ဇူလိုင်လ ၈ ရက်** - နေရောင်ခြည်စွမ်းအင်အသုံးပြုသော လေယာဉ်တစ်စီးဖြစ်သည့် Solar Impulse သည် ပထမဦးဆုံးအကြိမ် ၂၄ ကြာပျံသန်းနိုင်ခဲ့။

**ဇူလိုင်လ ၂၉ ရက်** - ပါကစ္စတန်နိုင်ငံမြောက်ပိုင်းတွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၁,၆၀၀ ခန့်သေဆုံးပြီး လူပေါင်း တစ်သန်းခန့်ထိခိုက်ခဲ့။ နောက်ပိုင်းတွင် ရေလွှမ်းမိုးမှုမှာ ပိုမိုဆိုးဝါးလာခဲ့သည်။

**ဩဂုတ်လ ၁၀ ရက်** - လူတုပ်ကွေးရောဂါကူးစက်မှုအခြေအနေပြီးဆုံးသွားပြီ ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာ။

**ဩဂုတ်လ ၁၁ ရက်** - ရုရှားနိုင်ငံတစ်ဝန်း လောင်ကျွမ်းနေသော တောမီးများကြောင့် မော်စကိုမြို့တော်တွင် ထူထပ်သောမီးခိုးမြူများဖြင့် ဖုံးအုပ်နေပြီး နေ့စဉ်လူ ၇၀၀ ခန့်သေဆုံးနေကြောင်း သတင်းများက ဖော်ပြ။

**စက်တင်ဘာလ ၁၄ ရက်** - အငြင်းပွားနေသော တောင်ပိုင်းကျွန်းစုများအနီးတွင် တရုတ်ငါးဖမ်းလှေနှင့်ဂျပန်ရေတပ်ကင်းလှည့်ယာဉ်များဝင်တိုက်မှု ဖြစ်ပေါ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံမှ ထိန်းသိမ်းထားခဲ့သော တရုတ်ငါးဖမ်းလှေမှတရုတ်နိုင်ငံသား ၁၄ ဦးအား ဂျပန်နိုင်ငံက ပြန်လွှတ်ပေးခဲ့သည်။

**စက်တင်ဘာလ ၃၀ ရက်** - ခြိုးခြံချွေတာမှု အစီအစဉ်များကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများ ဥရောပတစ်လွှားတွင် ဖြစ်ပွား။ ဂရိ၊ စပိန်နှင့်အိုင်ယာလန်နိုင်ငံတို့တွင် ကန့်ကွက်ဆန္ဒပြ အလုပ်ခွင်မှ ထွက်ခွာသွားခြင်းများ ဖြစ်ပေါ်။

**အောက်တိုဘာလ ၄ ရက်** - ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခြင်းနှစ် ၂၀ ပြည့်အခမ်းအနားများကျင်းပ။

**အောက်တိုဘာလ ၁၀ ရက်** - မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်းတွင် ပြုလုပ်သော ကြီးမားသည့်စစ်ရေးပြ အခမ်းအနား၌ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီနှင့်အတူ ၎င်းအား ဆက်ခံမည်ဟု သတင်းပြေးနေသူ ကင်ဂျုံအန်လည်း တက်ရောက်ခဲ့ပြီး ယင်းအစီအစဉ်ကို မြောက်ကိုရီးယားတယ်လီဗေးရှင်းက ပြသခဲ့။

**အောက်တိုဘာလ ၁၃ ရက်** - ချီလီနိုင်ငံ ဆန်ဟိုဆေးမိုင်းတွင်း မြေအောက်မီတာ ၇၀၀ အောက်တွင် ၆၉ ရက်ကြာပိတ်မိနေခဲ့သောမိုင်းလုပ်သား ၃၃ ဦးအား အောင်မြင်စွာ ကယ်တင်နိုင်ခဲ့။

**အောက်တိုဘာလ ၂၅ ရက်** - အင်ဒိုနီးရှားနိုင်ငံ ဆူမတ်တြားကျွန်းကမ်းလွန်တွင် မြေငလျင်လှုပ်ခတ်၍ နောက်ဆက်တွဲဖြစ်ပေါ်လာသည့် ဆူနာမီလှိုင်းများကြောင့် လူပေါင်း ၄၀၀ ကျော်သေဆုံးပြီး ရာနှင့်ချီ၍ပျောက်ဆုံး။

**အောက်တိုဘာလ ၂၆ ရက်** - အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအလယ်ပိုင်းတွင် မာအာပီမီးတောင်အကြိမ်ကြိမ်ပေါက်ကွဲခဲ့ရာ အနည်းဆုံး လူပေါင်း ၂၄၀ သေဆုံးပြီး လူထောင်ပေါင်းများစွာအား ပြောင်းရွှေ့နေရာချထားပေးခဲ့ရသည်။

**နိုဝင်ဘာလ ၂၀ ရက်** - ၂၀၁၀ နေတိုးထိပ်သီး အစည်းအဝေးက လစ်စဘွန်းထိပ်သီးဆွေးနွေးပွဲကြေညာချက်ထုတ်ပြန်။

**နိုဝင်ဘာလ ၂၁ ရက်** - အိုင်ယာလန်နိုင်ငံ၏ စီးပွားရေးကို ကယ်တင်ရန် ယူရိုငွေကြေးအသုံးပြု ယူရိုဇုန်က သဘောတူညီ၍ ကယ်ဆယ်ရေးအစီအစဉ်အား ဖော်ထုတ်။

**နိုဝင်ဘာလ ၂၂ ရက်** - ကမ္ဘောဒီးယားနိုင်ငံ ခမာရေသဘင်ပွဲတော်တွင် သိန်းနှင့်ချီသော လူအုပ်ကြီးကြား၌ ထိတ်လန့်မှု ဖြစ်ပေါ်၍ လူများတိုးဝှေ့လဲကျ အနင်းခံရမှုများဖြစ်ပေါ်ခဲ့ရာ ၃၄၇ ဦးသေဆုံးခဲ့။

**နိုဝင်ဘာလ ၂၃ ရက်** - မြောက်ကိုရီးယားနိုင်ငံက ယွန်ပြောင်းကျွန်းအား လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ တောင်ကိုရီးယားနိုင်ငံကလည်း ပြန်လှန်ပစ်ခတ်ခတ်ခဲ့။ တောင်ကိုရီးယားဘက်က ၄ ဦးသေဆုံးခဲ့သည့် ယင်းဖြစ်ရပ်ကြောင့် ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများမြင့်တက်ခဲ့။

**နိုဝင်ဘာလ ၂၉ ရက်** - ကုလသမဂ္ဂရာသီဥတုဆိုင်ရာ ကွန်ဖရင့်အားမက္ကဆီကို နိုင်ငံ ကန်ကွန်မြို့တွင်စတင်ကျင်းပ။ ဒီဇင်ဘာလ ၁၀ ရက်အထိ ကျင်းပသောဆွေးနွေးပွဲမှ အသင့်အတင့်မျှော်လင့်နိုင်သော ရလဒ်ထွက်ပေါ်ခဲ့။

**ဒီဇင်ဘာလ ၈ ရက်** - ဝီကီလိခ်တည်ထောင်သူအား ဗြိတိန်နိုင်ငံတွင် ဖမ်းဆီး။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ၈ လကြာချုပ်မှတ်ခဲ့သော နေဝင်မီးငြိမ်းအမိန့်အားရုပ်သိမ်း။

—*Ref: Wikipedia*

## စာမျက်နှာ(F) - ရွှေချစ်သူတွေ အလုပ်ဖြစ်တဲ့နှစ် မှ

မိုးရွာသွန်းမှုများခြင်းကြောင့် ရွှေတူးဖော်ရေးလုပ်ငန်းများဖြစ်သည်။ တွင်းများ၊ အင်းများ ပျက်စီးမှုရှိခဲ့၍ တူးဖော်ရေးသမားများ အဆင်မပြေဖြစ်ခဲ့ရခြင်းများလည်း ရှိကြောင်း ၎င်းလုပ်ငန်းလုပ်ကိုင်သော လုပ်ငန်းရှင်များက ပြောသည်။

သို့သော် အဆိုပါကာလတွင် ပြည်တွင်း ရွှေဈေးနှုန်းသည် ပြင်ပရွှေဈေးကွက်ထက် ကျပ်တစ်သောင်းခွဲနှင့် အထက်၌ရှိနေခဲ့သောကာလများခြင်းကြောင့် ပြည်တွင်းဈေးကွက်သို့ ပြည်ပရွှေများ ဝင်ရောက်ခဲ့ခြင်းရှိ၍ ရွှေအထွက်နည်းသော်လည်း အရောင်းအဝယ်လည်ပတ်မှုကို ထိခိုက်ခြင်း မရှိခဲ့ပေ။

“ဒီနှစ်က ရွှေလုပ်ငန်းလုပ်တဲ့သူတွေ စိတ်ဝင်စားဆုံးနှစ်ဖြစ်သလိုတွင်းပိုင်းမှာတော့ ထိခိုက်နစ်နာမှုအများဆုံးနှစ်ဖြစ်ခဲ့တယ်” ဟု ရွှေတူးဖော်ရေးကိုပါ လုပ်ကိုင်သော လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရွှေဈေးနှုန်းများသည် ယခုနှစ်ဆန်းပိုင်းတွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၅၉၇,၀၀၀ ကျပ် ဝန်းကျင်ဖြင့်ဈေးဖွင့်ခဲ့ပြီး မေလ ၁၂ ရက်တွင် ၆၄၀,၀၀၀ ကျပ်ဖြင့် မြန်မာ့ရွှေသက်တမ်းတစ်လျှောက်လုံး၌ စံချိန်တင်ဈေးဖြစ်ခဲ့သည်။

ထို့နောက် ယခုနှစ်၏ အမြင့်ဆုံးစံချိန်သစ်ကို နိုဝင်ဘာ ၉ ရက် တွင်ရွှေ တစ်ကျပ်သားလျှင် ၆၇၃,၀၀၀ ကျပ်ဖြင့် ထပ်မံ စံချိန်သစ်တင်ခဲ့သည်။ ၂၀၀၉ ခုနှစ်က အမြင့်ဆုံးရွှေဈေးမှာ တစ်ကျပ်သားလျှင် ၆၂၀,၀၀၀ ကျပ်ဖြစ်သည်။ ထို့အတူ ကမ္ဘာ့ရွှေဈေးနှုန်းမှာလည်း တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၂၇ ထိ ယခု၂၀၁၀ တွင် အမြင့်ဆုံးစံချိန်တင်ခဲ့သည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက် ဈေးစဖွင့်ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၀၉၇ ဒေါ်လာရှိခဲ့သည်။ ယင်းနေ့တွင် ပြည်တွင်းရွှေဈေးမှာ တစ်ကျပ်သားလျှင် ၅၉၇,၀၀၀ ကျပ်သာရှိခဲ့သည်။ ထို့ကြောင့် ယခုနှစ်၏ အမြင့်ဆုံး ရွှေဈေးဖြစ်သော ၆၇၃,၀၀၀ ကျပ်နှင့်စာလျှင် တစ်ကျပ်သားလျှင် ၈၁,၀၀၀ ကျပ် ကွာဟမှုရှိခဲ့သည်။

ထိုသို့ရွှေဈေးများ စံချိန်တင်မြင့်တက်ခဲ့ခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုပြုနိုင်သော စီးပွားရေးလုပ်ငန်းရှင်များသာ အကျိုးအမြတ်ရရှိစေခဲ့ပြီး သာမန်ပြည်သူအများစုလက်ထဲတွင် ရွှေဝယ်ယူမှုမှာ တဖြည်းဖြည်း လျော့နည်းလာခဲ့သည်။ လုပ်ငန်းရှင်ကြီးများမှ လုပ်ငန်းလည်ပတ်မှု၊ ငွေလည်ပတ်မှုနည်းခြင်းတို့ကြောင့်ဖြစ်သည်ဟု စီးပွားရေးသုံးသပ်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ရွှေဈေးကွက်၏ ရောင်းအား သိသာစွာမြင့်တက်သောကာလမှာ သင်္ကြန်မတိုင်မီကာလ၊ သီတင်းကျွတ်ကာလနှင့် ရွေးကောက်ပွဲ မကျင်းပမီကာလတို့မှာ ရွှေရောင်းအားအကောင်းဆုံးအချိန်များ ဖြစ်ခဲ့သည်။

ပြက္ခဒိန်စာရွက်များပေါ်တွင် ရက် ပေါင်း ၃၆၅ ရက်ဖြင့် ပေါင်းဖွဲ့ထားသော နှစ်တစ်နှစ်မှာ မကြာမီ ကုန်လွန်တော့မည်ဖြစ်သည်။









# ပြည်လည်ဦးမော့လာသည့် အနုပညာထုတ်လုပ်ရေးဈေးကွက်နှင့် ၂၀၁၀လှည့်ကွက်များ

**အေးသူစံ**

လူမှုနယ်ပယ်၊စီးပွားရေး နယ်ပယ်စသည့် နယ်ပယ်အသီးသီးတွင် ရက်စွဲတစ်ခုပြီးတစ်ခု ပြောင်းလဲသည်နှင့် ဖြစ်ရပ်တစ်ခုပြီးတစ်ခု ဖြစ်ပျက်ခဲ့သလို လူထုကို ဖျော်ဖြေမှုပေးသည့် အနုပညာရပ်ဝန်းတွင်လည်း စိတ်ဝင်စားစရာ ထူးခြားအံ့အားသင့်စရာ အဖြစ်အပျက်များသည် ပြက္ခဒိန်ရက်စွဲအသီးသီးတွင် တင်ကျန်ရစ်ခဲ့သည်မှာ နှစ်စဉ်နှစ်တိုင်းလိုပင်။

၂၀၁၀ အနုပညာရက်စွဲများကို ပြန်လှန်ကြည့်လျှင် လူထုစိတ်ဝင်စားခံရသည့် ဖြစ်ရပ်များ ရှိခဲ့ပြီး၊ ယင်းဖြစ်ရပ်များမှ အထင်ကရနှင့် လူစိတ်ဝင်စားမှုအများဆုံးခံခဲ့ရသည့် ဖြစ်ရပ်အကြောင်းအရာများကိုလည်း တွေ့မြင်ရမည်ဖြစ်ပါသည်။

၂၀၁၀ ပြည့်နှစ်တွင် ကာလအတန်ကြာ အငြင်းပွားနေကြပြီး ဖြေရှင်းရန်ကြန့်ကြာနေသော ခိုးကူးခွေပြဿနာကို အတိုင်းအတာတစ်ခုအထိ ထိရောက်အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ခြင်းက ရုပ်ရှင်ဗီဒီယိုဂီတထုတ်လုပ်သူများ အ တွက်အသက်ရှူချောင်စေခဲ့သည်ကိုလည်း မှတ်တမ်းတင်ရမည်ဖြစ်သည်။ ရုပ်ရှင်လောကအလွှာစုံမှ ရုပ်ရှင်လောကသား တစ်ရာကျော်တို့၏ လက်မှတ်ပါဝင်သော ခိုးကူးနှိမ် နင်းပေးပါရန် အသနား ခံစာအားသက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ပြီးနောက် ဇွန်လ ၁ ရက် ရက်စွဲဖြင့် ခိုးကူးနှိမ်နင်းသည့် အမိန့်ကြေညာချက်များ ထွက်ပေါ်လာခဲ့ရာ ယခုအချိန်ထိ ခိုးကူးခွေများကိုအထိုက်အလျောက် အောင်မြင်စွာ နှိမ်နင်းထား နိုင်သည်ကို ဈေးကွက်အတွင်းယခင်နှစ်များကထက် ပိုမိုထွက် ရှိလာသော တေးစီးရီးသစ်များက သက်သေထူနေသည်။

ဇူလိုင်လကုန်ခါနီးတွင် သတင်းကြီး သည့်ရွှေမင်းသား ပြေတီဦး၏ အချစ်ရေးသတင်း ထွက်ပေါ်လာ ခဲ့ပြီး Rဇာနည်နှင့် ဝမ်းတို့၏သားလေး မွေးနေ့ပွဲသို့ ချစ်သူမင်းသမီး အိန္ဒြာကျော်ဇင်နှင့်အတူ ပွဲတက်လာခဲ့သည်။ မင်္ဂလာပွဲပေါင်းခြောက်ပွဲဖြင့် ဝှဲချီးကျင်းပကြမည့် ၄င်းတို့နှစ်ဦး၏မင်္ဂလာပွဲသည် ယခုနှစ်ပိုင်းများအတွင်းအခမ်းနား ဆုံးမင်္ဂလာပွဲအဖြစ် စံချိန်တင် ကျင်းပဖွယ်ရှိနေသည်။သာမန်မင်္ဂလာပွဲမျိုးအဖြစ်သာ ကျင်းပလိုသည်ဟု မင်္ဂလာပွဲအပေါ် မေးမြန်းကြသော အင်တာဗျူးအချို့ကို ၄င်းတို့က ပြန်လည်ဖြေကြားခဲ့သည့် သတို့သား၊ သတို့သမီးတို့၏ အဖြေစကားနှင့် ပွဲခြောက်ပွဲကျင်းပမည့် ၄င်းတို့၏ကြေညာချက်အပေါ် တအံ့တဩဖြစ်ကြပြီး ဝေဖန်မှုများလည်း အနည်းအကျဉ်းထွက်ပေါ်လျက်ရှိသည်။ တစ်နှစ်တာပတ်လုံးတွင် ကျင်းပခဲ့ကြသည့် အနုပညာရှင်များ၏ မင်္ဂလာပွဲများအနက် ပုံစံတစ်မျိုးဖြင့် စိတ်ဝင်စားဖွယ်သတင်း ဖြစ်လာခဲ့သည့် ၄င်းတို့၏မင်္ဂလာပွဲကို ဇန်နဝါရီတစ်လအတွင်း နေရာငါးခုခွဲကာ ကျင်းပမည်ဖြစ်ပြီး MRTV-4 က အခမ်းအနားကျင်းပပုံကို ထုတ်လွှင့်ပြသဦးမည်ဖြစ်ရာ အထူးခြားဆုံးမင်္ဂလာပွဲတစ်ပွဲဟု မှတ်တမ်းတင်ရမည်ဖြစ်သည်။


တစ်နှစ်တာအတွင်း အနုပညာခြေလှမ်းခပ်စိပ်စိပ်နှင့် ပရိသတ်အားပေးလက်ခံကာ အောင်မြင်ကျော်ကြားလာခဲ့သည့် အနုပညာရှင်များကိုပြပါဆိုလျှင် ဝတ်မှုန်ရွှေရည်နှင့် အောင်ရဲလင်းတို့ကို ရွေးချယ်ရမည်ဖြစ်သည်။ ၂၀၁၀ ၏စီးပွားရေးကြော်ငြာများ ရိုက်ကူးမှုတွင် ဝတ်မှုန်ရွှေရည်က အများဆုံးနေရာယူထားခဲ့ပြီး၊ သူမ၏နှစ်လို့ပင်ဆိုရမည်ဖြစ်သည်။ အောင်ရဲလင်းမှာလည်း ဇာတ်ကားရိုက်ကူးမှုများစိပ်လာခဲ့ပြီး မိန်းကလေးပရိသတ်၏အားပေးခြင်းကို အထူးရရှိခဲ့သူတစ်ယောက်ဖြစ်သည်။

တစ်နှစ်တာအတွင်း ရုပ်ရှင်နယ်ပယ်မှ နောက်ထပ် ထူးခြားဖြစ်စဉ်တစ်ခုအဖြစ် ရန်ကုန်တွင် ခြောက်ကြိမ်မြောက် ကျင်းပခဲ့သည့် ကိုရီးယားရုပ်ရှင် ပွဲတော်သို့ ကိုရီးယားမင်းသားဂျူမုံ လာရောက်မည့်သတင်းက တစ်နှစ်တာအတွင်း ပရိသတ်များ စိတ်အဝင်စားဆုံးနှင့် အားအပေးဆုံးသတင်းတစ်ပုဒ် ဖြစ်လာခဲ့သည်။ နိုဝင်ဘာလကုန်ပိုင်း ကိုရီးယားမင်းသား မြန်မာနိုင်ငံသို့ ရောက်ရှိချိန်တွင်လည်း မင်းသားကိုယ်တိုင်အံ့အားသင့်စရာကောင်းသော မြန်မာပြည်သူလူထု၏ ကြိုဆိုမှုက ကိုရီးယား ဇာတ်လမ်းတွဲများ၏ မြန်မာပရိသတ်များအပေါ် လွှမ်းမိုးမှုကို ထင်ဟပ်ပေါ်လွင်စေခဲ့သည်။

ဩဂုတ်လလယ်ပိုင်းတွင် မန္တလေးသူလေး မော်ဒယ်ရွှေစင်၏ဈေးဝယ်ထွက်သည့် အင်တာဗျူးတစ်ခုမှအစပြု၍ ဆင့်ပွားသတင်းနှင့်အင်တာဗျူးများ ဂျာနယ်အချို့တွင်ဖော်ပြလာခဲ့ကြပြီး မီဒီယာအချို့၏ ထိုးနှက်မှုကြောင့် ရွှေစင်က အနုပညာနှင့်ပတ်သက်သောအင်တာဗျူးများကိုသာ ဖြေကြားတော့မည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အောက်တိုဘာလဆန်းပိုင်းတွင် ရုပ်ရှင်ဘက်မှ ထူးခြားဖြစ်စဉ်တစ်ခုအဖြစ် နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင် နန်းဆုရတီစိုးရတ်တရက်ပျောက်ဆုံးသည့် သတင်းထွက်လာခဲ့ပြီး၊ စက်တင်ဘာလ ၁၁ ရက်တွင် ကာယကံရှင်မင်းသမီး၏ ထွက်ပေါ်သည့် သတင်းများနှင့်ပတ်သက်သည့် အင်တာဗျူးများ မီဒီယာအချို့တွင် ပြန်လည်ဖော်ပြလာခဲ့သည်။ ရုပ်ရှင်လောကထဲမှ တက်သစ်စနာမည်ရလာသော သရုပ်ဆောင် မင်းသားနေမင်းနှင့် မင်းသမီး မယ်လိုဒီတို့၏ အချစ်ရေးသတင်းများလည်း ယင်းကာလနှင့် မရှေးမနှောင်းတွင် ထွက်ပေါ်လာခဲ့ပြီး မင်းသားနှင့်မင်းသမီးတို့၏ စုံ-တွဲ ပုံများက အပတ်စဉ်ထုတ် ဂျာနယ်များနှင့် လစဉ်ထုတ်မဂ္ဂဇင်းအချို့၏ မျက်နှာဖုံးသတင်းများအဖြစ် နေရာယူခဲ့သည်။ ယခုနှစ်ကုန်ခါနီးတွင်တော့ မင်းသား၏ အချစ်ရေးနှင့်ပတ်သက်သည့် အင်တာဗျူးများတွင် ပရိသတ်ကို ငြင်းပယ်သည့်သဘောသက်ရောက်သော စကားများပါဝင်လာခဲ့ပြီး မင်္ဂလာဆောင်ရန်လည်း အစီအစဉ် မရှိသေးကြောင်း၊ ၂၀၁၁ ဖေဖော်ဝါရီတွင် မင်္ဂလာဆောင်မည့်သူမှာ သူမဟုတ်ဘဲညီဖြစ် သူ၏ မင်္ဂလာဆောင်သာဖြစ်ကြောင်း ဖြေကြားလာခဲ့သည်။ လိုက်ဖက်ညီသည့် ၄င်းတို့နှစ်ဦးကို ပရိသတ်မျ ားကအားပေးနေကြသော်လည်း မင်းသားနှင့် မင်းသမီးတို့ကတော့ သွေးအေးလျက်ရှိကြသည်။

အချပ်ပို(II)သို့



# ၂၀၁၀ အစိမ်းရောင်နေ့စွဲများ

**အေးမြကျော်၊ အိဖြူမွန်**

ဥတုရာသီ ၃မျိုးပေါင်းစပ်ထားသော နှစ်တစ်နှစ်မှာ ကုန်လွန်သွားခဲ့ပြန်ပါပြီ။ နွေရာသီတွင် အလွန်ပူခဲ့သည်။ မိုးရာသီတွင် တချို့ဒေသများ၌ အလွန်မိုးများခဲ့သည်။ ဆောင်းရာသီတွင် အချို့ဒေသများ၌ အအေးပိုခဲ့သည်။

ရာသီဥတုပြောင်းလဲခြင်းဒဏ်ကို အလူးအလဲခံခဲ့ရသော နှစ်ဟု ဆိုနိုင်သည်။

၂၀၁၀ ခုနှစ်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှုများခပ်စိပ်စိပ်လှုပ်ရှားလာသောနှစ်တစ်နှစ်ဟု ဆိုနိုင်သလို ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး အနေနှင့် ကျားထိန်းသိမ်းရေးနယ်မြေ တိုးချဲ့လိုက်ခြင်းဖြင့် မှတ်တိုင်သစ်ထူနိုင်ခဲ့သော နှစ်တစ်နှစ်ဖြစ်သည်။

၂၀၁၀ နှစ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များကို ကောက် နုတ်ဖော်ပြလိုက်ပါသည်။

**၂၀၁၀ နွေနဲ့ အင်းလေးကန်**

၂၀၁၀ နဲ့ နွေရာသီဟာ ဆယ်စုနှစ်တစ်ခုအတွင်း အပူဆုံး စံချိန်တင်လောက်အောင် ပူပြင်းခဲ့ပြီး ယင်း၏ အကျိုးဆက်အဖြစ် မြန်မာနိုင်ငံ၏ ကုန်းတွင်းရေချိုကန်ကြီး နှစ်ခုအနက်မှ အင်းလေးကန်မှာ စံချိန်တင်ရေခန်းခြောက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ နှစ်ပေါင်းများစွာကြာအောင် မသိကျိုးကျွံပြုခဲ့ကြသော အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်ပျက်စီး ယိုယွင်းလာမှုကို မီးမောင်းထိုးပြခဲ့သော နှစ်တစ်နှစ်ဟုလည်း ဆိုနိုင်သည်။ ကန်၏ ရေအမှန် သိသာစွာလျော့ကျခြင်း၊ အချို့နေရာများတွင် ကုန်းများပင်ပေါ်လာခဲ့ပြီး အချို့နေရာများတွင် လှေလှော်၍ရသည်အထိ ရေမရှိတော့သဖြင့် ရွံ့ထဲတွင်ဆင်းလျှောက်ရသည်အထိ ဖြစ်ခဲ့ပြီး ထိုအင်းလေး၏ ပုံရိပ်များ မီဒီယာများတွင် ပါလာခဲ့ရာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများနှင့် အင်းလေးကန်ကို သိရှိမြတ်နိုးသူများ အံ့အားသင့်ထိတ်လန့်ခဲ့ကြသည်။

ထို့ကြောင့်ပင် အင်းလေးကန်ကို အချိန်မီပြန်လည်ထိန်းသိမ်းရန်နှင့် ရေရှည်တည်တံ့အောင် ဆောင်ရွက်ရန် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို နေပြည်တော်၌ ဇူလိုင်လ ၁ နှင့် ၂ ရက်တို့တွင် ကျင်းပခဲ့သည်။

ထိုအလုပ်ရုံဆွေးနွေးပွဲမှ လုပ်ငန်းစဉ်များ ၁၂ မှတ်ကာ ထိန်းသိမ်းရေးလုပ်ဆောင်ရန် ဆွေး နွေးခဲ့ကြသည်။ နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများမှ ပြည်တွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့များသို့ အလှူငွေများ ပေးခဲ့သည်။ မိုးအကုန် ဆောင်းရောက်ခဲ့သော်လည်း အင်းလေးကန်ရေအမှတ်မှာ ယခင်ရေအမှတ်များအောက် လျော့နည်းမြဲလျော့နည်းနေသေးပြီး၊ ကန်အတွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက် နေမှုများမှာ အားရစရာ မရှိဘဲ ယခုထက်ပို၍ အရှိန်မြှင့်ဆောင်ရွက်သင့်ကြောင်း ပညာရှင်များနှင့် ဒေသခံများက ထောက်ပြပြောဆိုမှုများရှိနေသည်။

**ကမ္ဘာ့အကြီးဆုံး**
**ကျားထိန်းသိမ်းရေးနယ်မြေ**

ဟူးကောင်းကျား ထိန်းသိမ်းရေး နယ်မြေကို မူလရှိပြီးသော ဧရိယာထက် ဧကပေါင်း ၂၇ ဧကကျော် တိုးချဲ့လိုက်သဖြင့် ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေဖြစ်လာသည်။ နိုင်ငံတကာသတင်းဌာနများက အသားပေးဖော်ပြခဲ့ကြပြီး နိုင်ငံတကာ တိရစ္ဆာန်ရေးတက်ကြွလှုပ်ရှားသူများ၏ အာရုံစိုက်ခြင်းကို ခံခဲ့ရသည်။ မြန်မာနိုင်ငံသည် ကျားကျန်ရှိ ကျက်စားသောနိုင်ငံ ၁၃ နိုင်ငံတွင် တစ်နိုင်ငံဖြစ်ပြီး ကျားကောင်ရေ ၁၅၀ ဝန်းကျင်ကျန်ရှိနိုင်သည်ဟု သစ်တောဦးစီးဌာနက ခန့်မှန်းထားသည်။ ဟူးကောင်းကျားထိန်းသိမ်းရေး နယ်မြေကို မေလ ၂၇ ရက်က အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၀ ဖြင့် တိုးချဲ့ကြောင်း ကြေငြာချက်ထုတ်ပြန်ခဲ့သည်။

**ခပ်စိပ်စိပ် အစိမ်းရောင်လှုပ်ရှားမှု**

လူငယ်၊ လူလတ်နှင့်လူကြီးပိုင်းများပါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုများ ဖြစ်သည့် သစ်ပင်စုပေါင်းစိုက်ပျိုးရေး ရန်ပုံငွေရှာဖွေသည့်ပွဲများကို ၂၀၁၀ ပြည့်နှစ်အတွင်း အတွေ့ရ စိပ်လာသည်။ ကမ္ဘာမြေနေ့၊ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ စသည့် အထိမ်းအမှတ်နေ့များတွင် စုပေါင်းကာ လှုပ်ရှားမှုများမှာ ယခင်ယခင် နှစ်များကထက်ပင် ပိုမိုများပြားကြောင်း နှစ်စဉ်ပါဝင်ခဲ့သူများထံမှ သိရသည်။ အကြိမ်ရေများလာသလို ပါဝင်သူဦးရေမှာလည်း ရာဂဏန်းအထိ ရှိလာကြောင်း သိရသည်။

အနုပညာရှင်၊ စာပေပညာရှင်များကလည်း အနုပညာဖန်တီးမှုများဖြင့် လူထုအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပေးသည့် အနုပညာပြပွဲ၊ ဓာတ်ပုံပြပွဲပြုလုပ်သည့် အကြိမ်ရေများ စိတ်လာသည်ကိုလည်း တွေ့ရသည်။ အထူးသဖြင့် အမှတ်တရနေ့စွဲတစ်ခုဖြစ်သော ၁၀. ၁၀. ၂၀၁၀ တွင်လည်း ပုံစံမျိုးစုံဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုများ မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့ကြသည်။

**ဇီဝမျိုးစုံမျိုးကွဲနှစ်**

ယခုနှစ်ကို နိုင်ငံတကာ ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေးနှစ် (International Biodiversity Year) အဖြစ် သတ်မှတ်ထားခဲ့ပြီး နိုင်ငံတကာတွင် အထိမ်းအမှတ်ပွဲများ၊ လှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြသည့် မြန်မာနိုင်ငံတွင်လည်း ပြုလုပ်ခဲ့ကြပြီး နိုင်ငံတကာနှင့် နှိုင်းယှဉ်လျှင် လှုပ်ရှားမှုနည်းပါးခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များက ပြောကြားသည်။